## ဒို့တာဝန်အရေးသုံးပါး

| | | |
|---|---|---|
| ပြည်ထောင်စုမ ပြိုကွဲရေး | – | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမ ပြိုကွဲရေး | – | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | – | ဒို့အရေး |

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအားဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေး
* အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး
* စည်းကမ်းပြည့်ဝသောဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး
* ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ ပိုမိုဖွံ့ ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ် စီးပွားရေးဖွံ့ ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး

နံနက်ယံဝတ်ပြုခြင်း

# မာရနာသာ၊
# သခင်ဘုရားကြွလာတော့မည်

E. G. White ရေးသားပြုစုသည့် “The Lord is Coming” စာအုပ်ကို
ဦးထန်လန်းမုန်က “သခင်ဘုရားကြွလာတော့မည်”
အမည်ဖြင့်မြန်မာပြန်ဆိုသည်



**သခင်ဘုရားကြွလာတော့မည်**

ပုံနှိပ်သူ
ဦးဖုန်းနိုင် (၀၀၃၅၄)
မန်နေဂျာ
ကင်းစောင့်ပုံနှိပ်တိုက်
(၂၀၆) ရွှေသစ္စာလမ်း၊ ရန်ကင်းမြို့နယ်
ရန်ကုန်

ထုတ်ဝေသူ
ဦးစောထီမသေ (၀၀၅၉၄)
ဥက္ကဋ္ဌ
မြန်မာပြည်သတ္တမနေ့ဥပုသ်အသင်းတော်
(၆၈) ဦးဝိစာရလမ်း၊ ရန်ကုန်မြို့

အုပ်ရေ – ၃၅၀၀

တန်ဖိုး – ၂၅၀၀ ကျပ်

ပထမအကြိမ်

## နိဒါန်း

"ဒုတိယအကြိမ်ကြွလာခြင်းယုံကြည်ချက်သည် သမ္မာကျမ်းစာ၏ သော့ချက်ဖြစ်သည်" ဟု ဤဝတ်ပြုခြင်းဆိုင်ရာစာအုပ်အတွက် ဝိညာဉ်တော်မှုတ်သွင်းသည့် ဤကောက်နုတ်သောသတင်းစကားကိုရေးသားသူက ကြွေးကြော်ခဲ့သည်။ "ကမ္ဘာဦးမှစ၍ သန့်ရှင်းသောပုရောဖက်ဆရာတော်တို့နှုတ်ဖြင့် ဘုရားသခင်ဗျာဒိတ်ထားတော်မူသော" (တမန် ၃း၂၁) ကြီးကျယ်ခမ်းနားမှုအလုံးစုံသည် ကိုယ်တော်ကြွလာတော်မူခြင်း၌ပေါ်ထွန်းလိမ့်မည်။ ထိုအခါကာလကြာရှည်စိုးမိုးသောမကောင်းမှုသည် ပြိုကွဲကာ၊ "လောကီနိုင်ငံသည် ငါတို့အရှင်၏နိုင်ငံဖြစ်လေပြီ။ ထိုအရှင်၏ခရစ်တော်နိုင်ငံဖြစ်လေပြီ။ သူသည်လည်း ကမ္ဘာအဆက်ဆက်စိုးစံတော်မူမည်" (ဗျာဒိတ် ၁၁း၁၅)။ (GC, pp. 299-301).

ဘုရားသခင်၏လူတို့ကြီးငယ်အပေါင်း၏နှလုံးသည် အလွန်နီးကပ်သည့်ရွေးနုတ်ခြင်းနေ့ရက်ကိုမျှော်လင့်ရင်း အလွန်လှုပ်ရှားနေသည်။ အလျင်အမြန်ပြည့်စုံလာသောအနာဂတ်ဟောကြားချက်သည် ကျွန်ုပ်တို့သခင်ဘုရားကြွလာခြင်းနီးကပ်ကြောင်း သူတို့၏ယုံကြည်ခြင်းကိုခိုင်မာစေသည်ကိုထောက်ရှု၍ အယ်လင်ဝှိုက်စာပေပြုစုသောအဖွဲ့သည် ကျွန်ုပ်တို့၏သခင်ဘုရားကြွလာခြင်းကိုအထူးပြု၍ နောက်ဆုံးသောကာလခေတ်နှင့်ဆိုင်၍ ဤစာအုပ်ပြုစုခြင်းကိုတာဝန်ယူခဲ့သည်။ ဤစာပေါင်းချုပ်သည် ဘုရင်ကြွလာမည့်လက္ခဏာသော်လည်းကောင်း၊ ကိုယ်တော်ဒုတိယအကြိမ်ကြွလာခြင်းနှင့်သက်ဆိုင်၍ ဖြစ်ပေါ်လာသောဖြစ်ရပ်များသော်လည်းကောင်း၊ ဘုန်းတော်ဖြင့်နှစ်ပေါင်း ၁၀၀၀ စိုးစံခြင်းသော်လည်းကောင်း၊ ဤကမ္ဘာကြီးတွင် စာတန်ကိုအကျဉ်းသားကဲ့သို့ နှစ်ပေါင်း ၁၀၀၀ ချုပ်နှောင်ခြင်းအပြီးတွင်ပြည့်စုံမည့် အနာဂတ်ဟောကြားချက်များသော်လည်းကောင်း မပါလျှင်ပြည့်စုံမည်မဟုတ်ချေ။



သတ္တမနေ့မြော်လင့်ခြင်းအသင်းသူ/သားများအတွက် အလွန်အရေးကြီးသောအကြောင်းအရာနှင့်ဆိုင်သောရေးသားချက်များကို အယ်လင်ဂျီဝှိုက်၏ပုံနှိပ်စာအုပ်များနှင့် အသင်းတော်၏ဂျာနယ်များမှ များစွာသောဆောင်းပါးတို့၌တွေ့ရသည်။ ထိုစာပေများမှ အများဆုံးကောက်နုတ်သောစာအုပ်များမှာ "မဟာတိုက်လှန်ပွဲ၊" "ထာဝရလိုအင်သက်တော်စဉ်၊" "ရွေးစာပေများ၊" "အသင်းတော်အတွက်သြဝါဒစာ (ကိုးစောင်)၊" Review and Herald နှင့် Signs of the Times တို့ဖြစ်ကြသည်။ ပုံနှိပ်ထုတ်ဝေခြင်းမရှိသောစာမူများမှ များစွာသောကောက်နုတ်ချက်များသည် အထူးသဖြင့်နိုင်ငံအလိုက် တနင်္ဂနွေစောင့်ရမည့်ဥပဒေနှင့် နောက်ဆက်တွဲဖြစ်ရပ်များအကြောင်းကို အကျယ်တဝင့်တင်ဆက်ထားသည်။

တစ်နေ့စာအတွက် စာတစ်မျက်နှာအတွင်းထပ်မံပြောဆိုမှု သို့မဟုတ် ခေါင်းစဉ်နှင့် ဆက်စပ်သောအရာ သို့တည်းမဟုတ် ပေးထားသောစာမျက်နှာတွင်မပိုစေရန် စာသားတချို့ကိုချန်လှပ်ထားသည်။ ဤထိမ်ချန်ခြင်းအားဖြင့် မူရင်းစာပိုဒ်၏အဓိပ္ပါယ်မလွဲ၊ မပြောင်းလဲစေရန် အထူးဂရုစိုက်ထားသည်။ စာဖတ်သူများအတွက်အညွှန်းများကို စာပိုဒ်၏အဆုံးတွင်ဖော်ပြပေးထားသည်။ သမ္မာကျမ်းချက်အညွှန်းများသည် ရွေးချယ်ထားသည့်ကျမ်းချက်များသာပါရှိသည်။

ဤတစ်ဆယ့်တစ်အုပ်မြောက်၊ ဝိညာဉ်တော်စာပေမှ ဝတ်ပြုခြင်း၌ဖတ်ရန်စာအုပ်သည် ယခုခေတ်ကာလနှင့်ကိုက်ညီသည်ဟု ကျွန်ုပ်တို့ယုံကြည်သည်။ စာသားများသည် တဲ့တိုး၊ ပွင့်လင်းပြီး စိတ်ကိုဆွပေးသည်။ ဤသတင်းစကားသည် ကျွန်ုပ်တို့အားလုံး၏စိတ်နှလုံးတွင်စွဲမက်သည့် ဒုတိယအကြိမ်ကြွလာခြင်းနှင့်ဆိုင်၍ စာဖတ်သူတို့အား အမှန်ကန်ဆုံးနည်းဖြင့် စိတ်ကိုဆွပေးရန်နှင့် ထိုဖြစ်ရပ်အတွက်ပြင်ဆင်မှုပြုနိုင်ရန် အသိတရားကိုနိုးထစေ

လိမ့်မည်။ များစွာသောသူတို့သည် အသက်ရှင်တော်မူသောဘုရားသခင်၏ တံဆိပ်ခတ်ခြင်းခံရ၍၊ ဘေးဒုက္ခကာလကိုကျော်လွှားနိုင်ကာ၊ ဤဝတ်ပြုဖတ်စာကိုကျင့်သုံးခြင်း၏ရလဒ်အဖြစ် ဘုရင်ကြီးကြွလာခြင်းကို ငြိမ်သက်ခြင်းနှင့် တွေ့ဆုံရန်မှာ ကျွန်ုပ်တို့၏ဆုတောင်းချက်ဖြစ်သည်။ မရာနသာ– သခင်ဘုရားကြွလာတော့မည်။

The Trustees of the
ELLEN G. WHITE ESTATE
Silver Spring, MD 20904 - 6600

–o–



## လစဉ်ခေါင်းစဉ်များ

ဇန်နဝါရီလ – ဘုရင်ကြီးကြွလာတော့မည်။
ဖေဖော်ဝါရီလ – ကိုယ်တော်ကြွလာခြင်းအတွက်အဆင်သင့်ဖြစ်ပြီလား။
မတ်လ – ကောင်းကင်နိုင်ငံအတွက်သင့်လျော်ခြင်း။
ဧပြီလ – ကိုယ်တော်ကြွလာခြင်းအတွက်သတင်းစကား။
မေလ – ခရစ်တော်ကြွလာခြင်း၏နိမိတ်လက္ခဏာ။
ဇွန်လ – ဒုတိယအကြိမ်ကြွလာခြင်းမတိုင်မီဖြစ်ရပ်များ။

## "ယေရှုပထမအကြိမ်ကြွလာခြင်း"

**"အချိန်ကာလစေ့သောအခါ၊ ငါတို့သည် သား၏အခွင့်အရာကို ခံရမည်အကြောင်း. . . သားတော်ကိုဘုရားသခင်သည် စေလွှတ်တော်မူ၏" (ဂလာတိ ၄း၄၊၅)။**

ကယ်တင်ရှင်ကြွလာခြင်းကို ဒေင်ဥယျာဉ်၌ကြိုတင်ဟောခဲ့သည်။ အာဒံနှင့်ဧဝတို့သည် ထိုကတိတော်ကိုပထမကြားသိချိန်၌၊ အလျင်အမြန်ပြည့်စုံလာမည်ဟု မျှော်လင့်ခဲ့ကြသည်။ သူတို့၏သားဦးသည် ထိုရွေးနုတ်ရှင်ဖြစ်နိုင်သည်ဟုမျှော်လင့်ကာ ဝမ်းမြောက်စွာကြိုဆိုခဲ့ကြသည်။ သို့သော် ကတိတော်ပြည့်စုံမှုသည် ကြန့်ကြာခဲ့သည်။ ကတိတော်ကိုပထမရရှိသူတို့သည် ပြည့်စုံခြင်းကိုမမြင်ရဘဲလျက် သေဆုံးခဲ့ကြရသည်။ နောက်အချိန်မှစ၍ ထိုကတိတော်ကို ရှေးဘိုးဘေးများနှင့်ပုရောဖက်များက အဖန်ဖန်ဟောကြားခဲ့ကာ၊ ကိုယ်တော်ပေါ်ထွန်းခြင်းမျှော်လင့်ချက်ကို အသက်ဆက်ခဲ့သော်လည်း၊ ကိုယ်တော်ကြွလာတော်မမူခဲ့ချေ။ ဒံယေလ၏အနာဂတ္တိဟောပြောချက်သည် ကိုယ်တော်ကြွလာမည့်အချိန်ကို ဖော်ပြခဲ့သည်။ သို့သော် ၎င်းသတင်းကို မှန်ကန်စွာအနက်မပြန်ဆိုခဲ့ကြပါ။ ရာစုနှစ်တစ်ခုပြီးတစ်ခုကုန်လွန်လာခဲ့သည်။ ပုရောဖက်တို့၏အသံသည်လည်း ပျက်သုဉ်းခဲ့ရပြီ။ ဖိနှိပ်သူတို့၏လက်သည် ဣသရေလလူတို့အပေါ် လေးလံစွာကျရောက်လျက်ရှိနေသောကြောင့် များစွာသောသူတို့သည် "နေ့ရက်ကာလရွေ့လျက်ရှိ၍၊ ခပ်သိမ်းသောဗျာဒိတ်ရူပါရုံလည်းပျက်ကြပြီ" (ယေဇကျေလ ၁၂း၂၂) ဟု ကြွေးကြော်ရန်အသင့်ရှိနေကြပြီ။

သို့ရာတွင် လွတ်လပ်လဟာပြင်ကြီး၌ မိမိတို့လမ်းကြောင်းအတိုင်း လှည့်ပတ်နေသောကြယ်များကဲ့သို့ ဘုရားသခင်၏ရည်ရွယ်ချက်သည်မမြန်၊



မနှေးချေ။ ကြီးမားသောမှောင်မိုက်နှင့်မီးခိုးထနေသောမီးဖိုမှတစ်ဆင့် ဘုရားသခင်သည်အာဗြဟံအား ဣသရေလလူများအီဂျစ်ပြည်၌ နှစ်ပေါင်းလေးရာကျွန်ခံရမည်အကြောင်း၊– ထို့နောက်မှသူတို့သည် များစွာသောဥစ္စာနှင့်ထွက်ကြလိမ့်မည် (ကမ္ဘာ ၁၅း၁၄) ဟုမိန့်တော်မူခဲ့သည်။ ဤမိန့်တော်မူချက်ကိုဆန့်ကျင်၍၊ ဖာရောဘုရင်၏မောက်မာသောနိုင်ငံတန်ခိုးအားလုံး၏လုပ်ဆောင်ချက်သည် အချည်းနှီးဖြစ်ခဲ့ရသည်။ ဘုရားသခင်ကတိထားတော်မူသောအချိန်စေ့သောနေ့ချင်းတွင် ထာဝရဘုရား၏ဗိုလ်ခြေအပေါင်းတို့သည် အီဂျစ်ပြည်မှထွက်သွားကြ၏" (ထွက် ၁၂း၄၁)။ ထိုကြောင့် ကောင်းကင်အစည်းအဝေးတွင် ခရစ်တော်ကြွလာမည့်အချိန်နာရီကို ဆုံးဖြတ်ခဲ့ပြီးဖြစ်သည်။ အချိန်၏မဟာနာရီကြီးသည် ထိုနာရီအချိန်ကိုညွှန်ပြသောအခါ၊ ယေရှုသည် ဗက်လင်မြို့၌မွေးဖွားတော်မူခဲ့သည်။

"အချိန်ကာလစေ့သောအခါ. . . သားတော်ကိုဘုရားသခင်သည် စေလွှတ်တော်မူ၏။" ဘုရားသခင်၏စီရင်မှုသည် လူမျိုးတို့၏လှုပ်ရှားမှုများနှင့် လူသားတို့၏တွေးခေါ်မှုနှင့်သြဇာစီးကြောင်းတို့ကို ရွေးနုတ်ရှင်ကြွလာခြင်းအတွက် ကမ္ဘာကြီးအဆင်သင့်ဖြစ်နေချိန်အထိ လမ်းညွှန်ပြပေးခဲ့သည်။

ထိုအခါယေရှုသည် လူသား၌မိမိတို့ဖန်ဆင်းရှင်၏ပုံသဏ္ဍာန်တော်ပြန်လည်ထင်ဟပ်စေရန် ကြွလာတော်မူခဲ့သည်။ အပြစ်အားဖြင့် ပျက်စီးခဲ့ပြီးသောစာရိတ္တကို တစ်ဖန်အသစ်ပုံသွင်းရန် ခရစ်တော်မှတစ်ပါး မည်သူမျှမတတ်နိုင်ချေ။ ကိုယ်တော်သည် စိတ်ဆန္ဒကိုထိန်းချုပ်သောနတ်ဆိုးများကိုမောင်းထုတ်ရန် ကြွဆင်းလာခဲ့သည်။ ကိုယ်တော်သည်ကျွန်ုပ်တို့အား ဖုန်ထဲမှချီမရန်၊ ရုပ်ပျက်နေသောစာရိတ္တကို ဘုရားသခင်၏ဂုဏ်တော်အတိုင်းပြန်ပုံသွင်းရန်နှင့် ၎င်းကိုကိုယ်တော်၏ဘုန်းတော်ဖြင့်လှပစေရန် ကြွဆင်းလာတော်မူခဲ့သည်။ (DA, pp. 31, 32, 37, 38).

–ဝ–

**ဇန်နဝါရီ (၂)**

## “ဗက်လင်မြို့၏သင်ခန်းစာ”

**“ခရစ်တော်သည် လူများအပြစ်တို့ကိုခံခြင်းငှာ တစ်ခါတည်း ကိုယ်ကိုပူဇော်ပြီးမှ၊ နောက်တစ်ဖန်ထိုသခင်ကိုမျှော်လင့်လျက်နေသော သူတို့ကို ကယ်တင်ခြင်းအလိုငှာ၊ အပြစ်နှင့်မဆိုင်ဘဲ ပေါ်ထွန်းတော်မူလတ္တံ့.” (ဟေဗြဲ ၉း၂၈)။**

ခရစ်တော်ပထမအကြိမ်ကြွလာချိန်က၊ ဘုရားသခင်၏နှုတ်ထွက်စကားယုံကြည်အပ်နှံခံရသည့် သန့်ရှင်းသောမြို့တော်မှ ယဇ်ပုရောဟိတ်များနှင့်ကျမ်းတတ်တို့သည် အချိန်ခါနိမိတ်လက္ခဏာများကိုသိရှိကာ၊ ကတိထားတော်မူသောသူ၏ကြွလာခြင်းအတွက် ဟောကြားခဲ့ပေလိမ့်မည်။ မိက္ခာ၏ပုရောဖက်ပြုဟောကြားချက်သည် ကိုယ်တော်မွေးဖွားရာအရပ်ကိုသတ်မှတ်ခဲ့ကာ၊ ဒံယေလသည် ကိုယ်တော်ကြွလာမည့်အချိန်ကို အတိအကျဟောခဲ့သည်။ ဘုရားသခင်သည် ယုဒခေါင်းဆောင်တို့အား ဤအနာဂတ္တိဟောပြောချက်များကို အသေအချာပေးတော်မူခဲ့သည်။ အကယ်၍သူတို့သည် မေရှိယကြွလာခြင်းသည်နီးကပ်ကြောင်း လူတို့အားဟောကြားရန်မသိရှိခဲ့ပါဟူသော ဆင်ခြေမရှိနိုင်ချေ။ သူတို့၏လျစ်လျူရှုမှုသည် အပြစ်ရှိသောလျစ်လျူရှုခြင်း၏ရလဒ်ပင်ဖြစ်သည်။

လူအပေါင်းတို့သည် စောင့်မျှော်ကြမည်ဖြစ်ကာ၊ သူတို့ကိုယ်၌က လောက၏ရွေးနုတ်ရှင်ကို ပထမဦးဆုံးကြိုဆိုသူများဖြစ်ခဲ့ကြပေလိမ့်မည်။ သို့သော်ကြည့်လော့၊ နာဇရက်တောင်ကုန်းများကိုဖြတ်ကျော်လာသော နွမ်းနယ်သည့်ခရီးသွားနှစ်ဦးသည် ဗက်လင်မြို့တွင် မြို့၏အရှေ့ဘက်ဆုံးစွန်အထိ လမ်းကျဉ်းတစ်လျှောက်ကိုဖြတ်ကျော်လာခဲ့သော်လည်း တစ်ညတာတည်းခိုနားနေစရာနေရာရှာခြင်းအမှုမှာ အချည်းနှီးဖြစ်ခဲ့သည်။ သူတို့အားလက်ခံရန် တံခါးများဖွင့်မထားကြချေ။ တိရစ္ဆာန်အတွက်ပြင်ထားသော နွားတင်းကုပ်အစုတ်တစ်လုံးထဲတွင် သူတို့၏ခိုလှုံရာကိုတွေ့ရှိကာ၊ ထိုနေရာတွင် လောက၏ကယ်တင်ရှင်သည် ဖွားမြင်တော်မူခဲ့သည်။. . .

ခရစ်တော်ကိုမျှော်လင့်သည့်အထောက်အထား၊ အသက်တာ၏အရှင်အတွက်ပြင်ဆင်ထားမှုများမရှိပါ။ ကောင်းကင်တမန်သည် အံ့အားသင့်လျက်ရက်ဖွယ်လိလိသတင်းစကားဖြင့် ကောင်းကင်သို့ပြန်မည်အပြုတွင် ညအချိန်မိမိတို့သိုးစုကိုထိန်းကျောင်းသောသိုးထိန်းတစ်စုကိုတွေ့ကာ၊ သူတို့သည် ကောင်းကင်ကြယ်တာရာများကိုငေးကြည့်လျက်၊ ကမ္ဘာကိုကြွလာမည့်မေရှိယအကြောင်း ပုရောဖက်ပြုဟောကြားချက်ကိုစိတ်ကူးမှန်းဆကြရင်း လောက၏ရွေးနုတ်ရှင်ကြွလာခြင်းကို တောင့်တနေကြသည်။ ဤနေရာတွင် ကောင်းကင်သတင်းစကားကိုလက်ခံရန်ပြင်ဆင်ခဲ့ကြသည့် လူတစ်စုရှိနေသည်။ ရုတ်တရက်ဘုရားသခင်၏ကောင်းကင်တမန်သည်ပေါ်ထွန်းကာ၊ မဟာဝမ်းမြောက်ဖွယ်သတင်းကောင်းကို ကြွေးကြော်ခဲ့သည်။. . .

အို၊ ဤနှစ်သက်ပျော်ရွှင်ဖွယ်ဗက်လင်မြို့၏ဖြစ်ရပ်မှသင်ခန်းစာဖြစ်သည်တကား။ ၎င်းသည် ကျွန်ုပ်တို့၏မယုံကြည်မှု၊ မာန်မာနနှင့်မိမိကိုယ်ကိုပြည့်စုံသည်ဟုခံယူမှုတို့ကို ပြင်းထန်စွာအပြစ်တင်ခြင်းဖြစ်ပါသည်တကား။ ကျွန်ုပ်တို့၏ပြစ်မှုမြောက်သောဥပေက္ခာပြုခြင်းအားဖြင့် အချိန်ကာလ၏နိမိတ်လက္ခဏာများကိုမသိရှိလိုက်သောကြောင့် ကျွန်ုပ်တို့ထံသို့လည်းပတ်ရောက်လာမည့်နေ့ရက်ကိုမသိဘဲရှိမနေစေရန် သတိပေးချက်ပင်ဖြစ်သည်။ (GC, pp. 313-315).

–ဝ–

## "ယေရှုဖွားမြင်စဉ်က"

**"ယေရှုသည်ဖွားမြင်ခြင်းကိုခံတော်မူပြီးမှ၊ မာဂုပညာရှိတို့သည် အရှေ့ပြည်က ယေရုရှလင်မြို့သို့ရောက်လာကြလျှင်၊ ယခုဖွားမြင်သော ယုဒရှင်ဘုရင်သည် အဘယ်မှာရှိတော်မူသနည်း" (မဿဲ ၂း၁၊၂)။**

ဘုန်းကြီးသောရှင်ဘုရင်သည် လူသားဇာတိခံယူရန် နှိမ့်ကျစွာကြွဆင်းလာခဲ့သည်။ ကောင်းကင်နိုင်ငံတွင် ကိုယ်တော်၏ထည်ဝါမှုနှင့်အတူ ကောင်းကင်သားအားလုံး၏ကိုးကွယ်ခြင်းခံရသည်ကိုမြင်ခဲ့ကြသော ကောင်းကင်တမန်တို့သည် အလွန်နှိမ့်ကျသောအဆင့်၌ရှိနေသောသူတို့၏တပ်မှူးကိုတွေ့ရှိသောအခါ စိတ်ပျက်လျက်ရှိကြသည်။

ယုဒလူတို့သည် မိမိတို့၏ဆိုးယုတ်သောလုပ်ဆောင်မှုများအားဖြင့် ဘုရားသခင်ထံမှမိမိတို့ကိုယ်ကိုခွဲထုတ်လိုက်ကြသောကြောင့် ကောင်းကင်တမန်တို့သည် သူငယ်တော်ရွေးနုတ်ရှင်၏ကြွလာခြင်းသတင်းကို သူတို့အားမပြောပြနိုင်ခဲ့ချေ။ ဘုရားသခင်သည် မိမိ၏အလိုတော်ကိုဆောင်ရွက်ရန် အရှေ့ပြည်မှပညာရှိတို့ကို ရွေးချယ်တော်မူခဲ့သည်။

ဤပညာရှိတို့သည် ကောင်းကင်ကအလင်းဖြစ်သော နိမ့်ကျသောသိုးထိန်းများထံ ခရစ်တော်ကြွလာခြင်းသတင်းကိုကြားပြောသည့် ကောင်းကင်သားတို့၏အလင်းကိုမြင်ခဲ့ကြသည်။ . . .

ထိုအလင်းမှာ တောက်ပသည့်ကြယ်ပမာထွန်းတောက်သည့် အဝေးကလင်းသောကောင်းကင်တမန်အစုအဝေးဖြစ်သည်။ သူတို့တစ်ခါမျှမမြင်ဖူးသေးသော တောက်ပသည့်ကြယ်ကြီးသည် ထူးထူးခြားခြားထွက်ပေါ်လာကာ၊ ကောင်းကင်၌လက္ခဏာကဲ့သို့ တွဲလွဲဖြစ်နေပြီး၊ သူတို့၏အာရုံကိုဖမ်းစားခဲ့သည်။ . . . ပညာရှိတို့သည် ထိုကြယ်လမ်းပြသည့်လမ်းကြောင်းအတိုင်းသွားခဲ့ကြသည်။ ထိုနောက်သူတို့သည် ယေရုရှလင်မြို့ကိုချဉ်းကပ်လာချိန်တွင် ထိုကြယ်ကိုအမှောင်ထုကဖုံးအုပ်ကာ၊ သူတို့အားလမ်းမပြတော့ချေ။ ယုဒလူတို့သည် ဤကြီးမားသောဖြစ်ရပ်၊ မေရှိယကြွလာခြင်းကိုလျစ်လျူရှုနိုင်လိမ့်မည်မဟုတ်ဟု သူတို့ဆင်ခြင်သုံးသပ်ကာ၊ ယေရုရှလင်မြို့အနီးတွင် သူတို့သတင်းမေးခဲ့ကြသည်။

ပညာရှိတို့သည် မေရှိယကြွလာမည့်အကြောင်းအရာကို စိတ်ဝင်စားမှုမရှိကြသည်ကိုမြင်သောအခါ အံ့အားသင့်ကြသည်။ . . . ယုဒလူတို့သည် ခရစ်တော်ကြွလာခြင်းမဟာဖြစ်ရပ်မျှော်လင့်ချက်အပေါ်စိတ်မဝင်စား၊ မဝမ်းမြောက်ကြသည်ကို သူတို့အလွန်အံ့သြခဲ့ကြသည်။

ယနေ့အသင်းတော်များသည် လောကီဆိုင်ရာအာဏာအရှိန်အဝါကို ကြိုးစားရှာဖွေကြကာ၊ ကိုယ်တော်ပထမအကြိမ်ကြွလာချိန်က ယုဒလူတို့ကဲ့သို့ ခရစ်တော်မကြာမီကြွလာမည်ဖြစ်ကြောင့် ပြသသည့်အထောက်အထားများ ပြည့်စုံလာခြင်းကိုလက်ခံရန်နှင့် အနာဂတ္တိဟောပြောချက်များကို သိရှိနားလည်ရန် စိတ်ဆန္ဒမရှိကြချေ။ သူတို့သည် ယေရုရှလင်မြို့၌ မေရှိယ၏လောကီအောင်ပွဲကိုသာ မျှော်လင့်နေခဲ့ကြသည်။ ယနေ့ခရစ်ယာန်အမည်ခံတို့သည် အသင်းတော်၏လောကီချမ်းသာကြွယ်ဝခြင်း၊ တစ်ကမ္ဘာလုံးပြောင်းလဲခြင်းနှင့် လောကီရေးရာနှစ်ပေါင်းတစ်ထောင်စိုးစံခြင်း၏ပျော်ရွှင်မှုတို့ကို မျှော်လင့်နေကြသည်။ (RH, Dec. 24, 1872).

– o–

**ဇန်နဝါရီ (၄)**

## “ဒုတိယအကြိမ်ကြွလာခြင်းကိုမျှော်လင့်ခြင်း”

**“ငါသည်အလျင်အမြန်လာမည်မှန်ပေ၏ဟု ဤအရာများကို သက်သေခံသောသူမိန့်တော်မူ၏။ အာမင်။ သခင်ယေရှုကြွလာတော်မူပါ” (ဗျာဒိတ် ၂၂း၂၀၊၂၁)။**

သခင်ဘုရား၏ (ဒုတိယအကြိမ်) ကြွလာခြင်းသည် ခေတ်ကာလတစ်လျှောက် ကိုယ်တော့်စစ်မှန်သောနောက်လိုက်များ၏မျှော်လင့်ချက်ဖြစ်နေခဲ့သည်။ သူပြန်ကြွလာမည်ဟု ကယ်တင်ရှင်၏သံလွင်တောင်ပေါ်က နှုတ်ဆက်ကတိတော်သည် ကိုယ်တော့်တပည့်တော်တို့၏အနာဂတ်ကို တောက်ပစေကာ၊ ဝမ်းနည်းခြင်းကမငြိမ်းသတ်နိုင်၊ အခက်အခဲများကလည်းမမှေးမှိန်စေနိုင်သည့် ပျော်ရွှင်ခြင်းနှင့်မျှော်လင့်ခြင်းတို့ဖြင့် သူတို့၏စိတ်နှလုံးသည် ပြည့်လျှံလျက်ရှိသည်။ ဝေဒနာခံစားခြင်းနှင့်ညှဉ်းဆဲခြင်းကြားက “ကယ်တင်တော်မူသောအရှင်သခင်ယေရှုခရစ်၏ဘုန်းအသရေတော်ထင်ရှားပေါ်ထွန်းခြင်း” သည် “မင်္ဂလာရှိသောမျှော်လင့်ရာ” ဖြစ်နေခဲ့သည်။ သက်သာလောနိတ်မြို့သားခရစ်ယာန်တို့သည် မိမိတို့၏ချစ်လှစွာသောသူတို့အားသင်္ဂြိုဟ်စဉ် ပူဆွေးသောကနှင့်ပြည့်နေချိန်တွင်၊ သခင်ဘုရားကြွလာခြင်းကို သက်ရှိထင်ရှားလျက်မြင်တွေ့ရန် မျှော်လင့်နေခဲ့သောသူတို့၏ဆရာပေါလုသည် ကယ်တင်ရှင်ကြွလာချိန်၌ဖြစ်ပျက်မည့်ရှင်ပြန်ထမြောက်ခြင်းကို သူတို့အားပြသခဲ့သည်။ ထို့ကြောင့် ခရစ်တော်၌သေလွန်ပြီးသောသူတို့သည်ထမြောက်၍၊ အသက်ရှင်သောသူတို့နှင့်တကွ သခင်ဘုရားကိုလေထဲ၌တွေ့ဆုံရန် ချီဆောင်ခြင်းခံရကြမည်။ “သို့ဖြစ်၍၊ ဤစကားများအားဖြင့် အချင်းချင်းတစ်ယောက်ကိုတစ်ယောက်သက်သာစေကြလော့” (၁သက်သာ ၄း၁၆–၁၈) ဟုနှစ်သိမ့်ခဲ့သည်။. . .



အကျဉ်းထောင်၊ မီးရှို့သတ်သည့်နေရာ၊ ကြိုးစင်စသည်တို့မှ သန့်ရှင်းသူတို့နှင့်ယုံကြည်ခြင်းအတွက်အသက်စွန့်သူတို့သည် သမ္မာတရားအတွက်သက်သေခံခဲ့ကြကာ၊ သူတို့၏ယုံကြည်ခြင်းနှင့်မျှော်လင့်ချက်သည် ရာစုနှစ်အဆက်ဆက်ဆင်းသက်လာသည်။ ဤခရစ်ယာန်များထဲမှတစ်ဦးသည် “မိမိအမှန်တကယ်ထမြောက်မည်အကြောင်းနှင့် ကိုယ်တော်ကြွလာသောအခါ သူတို့သည်လည်းထမြောက်မည်ဖြစ်ကြောင်း၊ ထို့ကြောင့်သူတို့သည် သေခြင်းကိုအထင်သေးကာ၊ ထိုသေခြင်း၏အထက်၌ရှိနေကြသည်” ဟုဆိုခဲ့သည်။ (Daniel T. Taylor, The Reign of Christ on Earth : or, The Voice of The Church in All Ages, p. 33). သူတို့သည် “လွတ်လပ်စွာထမြောက်” နိုင်ရန်အလို့ငှာ၊ လိုလိုလားလားအသက်စွန့်ခဲ့ကြသည်။ “သခင်ဘုရားသည် မိမိခမည်းတော်၏ဘုန်းတော်နှင့်တကွ မိုးတိမ်ဖြင့်ကောင်းကင်ဘုံမှဆင်းကြွလာ၍ ဖြောင့်မတ်သောသူတို့အား နိုင်ငံတော်ထဲသို့ခေါ်ဆောင်သွားမည့်အချိန်ကို စောင့်မျှော်ခဲ့ကြသည်။ Waldenses တို့သည် အလားတူယုံကြည်ခြင်းကို ရင်ဝယ်ပိုက်ခဲ့ကြသည်။ Wycliffe သည် ရွေးနုတ်ရှင်ပေါ်ထွန်းခြင်းသည် အသင်းတော်၏မျှော်လင့်ရာအဖြစ်ထားရှိလျက် မျှော်လင့်နေခဲ့သည်။ (GC, pp. 302, 303).

ကျောက်ဆောင်ကျောက်တုံးအတိနှင့်ပြီးသော ပတ်မုကျွန်းပေါ်တွင် ကိုယ်တော်ချစ်တော်မူသောတပည့်တော်သည် “ငါသည်အလျင်အမြန်လာမည်၊ မှန်ပေ၏” ဟူသောကတိစကားကိုကြားကာ၊ သူ၏ “အာမင်၊ သခင်ယေရှုကြွလာတော်မူပါ” ဟူသောဖြေကြားချက်သည် အသင်းတော်၏ခရီးစဉ်တစ်လျှောက် ဆုတောင်းချက်ဖြစ်လာခဲ့သည်။ (GC, p. 302).

–၀–

ဇန်နဝါရီ (၅)

## “သမ္မာကျမ်းစာ၏အဓိကသော့ချက်”

**“ငါ့ကိုရွေးနုတ်သောသခင်သည်အသက်ရှင်၍၊ နောင်ကာလ၌မြေမှုန့်အပေါ်မှာ ပေါ်လာတော်မူလိမ့်မည်” (ယောဘ ၁၉း၂၅)။**

သမ္မာကျမ်းစာတွင် အလေးနက်ဆုံးနှင့်အခမ်းနားဆုံးသောသမ္မာတရားတစ်ခုမှာ ရွေးနုတ်ခြင်းနှင့်ဆိုင်သောမဟာလုပ်ငန်းကြီးပြည့်စုံစေမည့် ခရစ်တော်၏ဒုတိယအကြိမ်ကြွလာခြင်းဖြစ်သည်။ “သေမင်း၏နိုင်ငံအရိပ်” တွင်ကြာမြင့်စွာလှည့်လည်နေသော ဘုရားသခင်၏ခရီးသွားလူတို့အား၊ “အရှင်မင်းကြီးနှင်ထုတ်သောသူကိုတစ်ဖန်ခေါ်” ရန် “ထမြောက်ခြင်းအကြောင်း၊ အသက်ရှင်ခြင်းအကြောင်း” ဖြစ်တော်မူသော ကိုယ်တော်ပေါ်ထွန်းတော်မူမည့်ကတိတော်၌ အဖိုးတန်ပြီးပျော်ရွှင်ခြင်းပေးသည့် မျှော်လင့်ခြင်းကိုပေးထားသည်။ ဒုတိယအကြိမ်ကြွလာခြင်းအကြောင်းယုံကြည်ချက်သည် သမ္မာကျမ်းစာ၏အလွန်အဓိကကျသောအချက်ဖြစ်သည်။ ကနဦးစုံတွဲတို့သည် ဧဒင်ဥယျာဉ်မှဝမ်းနည်းဖွယ်ခြေလှမ်းများဖြင့် ကျောခိုင်းထွက်ခွာသည့်နေ့မှစ၍ ယုံကြည်ခြင်း၏သားသမီးတို့သည် ဖျက်ဆီးသူ၏တန်ခိုးကိုရိုက်ချိုးရန်နှင့် ပျောက်ဆုံးခဲ့ပြီးသောပါရဒိသုဘုံကို ပြန်ယူဆောင်လာပေးရန် ကတိထားတော်မူသောသူ၏ကြွလာခြင်းကို စောင့်မျှော်ခဲ့ကြသည်။ . . . ဧဒင်ဥယျာဉ်၌နေထိုင်ခဲ့သူတို့၏ခုနစ်ဆက်မြောက်ဖြစ်သောဧနောက်၊ ဤကမ္ဘာတွင်နှစ်ပေါင်းသုံးရာစု ဘုရားသခင်နှင့်အတူလမ်းလျှောက်ခဲ့သောသူအား ရွေးနုတ်ရှင်ကြွလာခြင်းကို အဝေးမှလှမ်းမျှော်ရှုခွင့်ပေးခဲ့သည်။ သူက “ထာဝရဘုရားသည် ခပ်သိမ်းသောသူတို့ကိုတရားစီရင်တော်မူ” ရန် “အတိုင်းမသိများစွာသော မိမိသန့်ရှင်းသူတို့နှင့်တကွကြွလာတော်မူလိမ့်မည်” ဟုကြွေးကြော်ခဲ့သည်။ ရှေးဘိုးဘေးယောဘသည် မိမိ၏





ဒုက္ခဝေဒနာခံစားရစဉ် မတုန်မလှုပ်သောယုံကြည်ကိုးစားမှုဖြင့်ပြောဆိုသည်မှာ “ငါ့ကိုရွေးနုတ်သောသခင်သည် နောင်ကာလ၌မြေမှုန့်ပေါ်မှာပေါ်လာတော်မူလိမ့်မည်။ . . . ငါသည် ကိုယ်ခန္ဓာ၌ဘုရားသခင်ကိုမြင်မည်။ . . . သူတစ်ပါးမြင်သည်သာမက ငါသည်ကိုယ်မျက်စိနှင့်ဖူးမြင်မည်” ဟူ၍ဖြစ်သည်။ (GC, p. 299).

ထာဝရနှင့်ဆိုင်သောအရာများကို သင်သိမြင်နိုင်ရန်လည်းကောင်း၊ သမ္မာတရား၏အလင်းအားဖြင့် သင်၏များစွာသောအမှားများကို မှားသည်အတိုင်းတွေ့ရှိရန်လည်းကောင်း၊ ထိုအမှားများကိုစွန့်လွှတ်ရန်လိုအပ်သည့်အားစိုက်မှုပြုနိုင်ရန်လည်းကောင်း၊ ဤဆိုးညစ်ခါးသီးသောအသီးနေရာတွင် ထာဝရအသက်ရရှိနိုင်ရန် တန်ဖိုးရှိသောအသီးသီးနိုင်ရန်လည်းကောင်း ကျေးဇူးတော်အပေါင်းနှင့်ပြည့်ဝသောဘုရားသခင်သည် သင့်အားဉာဏ်အလင်းရစေတော်မူပါစေသော။

သင်၏သနားစဖွယ်၊ မောက်မာပြီးမိမိကိုယ်ကိုဖြောင့်မတ်သည်ဟုမှတ်ယူသောစိတ်နှလုံးကို ဘုရားသခင်ရှေ့တွင်နှိမ့်ချကာ၊ ကိုယ်တော်၏ခြေတော်ရင်း၌ အလွန်နှိမ့်ချစွာနေ၍ သင့်အပြစ်အားလုံးကွဲကြေမွစေပါ။ ပြင်ဆင်ခြင်းလုပ်ငန်းအတွက် မိမိကိုယ်ကိုလုံးလုံးလျားလျားပေးအပ်နှံပါ။ “ငါ့ကိုရွေးနုတ်သောသခင်သည်အသက်ရှင်၏။ ကိုယ်တော်အသက်ရှင်တော်မူသောကြောင့်ငါလည်းအသက်ရှင်ရမည်” ဟု အမှန်တကယ်မပြောနိုင်မချင်းမနားပါနှင့်။

သင်သည် ကောင်းကင်နိုင်ငံကိုလက်လွှတ်ရလျှင်၊ အရာခပ်သိမ်းကိုဆုံးရှုံး၏။ ကောင်းကင်နိုင်ငံကိုရလျှင်မူကား၊ အရာရာကိုရရှိ၏။ ဤအရေးကိစ္စ၌အမှားမပြုမိစေရန် သင့်အားကျွန်ုပ်အနူးအညွတ်တောင်းပန်သည်။ ထာဝရအကျိုးခံစားခွင့်သည် ဤအရာ၌ပါဝင်လျက်ရှိသည်။ (2T, p. 88).

–ဝ–

**ဇန်နဝါရီ (၆)**

## "ပြုပြင်ပြောင်းလဲသူတို့၏ယုံကြည်ခြင်း"

**"နောက်ဆုံးသောရန်သူတည်းဟူသောသေမင်းသည် ဆုံးရှုံးခြင်းသို့ရောက်ရလတ္တံ့." (၁ကော ၁၅:၂၆)။**

လူးသာက "တရားစီရင်ရာနေ့သည် နှစ်ပေါင်းသုံးရာအပြည့်ကိုကျော်သွားလိမ့်မည်မဟုတ်ကြောင်း ငါလုံးဝယုံကြည်သည်။ ဘုရားသခင်သည် ဤဆိုးယုတ်သောလောကကို သာ၍ကြာရှည်စွာခံစားစေလိမ့်မည်/နိုင်မည်မဟုတ်ပါ။ ဖျက်ဆီးတတ်သောရှံ့ရှာဖွယ်ရာနိုင်ငံကို ကျရှုံးစေမည့်မဟာနေ့ရက်ကြီးသည် နီးလျက်ရှိပြီ" ဟု အလေးအနက်ပြောခဲ့သည်။ (Daniel T. Taylor, The Reign of Christ on Earth : or, The Voice of the Church in All Ages, p. 33).

"ဤအိုမင်းသောလောကကြီးသည် အဆုံးနှင့်မဝေးတော့ပြီ" ဟု Melanchthon ကဆိုခဲ့သည်။ Calvin သည် ခရစ်ယာန်တို့အား "ခရစ်တော်ကြွလာခြင်းနေ့ရက်ကို မင်္ဂလာအရှိဆုံးသောဖြစ်ရပ်များအဖြစ် မနှောင့်မနှေးဘဲစိတ်အားထက်သန်စွာလိုလားရန်" တိုက်တွန်းကာ၊ "သစ္စာစောင့်သောမိသားစုဝင်အားလုံးသည် ထိုနေ့ရက်ကိုမြင်ရကြမည်" ဟု ထုတ်ဖော်ပြောဆိုခဲ့သည်။ "ငါတို့သခင်ဘုရားသည် မိမိနိုင်ငံတော်၏ဘုန်းအသရေကို အပြည့်အဝဖော်ထုတ်မည့် ထိုနေ့ရက်ကြီးအရဏ်တက်သည်အထိ ငါတို့သည် ခရစ်တော်ကိုဆာငတ်မွတ်လျက်၊ ကြိုးစားရှာဖွေကာ၊ အာရုံပြုရမည်ဟု သူပြောဆိုသည်။ (Ibid., pp. 158, 134).

စကော့တလန်ပြုပြင်ပြောင်းလဲသူ Knox သည် "သခင်ယေရှုသည် ငါတို့ကိုယ်ခန္ဓာကို ကောင်းကင်သို့သယ်ဆောင်သွားရန် ပြန်ကြွလာမည်



မဟုတ်လော။ စူးစမ်းရှာဖွေခြင်းနှင့်တကွ ကိုယ်တော်ကြွလာမည်ကိုငါတို့သိသည်" ဟုဆိုခဲ့သည်။ သမ္မာတရားအတွက်အသက်စတေးခဲ့သော Ridley နှင့် Latiner တို့သည် သခင်ဘုရားကြွလာခြင်းကိုယုံကြည်ခြင်းဖြင့် မျှော်လင့်ခဲ့ကြသည်။ Ridley က "ကမ္ဘာကြီးသည် ကျိန်းသေအဆုံးကိုရောက်လာပြီးဖြစ်ကြောင်း ငါယုံကြည်သောကြောင့်ပြော၏။ ဘုရားသခင်၏အစေခံယောဟန်ကအတူတကွငါတို့စိတ်ထဲ၌ ငါတို့ကယ်တင်ရှင်ခရစ်တော်ကို သခင်ယေရှုကြွလာတော်မူပါဟုအော်ဟစ်ကြစို့" ဟုရေးသားခဲ့သည်။ (Ibid., pp. 151, 145).

Baxter က "သခင်ဘုရားကြွလာခြင်းအတွေးသည် ငါ့အတွက်အချိုသာဆုံးနှင့်အပျော်ရွှင်ဆုံးဖြစ်သည်" ဟုဆိုခဲ့သည်။ (Richard Baxter, Works, vol. 17, p. 555). "ကိုယ်တော်ပေါ်ထွန်းခြင်းကိုချစ်မြတ်နိုးခြင်းနှင့် ထိုမင်္ဂလာမျှော်လင့်ချက်ကိုစောင့်မျှော်ခြင်းသည် ယုံကြည်ခြင်း၏အကျင့်နှင့် ကိုယ်တော့်သန့်ရှင်းသူတို့၏အကျင့်စာရိတ္တပင်ဖြစ်သည်။" "အကယ်၍သေမင်းသည် ထမြောက်ရာနေ့တွင် ဖျက်ဆီးခံရမည့်နောက်ဆုံးရန်သူဖြစ်ခဲ့သော်၊ ဤအဆုံးစွန်နောက်ဆုံးအောင်မြင်ခြင်းရရှိမည့် ခရစ်တော်ဒုတိယအကြိမ်ကြွလာခြင်းအတွက် ယုံကြည်သူတို့သည် မည်မျှစိတ်အားထက်သန်စွာတောင့်တလျက် ဆုတောင်းရမည်နည်း။" (Ibid., vol. 17, p. 500). "ဤနေ့ရက်သည် ယုံကြည်သူများအားလုံး မိမိတို့၏ရွေးနုတ်ခြင်းနှင့် မိမိတို့၏လိုအင်များနှင့်ကြိုးစားမှုများအားလုံးပြီးမြောက်စေသည့်အရာအဖြစ် တောင့်တ၊ မျှော်လင့်လျက်စောင့်မျှော်ရမည့်နေ့ရက်ဖြစ်သည်။" "အိုသခင်ဘုရား၊ ဤမင်္ဂလာရှိသောနေ့ရက်ကို အလျင်အမြန်ရောက်စေတော်မူပါ။" (Ibid., vol. 17, pp. 182, 183). ဤမျှော်လင့်ချက်သည် တမန်တော်များအသင်းတော်၊ တောထဲကအသင်းတော်နှင့်ပြုပြင်ပြောင်းလဲသူတို့၏မျှော်လင့်ချက်ပင်ဖြစ်သည်။ (GC, pp. 303, 304).

–၀–

**ဇန်နဝါရီ (၇)**

## “သမိုင်းကို့ဖွင့်သောသော့ချောင်း”

**“အိုကင်းစောင့်၊ ညဉ့်အမှုကားအဘယ်သို့နည်းဟု စိရတောင်ပေါ်က ငါ့ကိုဟစ်ခေါ်လေ၏။ ကင်းစောင့်ကလည်း၊ နံနက်သည်လာ၏။ ညဥ့်လည်းလာ၏။ သင်တို့မေးမြန်းလိုလျှင်မေးမြန်းကြ။ ပြန်သွားကြ။ တစ်ဖန်လာကြဟုဆိုလေ၏” (ဟေရှာယ ၂၁း၁၁၊၁၂)။**

ခရစ်တော်ဒုတိယအကြိမ်ကြွလာခြင်းမျှော်လင့်ချက်ကို နားလည်ခြင်းသည် ၎င်းနောက်လိုက်လာမည့်ဖြစ်ရပ်များဖွင့်ပြပေး၍ အနာဂတ်သင်ခန်းစာအားလုံးကိုရှင်းပြပေးသော သော့ချောင်းဖြစ်သည်။ (Ev, p. 220).

ထိုသို့ကမ္ဘာကြီးဖြစ်စဉ်၌ စစ်မှန်သောကင်းစောင့်၏ “နံနက်သည်လာ၏၊ ညဥ့်လည်းလာ၏” ဟူသောအသံကိုယခုကြားသိရန်လိုအပ်လျက်ရှိသည်။ ကျွန်ုပ်တို့သည် သခင်ဘုရား၏မဟာနေ့ရက်ကြီးအတွက် ပြင်ဆင်ရမည့်အချိန်၌ရှိနေကြသောကြောင့် သတိပေးသည့်တံပိုးသံကိုပေးရမည်။

အနာဂတ္တိနှင့်ဆိုင်သောသမ္မာတရားတို့သည် ကျွန်ုပ်တို့အားစည်းထားလျက်ရှိပြီး၊ ၎င်းတို့ကိုကျွန်ုပ်တို့လေ့လာသောအခါ၊ ၎င်းတို့သည် လုပပြီးလက်တွေ့ဆန်သော ခရစ်ယာန်သမ္မာတရားအစုအဖွဲ့ဖြစ်လာသည်။ ကျွန်ုပ်တို့၏ဟောပြောချက်အားလုံးသည် ဘုရားသခင်၏သားတော်ကြွလာခြင်းအတွက် ကျွန်ုပ်တို့စောင့်ရင်းလုပ်ဆောင်လျက်ဆုတောင်းနေကြောင်း ရိုးရှင်းစွာဖော်ပြရမည်။ ကိုယ်တော်၏ကြွလာခြင်းသည် ကျွန်ုပ်တို့၏မျှော်လင့်ချက်ဖြစ်သည်။ ဤမျှော်လင့်ချက်သည် ကျွန်ုပ်တို့၏စကား၊ အလုပ်များနှင့်ပေါင်းသင်းဆက်ဆံရေးတို့နှင့်ချည်နှောင်ထားလျက်ရှိရမည်။. . .

လူသား၏ဒုတိယအကြိမ်ကြွလာခြင်းသည် သူတစ်ပါးရှေ့တွင်ထုတ်ဖော်ရမည့် အံ့ဖွယ်သတင်းစကားဖြစ်သည်။ ဤအကြောင်းအရာကို ကျွန်ုပ်တို့ဟောပြောချက်များတွင် ချန်ထားရမည်မဟုတ်ချေ။ ထာဝရအမှန်တရားကိုလူတို့ရှေ့တွင်ချပြရမည်ဖြစ်ပြီး၊ ထိုအခါ လောက၏ဆွဲဆောင်မှုများသည်အနှစ်သာရကင်းမဲ့သည့်အကျိုးမရှိသောအရာဖြစ်ကြောင်း ပေါ်လာလိမ့်မည်။ လောကနှင့်ဆိုင်သော ၎င်း၏အလှအပ၊ ချီးမွမ်းခြင်း၊ ချမ်းသာခြင်း၊ ဂုဏ်အသရေနှင့်ပျော်ရွှင်မှုတို့ကို ကျွန်ုပ်တို့မည်ကဲ့သို့ပြုရပါမည်နည်း။

ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏သခင်၊ ကယ်တင်ရှင်ယေရှုခရစ်တော်ဘုန်းအသရေနှင့်ပေါ်ထွန်းလာမည့် မင်္ဂလာရှိသောမျှော်လင့်ရာအတွက် စောင့်ဆိုင်း၊ မျှော်လင့်၊ ဆုတောင်းနေကြသော ခရီးသွားဧည့်သည်များဖြစ်ကြသည်။ ကျွန်ုပ်တို့သည် ဤအရာကိုယုံကြည်၍၊ လက်တွေ့အသက်တာတွင်ကျင့်သုံးလျှင်၊ ဤယုံကြည်ခြင်းနှင့်မျှော်လင့်ချက်သည် တက်ကြွသည့်လုပ်ဆောင်မှုကိုနှိုးဆွပေးပြီး၊ အချင်းချင်းချစ်အားကြီးကာ ဘုရားသခင်ဘုန်းတော်အတွက် သတိဖြင့်သန့်ရှင်းစွာနေထိုင်၍၊ ချီးမြှင့်သောဆုလာဘ်အတွက်မျှော်လင့်လျက်နေသောအခါ၊ ကျွန်ုပ်တို့နှင့်လောကီသားတို့အကြား ပိုင်းခြားသတ်မှတ်သောမျဉ်းသည်သိသာထင်ရှားလိမ့်မည်။

ခရစ်တော်ကြွလာမည်ဟူသောသမ္မာတရားကို စိတ်နှလုံးတိုင်း၌သိမ်းဆည်းထားရမည်။ (Ev, pp. 218-220).

–o–

ဇန်နဝါရီ (၈)

## “တူညီသောစိတ်ပျက်ခြင်းနှစ်ခု”

**“သည်းခံနိုင်သောသူတို့သည် မင်္ဂလာရှိသောသူဟူ၍ ငါတို့သည် ခေါ်ကြ၏။ ယောဘသည် သည်းခံကြောင်းကိုသင်တို့ကြားရကြပြီ။ ထာဝရဘုရားသည် မိမိအမှုကိုလက်စသတ်တော်မူရာမှာ အလွန်သနားစုံမက်တော်မူကြောင်းကိုလည်း သိမြင်ရကြပြီ” (ယာကုပ် ၅း၁၁)။**

လူသားတို့၏ထင်မြင်ချက်များ၊ ဓလေ့များနှင့် မှားယွင်းသောသွန်သင်မှုများသည် လူတို့၏စိတ်နှလုံးနှင့် ဘုရားသခင်၏အစေခံများကိုပင်ကန်းစေကာ၊ မိမိ၏နှုတ်ကပတ်တွင်ဖော်ပြသည့် အရေးပါသည့်အရာများကို တစ်ပိုင်းတစ်စသာနားလည်နိုင်ကြသည်။ ကယ်တင်ရှင်သည် သူတို့နှင့်အတူလူကိုယ်တိုင်နေစဉ်အချိန်က တပည့်တော်တို့သည် ထိုသို့ပင်ဖြစ်ခဲ့ကြသည်။ မေရှိယသည် ကမ္ဘာ့နိုင်ငံ၏ရာဇပလ္လင်တွင် ဣသရေလတို့ကိုချီးမြှောက်မည့်လောကီဘုရင်ဖြစ်မည်ဟူသော လူထုအယူအဆဖြင့် သူတို့၏စိတ်နှလုံးသည် ပြည့်လျှမ်းလျက်ရှိကာ၊ သူတို့သည် မိမိ၏ဝေဒနာခံစားခြင်းနှင့်သေခြင်းကို ကြိုတင်မိန့်တော်မူသော ကိုယ်တော့်၏စကား၏အဓိပ္ပါယ်ကို နားမလည်နိုင်ခဲ့ကြချေ။ . . .

သူတို့မွေးဖွားချိန်မှစ၍၊ သူတို့၏စိတ်နှလုံးသည် ဘုန်းအသရေနှင့်ပြည့်စုံသော ကမ္ဘာ့အင်ပါယာကြီးကိုမျှော်လင့်ခဲ့ကာ၊ ဤအရာက သူတို့၏နားလည်နိုင်စွမ်းကို ကန်းစေခဲ့သည်။ . . .

ခရစ်တော်ပထမအကြိမ်ကြွလာချိန်က “နိုင်ငံတော်နှင့်ယှဉ်သောဧဝံဂေလိတရားကိုဟောခဲ့သည့် တပည့်တော်တို့၏အတွေ့အကြုံနှင့် ကိုယ်တော်၏ဒုတိယအကြိမ်ကြွလာခြင်းသတင်းစကားကိုကြေညာသည့် သူတို့၏အတွေ့အကြုံသည် တူညီသည့်အချက်ရှိနေသည်။

ရှေးဦးတပည့်တော်များကဲ့သို့ ဝေလျံမေလာနှင့်သူ၏အပေါင်းအဖော်များကိုယ်တိုင်ပင်လျှင် သူတို့ဟောကြားသည့်သတင်းစကားကို အပြည့်အဝသဘောမပေါက်ခဲ့ကြချေ။ အသင်းတော်ထဲ၌ကြာရှည်စွာတည်ရှိနေခဲ့သည့်အမှားများသည် အနာဂတ္တိဟောကြားချက်မှ အရေးကြီးသောအချက်ကို မှန်ကန်သောအနက်အဓိပ္ပါယ်ပြန်ဆိုနိုင်ခြင်းမှ တားဆီးလျက်ရှိသည်။ ထို့ကြောင့် လောကသားတို့ကိုဟောကြားရန် ဘုရားသခင်ပေးသောသတင်းစကားကို သူတို့ဟောပြောကြသော်လည်း၊ ၎င်း၏အဓိပ္ပါယ်ကို မှားယွင်းအနက်ပြန်ဆိုမှုကြောင့် သူတို့စိတ်ပျက်ခဲ့ကြရသည်။ . . .

ဤယုံကြည်သူများနှင့်ရှေးဦးတပည့်တော်တို့အား သူတို့နားမလည်ခြင်းကိုစမ်းသပ်ခြင်းအမှောင်ထုကျော်လွန်ပြီးမှ နားလည်နိုင်စွမ်းကိုပေးခဲ့သည်။ သူတို့သည် “ထာဝရဘုရားသည် မိမိအမှုကိုလက်စသတ်တော်မူ” သောအခါ၊ မိမိတို့၏အမှားများမှစမ်းသပ်ခြင်းခံပြီးမှသာလျှင် ချစ်ခြင်းမေတ္တာဖြင့်ဘုရားသခင်သည် သူတို့အတွက်ရည်ရွယ်ထားသည့်အရာသည် တဖြည်းဖြည်းချင်းပြည့်စုံလာခဲ့သည်။ သူတို့သည် မင်္ဂလာရှိသောအတွေ့အကြုံအားဖြင့် ကိုယ်တော်သည် “အလွန်သနားစုံမက်တော်မူကြောင်း” နှင့် ကိုယ်တော်၏ “လမ်းခရီးရှိသမျှတို့သည် ပဋိညာဉ်တရားတော်နှင့်သက်သေခံတော်မူချက်တို့ကိုစောင့်ရှောက်သောသူတို့အား ကရုဏာနှင့်သစ္စာဖြစ်ကြသည်။” (GC, pp. 345,351,352,354).

–ဝ–

ဇန်နဝါရီ (၉)

## “နှိမ့်ချသောသူတို့သည်သတင်းစကားကိုကြားပြောကြသည်”

**“ထိုမှတစ်ပါး၊ သာ၍မြဲမြံသောအနာဂတ္တိစကားတော်သည် ငါတို့၌ရှိသေး၏။ စိတ်နှလုံးထဲ၌အရုဏ်တက်၍ ကြယ်နီပေါ်ထွက်သည်ကာလတိုင်အောင်၊ ထိုအနာဂတ္တိစကားတော်ကို မှောင်မိုက်အရပ်၌ထွန်းလင်းသောဆီမီးကဲ့သို့မှတ်၍၊ သင်တို့သည်အမှီပြုသင့်ကြ၏” (၂ပေ ၁း၁၉)။**

ဤသတင်းစကား (ဗျာဒိတ် ၁၄း၆၊၇) ကို “ထာဝရဧဝံဂေလိတရား” ၏အစိတ်အပိုင်းအဖြစ် ပြောကြားရမည်။ ဧဝံဂေလိတရားဟောကြားခြင်းအလုပ်ကို ကောင်းကင်တမန်တို့အားမပေးအပ်ဘဲ၊ လူတို့အားအပ်နှံခဲ့သည်။ သန့်ရှင်းသောကောင်းကင်တမန်တို့ကို ဤလုပ်ငန်းညွှန်ကြားရန်ခန့်အပ်ထားကာ၊ သူတို့သည် လူတို့၏ကယ်တင်ခြင်းအတွက် ကြီးမားသောလှုပ်ရှားမှုများကို စောင့်ရှောက်ကြရသည်။ သို့ရာတွင် ဧဝံဂေလိတရားကို အမှန်တကယ်ဟောကြားခြင်းကိုမူ ကမ္ဘာရှိခရစ်တော်၏အစေခံများက လုပ်ဆောင်ကြရသည်။

ဘုရားသခင့်ဝိညာဉ်တော်၏နှိုးဆော်မှုနှင့် နှုတ်ကပတ်တော်၏သွန်သင်ချက်များကို နာခံလိုက်နာသောသစ္စာရှိသူတို့သည် လောကီသားတို့အား ဤသတိပေးချက်ကိုကြားပြောရကြမည်။ သူတို့သည် “စိတ်နှလုံးထဲ၌ အရုဏ်တက်၍ကြယ်နီပေါ်ထွန်းသည်ကာလတိုင်အောင် ထိုအနာဂတ္တိစကားတော်ကို မှောင်မိုက်အရပ်၌ထွန်းလင်းသောဆီမီးကဲ့သို့” (၂ပေ ၁း၁၉) အရေးစိုက်ကြသည်။ သူတို့သည် ဘုရားသခင်သိကျွမ်းခြင်းကို ဝှက်ထားသည့်ဘဏ္ဍာအားလုံးထက် ကြိုးစားရှာဖွေကာ၊ ထိုဘုရားသခင်သိကျွမ်းခြင်းကို “ငွေကုန်သွယ်ခြင်းထက်သာ၍ကောင်း၏။ . . ရွှေစင်ထက်ကောင်း၏” (သုတ္တံ ၃း၁၄) ဟုမှတ်ယူကြသည်။ ထိုအခါထာဝရဘုရားသည် နိုင်ငံတော်၏ကြီးမားသောအရာတို့ကို



သူတို့အားပြသတော်မူခဲ့သည်။ “ထာဝရဘုရားကိုကြောက်ရွံ့သောသူတို့သည် ကိုယ်တော်မြတ်နှင့်မိတ်သဟာယဖွဲ့ရသောအခွင့်နှင့် ပဋိညာဉ်တရားတော်ကို သိရသောအခွင့်ရှိကြ၏” (ဆာလံ ၂၅း၁၄)။

ဤသမ္မာတရားကိုသိနားလည်ပြီး၊ ၎င်းကိုဟောကြားခြင်း၌ပါဝင်သောသူတို့သည် ကျမ်းတတ်ပညာရှင်များမဟုတ်ကြပါ။ ဤသူတို့သည် သစ္စာရှိသောကင်းစောင့်များဖြစ်၍၊ ခွဲနပဲဖြင့်ဆုတောင်းလျက် သမ္မာကျမ်းစာကိုလေ့လာကြလျှင်၊ သူတို့သည် ညဉ့်အချိန်ကျရောက်မည့်အချိန်ကိုသိရကြမည်။ အနာဂတ္တိဟောကြားချက်မှ နောက်ဖြစ်လာမည့်ဖြစ်ရပ်များကို သိရှိရကြမည်။ သို့ရာတွင် သူတို့သည် ထိုနေရာသို့ရောက်ရှိလာခြင်းမရှိကြချေ။ သာ၍နှိမ့်ချသောသူတို့သည် သတင်းစကားပေးအပ်ခြင်းကိုခံရကြသည်။ ယေရှုက “အလင်းရှိစဉ်အခါ သွားလာကြလော့။ သို့မဟုတ်လျှင် မှောင်မိုက်သည်သင်တို့ကိုမီလိမ့်မည်” (ယောဟန် ၁၂း၃၅) ဟု မိန့်တော်မူခဲ့သည်။ ဘုရားသခင်ပေးတော်မူသောအလင်းမှကျောခိုင်းထွက်သူ သို့တည်းမဟုတ် ၎င်းကိုမိမိလက်လှမ်းမီနိုင်သည့်အချိန်တွင် ရှာဖွေရန်လျစ်လျူရှုသောသူတို့သည် မှောင်မိုက်၌ချန်ထားခြင်းခံရကြသည်။ သို့သော် ကယ်တင်ရှင်သည် “ငါ့နောက်သို့လိုက်သောသူသည် မှောင်မိုက်၌မသွားမလာ၊ အသက်၏အလင်းကိုရလိမ့်မည်ဟု မိန့်တော်မူ၏” (ယောဟန် ၈း၁၂)။ ဘုရားသခင်၏အလိုတော်ကိုဆောင်ရွက်ရန်ရည်ရွယ်ချက်တစ်ခုတည်းသာရှိပြီး၊ ပေးအပ်ထားသောအလင်းကို အလေးအနက်အရေးစိုက်သူတို့သည် သာ၍ကြီးမားသောအလင်းကို ရရှိကြလိမ့်မည်။ ထိုသူထံသို့ ဝိညာဉ်တော်သည်ရောက်လာ၍ သမ္မာတရားကိုအကြွင်းမဲ့သွန်သင်ပြသလိမ့်မည်။ (GC, p. 312).

–ဝ–

## "သမ္မာတရားသည်အောင်နိုင်လိမ့်မည်"

**"ကောင်းကင်တမန်သည်. . . ကာလမနေးဘဲ. . . နေ့ရက်ကာလ၌ပြည့်စုံခြင်းသို့ရောက်မည်" (ဗျာဒိတ် ၁၀း၅–၇)။**

ဘုရားသခင်၏တရားစီရင်ခြင်းရောက်လာပြီဟု ဟောကြားသောဗျာဒိတ်ကျမ်း ၁၄ ၏သတင်းစကားကို နောက်ဆုံးသောအချိန်တွင်ဟောပြောရမည်။ ထိုနောက် ဗျာဒိတ် ၁၀ မှ ခြေတစ်ဖက်ဖြင့်ပင်လယ်ကိုနင်းလျက် အခြားတစ်ဖက်ဖြင့်မြေကိုနင်းသောကောင်းကင်တမန်သည် သတင်းစကားကိုဝေးသောအရပ်သို့သယ်ဆောင်ကာ သမုဒ္ဒရာကိုကျော်ဖြတ်ပြီး ပင်လယ်ကျွန်းတို့သည် နောက်ဆုံးသောသတိပေးသတင်းစကားဟောကြားချက်ကို ကြားရကြမည်ဖြစ်ကြောင်း ပြသလျက်ရှိသည်။. . .

"ထိုအခါငါမြင်၍ မြေနှင့်ပင်လယ်ပေါ်မှာရပ်နေသော ကောင်းကင်တမန်သည် လက်ယာကိုကောင်းကင်သို့ချီပြီးလျှင်. . . ဝမ်းမြောက်စရာသတင်းကို ဗျာဒိတ်ထားတော်မူသည်နှင့်စပ်ဆိုင်သော ဘုရားသခင်၏နက်နဲသောအရာသည် ကာလမနေးဘဲ. . . နေ့ရက်ကာလ၌ပြည့်စုံခြင်းသို့ရောက်မည်ဟု ကောင်းကင်၊ မြေကြီး၊ သမုဒ္ဒရာကိုလည်းကောင်း၊ အရပ်ရပ်၌ရှိသမျှတို့ကိုလည်းကောင်း ဖန်ဆင်း၍ ကမ္ဘာအဆက်ဆက်အသက်ရှင်တော်မူသောသူကို တိုင်တည်၍ ကျိန်ဆိုခြင်းကိုပြုလေ၏" (ဗျာ ၁၀း၅–၇)။ ဤသတင်းစကားသည် အနာဂတ္တိကာလ၏အဆုံးကိုကြေညာပေးသည်။ ၁၈၄၄ ခုနှစ်တွင် ကျွန်ုပ်တို့၏သခင်ဘုရားကိုမြင်တွေ့ခြင်းငှာ မျှော်လင့်ခဲ့ကြသောသူတို့၏စိတ်ပျက်မှုသည် ကိုယ်တော်၏ပေါ်ထွန်းခြင်းကို အူလှိုက်သည်းလှိုက်စောင့်မျှော်ခဲ့ကြသောသူတို့အတွက် အမှန်ပင်ခါးသီးခဲ့သည်။ ဤစိတ်ပျက်ခြင်းရောက်ရှိလာရန် ဘုရားသခင်၏အစီအစဉ်ဖြစ်သည်။

ဘုရားသခင်မပြင်ဆင်သော မည်သည့်တိမ်တိုက်မျှအသင်းတော်အပေါ် မကျရောက်ချေ။ ဘုရားသခင်သည် ကြိုတင်မမြင်သောမည်သည့်အတိုက်အခံကမျှ ဘုရားသခင်၏အလုပ်ကိုဆန့်ကျင်လုပ်ဆောင်ခြင်းမရှိပါ။ မိမိပုရောဖက်များအားဖြင့် ကိုယ်တော်ကြိုတင်ဟောခဲ့သမျှသည် ဖြစ်ပျက်လျက်ရှိသည်။ ကိုယ်တော်သည် မိမိအသင်းတော်ကိုအမှောင်ထဲ၌ထားပြီး ပစ်ပယ်ခြင်းမရှိဘဲ၊ ဖြစ်ပျက်လာမည့်အရာကြိုတင်ဟောကြားချက်လမ်းကြောင်းပေါ်သို့ ပို့ဆောင်တော်မူ၍၊ မိမိ၏စောင်မခြင်းအားဖြင့် သမိုင်းလမ်းကြောင်း၌ သတ်မှတ်ထားသည့်အတိုင်းလုပ်ဆောင်ကာ၊ မိမိ၏ဝိညာဉ်တော်သည် ပုရောဖက်တို့အား မှုတ်သွင်း၍ ကြိုတင်ဟောကြားသည်အတိုင်းဖြစ်ပျက်လာစေရန် လုပ်ဆောင်တော်မူသည်။ ကိုယ်တော်၏ရည်ရွယ်ချက်အားလုံးသည် ပြည့်စုံ၍အတည်ဖြစ်လာလိမ့်မည်။ ကိုယ်တော်၏ပညတ်သည် မိမိ၏ရာဇပလ္လင်နှင့်ဆက်နွှယ်ကာ၊ စာတန်၏အပေါင်းအပါအပေါင်းသည် လူသားနှင့်ပူးပေါင်းကာ ဖျက်ဆီးနိုင်ခြင်းမရှိချေ။ သမ္မာတရားသည် မှုတ်သွင်းခံရခြင်းဖြစ်၍ ဘုရားသခင်က စောင့်ရှောက်တော်မူသည်။ တစ်ခါတစ်ရံငင်းသည် လောင်းရိပ်မိသကဲ့သို့ဖြစ်သော်ငြားလည်း၊ ၎င်းသည် အသက်ရှင်ကာအောင်နိုင်လိမ့်မည်။ ခရစ်တော်၏ဧဝံဂေလိတရားသည် အကျင့်စာရိတ္တ၌ ပညတ်ကိုနမူနာပြခြင်းဖြစ်သည်။ ၎င်းကိုဆန့်ကျင်သည့်လှည့်စားမှုများ၊ အမှားကိုသက်သေထူရန် အသုံးပြုသောလှည့်ကွက်မှန်သမျှ၊ စာတန်၏အပေါင်းအပါများအားဖြင့် ပုံထွင်းသောအမှားမှန်သမျှတို့သည် အဆုံးတွင်ထာဝရပျက်သုန်းကာ၊ သမ္မာတရား၏အောင်ပွဲသည် မွန်းတည့်နေကဲ့သို့ ပေါ်ထွက်လာလိမ့်မည်။ ဖြောင့်မတ်ခြင်းနေမင်းကြီးသည် မိမိ၏အတောင်တော်မှ ကုသခြင်းနှင့်တကွထွန်းလင်းလာကာ၊ ကမ္ဘာကြီးတစ်ခုလုံးကို မိမိ၏ဘုန်းအသရေနှင့်ပြည့်စေလိမ့်မည်။ (2SM, pp. 107,108).

–၀–

ဇန်နဝါရီ (၁၁)

## “ကျွန်ုပ်တို့သခင်ဘုရား၏ကြွလာခြင်းကိုလျင်မြန်စေခြင်း”

**“အမှုတော်ကိုတရားသဖြင့်ပြီးစီးစေခြင်းငှာ ဆုံးဖြတ်တော်မူမည်။ ထာဝရဘုရားသည် မြေပေါ်မှာဆုံးဖြတ်တော်မူသောအမှုကို ပြုတော်မူလိမ့်မည်” (ရောမ ၉း၂၈)။**

ယေရုရှလင်မြို့ပျက်စီးခြင်းနှင့်ပတ်သက်သည့်အနာဂတ္တိစကားတွင် ယေရှုမိန့်တော်မူသည်ကား “မတရားသောအမှုတို့သည်များပြားသဖြင့် အများသောသူတို့၏ချစ်ခြင်းမေတ္တာသည်ခေါင်းပါးလိမ့်မည်။ အကြင်သူသည်အဆုံးတိုင်အောင်တည်ကြည်၏။ ထိုသူသည်ကယ်တင်ခြင်းသို့ရောက်လိမ့်မည်။ လူမျိုးအပေါင်းတို့အားသက်သေဖြစ်မည်အကြောင်း နိုင်ငံတော်နှင့်ယှဉ်သောဧဝံဂေလိတရားကို လောကီနိုင်ငံအရပ်ရပ်ရှိသမျှတို့၌ဟောရလိမ့်မည်။ သို့ပြီးမှအဆုံးသည်ဖြစ်လတ္တံ့” ဟူ၍ဖြစ်သည်။ ဤအနာဂတ္တိစကားသည် နောက်ထပ်တစ်ဖန်ပြည့်စုံလိမ့်ဦးမည်။ ထိုခေတ်၌တွေ့မြင်ခဲ့ရသည့် များလှစွာသောမတရားမှုများကို ယခုခေတ်တွင်လည်းတွေ့ရှိရသည်။ ဧဝံဂေလိတရားဟောခြင်းနှင့်စပ်လျဉ်း၍ ကြိုတင်ဟောကြားမှုများသည်လည်း ထိုနည်းတူပင်ဖြစ်သည်။ ဧဝံဂေလိတရားကို ကောင်းကင်အောက်မြေကြီးပေါ်တွင်ရှိသမျှဝေနေယျသတ္တဝါတို့အားဟောပြောခဲ့ကြောင်းကို ယေရုရှလင်မြို့မပျက်စီးမီတွင် ပေါလုသည် သန့်ရှင်းသောဝိညာဉ်တော်၏ပံ့ပြင်ခြင်းအားဖြင့် ရေးသားဖွင့်ဆိုခဲ့သည်။ ကောလောသဲ ၁း၂၃။ “ထိုနည်းတူယခုတွင်လည်း လူသားမကြွလာမီ ထာဝရဧဝံဂေလိတရားကို လူအမျိုးအနွယ်ခပ်သိမ်းတို့အားဟောရလိမ့်မည်” ဟူ၍ သမ္မာကျမ်းစာတွင်ဖွင့်ဆိုထားသည်။ ဗျာဒိတ် ၁၄း၆၊၁၄။ ဘုရားသခင်သည် “လောကီသားတို့ကို ဖြောင့်မတ်ခြင်းတရားနှင့်ညီလျော်စွာ စစ်ကြောစီရင်မည့်နေ့ရက်ကို



ချိန်းချက်တော်မူပြီ” (တမန် ၁၇း၃၁)။ ထိုနေ့ရက်ကြီးနှင့်ပတ်သက်သည့်နိမိတ်ဖော်ပြသည့်အချိန်ကို ကျွန်ုပ်တို့အားခရစ်တော်မိန့်တော်မူထားသည်။ တစ်ကမ္ဘာလုံးပြောင်းလဲလာလိမ့်မည်ဟု ကိုယ်တော်မိန့်တော်မမူခဲ့ဘဲ “လူမျိုးအပေါင်းတို့အားသက်သေဖြစ်မည်အကြောင်း နိုင်ငံတော်နှင့်ယှဉ်သောဧဝံဂေလိတရားကို လောကီနိုင်ငံအရပ်ရပ်ရှိသမျှတို့၌ဟောရလိမ့်မည်။ သို့ပြီးမှအဆုံးသည်ဖြစ်လတ္တံ့” ဟုမိန့်တော်မူခဲ့သည်။ လောကီနိုင်ငံအရပ်ရပ်ရှိသမျှတို့၌ဧဝံဂေလိတရားကိုဟောကြားခြင်းအားဖြင့် ခရစ်တော်၏ကြွလာခြင်းကိုလျင်မြန်စေရန် ကျွန်ုပ်တို့စွမ်းဆောင်နိုင်ကြသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏နေ့ရက်ကြီးရောက်လာမည့်အချိန်ကို မျှော်လင့်စောင့်စားနေရုံသာမကဘဲ၊ ပို၍လျင်မြန်စေအောင်လည်း လုပ်ဆောင်ကြရမည်။ ၂ပေ ၃း၁၂။ ဘုရားသခင်သတ်မှတ်တော်မူသည့်လုပ်ငန်းများကို ခရစ်တော်၏အသင်းတော်သည်လုပ်ဆောင်ခဲ့ကြလျှင် ဤနေ့ကြီးမတိုင်မီ တစ်ကမ္ဘာလုံးအားသတိပေးပြီးဖြစ်လိမ့်မည်။ ၎င်းပြင်ယေရှုသည်လည်း တန်ခိုးတော်ဖြင့် ဤကမ္ဘာသို့ကြွလာတော်မူခဲ့လိမ့်မည်။ (DA, 633,634).

နှစ်ပေါင်းများစွာအပြစ်နှင့်ဝမ်းနည်းခြင်းဖြင့်ပြည့်လျက်နေသောဤကမ္ဘာတွင် ကျွန်ုပ်တို့အားထိန်းသိမ်းသောအရာမှာ ထာဝရဘုရား၏လူများဟုဝန်ခံကြသောသူတွေအကြား မယုံကြည်မှု၊ လောကီဆန်ခြင်း၊ မဆက်ကပ်ခြင်းနှင့်ရန်းရင်းဆန်ခတ်ခြင်းတို့ဖြစ်သည်။. . .

ဣသရေလလူများပြုခဲ့သကဲ့သို့ ကျွန်ုပ်တို့သည် ဤကမ္ဘာတွင်အမိန့်မနာခံမှုကြောင့် နောက်ထပ်နှစ်ပေါင်းများစွာဆက်လက်ရှိနေနိုင်သည်။ ခရစ်တော်အဖို့၊ ကိုယ်တော်၏လူတို့သည် မိမိတို့၏ကိုယ်ပိုင်မှားယွင်းသောအပြုအမူ၏အကျိုးဆက်ကြောင့် ဘုရားသခင်ကိုအပြစ်ဖို့ခြင်းအားဖြင့် အပြစ်တစ်ခုအပေါ်နောက်တစ်ခုထပ်မလုပ်ရချေ။ (Ev, p. 696).

–၀–

## ဇန်နဝါရီ (၁၂)

# “တတိယကောင်းကင်တမန်၏နောက်ဆုံးသတိပေးချက်”

**“ထိုနောက်မှကောင်းကင်တမန်တစ်ပါးသည် ကြီးစွာသောတန်ခိုးနှင့်ပြည့်စုံ၍ ကောင်းကင်ကဆင်းသက်သည်ကိုငါမြင်၏။ သူ၏ရောင်ခြည်အားဖြင့် မြေကြီးထွန်းလင်းလျက်ရှိ၏” (ဗျာဒိတ် ၁၈း၁)။**

တတိယကောင်းကင်တမန်၏သတင်းစကားကိုဟောကြားရာတွင် လာရောက်ပူးပေါင်းသောကောင်းကင်တမန်သည် မိမိ၏ဘုန်းရောင်ခြည်ဖြင့် မြေကြီးတစ်ခုလုံးကိုလင်းစေလျက်ရှိသည်။ ကမ္ဘာတစ်ဝန်းအတိုင်းအတာဖြင့် လုပ်ဆောင်ရမည့်အလုပ်နှင့် ထူးခြားသောတန်ခိုးကိုကြိုတင်ဟောကြားခဲ့သည်။ ၁၈၄၀ မှ ၁၈၄၄ ခုနှစ်အတွင်း ခရစ်တော်ကြွလာခြင်းဟောကြားချက်သည် ဘုရားသခင်၏တန်ခိုးကို ခမ်းနားကြီးကျယ်စွာဖော်ပြခြင်းဖြစ်သည်။ ပထမကောင်းကင်တမန်၏သတင်းစကားကို သာသနာပြုဌာနတိုင်းကို ကမ္ဘာအနှံ့သို့ သယ်ဆောင်ကြကာ၊ တချို့သောတိုင်းပြည်များတွင် ၁၆ ရာစုနှစ်ပြုပြင်ပြောင်းလဲခြင်းဖြစ်ပြီးကတည်းက အကြီးမားဆုံးသောဘာသာရေးစိတ်ဝင်စားမှုကို တွေ့မြင်ခဲ့ရသည်။ သို့ရာတွင် ဤအရာကိုတတိယကောင်းကင်တမန်၏နောက်ဆုံးသတိပေးချက်အောက်က အားကြီးသောလှုပ်ရှားမှုက သာလွန်ရမည်။ . . .

ဧဝံဂေလိတရားဟောခြင်းမဟာလုပ်ငန်းတွင် ဘုရားသခင်၏တန်ခိုးဖော်ပြချက်သည် အစကနဦးထက်သာ၍မနည်းရချေ။ ဧဝံဂေလိတရားအဖွင့်ဟောကြားချိန်က အလျင်မိုးသွန်းလောင်းခြင်းဖြင့် အနာဂတ္တိဟောကြားချက်ကိုပြည့်စုံစေသကဲ့သို့ ဧဝံဂေလိတရားဟောခြင်းအဆုံးတွင် နောက်မိုးအားဖြင့် တစ်ဖန်ပြည့်စုံလိမ့်ဦးမည်။ . . .



ဘုရားသခင်၏အစေခံတို့သည် သန့်ရှင်းသောဆက်ကပ်ခြင်းဖြင့် လင်းလက်တောက်ပသောမျက်နှာများဖြင့် ကောင်းကင်မှသတင်းစကားဟောကြားခြင်းကို တစ်နေရာမှတစ်နေရာသို့ လျင်မြန်စေကြလိမ့်မည်။ ထောင်ပေါင်းများစွာသောအသံများအားဖြင့် တစ်ကမ္ဘာလုံးသို့သတိပေးကြလိမ့်မည်။ နိမိတ်လက္ခဏာများကိုပြုလုပ်ကာ၊ လူနာများကိုပျောက်ကင်းစေလျက်၊ ယုံကြည်သူတို့အား အံ့ဖွယ်နိမိတ်လက္ခဏာများကလိုက်လိမ့်မည်။ စာတန်သည်လည်း လှည့်ဖြားသောအံ့ဖွယ်များကိုပြုလုပ်ကာ၊ ကောင်းကင်ကမီးကိုပင် လူတို့ရှေ့၌ကျစေလိမ့်မည်။ ဗျာဒိတ် ၁၃း၁၃။ ထိုကြောင့်ဤကမ္ဘာပေါ်နေထိုင်သူတို့သည် မိမိတို့၏ရပ်တည်ချက်ကိုတွေးရတော့မည်။ . . .

သာသနာပြုများအားဖြင့် ဖြန့်ဝေသောစာအုပ်စာပေတို့သည် ၎င်းတို့၏အရှိန်အဝါကိုအသုံးပြုခဲ့ကြသည်။ သို့သော်လည်း စိတ်ထဲစွဲလမ်းသူများစွာတို့သည် သမ္မာတရားကိုအပြည့်အဝသဘောပေါက်ရန်၊ သို့မဟုတ် နားထောင်ခြင်းရှိရန် ဆီးတားခြင်းခံခဲ့ရကြသည်။ ယခုတွင်မူ အလင်းရောင်ခြည်သည် နေရာတကာကိုထိုးဖောက်၍၊ သမ္မာတရားကိုရှင်းလင်းစွာမြင်တွေ့ရလျက်ရှိကာ၊ ဘုရားသခင်၏ရိုးသားသောသားသမီးတို့သည် သူတို့အားချုပ်နှောင်ထားသောစည်းကြိုးများကို ဖြတ်ပစ်လိုက်ကြသည်။ မိသားစုဆက်နွယ်မှု၊ အသင်းတော်ဆက်ဆံရေးများက သူတို့အားချုပ်ထားရန် ယခုတွင်တန်ခိုးမဲ့လျက်ရှိသည်။ သမ္မာတရားသည် အရာရာထက်အဖိုးထိုက်ပေသည်။ စာတန်ကိုယ်စားလှယ်တို့သည်ပူးပေါင်း၍၊ သမ္မာတရားကိုတိုက်သော်ငြားလည်း များစွာသောသူတို့သည် ထာဝရဘုရားဘက်၌ရပ်တည်ကြသည်။ (GC, pp. 611,612).

–၀–

**ဇန်နဝါရီ (၁၃)**

## "သူသည်ထာဝရစိုးစံလိမ့်မည်"

**"သတ္တမကောင်းကင်တမန်သည် တံပိုးမှုတ်သောအခါ၊ ကောင်းကင်ဘုံ၌ကြီးသောအသံတို့ကား၊ လောကီနိုင်ငံသည် ငါတို့အရှင်၏နိုင်ငံဖြစ်လေပြီ။ ထိုအရှင်၏ခရစ်တော်နိုင်ငံဖြစ်လေပြီ။ သူသည်လည်း ကမ္ဘာအဆက်ဆက်စိုးစံတော်မူမည်ဟုပြောဆိုကြ၏" (ဗျာဒိတ် ၁၁း၁၅)။**

ခရစ်တော်ကြွလာခြင်းက ဖြောင့်မတ်ခြင်းတရားစိုးစံမည့်ကဏ္ဍာသစ်တစ်ရပ်ကိုဖွင့်ပေးမည်ဖြစ်သည်မှာ သမ္မာကျမ်းစာရေးသားသူတို့၏ဝိညာဉ်တော်မှုတ်သွင်းသည့် အထူးခြားဆုံးပြောဆိုချက်ပင်ဖြစ်သည်။ ဆာလံဆရာသည် ဣသရေလဘုရင်ကြီး၏တန်ခိုးနှင့်ဘုန်းတော်ကို သီချင်းစပ်ဆိုသည်မှာ "ကောင်းကင်. . . မြေကြီးသည်. . . ထာဝရဘုရားရှေ့တော်တွင် ရွှင်လန်းစွာသီချင်းဆိုကြလိမ့်မည်။ အကြောင်းမူကား၊ ကိုယ်တော်သည်ကြွလာတော်မူ၏။ မြေကြီးသားတို့ကိုတရားစီရင်ခြင်းငှာ ကြွလာတော်မူ၏။ လောကသားတို့ကို ဖြောင့်မတ်ခြင်းတရားနှင့်လည်းကောင်း၊ လူများကိုသစ္စာတော်နှင့်လည်းကောင်း စီရင်ဆုံးဖြတ်တော်မူလတ္တံ့" (ဆာလံ ၉၆း၁၁–၁၃)။

ပုရောဖက်ဟေရှာယက "သေခြင်းကိုလည်းနစ်မွန်းဆုံးရှုံးစေတော်မူလိမ့်မည်။ အရှင်ထာဝရဘုရားသည်လည်း ခပ်သိမ်းသောမျက်နှာတို့မှ မျက်ရည်ကိုသုတ်တော်မူလိမ့်မည်။ ကိုယ်တော်၏လူတို့သည် ခံရသောကဲ့ရဲ့ခြင်းကိုလည်း မြေကြီးတစ်ပြင်လုံး၌ပယ်ရှင်းတော်မူလိမ့်မည်ဟု ထာဝရဘုရားအမိန့်တော်ရှိ၏" (ဟေရှာယ ၂၅း၈)။

ကယ်တင်ရှင်သည် မိမိတပည့်တော်များနှင့်ခွဲခွာခါနီးအချိန်တွင်၊ သူတစ်ဖန်ပြန်လာမည်ဟူသောအာမခံချက်ဖြင့် သူတို့၏ဝမ်းနည်းခြင်းကို ကိုယ်တော်နှစ်သိမ့်တော်မူခဲ့သည်မှာ "တစ်ဖန်တုံယေရှုက၊ သင်တို့စိတ်နှလုံးပူပန်ခြင်းမရှိစေနှင့်။. . . ငါ့အဘ၏အိမ်တော်၌နေစရာအခန်းအများရှိ၏။ . . . ငါသည်သွား၍ သင်တို့နေစရာအရပ်ကိုပြင်ဆင်ပြီးမှ တစ်ဖန်လာပြန်၍၊ ငါရှိရာအရပ်၌သင်တို့ရှိစေခြင်းငှာ၊ သင်တို့ကိုငါ့ထံသို့သိမ်းဆည်းမည်" (ယောဟန် ၁၄း၁–၃) ဟူ၍ဖြစ်သည်။

ခရစ်တော်ကောင်းကင်သို့တက်ကြွပြီးနောက် သံလွင်တောင်ပေါ်တွင် ရစ်ဝဲနေသော ကောင်းကင်တမန်သည် ကိုယ်တော်ပြန်လာမည့်ကတိတော်ကို တပည့်တော်တို့အားထပ်၍ပြောပြခဲ့သည်မှာ "သင်တို့နှင့်ခွာ၍ ကောင်းကင်သို့ဆောင်ယူခြင်းကိုခံတော်မူသောထိုယေရှုသည် သင်တို့မျက်မှောက်၌ကောင်းကင်သို့ကြွသွားတော်မူသည်နည်းတူ တစ်ဖန်ကြွလာတော်မူလတ္တံ့" (တမန် ၁း၁၁) ဟူ၍ဖြစ်သည်။ တမန်တော်ပေါလုသည် ဝိညာဉ်တော်မှုတ်သွင်းခြင်းအားဖြင့် ပြောဆိုသည်မှာ "သခင်ဘုရားသည်ကြွေးကြော်ခြင်း၊ ကောင်းကင်တမန်မင်းအသံပေးခြင်း၊ ဘုရားသခင်၏တံပိုးတော်ကိုမှုတ်ခြင်းနှင့်တကွ၊ ကောင်းကင်ဘုံမှကိုယ်တိုင်ဆင်းသက်တော်မူလိမ့်မည်" (၁သက် ၄း၁၆) ဟူ၍ဖြစ်၏။ ပတ်မုကျွန်းမှပုရောဖက်သည် "ကြည့်ရှုလော့၊ မိုးတိမ်နှင့်တကွကြွလာတော်မူသည်ဖြစ်၍ (လူ) ရှိသမျှသည် ကိုယ်တော်ကိုရှုမြင်ရကြလိမ့်မည်" (ဗျာဒိတ် ၁း၇)။

ကိုယ်တော်ကြွလာမည့်အချိန်တွင် "ကမ္ဘာဦးမှစ၍ သန့်ရှင်းသောပုရောဖက်ဆရာတော်တို့နှုတ်ဖြင့် ဘုရားသခင်ဗျာဒိတ်ထားတော်မူသော. . . အလုံးစုံသောအရာတို့ကို အသစ်ပြုပြင်တော်" (တမန် ၃း၂၁) မူလိမ့်မည်။ ထိုအခါကာလကြာရှည်မကောင်းမှု၏စိုးမိုးမှုသည်ပြိုကွဲကာ၊ "လောကီနိုင်ငံသည် ငါတို့အရှင်၏နိုင်ငံဖြစ်လေပြီ။ ထိုအရှင်၏ခရစ်တော်နိုင်ငံဖြစ်လေပြီ" (ဗျာဒိတ် ၁၁း၁၅။ (GC, pp. 300,301).

–o–

**ဇန်နဝါရီ (၁၄)**

## “ဧလိယပြန်လာမည့်ကြိုတင်ဟောကြားချက်”

**“ကြည့်ရှုလော့၊ ထာဝရဘုရား၏ကြောက်မက်ဖွယ်သောနေ့ရက်ကြီးမရောက်မီ၊ ပုရောဖက်ဧလိယကို သင်တို့ရှိရာသို့ငါစေလွှတ်မည်။ ငါသည်လာ၍ သင်တို့၏ပြည်ကိုကျိန်ခြင်းဘေးနှင့်ဒဏ်မခတ်မည်အကြောင်း၊ ထိုပုရောဖက်သည် သားတို့နှင့်အဘတို့ကိုလည်းကောင်း၊ အဘတို့နှင့်သားတို့ကိုလည်းကောင်း အသင့်အတင့်ဖြစ်စေမည်ဟု မိန့်တော်မူ၏” (မာလခိ ၄း၅၊၆)။**

ယောဟန်သည် ဧလိယ၏ဝိညာဉ်ဖြင့် ခရစ်တော်ပထမအကြိမ်ကြွလာခြင်းအတွက် လမ်းခရီးကိုပြင်ဆင်ရန်လာသကဲ့သို့ ခရစ်တော်ဒုတိယအကြိမ်ကြွလာခြင်းအတွက် လမ်းခရီးကိုပြင်ဆင်သောသူတို့သည် သစ္စာရှိသောဧလိယအားဖြင့် ကိုယ်စားပြုခြင်းခံရကြသည်။ (3T, p. 62).

နှစ်ခြင်းဆရာယောဟန်၏အလုပ်နှင့် နောက်ဆုံးသောနေ့ရက်၌လုပ်ဆောင်သောသူတို့၏အလုပ်သည် ကဏ္ဍများစွာ၌တူညီမှုရှိကာ၊ လူတို့အား မိမိတို့၏စိတ်မဝင်စားမှုမှနိုးထရန် ဧလိယ၏တန်ခိုးနှင့်ဝိညာဉ်အားဖြင့်လုပ်ဆောင်ကြသည်။ သူ၏အလုပ်သည် ဤခေတ်တွင်လုပ်ဆောင်ရမည့်အလုပ်ကိုပုံဆောင်သည်။ ခရစ်တော်သည် ဤကမ္ဘာကိုဖြောင့်မတ်ခြင်းတရားဖြင့်စီရင်ရန် ဒုတိယအကြိမ်ကြွလာရမည်ဖြစ်သည်။ (SW, March 21, 1905).

ယောဟန်သည် မိမိကိုယ်ကိုသူငယ်ချင်းများနှင့်ဇိမ်ခံဘဝမှခွဲထွက်လာခဲ့သည်။ ကုလားအုတ်အမွေးဖြင့်ရက်လုပ်သော သူ၏ရိုးစင်းသောအဝတ်သည် ယုဒယဇ်ပုရောဟိတ်များနှင့်လူထုတို့၏အသုံးအဖြုန်းကြီးခြင်းနှင့်ရှုံးထုတ်မှုကို ပြင်းထန်စွာအပြစ်တင်နေခြင်းဖြစ်သည်။ သူ၏သက်သတ်လွတ်အစားအစာဖြစ်သော ကျိုင်းကောင်နှင့်တောပျားရည်သည် နေရာတကာပျံ့နှံ့နေသောခံတွင်းအလိုလိုက်ခြင်းနှင့်အစားကြူးခြင်းကို ပြင်းထန်စွာအပြစ်တင်ခြင်းဖြစ်သည်။ . . . ပြုပြင်ပြောင်းလဲခြင်းမဟာအကြောင်းအရာကိုလှုံ့ဆော်ရန်နှင့် လူထုစိတ်နှလုံးကိုဆွပေးရန်ဖြစ်သည်။ အရာရာ၌ချုပ်တည်းခြင်းသည် ဘုရားသခင်၏လူတို့အား မိမိတို့၏ရုပ်တုကိုးကွယ်ခြင်း၊ အစားကြူးခြင်းနှင့်အဝတ်အစားနှင့်အခြားအရာတို့၌ အသုံးအဖြုန်းကြီးခြင်းတို့မှပြန်လှည့်ရန်ဟူသောသတင်းစကားနှင့်ဆက်စပ်နေသည်။

မိမိကိုယ်ကိုငြင်းပယ်ခြင်း၊ စိတ်နှိမ့်ချခြင်းနှင့်ချုပ်တည်းခြင်းကိုတောင်းဆိုသောဖြောင့်မတ်သူ၊ ဘုရားသခင်အထူးပို့ဆောင်ကောင်းချီးပေးတော်မူသောသူတို့သည် အကျင့်ပျက်ယိုယွင်းနေသော ဤခေတ်အသုံးအဖြုန်းကြီးပြီး ကျန်းမာရေးဖျက်ဆီးသည့်အကျင့်များဖြင့်နေထိုင်သူတို့ထံသို့ တင်ပြရန်ဖြစ်သည်။ လက်သည်ကိုယ်ခန္ဓာနှင့်ဆက်နေသကဲ့သို့ ကျန်းမာရေးပြုပြင်ပြောင်းလဲခြင်းသည် တတိယကောင်းကင်တမန်သတင်းစကားနှင့်ဆက်စပ်ကြောင်း ဘုရားသခင်သည် ပြသတော်မူခဲ့ပြီ။ (3T, p. 62).

နှစ်ခြင်းဆရာယောဟန်သည် သူတို့၏အာရုံကို ပညတ်တော်ဆယ်ပါးသို့လှည့်ပေးသကဲ့သို့၊ ကျွန်ုပ်တို့သည် တိကျသောအသံဖြင့် “ဘုရားသခင်ကိုကြောက်ရွံ့၍ချီးမွမ်းကြလော့။ တရားစီရင်တော်မူသောအချိန်ရောက်ပြီ” ဟူသောသတင်းစကားကိုပေးရပါမည်။ ပုရောဖက်ဧလိယနှင့်နှစ်ခြင်းဆရာယောဟန်တို့၏အလွန်စိတ်ထက်သန်မှုဖြင့် ကျွန်ုပ်တို့သည် ခရစ်တော်ဒုတိယအကြိမ်ကြွလာခြင်းအတွက်လမ်းခရီးကို ကြိုးစားပြင်ဆင်ရကြမည်။ (4BC, p. 1184).

–o–

# "ယေရှုကိုအဓိကအဖြစ်မြှောက်တင်ပါ"

**"ငါသည်ကားဒါဝိဒ်၏အမြစ်ဖြစ်၏။ အနွယ်လည်းဖြစ်၏။ ထွန်းတောက်သောမိုးသောက်ကြယ်လည်းဖြစ်၏" (ဗျာဒိတ် ၂၂း၁၆)။**

နောက်ဆုံးများ၏အန္တရာယ်ကြီးသည် ကျွန်ုပ်တို့အပေါ်၌ရှိနေသည်။ ကျွန်ုပ်တို့၏အလုပ်တွင် ကျွန်ုပ်တို့သည် လူတို့အားသူတို့ရှိနေသည့်အန္တရာယ်ကိုသတိပေးရမည်။ အနာဂတ္တိဟောကြားချက်ကဖော်ပြသော လေးနက်သောရှုခင်းကိုမတို့မထိဘဲထားရန်မဟုတ်ချေ။ အကယ်၍ ကျွန်ုပ်တို့လူတို့သည် နိုးတစ်ဝက်ရှိ၍၊ ဗျာဒိတ်ကျမ်းတွင်ပုံဖော်ထားသည့်ဖြစ်ရပ်များ၏ နီးကပ်မှုကို သူတို့သဘောပေါက်သော်၊ ပြုပြင်ပြောင်းလဲခြင်းကို ကျွန်ုပ်တို့အသင်းတော်များထဲတွင် ဖော်ဆောင်ရမည်ဖြစ်ကာ၊ များစွာသောသူတို့သည် ထိုသတင်းစကားကိုယုံကြည်ကြလိမ့်မည်။ ကျွန်ုပ်တို့အချိန်ဖြုန်း၍မရတော့ပါ။ . . . နည်းအသစ်များဖြင့်ရှေ့တိုးပြီး၊ တိကျပြတ်သားသည့်သမ္မာတရားဖြင့်ပြည့်နှက်စေကြလော့။ ၎င်းသည် နှစ်ဖက်ထက်သောဓားရှည်ကဲ့သို့ဖြစ်လိမ့်မည်။ သို့သော် ငြင်းခုံချင်သောစိတ်သဘောကိုထိန်းချုပ်ထားပါ။ ကျွန်ုပ်တို့သည် ငြိမ်ငြိမ်ရပ်လျက်၊ ဘုရားသခင်၏ကယ်တင်ခြင်းကိုကြည့်ရမည့်အချိန်ရှိသည်။ ဒံယေလကိုစကားပြောစေပါ။ ဗျာဒိတ်ကျမ်းကိုလည်းဟောကြားစေပါ။ ပြီးနောက် သမ္မာတရားသည် မည်သည့်အရာဖြစ်သည်ကိုပြောပြပါ။ သို့ရာတွင် အကြောင်းအရာကိုမည်သည့်အဆင့်တွင်တင်ပြသည်ဖြစ်စေ၊ ယေရှုသည် မျှော်လင့်ချက်အားလုံး၏ဗဟိုဖြစ်ကြောင်း၊ "ဒါဝိဒ်၏အမြစ်နှင့်အနွယ်လည်းဖြစ်ကြောင်းနှင့် ထွန်းတောက်သောမိုးသောက်ကြယ်" လည်းဖြစ်ကြောင်းမြှင့်တင်ပါ။



ကျွန်ုပ်တို့သည် သမ္မာတရားကိုနက်နက်နဲနဲမရှာဖွေကြချေ။ လက်ရှိသမ္မာတရားကိုယုံကြည်သူတိုင်းသည် မိမိ၌ရှိသောမျှော်လင့်ချက်ကို အကျိုးအကြောင်းရှင်းပြရန် လိုအပ်သည့်နေရာသို့ခေါ်ဆောင်ခြင်းခံရမည်။ ဘုရားသခင်၏လူတို့သည် ရှင်ဘုရင်များ၊ မင်းညီမင်းသားများ၊ အုပ်ချုပ်သူများနှင့်ဤလောက၏ပညာရှင်ကြီးများရှေ့တွင် ရပ်ရန်ဆင့်ခေါ်ခံရကြမည်။ သူတို့သည် သမ္မာတရားသည်မည်သည့်အရာဖြစ်သည်ကို အမှန်အကန်သိရမည်။ သူတို့သည် ပြောင်းလဲသောယောကျာ်းမိန်းမများဖြစ်ရကြမည်။ သင်သည် ဤလောက၏ပညာရှင်များထံမှ သင်ရသည်ထက် ဘုရားသခင်သည် မိမိ၏သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ခဏတာအတွင်းသာ၍များများသင်ပေးနိုင်သည်။ စကြဝဠာတစ်ခုလုံးသည် ဤကမ္ဘာပေါ်ဖြစ်ပျက်နေသောတိုက်လှန်ပွဲကိုကြည့်နေကြသည်။ မရေမတွက်နိုင်သောအဖိုးအခဖြင့် ဘုရားသခင်သည် ကယ်တင်ခြင်းအလိုငှာ ပညာကိုပေးမည့်အခွင့်အရေးကို လူတိုင်းအတွက်ပြင်ဆင်တော်မူသည်။ ကောင်းကင်တမန်တို့သည် ဤအခွင့်ထူးကိုမည်သူကမိမိအတွက်အသုံးချမည်ကို စိတ်ထက်သန်စွာကြည့်နေကြသည်။ ဘုရားသခင်၏လူတို့ထံသို့ သတင်းစကားကိုတင်ဆက်သောအခါ၊ ၎င်းကိုသူတို့မဆန့်ကျင်ရပါ။ သူတို့သည် သမ္မာကျမ်းစာကိုဖတ်၍၊ ပညတ်တရားနှင့်သက်သေခံချက်တို့နှင့်နှိုင်းယှဉ်ပြီး အစမ်းသပ်မခံလျှင် ၎င်းသည်မမှန်ကန်ချေ။ ဘုရားသခင်သည် ကျွန်ုပ်တို့၏စိတ်နှလုံးကို ကျယ်ကျယ်ဖွင့်ထားရန်အလိုရှိတော်မူသည်။ ကိုယ်တော်သည် ကျွန်ုပ်တို့အပေါ်၌ မိမိ၏ကျေးဇူးတော်ကိုထားရှိလိုတော်မူသည်။ ကျွန်ုပ်တို့သည် နေ့တိုင်းကောင်းသောအရာများဖြင့်ပွဲခံနိုင်သည်။ အကြောင်းမှာ၊ ဘုရားသခင်သည် ကောင်းကင်ဘဏ္ဍာတစ်ခုလုံးကို ကျွန်ုပ်တို့အားဖွင့်ပေးနိုင်သောကြောင့်ဖြစ်သည်။ (TM, pp. 118,119).

–o–

**ဇန်နဝါရီ (၁၆)**

## "လယ်ပြင်သည်ဤလောကဖြစ်၏"

**"သင်တို့သွား၍လူမျိုးတကာတို့ကိုငါ့တပည့်ဖြစ်စေလျက် ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်၏နာမ၌ ဗတ္တိဇံကိုပေးကြလော့" (မဿဲ ၂၈း၁၉)။**

၁၈၇၄ ခုနှစ်တွင် ကယ်လီဖိုးနီးယား၌ရှိနေစဉ်၊ ကျွန်ုပ်အားစွဲမက်စေလောက်သောအိပ်မက်ကိုပေးခဲ့သည်။ . . .

ကယ်လီဖိုးနီးယား၌ရှိသောညီအစ်ကိုတချို့တို့သည် အစည်းအဝေးထိုင်ကာ၊ လာမည့်ရာသီအတွင်း လုပ်ငန်းအတွက်အကောင်းဆုံးသောအကြံအစည်ကို သုံးသပ်ဆင်ခြင်ကြသည်။ . . .

ကျွန်ုပ်အိပ်မက်များတွင် မကြာခဏမြင်နေကြလူငယ်တစ်ဦးသည် အစည်းအဝေးထဲတွင်ဝင်လာခဲ့သည်။ သူသည် ပြောဆိုဆွေးနွေးသောစကားများကို စိတ်ဝင်တစားနားထောင်ခဲ့သည်။ ပြီးနောက်စဉ်းစားဆင်ခြင်လျက်၊ ခိုင်လုံသောယုံကြည်မှုဖြင့်ပြောဆိုသည်မှာ . . .

"မြို့တွေ၊ ရွာတွေဟာ ဘုရားသခင့်စပျစ်ဥယျာဉ်ရဲ့အစိတ်အပိုင်းတွေဖြစ်သည်။ သူတို့က နောက်ဆုံးသတိပေးသတင်းစကားကိုကြားရပါမယ်။ သမ္မာတရားရဲ့ရန်သူဟာ လူတွေကိုဘုရားသခင်ရဲ့သမ္မာတရားကနေ အမှားဘက်ကိုလှည့်ဖို့ရန် အသည်းအသန်ကြိုးစားနေတယ်။ . . . သင်တို့ဟာရေစပ်နားမှာမျိုးစေ့ကြဲရမယ်။

"သင်တို့ဟာ သင်တို့အလုပ်ရဲ့ရလဒ်ကို ချက်ချင်းမမြင်ရတာလည်းရှိနိုင်တယ်။ ဒါပေမယ့်ဒီအရာက ခင်ဗျားတို့ကိုစိတ်ပျက်စေဖို့မဟုတ်ဘူး။ ခရစ်တော်ကိုဥပမာပြုပါ။ သူ့စကားကိုလူများစွာကကြားတယ်။ ဒါပေမယ့် နောက်လိုက်သူအနည်းငယ်ပဲရှိတယ်" ဟူ၍ဖြစ်သည်။



ထိုတမန်ကဆက်လက်ပြီး "သင်တို့ဟာဒီအချိန်အတွက် အလုပ်ရဲ့သဘောတရားကိုအနည်းငယ်ပဲပြောဆိုကြတယ်။ သင်တို့ဟာအလုပ်အတွက်အစီအစဉ်ကြိုးစားဆွဲကြတယ်၊ ဒါမှသင်တို့လက်တစ်ကမ်းမှာထားရှိနိုင်မယ်။ ပိုပြီးကျယ်ကျယ်ပြန့်ပြန့်ကြည့်ပါ။ သင်တို့ရဲ့အလင်းကိုတောင်းဇလားအောက်၊ ဒါမှမဟုတ် ကုတင်အောက်မှာထားဖို့မဟုတ်ဘူး။ တစ်အိမ်လုံးအလင်းရဖို့မီးတိုင်ကိုမီးထွန်းတဲ့နေရာမှာထားရမယ်။ သင်တို့ရဲ့အိမ်ဟာ ဒီလောကပဲဖြစ်ပါတယ်။

"နိုင်ငံတော်တော်များများဟာ သူတို့အတွက်ဘုရားသခင်ထားရှိတဲ့အလင်းတရားရောက်လာမယ့်အချိန်ကိုစောင့်နေကြတယ်။ ခင်ဗျားတို့ရဲ့ယုံကြည်ခြင်းဟာနည်းပြီး၊ သိပ်သေးငယ်လွန်းတယ်။ အမှုတော်အကြောင်းသင်တို့ရဲ့သဘောထားခံယူချက်ဟာ များစွာချဲ့ဖို့လိုနေတယ်။ . . . ရှေ့သို့ချီတက်ပါ။ ဘုရားသခင်ရှေ့မှစိတ်နှိမ့်ချစွာနှင့်သင်လျှောက်လှမ်းမယ်ဆိုရင်၊ ကိုယ်တော်ကကြီးမားတဲ့တန်ခိုးနဲ့လုပ်ဆောင်တော်မူလိမ့်မယ်။ မဖြစ်နိုင်ဘူးလို့ပြောခြင်းဟာယုံကြည်ခြင်းမဟုတ်ဘူး။ ဘုရားသခင်နဲ့ဆိုမဖြစ်နိုင်တာမရှိဘူး။ ဘုရားသခင့်ပညတ်တော်ရဲ့တောင်းဆိုချက်တွေဟာ ဒီလောကကိုစစ်ဆေးဖို့ဖြစ်တယ်။"...

အချိန်သည်တိုတောင်းသည်။ ဤသတင်းစကားကိုယုံကြည်သူအပေါင်းတို့သည် အတ္တကင်းပြီး၊ မိမိတို့၏အရှိန်သြဇာကို အမှန်တရားအတွက်အသုံးပြုရန်နှင့် ဘုရားသခင်၏အမှုတော်တိုးတက်ရန် စိတ်ဝင်စားကြိုးဆောင်သူတို့နှင့်နှုတ်အားဖြင့် သို့မဟုတ် အပြုအမူအားဖြင့် ဘယ်သောအခါမျှဆန့်ကျင်ဘက်မပြုရန် သူတို့၌လေးနက်သောဝတ္တရားရှိနေသည်ကို ခံစားရကြမည်။ . . . ဘုရားသခင်သည် ကျွန်ုပ်တို့အားပေးသောအလင်းတရားသည် လောကီသားတို့ရှေ့တွင်တင်ဆက်သည်ကို သူတို့မမြင်နိုင်လျှင် တန်ဖိုးကျသွားပေလိမ့်မည်။ (LS, pp. 208-210).

–၀–

### ဇန်နဝါရီ (၁၇)

## "မြေကြီးပေါ်မှာဘုရားသခင်၏တရားစီရင်ခြင်းများ"

**"မြေကြီးပေါ်မှာဖြစ်လတ္တံ့သောဘေးများကိုမျှော်၍ ကြောက်လန့်သဖြင့်၊ လူများတို့၏အသက်ဆုံးခြင်းအမှုအရာတို့သည် ဖြစ်ကြလိမ့်မည်" (လုကာ ၂၁း၂၆)။**

ရပ်တုကိုးကွယ်ခြင်း၌နစ်မြုပ်လုသော ထောင်ပေါင်းများစွာသောမြို့ကြီးများဖျက်ဆီးခံရမည်ကို ဘုရားသခင်၏လူများသိရှိကြမည်ဆိုလျှင်. . .

မကြာခင်က အလွန်စွဲမက်ဖွယ်ဖြစ်ရပ်တစ်ခုကို ကျွန်ုပ်မြင်မက်ခဲ့သည်။ ဧရာမမီးလုံးကြီးများသည် လှပသောအိမ်ကြီးများအကြားတွင်ကျပြီး ၎င်းတို့ကို ချက်ချင်းဖျက်ဆီးပစ်သည်ကို ကျွန်ုပ်မြင်ခဲ့သည်။ တစ်စုံတစ်ဦးက "ဘုရားသခင်ရဲ့တရားစီရင်ခြင်းဟာ ကမ္ဘာပေါ်မှာကျရောက်လာမယ်ဆိုတာ ကျွန်တော်တို့သိတယ်။ ဒါပေမယ့် မြန်မြန်ရောက်လာမယ်ဆိုတာမသိခဲ့ဘူး" ဟုပြောသံကို ကြားခဲ့သည်။ အခြားသူတို့ကလည်း "မင်းသိတယ်။ ဒါဆိုရင်ဘာကြောင့်ငါတို့ကိုမပြောပြတာလဲ။ ငါတို့မသိခဲ့ဘူး" ဟုပြောဆိုကြသည်။ နေရာတကာတွင်ထိုသို့ပြောဆိုသံကို ကျွန်ုပ်ကြားခဲ့ရသည်။

မကြာမီခရစ်တော်မကြွလာမချင်း မပြီးဆုံးမည့်ဝမ်းနည်းကြေကွဲဖွယ်ဒုက္ခများ နိုင်ငံများအကြား၌ထွက်လာလိမ့်မည်။ အလျင်ကနှင့်မတူဘဲ အတူကတွ ရှေ့တိုးလျက်၊ မိမိရာဇပလ္လင်ကို ကောင်းကင်၌ပြင်ဆင်ကာ၊ တစ်ကမ္ဘာလုံးကိုအုပ်စိုးမည့်နိုင်ငံတော်ကိုထူထောင်တော်မူမည့် သူ၏အမှုကိုထမ်းဆောင်ရန်လိုအပ်နေပြီဖြစ်သည်။ ဘုရားသခင်သည် မိမိလူတို့ကိုစွန့်ပယ်တော်မမူချေ။ ကျွန်ုပ်တို့၏ခွန်အားသည် ကိုယ်တော်ကိုဖက်တွယ်ခြင်း၌တည်နေသည်။



ဘုရားသခင်၏တရားစီရင်ခြင်းသည် မြေကြီးပေါ်ကျရောက်လာပြီ။ စစ်ပွဲနှင့်စစ်ပွဲသတင်းများ၊ မီးနှင့်ရေအားဖြင့်ပျက်စီးခြင်းများတို့သည် နောက်ဆုံးနေ့ရက်မရောက်မီ တိုးပွားလာမည့်ဆင်းရဲဒုက္ခကာလသည် အလွန်နီးကပ်ကြောင်း ရှင်းလင်းစွာဖော်ပြလျက်ရှိသည်။ ကျွန်ုပ်တို့အချိန်ဖြုန်း၍မရတော့ပါ။ ကမ္ဘာကြီးသည် စစ်ပွဲများနှင့်မွှေနှောက်ခံရသည်။ ဒံယေလအခန်းကြီး (၁၁) ၏အနာဂတ္တိဟောကြားချက်သည် ပြည့်စုံလုမတတ်ဖြစ်နေပေပြီ။. . .

လွန်ခဲ့သော သောကြာမနက်၊ ကျွန်ုပ်မနိုးခင်လေးအချိန်တွင်စွဲမက်လောက်သောရူပါရုံကို ကျွန်ုပ်မြင်ခဲ့သည်။ ကျွန်ုပ်သည် နိုးနေဟန်ရှိနေပြီး၊ သို့သော် နေအိမ်၌ရှိမနေခဲ့ချေ။ ပြတင်းပေါက်မှမီးကြီးစွာလောင်ခြင်းကို ကျွန်ုပ်မြင်နိုင်သည်။ မီးလုံးကြီးများသည် အိမ်များအပေါ်သို့ကျကာ၊ ထိုမီးလုံးများမှမီးမြားများသည် နေရာတကာသို့ပျံသန်းလျက်ရှိသည်။ တောက်လောင်နေသောမီးကိုငြိမ်းသတ်၍မရနိုင်ခဲ့ချေ။ နေရာများစွာဖျက်ဆီးခံခဲ့ရသည်။ လူများ၏ကြောက်လန့်မှုမှာ ဖော်ပြ၍ပင်မရချေ။ (WM, pp. 136,137).

နိုင်ငံအသီးသီးရှိမြို့ကြီးများသည် ဖျက်ဆီးခြင်းခံရမည်။ သို့ရာတွင် အမျက်တော်နေ့ရက်မှဘဏ္ဍာများကိုစုသိမ်းနေစဉ်၊ လူတချို့သည် ရန်သူ၏လှည့်စားခြင်းမှခွဲထွက်ကာ၊ နောင်တရပြောင်းလဲရဦးမည်ဖြစ်သောကြောင့် ဘုရားသခင်၏ပြင်းစွာသောအမျက်ဒေါသသည် ထိုမြို့များအပေါ်သို့မကျရောက်သေးခြင်းဖြစ်သည်။ (Ev, p. 27).

–o–

## “သာ၍ကောင်းမွန်မြင့်မြတ်သောနည်းလမ်း”

**“ကိုယ်ကိုကိုယ်ဆေးကြောကြလော့။ ကိုယ်ကိုကိုယ်စင်ကြယ်စေကြလော့။ သင်တို့ဒုစရိုက်များကို ငါ့မျက်မှောက်မှပယ်ရှားကြလော့။ မကောင်းသောအကျင့်ကိုဖြတ်ကြလော့။ ကောင်းသောအကျင့်ကိုကျင့်အံ့သောငှာသင်ကြလော့” (ဟေရှာယ ၁း၁၆၊၁၇)။**

ကိုယ်စိတ်၊ ဝိညာဉ်တို့ကိုဖျက်ဆီးနေသော မသိနားမလည်မှု၊ အပျော်အပါးမက်ခြင်းနှင့် အပြစ်ရှိသောအလေ့အထတို့သည် ကမ္ဘာကိုနူသောကိုယ်ကျင့်တရားဖြင့်ပြည့်စေသည်။ သေစေလောက်သည့်ကိုယ်ကျင့်တရားငှက်ဖျားသည် လူထောင်ပေါင်းများစွာကိုဖျက်ဆီးနေသည်။ (AH, p. 329).

လူအများသည် အပြစ်ထဲ၌နစ်နေကြသည်။ များစွာသောလူတို့သည် ဆင်းရဲဒုက္ခရောက်နေကြသည်။ သူတို့ကိုဝေဒနာ၊ လိုအင်ဆန္ဒ၊ မယုံကြည်မှု၊ မျှော်လင့်ချက်ကင်းမဲ့မှုများကို ဖိစီးလျက်ရှိသည်။ ရောဂါအမျိုးမျိုးသည် သူတို့ကို ကိုယ်ခန္ဓာနှင့်စိတ်နှလုံးတို့၌နှိပ်စက်နေသည်။ သူတို့သည် မိမိတို့၏ဒုက္ခများမှ ဖြေသိမ့်မှုကိုလိုလားကြသည်။ စာတန်သည် သေခြင်းနှင့်ပျက်စီးခြင်းသို့ပို့ဆောင်သည့် တပ်မက်ခြင်းနှင့်အပျော်အပါးများကိုလိုက်စားရန် သူတို့ကိုစုံစမ်းလျက်ရှိနေသည်။ သူတို့၏လျှာဖျားပေါ်တွင် ပြာအဖြစ်သို့ပြောင်းသွားမည့် သောဒုံမြို့၏ပန်းသီးကို စာတန်သည်သူတို့အားပေးနေသည်။ (Ev, p. 569).

ဤကမ္ဘာ၏အခြေအနေထိတ်လန့်ဖွယ်ပုံရိပ်ကို ကျွန်ုပ်အားတင်ပြထားသည်။ အကျင့်ပျက်ယုတ်မာမှုသည် နေရာတကာတွင်ပြည့်နှက်လျက်ရှိသည်။ လိင်ကိစ္စများ၌ ကိုယ်ကျင့်သိက္ခာကင်းမဲ့မှုသည် ဤခေတ်၏အထူးအပြစ်ပင်ဖြစ်သည်။ မကောင်းမှုဒုစရိုက်သည် အလျင်ကနှင့်မတူဘဲ ယခုတွင်၎င်း၏ပုံပျက်နေသောဦးခေါင်းကို ရဲရဲရင့်ရင့်ထောင်လာတော့သည်။ . . . ပြည့်နှက်လျက်ရှိသောအပြစ်သည် မယုံကြည်သူနှင့်လှောင်ပြောင်သူတို့အကြား၌သာရှိမနေတော့ချေ။ ထိုသို့သောအရေးကိစ္စမျိုးမဟုတ်တော့ချေ။ ခရစ်တော်၏ဘာသာတရားကိုဝန်ခံသူယောက်ျား၊ မိန်းမများစွာတို့သည် အပြစ်ပြုကြသည်။ ကိုယ်တော်ကြွလာခြင်းကိုစောင့်မျှော်သူအဖြစ် ဝန်ခံသူတချို့တို့သည် စာတန်ထက်ပင် ထိုဖြစ်ရပ်အတွက်ပြင်ဆင်မှုမရှိကြတော့ချေ။ သူတို့သည် မိမိတို့ကိုယ်ကိုညစ်ညမ်းခြင်းမှသန့်ရှင်းခြင်းမပြုကြချေ။ သူတို့သည် မိမိတို့၏တပ်မက်ခြင်းကို အချိန်ကြာမြင့်စွာလိုက်ကြသောကြောင့် စိတ်နှလုံးမစင်ကြယ်ခြင်းနှင့်စဉ်းစားမှုပျက်ပြားခြင်းတို့သည် သာမန်ဖြစ်ရိုးဖြစ်စဉ်သာဖြစ်လာသည်။ နိဂါးရာရေတံခွန်မှရေများကို အထက်ဘက်သို့စီးဆင်းရန်မဖြစ်နိုင်သကဲ့သို့ သူတို့၏စိတ်ကို သန့်ရှင်းစင်ကြယ်သောအရာများအပေါ်အာရုံပြုရန် မဖြစ်နိုင်တော့ချေ။ . . . ခရစ်ယာန်တိုင်းသည် မိမိ၏အချစ်စိတ်မွန်ခြင်းကိုချုပ်ထိန်းရန်နှင့်စည်းမျဉ်းအားဖြင့်ထိန်းချုပ်ရန် သင်ကြားရမည်ဖြစ်သည်။

အကယ်၍ ကာမရာဂစိတ်ပြင်းပြခြင်း၊ ညစ်ညမ်းခြင်း၊ ပြစ်မှားခြင်း၊ ရာဇဝတ်မှုနှင့်လူသတ်မှုတို့သည် သမ္မာတရားကိုမသိသောသူများနှင့် ဘုရားသခင်နှုတ်ကပတ်တော်စည်းမျဉ်းများ၏ထိန်းချုပ်မှုကိုငြင်းဆန်သောသူတို့အကြားတွင်နေ့စဉ်ဖြစ်လေ့ရှိသောအရာများဖြစ်နေသော်၊ ခရစ်တော်၏နောက်လိုက်များအဖြစ်ဝန်ခံပြီး ဘုရားသခင်နှင့်သော်လည်းကောင်း၊ ကောင်းကင်တမန်များနှင့်သော်လည်းကောင်း နီးကပ်စွာဆက်ဆံကြသောသူတို့သည် သာ၍ကောင်းမွန်မြင့်မြတ်သောနည်းလမ်းကို သူတို့အားပြသရန်မှာ အလွန်အရေးကြီးသည်။ မိမိတို့၏တစ်လင်တစ်မယားသစ္စာရှိခြင်းနှင့် စင်ကြယ်သောအကျင့်သီလတို့သည် တိရစ္ဆာန်သဘောချစ်ဇောဟုန်ခြင်း၏ထိန်းချုပ်ခြင်းခံရသောသူတို့နှင့် လုံးဝခြားနားနေစေရမည်။ (AH, pp. 328,329).

–o–

**ဇန်နဝါရီ (၁၉)**

## "ကြီးစွာကြွေးကြော်သောအခါ"

**"ထိုမှတစ်ပါး၊ ငါတို့ကိုကယ်တင်သောကျေးဇူးတော်သည် ငါတို့ယုံကြည်သောနေ့ရက်၌နီးသည်ထက် ယခုသာ၍နီးသောကြောင့်လည်းကောင်း၊ ညဥ့်အချိန်ကုန်လု၍ နေ့အချိန်ရောက်လုသောကြောင့်လည်းကောင်း ယခုအခါအိပ်ပျော်ရာမှနိုးရသောအချိန်ရောက်ခဲ့ပြီ" (ရောမ ၁၃း၁၁၊၁၂)။**

အဆုံးသည်နီးလာပြီ၊ ညအချိန်၌သူခိုးသည် တိတ်တဆိတ်ချဉ်းကပ်သည်နည်းတူ တိတ်တခိုးမသိမသာဖြင့် ကျွန်ုပ်တို့အပေါ်ချဉ်းကပ်လာနေသည်။ ကျွန်ုပ်တို့သည် အခြားသူတို့ကဲ့သို့အိပ်မနေတော့ဘဲ၊ သမ္မာသတိရှိ၍စောင့်ကြရန် ထာဝရဘုရားပေးသနားတော်မူပါစေ။ သမ္မာတရားသည် မကြာမီခမ်းနားကြီးကျယ်စွာအောင်ပွဲခံလိမ့်မည်။ ထိုအခါ ဘုရားသခင်နှင့်အတူတကွလုပ်ဆောင်ရန် ယခုရွေးချယ်သူအားလုံးတို့သည် ၎င်းနှင့်အတူအောင်ပွဲခံကြလိမ့်မည်။ အချိန်ကာလသည် တိုတောင်းလှသည်။ လူများအလုပ်မလုပ်နိုင်သည့် ညအချိန်မကြာမီရောက်လိမ့်မည်။. . .

တမန်တော်တို့သည် သန့်ရှင်းသောဝိညာဉ်တော်ရရှိပြီးနောက် ပင်တေကုတ္တေပွဲနေ့၌ လူများစွာပြောင်းလဲခဲ့သောအချိန်မျိုးသည် မကြာမီရောက်လာလိမ့်မည်။. . .

လူအများသည် ဧဝံဂေလိတရား၏ခေါ်ဖိတ်သံကို သတိမပြုခဲ့ကြချေ။ သူတို့သည် စုံစမ်းစစ်ဆေးခြင်းခံခဲ့ကြသည်။ သို့ရာတွင် တောင်နှင့်အမျှကြီးသောအတားအဆီးများသည် သူတို့၏မျက်နှာရှေ့တွင် ဘွားကနဲပေါ်လာကာ၊ သူတို့၏ရှေ့ချီတက်ခြင်းကို ပိတ်ဆို့နေဟန်ရှိသည်။ ယုံကြည်ခြင်း၊ သည်းခံခြင်းနှင့်ရဲစွမ်းသတ္တိအားဖြင့် များစွာသောသူတို့သည် ဤအနှောင့်အယှက်များကိုကျော်လွှားကာ ကြီးကျယ်ခမ်းနားသောအလင်းထဲသို့လျှောက်သွားကြသည်။

မရည်ရွယ်ဘဲလျက် အတားအဆီးများကိုကျပ်တည်းကျဉ်းမြောင်းသောလမ်းတွင် စိုက်ထူထားသည်။ လမ်းကြောင်းထဲ၌ခလုတ်ထိမိရန် ကြောက်တုံးများကိုချထားသည်။ ဤအရာများသည် အဝေးသို့လိမ့်သွားကြလိမ့်မည်။ မှားယွင်းသောသိုထိန်းများက မိမိတို့သိုးပတ်လည်တွင်ချထားသောအကာအကွယ်သည် အချည်းနှီးဖြစ်သွားလိမ့်မည်။ များစွာသောသူတို့သည် အလင်းထဲသို့လှမ်းထွက်လာကာ၊ အလင်းတရားပြန့်ပွားရန် လုပ်ဆောင်ကြလိမ့်မည်။ ကောင်းကင်သားအပေါင်းတို့သည် လူသားတို့နှင့်ပူးပေါင်းကြလိမ့်မည်။ ထိုကြောင့်ရဲရင့်ခြင်းရှိပါ။ အသင်းတော်သည် အမှန်တကယ်ထ၍အလင်းဆောင်ကာ၊ မိမိ၏စင်ကြယ်သောအားအင်များကို ယှဉ်ပြိုင်ပွဲတွင်အသုံးပြုလိမ့်မည်။ ထိုကြောင့် ဘုရားသခင်၏အစီအစဉ်သည်ပြီးမြောက်လိမ့်မည်။ ပျောက်ဆုံးသောပုလဲများကိုလည်း ပြန်တွေ့လိမ့်မည်။. . .

ကြီးစွာကြွေးကြော်ချိန်အတွင်း အသင်းတော်သည် ၎င်း၏ဘုန်းကြီးသခင်ဘုရား၏ကြားဝင်စောင်မခြင်းအားဖြင့် ကယ်တင်ခြင်းအလို့ငှာ အသိပညာကိုမြောက်မြားစွာပျံ့နှံ့စေကာ၊ မြို့ရွာတိုင်းတွင် အလင်းတရားကိုဟောပြောလိမ့်မည်။ ကမ္ဘာသည် ကယ်တင်ခြင်းအလို့ငှာ ပညာတရားဖြင့်ပြည့်သွားလိမ့်မည်။ အားသစ်မာန်သစ်နှိုးကြွစေသော ဘုရားသခင်၏ဝိညာဉ်တော်သည် အပြင်းအထန်တက်ကြွလုပ်ဆောင်သူတို့ကို အောင်မြင်ခြင်းအောင်ပန်းသရဖူကိုဆောင်းပေးကာ၊ လက်ရှိသမ္မာတရား၏အလင်းကို နေရာတကာတွင်ပြိုးပြိုးပြက်ပြက်မြင်ရလိမ့်မည်။ (Ev, pp. 692-694).

–o–

ဇန်နဝါရီ (၂၀)

## “သစ္စာစောင့်သူတို့သည်ကျရှုံးမည်မဟုတ်”

**“ဘုရားသခင်၏ပညတ်တို့ကိုလည်းကောင်း၊ ယေရှု၏ယုံကြည်ခြင်းကိုလည်းကောင်း စောင့်ရှောက်သောသန့်ရှင်းသူတို့သည် ဤအရာ၌သည်းခံစရာအကြောင်းရှိ၏” (ဗျာဒိတ် ၁၄း၁၂)။**

ကျွန်ုပ်တို့သည် သမ္မာကျမ်းစာကိုဖတ်ရှုလေ့လာရာတွင် ယခုတွင် လူသား၏ပညာထက်သာ၍လိုအပ်နေပြီဖြစ်သည်။ အကယ်၍ကျွန်ုပ်တို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို နှိမ့်ချသောစိတ်နှလုံးဖြင့် ဖတ်ရှုလေ့လာသော်၊ ကိုယ်တော်သည် ပညတ်မဲ့သည့်အရာကိုအောင်ကာ၊ ကျွန်ုပ်တို့အတွက် စံချိန်ကို မြှင့်တင်ပေးတော်မူလိမ့်မည်။

အစကကျွန်ုပ်တို့၏ယုံကြည်ခြင်းကို အဆုံးတိုင်အောင်မြဲမြဲဆွဲကိုင်ရန် ခက်ခဲသည်။ စာတန်ဘက်မှတန်ပြန်၍ အခြားဝိညာဉ်သည် အစဉ်တစိုက်နောက်ကွယ်၌လုပ်ဆောင်နေခြင်းကြောင့် အခက်အခဲများသည်တိုးပွားလာသည်။ ညှဉ်းပန်းနှိပ်စက်ခြင်းမရှိခိုက်၊ လူကောင်းဟုထင်ရသူ၊ သူတို့၏ခရစ်ယာန်ဖြစ်ခြင်းသည်လည်း သံသယပွားဖွယ်မရှိသူတို့သည် ကျွန်ုပ်တို့အထဲသို့ဝင်လာကြသော်လည်း၊ ညှဉ်းပန်းနှိပ်စက်ခြင်းရောက်လာခဲ့သော် ကျွန်ုပ်တို့ထံမှထွက်ခွာသွားကြပေလိမ့်မည်။ ဘေးကျပ်နံကျပ်ကာလထဲတွင် သူတို့သည် မိမိတို့၏စိတ်နှလုံးကိုလွှမ်းမိုးသည့် ဟုတ်မှန်သယောင်ရှိသောအကြောင်းပြချက်များ၏စွမ်းအားကို မြင်ရကြမည်။ စာတန်သည် စိတ်နှလုံးအမျိုးမျိုးကိုလှည့်စားရန်ထောင်ချောက်အဖုံဖုံကိုပြင်ဆင်ထားပြီးဖြစ်သည်။ ဘုရားသခင်၏ပညတ်တော်ကို ပျက်ပြယ်စေသောအခါ အသင်းတော်သည် ပြင်းထန်သောစုံစမ်းခြင်းအားဖြင့် ဆန်ခါချခြင်းခံရမည်ဖြစ်ကာ၊ ကျွန်ုပ်တို့ယခုမျှော်လင့်သည်ထက် သာ၍များသောသူတို့သည် ဖြားယောင်းသွေးဆောင်သောဝိညာဉ်များနှင့် နတ်ဆိုး၏ယုံကြည်ချက်တို့ကို အရေးစိုက်လာကြမည်။ ဘေးကျပ်နံကျပ်အခြေအနေရောက်သောအခါ ခွန်အားယူမည့်အစား၊ များစွာသောသူတို့သည် စစ်မှန်သောစပျစ်နွယ်ပင်၏အခက်အဖြစ်မတည်ကြောင်းကို ပြသကြလိမ့်မည်။. . .

သို့ရာတွင် လောကီသားတို့သည် ဘုရားသခင်၏ပညတ်တော်ကို ပစ်ပယ်သောအခါ၊ အမှန်တကယ်နားထောင်သူနှင့်ဖြောင့်မတ်သူတို့အပေါ်၌ မည်သည့်အကျိုးသက်ရောက်မှုရှိလိမ့်မည်နည်း။ သူတို့အားမကောင်းမှု၏ပြင်းထန်သောလှိုင်းများက အဝေးကိုသယ်ဆောင်သွားမည်လော။ များစွာသောသူတို့သည် မှောင်မိုက်ကိုအစိုးရသောမင်း၏လက်အောက်တွင် မိမိတို့ကိုယ်ကိုထားရှိသောကြောင့်၊ ဘုရားသခင်၏ပညတ်စောင့်သူတို့သည် မိမိတို့၏သစ္စာခံခြင်းမှလှည့်ထွက်မည်လော။ လုံးဝမဖြစ်ရပါ။ ခရစ်တော်၌တည်နေသောသူတစ်ယောက်မျှ ကျရှုံးမည်မဟုတ်ချေ။ ကိုယ်တော်နောက်လိုက်များသည် လောကီဘုရင်မင်းများထက် သာ၍မြင့်မားသောအာဏာပိုင်ရှေ့၌သာ ဦးချလိမ့်မည်။ ဘုရားသခင်၏ပညတ်ချက်များကို အထင်အမြင်သေးခြင်းသည် များစွာသောလူတို့ကို သမ္မာတရားဖိနှိပ်ရန်နှင့် ၎င်းကိုအရိုအသေမပြုရန်ပို့ဆောင်နေစဉ်၊ သစ္စာစောင့်သူတို့သည် သာ၍ကြီးမားသောစိတ်ထက်သန်မှုဖြင့် ၎င်း၏ကွဲပြားခြားနားသည့်သမ္မာတရားများကို မြှောက်ထားကြလိမ့်မည်။ ကျွန်ုပ်တို့အားမိမိတို့ဘာသာကိုယ်ပိုင်လမ်းကြောင်းအတိုင်းသွားရန် မထားခဲ့ချေ။. . . ကျွန်ုပ်တို့သည် နှိမ့်ချသောစိတ်နှလုံးဖြင့် ကိုယ်တော်၏နှုတ်ကပတ်တော်ကိုတိုင်ပင်၍၊ ကိုယ်တော်၏အကြံကိုတောင်းကာ၊ ကျွန်ုပ်တို့၏အလိုကို ကိုယ်တော်၏ဆန္ဒ၌ အပ်နှံရမည်။ ဘုရားသခင်မပါလျှင် ကျွန်ုပ်တို့ဘာမျှမပြုလုပ်နိုင်ချေ။ (2SM, pp. 368,369).

–၀–

### ဇန်နဝါရီ (၂၁)

## “ဝိညာဉ်တစ်လုံးပင်ရရှိရန်လုပ်ဆောင်ပါ”

**“သိုးတစ်ကောင်ပျောက်လျှင်၊ ကိုးဆယ်ကိုးကောင်သောသိုးတို့ကို တောတွင်ထားခဲ့ပြီးမှ၊ ပျောက်သောသိုးတစ်ကောင်ကိုမတွေ့မီတိုင်အောင် သွား၍မရှာဘဲနေမည်လော” (လုကာ ၁၅း၄)။**

ဝိညာဉ်တစ်လုံးပြောင်းလဲလာခြင်းအတွက် ကျွန်ုပ်တို့၏စွမ်းအားများကို အစွမ်းကုန်အသုံးပြုရမည်။ ခရစ်တော်အတွက်ရရှိသည့်ဝိညာဉ်တစ်လုံး၏ပတ်လည်တွင် ကောင်းကင်အလင်းသည်လင်းလက်ကာ၊ ကိုယ်ကျင့်တရားအမှောင်ထုကိုထွင်းဖောက်ပြီး အခြားသောဝိညာဉ်များကိုကယ်တင်လိမ့်မည်။

ခရစ်တော်သည် ပျောက်သောသိုးတစ်ကောင်ကို ရှာဖွေကယ်တင်ခြင်း၄၁၊ ၉၉ ကောင်ကိုထားခဲ့သော် နည်းနည်းသာလုပ်ခြင်းဖြင့် ကျွန်ုပ်တို့သည်ရှင်းချက်ထုတ်နိုင်ပါမည်လား။ ခရစ်တော်ဆောင်ရွက်သကဲ့သို့လုပ်ဆောင်ရန်နှင့် ကိုယ်တော်ဆက်ကပ်သကဲ့သို့ဆက်ကပ်ရန် လျစ်လျူရှုခြင်းသည် မွန်မြတ်သောယုံကြည်မှုကိုသစ္စာဖောက်ခြင်း၊ ဘုရားသခင်ကိုစော်ကားခြင်းမဟုတ်ပါလော။

သတိပေးခေါင်းလောင်းသံကို ကမ္ဘာ့အနံ့အလျားၥ္၌မြည်စေပါ။ သခင်ဘုရား၏နေ့ရက်သည်နီးပြီး၊ လွန်စွာအမြန်ရောက်လာကြောင်းကို လူတို့အားပြောပြပါ။ သတိပေးသံမကြားသူတစ်ယောက်မျှမရှိစေနှင့်။ အမှားထဲ၌ရှိနေသည့် သနားစဖွယ်ဝိညာဉ်များ၏နေရာတွင် ကျွန်ုပ်တို့ရောက်ရှိခဲ့ဘူးပေလိမ့်မည်။ လူရိုင်းများကြားတွင်လည်း ရောက်ဘူးခဲ့ပေလိမ့်မည်။ အခြားသူများမရရှိခဲ့သည့်သမ္မာတရားကို ကျွန်ုပ်တို့ရရှိသည့်အတိုင်း သူတို့အားအလားတူပေးကမ်းရန် ကျွန်ုပ်တို့အကြွေးတင်နေကြသည်။





ကျွန်ုပ်တို့သည် အချိန်ဖြုန်း၍မရတော့ပါ။ အဆုံးသည်နီးကပ်လာပြီ။ တစ်နေရာမှတစ်နေရာသို့ သမ္မာတရားပြန့်ပွားမည့်လမ်းကြောင်း၏လက်ယာနှင့်လက်ဝဲတို့ကို အန္တရာယ်များဖြင့်ကာရံလိမ့်မည်။ ဘုရားသခင့်စေတမန်များ၏လမ်းခရီးကိုပိတ်ဆို့ရန် အရာရာကိုချထားလိမ့်မည်။ ထိုကြောင့် ယခုသူတို့လုပ်နိုင်သောအရာကို လုပ်နိုင်ကြတော့မည်မဟုတ်ချေ။ ကျွန်ုပ်တို့သည် မိမိ၏အလုပ်ကို အမှန်အတိုင်းတည့်တည့်ကြည့်ပြီး၊ ကြမ်းကြုတ်သောစစ်ပွဲတွင် မြန်နိုင်သမျှရှေ့ချီရမည်။ ကျွန်ုပ်အားဘုရားသခင်ပေးသောအလင်းမှ မှောင်မိုက်၏တန်ခိုးများသည် အောက်မှနေ၍အလွန်ကြီးမားသောခွန်အားဖြင့်လုပ်ဆောင်နေကြကြောင်း၊ ဝံပုလွေသည် ၎င်း၏သားကောင်ကိုဖမ်းစားသကဲ့သို့ စာတန်သည်ယခုအိပ်နေသောသူတို့ကိုဖမ်းစားရန် ခြေသံလုံလုံဖြင့်ရှေ့သို့လှမ်းလာနေသည်။ ကျွန်ုပ်တို့သည် ယခုပေးနိုင်မည့်သတိပေးချက်များ၊ ယခုလုပ်နိုင်မည့်အလုပ်ရှိသည်။ သို့ရာတွင် မကြာမီကျွန်ုပ်တို့တွေးထင်သည်ထက် သာ၍ခက်ခဲလာလိမ့်မည်။ ဘုရားသခင်သည်ကျွန်ုပ်တို့အား အလင်းတရား၏လမ်းကြောင်း၌မြဲမြံစေရန်၊ ကျွန်ုပ်တို့၏ခေါင်းဆောင်ယေရှုကိုကြည့်လျက်အလုပ်လုပ်ရန်နှင့်စိတ်ရှည်သည်းခံခြင်းဖြင့်အောင်မြင်ခြင်းရရှိရန်အလို့ငှာ ချီတက်ရန်ကူညီတော်မူလိမ့်မည်။ (6T, p. 22).

ဤကမ္ဘာတွင် ကျွန်ုပ်တို့၏အသက်တာသည် အပြစ်တရား၏ချုပ်ချယ်ခံရသော်လည်း အကြီးမားဆုံးသောပျော်ရွှင်ခြင်းနှင့်အမြင့်မားဆုံးသောပညာသည်အမှုတော်ထမ်းဆောင်ခြင်း၌ရှိသည်။ လူသားအပြစ်၏ကန့်သတ်ချက်များဖြင့်အချုပ်အချယ်မရှိသောအနာဂတ်နိုင်ငံတော်တွင် ကျွန်ုပ်တို့၏အကြီးမားဆုံးသောပျော်ရွှင်ခြင်းနှင့် ကျွန်ုပ်တို့၏အမြင့်မားဆုံးသောပညာကို တွေ့ရှိနိုင်မည့်နေရာမှာ အမှုတော်ထမ်းခြင်း၌ဖြစ်သည်။ (FLB, p. 370).

–၀–

ဇန်နဝါရီ (၂၂)

## “ဒံယေလအနာဂတ္တိကျမ်းနှင့်ဗျာဒိတ်ကျမ်းတို့ကိုလေ့လာပါ”

**“ကာလအချိန်ရောက်လုနီးပြီဖြစ်၍၊ ဤအနာဂတ္တိကျမ်းစကားကို ကြည့်ရှုဖတ်ရွတ်နားထောင်၍၊ ရေးထားသမျှတို့ကိုစောင့်ရှောက်သောသူတို့သည် မင်္ဂလာရှိကြ၏” (ဗျာဒိတ် ၁း၃)။**

အသင်းတော်များကိုနိုးထစေမည့်သတင်းစကားကို ဟောကြားရမည်။ ကျွန်ုပ်တို့၏လူများကိုသာမက၊ တစ်လောကလုံးကိုအလင်းတရားပေးရန် အလွန်ကြိုးစားအားထုတ်ရမည်။ ဒံယေလအနာဂတ္တိကျမ်းနှင့်ဗျာဒိတ်ကျမ်းမှ ပုရောဖက်ပြုဟောပြောချက်များကို လိုအပ်သည့်ရှင်းပြချက်များနှင့်အတူ စာအုပ်ငယ်များတွင်ပုံနှိပ်၍ တစ်ကမ္ဘာလုံးသို့ဖြန့်ချိရန် ကျွန်ုပ်ညွှန်ကြားခြင်းခံရသည်။ ကျွန်ုပ်တို့၏လူများသည် သူတို့ရေ့း၌ချထားသည့်အလင်းတရားကို အရေးအသား (စာအုပ်) ဖြင့်ရရှိရန်လိုအပ်သည်။ (TM, p. 117).

ဘုရားသခင့်သားတော်၏အသားကိုစား၍၊ အသွေးကိုသောက်သောသူတို့သည် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့်မှုတ်သွင်းသော သမ္မာတရားကို ဒံယေလအနာဂတ္တိကျမ်းနှင့်ဗျာဒိတ်ကျမ်းတို့မှယူဆောင်လာကြမည်။ သူတို့သည် ဖိနှိပ်၍မရနိုင်သည့်စွမ်းအားများဖြင့် စတင်လှုပ်ရှားကြလိမ့်မည်။ ကလေးငယ်များ၏နှုတ်သည် လူအများမသိရှိသည့် နက်နဲသောအရာများကိုဖွင့်ဟပြောကြားလိမ့်မည်။ . .

များစွာသောအနာဂတ္တိဟောကြားချက်များသည် ဆက်တိုက်ပြည့်စုံလာတော့မည်။ လူတိုင်းသည် လုပ်ငန်းကိုစတင်ကြတော့မည်။ အတိတ်သမိုင်းသည် ပြန်ဖြစ်ပျက်လာ၍၊ ရှေးကအငြင်းပွားမှုများသည် ပြန်၍နိုးထအသက်ဝင်လာပြီး၊ ကြီးမားသောအန္တရာယ်သည် ဘုရားသခင်၏လူတို့ကို အဖက်ဖက်မှဝန်းရံတိုက်ခိုက်လိမ့်မည်။ လူသားတို့၏စိတ်သည် အလွန်အကျွံဖြစ်လာသည်။ ၎င်းသည် ကမ္ဘာပေါ်ရှိအရာရာ၌စိမ့်ဝင်ပျံ့နှံ့နေသည်။ . .

သမိုင်းသည် တစ်ကျော့ပြန်လည်မည်ဖြစ်သောကြောင့် ဗျာဒိတ်ကျမ်းကိုဒံယေလအနာဂတ္တိကျမ်းနှင့် ဆက်စပ်ပြီးလေ့လာပါ။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ဘာသာရေးတပန်းသာမှုကြောင့် ကျွန်ုပ်တို့သိခဲ့သည်ထက် ယခုသာ၍များစွာသိသင့်ပေသည်။

နောင်တရသောစိတ်နှလုံးဖြင့် ဘုရားသခင်၏နှုတ်ကပတ်တော်ကိုကြိုးစားရှာဖွေကာ၊ ကိုယ်တော်ကသာပေးစွမ်းနိုင်သည့် အသိပညာ၏သာ၍ကြီးမားသော အလျား၊ အနံ၊ အကျယ်နှင့်အမြင့်ကိုရရှိရန် ဆုတောင်းသူတို့အားဖော်ပြသည့်သမ္မာတရားများကို ကောင်းကင်တမန်တို့သည် လေ့လာချင်ကြသည်။

ကမ္ဘာ့သမိုင်းအဆုံးပိုင်းကိုရောက်ရှိလာချိန်တွင် နောက်ဆုံးနေ့များနှင့်သက်ဆိုင်သည့်ကြိုတင်ဟောကြားချက်များကို အထူးလေ့လာရန်လိုအပ်သည်။ ဓမ္မသစ်ကျမ်း၏နောက်ဆုံးကျမ်းသည် ကျွန်ုပ်တို့သိရန်လိုအပ်သည့် သမ္မာတရားဖြင့်ပြည့်နှက်နေသည်။ စာတန်သည် များစွာသောသူတို့၏စိတ်နှလုံးကိုကန်းစေသောကြောင့် သူတို့သည် ဗျာဒိတ်ကျမ်းမလေ့လာခြင်းကို ပျော်ပျော်ဖြင့်ဆင်ခြေပေးကြသည်။ သို့ရာတွင် ခရစ်တော်သည် မိမိကျွန်ယောဟန်အားဖြင့် နောက်ဆုံးသောနေ့များ၌ဖြစ်မည့်အရာများကို ဖော်ပြတော်မူခဲ့သည်။ ကိုယ်တော်က “ဤအနာဂတ္တိကျမ်းစကားကို ကြည့်ရှုဖတ်ရွတ်နားထောင်၍၊ ရေးထားသမျှတို့ကိုစောင့်ရှောက်သောသူတို့သည် မင်္ဂလာရှိကြ၏” ဟုမိန့်တော်မူသည်။ (TM, pp. 116,117).

–၀–

## “သည်းခံစိတ်ကုန်ခန်းခြင်းနှင့်ညှဉ်းဆဲခြင်း”

**“သူတို့သည်ငါ့ကိုညှဉ်းဆဲလျှင် သင်တို့ကိုညှဉ်းဆဲကြလိမ့်မည်။ ငါ့စကားကိုနားထောင်လျှင် သင်တို့၏စကားကိုနားထောင်ကြလိမ့်မည်” (ယောဟန် ၁၅း၂၀)။**

စာတန်သည်တည်ရှိ၍ ခရစ်ယာန်ဘာသာသည်မရှိမဖြစ်တန်ခိုးအာဏာရှိနေသရွေ့ ညှဉ်းဆဲခြင်းသည် ပုံစံအမျိုးမျိုးဖြင့်တိုးပြီးရှိနေလိမ့်မည်။ မှောင်မိုက်၏တပ်သားများကိုဆန့်ကျင်မတိုက်ခိုက်ဘဲ မည်သူမျှဘုရားသခင်၏အစေကို မခံနိုင်ရာ။ ဆိုးသောကောင်းကင်တမန်တို့သည် ထိုသူကိုပြင်းပြင်းထန်ထန်ရန်ပြုကာ မိမိတို့၏လက်မှသားကောင်ကို ထိုသူ၏ဩဇာအရှိန်ကလုယူသည်ဟု လှန့်ကြလိမ့်မည်။ ထိုသူ၏စံနမူနာက အပြင်းအထန်ပြစ်တင်သည့်လူဆိုးတို့သည် ဆိုးသောကောင်းကင်တမန်တို့နှင့်ပူးပေါင်း၍ မက်မောဖွယ်စုံစမ်းခြင်းများအားဖြင့် ဘုရားသခင်ထံမှထိုသူအားကွဲကွာစေရန်ကြိုးစားကြမည်။ သူတို့မအောင်မြင်သောအခါ၊ ဩတ္တပ္ပစိတ်ကိုအနိုင်အထက်ပြုရန် အတင်းအကျပ်ပြုသောတန်ခိုးအာဏာကို အသုံးပြုကြမည်။

သို့ရာတွင် ယေရှုသည် အထက်တဲတော်တွင် လူသားတို့၏ကြားဖျန်ဖြေသူအဖြစ်ရှိနေသရွေ့ သန့်ရှင်းသောဝိညာဉ်တော်၏ထိန်းချုပ်သောအရှိန်ဩဇာကို အုပ်ချုပ်သူများနှင့်လူတို့က ခံစားကြရသည်။ ၎င်းသည် အတိုင်းအတာတစ်ခုအထိ နိုင်ငံတော်ဥပဒေများကိုထိန်းချုပ်နေသေးသည်။ ဤဥပဒေများကိုမထိန်းချုပ်သော်၊ ကမ္ဘာ၏အခြေအနေသည် ယခုထက်သာ၍များစွာဆိုးဝါးလိမ့်မည်။ ကျွန်ုပ်တို့၏အုပ်ချုပ်သူများစွာသည် စာတန်၏တက်ကြွသည့်ကိုယ်စားလှယ်များဖြစ်ကြသည်။ ဘုရားသခင်သည်လည်း နိုင်ငံတော်ခေါင်းဆောင်များထဲတွင် မိမိ၏ကိုယ်စားလှယ်များလည်းရှိတော်မူသည်။ ရန်သူသည် ဘုရားသခင်၏အလုပ်ကို ကြီးစွာဟန့်တားမည့်စီမံချက်များကိုရေးဆွဲရန် မိမိ၏အစေခံတို့ကို တွန်းအားပေးသည်။ သို့ရာတွင် ထာဝရဘုရားကိုကြောက်ရွံ့သော နိုင်ငံရေးခေါင်းဆောင်တို့သည် ထိုသို့သောအဆိုပြုချက်များကို မချေပနိုင်သောငြင်းခုံချက်များဖြင့်ဆန့်ကျင်ရန် သန့်ရှင်းသောကောင်းကင်တမန်တို့၏လွှမ်းမိုးခြင်းခံကြရသည်။ ထို့ကြောင့် အနည်းငယ်သောလူတို့သည် စာတန်၏အားကြီးသောရေစီးကြောင်းကို ရပ်တန့်စေကြသည်။ တတိယကောင်းကင်တမန်၏သတင်းစကားကိုဟောကြားနိုင်ရန် သမ္မာတရား၏ရန်သူတို့၏ဆန့်ကျင်ခြင်းသည် ထိန်းချုပ်ခံရသည်။ နောက်ဆုံးသတိပေးချက်ကိုပေးသောအခါ၊ ၎င်းသည် ဘုရားသခင်ယခုအသုံးပြုနေသောခေါင်းဆောင်တို့၏အာရုံကို ဖမ်းစားလိမ့်မည်။ ထိုအခါတချို့တို့သည် ၎င်းသတိပေးချက်ကိုလက်ခံ၍၊ ဘုရားသခင်၏လူတို့နှင့်အတူ ဘေးဒုက္ခကာလတစ်လျှောက်ရပ်နေကြလိမ့်မည်။. . .

“အိုဇိအုန်မြို့သားတို့၊ ဝမ်းမြောက်၍ သင်တို့၏ဘုရားသခင်ထာဝရဘုရားကိုအမှီပြုလျက် ရွှင်လန်းကြလော့။. . .” (ယောလ ၂း၂၃)။ “ထိုနောက်မှလူမျိုးတကာတို့အပေါ်သို့ ငါ၏ဝိညာဉ်တော်ကိုငါသွန်းလောင်းမည်။” “ထိုအခါထာဝရဘုရားကိုပတ္ထနာပြုသောသူရှိသမျှတို့သည် ကယ်တင်တော်မူခြင်းသို့ရောက်ရကြလတ္တံ့ဟု ဘုရားဗျာဒိတ်တော်ရှိ၏” (တမန် ၂း၁၇၊၂၁)။

ဧဝံဂေလိတရား၏ကြီးမားသောအလုပ်သည် စတင်ချိန်ကထက် အဆုံးပိုင်းတွင် ဘုရားသခင်၏တန်ခိုးတော်သည် သာ၍ပေါ်လွင်ထင်ရှားလိမ့်မည်။ (GC, pp. 610,611).

–o–

ဇန်နဝါရီ (၂၄)

## “အသင်းတော်သည်ကျရှုံးမည်မဟုတ်”

**“ဤကျောက်ပေါ်မှာငါ့အသင်းကိုငါတည်ဆောက်မည်။ ထိုအသင်းကို မရဏာနိုင်ငံ၏တံခါးတို့သည်မနိုင်ရာ” (မဿဲ ၁၆း၁၈)။**

ဘုရားသခင်၏ပညတ်တို့နှင့် ယေရှု၏ယုံကြည်ခြင်းတို့ကိုစောင့်ရှောက်သောသူတို့သည် နဂါးနှင့်သူ၏အပေါင်းအပါတို့၏အမျက်ဒေါသကို ခံစားကြရလိမ့်မည်။ စာတန်သည် လောကီသားတို့ကို မိမိ၏ငယ်သားများအဖြစ် ရေတွက်ကာ၊ ဖောက်ပြန်သောအသင်းတော်များကိုထိန်းချုပ်ထားလိုက်ပြီဖြစ်သည်။ သို့ရာတွင် သူ၏အုပ်ချုပ်မှုကိုမနာခံသည့် အနည်းငယ်သောလူစုရှိနေသည်။ သူသည် ထိုသူတို့အား ကမ္ဘာပေါ်မှာထုတ်ပစ်နိုင်လျှင် သူ၏အောင်နိုင်ခြင်းသည် ပြည့်စုံလိမ့်မည်။ သူသည် တိုင်းတစ်ပါးတို့အား ဣသရေလတို့ကို ဖျက်ဆီးရန် သြဇာလွှမ်းသကဲ့သို့၊ မကြာမီသောအနာဂတ်တွင် သူသည် ဤလောက၏ဆိုးယုတ်သောသူများကို ဘုရားသခင်၏လူတို့အား ဖျက်ဆီးရန် နှိုးဆွပေးလိမ့်မည်။. . . သူတို့၏တစ်ခုတည်းသောမျှော်လင့်ချက်မှာ ဘုရားသခင်၏ကရုဏာဖြစ်ပြီး၊ သူတို့၏တစ်ခုတည်းသောအကာအကွယ်မှာ ဆုတောင်းခြင်းဖြစ်သည်။

ဧသတာအချိန်က ဘုရားသခင်၏လူများတွေ့ကြုံခဲ့သောစမ်းသပ်ခြင်းသည် ထိုအချိန်ကလူများအတွက်သာမဟုတ်ချေ။ ခေတ်အဆက်ဆက်မှ နောက်ဆုံးချိန်အထိမြင်ခဲ့သောယောဟန်သည် “နဂါးသည်မိန်းမကိုအငြိုးထား၏။ ဘုရားသခင်၏ပညတ်တော်တို့ကိုကျင့်၍ ယေရှု၏သက်သေခံတော်မူချက်တို့ကို စွဲလမ်းသောသူတည်းဟူသော ထိုမိန်းမ၏ကြွင်းသောအမျိုးအနွယ်ကို စစ်တိုက်ခြင်းငှာသွား၏” (ဗျာဒိတ် ၁၂း၁၇) ဟုဆိုခဲ့သည်။ ယနေ့ကမ္ဘာပေါ်တွင်အသက်ရှင်သောသူအချို့တို့သည် ဤစကားများပြည့်စုံသည်ကို မြင်ရကြလိမ့်မည်။

သူ၏အချိန်တိုတောင်းလာသည်နှင့်အမျှ စာတန်၏ဒေါသသည် မြင့်တက်လာသည်။ ထိုအခါသူ၏လှည့်ဖြားခြင်းနှင့်ဖျက်ဆီးခြင်းတို့သည် ဒုက္ခဆင်းရဲကာလတွင် အထွတ်အထိပ်သို့ရောက်ရှိလိမ့်မည်။ (FLB, p. 289).

စာတန်သည်လှည့်ဖြားရန် မိမိ၏အံ့ဖွယ်နိမိတ်များကိုလုပ်ဆောင်လိမ့်မည်။ သူသည်မိမိ၏တန်ခိုးကို အထွတ်အထိပ်၌တည်ထားလိမ့်မည်။ အသင်းတော်သည် ကျရှုံးလုဆဲဆဲအလားဖြစ်သော်လည်း၊ ကျရှုံးမည်မဟုတ်ချေ။ ဂျုံဆန်မှအဖျင်းများခွဲထုတ်သကဲ့သို့ အပြစ်သားများကိုဇိအုန်မှဆန်ခါချနေစဉ်၊ အသင်းတော်သည်ကျန်ရှိနေသည်။ သိုးသငယ်တော်၏အသွေးနှင့် မိမိတို့၏သက်သေခံချက်တို့အားဖြင့် အောင်နိုင်သူတို့သည် အပြစ်၏အစွန်းအထင်းမပါ၊ နှုတ်၌မုသားမရှိဘဲ သစ္စာရှိသောသူ၊ မှန်ကန်သောသူများအဖြစ် သတ်မှတ်ခံရကြမည်။ (7BC, p. 911).

မိခင်သည် မိမိကလေးကိုမေ့ပင်မေ့နိုင်သော်လည်း “သင်တို့ကိုငါမမေ့” ဟု ဘုရားသခင်မိန့်တော်မူသည်။ ဘုရားသခင်သည် မိမိ၏သားသမီးများကို အကြင်နာဆုံးသောစာနာမှုဖြင့် အောက်မေ့တော်မူသည်။ မိမိဂရုစိုက်သည့်သားသမီးများကို ဘယ်သောအခါမျှမမေ့လျော့စေရန် ကိုယ်တော်သည် ရှေ့တော်တွင်စာရင်း၌မှတ်သားတော်မူသည်။ (FLB, p. 280).

–o–

## “အတုအယောင်နိုးကြားခြင်း”

**“နောင်ကာလသည် ခဲယဉ်းသောကာလဖြစ်မည်ဟုသိမှတ်လော့။ အဘယ်သို့နည်းဟူမူကား၊ လူတို့သည် ကိုယ်ကိုကိုယ်ချစ်သောသူ၊ ငွေကိုတပ်မက်သောသူ၊ ဝါကြွားသောသူ၊ ထောင်လွှားစော်ကားသောသူ၊ သူ့အသရေကိုရှုတ်ချသောသူ၊ မိဘစကားကိုနားမထောင်သောသူ၊ ကျေးဇူးမရှိသောသူ၊ သန့်ရှင်းခြင်းမရှိသောသူ၊ မွေ့လျော်ခြင်းတန်ခိုးကိုငြင်းပယ်သောသူဖြစ်ကြလိမ့်မည်။ ထိုသူတို့ကိုရှောင်လော့” (၂တိ ၃း၁၊၂၊၅)။**

ကမ္ဘာပေါ်သို့ ဘုရားသခင်၏တရားစီရင်ခြင်းနောက်ဆုံးမဆိုက်ရောက်မီ ဘုရားသခင်၏လူတို့အကြားတွင် တမန်တော်အချိန်ကတည်းကမမြင်ရတော့သည့် ထိုရှေးဦးဘုရားဝတ်၌မွေ့လျော်သည့် နိုးကြားခြင်းရောက်လာမည်။ ဝိညာဉ်တော်နှင့်ဘုရားသခင်၏တန်ခိုးတော်ကို ကိုယ်တော်၏သားသမီးများအပေါ်တွင် သွန်းလောင်းတော်မူသည်။ ထိုအချိန်တွင် များစွာသောသူတို့သည် ဘုရားသခင်နှင့်သမ္မာကျမ်းစာချစ်ခြင်းကို လောကီစွဲလမ်းခြင်းဖြင့်အစားထိုးသည့် အသင်းတော်များမှ မိမိတို့ကိုယ်ကိုခွဲထွက်ကြမည်။ များစွာသောတရားဟောဆရာများနှင့်သာမန်လူတို့သည် သခင်ဘုရားဒုတိယအကြိမ်ကြွလာခြင်းအတွက် လူတို့အားယခုအချိန်တွင်ပြင်ဆင်ရန် ဘုရားသခင်စေခိုင်းတော်မူသည့် မဟာသမ္မာတရားကို ဝမ်းမြောက်စွာလက်ခံကြလိမ့်မည်။ လူတို့၏ရန်သူသည် ဤအလုပ်ကိုနှောင့်ယှက်ရန် အလိုရှိနေသည်။ ထိုအခါ ထိုသို့သောလှုပ်ရှားမှုမျိုးမရောက်လာမီ၊ အတုအယောင်ကိုစတင်လိုက်ခြင်းအားဖြင့် တားဆီးရန်သူကြိုးစားလိမ့်မည်။ မိမိလှည့်ဖြားခြင်းတန်ခိုးအောက်သို့သိမ်းသွင်းနိုင်သည့် အသင်းတော်များတွင် သူသည် ဘုရားသခင်၏အထူးကောင်းချီးမင်္ဂလာသွန်းလောင်းသည့်ဟန်မျိုးဖန်တီးလိမ့်မည်။ ကြီးမားသောဘာသာရေးစိတ်ဝင်စားမှုအဖြစ်ယူဆနိုင်စေရန် ပေါ်လွင်စေလိမ့်မည်။ အခြားသောဝိညာဉ်သည် ထိုသို့လုပ်ဆောင်သောအခါ၊ လူအမြောက်အမြားက ဘုရားသခင်သည် သူတို့အတွက်အံ့ဩဖွယ်ရာလုပ်ဆောင်သည့်အထင်ဖြင့် ပျော်ရွှင်မြူးထူးကြလိမ့်မည်။ ဘာသာရေးအယောင်ဆောင်မှုအောက်တွင် စာတန်သည် ခရစ်ယာန်လောကအပေါ် မိမိ၏သြဇာကိုတိုးချဲ့ရန်ကြိုးစားလိမ့်မည်။

လွန်ခဲ့သောရာစုနှစ်ဝက်အတွင်း ဖြစ်ပေါ်ခဲ့သည့်များစွာသောနိုးကြားခြင်းများတွင် အလားတူသြဇာတန်ခိုးများသည် ကြီးမားသောအတိုင်းအတာဖြင့်ဖြစ်စေ၊ သာ၍သေးငယ်သောအတိုင်းအတာဖြင့်ဖြစ်စေ လုပ်ဆောင်ခဲ့ကြကာ၊ အနာဂတ်တွင်သာ၍ကျယ်ပြန့်သည့်လှုပ်ရှားမှုများ ပေါ်လာလိမ့်မည်။ အမှန်နှင့်အမှားရောထွေးသည့်စိတ်လှုပ်ရှားမှုသည် အလွန်ထင်ယောင်ထင်မှားဖြစ်စေမည်။ သို့ရာတွင် လှည့်ဖြားခြင်းခံရမည်မဟုတ်ချေ။ သမ္မာကျမ်းစာ၏အလင်းတွင် ဤလှုပ်ရှားမှုများ၏သဘောသဘာဝကိုစိစစ်ရန်မခက်ခဲချေ။ လူတို့သည် သမ္မာကျမ်းစာ၏သက်သေခံချက်ကိုလျစ်လျူရှုပြီး၊ မိမိကိုယ်ကိုငြင်းပယ်ရန်နှင့် လောကကိုစွန့်လွှတ်ရန်တောင်းဆိုသည့် ရိုးရှင်းသောသမ္မာတရားမှလှည့်ထွက်သည့် မည်သည့်နေရာတွင်မဆို၊ ဘုရားသခင်၏ကောင်းချီးမင်္ဂလာမပေးအပ်သည်ကို ကျွန်ုပ်တို့သေချာစွာသိရှိနိုင်သည်။ ခရစ်တော်ကိုယ်တော်တိုင် တိုင်းတာရမည့်ပေတံကိုပေးပြီးဖြစ်သည်။ “သူတို့၏အကျင့်ကိုထောက်၍ သူတို့၏သဘောကိုသိကြလိမ့်မည်” (မဿဲ ၇း၁၆)။ ဤလှုပ်ရှားမှုများသည် ဘုရားသခင့်ဝိညာဉ်တော်၏အလုပ်မဟုတ်သည်မှာပေါ်လွင်သည်။ (GC, pp. 464,465).

–o–

ဇန်နဝါရီ (၂၆)

## "စိတ်ကြီးဝင်ပြီးအရေးမထားသည့်နောက်ကျခြင်း"

**"သူခိုးကဲ့သို့ငါလာ၏။ အဝတ်အချည်းစည်းနှင့်သွားလာ၍ သူတစ်ပါး ရှေ့၌ရှက်စရာအကြောင်းမရှိစေခြင်းငှာနိုးလျက်နေ၍၊ ကိုယ်အဝတ်ကိုစောင့် သောသူသည် မင်္ဂလာရှိ၏" (ဗျာဒိတ် ၁၆း၁၆)။**

ထိုကျွန်ဆိုးသည် "ငါ့အရှင်လာခဲမည်ဟု စိတ်ထဲ၌အောက်မေ့၏။ ခရစ်တော်ကြွလာမည်မဟုတ်ဟု သူမပြောခဲ့ပါ။ ခရစ်တော်ဒုတိယအကြိမ်ကြွလာခြင်းနှင့်ပတ်သက်သော ထင်မြင်ချက်များကိုလည်း သူပြက်ရယ်မပြုခဲ့ပါ။ သို့ရာတွင် အရှင်လာခဲမည်ဟု သူစိတ်ထင်ခဲ့သည်။ အပြုအမူအားဖြင့်လည်းကောင်း၊ စကားအားဖြင့်လည်းကောင်း ဖွင့်ပြခဲ့သည်။ ခရစ်တော်အလျင်အမြန်ကြွလာတော့မည်ဟူသော အခြားသူတို့စိတ်၌ရှိသောအသိစိတ်ဓာတ်များကို သူကပျောက်စေသည်။ သူ၏ဩဇာသက်ရောက်မှုကြောင့် များစွာသောလူတို့သည် ကိုယ်တော်ကြွလာခြင်းအပေါ်ဂရုမပြုကြတော့ဘဲ၊ စိတ်အားထက်သန်မှုမရှိကြတော့ချေ။. . . သူသည် ဤလောကသားများနှင့်အတူ ရောယှက်ပေါင်းသင်းကြီးပြင်းလာကာ၊ အတူအပြစ်ကျူးလွန်နေသည်။ ကြောက်စရာကောင်းလှသော သဘောထားတိုက်ဆိုင်မှုပါတကား။. . .

သင်သည်စောင့်၍မနေလျှင် သူခိုးကဲ့သို့သင်ရှိရာသို့ငါလာမည်။ လာမည့်အချိန်နာရီကိုလည်းသင်မသိရ။ ဗျာဒိတ် ၃း၃။ ငြိမ်ဝပ်ခြင်းရှိ၏။ ဘေးအန္တရာယ်နှင့်ကင်းလွတ်၏ဟု ကြွေးကြော်နေသောဆရာအတုအယောင်များအတွက် ခရစ်တော်ကြွလာခြင်းသည် အံ့အားသင့်စရာဖြစ်လိမ့်မည်။ ယေရုရှလင်မြို့မပျက်စီးမီအချိန်က အသက်ရှင်ထင်ရှားခဲ့ကြသော ယဇ်ပုရောဟိတ်များကဲ့သို့ပင် သူတို့သည် အသင်းတော်အား လောကီဥစ္စာစည်းစိမ်ဘုန်းတန်ခိုးများနှင့် တိုးပွားပြည့်စုံလာလိမ့်မည်ဟု သူတို့မျှော်လင့်ခဲ့ကြသည်။ ကပ်ကာလ၏နိမိတ်လက္ခဏာများကိုလည်း ထိုကဲ့သို့ဖြစ်ပျက်မည်ကို နိမိတ်ပေးသော



အရာများအဖြစ်သို့ သူတို့အနက်ဖွင့်ခဲ့ကြသည်။ သို့ရာတွင် သမ္မာကျမ်းစာတွင်ဖွင့်ဆိုထားသည်မှာ "သူတို့အပေါ်၌လျင်မြန်စွာပျက်စီးခြင်းရောက်၍ လွတ်ခြင်းအခွင့်မရှိကြဟူ၍ဖြစ်သည်။ ၁သက် ၅း၃။ ဤကမ္ဘာပေါ်တွင်နေထိုင်သူအားလုံးအပေါ်သို့လည်းကောင်း၊ ဤလောကကို မိမိတို့၏နေအိမ်ဖြစ်စေကြသောသူအားလုံးအပေါ်သို့လည်းကောင်း ဘုရားသခင်၏နေ့ကြီးသည် ကျော့ကွင်းကဲ့သို့ရောက်လာလိမ့်မည်။ ထိုနေ့ရက်ကြီးသည် ထိုသူများထံသို့ သူခိုးကဲ့သို့လျှို့ဝှက်စွာရောက်ရှိလာလိမ့်မည်။

ရန်းရင်းခတ်မှုများ၊ ဘုရားမဲ့အပျော်အပါးလိုက်ခြင်းများနှင့်ပြည့်ဝနေသော ဤလောကသည် ဇာတိပကတိတွင် စိတ်ချလုံခြုံစွာဖြင့်အိပ်စက်နေသည်။ လူသားများသည် ခရစ်တော်၏ဒုတိယအကြိမ်ကြွလာခြင်းကို များစွာနှောင့်နှေးစေလျက်ရှိကြသည်။ သတိပေးစကားများကို သူတို့ပြက်ရယ်ပြုကြသည်။ "ဘိုးဘေးများအိပ်ပျော်နေသည့်နောက် ခပ်သိမ်းသောအရာတို့သည် ဖန်ဆင်းစကဖြစ်သကဲ့သို့ ဖြစ်မြဲဖြစ်ကြ၏။" "ယနေ့ဖြစ်သကဲ့သို့ နက်ဖြန်နေ့ဖြစ်လိမ့်မည်။ ထိုမျှမက သာ၍ကြွယ်ဝလိမ့်မည်" ဟူ၍ မာနထောင်လွှားကာကြွားဝါကြလိမ့်မည်။ ၂ပေ ၃း၄။ ဟေရှာယ ၅၆း၁၂။ ကျွန်ုပ်တို့သည် အပျော်အပါးလိုက်စားမှုများကို ပို၍လုပ်ဆောင်ကြလိမ့်မည်။ သို့ရာတွင် ခရစ်တော်မိန့်တော်မူသည်ကား၊ "သူခိုးကဲ့သို့ငါလာ၏" ဗျာဒိတ် ၁၆း၁၆။ ခရစ်တော်ကြွလာမည်ဟူသောကတိတော်သည် အဘယ်မှာနည်းဟူ၍ မထီလေးစားမေးမြန်းစေစဉ်မှာပင် ပုပ္ပနိမိတ်များသည်ပြည့်စုံလျက်ရှိသည်။ ငြိမ်ဝပ်ခြင်းရှိ၏။ ဘေးအန္တရာယ်ကင်း၏ဟု သူတို့ပြောနေစဉ်မှာပင် ပျက်စီးခြင်းသည်အလျင်အမြန်ရောက်လာမည်။ သမ္မာတရားကိုမထီလေးစားပြုသူများနှင့် အလင်းတရားကိုငြင်းပယ်သူတို့သည် ပို၍အတင့်ရဲလာပြီး ငွေကြေးရရှိရေးအတွက် နည်းမျိုးစုံဖြင့် စည်းလွတ်ဝါးလွတ်လုပ်ဆောင်လာကြကာ၊ ကျောင်းသားများသည် သမ္မာကျမ်းစာမှလွဲ၍ အခြားဘာသာရပ်အားလုံးကို စိတ်ဝင်တစားလေ့လာနေချိန်တွင် ခရစ်တော်သည် သူခိုးကဲ့သို့ကြွလာတော်မူလိမ့်မည်။ (DA, p. 635).

–o–

ဇန်နဝါရီ (၂၇)

## “ဝင်စားရမည့်ကောင်းကင်ဘုံ”

### “အစဉ်ဆုတောင်းလျက်စောင့်နေကြလော့” (လုကာ ၂၁း၃၆)။

ကျွန်ုပ်တို့အသက်ရှင်နေထိုင်သောနေ့ရက်များသည် လေးနက်ပြီးအရေးကြီးသည်။ ဘုရားသခင်၏ဝိညာဉ်တော်ကိုဖြည်းဖြည်းခြင်း၊ သို့သော် သေချာစွာဖြင့် ကမ္ဘာကြီးမှာနုတ်ယူနေသည်။. . .

လောကရှိအရာများ၏အခြေအနေသည် ကျွန်ုပ်တို့အပေါ်၌ ဘေးဒုက္ခကာလရောက်နေကြောင်းကို ပြသသည်။ နေ့စဉ်သတင်းစာများသည် မကြာမီသောကာလ၌ ကြောက်မက်ဖွယ်ပဋိပက္ခများကိုညွှန်းသည့်အရာများဖြင့် ပြည့်နှက်နေသည်။ အတင့်ရဲစွာဓားပြမှုများသည် မကြာခဏဖြစ်လျက်ရှိသည်။ သပိတ်မှောက်ခြင်းများသည် ဖြစ်ရိုးဖြစ်စဉ်ဖြစ်နေသည်။ ခိုးမှု၊ လူသတ်မှုများကို နေရာတိုင်း၌ကျူးလွန်နေကြသည်။ နတ်ဆိုးထိန်းချုပ်ခံရသောလူတို့သည် ယောကျာ်း၊ မိန်းမနှင့်ကလေးများ၏အသက်ကိုနုတ်ယူကြသည်။ လူတို့သည် မကောင်းမှုများကိုအရူးအမူးစွဲလမ်းကြကာ၊ မကောင်းမှု၏မျိုးစိတ်တိုင်းသည် ပျံ့နှံ့နေသည်။ (9T, p. 11).

ဤလောက၌ရှိသောအရာမှန်သမျှသည် မငြိမ်မသက်ဖြစ်နေကြသည်။ ကပ်ကာလ၏နိမိတ်များသည် မကောင်းလှချေ။ ဖြစ်လာမည့်ဖြစ်ရပ်များအတွက် အတိတ်နိမိတ်ထင်ရှားလျက်ရှိသည်။ ဘုရားသခင်၏ဝိညာဉ်တော်သည် ဤကမ္ဘာမှဆုတ်ခွာလျက်ရှိပြီး ပင်လယ်တွင်လည်းကောင်း၊ ကုန်းပေါ်တွင်လည်းကောင်း အတိဒုက္ခတစ်ခုပြီးတစ်ခုကျရောက်လျက်ရှိသည်။ မုန်တိုင်းကျခြင်း၊ ငလျင်လှုပ်ခြင်း၊ မီးလောင်ခြင်း၊ ရေကြီးခြင်းများနှင့်တကွ လူသတ်မှုအမျိုးမျိုးတို့သည် ဖြစ်ပွားလျက်ရှိသည်။ မည်သူသည်အနာဂတ်အကြောင်းကိုဟောနိုင်မည်နည်း။ မည်သည့်နေရာတွင်လုံခြုံမှုရနိုင်မည်နည်း။ မည်သည့်လူသားတစ်စုံတစ်ယောက်နှင့် လောကီရေးရာတစ်စုံတစ်ခု၌မျှ အာမခံချက်မရှိချေ။ လူသားများသည် မိမိတို့ရွေးချယ်ထားသည့်အလံအောက်တွင် အလျင်အမြန်တန်းစီကြသည်။ သူတို့သည် မိမိတို့ခေါင်းဆောင်များ၏လှုပ်ရှားမှုများကို စိတ်လှုပ်ရှားစွာဖြင့် စောင့်ဆိုင်းကြည့်နေကြသည်။ ဘုရားသခင်၏ကြွလာခြင်းကိုစောင့်စားမျှော်လင့်ကာ လုပ်ဆောင်နေကြသူများရှိသော်လည်း၊ အခြားအဖွဲ့တစ်ဖွဲ့မှာမူ အဦးဆုံးသောအယူဝါဒဖောက်ပြန်သူ၏ခေါင်းဆောင်မှုအောက်တွင် ကျရှုံးသွားခဲ့ကြသည်။ လူအနည်းငယ်သာ မိမိတို့၌ရှောင်ရန်ငရဲနှင့်ဝင်စားရန် ကောင်းကင်နိုင်ငံရှိကြောင်းကို စိတ်နှလုံးဖြင့်ယုံကြည်ကြသည်။

ထိုအကျပ်အတည်းကာလသည် ကျွန်ုပ်တို့ထံသို့တဖြည်းဖြည်းချဉ်းကပ်လာနေသည်။ နေသည် ၎င်း၏နဂိုလမ်းကြောင်းအတိုင်း လှည့်ပတ်ထွန်းလင်းလျက်ရှိသည်။ ကောင်းကင်ယံသည်လည်း ဘုရားသခင်၏ဘုန်းတော်ကိုကြားပြောဆဲဖြစ်သည်။ လူသားများသည်လည်း စားသောက်၊ စိုက်ပျိုး၊ အိမ်ဆောက်၊ ထိမ်းမြားလျက်ရှိကြသည်။ ကုန်သည်များသည် ရောင်းဝယ်ကြဆဲရှိသည်။ လူများသည် ကြီးသောရာထူးကိုရရှိရေးအတွက် တစ်ဦးနှင့်တစ်ဦးတွန်းကြတိုက်ကြဆဲဖြစ်သည်။ အပျော်အပါးလိုက်စားသူများသည်လည်း ဇာတ်ရုံများ၊ မြင်းပွဲများနှင့်လောင်းကစားဝိုင်းများတွင် ဝိုင်းအုံကြဆဲဖြစ်သည်။ လူများတို့၏စိတ်လှုပ်ရှားမှုများသည် အထွတ်အထိပ်သို့ရောက်ရှိနေသော်လည်း ကရုဏာတံခါးပိတ်တော့မည့်အချိန်သည် နီးကပ်လျက်ရှိကာ၊ လူတိုင်းအတွက် ထာဝရစီရင်ချက်ချမှတ်တော့မည်ဖြစ်သည်။. . .

“သင်တို့သည် ကိုယ်ကိုကိုယ်သတိပြုကြလော့။ သို့မဟုတ် အစားအသောက်လွန်ကြူးခြင်း၊ လောကီစိုးရိမ်ခြင်းအားဖြင့် စိတ်နှလုံးပင်ပန်းလျက်နေစဉ်တွင် ထိုနေ့ရက်သည် အမှတ်တမဲ့သင်တို့၌တွေ့ကြုံလိမ့်မည်” ဟူသောသံလွင်တောင်ပေါ်တွင် ကိုယ်တော်မိန့်တော်မူခဲ့သောသတိပေးစကားများသည် ထုံးတမ်းစဉ်လာအတိုင်း ရာစုနှစ်များစွာကိုဖြတ်ကျော်ကာ ကျွန်ုပ်တို့ထံသို့ရောက်ရှိလာသည်။ (DA, p. 636).

–ဝ–

ဇန်နဝါရီ (၂၈)

## “စောင့်မျှော်သူများအတွက်ကောင်းချီးများ”

**“အကြင်ကျွန်တို့သည် စောင့်လျက်နေသည်ကို သခင်သည်ပြန်လာ၍တွေ့၏။ ထိုကျွန်တို့သည်မင်္ဂလာရှိကြ၏။ ငါအမှန်ဆိုသည်ကား၊ သခင်သည် ခါးပန်းစည်းလျက် ကျွန်တို့ကိုစားပွဲ၌လျောင်းစေပြီးမှ ကိုယ်တိုင်လာ၍ သူတို့အားလုပ်ကျွေးလိမ့်မည်” (လုကာ ၁၂း၃၇)။**

ဘုရားသခင်သည် ရောက်ရှိလာတော့မည့်တရားစီရင်ခြင်းနှင့်ပတ်သက်၍ လူများအားအမြဲတမ်းသတိပေးတော်မူခဲ့သည်။ မိမိတို့ခေတ်ကာလအတွက်ပေးတော်မူသောသတင်းစကားကိုယုံကြည်လျက် ပညတ်တော်များကိုလိုက်လျှောက်ခြင်းအားဖြင့် မိမိတို့၏ယုံကြည်ချက်အတိုင်းကျင့်ဆောင်သောသူများသည် နားမထောင်သူများနှင့်မယုံကြည်သောသူတို့အပေါ်သို့ ကျရောက်မည့်တရားစီရင်ခြင်းမှ ကင်းလွတ်ကြပေလိမ့်မည်။ “သင်သည်ငါ့ရှေ့၌ဖြောင့်မတ်ကြောင်းကို ငါသိမြင်သည်ဖြစ်၍၊ သင်၏အိမ်သူအိမ်သားအပေါင်းတို့နှင့်တကွ သင်္ဘောထဲသို့ဝင်ကြလော့” ဟူ၍ မိမိထံသို့ရောက်ရှိလာသော ထာဝရဘုရား၏အမိန့်တော်ကို နောဧသည်နားထောင်ခဲ့သဖြင့် ကယ်တင်ခြင်းခံခဲ့ရသည်။ “ထကြ၊ ဤအရပ်မှထွက်သွားကြ။ ထိုမြို့ကိုထာဝရဘုရားဖျက်ဆီးတော်မူမည်” ဟူသောသတင်းစကားသည် လောတထံသို့ရောက်လာခဲ့သည်။ ကမ္ဘာ ၇း၁။ ၁၉း၁၄။ လောတသည် ကောင်းကင်တမန်များ၏လမ်းပြပို့ဆောင်မှုကိုခံယူခဲ့သဖြင့် ကယ်တင်ခြင်းသို့ရောက်ခဲ့ရသည်။ ထိုနည်းတူယေရုရှလင်မြို့ပျက်စီးတော့မည့်သတိပေးစကားကို တပည့်တော်များအားပြောကြားခဲ့သည်။ ပျက်စီးခြင်းအကြောင်းနှင့်ပတ်သက်သော ပုဗ္ဗနိမိတ်များကိုဂရုတစိုက်စောင့်ကြည့်ကာ ထိုမြို့မှတိမ်းရှောင်ထွက်ပြေးခဲ့သူများသည် ပျက်စီးခြင်းမှကင်းလွတ်ခဲ့ကြပါသည်။ ထိုနည်းနှင်နှင်ပင် ယခုအချိန်တွင်လည်း ခရစ်တော်ဒုတိယအကြိမ်ကြွလာခြင်းနှင့်ပတ်သက်၍



သတိပေးစကားများနှင့် တစ်ကမ္ဘာလုံးအပေါ်သို့ကျရောက်တော့မည့်ပျက်စီးခြင်းနှင့်ပတ်သက်သော သတိပေးစကားများကို ကျွန်ုပ်တို့အားမိန့်မြွက်တော်မူသည်။ ထိုသတိပေးစကားများကို အလေးထားသောသူများသည် ကယ်တင်ခြင်းသို့ရောက်ကြလိမ့်မည်။

မည်သည့်အချိန်တွင် ကိုယ်တော်ပြန်ကြွလာမည်ကို ကျွန်ုပ်တို့မသိနိုင်သောကြောင့် စောင့်လျက်နေကြရန်မိန့်တော်မူခဲ့သည်။ “အကြင်ကျွန်တို့စောင့်လျက်နေသည်ကို သခင်သည်ပြန်လာ၍တွေ့၏။ ထိုကျွန်တို့သည် မင်္ဂလာရှိကြ၏” (လုကာ ၁၂း၃၇)။ သခင်ဘုရား၏ကြွလာခြင်းကိုစောင့်မျှော်နေသူများသည် ဘာမျှမလုပ်ဘဲစောင့်မျှော်နေကြရန်မဟုတ်ချေ။ ခရစ်တော်ကြွလာခြင်းကိုစောင့်မျှော်ခြင်းသည် ဘုရားသခင်နှင့်တကွ လွန်ကျူးမှုများအပေါ်ပြုတော်မူမည့် ကိုယ်တော်၏တရားစီရင်ခြင်းကို လူသားများအားကြောက်ရွံ့စေသည်။ ကိုယ်တော်ပေးတော်မူသည့်ကရုဏာတော်ကို ငြင်းဆန်ခြင်းအပြစ်မှ ၎င်းတို့အားနိုးကြားထကြွစေသည်။ ဘုရားသခင်ကိုစောင့်မျှော်သူများသည် သမ္မာတရားကိုလိုက်လျှောက်ကျင့်ခြင်းအားဖြင့် မိမိတို့၏အသက်ဝိညာဉ်များကိုသန့်စင်စေလျက်ရှိသည်။ သူတို့သည် နိုးနိုးကြားကြားစောင့်မျှော်ကြရင်း အမှုတော်ကိုလည်းစိတ်အားထက်သန်စွာလုပ်ဆောင်ကြသည်။ သခင်ဘုရားသည် တံခါးဝ၌ရှိနေကြောင်း သူတို့သိရှိကြသဖြင့် အသက်ဝိညာဉ်များကိုကယ်တင်ရန်အလို့ငှာ၊ ကောင်းကင်သားများနှင့်လက်တွဲလုပ်ဆောင်ရန် စိတ်အားထက်သန်ကြသည်။ ဤသူများသည် မိမိသားတို့အားအချိန်တန်လျှင်အစားအသောက်တို့ကိုပေးသော သတိပညာနှင့်ပြည့်စုံသောကျွန်များဖြစ်ကြပါသည်။ လုကာ ၁၂း၄၂။ အထူးသဖြင့် ယခုအချိန်နှင့်သက်ဆိုင်သောသမ္မာတရားများကို သူတို့ဟောနေကြသည်။ ဧနောက်၊ နောဧ၊ အာဗြဟံနှင့်မောရှေတို့သည် မိမိတို့၏ခေတ်ကာလအတွက် သမ္မာတရားများကိုဟောခဲ့ကြသည်နည်းတူ ခရစ်တော်၏အစေခံကျွန်များသည်လည်း မိမိတို့၏ခေတ်ကာလနှင့်အထူးပတ်သက်သောသတိပေးစကားများကို ဟောကြလိမ့်မည်။ (DA, p. 634).

–ဝ–

ဇန်နဝါရီ (၂၉)

## "နေရာတကာ၌ဘေးဒုက္ခ"

**"တရားတော်အတိုင်းကျင့်၍ စိတ်နှိမ့်ချသောပြည်သူပြည်သားအပေါင်းတို့၊ ထာဝရဘုရားကိုရှာကြလော့။ ဖြောင့်မတ်ခြင်းနှင့်စိတ်နှိမ့်ချခြင်းကိုလည်းရှာကြလော့။ ထာဝရဘုရားအမျက်ထွက်တော်မူသောနေ့၌ သင်တို့သည် ပုန်းရှောင်ရာကိုတွေ့ကောင်းတွေ့ကြလိမ့်မည်" (ဇေဖနိ ၂း၃)။**

ခရစ်တော်၏အသွေးတော်ဖြင့်ဝယ်ယူခြင်းခံရသောသူသည် ပြောင်းလဲ၍ဧဝံဂေလိတရား၌ သူတို့ထံသို့ကျေးဇူးပြည့်ဝစွာဖြင့်ပို့ပေးသောသတင်းစကားများကို ပြောင်လှောင်ကြသည်။ ခရစ်တော်၏ဘုရားဇာတိကိုငြင်းပယ်ကြသည်။ သူတို့၏မရေရာသောစဉ်းစားချက်နှင့် အခြေအမြစ်မရှိသောဆင်ခြင်စကားများကို စိတ်ချယုံကြည်ကြသည်။ ဤလူများတို့၏အခြေအနေသည် အလွန်ဝမ်းနည်းစရာကောင်းလှ၏။ ဒုက္ခဆင်းရဲခြင်းနှင့်စစ်ဆေး၍၊ သေခြင်းနှင့်မျက်နှာချင်းဆိုင်တွေ့သောအခါ သူတို့အမြတ်တနိုးထားသော ဤမှားယွင်းခြင်းများသည် နေရောင်ခြည်၌နှင်းသည်အရည်ပျော်သကဲ့သို့ ဤအရာများသည်လည်း အရည်ပျော်သွားလိမ့်မည်။

ဘုရားသခင်၏ကရုဏာတော်တောင်းပန်နေခြင်းကို ငြင်းဆိုသောသူ၏အခေါင်းနား၌ရပ်နေခြင်းသည် မည်မျှကြောက်မက်ဖွယ်ကောင်းသနည်း။ ဤနေရာ၌အသက်တစ်လုံးဆုံးရှုံးရပြီဟုပြောဆိုရခြင်းသည် ကြောက်မက်ဖွယ်ကောင်းလှတကား။ ဤနေရာ၌တစ်စုံတစ်ဦးသည် အမြင့်ဆုံးသောအဆင့်အတန်းသို့ရောက်ကာ၊ မသေနိုင်သောအသက်ကိုရရှိနိုင်သည်။ သို့သော် သူသည် မိမိ၏အသက်တာကို စာတန်အားပေးအပ်ခဲ့၍၊ လူတို့၏အကျိုးမဲ့ကျိုးကြောင်းဆင်ခြင်တုံပညာကျော့ကွင်း၌မိလျက်ရှိသည်။ မကောင်းမှု၏ကစားစရာအရုပ်ကလေးဖြစ်နေသည်။ ခရစ်ယာန်၏မျှော်လင့်ခြင်းသည် အသက်ဝိညာဉ်၏ကျောက်ဆူးဖြစ်၍၊ ဧကန်အမှန်မြဲမြံခြင်းရှိသည်။ ကျွန်ုပ်တို့၏ရှေ့ပြေးခရစ်တော်သည် စိတ်နှလုံးထဲသို့ဝင်ရောက်တော်မူသည်။ ကျွန်ုပ်တို့၏အရှေ့၌ရှိသော ကြီးကျယ်သည့်အရေးအခင်းများအတွက် ပြင်ဆင်ပေးဖို့ရန် လူတိုင်းလုပ်ကိုင်ဆောင်ရွက်ရမည့်အလုပ်ရှိသည်။

လူငယ်တို့သည် ဘုရားသခင်ကိုသာ၍စိတ်ပါစွာရှာဖွေရမည်။ မုန်တိုင်းလာနေသည်။ ဘုရားသခင်နှင့်ယုံကြည်ခြင်း၌လည်းကောင်း၊ ကျွန်ုပ်တို့၏သခင်ယေရှုခရစ်တော်၌လည်းကောင်း နောင်တရခြင်းဖြင့် ယင်းတိုက်ခိုက်မည့်အရှိန်ကို ခံနိုင်ဖို့ရန်ပြင်ဆင်ကြပါစို့။ ဘုရားသခင်သည် ထတော်မူ၍ မြေကြီးကိုကြောက်မက်ဖွယ်ရာကောင်းလောက်အောင် လှုပ်တော်မူမည်။ ကျွန်ုပ်တို့သည် ဘေးဒုက္ခများကို အရပ်ရပ်တိုင်း၌တွေ့မြင်ရမည်။ သင်္ဘောပေါင်းထောင်ချီ၍ ပင်လယ်၌နစ်မြုပ်ကြမည်။ ရေတပ်စုများသည် ရေအောက်သို့နစ်မြုပ်ကြ၍ လူ့အသက်သန်းပေါင်းများစွာဆုံးရှုံးကြမည်။ ရုတ်တရက်မီးလောင်ကျွမ်းလာ၍ လူ၏လုံ့လဝီရိယဖြင့် မီးကိုမငြိမ်းသတ်နိုင်ရာ။ လောက၏နန်းတော်များသည် မီးလျှံ၏ဝါးမြိုခြင်းကိုခံရမည်။ မီးရထားဖြင့်ခရီးသွားခြင်းအန္တရာယ်သည် မကြာခဏဖြစ်ပေါ်လိမ့်မည်။ ရှုပ်ထွေးခြင်း၊ တိုက်ခိုက်ခြင်း၊ သတိမပေးဘဲ ရုတ်တရက်သေဘေးနှင့်တွေ့ဆုံရခြင်းဘေးသည် ခရီးသွားလာကြသောနေရာများ၌ ဖြစ်ပျက်လိမ့်မည်။ အဆုံးသည် အနီးသို့ရောက်လာလေပြီ။ ကရုဏာတံခါးကိုပိတ်ပါတော့မည်။ ထာဝရဘုရားကိုတွေ့နိုင်သောကာလတွင်ရှာဖွေ၍၊ ကြားနိုင်သောကာလတွင် ကိုယ်တော်အားခေါ်ကြပါစို့။ "ထာဝရဘုရားကိုရှာကြလော့။ ဖြောင့်မတ်ခြင်းနှင့်စိတ်နှိမ့်ချခြင်းကိုလည်းရှာကြလော့။ ထာဝရဘုရားအမျက်ထွက်တော်မူသောနေ့၌ သင်တို့သည်ပုန်းရှောင်ရာနေရာကို တွေ့ကောင်းတွေ့ကြလိမ့်မည်။ (MYP, pp. 88-90).

–ဝ–

## ဇန်နဝါရီ (၃၀)

# "အသက်ဝိညာဉ်များအတွက်ဆုတောင်းပေးခြင်း"

**"တစ်ဖန်ငါဆိုသည်ကား၊ မြေကြီးပေါ်မှာသင်တို့တွင် နှစ်ယောက်တို့သည် သဘောချင်းတူ၍ဆုတောင်းလျှင်၊ တောင်းသမျှသောဆုတို့ကို ကောင်းကင်ဘုံ၌ရှိတော်မူသော ငါ၏ခမည်းတော်သည် ပေးတော်မူလတ္တံ့." (မဿဲ ၁၈း၁၉)။**

Battle Creek တွင်မပြောင်းလဲသူများနှင့် အမှောင်ထဲမှာနေပြီးအလင်းမမြင်ရသူတို့အတွက် ဝန်ထုပ်ဝန်ပိုးကိုခံစားခဲ့ရသူများရှိခဲ့သည်ကို ကျွန်ုပ်အမှတ်ရနေသည်။ ထိုအခါဘုရားသခင်၏ခွန်အားသည် သူတို့၏ခွန်အားဖြစ်လာနိုင်စေရန် ဆုတောင်းအစည်းအဝေးများကျင်းပခဲ့ကြသည်။ အရေးကိစ္စတိုင်းတွင် ကောင်းကင်သားတို့သည် ဤကြိုးစားမှုများနှင့်အတူလုပ်ဆောင်ကာ၊ ဝိညာဉ်များကိုကယ်ဆယ်ခဲ့ကြသည်။ (MS, p. 32, 1893).

အကယ်၍ အသင်းတော်တွင်လူဦးရေများခဲ့သော်၊ အသင်းတော်အတွက်သာမက၊ မယုံကြည်သူများအတွက်ပါလုပ်ဆောင်ရန် အသင်းသူ/သားများဖြင့် အဖွဲ့ငယ်များဖွဲ့ပါ။ အကယ်၍တစ်နေရာတည်းတွင်သမ္မာတရားကိုသိသူနှစ်ဦးသုံးဦးသာရှိလျှင် သူတို့ကိုသူတို့အလုပ်လုပ်ဆောင်သူအဖွဲ့အဖြစ်ဖွဲ့စေပါ။ သူတို့၏အဖွဲ့ကိုမပြိုကွဲစေဘဲ၊ ချစ်ခြင်းနှင့်စည်းလုံးခြင်းဖြင့် အတူတကွရှေ့ချီလျက်၊ ရှေ့ချီရန်အချင်းချင်းအားပေးကာ၊ အချင်းချင်းထံမှသတ္တိနှင့်ခွန်အားရရှိစေကြပါ။ ခရစ်တော်ကဲ့သို့သော စိတ်ရှည်သည်းခံခြင်းကိုဖော်ဆောင်ပြီး အလောတကြီးစကားမပြောဘဲ၊ အသန့်ရှင်းဆုံးသောယုံကြည်ခြင်း၌ အချင်းချင်းတည်ဆောက်စေရန် စကားပြောစွမ်းရည်များသုံးကြပါစေ။ သိုးခြံပြင်၌ရှိသောသူတို့အတွက် ခရစ်တော်၏မေတ္တာမျိုးဖြင့်အလုပ်လုပ်စေကြပါ။. . .သူတို့သည်



လုပ်ဆောင်၍ ခရစ်တော်၏နာမည်၌ဆုတောင်းသောအခါ၊ သူတို့အဖွဲ့တွင်လူဦးရေတိုးလာလိမ့်မည်။ (7T, p. 22).

လုပ်ဆောင်ရမည့်အိမ်တွင်းသာသနာလုပ်ငန်းရှိနေသည်။ ကျွန်ုပ်တို့သည် မေတ္တာရပ်ခံသံကိုကြားနေရသည်။ ကျွန်ုပ်တို့၏နိုင်ငံထဲတွင် အပြစ်များစွာရှိနေပြီး၊ ထိုသို့သောလုပ်ငန်းလိုအပ်ချက်ရှိနေသရွေ့ အဘယ်ကြောင့်နိုင်ငံရပ်ခြားအတွက်စိတ်အားထက်သန်မှုကို ပြသရမည်နည်း။ ကျွန်ုပ်၏အဖြေမှာ ဤလောကသည် ကျွန်ုပ်တို့၏လယ်မြေဖြစ်သည်။. . . ကယ်တင်ရှင်သည် မိမိ၏တပည့်တော်များကို ယေရုရှလင်မြို့မှအလုပ်စတင်၍ ယုဒပြည်၊ ရှမာရိပြည်တို့ကိုဖြတ်ကျော်ကာ ကမ္ဘာအစွန်းတိုင်အောင်လုပ်ဆောင်ရန် ညွှန်ကြားတော်မူခဲ့သည်။ လူအနည်းစုကသာ ယုံကြည်ချက်ကိုလက်ခံခဲ့ကြသည်။ သို့ရာတွင် စေတမန်များသည် သတင်းစကားကိုလျင်မြန်စွာတစ်နေရာမှအခြားတစ်နေရာသို့ နိုင်ငံတစ်ခုမှအခြားနိုင်ငံတစ်ခုသို့ဖြတ်ကျော်ပြီးသယ်ဆောင်ကာ ကမ္ဘာအနှံ့တွင် ဧဝံဂေလိတရား၏စံထားကိုမြှောက်ထားကြသည်။ သို့ရာတွင် ပြင်ဆင်ချိန်လိုအပ်သည်။ ကယ်တင်ရှင်သည် "သင်တို့အပေါ်သို့သန့်ရှင်းသော ဝိညာဉ်တော်ဆင်းသက်သောအခါ သင်တို့သည်တန်ခိုးကိုခံရ၍. . . ငါ၏သက်သေဖြစ်ကြလိမ့်မည်" ဟု ကတိပြုတော်မူခဲ့သည်။ မိမိတို့၏ကိုယ်ပိုင်အလိုဆန္ဒများကိုမလိုက်ဘဲ၊ သခင်ဘုရား၏အကြံတော်ကိုကြိုးစားရှာဖွေသူတို့သည် လူများကိုသွန်သင်ရန် သခင်ဘုရားအတွက်ထက်မြက်သောကျမ်းတတ်ပညာရှင်များဖြစ်ကြလိမ့်မည်။ (Letter, p. 42a, 1893).

–o–

ဇန်နဝါရီ (၃၁)

## "ငိုကြွေးမည်လော၊ သို့မဟုတ် ဝမ်းမြောက်မည်လော"

**"အသီးအနှံရိတ်သိမ်းရာကာလလွန်ပြီ။ နွေကာလကုန်ပြီ။ ငါတို့သည် ကယ်တင်ခြင်းသို့မရောက်သေး" (ယေရမိ ၈း၂၀)။**

အဆုံးသည်နီးပြီဟု အလွန်ရိုးရှင်းစွာပြောနေသည့် ကပ်ကာလနိမိတ်များပြည့်စုံခြင်းကို ဥပေက္ခာမပြုကြရန် ကျွန်ုပ်သည် ကျွန်ုပ်တို့အသင်းတော်၏အသင်းသူ/သားများကို တောင်းပန်သည်။ "အသီးအနှံရိတ်သိမ်းရာကာလလွန်ပြီ။ နွေကာလကုန်ပြီ။ ငါတို့သည် ကယ်တင်ခြင်းသို့မရောက်သေး" ဟု ခါးသီးစွာငိုကြွေးမည့် မိမိတို့ဝိညာဉ်၏ကယ်တင်ခြင်းကို ဂရုမစိုက်သောသူများစွာရှိသည်တကား။

ရုံးတော်တရားစီရင်ရေးကာလတွင် ကျွန်ုပ်တို့၏အမှုများကိုဆိုင်းငံ့ထားသည်ကို ကျွန်ုပ်တို့အမှတ်ရပေလိမ့်မည်။ ယခုအချိန်သည် ဆုတောင်းရမည့်အချိန်၊ ကိုယ့်အလိုလိုက်ခြင်း၊ မာန်မာနအားလုံး၊ တစ်ကိုယ်ကောင်းဆန်မှုအားလုံးတို့ကို ဖယ်ထားရမည့်အချိန်ဖြစ်သည်။ များစွာသောသူတို့ဖြုန်းတီးနေသည့် အလွန်တန်ဖိုးရှိသောယခုအချိန်ကို ဘုရားအာရုံပြုခြင်းနှင့်ဆုတောင်းခြင်းဖြင့် အသုံးပြုရမည်။ ဘုရားသခင်၏ပညတ်တရားများကိုလိုက်လျှောက်သည်ဟု ဝန်ခံသောများစွာသောလူတို့သည် တာဝန်ဝတ္တရားထက်လိုအင်ဆန္ဒနောက်သို့လိုက်နေကြသည်။ ယခုသူတို့ဖြစ်နေသည့်အနေအထားသည် ထာဝရအသက်နှင့်ထိုက်တန်မှုမရှိချေ။ ဤအရေးမထား၊ ဥပေက္ခာပြုသူတို့အား သင်တို့၏အချည်းနှီးသောအတွေးများ၊ သင်တို့၏မညှာမတာစကားများ၊ သင်တို့၏အတ္တဆန်သည့်လုပ်ဆောင်မှုများကို ကောင်းကင်၏စာအုပ်တွင်ရေးမှတ်ထားသည်ဟု ကျွန်ုပ်ပြောလိုသည်။ ဗေလရှာဇာမင်းကြီး၏ရုပ်တုကိုးကွယ်သည့် မြူးထူးပျော်ရွှင်ပွဲကိုတက်ရောက်ခဲ့ကြသည့် ကောင်းကင်တမန်တို့သည် သင့်ရွေးနုတ်ရှင်ကိုသင်ရှုတ်ချသောအချိန်တွင် သင့်ဘေး၌မတ်တတ်ရပ်နေကြသည်။ သင်သည်ကိုယ်တော်ကိုတစ်ဖန်ကားစင်တင်သတ်၍ အများရှေ့၌အရှက်ရစေသောကြောင့် သူတို့သည်နာကြည်းကာ၊ ဝမ်းနည်းစွာဖြင့်ထွက်သွားကြသည်။. . .

ခရစ်တော်၏နန်းတက်ပွဲနေ့တွင် ကိုယ်တော်သည် အစွန်းအထင်း သို့မဟုတ် အတွန့်အကြေ သို့မဟုတ် ထိုသို့သောအရာတစ်ခုခုရှိသောမည်သူ့ကိုမျှ မိမိ၏ဥစ္စာအဖြစ်အသိအမှတ်ပြုမည်မဟုတ်ချေ။ သို့ရာတွင် မိမိ၏သစ္စာစောင့်သောသူတို့အား ထာဝရရှင်သန်သည့် ဘုန်းနှင့်ပြည့်သောသရဖူများကို ပေးတော်မူမည်။ ကိုယ်တော်၏အုပ်စိုးမှုကိုမခံသောသူတို့သည် ကိုယ်တော်အား "ကျွန်ုပ်တို့၏ဖြောင့်မတ်ခြင်းသခင်ဘုရား" ဟူသောအမှတ်အသားရှိသည့် ရွေးနုတ်ခံသူများတပ်မကြီးက ဝန်းရံထားသည်ကိုမြင်ရကြလိမ့်မည်။ တစ်ချိန်က ဆူးသရဖူဆောင်းခဲ့သောခေါင်းပေါ်တွင် ဘုန်းကြီးသောသရဖူကိုတွေ့မြင်ကြလိမ့်မည်။

ထိုနေ့တွင် ရွေးနုတ်ခံသူတို့သည် ခမည်းတော်နှင့်သားတော်၏ဘုန်းအသရေ၌ တောက်ပကြလိမ့်မည်။ ကောင်းကင်တမန်တို့သည် မိမိတို့၏ရွှေစောင်းကောက်ကိုကိုင်ကာ၊ ဘုရင်မင်းကြီးနှင့်တကွ ကိုယ်တော့်အောင်ပွဲ၏အထိမ်းအမှတ်များဖြစ်ကြသည့် သိုးသငယ်တော်၏အသွေးဖြင့်ဆေးကြောပြီးဖြူစင်စေသောသူတို့ကိုကြိုဆိုကြလိမ့်မည်။ အောင်ပွဲခံသီချင်းသည်မြည်ဟည်းကာ၊ ကောင်းကင်တစ်ခွင်လုံးပြည့်လျှံသွားလိမ့်မည်။ ခရစ်တော်အောင်နိုင်ခဲ့ပြီ။ မိမိ၏ဝေဒနာခံခြင်းနှင့် မိမိကိုယ်ကိုဆက်ကပ်ခြင်းလုပ်ငန်းသည် အချည်းနှီးမဟုတ်ကြောင်း သက်သေထူကြသည့် မိမိရွေးနုတ်သောသူများလိုက်ပါလျက် ကိုယ်တော်သည် ကောင်းကင်နန်းတော်သို့ဝင်တော်မူသည်။ (RH, Nov. 24, 1904).

–o–

ဖေဖော်ဝါရီ (၁)

## “အထွတ်အထိပ်သို့ရောက်ရှိချိန်”

**“လာတော်မူသောနေ့ရက်ကို အဘယ်သူသည် မတိမ်းမရှောင်ဘဲ နေလိမ့်မည်နည်း။ ပေါ်ထွန်းတော်မူသောအခါ အဘယ်သူသည်ခံရပ်လိမ့်မည်နည်း။ ထိုသခင်သည် ငွေစစ်သောသူ၏မီး၊ ခဝါသည်သုံးသောဆပ်ပြာကဲ့သို့ဖြစ်တော်မူမည်” (မာလခိ ၃း၂)။**

ဣသရေလတို့သည် သူတို့၏အပြစ်များကြောင့် ဘုရားသခင်သည် မိမိ၏ပညတ်ကိုကြေညာရန် တောင်ပေါ်သို့ဆင်းကြွမည့်အချိန်တွင်၊ မိမိ၏ဘုန်းတန်ခိုးအားဖြင့် သူတို့မလောင်ကျွမ်းစေရန်၊ တောင်ကိုမချဉ်းကပ်ရန်တားမြစ်ခံရကြသည်။ အကယ်၍ ဘုရားသခင်၏တန်ခိုးတော် ထိုသို့ထင်ရှားခြင်းသည် ဘုရားသခင်၏ပညတ်တော်ကြေညာရန်ရွေးချယ်သည့်နေရာကို အမှတ်သညာပြုခဲ့လျှင်၊ ဤမွန်မြတ်သောနည်းဥပဒေများ တရားစီရင်ရန် ကိုယ်တော်ကြွလာသောအခါ၊ ကိုယ်တော်၏ခုံရုံးသည် မည်မျှကြောက်မက်ဖွယ်ကောင်းလိမ့်မည်နည်း။ ကိုယ်တော်၏တန်ခိုးအာဏာကို နင်းချေပစ်သောသူတို့သည် နောက်ဆုံးပြစ်ဒဏ်ခတ်သောနေ့ရက်ကြီး၌ ကိုယ်တော်၏ဘုန်းအသရေကို မည်ကဲ့သို့ခံရပ်နိုင်မည်နည်း။. . .

သိနာတောင်ပေါ်တွင် ဘုရားသခင်ရှိနေခြင်းထင်ရှားသောအခါ၊ ထာဝရဘုရား၏ဘုန်းအသရေသည် ဝါးမျိုဖျက်ဆီးသည့်မီးကဲ့သို့ဖြစ်သည်။ . . . သို့ရာတွင် ခရစ်တော်သည် မိမိ၏သန့်ရှင်းသောကောင်းကင်တမန်များနှင့်အတူ ဘုန်းတော်ဖြင့်ကြွလာသောအခါ ကမ္ဘာတစ်ခုလုံးသည် ကိုယ်တော်ရှိနေခြင်း၏ ကြောက်မက်ဖွယ်အလင်းဖြင့် တောက်လောင်လိမ့်မည်။. . .



ပညတ်တော်ကိုသိနာတောင်ပေါ်မှာကြေညာစဉ်က ဘုရားဘုန်းတန်ခိုးထင်ရှားခြင်းကို လူသားအားဖန်ဆင်းချိန်မှစ၍ တစ်ခါမျှမမြင်ဘူးကြချေ။... သဘာဝတရား၏ကြောက်မက်ဖွယ်အကောင်းဆုံးသော ဖြောင်းဆန်ခြင်းကြားမှ ဘုရားသခင်၏တံပိုးခရာကဲ့သို့သောအသံတော်ကို မိုးတိမ်တိုက်ကြားမှကြားခဲ့ရသည်။ တောင်သည် အရင်းမှတောင်ထိပ်တိုင်အောင်တုန်ခါကာ၊ ဣသရေလလူထုသည် အကြောင်းတရားဖြင့်သွေးဆုတ်တုန်လှုပ်ပြီး၊ မြေကြီးပေါ်တွင် မျက်နှာအပ်လိုက်ကြသည်။ မြေကြီးကိုလှုပ်ခါစေသောအသံပိုင်ရှင် ကိုယ်တော်သည် “အထက်ကဗျာဒိတ်တော်အသံသည် မြေကြီးကိုလှုပ်စေသည်ဖြစ်၍၊ ယခုတစ်ဖန်ငါသည် မြေကြီးနှင့်ကောင်းကင်ကိုလှုပ်ဦးမည်” ဟုမိန့်တော်မူသည်။

မောရှေသည် သက်သေခံကျောက်ပြားနှစ်ခုကိုရရှိခဲ့သည့်တောင်ပေါ် ဘုရားသခင်၏ရှေ့တော်မှဆင်းလာသောအခါ၊ အပြစ်ရှိသောဣသရေလတို့သည် သူ့မျက်နှာမှဘုန်းအလင်းရောင်ကိုမခံနိုင်ကြချေ။ ကိုယ်တော်သည် အဖခမည်းတော်၏ဘုန်းတော်နှင့်တကွ ကောင်းကင်သားများခြံရံလျက်၊ မိမိ၏ပညတ်တရားကိုကျူးလွန်ပြီး၊ မိမိ၏အပြစ်ဖြေခြင်းကိုငြင်းဆန်သောသူတို့အား တရားစီရင်ရန်ပေါ်ထွန်းတော်မူသောအခါ အပြစ်ကျူးလွန်သူတို့သည် မည်မျှပင်မခံမရပ်နိုင်ဖြစ်ကြလိမ့်မည်နည်း။. . .

သို့ရာတွင် ဘုရားသခင့်တရားစီရင်ခြင်းမုန်တိုင်းကြားထဲတွင် ဘုရားသခင်၏သားသမီးတို့သည် ကြောက်ရွံ့ခြင်းရှိကြမည်မဟုတ်ချေ။ “ထာဝရဘုရားသည် မိမိလူတို့၏ခိုလှုံရာ၊ ဣသရေလအမျိုးသားတို့၏အစွမ်းသတ္တိဖြစ်တော်မူလိမ့်မည်။” “ဘုရားသခင်၏ပညတ်ကိုကျူးလွန်သူတို့အတွက် ကြောက်လန့်ခြင်းနှင့်ပျက်စီးခြင်းယူဆောင်လာသောနေ့ရက်တွင် နားထောင်ခြင်းရှိသူတို့သည်” ပြော၍မမီနိုင်သောရွှင်လန်းခြင်းစိတ်နှင့်ဝမ်းမြောက်ကြသည်။” (PP, pp. 339-341).

–၀–

ဖေဖော်ဝါရီ (၂)

# "မြင့်မားသောစံချိန်"

**"ငါ့ထာဝရဘုရားသန့်ရှင်းသည်ဖြစ်၍၊ သင်တို့ကိုငါ့အလိုရှိသဖြင့် အခြားသောအမျိုးနှင့်ခွဲထားသောကြောင့်၊ ငါ့အဖို့သန့်ရှင်းခြင်း ရှိရကြမည်" (ဝတ်ပြုရာကျမ်း ၂၀း၂၆)။**

ဆင်းရဲဒုက္ခကာလတစ်လျှောက် ဗိမာန်တော်တွင်ယဇ်ပုရောဟိတ်မင်းမရှိဘဲ ထာဝရဘုရားရှေ့တွင်အသက်ရှင်နေထိုင်ရန် မည်သို့ဖြစ်ရမည်ကို နားမလည်သူများစွာရှိသည်ကို ကျွန်ုပ်မြင်ခဲ့သည်။ အသက်ရှင်တော်မူသောဘုရားသခင်၏တံဆိပ်ကိုခံယူ၍ ဆင်းရဲဒုက္ခကာလတွင် အကာအကွယ်ပေးခြင်းခံရသောသူတို့သည် ယေရှု၏ပုံသဏ္ဌာန်တော်ကို အပြည့်အဝရောင်ပြန်ဟပ်ရမည်။

များစွာသောသူတို့သည် အလွန်လိုအပ်သည့်ပြင်ဆင်ခြင်းကိုလျစ်လျူရှုပြီး၊ "ချမ်းအေးသော" အချိန်ကာလကိုလည်းကောင်း၊ သခင်ဘုရား၏နေ့ရက်တွင်ရပ်တည်ရန်အတွက်သင့်လျော်ရန်နှင့် ကိုယ်တော်ရှေ့တွင်အသက်ရှင်နေထိုင်နိုင်ရန် ၎င်း "နောက်မိုး" ကိုစောင့်မျှော်သောသူများစွာကို ကျွန်ုပ်မြင်တွေ့ခဲ့သည်။ အို၊ ဆင်းရဲဒုက္ခကာလတွင် ခိုလှုံရာမဲ့သည့်လူများစွာကိုလည်း ကျွန်ုပ်မြင်ခဲ့သည်။ သူတို့သည် အလွန်လိုအပ်သောပြင်ဆင်မှုကို လျစ်လျူရှုခဲ့ကြသည်။ ထိုကြောင့်သူတို့သည် သန့်ရှင်းတော်မူသောဘုရားသခင်ရှေ့အသက်ရှင်နေထိုင်ရန်အတွက် သင့်လျော်စေသည့်အားသစ်လောင်းခြင်းကို သူတို့မရရှိခဲ့ကြချေ။ သမ္မာတရားတစ်ခုလုံးကိုနားထောင်ရာ၌ မိမိတို့၏စိတ်ဝိညာဉ်ကိုစင်ကြယ်စေခြင်းမရှိသောသူတို့သည် ဘေးဒဏ်များကျရောက်ခြင်းအချိန်ကာလကိုမမျှော်လင့်ဘဲကြုံရကြမည်။ ထိုအခါသူတို့သည် အဆောက်အဦအတွက်ခုတ်လှဲထွင်ခြင်းခံရန်လိုအပ်သည်ကို မြင်တွေ့ကြမည်။ သို့ရာတွင် အဖခမည်းတော်ရှေ့တွင် သူတို့အတွက်တောင်းပန်းပေးမည်၊ ဖျန်ဖြေပေးသူရှိမည်မဟုတ်ချေ။ ဤအချိန်မတိုင်မီ၊ "မတရားသောသူသည် မတရားသဖြင့်ပြုစေဦး။ ညစ်ညူးသောသူသည်ညစ်ညူးစေဦး။ ဖြောင့်မတ်သောသူသည်ဖြောင့်မတ်စေဦး။ သန့်ရှင်းသောသူသည်သန့်ရှင်းစေဦး" ဟူသော အလွန်ကြောက်မက်ဖွယ်လေးနက်သည့်ကြေညာချက်ကို ကြေညာပြီးဖြစ်သည်။

လူတို့သည် ဝန်းရံတိုက်ခိုက်မှုများ၊ မာန်မာန၊ တစ်ကိုယ်ကောင်းဆန်ခြင်း၊ လောကကိုခင်တွယ်ခြင်းနှင့် မှားယွင်းသောစကားနှင့်အပြုအမူတို့အပေါ် အောင်မြင်ခြင်းကိုမရရှိခဲ့သော်၊ မည်သူမျှ "အားသစ်လောင်းခြင်း" ကိုရရှိခံစားကြမည်မဟုတ်ချေ။ ထိုကြောင့်ကျွန်ုပ်တို့သည် ထာဝရဘုရားနှင့်နီးသထက်နီးအောင်ချဉ်းကပ်၍၊ သခင်ဘုရား၏နေ့ရက်တွင် တိုက်ပွဲ၌ရပ်တည်နိုင်စေရန်လိုအပ်သည့်ပြင်ဆင်မှုကို စိတ်အားထက်သန်စွာကြိုးစားရှာဖွေရမည်။ ဘုရားသခင်သည် သန့်ရှင်းတော်မူသောကြောင့် ကိုယ်တော်၏ရှေ့တော်တွင် သန့်ရှင်းခြင်းရှိသောသူတို့သာနေနိုင်သည်ကို လူအားလုံးကိုသတိရစေပါ။ (EW, p. 71).

ကျွန်ုပ်တို့သည် ယနေ့နှုတ်အားဖြင့်လည်းကောင်း၊ အပြုအမူအားဖြင့်လည်းကောင်း မစော်ကားရန်သတိရှိရမည်။ . . ယနေ့ကျွန်ုပ်တို့သည် ဘုရားသခင်ကိုရှာဖွေကာ၊ ကိုယ်တော်ရှေ့တော်သို့မရောက်မီ စိတ်ကျေနပ်ပြီးမရပ်တန့်ရန် သန္နိဋ္ဌာန်ချရမည်။ ယနေ့သည် ကျွန်ုပ်တို့အားပေးထားသည့်နောက်ဆုံးနေ့အလား၊ စောင့်မျှော်ရင်းလုပ်ဆောင်လျက် ဆုတောင်းရမည်။ ထိုအခါကျွန်ုပ်တို့အသက်တာသည် မည်မျှအလွန်စိတ်အားထက်သန်လိမ့်မည်နည်း။ ကျွန်ုပ်တို့၏အပြောနှင့်အလုပ်အားလုံးတွင် ယေရှုနောက်သို့နီးကပ်စွာလိုက်နေကြပေမည်။ (5T, p. 200).

–o–

### ဖေဖော်ဝါရီ (၃)

## “ချိန်ခွင်၌ချိန်သည့်ကာလ”

**“ထာဝရဘုရားသည် သဗ္ဗညုတဘုရားဖြစ်တော်မူ၏။ အမှုအရာတို့ကိုညှိညွတ်တော်မူ၏” (၁ရာ ၂း၃)။**

ကောင်းကင်တမန်တစ်ပါးသည် မတ်တတ်ရပ်လျက်ချိန်ခွင်ကိုကိုင်ကာ ဘုရားသခင့်လူတို့၊ အထူးသဖြင့် လူငယ်တို့၏အတွေးများနှင့်စိတ်ဝင်စားမှုကိုချိန်တွယ်နေသည်။ ချိန်ခွင်တစ်ဖက်တွင် ကောင်းကင်ဘက်ကိုယိမ်းသည့်အတွေးများနှင့်စိတ်ဝင်စားမှုရှိကာ၊ အခြားတစ်ဖက်တွင် လောကဘက်ကိုညွတ်သည့်အတွေးများနှင့်စိတ်ဝင်စားမှုရှိသည်။ ပြီးနောက်ဤချိန်ခွင်တွင်ဖတ်ခဲ့သောဝတ္ထုစာအုပ်များ၊ အဝတ်အစားနှင့်ရှိုးပွဲများအကြောင်းအတွေးများ၊ မာနဘဝင်မြင့်ခြင်း စသည်ဖြင့်ရှိနေသည်။ အို၊ ဘုရားသခင်၏ကောင်းကင်တမန်သည် ချိန်ခွင်နှင့်မတ်တတ်ရပ်လျက် လောကအတွက်သေဆုံးပြီး၊ ဘုရားသခင်အတွက်အသက်ရှင်သည်ဟုပြောဆိုကြသည့် ကိုယ်တော်၏သားသမီးအဖြစ်ဝန်ခံကြသောသူတို့၏အတွေးများနှင့်စိတ်ဝင်စားမှုကို ချိန်တွယ်နေသောကာလသည် အလွန်လေးနက်ပါတကား။ လောကီနှင့်ဆိုင်သည့်အတွေးများ၊ မာနဘဝင်မြင့်ခြင်းများထားရှိသည့်ချိန်ခွင်ဘက်သည် အထပ်ထပ်ချိန်သော်လည်း လျင်မြန်စွာအလေးသာလျက်ရှိသည်။ ကောင်းကင်ဘက်ကိုယိမ်းညွတ်သည့်အတွေးများနှင့် စိတ်ဝင်စားမှုရှိသောချိန်ခွင်အခြားတစ်ဖက်သည် အခြားတစ်ဖက်လျင်မြန်စွာအလေးသာလျက်အောက်သို့ရောက်သွားစဉ်၊ လျင်မြန်စွာအပေါ်သို့ထောင်တက်သွားသည်။ အလွန်ပေါ့ပါးသည်တကား။ ကျွန်ုပ်မြင်ခဲ့သည်အတိုင်း ဘုရားသခင်၏လူတို့နှင့်ဆက်စပ်ခြင်းသာဖြစ်သည်။ သို့ရာတွင် ကောင်းကင်တမန်သည် ချိန်ခွင်ကိုင်လျက်ဘုရားသခင့်လူတို့၏အတွေးများနှင့်စိတ်ဝင်စားမှုချိန်သည်ကို ကျွန်ုပ်မြင်သောအခါ၊ ကျွန်ုပ်စိတ်ထဲတွင် တည်ကြည်ရှင်းလင်းစွာခတ်နိုပ်ချက်ကို ကျွန်ုပ်ပြောမထွက်ချေ။ ကောင်းကင်တမန်က “ဤသူများကောင်းကင်နိုင်ငံတော်တွင်ဝင်စားနိုင်မည်လော၊ မဝင်စားနိုင်ပါ။ ဘယ်သောအခါမျှမဝင်စားနိုင်ပါ။ ယခုသူတို့၏မျှော်လင့်ချက်သည် အချည်းနှီးသာဖြစ်ကြောင်းပြောပြပါ။ သူတို့သည် အလျင်အမြန်နောင်တရ၍ ကယ်တင်ခြင်းကိုမရယူလျှင်၊ သူတို့ပျက်စီးရမည်” ဟုပြောခဲ့သည်။ . . .

များစွာသောသူတို့သည် သူတို့အချင်းချင်းတိုင်းတာခြင်တွယ်ကာ၊ မိမိတို့၏အသက်တာကို အခြားသူတို့၏အသက်တာနှင့်နှိုင်းယှဉ်ကြသည်ကို ကျွန်ုပ်မြင်တွေ့ခဲ့သည်။ ဤသို့မဖြစ်ရပါ။ ခရစ်တော်ကသာ ပုံနမူနာကိုပေးစွမ်းနိုင်သည်။ ကိုယ်တော်သည် ကျွန်ုပ်တို့၏စံနမူနာဖြစ်၍ အယောက်စီတိုင်းသည် ကိုယ်တော်ကိုစံပြုရာ၌ ပိုကောင်းစေရန်ကြိုးပမ်းကြရမည်။ . . .

မိမိကိုယ်ကိုငြင်းပယ်ခြင်း သို့မဟုတ် ဆက်ကပ်ခြင်းသည် မည်သည့်အရာဖြစ်သည်ကိုလည်းကောင်း၊ သမ္မာတရားအတွက်ဒုက္ခခံခြင်းသည် မည်သည့်အရာဖြစ်သည်ကိုလည်းကောင်း တချို့သည်နားမလည်ကြသေးသည်ကို ကျွန်ုပ်မြင်ခဲ့သည်။ သို့ရာတွင် မည်သူမျှဆက်ကပ်ခြင်းမပြုဘဲ ကောင်းကင်သို့ဝင်စားရကြမည်မဟုတ်ချေ။ မိမိကိုယ်ကိုငြင်းပယ်ခြင်းနှင့်ဆက်ကပ်ခြင်းစိတ်သဘောကို ရင်ဝယ်ပိုက်ထားရမည်။ လူတချို့သည် မိမိတို့ကိုယ်ကို၊ မိမိတို့၏ကိုယ်ခန္ဓာကို ဘုရားသခင်၏ယဇ်ပလ္လင်တွင် ဆက်ကပ်ဖူးခြင်းမရှိကြချေ။ သူတို့သည် ဘုရားသခင်၏အမှုတော်ကိုဂရုမပြုဘဲ သူတို့သည် အလျင်စလိုဒေါသထွက်ခြင်း၊ မိမိတို့၏အာသာရမ္မက်ကိုကျေနပ်စေခြင်းနှင့် မိမိတို့၏စိတ်ဝင်စားမှုကိုလိုက်စားခြင်းတို့၌ မွေ့လျော်ကြသည်။ ထာဝရအသက်အတွက် မည်သည့်ဆက်ကပ်မှုမဆို လုပ်ဆောင်ရန်လိုလိုလားလားရှိသောသူတို့သည် ထာဝရအသက်ကိုရရှိကြလိမ့်မည်။ ထာဝရအသက်သည် ဒုက္ခခံရန်၊ မိမိကိုယ်ကိုအပ်နှံရန်နှင့် အရာရာကိုစွန့်လွှတ်ရန်ထိုက်တန်ပေသည်။ (1T, pp. 124-126).

–o–

ဖေဖော်ဝါရီ (၄)

## "စုံစမ်းခြင်းကိုသင်ခံနိုင်မည်လား"

**"သင်၏ဘုရားသခင်ထာဝရဘုရားသည် သင့်ကိုနှိမ့်ချစုံစမ်း၍၊ ပညတ်တော်တို့ကိုကျင့်ချင်သောစိတ် ရှိသည်မရှိသည်ကိုသိမည်အကြောင်း၊ လွန်ခဲ့ပြီးသောအနှစ်လေးဆယ်ပတ်လုံး တော၌ပို့ဆောင်တော်မူသော လမ်းခရီးတစ်လျှောက်လုံးကို အောက်မေ့ရမည်" (တရားဟော ၈း၂)။**

ဘုရားသခင်သည် မိမိလူတို့ကိုစုံစမ်းလိမ့်မည်။. . . အကယ်၍ (၁၈၄၄ ခုနှစ်တွင်ကြွေးကြော်ခဲ့သည့်) သတင်းဟောပြောချိန်သည် ကျွန်ုပ်တို့လူအများယူဆသကဲ့သို့ ခဏသာအချိန်ကြာမြင့်ခဲ့သော်၊ အကျင့်စာရိတ္တတိုးတက်ရန် သူတို့အတွက်အချိန်ရှိလိမ့်မည်မဟုတ်ချေ။ များစွာသောသူတို့သည် အခြေခံစည်းမျဉ်းနှင့်ယုံကြည်ခြင်းမှမဟုတ်ဘဲ စိတ်ခံစားချက်မှစိတ်လှုပ်ရှားကာ၊ ဤလေးနက်ကြောက်မက်ဖွယ်သတင်းစကားသည် သူတို့ကိုမွေ့နှောက်ခဲ့သည်။ ၎င်းသတင်းသည် သူတို့၏စိတ်ခံစားချက်ကိုလှုံ့ဆော်ကာ သူတို့ကိုကြောက်ရွံ့စေသော်လည်း၊ ပြီးစီးရန်ဘုရားသခင်ရည်ရွယ်သည့်အလုပ်ကို ပြီးစီးအောင်မလုပ်ဆောင်ကြချေ။. . .

ဘုရားသခင်သည် မိမိလူတို့ကိုတစ်လှမ်းချင်းပို့ဆောင်နေသည်။ စိတ်ထဲ၌ရှိသောအရာကိုပေါ်လွင်စေရန် ကိုယ်တော်သည် သူတို့ကိုနေရာအမျိုးမျိုးသို့ပို့ဆောင်တော်မူသည်။ တချို့သည် တစ်နေရာတွင်ခံနိုင်သော်လည်း၊ နောက်တစ်ဆင့်တွင်ကျရှုံးကြသည်။ နေရာအဆင့်ဆင့်တိုင်းတွင် စိတ်နှလုံးသည်စမ်းသပ်ခြင်းခံရကာ၊ တဖြည်းဖြည်းချင်းခက်ခဲလာသည်။ အကယ်၍ ဘုရားသခင်၏လူများအဖြစ်ဝန်ခံသူတို့က သူတို့၏စိတ်နှလုံးသည် ဤစမ်းသပ်မှုနှင့်ဆန့်ကျင်နေသည်ဟုတွေ့ရှိရလျှင် သူတို့၌အောင်မြင်ကျော်လွှားရမည့်အရာရှိနေသည်ကို ၎င်းကလက်ခံယုံကြည်စေရမည်။. . . တချို့သည် တစ်နေရာတွင်စမ်းသပ်ခြင်းကိုလိုလိုလားလားလက်ခံကြသော်လည်း၊ ဘုရားသခင်သည် သူတို့ကိုအခြားစုံစမ်းသည့်နေရာသို့ခေါ်ဆောင်သောအခါ နောက်တွန့်ကြသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းသည် သူတို့ချစ်ခင်မြတ်နိုးသည့်အရာနှင့် တည့်တည့်ဆန့်ကျင်နေသောကြောင့်ဖြစ်သည်။ ဤအရာအားဖြင့် ယေရှုကိုမမြင်နိုင်ရန်ပိတ်ထားသည့် သူတို့စိတ်နှလုံး၌ရှိသောအရာကိုတွေ့ရှိရန်အခွင့်အရေးဖြစ်သည်။ သူတို့သည် သမ္မာတရားထက်တန်ဖိုးထားသည့်အရာများရှိနေကြကာ၊ သူတို့၏စိတ်နှလုံးသည် ယေရှုကိုလက်ခံရန်ပြင်ဆင်မှုမရှိချေ။ သူတို့အသည်းစွဲသည့်အရာများကို စွန့်လွှတ်မည်မစွန့်လွှတ်မည်ကိုသိမြင်နိုင်ရန် အယောက်စီတိုင်းကို အချိန်အတိုင်းအတာတစ်ခုအထိ စုံစမ်းစစ်ဆေးလျက်ရှိသည်။ နေရာတိုင်းတွင် စမ်းသပ်ခြင်းကိုခံရပ်နိုင်၍ အောင်နိုင်သောသူတို့သည် မည်သည့်အရာကိုပင်ပေးဆပ်ရသော်လည်း သစ္စာရှိ၍ဟုတ်မှန်သောသက်သေခံ၏အကြံပြုချက်ကို အလေးထားသည်။ ထိုအခါသူတို့သည် နောက်မိုးကိုရရှိကြမည်ဖြစ်ပြီး မသေနိုင်သောပြောင်းလဲခြင်းအတွက် အကိုက်ဖြစ်နေကြလိမ့်မည်။

ဘုရားသခင်သည် မိမိလူတို့ကိုဤကမ္ဘာတွင်စုံစမ်းစစ်ဆေးလျက်ရှိသည်။. . . ဤကမ္ဘာ၊ ဤနောက်ဆုံးသောနေ့ရက်တွင် လူတို့သည် မိမိတို့၏စိတ်နှလုံးကို မည်သည့်တန်ခိုးကအကျိုးသက်ရောက်စေပြီး၊ မိမိတို့၏အပြုအမူကို မည်သည့်အရာကထိန်းချုပ်သည်ကို ပြသကြလိမ့်မည်။ အကယ်၍၎င်းသည် သမ္မာတရား၏တန်ခိုးဖြစ်လျှင်၊ ကောင်းသောအကျင့်ကိုဖြစ်စေလိမ့်မည်။ ၎င်းသည် ရရှိသောသူကိုမြှင့်တင်၍၊ သူ့သခင်ဘုရားကဲ့သို့ မြင့်မြတ်သည့်စိတ်နှလုံးနှင့်စိတ်စေတနာရှိသောသူဖြစ်စေလိမ့်မည်။

အသက်ငယ်သူကြီးသူအပေါင်းတို့၊ ဘုရားသခင်သည် သင်တို့ကိုစမ်းသပ်နေသည်။ သင့်ကိုယ်ပိုင်ထာဝရခရီးလမ်းဆုံးအတွက် သင်ဆုံးဖြတ်နေသည်။ (1T, pp. 186-189).

–o–

### ဖေဖော်ဝါရီ (၅)

## "မမှားနိုင်သောလမ်းပြ"

**"ကိုယ်ကိုကိုယ်လှည့်ဖြား၍ နှုတ်ကပတ်တရားကိုနာရုံမျှသာပြုသောသူမဟုတ်၊ တရားကိုကျင့်သောသူဖြစ်ကြလော့" (ယာကုပ် ၁း၂၂)။**

မိမိ၏အလိုကိုသိသောသူတို့သည် တရားကိုကျင့်သောသူများဖြစ်ကြရန် ဘုရားသခင်သည် ထိုသူတို့ကိုတောင်းဆိုသည်။ အားနည်းခြင်း၊ စိတ်မပါခြင်းနှင့် ချီတုံချတုံဖြစ်ခြင်းတို့သည် စာတန်၏တိုက်ခိုက်မှုများကို ရန်စနေခြင်းဖြစ်သည်။ ဤပင်ကိုယ်လက္ခဏာများကို ကြီးထွားစေသောသူတို့သည် စုံစမ်းခြင်းလှိုင်းလုံးကြီးများအားဖြင့် အကူအညီမဲ့လျက်မျောပါသွားကြလိမ့်မည်။ ခရစ်တော်၏နာမကိုဝန်ခံသူတိုင်းသည် ခရစ်ယာန်တို့၏အသက်ရှင်သောဦးခေါင်းဖြစ်သည့် ခရစ်တော်အတိုင်း အပြည့်အဝကြီးထွားရန်လိုအပ်သည်။ သဲသောင်များ သို့မဟုတ် ကျောက်ဆောင်များကြားတွင် သင်္ဘောသားတို့သည် မာလိန်မှူးလိုအပ်သကဲ့သို့ အသက်တာ၏များစွာသောရေလက်ကြားတစ်လျှောက် လမ်းပြကိုကျွန်ုပ်တို့လိုအပ်သည်။ ပြီးလျှင် ဤလမ်းပြကိုအဘယ်မှာရှာတွေ့နိုင်မည်နည်း။ ကျွန်ုပ်တို့သည် သင့်အားသမ္မာကျမ်းစာကိုညွှန်ပြရပါလိမ့်မည်။ ဘုရားသခင်မှုတ်သွင်းပြီး သန့်ရှင်းသူများရေးသားသည့် ၎င်းသည် အသက်ကြီးသူ၊ ငယ်သူများတာဝန်များကို ရှင်းလင်းတိကျစွာညွှန်ပြပေးသည်။ ၎င်းသည် စိတ်ကိုမြှင့်တင်၍ စိတ်နှလုံးကိုပျော့ပျောင်းစေကာ၊ စိတ်ဝိညာဉ်ကိုသန့်ရှင်းသောဝမ်းမြောက်ဝမ်းသာခြင်းကိုဖန်တီးပေးသည်။ သမ္မာကျမ်းစာသည် အကျင့်စာရိတ္တအတွက် ပြည့်စုံသောစံနှုန်းကိုဖော်ပြသည်။ ၎င်းသည် အခြေအနေအားလုံး၊ အသက်တာခရီးလမ်းဆုံး၌ပင်လျှင် မမှားနိုင်သောလမ်းပြဖြစ်သည်။



သမ္မာကျမ်းစာတွင် အပေါ်ယံလေ့လာသူများမတွေ့ရှိနိုင်သည့် သမ္မာတရားရတနာများဝှက်ထားလျက်ရှိသည်။ သမ္မာတရားရတနာမိုင်းတွင်းကိုတူး၍မကုန်နိုင်ချေ။ နှိမ့်ချသောစိတ်နှလုံးဖြင့်သမ္မာတရားကိုရှာဖွေလေလေ၊ သင်၏စိတ်ဝင်စားမှုသည် ကြီးမားလေလေဖြစ်ကာ၊ ထိုအခါသင်သည် ပေါလုကဲ့သို့ "ဘုရားသခင်၏ပညာနှင့်ဉာဏ်တော်သည် အလွန်ကျယ်ဝန်းနက်နဲစွတကား။ စီရင်တော်မူချက်တို့ကိုအဘယ်သူမျှစစ်၍မကုန်နိုင်။ ကြံတော်မူရာလမ်းတို့ကိုလိုက်၍ရှာသော်လည်းမတွေ့မမိနိုင်" ဟုကြွေးကြော်လိုစိတ်သာ၍ခံစားရလေဖြစ်မည်။

နေ့စဉ်သမ္မာကျမ်းစာမှ အသစ်အသစ်သောအရာကို သင်သည်သင်ယူရသည်။ ဝှက်ထားသောဘဏ္ဍာကဲ့သို့ရှာဖွေပါ။ အကြောင်းမှာ ၎င်းတွင်ထာဝရအသက်ကိုပေးသည့်သတင်းစကားပါရှိသည်။ ဤသန့်ရှင်းသောစာပေကိုသဘောပေါက်နားလည်ရန် ပညာနှင့်ဉာဏ်အတွက်ဆုတောင်းပါ။ ဤကဲ့သို့သင်လုပ်ဆောင်လျှင် သင်သည်ဘုရားသခင်၏နှုတ်ထွက်စကားမှ ဘုန်းအသရေသစ်များကိုတွေ့ရှိလိမ့်မည်။ သမ္မာတရားနှင့်ဆက်စပ်သည့်အကြောင်းအရာအပေါ် အသစ်သောတန်ဖိုးရှိသည့်အလင်းတရားကိုရရှိသည်ဟု သင်ခံစားလိမ့်မည်။ သမ္မာတရားသည် သင့်အတွက်အမြဲအသစ် သစ်သောတန်ဖိုးရှိနေလိမ့်မည်။

သင်သည် အကျင့်စာရိတ္တကိုပြောင်းလဲ၍၊ ခရစ်တော်၌ယောကျ်ားမိန်းမတို့သည် အရွယ်ရောက်သည်အထိကြီးထွားနိုင်ရန်၊ ကျေးဇူးတော်ကိုနည်းမျိုးစုံဖြင့် အသုံးပြုရာတွင်ခွဲရှိပါ။ (5T, pp. 263-267).

–o–

### ဖေဖေါ်ဝါရီ (၆)

## "ပြေဆိုရန်အသင့်ရှိပါ"

**"စိတ်နှလုံးထဲ၌ ထာဝရအရှင်ဘုရားသခင်ကို ရိုသေခြင်းရှိကြလော့။ သင်တို့မျှော်လင့်ခြင်း၏အကြောင်းကို မေးမြန်းသောသူရှိသမျှတို့အား နူးညံ့သောသဘော၊ ကြောက်ရွံ့သောသဘောနှင့်ပြန်ပြောခြင်းငှာ၊ ကာလအစဉ်မပြတ်အသင့်ရှိနေကြလော့" (၁ပေတရု ၃း၁၅)။**

များစွာသောသူတို့သည် လက်ရှိသမ္မာတရားကိုသိသည်ဟုဝန်ခံပြီး သူတို့မည်သည့်အရာယုံကြည်သည်ကိုမသိကြကြောင်း ကျွန်ုပ်အားပြသခဲ့သည်။ သူတို့သည် မိမိတို့ယုံကြည်ချက်၏အထောက်အထားများကို နားမလည်ကြချေ။ လက်ရှိအချိန်ဆောင်ရွက်လျက်ရှိသောအလုပ်ကိုလည်း တန်ဖိုးမထားကြချေ။ စစ်ဆေးရာကာလရောက်လာ၍၊ အခြားသူတို့ကို ယခုတရားဟောသောသူတို့သည် သူတို့ကိုင်ဆွဲသည့်ရပ်တည်ချက်ကိုစစ်ဆေးသောအခါ၊ သူတို့သည် ကျေနပ်ဖွယ်အကြောင်းပြချက်များမပေးနိုင်သည့်အရာများစွာရှိသည်ကိုတွေ့ရှိကြလိမ့်မည်။ ဤသို့စစ်ဆေးခြင်းမခံမီအချိန်ထိတိုင်အောင် မိမိတို့၏မဟာမသိနားမလည်မှုကို မသိရှိကြချေ။ ပြီးနောက် အသင်းတော်ထဲတွင် မိမိတို့ယုံကြည်သည့်အရာကို အလိုလိုနားလည်သည်ဟု ယူဆသူများစွာရှိသည်။ သို့ရာတွင် အတိုက်အခိုက်မပေါ်မီအချိန်ထိ၊ မိမိတို့၏အားနည်းချက်ကို မသိရှိကြချေ။ ယုံကြည်ခြင်းရှိသူများထံမှခွဲပြီး၊ မိမိယုံကြည်ချက်ကိုရှင်းပြရန် တစ်ဦးတည်းမဖြစ်မနေရပ်တည်ရသောအခါ သမ္မာတရားအဖြစ် သူတို့လက်ခံသည့်အရာ၏အကြောင်းတရားများအပေါ် မိမိတို့၏ခံယူချက်များသည် မည်မျှရှုပ်ထွေးနေကြောင်း အံ့သြစွာသူတို့မြင်ရကြမည်။ . . .



F-6

ဘုရားသခင်သည် မိမိလူတို့ကိုနိုးကြွစေတော်မူလိမ့်မည်။ အကယ်၍ အခြားနည်းလမ်းများသည်မအောင်မြင်ခဲ့သော်၊ သူတို့အထဲတွင် ဒိဋ္ဌိအယူဝါဒများဝင်လာကာ ဂျုံစပါးမှအဖျင်းကိုခွဲထုတ်သကဲ့သို့ သူတို့ကိုဆန်ခါချလိမ့်မည်။ ထာဝရဘုရားသည် မိမိစကားကိုယုံကြည်သူအပေါင်းအား အိပ်နေခြင်းမှနိုးထရန်အလိုရှိတော်မူသည်။ ယခုကာလနှင့်သင့်လျော်သည့်အလင်းတရားသည် ရောက်ရှိလာပြီ။ ယုံကြည်သူတို့သည်စိတ်အထင်နှင့် သမ္မာတရားတွင်ပါဝင်သည့်အရာကို မမှန်မကန်အဓိပ္ပါယ်ဖွင့်ဆိုခြင်းတို့အပေါ်၌ တည်နေရန်မဟုတ်ချေ။ သူတို့၏ယုံကြည်ခြင်းသည် ဘုရားသခင်၏နှုတ်ထွက်စကားတွင်ခိုင်မြဲစွာတည်ဆောက်ခြင်းအားဖြင့် စစ်ဆေးသည့်ကာလရောက်လာ၍ မိမိတို့ယုံကြည်ခြင်းအတွက်ဖြေဆိုရန် အစည်းအဝေးများရှေ့တွင်ခေါ်ခြင်းခံရသောအခါ၊ စိတ်နှိမ့်ချခြင်းနှင့်ကြောက်ရွံ့သောသဘောဖြင့် သူတို့၌ရှိသောမျှော်လင့်ခြင်းအကျိုးအကြောင်းကို ပြောပြနိုင်မည်ဖြစ်သည်။ (5T, pp. 707,708).

ခရစ်တော်၏အစေခံတို့သည် မိမိတို့ယုံကြည်ခြင်းအတွက် စုံစမ်းစစ်ဆေးရန်ခေါ်ဆောင်ခံရသောအချိန်တွင် ပြောရမည့်စကားများကို ကြိုတင်ပြင်ဆင်ရန်မဟုတ်ချေ။ သူတို့၏ပြင်ဆင်ခြင်းမှာ နေ့စဉ်နှင့်အမျှသမ္မာကျမ်းစာမှမွန်မြတ်သည့်သမ္မာတရားများကို မိမိတို့၏စိတ်နှလုံးထဲတွင်သိုမှီးခြင်း၊ ခရစ်တော်၏သွန်သင်ချက်ကိုစားသုံးခြင်းနှင့်ဆုတောင်းခြင်းအားဖြင့် မိမိတို့၏ယုံကြည်ခြင်းကို ခိုင်မာစေခြင်းပင်ဖြစ်သည်။ ထိုအခါ စစ်ဆေးခြင်းခံရသောအခါ၊ ကြားနာရန်ရောက်ရှိလာသောသူတို့၏စိတ်နှလုံးထဲသို့ရောက်ရှိမည့် ထိုသမ္မာတရားများကို သန့်ရှင်းသောဝိညာဉ်တော်သည် သတိရစေလိမ့်မည်။

ဘုရားသခင်သည် သမ္မာကျမ်းစာကိုကြိုးစားရှာဖွေခြင်းဖြင့် ရရှိသည့်အသိပညာကို လိုအပ်သောအချိန်အတိအကျတွင် သူတို့၏မှတ်ဉာဏ်၌လင်းလက်စေတော်မူလိမ့်မည်။ (CSW, pp. 40,41).

–o–

## “စိတ်ကျေနပ်မှုပေးသည့်စားသောက်ပွဲ”

**“ဖြောင့်မတ်ခြင်းပါရမီကို ဆာငတ်ခင်မွတ်သောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ ထိုသူတို့သည် ဝပြောခြင်းသို့ရောက်ကြလတ္တံ့.” (မဿဲ ၅း၆)။**

ဘုရားနှင့်ဆိုင်သည့်အရာများ၌ မိမိတို့၏ပုကွပြီးမသန်မစွမ်းဖြစ်ခြင်းအခြေအနေပေါ် ကျေနပ်နေကြသောယောကျ်ားမိန်းမတို့အား စိတ်ဝိညာဉ်တိုင်းသည် ချစ်ခြင်းဖြင့်ပြည့်ဝပြီး မျက်နှာတိုင်းသည် ပျော်ရွှင်ခြင်းရောင်ခြည်ဖြာထွက်ကာ၊ ကောင်းကင်တွင်အမြဲနေထိုင်သည့် အရပ်မြင့်၍သန့်ရှင်းခြင်းအဖြစ်၌စုံလင်သောသူတို့ကို ခဏမျှမြင်စေခြင်းငှာ ရုတ်တရက်ကောင်းကင်သို့ပို့ဆောင်ကြည့်ပါ။ ထိုသို့သောသူတို့သည် ကောင်းကင်သားအပေါင်းနှင့်ရောနှော၍၊ သူတို့သီချင်းများကိုဝင်ဆိုကြကာ၊ ဘုရားသခင်နှင့်သိုးသငယ်ထံတော်မှထွက်လာသောဘုန်းအသရေ၊ ဖြူစင်မြင့်မြတ်ခြင်းကို ခံနိုင်ကြမည်လော။ ကောင်းကင်၌လုံးဝပျော်ရွှင်ကြမည်မဟုတ်ချေ။

ဝိညာဉ်ရေးရာအလေ့အကျင့်၌ပျော်မွေ့ရန် စိတ်ကိုကျင့်ပေးသောသူတို့သည် မသေနိုင်သည့်အဖြစ်သို့ပြောင်းလဲနိုင်မည့်သူများဖြစ်ကြပြီး၊ ကောင်းကင်တန်ခိုးရောင်နှင့်ဖြူစင်ခြင်းတို့၌ ပျော်မွေ့ကြလိမ့်မည်။ သင်သည် အနုပညာတတ်ကြီးဖြစ်နိုင်သည်။ သိပ္ပံပညာတတ်လည်းဖြစ်နိုင်သည်။ သင်သည် တေးဂီတနှင့်စာရေးခြင်း၌ထူးချွန်သူဖြစ်နိုင်သည်။ သင့်အပြုအမူသည် သင့်အပေါင်းအဖော်များကိုကျေနပ်စေနိုင်သည်။ သို့ရာတွင် ဤအရာတို့သည် ကောင်းကင်နိုင်ငံအတွက်ပြင်ဆင်ခြင်းနှင့် မည်ကဲ့သို့သက်ဆိုင်သနည်း။ ဘုရားသခင်၏တရားရုံးရှေ့တွင်ရပ်တည်နိုင်ရန် ဘာလုပ်ပေးနိုင်သနည်း။



လှည့်ဖြားခြင်းမခံပါနှင့်။ ဘုရားသခင်ကိုပြက်ရယ်မပြုပါနှင့်။ သန့်ရှင်းစင်ကြယ်ခြင်းမှလွဲ၍ မည်သည့်အရာကမျှ ကောင်းကင်နိုင်ငံအတွက်သင့်ကိုပြင်ဆင်ပေးမည်မဟုတ်ချေ။ ရိုးသားပြီးလက်တွေ့ကျသည့် ဘုရားတရားကိုင်းရှိုင်းမှုသာလျှင် ဖြူစင်မြင့်မြတ်သောအကျင့်စာရိတ္တကိုပေးစွမ်းနိုင်ကာ၊ အမြင့်ဆုံးအရပ်၌ရှိတော်မူသော ဘုရားသခင်၏ရှေ့တော်တွင်ဝင်စေနိုင်သည်။ ကောင်းကင်နှင့်ထိုက်တန်သည့်အကျင့်စာရိတ္တကို ဤကမ္ဘာတွင်ဆည်းပူးရယူရမည်ဖြစ်သည်။ ထိုသို့မဟုတ်ပါက ဘယ်သောအခါမျှ ကျင့်ယူနိုင်မည်မဟုတ်ချေ။ (2T, pp. 266, 267).

ကောင်းမြတ်ခြင်းနှင့်စစ်မှန်သောသန့်ရှင်းခြင်းကို လိုချင်နေသရွေ့ ကောင်းသည်။ သို့သော် ဤနေရာ၌ပင်ရပ်တန့်လိုက်လျှင် ၎င်းတို့သည် အရာရောက်မည်မဟုတ်ချေ။ ကောင်းသောရည်ရွယ်ချက်များသည်ကောင်း၏။ သို့ရာတွင် အကောင်အထည်မဖော်လျှင် အချည်းနှီးသာဖြစ်လိမ့်မည်။ များစွာသောသူတို့သည် ခရစ်ယာန်ဖြစ်ရန်မျှော်လင့်ရင်း၊ လိုချင်နေရင်းပျောက်ဆုံးကြလိမ့်မည်။ သူတို့သည် အလေးအနက်အားစိုက်မှုမပြုခဲ့ကြချေ။ ထို့ကြောင့် သူတို့သည် ချိန်ခွင်၌ပေါ့ပါးနေကြလိမ့်မည်။ လိုအင်ဆန္ဒကို နည်းလမ်းမှန်အတိုင်းကျင့်ပေးရမည်။ ကျွန်ုပ်တို့စိတ်အားထက်သန်သောခရစ်ယာန်ဖြစ်ရမည်။ ကျွန်ုပ်သည် ပြည့်စုံသောချစ်ခြင်းမေတ္တာ၏အလျားအနံ၊ အတိမ်အနက်ကိုသိရမည် စသည်ဖြင့်။

“ဖြောင့်မတ်ခြင်းပါရမီကိုဆာငတ်ခင်မွတ်သောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ ထိုသူတို့သည် ဝပြောခြင်းသို့ရောက်ကြလတ္တံ့.” ဟူသောယေရှု၏စကားကိုနားထောင်ပါ။ ဖြောင့်မတ်ခြင်းကိုဆာငတ်ခင်မွတ်သောဝိညာဉ်ကိုဖြည့်ဆည်းရန် ခရစ်တော်အားဖြင့်လုံလောက်သောရိက္ခာကို ပြင်ဆင်ပြီးဖြစ်သည်။ (2T, pp. 265, 266).

–o–

ဖေဖော်ဝါရီ (၈)

## "ကိုယ်ကျင့်တရားလွတ်လပ်ခြင်း"

**"ထိုကြောင့် ထာဝရဘုရားမိန့်တော်မူပြန်သည်ကား၊ သင်တို့သည် ထိုသူတို့အထဲမှထွက်၍ အသီးအခြားနေကြလော့။ မစင်ကြယ်သောအရာကို လက်နှင့်မျှမတို့ကြနှင့်။ ထိုသို့ပြုလျှင် သင်တို့ကိုငါသည် လက်ခံမည်။ သင်တို့၏အဘဖြစ်မည်။ သင်တို့သည်လည်း ငါ၏သားသမီးဖြစ်ကြလိမ့်မည်ဟု အနန္တတန်ခိုးနှင့်ပြည့်စုံသော ထာဝရဘုရားမိန့်တော်မူ၏" (၂ကော ၆း၁၇၊၁၈)။**

ယနေ့များစွာသောသူတို့သည် မိမိတို့မျက်နှာကိုဖုံးအုပ်ကြသည်။ ဤမျက်နှာလွှားဓာမျှားသည် ထာဝရဘုရား၏ဘုန်းအသရေကိုဖုံးကွယ်သည့် လောကီအကျင့်ဓလေ့များကိုမြတ်နိုးခြင်းဖြစ်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အားသူ့ကိုကြည့်နေရန်အလိုရှိတော်မူသည်။ ထိုအခါ လောကီနှင့်အရာများကို မျက်ကွယ်ပြုနိုင်မည်။

သမ္မာတရားကို အသက်တာတွင်လက်တွေ့ကျင့်သုံးသောအခါ၊ သမ္မာကျမ်းစာ၏တောင်းဆိုမှုများကို လိုက်၍မီနိုင်ရန် စံချိန်ကိုမြင့်သထက်မြင့်အောင်မြှင့်တင်ရမည်။ ထိုသို့ပြုရာတွင် လောကီဝတ်စားဆင်ယင်မှုများ၊ ဓလေ့များ၊ အကျင့်များနှင့်ဆိုရိုးများကို ဆန့်ကျင်ရန်လိုအပ်သည်။ လောကီဩဇာလွှမ်းမိုးမှုသည် ပင်လယ်လှိုင်းလုံးပမာ၊ ကိုယ်တော်၏သိမ်မွေ့ခြင်းကရုဏာနှင့်ဆိုင်သော မှန်ကန်သည့်စည်းမျဉ်းများမှတွန်းဖယ်ရန် ခရစ်တော်၏နောက်လိုက်များကို ရိုက်ပုတ်လျက်ရှိသည်။ သို့သော် ကျွန်ုပ်တို့သည် ကျောက်ဆောင်ကဲ့သို့အမှန်တရားတွင်တည်မြဲစွာရပ်တည်ရမည်။ ထိုသို့ရပ်တည်ရန် စိတ်ဓာတ်ရဲရင့်မှုရှိရမည်။ ထာဝရကျောက်တော်တွင် မရွေ့မလျားစွဲတည်မနေသောအသက်



ဝိညာဉ်တို့သည် လောကီရေစီးကြောင်းထဲတွင် မျောပါသွားလိမ့်မည်။ ဘုရားသခင်၌ ကျွန်ုပ်တို့၏အသက်တာကို ခရစ်တော်နှင့်အတူဝှက်ထားမှသာလျှင် ကျွန်ုပ်တို့မြဲမြံစွာရပ်နိုင်ကြမည်။ ဘုရားသခင်၏အလိုဆန္ဒအတိုင်း လုံးလုံးသဘောထားချင်းကိုက်ညီစေခြင်းဖြင့် ကျွန်ုပ်တို့သည် မြင့်သောအရပ်သို့ချီဆောင်ခြင်းခံရကာ၊ လောက၏အကျင့်ဓလေ့များမှခွဲထွက်ရန် လိုအပ်ချက်ကိုတွေ့မြင်ကြလိမ့်မည်။ ကျွန်ုပ်တို့သည် လောကီစံချိန်အထက်အနည်းငယ်မျှသာမြင့်သောစံချိန်ကိုထားရမည်မဟုတ်ဘဲ၊ ပြတ်သားစွာပေါ်လွင်သည့်ကွဲပြားခြားနားသောစံချိန်ကိုထားရှိရမည်။. . .

ထာဝရအသက်၏တန်ဖိုးမဖြတ်နိုင်သောဘဏ္ဍာကို ရရှိမည့်အရေးမှာမလွယ်ကူချေ။ လောကီရေစီးကြောင်းထဲမျောပါရင်း၊ မည်သူမျှဤအရာကိုမပြုလုပ်နိုင်ချေ။ သူသည် လောကီရေးရာမှထွက်လာရမည်ဖြစ်ကာ၊ မသန့်ရှင်းသောအရာကိုလက်နှင့်မျှမတို့ဘဲ ခွဲထွက်ရမည်။ လောကီရေစီးကြောင်းထဲမျောပါမသွားဘဲလျက်၊ လောကီဆန်ဆန်မည်သူမျှမပြုမူနိုင်ချေ။ အပတ်တကုတ်မကြိုးစားဘဲ မည်သူမျှရေဆန်တက်နိုင်မည်မဟုတ်။ အောင်ပွဲခံမည့်သူသည် ခရစ်တော်ကိုခိုင်မြဲစွာဆွဲကိုင်ရမည်။ သူသည်နောက်သို့မလှည့်ကြည့်ဘဲ အထက်အရပ်သို့သာကြည့်ကာ၊ ကျေးဇူးတော်တစ်ခုပြီးတစ်ခုရရှိရမည်။ အယောက်စီတိုင်း၏သတိဝီရိယသည် လုံခြုံမှုကိုပေးလိမ့်မည်။. . .

အရာခပ်သိမ်းတို့၏အဆုံးသည် ရောက်လာတော့မည်။ ဘုရားသခင်အတွက်တိုက်ပွဲဝင်ရန် လူတို့သည် ယခု (ဝိညာဉ်ရေး) စစ်လက်နက်များဖြင့်တပ်ဆင်ရန် လိုအပ်နေပေပြီ။ (6T, pp. 146-148).

–o–

## ဖေဖော်ဝါရီ (၉)

# “ရုပ်တုတစ်စုစုရှိနေသလား”

**“ချစ်သားတို့၊ ရုပ်တုဆင်းတုကိုကြဉ်ရှောင်ကြလော့” (၁ယော ၅း၂၁)။**

ဘုရားသခင်၏စစ်မှန်သောသားသမီးတိုင်း ဂျုံဆန်ကဲ့သို့ဆန်ခါချခြင်း ခံရကြမည်။ ဆန်ခါချခြင်းလုပ်ငန်းစဉ်တွင် ဘုရားသခင်ထံမှလမ်းလွဲစေသည့် ရင်ဝယ်ပိုက်ထားသောအပျော်အပါးအားလုံးကို စွန့်လွှတ်ရမည်။ များစွာသော မိသားစုတွင် အိမ်တွင်းပရိဘောဂများသည် အဆင်တန်ဆာများနှင့်ရုပ်ပုံများ ဖြင့် အပြည့်ခြယ်သထားသည်။. . . ထိုကြောင့် ဘုရားသခင်နှင့်ကောင်းကင် ဆိုင်ရာများကို တွေးနေရမည့်အတွေးများကို သာမန်အရာများ၌ဆွဲချခြင်းခံရ သည်။ ဤအရာသည် ရုပ်တုကိုးကွယ်ခြင်းအမျိုးအစားမဟုတ်သလော။ ငွေကြေးကိုလူသားတို့အားမစရန်၊ ဝေဒနာခံစားရသူများကိုသက်သာစေရန် အဝတ်အစားမရှိသူများကိုဝတ်ဆင်ပေးရန်၊ ဆာလောင်သူများကိုကျွေးမွေးရန် အတွက် အသုံးပြုရမည်မဟုတ်သလော။ ဘုရားသခင်၏အမှုတော်တိုးတက်ရန် နှင့် ဤကမ္ဘာတွင်ကိုယ်တော်၏နိုင်ငံတော်တည်ဆောက်ရန် ငွေကြေးကို ဘဏ္ဍာတိုက်ထဲတွင်ထားရမည်မဟုတ်လော။

ဤကိစ္စသည် အလွန်အရေးကြီးသည်။ ရုပ်တုကိုးကွယ်ခြင်းအပြစ်မှ သင့်အားကယ်နုတ်ရန်တိုက်တွန်းလျက်ရှိသည်။ “ငါမှတစ်ပါး အခြားသော ဘုရားကိုမကိုးကွယ်နှင့်” ဟု ဣသရေလတို့၏သန့်ရှင်းတော်မူသောသူအားဖြင့် မိန့်တော်မူခဲ့သောစကားကိုနားထောင်လျှင်၊ ကောင်းချီးမင်္ဂလာသည် သင်တို့ ထံသို့ရောက်လာလိမ့်မည်။ များစွာသောသူတို့သည် မိမိတို့၏အိမ်ကိုမလိုအပ် သည့်အဆင်တန်ဆာများဖြင့် အလှဆင်ရန်အတွက် အချိန်နှင့်အတွေးများကို မြုပ်နှံခြင်းဖြင့် မိမိတို့အတွက်မလိုလားအပ်သောစိုးရိမ်ကြောင့်ကြမှုများကို ဖန်တီး နေကြသည်။ ဤစွဲလမ်းမှုမှသူတို့ကိုနိုးထစေရန် ဘုရားသခင်၏တန်ခိုးလိုအပ် သည်။ အကြောင်းမှာ ထိုရည်ရွယ်သန္နိဋ္ဌာန်ချခြင်းအားလုံးသည် ရုပ်တုကိုးကွယ် ခြင်းပင်ဖြစ်သည်။

စိတ်နှလုံးကိုဆန်းစစ်တော်မူသောသူသည် မိမိ၏လူတို့ကိုရုပ်တုကိုးကွယ် ခြင်းအမျိုးမျိုးမှ ကယ်တင်လိုတော်မူသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်၊ မင်္ဂလာရှိသောအသက်စာအုပ်သည် အသုံးမဝင်သောအလှပြင်ပစ္စည်းများနှင့် ပြည့်နေသော စားပွဲများအပေါ်နေရာယူစေပါ။ လက်ရှိသမ္မာတရားနှင့်ပတ်သက် ၍ စိတ်နှလုံးကိုအလင်းတရားရရှိစေမည့်စာအုပ်များကိုဝယ်ရန် သင့်ငွေကြေး ကိုအသုံးပြုပါ။. . . ထာဝရဘုရား၏နှုတ်ထွက်စကားတော်ကို အဆုံးမဲ့ပညာ နှင့်မေတ္တာဘဏ္ဍာကဲ့သို့ သဘောပေါက်ဖမ်းဆုပ်ထားပါ။ ဤစာအုပ်သည် ကောင်းကင်သို့သွားရာလမ်းကို ညွှန်ပြသောစာအုပ်ဖြစ်သည်။. . .

သမ္မာကျမ်းစာကိုဆုတောင်းသောစိတ်နှလုံးနှင့် ဘုရားသခင်ထံဆက်ကပ် သည့်စိတ်ထားဖြင့် သင့်အားလေ့လာစေချင်စမ်းပါဘိ။ သင့်စိတ်နှလုံးကိုထွန်း ထားသည့်မီးဖြင့်ရှာဖွေကာ၊ ဘုရားသခင်ထံမှသင့်စိတ်ကိုလမ်းလွဲစေသည့် လောကီဓလေ့များနှင့်သင့်ကိုချည်နှောင်ထားသောအရာများကို တွေ့ရှိ၊ ဖျက်ဆီး ရန်အလိုရှိသည်။ ကိုယ်တော်ထံမှသင့်အတွေးများနှင့်မေတ္တာကိုဆွဲထုတ်မည့် ကျင့်စဉ်အားလုံးကို ဘုရားသခင်သည် ပြသရန်ဆုတောင်းပါ။ အကျင့်စာရိတ္တ ကိုတိုင်းသည့်ပေတံအဖြစ် ဘုရားသခင်သည် လူတို့အားမိမိ၏သန့်ရှင်းသော ပညတ်တော်ကိုပေးတော်မူပြီးဖြစ်သည်။ ဤပညတ်တော်အားဖြင့် သင့်အကျင့် စာရိတ္တ၏အပြစ်အနာအဆာမှန်သမျှကိုမြင်တွေ့ပြီး ၎င်းတို့ကိုအောင်နိုင်လိမ့် မည်။ ရုပ်တုမှန်သမျှကိုအဆက်ဖြတ်ကာ၊ သင့်ကိုယ်သင်ဘုရားသခင်၏ ပလ္လင်တော်၌ ကျေးဇူးတော်နှင့်သမ္မာတရားရွှေသံကြိုးဖြင့်ကွင်းဆက်လိုက်ပါ။ (2SM, pp. 317, 318).

–၀–

ဖေဖော်ဝါရီ (၁၀)

## "သင့်စိတ်နှလုံးကိုစုံစမ်းစစ်ပါ"

**"သင်တို့သည် ယုံကြည်ခြင်း၌တည်သလော၊ မတည်သလောဟု ကိုယ်ကိုကိုယ်စစ်ကြောကြလော့။ ကိုယ်ကိုကိုယ်စုံစမ်းကြလော့။ အစစ်မခံနိုင်သောသူမမှန်လျှင်၊ ယေရှုခရစ်သည် သင်တို့၌တည်တော်မူသည်ဟု ကိုယ်အကြောင်းကိုကိုယ်မသိကြသလော" (၂ကော ၁၃း၅)။**

အပြစ်၏လိမ်လည်ကောက်ကျစ်ခြင်းထက် သစ္စာမဲ့သောအခြားအရာတစ်ခုမျှမရှိပေ။ ဤလောက၏ဘုရားသာလျှင် မှားယွင်းစေ၍မိုက်မဲစေသည်။ ပျက်စီးခြင်းသို့လမ်းပြသည်။ စာတန်သည် သူ၏စုံစမ်းနှောင့်ယှက်ခြင်းများနှင့် ဝင်ရောက်လာမည်မဟုတ်ချေ။ သူသည် ဤစုံစမ်းနှောင့်ယှက်ခြင်းများကို ကောင်းသောအရာများနှင့်ပုံသဏ္ဍာန်တူအောင် အသွင်ပြောင်းထားသည်။. . လိမ်လည်ခြင်းခံရသောအသက်ဝိညာဉ်များသည် ခြေလှမ်းတိုးခဲ့ရာ နောက်တစ်လှမ်းတိုးဖို့မခဲယဉ်းတော့ပေ။. . . မိမိထောင်သောအစာကို အလွယ်တကူယူ၍၊ ပြင်ဆင်ထားသောလမ်း၌ အသက်ဝိညာဉ်များလျှောက်သွားကြသည်ကို စာတန်သည် ကြည့်ရှုတွေ့မြင်နေရသည်။. . .

မိမိကိုယ်ကိုစေ့စပ်သေချာစွာစစ်ဆေးရန်လိုအပ်သည်။ ဘုရားသခင်၏နှုတ်ကပတ်တော်အလင်းဖြင့် ကျွန်ုပ်သည် အနာအဆာကင်းပါသလား၊ သို့တည်းမဟုတ် ကျွန်ုပ်၏စိတ်နှလုံးသည် ပုပ်ပျက်နေသလား၊ ကျွန်ုပ်သည် ခရစ်တော်၌အသစ်ပြုပြင်ထားခြင်းရှိသလား၊ သို့မဟုတ် ကျွန်ုပ်၏စိတ်နှလုံးသည် ဇာတိပကတိသဘော၌ပင်ရှိနေသလား၊ ပြင်ပ၌အသစ်သောတန်ဆာဆင်ထားခြင်းရှိသလားဟူ၍ အနီးကပ်ဆန်းစစ်ရမည်။ သင်၏ကိုယ်ကို ဘုရားသခင်၏တရားပလ္လင်တော်၌ထိန်းထားပါ။ ဘုရားသခင်၏အလင်းတော်ဖြင့် လျှို့ဝှက်ထားသောအပြစ်အနာအဆာ၊ မတရားသောအကျင့်၊ စွန့်ပစ်ခြင်းမရှိသေးသောအစွဲအလမ်းများရှိမရှိစစ်ဆေးပါ။ စာတန်၏လှည့်စားခြင်းနှင့်မှားယွင်းခြင်းမရှိစေရန်. . . ယခင်အချိန်ကဆုတောင်းသည်ထက် ပို၍အထူးကြိုးစားဆုတောင်းပါ။

နောက်ဆုံးသောနေ့နိမိတ်လက္ခဏာအနေဖြင့် တွေ့မြင်ရမည့်အပြစ်များမှာ ခရစ်ယာန်ဖြစ်သည်ဟုဝန်ခံသောသူများသည် ဘုရားသခင်ကိုချစ်သည်ထက် ကာမဂုဏ်ခံစားခြင်းကို ပို၍နှစ်သက်သောသူများဖြစ်ကြခြင်းပင်ဖြစ်သည်။ သင်တို့၏အသက်ဝိညာဉ်များကို သစ္စာရှိစွာပြုစုပါ။ သေချာစေ့စပ်စွာရှာဖွေပါ။ သစ္စာရှိစွာစစ်ဆေးပြီးမှ ကောင်းကင်ကိုမျှော်ကြည့်လျက် "ယနေ့ဖော်ပြခဲ့သောလူစားမျိုးထဲတွင် ကျွန်ုပ်မပါဝင်ပါ။ ကျွန်ုပ်သည် ဘုရားသခင်ကိုချစ်သည်ထက် မိမိကိုယ်ကိုချစ်သူမဟုတ်ပါ" ဟုပြောနိုင်သည့်သူမည်မျှနည်းလိမ့်မည်နည်း။ "ငါသည်ခရစ်တော်နှင့်အတူအသေခံပြီး. . . ငါ၏အသက်ဖြစ်သောကိုယ်တော်သည် ပေါ်ထွန်းလာသောအခါ ငါသည်ကိုယ်တော်နှင့်အတူ ဘုန်းတော်၌ပေါ်လာမည်" ဟု ဘယ်နှစ်ယောက်ပြောဆိုနိုင်မည်နည်း။

ဘုရားသခင်၏ချစ်ခြင်းမေတ္တာနှင့်ကျေးဇူးတော်၊ အို၊ အဖိုးထိုက်သောကျေးဇူးတော်၊ ရွှေစင်ထက်သာ၍အဖိုးထိုက်တန်ပါ၏။ အားလုံးသောအခြားကျင့်ဝတ်များတို့ထက် ဝိညာဉ်ကိုမြှင့်တင်ပေး၍မြင့်မြတ်စေသည်။ ၎င်းသည် စိတ်နှလုံးနှင့်ချစ်ခြင်းကို ကောင်းကင်သို့တမ်းတစေသည်။ ကျွန်ုပ်တို့၏ပတ်ဝန်းကျင်၌ရှိသောသူတို့သည် လောကီရေးရာ၌ဝါကြွားခြင်း၊ အပျော်အပါးလိုက်စားခြင်းနှင့်မိုက်မဲခြင်း၌ရှိစဉ် ကျွန်ုပ်တို့၏စကားပြောဆိုခြင်းသည် ကောင်းကင်၌ရှိ၍ ကယ်တင်ရှင်ကိုမြော်ဆနေသည်။ အသက်ဝိညာဉ်သည် ဘုရားသခင်၌အပြစ်လွတ်ခြင်းနှင့်ငြိမ်သက်ခြင်း၊ ဖြောင့်မတ်ခြင်းနှင့်မှန်ကန်သောသန့်ရှင်းခြင်းကိုရရှိဖို့ရန် လှမ်းယူနေသည်။ ဘုရားသခင်နှင့်စကားပြောဆို၍ အထက်အရပ်၌ရှိသောအရာများကို သတိရဆင်ခြင်ပါက အသက်ဝိညာဉ်ကို ခရစ်တော်နှင့်တူသောအခြေအနေသို့ ပြောင်းလဲသွားစေမည်။ (MYP, pp. 83, 84).

–o–

ဖေဖော်ဝါရီ (၁၁)

## "စစ်ဆေးသည့်မေးခွန်းများ"

**"ထာဝရဘုရား၏တောင်တော်ပေါ်သို့ အဘယ်သူသည်တက်ရမည်နည်း။ သန့်ရှင်းရာဌာနတော်၌ အဘယ်သူသည် ရပ်နေရမည်နည်းဟူမူကား၊ သန့်ရှင်းသောလက်နှင့်ဖြူစင်သောနှလုံးရှိသောသူ၊ မုသားကိုမမှီဝဲ မဆည်းကပ်၊ မမှန်သောကျိန်ဆိုခြင်းကိုမပြုသောသူဖြစ်သည်" (ဆာလံ ၂၄း၃၊၄)။**

ခရစ်တော်နှင့်ပေါင်းစည်းသည့်အသက်ဝိညာဉ်သည် ကျူးလွန်မှုအားလုံးနှင့် အပြစ်တရား၏ချဉ်းကပ်မှုတိုင်းကို တိုက်ခိုက်လိမ့်မည်။ သူသည်နေ့စဉ်နှင့်အမျှ လင်းလက်တောက်ပသည့်အလင်းနှင့် သာ၍သာ၍တူလာလေဖြစ်ကာ၊ သာ၍အောင်မြင်လာလေဖြစ်သည်။ သူသည် အားနည်းပြီးရင်းအားနည်းမသွားဘဲ အားရှိရင်းအားရှိလာသည်။

ဤကိစ္စနှင့်သက်ဆိုင်၍ မည်သူမျှကိုယ့်ကိုကိုယ်မလှည့်စားပါစေနှင့်။ အကယ်၍သင်သည် မာန်မာန၊ မိမိကိုယ်ကိုတန်ဖိုးထားခြင်း၊ အာဏာကိုခင်တွယ်ခြင်း၊ အချည်းနှီးကျော်ဇောခြင်း၊ မစင်ကြယ်သည့်ပြင်းပြသောရည်မှန်းချက်၊ ညည်းတွားခြင်း၊ မကျေနပ်ခြင်း၊ ခါးသီးမှု၊ မကောင်းပြောဆိုခြင်း၊ လိမ်လည်ခြင်း၊ သူ့အသရေဖျက်ခြင်းများကိုလက်သင့်ခံလျှင် သင့်စိတ်နှလုံးထဲတွင် ခရစ်တော်ရှိမနေချေ။ . . ခိုင်မြဲသည့်ခရစ်ယာန်စာရိတ္တသင်၌ရှိရမည်။

သမ္မာတရားကိုယုံကြည်သည်ဟုပြောဆိုသောသူတို့သည် လုံးလုံးလျားလျားပြောင်းလဲရမည်။ ထိုသို့မဟုတ်ပါက စုံစမ်းစစ်ဆေးသောနေ့တွင် သူတို့ကျရှုံးလိမ့်မည်။ ဘုရားသခင်၏လူတို့သည် မြင့်မားသောစံချိန်ကိုရောက်ရှိရမည်။ သူတို့သည် သန့်ရှင်းသောလူမျိုး၊ ထူးကဲသည့်လူများ၊ ကောင်းသောအလုပ်အတွက်ရွေးချယ်ထားသောအနွယ်ဖြစ်ရကြမည်။ သင်သည် တပ်မက်ခြင်းများနှင့် လောကီသားတို့၏ဓလေ့များရှိရန် ခရစ်တော်အသေခံတော်မမူခဲ့ချေ။

ဘုန်းတော်နှင့်ပြည့်သောမုခ်ဝကို စိတ်စွဲလမ်းခြင်းရှိသူများမှလွဲ၍ မည်သူမျှမဝင်ရောက်နိုင်ရာ။ ဤမေးခွန်းများသည် သင့်အိမ်ထဲ၌ရောက်ရှိပါစေ။ လောကီရေးရာများကို သင်အလေးထားသလား။ သင့်အတွေးများစင်ကြယ်သလား။ ကောင်းကင်၏လေထုကိုရှူရှိုက်နေသလား။ ညစ်ညမ်းခြင်း၏အနံ့အသက်များကို သင်သယ်ဆောင်သလား။ . . သင်သည် စိတ်အားထက်သန်ပြီးဆက်ကပ်ပါသလား၊ စင်ကြယ်ခြင်းအလှတရားဖြင့် ဘုရားသခင်၏ဝတ်ကိုပြုပါသလား၊ ကျွန်ုပ်သည် ဘုရားသခင်၏သား၊ သမီးဟုတ်ပါသလား၊ မဟုတ်ဘူးလား ရိုးရိုးသားသားမေးပါ။

ကျွန်ုပ်တို့၏အသင်းတော်များတွင် လုံးဝပြောင်းလဲခြင်းလိုအပ်သည်။ အသင်းတော်ထဲတွင် ဘုရားသခင်၏ပြောင်းလဲခြင်းတန်ခိုးရောက်ရှိလာရမည်။ . . . မပြင်ဆင်သည့်နေ့များမရှိစေရပါ။ မီးခွက်၌ဆီမီးမရှိ၊ မပြင်ဆင်သည့်အခြေအနေဖြင့် အိပ်မနေရချေ။ မိမိကိုယ်ကိုအလေးအနက်မေးပါ။ ကျွန်ုပ်တို့ကယ်တင်ခံသူတို့အထဲ၌ရှိသလော။ သို့မဟုတ် ကယ်တင်ခြင်းမခံရသူတို့နှင့်အတူရှိနေသလား။ ကျွန်ုပ်ရပ်တည်နိုင်မည်လော၊ သို့တည်းမဟုတ် ရပ်တည်မနေနိုင်ဘဲဖြစ်မည်လော။ သန့်ရှင်းသောလက်နှင့်ဖြူစင်သောနှလုံးရှိသောသူတို့သည် ထိုနေ့ရက်ကြီးတွင်ရပ်တည်နိုင်ရလိမ့်မည်။ (TM, pp. 441-443).

ဘုရားသခင်၏သားသမီးတိုင်းသည် အချိန်တိုင်းမှာစစ်မှန်သောခရစ်ယာန်ဖြစ်ရန်မှာ အခွင့်ထူးပင်ဖြစ်သည်။ ကောင်းကင်နိုင်ငံသည် ထိုသို့သောသူတို့အတွက်ဖြစ်သည်။ (TM, pp. 440-441).

–ဝ–

ဖေဖော်ဝါရီ (၁၂)

## “တစ်မူထူးခြားရဲ့သလား”

**“သင်တို့မူကား၊ မှောင်မိုက်ထဲမှအံ့ဖွယ်သောအလင်းတော်သို့ ခေါ်သွင်းတော်မူသောသူ၏ဂုဏ်ကျေးဇူးများကိုဖော်ပြစေခြင်းငှာ၊ ရွေးချယ်တော်မူသောအမျိုးဖြစ်ကြ၏။ မင်းစည်းစိမ်ရှိသောယဇ်ပုရောဟိတ်မျိုး၊ သန့်ရှင်းသောလူမျိုး၊ ပိုင်ထိုက်တော်မူသောအပေါင်းအသင်းဖြစ်ကြ၏” (၁ပေတရု ၂း၉)။**

ကောင်းကင်မှမိုးတိမ်၌ မကြာမီလူသားကြွလာမည်ဟူသောသတိပေးစကားသည် လူအများအတွက်ရိုးအီသောပုံပြင်ဖြစ်လာနေပြီ။ လူတို့သည် စောင့်မျှော်သည့်နေရာများကို စွန့်ခွာသွားကြပြီ။ တစ်ကိုယ်ကောင်းဆန်ပြီး လောကီစိတ်ဓာတ်တို့ကိုပြသသည့်အသက်တာသည် “ငါ့အရှင်လာခဲလိမ့်မည်” ဟူသောစိတ်သဘောထားကို ပြသလျက်ရှိသည်။ . .

နောဧအချိန်ကကဲ့သို့ အလားတူတစ်ကိုယ်ကောင်းဆန်သည့်စိတ်ဓာတ်၊ လောကီဓလေ့များများကိုလိုက်လျောခြင်းသည် ကျွန်ုပ်တို့အချိန်၌လည်းရှိနေသည်။ ဘုရားသခင်၏သားသမီးများဟုဝန်ခံသည့် များစွာသောသူတို့သည် မိမိတို့၏ဝန်ခံချက်ကိုလိမ်ညာမှုဖြစ်စေသည့် လောကီလိုက်စားမှုနောက်လိုက်ပါကြသည်။ သူတို့သည် မိမိတို့အတွက်ကရုဏာတံခါးပိတ်ချိန်အထိ ဥယျာဉ်စိုက်အိမ်ဆောက်လျက် ရောင်းဝယ်ကြကာ၊ စားသောက်ကြပြီး ထိမ်းမြားခြင်းပြုကြလိမ့်မည်။ ဤအရာမှာ ကျွန်ုပ်တို့လူအများ၏အခြေအနေပင်ဖြစ်သည်။ .

ကျွန်ုပ်တို့အထဲ၌ဝိညာဉ်ရေးကြီးမားသည့်လိုအပ်ချက်ကို ကျွန်ုပ်မြင်သောအခါ ဝန်လေးမိသည်။ လောက၏ဝတ်စားဆင်ယင်မှုနှင့်ဓလေ့များ၊ မာန်မာန၊ အပျော်အပါးလိုက်စားခြင်း၊ သူများရှေ့ပေါ်လွင်လိုစိတ်၊ အဝတ်အစား၊ အိမ်နှင့်မြေတို့၌အသုံးအဖြုန်းကြီးခြင်းတို့သည် ဘုရားသခင်၏ဘဏ္ဍာကိုလုယူသွားကြကာ၊ ကမ္ဘာကိုသမ္မာတရားအလင်းသို့ပို့ဆောင်ရာတွင် အသုံးပြုမည့်ငွေကြေးများကို မိမိ၏အားရကျေနပ်မှုအတွက်အသုံးပြုကြသည်။ . .

အလင်းနှင့်နေ့၏သားသမီးတို့ကို အပြစ်ပြုသူတို့ကိုလွှမ်းခြုံသည့်မှောင်မိုက်ည၏အရိပ်သည် လွှမ်းမိုးမည်မဟုတ်ချေ။ အမှန်မှာ သူတို့သည် အလင်းဆောင်သူများကဲ့သို့ မိမိတို့တာဝန်ကျရာနေရာတွင် သစ္စာရှိစွာရပ်နေကြပြီး၊ ဘုရားသခင်ထံမှအလင်းကိုစုစည်း၍ မှောင်မိုက်၌ရှိနေသောသူတို့ကိုအလင်းရောင်ဖြန့်ပေးသည်။ ထာဝရဘုရားသည် မိမိလူတို့ကိုသစ္စာသမာဓိထိန်းသိမ်းလျက်၊ ဘုရားတရားမဲ့သူတို့၏အကျင့်ဓလေ့များကိုမတို့မထိ၊ အတုမခိုးရန်အလိုရှိတော်မူသည်။

ခရစ်ယာန်တို့သည် ဤလောကတွင် “သန့်ရှင်းသောလူမျိုး၊ ပိုင်ထိုက်တော်မူသောအပေါင်းအသင်း” ဖြစ်၍၊ သူတို့အား “အမှောင်ထဲမှအံ့ဖွယ်သောအလင်းတော်သို့ခေါ်သွင်းတော်မူသောသူ” ကို ချီးမွမ်းကြရမည်။ အလင်းသည် မှေးမှိန်မသွားဘဲ ပြည့်စုံသည့်နေ့ရက်တိုင်အောင် လင်းသထက်သာ၍လင်းလာနေရမည်။ . . နှစ်ပေါင်းများစွာကျွန်ုပ်တို့နားဖြင့်ကြားနေရသော “သခင်ဘုရားသည် အနီးအပါး၌ရှိတော်မူ၏။ ပြင်ဆင်လျက်နေကြလော့” ဟူသည့် စိတ်လှုပ်ရှားဖွယ်သမ္မာတရားသည် ကျွန်ုပ်တို့ပထမစတင်ကြားချိန်ကထက် ယနေ့တွင်လျော့နည်းသွားခြင်းမရှိချေ။ (5T, pp. 9-14).

–o–

ပြုခြင်းအားဖြင့် စာတန်၏အကြံပြုချက်များကို အခြားသူတို့ထံသို့ရောက်ရှိနိုင်ရန် မိမိတို့ကိုယ်ကိုလမ်းကြောင်းဖြစ်စေကြသည်။ ကြံလိုက်သည့်မယုံကြည်မှုနှင့်မကောင်းမှုမျိုးစေ့ကို မနုတ်ခဲ့ကြချေ။ စာတန်သည် ၎င်းကိုနာရီတိုင်းအာဟာရကျွေးပြီး၊ ရှင်သန်ကြီးပွားကာသန်စွမ်းလာသည်။ ကောင်းသောမျိုးစေ့ကိုစိုက်ရာတွင် အာဟာရအစာကျွေးခြင်း၊ ရေလောင်းခြင်း၊ ညင်သာစွာပြုစုခြင်းလိုအပ်သည်။ အဘယ်ကြောင့်ဆိုသော် ၎င်း၏ကြီးထွားမှုကိုနှောင့်ယှက်ရန်ဘေးပတ်လည်၌အဆိပ်ရှိသောသြဇာများကိုဖြန့်ကြဲပြီး၊ ၎င်းကိုသေစေနိုင်သောကြောင့်ဖြစ်သည်။ စာတန်သည် အလျင်ကထက်သာ၍ကြိုးစားလာသည်။ အကြောင်းမှာ သူလှည့်ဖြားမည့်အချိန်သည် တိုတောင်းသည်ကိုသူသိနေသည်။

အဆန်အစေ့မှအဖျင်းများအားလုံးခွဲထုတ်မပြီးမချင်း၊ ပြောင်းဆန်ကိုဆန်ခါချသကဲ့သို့ ဘုရားသခင်၏လူတို့သည် ဆန်ခါချခြင်းခံရကြမည်။ ကျွန်ုပ်တို့သည် ခရစ်တော်ကိုပုံနမူနာအဖြစ်ကြည့်ကာ နှိမ့်ချသည့်ပုံစံကိုအတုခိုးရမည်။

ကျွန်ုပ်အားသန့်ရှင်းသူတို့၏မပျက်စီးနိုင်သောအမွေဆုလာဘ်ကို ပြသတော်မူခဲ့သည်။ ထိုအခါ ဘုရားသခင်၏လူတို့သည် သမ္မာတရားကြောင့်မည်မျှခံရကာ၊ ကောင်းကင်နိုင်ငံသည် အလွန်တန်ဖိုးနည်းသည်ဟု မှတ်ယူကြသည်ကိုလည်းပြသခဲ့သည်။ ယခုအချိန်သူတို့ခံစားရသောဝေဒနာသည် သူတို့အားဖော်ပြမည့် ဘုန်းအသရေနှင့်နှိုင်းယှဉ်၍မထိုက်ဟုမှတ်ယူကြသည်။ နောက်ဆုံးသောအချိန်၌ရှိသော ဘုရားသခင်၏လူတို့သည် စုံစမ်းစစ်ဆေးခြင်းခံရကြမည်။ သို့ရာတွင် သူတို့၏နောက်ဆုံးစစ်ဆေးမှုသည် မကြာမီပြီးဆုံးလိမ့်မည်။ ထိုအခါသူတို့သည် ထာဝရအသက်ဆုလာဘ်ကိုလက်ခံရရှိကြမည်။ (1T, pp. 429-432).

–o–





## "သံသယမျိုးစေ့အားလုံးကိုနှုတ်ပစ်ပါ"

**"ထိုကြောင့် ကြီးစွာသောအကျိုးနှင့်ယှဉ်သော သင်တို့၏ရဲရင့်ခြင်းစိတ်ကိုမစွန့်ကြနှင့်။ ဘုရားသခင်၏အလိုတော်ကိုဆောင်ပြီးမှ ကတိတော်အတိုင်းအကျိုးရမည်အကြောင်း သည်းခံခြင်းစိတ်ရှိရမည်။. . . ငါတို့မူကား၊ ပျက်စီးခြင်းသို့ရောက်အံ့သောငှာ ရှေ့လျှောသောသူမဟုတ်၊ စိတ်ဝိညာဉ်သည် ကယ်တင်ခြင်းသို့ရောက်အံ့သောငှာ ယုံကြည်သောသူဖြစ်ကြ၏" (ဟေဗြဲ ၁၀း၃၅–၃၉)။**

ကျွန်ုပ်တို့ယခုဆန်ခါချချိန်တွင်ရှိနေသည်ကို ကျွန်ုပ်မြင်တွေ့ခဲ့သည်။ စာတန်သည် အသက်ဝိညာဉ်များကို ခရစ်တော်၏လက်မှလုယူရန်နှင့် ခရစ်တော်၏နင်းချေခြင်းခံရစေရန် အစွမ်းကုန်လုပ်ဆောင်နေသည်။. . .

အကျင့်စာရိတ္တသည်တိုးတက်နေသည်။ ဘုရားသခင်၏ကောင်းကင်တမန်တို့သည် ကိုယ်ကျင့်တန်ဖိုးကိုချိန်တွယ်နေကြသည်။ ဘုရားသခင်သည်မိမိလူတို့ကိုစစ်ဆေးစမ်းသပ်နေသည်။ "ညီအစ်ကိုတို့၊ သင်တို့သည်မယုံကြည်ဆိုးညစ်သောစိတ်နှလုံးဖြင့် အသက်ရှင်တော်မူသောဘုရားသခင်ထံမှ မထွက်ခွာစေရန်သတိပြုကြပါ။ ယနေ့ဟုခေါ်ဆိုနိုင်စဉ်၊ နေ့တိုင်းအချင်းချင်းတိုက်တွန်းကြပါ။ လှည့်ဖြားသောအပြစ်ကြောင့် သင်တို့၏စိတ်နှလုံးမာကျောနိုင်ချေစိုးရိမ်စရာရှိသည်။ အကယ်၍ကျွန်ုပ်တို့သည် "စိတ်စွဲလမ်းခြင်းကိုအစပြုသကဲ့သို့အဆုံးတိုင်အောင်တည်ကြည်လျှင် ခရစ်တော်နှင့်ဆက်ဆံရကြမည်" ဟုကောင်းကင်တမန်သည် ကျွန်ုပ်အားပြောဆိုခဲ့သည်။

မိမိ၏ကျေးဇူးတော်တန်ခိုးကိုသိရှိခံစားပြီးမှ သံသယစကားများပြောသော မိမိလူတစ်စုံတစ်ဦးအပေါ် ဘုရားသခင်သည်သဘောမကျချေ။ ထိုသို့

ဖေဖော်ဝါရီ (၁၄)

## “ဝိညာဉ်ရေးလူသန်ကြီး သို့မဟုတ် လူပုလော”

**“ထိုကြောင့်ချစ်သူတို့၊ ထိုကတိတော်များနှင့်ငါတို့သည်ဆိုင်ကြသည်ဖြစ်၍ ကိုယ်ခန္ဓာ၏အညစ်အကြေး၊ စိတ်ဝိညာဉ်၏အညစ်အကြေးရှိသမျှတို့နှင့် ကိုယ်ကိုကိုယ်ကင်းစင်စေလျက် ဘုရားသခင်ကိုကြောက်ရွံ့၍ သန့်ရှင်းခြင်းပါရမီနှင့်ပြည့်စုံကြကုန်အံ့” (၂ကော ၇:၁)။**

ထာဝရဘုရားသည် မိမိ၏ပညတ်တော်ကိုစောင့်သည်ဟု ဝန်ခံသူတို့ကိုဆုံးမပြုပြင်တော်မူသည်။ ကိုယ်တော်သည် သူတို့၏အပြစ်များကိုဖော်ပြတော်မူသည်။ အဘယ်ကြောင့်ဆိုသော် ကိုယ်တော်ကိုချစ်ကြောက်ရိုသေခြင်း၌ပြည့်စုံရန်နှင့် သခင်ဘုရားအတွက်အသေခံရန်အဆင်သင့်ပြင်ရန်၊ သို့မဟုတ် ကောင်းကင်သို့မသေနိုင်သောအဖြစ်သို့ပြောင်းလဲနိုင်စေရန်၊ သူတို့ထံမှအပြစ်နှင့်ဆုံးယုတ်မှုအားလုံးကိုဖယ်ရှားရန် ကိုယ်တော်အလိုရှိတော်မူသည်။. . .

ဘုရားသခင်သည် စင်ကြယ်ခြင်းနှင့်သန့်ရှင်းခြင်းမှလွဲ၍ မည်သည့်အရာကိုမျှလက်မခံချေ။ အကျင့်စာရိတ္တတွင်အမည်းတစ်စက်၊ အတွန့်တစ်ကြောင်း၊ အနာအဆာတစ်ခုသည် သူတို့အားကောင်းကင်နှင့်တကွ ၎င်း၏ဘုန်းအသရေနှင့်ဘဏ္ဍာများမှ ထာဝရပိတ်ပင်လိမ့်မည်။ (2T, p. 453).

ခရစ်ယာန်အဖြစ်ဝန်ခံသူအများစုသည် ဤအသက်တာ၏အသုံးမကျ၊ ပျက်စီးနိုင်သည့်အရာများအတွက် ရည်မှန်းချက်ကြီးကြီး၊ စိတ်အားထက်သန်ပြီး၊ အပတ်တကုတ်ကြိုးစားသကဲ့သို့ ဘုရားနှင့်ဆိုင်သောအရာများကိုသိသောပညာကိုမရှာကြသောကြောင့် ဝိညာဉ်ရေးခွန်အားကိုမခံစားကြချေ။ ခရစ်ယာန်များအဖြစ်ဝန်ခံကြသောလူအုပ်များသည် ဝိညာဉ်ရေးလူပုအဖြစ်ကျေနပ်နေကြသည်။ သူတို့သည် ဘုရားသခင်၏နိုင်ငံတော်နှင့်ဖြောင့်မတ်ခြင်းကို ရှေးဦးစွာရှာဖွေရန်အစီအစဉ်မရှိကြချေ။ ထိုကြောင့် ဘုရားဝတ်၌မွေ့လျော်ခြင်းသည် သူတို့အတွက်ဝှက်ထားသည့်ပဟေဠိဖြစ်ကာ၊ သူတို့နားမလည်နိုင်ကြချေ။ ခရစ်တော်ကို အသက်တာ၌ခံစားသိရှိခြင်းမရှိကြချေ။ (2T, p. 266).

ဘုရားသခင်ကိုကြောက်ရွံ့ခြင်းသည် အသန့်ရှင်းဆုံးဖြစ်အောင် ရိုးသား၊ ကြိုးစား၊ ဆင်ခြင်လုပ်ဆောင်သောသူတို့အတွက် လုံလောက်သောထောက်ပံ့ခြင်းကိုပြင်ဆင်ထားနှင့်ပြီ။ ခွန်အား၊ ကျေးဇူးတော်နှင့်ဘုန်းအသရေတို့ကိုကယ်တင်ခြင်းအမွေခံသူတို့ထံသို့ ကောင်းကင်တမန်များက ယူဆောင်လာရန် ခရစ်တော်အားဖြင့် ပြင်ဆင်ပြီးဖြစ်သည်။ အကယ်၍ သူတို့သည် မိမိတို့၏အပြစ်များကိုဖယ်ရှား၍၊ အပြစ်လမ်းကြောင်းမှရပ်တန့်ကာ၊ စိတ်နှလုံးရည်ရွယ်ချက်အပြည့်ဖြင့် အသက်ရှင်တော်မူသောဘုရားသခင်ထံသို့လှည့်လာသော်၊ ခွန်အား၊ စင်ကြယ်ခြင်းနှင့်ဖြောင့်မတ်ခြင်းရရှိနိုင်ရန် သူတို့အတွက်အသက်စွန့်တော်မူသောယေရှုကို ရှာဖွေတွေ့ရှိနိုင်ရန် အလွန်နိမ့်ကျ၊ ပျက်စီး၊ ဆိုးသွမ်းလွန်းသည်ဟူ၍မရှိပါ။ ကိုယ်တော်သည် အပြစ်အားဖြင့်စွန်းထင်းညစ်ပတ်နေသောသူတို့၏အဝတ်ကိုချွတ်ပေးကာ၊ ဖြောင့်မတ်ခြင်း၏ဖြူစင်တောက်ပသည့်ဝတ်လုံဝတ်ဆင်ပေးရန် စောင့်နေတော်မူသည်။ ကိုယ်တော်သည် သူတို့အားမသေဘဲ၊ အသက်ရှင်ရန်ခေါ်ဖိတ်နေသည်။ ကိုယ်တော်၌သူတို့ကြီးပွားတိုးတက်နိုင်မည်။ သူတို့၏အကိုင်းအခက်တို့သည် ခြောက်သွေ့လျက်မသီးဘဲရှိမည်မဟုတ်ချေ။ သူတို့သည် ကိုယ်တော်၌တည်နေကြလျှင် ကိုယ်တော်၏ပင်ရည်ကိုစုပ်ကာ၊ အာဟာရကိုရရှိ၍ ကိုယ်တော်၏ဝိညာဉ်တော်နှင့်ပြည့်စုံကာ၊ ကိုယ်တော်လျှောက်လှမ်းသကဲ့သို့ပင်လျှောက်ပြီး၊ ကိုယ်တော်အောင်မြင်သကဲ့သို့ အောင်ပွဲခံလျက် ကိုယ်တော်၏လက်ယာဘက်တွင် ချီးမြှောက်ခြင်းခံရကြမည်ဖြစ်သည်။ (2T, pp. 453,454).

–o–

ဖေဖော်ဝါရီ (၁၅)

## "ပညာရှိသော သို့မဟုတ် မိုက်မဲသူသော"

**"ထိုအခါ ကောင်းကင်နိုင်ငံတော်သည်ကား၊ မင်္ဂလာဆောင်လုလင်ကိုခရီးဦးကြိုပြုအံ့သောငှာ မီးခွက်ကိုကိုင်ယူ၍ ထွက်သွားသောသတို့သမီးတစ်ကျိပ်နှင့်တူ၏။ ထိုသတို့သမီးတို့တွင် ငါးယောက်သည် ပညာသတိရှိကြ၏။ ငါးယောက်မူကား၊ အမိုက်ဖြစ်ကြ၏" (မဿဲ ၂၅း၁၊၂)။**

ကျွန်ုပ်တို့သည် ခရစ်တော်၏ပုံသဏ္ဌာန်တော်နှင့်ကိုက်ညီသည်ဟု အထောက်အထားမပေးနိုင်ချိန်၊ ကျွန်ုပ်တို့သည် အကျင့်ဟောင်းများကိုဖက်တွယ်လျက်၊ ကျွန်ုပ်တို့၏အထည်သားကို လောကီအတွေးအခေါ်များနှင့်ဓလေ့ချည်မျှင်များဖြင့်ရက်လုပ်နေစဉ်၊ ကျွန်ုပ်တို့သည် အသင်းသားများဖြစ်သောကြောင့် ကယ်တင်ခြင်းခံရသည်ဟူသောအတွေးအခေါ်ပေါ်၌ တည်နေရန်မဟုတ်ချေ။

ဤကမ္ဘာ၏နောက်ဆုံးချိန်ညနေခင်းတွင် အပျိုကညာဆယ်ဦးသည် စောင့်ဆိုင်းနေကြသည်။ သူတို့အားလုံးသည် ခရစ်ယာန်များဖြစ်သည်ဟု ပြောဆိုကြသည်။ သူတို့အားလုံးသည် ခေါ်တော်မူခြင်း၊ အမည်နာမနှင့်မီးခွက်ရှိကြသည်။ ပြီးနောက် သူတို့အားလုံးဘုရားသခင်၏အမှုတော်ကိုထမ်းဆောင်သည်ဟုပြောကြသည်။ သူတို့အားလုံးကိုကြည့်ရသည်မှာ ကိုယ်တော်ပေါ်ထွန်းခြင်းကိုစောင့်မျှော်နေကြသည်။ သို့ရာတွင် ငါးယောက်သည်ချို့တဲ့ကြသည်။ ထိုငါးယောက်သည် မင်္ဂလာပွဲခန်းမ၏အပြင်သို့ရောက်နေသည်ကို အံ့သြတုန်လှုပ်ချောက်ချားကြလိမ့်မည်။ (RH, Oct. 31, 1899).

ကျွန်ုပ်တို့ကိုပညာရှိသတို့သမီး သို့မဟုတ် ပညာမဲ့သတို့သမီးတစ်ခုခုအားဖြင့် ပုံဆောင်ထားသည်။ ယေရှု၏ခြေရင်းတွင်နေပြီး ကိုယ်တော်ကိုမသင်ယူမည့်သူများစွာရှိနေသည်။ သူတို့သည် ကိုယ်တော်၏နည်းဥပဒေသများကိုမသိကြချေ။ သူတို့သည် ကိုယ်တော်ကြွလာခြင်းအတွက် မပြင်ဆင်ကြချေ။ သူတို့သည် မိမိတို့၏သခင်ဘုရားကိုစောင့်ဟန်ဆောင်နေကြသည်။ သူတို့သည် ချစ်ခြင်းအားဖြင့်ပြုပြင်တတ်သောယုံကြည်ခြင်းနှင့် အသက်ဝိညာဉ်ကိုစင်ကြယ်စေသောယုံကြည်ခြင်းဖြင့် ဆုတောင်းစောင့်မျှော်ခြင်းမရှိကြ။ သူတို့သည် အမှုမဲ့အမှတ်မဲ့နေထိုင်ကြသည်။ သူတို့သည် သမ္မာတရားကိုကြား၍ လက်ခံပြီးဖြစ်သော်လည်း လက်တွေ့အသက်တာတွင် ကျင့်သုံးခြင်းမရှိကြချေ။ ကျေးဇူးတော်၏ဆီသည် သူတို့၏မီးခွက်များကိုမလင်းစေချေ။ ပြီးနောက်သူတို့သည် သိုးသငယ်၏မင်္ဂလာညစာစားပွဲသို့ဝင်ရန် ပြင်ဆင်မှုမရှိကြ။ (RH, Oct. 31, 1899).

သူတို့သည် ခရစ်တော်၏အမိန့်ကိုမလိုက်လျှောက်ဘဲလျက် ဘုရားသခင်၏ကတိတော်ကိုမတောင်းဘဲ မိမိဥစ္စာအဖြစ်မှတ်ယူသူ မိုက်မဲသောသတို့သမီးကဲ့သို့မဖြစ်ကြပါနှင့်။ နှုတ်ဖြင့်ဝန်ခံခြင်းသက်သက်သည် ဘာမျှမဟုတ်ကြောင်း ခရစ်တော်သွန်သင်တော်မူသည်။ ကိုယ်တော်သည် "ငါ၌ဆည်းကပ်လိုသောသူဖြစ်လျှင် ကိုယ်ကိုကိုယ်ငြင်းပယ်ရမည်။ ကိုယ်လက်ဝါးကပ်တိုင်ကိုထမ်း၍ ငါ့နောက်သို့လိုက်ရမည်" ဟုမိန့်တော်မူသည်။

သန့်စင်ခြင်းလုပ်ငန်းစဉ်တွင် ဘုရားသခင်၏စမ်းသပ်ခြင်းကိုခံရ၍၊ မီးဖိုကမီးသည် အဖျင်းကိုစားပစ်ပြီး၊ စင်ကြယ်သည့်စာရိတ္တကိုပုံဆောင်သည့်ရွှေစင်ပေါ်လာသောအခါ၊ ကျွန်ုပ်တို့သည် ပေါလုနှင့်အတူ "ထိုသို့ဆိုသော်အကျိုးကိုခံရပြီ၊ စုံလင်ခြင်းသို့ရောက်ရပြီဟုငါမဆိုလို။ . . ထိုအကျိုးကိုကိုင်မိခြင်းငှာ ငါပြေး၍လိုက်သေး၏။ . . နောက်ကျသောအရာတို့ကိုမမှတ်ဘဲ ရှေ့၌ရှိသောအရာတို့ကိုလှမ်းကမ်း၍၊ ယေရှုခရစ်အားဖြင့် ဘုရားသခင်သည် အထက်အရပ်မှခေါ်တော်မူခြင်းနှင့်ဆိုင်သောဆုကိုရခြင်းငှာ ပန်းတိုင်သို့ငါလိုက်ပြေး၏" ဟုပြောဆိုနိုင်သေးသည်။ (RH, Oct. 31, 1899).

–၀–

## ဖေဖော်ဝါရီ (၁၆)

# “အချိန်တိုင်းသည်ယခုချိန်ကဲ့သို့ဖြစ်ရမည်”

**“သို့ဖြစ်၍ လူသားသည်ကြွလာအံ့သောနေ့ရက်အချိန်နာရီကို သင်တို့သည်မသိသောကြောင့် စောင့်နေကြလော့” (မဿဲ ၂၅း၁၃)။**

ခရစ်တော်ကြွလာခြင်းသည် လူအားလုံးအိပ်နေသောအချိန်သန်းခေါင်ယံကဲ့သို့ဖြစ်မည်။ နေမဝင်မီလူတိုင်း မိမိ၏စာရင်းကိုရှင်းထားလျှင်ကောင်းလိမ့်မည်။ မိမိနှင့်သူတစ်ပါးအကြား၊ မိမိ၏လုပ်ဆောင်မှုအားလုံးသည် မှန်ကန်ပြီး၊ အပေးအယူအားလုံးသည်လည်း မျှတမှုရှိရမည်။ မရိုးသားမှုအားလုံး၊ အပြစ်ရှိသောအကျင့်အားလုံးကို ဖယ်ထုတ်ရမည်။ ကျေးဇူးတော်ဆီသည် သင့်မီးခွက်တွင်ရှိနေရမည်။. . . ဘုရားဝတ်၌မွေ့လျော်ဟန်ရှိသော်လည်း ပြောင်းလဲခြင်းတန်ခိုးကိုငြင်းပယ်သောသူ၊ ခရစ်တော်ကိုသခင်၊ သခင်ဟုခေါ်သော်လည်း ခရစ်တော်၏ပုံသဏ္ဍာန်တော်နှင့် ကမ္ပည်းထိုးထားခြင်းမရှိသူ၏အခြေအနေသည် ဝမ်းနည်းဖွယ်ပင်ဖြစ်သည်။. . .

ဘုရားသခင်သည် စမ်းသပ်စစ်ဆေးသောအချိန်၊ ကရုဏာနေ့ရက်တစ်ရက် ကြင်နာစွာဖြင့်ပေးသနားတော်မူသည်။ ကိုယ်တော်သည် “တွေ့နိုင်သည်ကာလတွင် ထာဝရဘုရားကိုရှာကြလော့။ နီးတော်မူသည်ကာလတွင် ဆုတောင်းပတ္ထနာပြုကြလော့” ဟုဖိတ်ခေါ်နေတော်မူသည်။. . .

ယနေ့ကရုဏာအသံသည်ခေါ်နေသည်။ ယေရှုသည်လူတို့အား မိမိ၏မေတ္တာကြိုးမျှင်းဖြင့် ဆွဲယူနေတော်မူသည်။ သို့ရာတွင် ယေရှုသည် လက်စားချေသည့်ဝတ်လုံတော်ကိုဝတ်မည့်အချိန်ရောက်လာလိမ့်မည်။. . . လောက၏ဆိုးသွမ်းမှုသည် နေ့စဉ်နှင့်အမျှတိုးပွားလာနေသည်။ ထိုနောက်သတ်မှတ်ထားသည့်မျဉ်းကိုကျော်လာသောအခါ၊ မှတ်တမ်းရေးသွင်းခြင်းကို



ပိတ်ကာ စာရင်းအားလုံးကိုရှင်းထုတ်မည်။ အပြစ်အတွက်ယဇ်ပူဇော်ခြင်းရှိတော့မည်မဟုတ်ပါ။ သခင်ဘုရားကြွလာတော်မူမည်။ ကရုဏာတရားသည် မေတ္တာလက်၊ စိတ်ရှည်သည်းခံခြင်းလက်ကို အပြစ်ရှိဤလောကသို့ကြာမြင့်စွာကမ်းပေးခဲ့သည်။ “ငါ၏အစွမ်းသတ္တိကိုကိုးစားပါ” ဟူသောဖိတ်ခေါ်မှုကိုလည်းပြုခဲ့ပြီ။ သို့သော်လူတို့သည် ကိုယ်တော်၏ကရုဏာနှင့်ကျေးဇူးတော်ကိုငြင်းပယ်ဝံ့ကြသည်။

အဘယ်ကြောင့် သခင်ဘုရားသည် မိမိကြွလာခြင်း၌ကြန့်ကြာရသနည်း။ ကောင်းကင်သားတစ်ခုလုံးသည် ဤပျောက်ဆုံးသောကမ္ဘာအတွက်နောက်ဆုံးအမှုပြီးစီးမည့်အချိန်ကိုစောင့်နေကြသည်။ သို့ရာတွင်အလုပ်ကစောင့်နေသည်။ အဘယ်ကြောင့်ဆိုသော် မိမိတို့မီးခွက်၌ကျေးဇူးတော်ဆီရှိသည်ဟုပြောဆိုသည့် အနည်းငယ်သောသူတို့သည် ဤလောကတွင်တောက်ပလင်းလက်သောမီးများဖြစ်မလာကြချေ။ အကြောင်းမှာ သာသနာပြုသူတို့သည်နည်းသောကြောင့်ဖြစ်သည်။. . .

တစ်ပတ်ပြီးတစ်ပတ်၊ တစ်ရက်ပြီးတစ်ရက် သတ်မှတ်ထားသောတရားစီရင်ခြင်းအချိန်သည် သာ၍နီးလာလေဖြစ်သည်။ အလိုလေး၊ များစွာသောသူတို့သည် ခံစားချက်အပေါ်မူတည်ပြီး၊ စိတ်ခံစားမှု၏ထိန်းချုပ်ခြင်းခံရသော ပြတ်တောင်းပြတ်တောင်းဘာသာရေးမျိုးသာရှိကြသည်။ “အကြင်သူသည် အဆုံးတိုင်အောင်တည်ကြည်၏။ ထိုသူသည် ကယ်တင်ခြင်းသို့ရောက်လိမ့်မည်။” ထို့ကြောင့် သင်တို့စိတ်နှလုံးတွင် ကျေးဇူးတော်ဆီရှိမရှိစစ်ဆေးပါ။ ဤအရာကိုပိုင်ဆိုင်ခြင်းသည် တရားစီရင်ခြင်း၌ သင့်အတွက်ခြားနားမှုဖြစ်စေလိမ့်မည်။ (RH, March 27, 1894).

–o–

ဖေဖော်ဝါရီ (၁၇)

## “နောက်ဆုံးစောင့်မျှော်ခြင်း”

**“အိမ်ရှင်သည် ညဦးအချိန်၊ သန်းခေါင်အချိန်၊ ကြက်ဦးတွန်ချိန်၊ နံနက်အချိန်တို့တွင် အဘယ်အချိန်၌လာမည်ကို သင်တို့မသိသောကြောင့် စောင့်နေကြလော့။ သို့မဟုတ် အမှတ်တမဲ့လာ၍ သင်တို့အိပ်ပျော်သည်ကိုတွေ့လိမ့်မည်” (မာကု ၁၃း၃၅၊၃၆)။**

လူအုပ်တစ်စုကိုကျွန်ုပ်မြင်ခဲ့သည်။ . . . သူတို့မျက်လုံးများသည် ကောင်းကင်သို့မျှော်ကြည့်လျက်၊ “စောင့်နေကြလော့ဟု သင်တို့အားငါဆိုသည် အတိုင်း ခပ်သိမ်းသောသူတို့အားငါဆိုသည်” ဟူသော သူတို့သခင်မိန့်တော်မူချက်သည် သူတို့နှုတ်၌ရှိနေသည်။ . . . နံနက်အလင်းနောက်ဆုံးအရုဏ်မတက်မီ ထာဝရဘုရားသည် နှောင့်နှေးသည်ကိုအသိပေးတော်မူသည်။ သို့သော် ကိုယ်တော်သည် သူတို့စိတ်ပူပန်စေရန်၊ သို့မဟုတ် စိတ်ထက်သန်စွာစောင့်နေခြင်းမှလျှော့လိုက်ရန် အသိပေးခြင်းမဟုတ်ချေ။ အဘယ်ကြောင့်ဆိုသော် သူတို့မျှော်လင့်သကဲ့သို့ အလျင်အမြန်နံနက်အရုဏ်မလင်းသောကြောင့်ဖြစ်သည်။

လောကရေးရာမြတ်နိုးစိတ်ဝင်စားမှု၊ လောကရေးရာပိုင်ဆိုင်မှုများတိုးပွားနေစေခြင်းတို့ရှိနေလျက်ပင် ကျွန်ုပ်တို့၏ကယ်တင်ရှင်မိန့်မှာသကဲ့သို့ စောင့်မျှော်ရန်မှာမဖြစ်နိုင်ကြောင်းကို ကျွန်ုပ်မြင်တွေ့ခဲ့သည်။ ကောင်းကင်တမန်က “သူတို့သည် တစ်ခုကိုသာရရှိနိုင်မည်။ ကောင်းကင်ဆိုင်ရာဘဏ္ဍာကိုဆည်းပူးနိုင်ရန် လောကအရာများကို သူတို့စွန့်လွှတ်ရမည်။ နှစ်ခုစလုံးကို သူတို့မရနိုင်” ဟုပြောဆိုခဲ့သည်။ . .

လွန်ခဲ့သောအချိန်က စောင့်ပြီးရင်းစောင့်မျှော်သည်ကို ကျွန်ုပ်မြင်ခဲ့သည်။ ဤအရာကြောင့် သတိဝီရိယကိုစွန့်လွှတ်ရတော့မည်လော။ မစွန့်ရပါ။ ယခုအချိန်သည် ယခင်စောင့်စဉ်အချိန်ကထက် သာ၍နည်းနေပြီဖြစ်သောကြောင့် မနားတမ်းစောင့်မျှော်ခြင်းသည် သာ၍ကြီးမားစွာလိုအပ်နေသည်။ အကယ်၍ကျွန်ုပ်တို့သည် မလျှော့သောဝီရိယဖြင့်စောင့်ခဲ့ပြီးဖြစ်၍ ယခုအချိန်တွင်စောင့်မျှော်ခြင်းကို နှစ်ဆတိုးမြှင့်ရန် မည်မျှသာ၍လိုအပ်မည်နည်း။ ထိုမျှမက နောက်ဆုံးချိန်တွင် သုံးဆမျှစိတ်အားထက်သန်မှုရှိရမည်။ ယခုအချိန်တွင် စိတ်မရှည်ခြင်းသည် ကျွန်ုပ်တို့၏စိတ်ပါလက်ပါ၊ ခွဲကောင်းကောင်းစောင့်ခဲ့သည်များကို ဆုံးရှုံးရာရောက်ပေလိမ့်မည်။ စိတ်ဓာတ်ကျခြင်းညတာရှည်သည် ခက်ခဲလှသည်။ သို့သော်နံနက်အရုဏ်လင်းမည့်အချိန်ကို ကရုဏာကြောင့်ရွှေ့ဆိုင်းလျက်ရှိသည်။ အဘယ်ကြောင့်ဆိုသော် အကယ်၍သခင်သည်ကြွလာခဲ့သော် များစွာသောသူတို့သည် မပြင်မဆင်ဘဲရှိကြသည်ကို တွေ့ရှိလိမ့်မည်။ မိမိ၏လူများပျက်စီးရန် ဘုရားသခင်၏မလိုလားမှုသည် ကြာရှည်ကြန့်ကြာရခြင်း၏အကြောင်းရင်းဖြစ်သည်။ . .

လောကကိုချစ်သူတို့နှင့် ခရစ်တော်ကိုချစ်သူတို့ကြား ခြားနားမှုသည် အလွန်ပေါ်လွင်သောကြောင့် မမှားနိုင်ချေ။ လောကကိုချစ်သူတို့သည် လောကရေးရာဘဏ္ဍာများလုံခြုံစေရန် စိတ်အားအလွန်ထက်သန်ပြီး ၎င်းအတွက်ရည်မှန်းချက်ထားနေစဉ်တွင် ဘုရားသခင်၏လူတို့မှာမူ လောက၏အစဉ်အလာကို မလိုက်ဘဲ သူတို့၏စိတ်ထက်သန်စောင့်မျှော်သည့်ရပ်တည်ချက်အားဖြင့် သူတို့သည်ပြောင်းလဲပြီးသူများဖြစ်ကြောင်း သူတို့၏အိမ်သည် ဤလောကမဟုတ်ဘဲ သူတို့သည်သာ၍ကောင်းသောတိုင်းပြည်၊ ကောင်းကင်နိုင်ငံကိုပင် ကြိုးစားရှာဖွေနေကြောင်းကိုပြသကြသည်။ (2T, pp. 192-194).

–၀–

ဖေဖော်ဝါရီ (၁၈)

## “တစ်ခုတည်းသောလုံ့ခြုံသည့်လမ်းစဉ်”

**“စုံစမ်းနှောင့်ယှက်ခြင်းနှင့်ကင်းလွတ်မည်အကြောင်း ဆုတောင်းလျက်စောင့်နေကြလော့” (မဿဲ ၂၆း၄၁)။**

ဘုရားသခင်၏ကျန်ကြွင်းသောသူတို့ကိုနိုးကြွစေရန် ကျွန်ုပ်ဘာပြောရမည်နည်း။. . . ခရစ်တော်၏နာမတော်ကိုဝန်ခံသူအားလုံးအား မိမိတို့ကိုယ်ကိုအနီးကပ်စစ်ဆေးကာ၊ ကြိုတင်တရားစီရင်ခြင်း၌ မှတ်တမ်းယူသောကောင်းကင်တမန်သည် မိမိတို့၏နာမည်ဘေးတွင် အပြစ်လွတ်ပြီဟုရေးသားနိုင်စေရန် မိမိတို့၏အမှားအားလုံးကို မခြွင်းမချန်အပြည့်အဝဝန်ခံရန် ကျွန်ုပ်သတိပေးသည်။ ကျွန်ုပ်၏မောင်နှမတို့၊ အကယ်၍ ဤတန်ဖိုးရှိသောကရုဏာအချိန်ကို တိုးတက်အောင်မပြုသော်၊ သင်၌အကျိုးအကြောင်းပြစရာမရှိချေ။ သင်သည်နိုးကြားဖို့ရန် အထူးအားထုတ်မှုမရှိ၊ နောင်တရရန်စိတ်ထက်သန်မှုမဖော်ပြခဲ့သော်၊ ဤတန်ဖိုးရှိသောအချိန်သည် မကြာမီလွန်သွားကာ၊ သင်သည်ချိန်ခွင်၌လျော့နေလိမ့်မည်။ (1T, p. 263).

“ဆုတောင်းလျက်စောင့်နေကြလော့” ဟူသောသတိပေးချက်တွင်၊ ခရစ်တော်သည် တစ်ခုတည်းသောလုံခြုံသည့်လမ်းစဉ်ကို ညွှန်ပြတော်မူခဲ့သည်။ စောင့်မျှော်နေခြင်းလိုအပ်သည်။ ကျွန်ုပ်တို့၏စိတ်နှလုံးသည် အလွန်လှည့်စားတတ်သည်။ လူသား၏အားနည်းချည့်နဲ့မှုများက ကျွန်ုပ်တို့ကိုဝန်းရံထားပြီး၊ စာတန်သည် ဖျက်ဆီးရန်ကြံရွယ်နေသည်။ ကျွန်ုပ်တို့သည် သတိလက်လွတ်ဖြစ်နိုင်သည်။ သို့သော် ကျွန်ုပ်တို့၏ရန်သူသည် ဘယ်ခါမျှမပျင်းရိချေ။ သူ၏မမောပန်းနိုင်သည့်ဝီရိယကိုသိရှိပြီး၊ အခြားသူများကဲ့သို့မအိပ်ဘဲလျက်၊ “သမ္မာသတိရှိ၍စောင့်ကြကုန်အံ့။” လောက၏စိတ်ဓာတ်နှင့်သြဇာလွှမ်းမိုးမှုကိုတွေ့ဆုံရကြမည်။ သို့ရာတွင် ၎င်းတို့သည် ကျွန်ုပ်တို့၏စိတ်နှလုံးကိုပိုင်ဆိုင်ခွင့်မပေးရချေ။ (5T, p. 409).

ထာဝရအလင်းရှုထောင့်မှ သင့်ကိုယ်ပိုင်စိတ်နှလုံးကို အနီးကပ်စစ်ဆေးပါ။ ထိုသို့စစ်ဆေးရာတွင် တစ်ခုမျှဖုံးကွယ်မထားနှင့်။ သင့်အသက်တာကိုစိစစ်ပါ။ မိမိကိုယ်ကိုအပြစ်တင်ပါ။ မိမိကိုယ်ကိုစီရင်ချက်ချပါ။ ထိုအခါသင့်၏ခရစ်ယာန်စာရိတ္တမှ အစွန်းအထင်းများကိုဖယ်ရှားနိုင်ရန် ခရစ်တော်၏သန့်ရှင်းစေသောအသွေးတော်ကိုယုံကြည်ခြင်းအားဖြင့်တောင်းဆိုပါ။ မိမိကိုယ်ကိုမချီးမြှောက်နှင့်။ ခွင့်လည်းမလွှတ်နှင့်။ သင့်ဝိညာဉ်ကိုမှန်မှန်ကန်ကန်ကိုင်တွယ်ပါ။ ထိုအခါသင့်ကိုယ်သင်အပြစ်သားအဖြစ်ရှုမြင်သောအခါ၊ စိတ်နှလုံးကြေကွဲလျက် လက်ဝါးကပ်တိုင်ခြေရင်းတွင်ပျပ်ဝပ်ပါ။ ယေရှုသည် သင့်အားသင်ဆိုးညစ်သည့်အတိုင်းလက်ခံ၍၊ ကောင်းကင်တမန်အပေါင်းနှင့်စင်ကြယ်ခြင်းအရာမှ ကောင်းကင်နှင့်လိုက်ဖက်အောင်ရှိနေမည်။ ထိုနေရာတွင် ထိတ်လန့်တုန်လှုပ်ခြင်း၊ သဘောထားကွဲလွဲခြင်းမရှိတော့ချေ။ အရာရာသည် ကျိန်းမာခြင်း၊ ပျော်ရွှင်ခြင်းနှင့်ဝမ်းမြောက်ခြင်းများသာဖြစ်တော့သည်။ (2T, p. 81).

ဤလောကသည် သာ၍အဆင့်မြင့်သောကျောင်းအတွက် သင်တန်းကျောင်း၊ ဤအသက်တာသည် နောင်လာမည့်အသက်တာအတွက်ပြင်ဆင်ခြင်းဖြစ်သည်။ ကောင်းကင်နိုင်ငံသို့ဝင်စားနိုင်ရန် ဤလောကတွင်ကျွန်ုပ်တို့သည် ပြင်ဆင်နှင့်ပြီးဖြစ်ရမည်။ အလင်းတော်၌ သန့်ရှင်းသူများနှင့်အတူအိမ်တော်အတွက် ကျွန်ုပ်တို့သည်အဆင်သင့်မရှိမချင်း၊ ကျွန်ုပ်တို့သည် သမ္မာတရားကိုလက်ခံ၊ ယုံကြည်ပြီး လက်တွေ့ကျင့်သုံးရမည်။ (8T, p. 200).

–၀–

ဖေဖော်ဝါရီ (၁၉)

## "အကျင့်ပါသောယုံကြည်ခြင်း"

**"ခပ်သိမ်းသောအမှုအရာတို့သည် အဆုံးသို့ရောက်လုသည်ဖြစ်သောကြောင့် သမ္မာသတိရှိကြလော့။ ဆုတောင်းခြင်းအလို့ငှာ စောင့်နေကြလော့" (၁ပေတရု ၄း၇)။**

အရာရာသည် အဆုံးသို့ရောက်လုကာ ကမ္ဘာ၏သမိုင်းသည်လည်း အလျင်အမြန်အဆုံးပိုင်းရောက်နေကြောင်း သင်ယုံကြည်ပါသလား။ ယုံကြည်သော်၊ သင့်ယုံကြည်ခြင်းကိုအလုပ်ဖြင့်ပြပါ။ လူတစ်ယောက်သည် သူ၌ရှိသောယုံကြည်ခြင်းအားလုံးကိုပြသလိမ့်မည်။ လူတချို့က သူတို့၌ယုံကြည်ခြင်းပမာဏများစွာရှိသည်ဟု ယူဆကြသည်။ သို့သော် သူတို့၏ယုံကြည်ခြင်းသည် အသေဖြစ်သည်။ အကြောင်းမှာ ၎င်းကိုအလုပ်ကအတည်ပြုခြင်းမပြုချေ။ "အကျင့်နှင့်ကင်းသောယုံကြည်ခြင်းသည် တစ်ပါးတည်းရှိသောကြောင့် အသေဖြစ်၏။" လူအနည်းငယ်တို့သည် မေတ္တာဖြင့်ပြုပြင်၍၊ အသက်ဝိညာဉ်ကိုစင်ကြယ်စေသည့် စစ်မှန်သောယုံကြည်ခြင်းရှိသည်။ သို့သော် ထာဝရအသက်ကိုထိုက်တန်သည်ဟု ယူဆသူအားလုံးတို့သည် အလားတူယုံကြည်ခြင်းအတွက် ကိုယ်ကျင့်တရားကောင်းမွန်ခြင်းကိုရရှိရမည်။ "ချစ်သူတို့၊ ယခုတွင်ငါတို့သည် ဘုရားသခင်၏သားဖြစ်ကြ၏။ နောက်မှအဘယ်သို့သောသူဖြစ်မည်ဟုမထင်ရှားသေး။ သို့သော်လည်း ကိုယ်တော်သည် ထင်ရှားပေါ်ထွန်းတော်မူသောအခါ၊ ငါတို့သည် ကိုယ်တော်နှင့်တူလတ္တံ့ဟု ငါတို့သိကြ၏။ အကြောင်းမူကား၊ ကိုယ်တော်ဖြစ်တော်မူသည့်အတိုင်း ငါတို့သည်မြင်ရကြလတ္တံ့။ ထိုသို့မျှော်လင့်သောသူမည်သည်ကား၊ ကိုယ်တော်သန့်ရှင်းတော်မူသည်နည်းတူ၊ ကိုယ်ကိုကိုယ်သန့်ရှင်းစေတတ်ကြ၏။" ဤအရာသည် သင့်ရှေ့၌ရှိသောလုပ်ရမည့်အရာဖြစ်သည်။



သင်သည် မိမိ၏အလိုအားလုံးကိုစွန့်ကာ၊ ဘုရားသခင်အဖို့အသက်ရှင်ရမည်။" သင်တို့သည် ခရစ်တော်နှင့်အတူထမြောက်ကြသည်မှန်လျှင်၊ ဘုရားသခင်၏လက်ယာတော်ဘက်မှာ ခရစ်တော်သည် ထိုင်တော်မူသည်အရပ်၌ရှိသော အထက်အရာတို့ကိုရှာကြလော့။ မိမိကိုယ်ကိုတိုင်ပင်ရန်မဟုတ်ချေ။ မာန်မာန၊ မိမိကိုယ်ကိုသာချစ်ခြင်း၊ တစ်ကိုယ်ကောင်းဆန်ခြင်း၊ ဝိသမလောဘ၊ အငမ်းမရဖြစ်ခြင်း၊ လောကကိုခင်တွယ်ခြင်း၊ မုန်းတီးခြင်း၊ မသင်္ကာခြင်း၊ မနာလိုခြင်း၊ မကောင်းသည့်ရမ်းဆခြင်းအားလုံးကိုနှိမ်နင်း၍ အစဉ်စွန့်လွှတ်ရမည်။ ခရစ်တော်ပေါ်ထွန်းတော်မူသောအခါ ဤမကောင်းမှုများကိုပိုင်ဆိုင်လျက်၊ ကိုယ်တော်ကြွလာခြင်းအတွက် ကိုယ်ကျင့်တရားသင့်လျော်မှုရှိသည်ဟုဆိုလျှင် မှန်ကန်မည်မဟုတ်ချေ။ ဤပြင်ဆင်မှုကို ကိုယ်တော်မကြွလာမီပြုလုပ်ရမည်။ ကယ်တင်ခြင်းသို့ရောက်ရန် ဘာလုပ်ရမည်နည်း။ ဘုရားသခင်သည် ကျွန်ုပ်တို့ကိုထောက်ခံနိုင်ရန် ကျွန်ုပ်တို့၏အပြုအမူသည် ဘာဖြစ်ရမည်နည်းဟူသည့်အတွေး၊ လေ့လာမှုနှင့်မေးခွန်းတို့၏အကြောင်းကိစ္စဖြစ်ရမည်။

ညည်းတွားပြစ်တင်ရန်နှင့်စိတ်ပူပန်မှုမွေးမြူရန်၊ ဘေးလူတို့အားထိခိုက်စေရန်နှင့် ထိုသို့ပြုခြင်းဖြင့် မိမိကိုယ်ကိုထိခိုက်စေရန် သွေးဆောင်ခြင်းခံရသောအခါ၊ ဘုရားသခင်၏ရာဇပလ္လင်ရှေ့တွင် အပြစ်မရှိဘဲကျွန်ုပ်ရပ်နိုင်မည်လောဟူသော လေးနက်စိုးရိမ်ဖွယ်မေးခွန်းကို သင့်စိတ်နှလုံးထဲမှမေးပါ။ အပြစ်ကင်းမဲ့သောသူသာလျှင် ထိုနေရာ၌ရှိနေလိမ့်မည်။ ဤလောက၏အမှိုက်သရိုက်များဖြင့် စိတ်နှလုံးပြည့်နေချိန်တွင် မည်သူမျှမသေနိုင်သောအဖြစ်သို့ပြောင်းလဲပြီး ကောင်းကင်ဘုံသို့ဝင်စားနိုင်မည်မဟုတ်ချေ။ ကိုယ်ကျင့်တရား၏အနာအဆာမှန်သမျှကို ကုစားရပါမည်။ အစွန်းအထင်းတိုင်းကိုစင်ကြယ်စေသော ခရစ်တော်၏အသွေးတော်အားဖြင့်ဖယ်ရှားရမည်။ ပြီးနောက် အကျည်းတန်မနှစ်သက်ဖွယ်အကျင့်အားလုံးကို အောင်နိုင်ရပါမည်။ (1T, pp. 704,705).

–o–

ဖေဖော်ဝါရီ (၂၀)

# "စာတန်၏ကိုယ်စားလှယ်များကိုသတိပြုပါ"

**"ဝိညာဉ်တော်သည် အတိအလင်းဗျာဒိတ်ထားတော်မူသည်ကား၊ နောင်ကာလ၌. . . လူအချို့တို့သည် ယုံကြည်ခြင်းကိုစွန့်ပယ်၍၊ လှည့်ဖြားတတ်သောစိတ်ဝိညာဉ်တို့၌လည်းကောင်း၊ နတ်ဘုရားတို့နှင့်ဆက်စပ်သောဩဝါဒတို့၌လည်းကောင်း မှီဝဲဆည်းကပ်ကြလိမ့်မည်" (၁တိမောသေ ၄း၁၊၂)။**

၁၈၄၄ ခုနှစ်ကိုကျော်လွန်လာသောအချိန်တွင် အယူသီးသည့်ဝါဒအမျိုးမျိုးကိုတွေ့ခဲ့ရသည်။. . . အတိတ်ကအတွေ့အကြုံသည် တစ်ကျော့ပြန်လာဦးမည်။ အနာဂတ်တွင် စာတန်၏အယူသီးမှုများသည် ပုံစံအသစ်ဖမ်းယူလိမ့်မည်။ အမှားများကိုနှစ်သက်ဖွယ်၊ မျက်နှာချိုသွေးသည့်ပုံစံများဖြင့် တင်ဆက်လိမ့်မည်။ အလင်းဝတ်လုံဖြင့်ဆင်မြန်းထားသည့် မှားယွင်းသောအယူအဆများကို ဘုရားသခင်၏လူတို့ထံသို့တင်ဆက်လိမ့်မည်။ ထို့ကြောင့် စာတန်သည် ဖြစ်နိုင်လျှင် ရွေးချယ်သောသူတို့ကိုပင် လှည့်ဖြားရန်ကြိုးစားလိမ့်မည်။ အဖြားယောင်းနိုင်ဆုံးသောအရှိန်အဝါများကိုအသုံးပြုကာ၊ စိတ်နှလုံးများကို ညို့ယူဖမ်းစားလိမ့်မည်။

ရေမလွှမ်းမိုးမီက လူတို့အကြားရှိနေခဲ့သည့် အလားတူအကျင့်ပျက်ခြစားမှုမျိုးစုံကို ဖမ်းစားထားသည့်စိတ်ထဲတွင်ထည့်ပေးလိမ့်မည်။ ဘုရားသခင်ကဲ့သို့ ချီးမြှောက်ခံလိုသည့်သဘောတရား၊ ထိန်းမနိုင်သိမ်းမရသည့်လူသား၏ဆန္ဒ၊ ဘုရားတရားမရှိသူတို့၏အကြံပြုချက် စသည်တို့ကိုစာတန်သည် မိမိ၏ကိုယ်စားလှယ်များအဖြစ် တချို့သောအရာများကိုအဆုံးသတ်ရန် အသုံးပြုလိမ့်မည်။ သူသည် မိမိ၏အကြံအစည်ကိုဖော်ဆောင်ရန်စိတ်များအပေါ်၌စိတ်တန်ခိုးကိုအသုံးပြုမည်။ ဤအရာအားလုံး၏ဝမ်းနည်းဖွယ်အကောင်းဆုံးမှာ



သူ၏လှည့်ဖြားသည့်အရှိန်အဝါအောက်တွင် လူတို့သည် ဘုရားသခင်နှင့်အတူ စစ်မှန်သောအဆက်အသွယ်မရှိပါဘဲလျက်၊ ဘုရားတရားရှိသည့်ဟန်ဖမ်းနေကြလိမ့်မည်။ ကောင်းမကောင်းသိကျွမ်းရာအပင်၏အသီးကိုစားခဲ့သည့် အာဒံနှင့်ဧဝကဲ့သို့၊ များစွာသောသူတို့သည် ယခုပင်လျှင်အမှား၏လှည့်ဖြားသောတစ်လုတ်စာကို စားသုံးနေကြသည်။

စာတန်ပင်လျှင် ဧဒင်ဥယျာဉ်တွင် မြွေမှတစ်ဆင့်စကားပြောခြင်းအားဖြင့် မိမိ၏အဖြစ်မှန်ကိုဖုံးကွယ်ထားခဲ့သကဲ့သို့ စာတန်၏ကိုယ်စားလှယ်တို့သည်လည်း မှားယွင်းသောအယူအဆများကို ဆွဲဆောင်မှုရှိသည့်အဝတ်အစားများဖြင့် ဆင်ပေးကြသည်။ ဤကိုယ်စားလှယ်တို့သည် အမှန်အားဖြင့်လုံးဝမှားသည့်အရာကို လူတို့စိတ်ထဲတွင်သွတ်သွင်းပေးနေသည်။ စာတန်၏ညို့ယူဖမ်းစားသည့်အရှိန်အဝါသည် ဘုရားသခင်၏ရိုးရှင်းသောနှုတ်ကပတ်မှ နှစ်သက်ဖွယ်ဒဏ္ဍာရီသို့လှည့်သွားသောသူတို့အပေါ်၌ရှိနေလိမ့်မည်။

စာတန်သည် ဖမ်းမိရန်အပတ်တကုတ်ကြိုးစားရှာဖွေသောသူတို့မှာ အလင်းတရားကိုအများဆုံးရရှိသောသူတို့ဖြစ်ကြသည်။ အကယ်၍သူသည် ထိုသူတို့ကိုလှည့်ဖြားနိုင်လျှင် သူ၏ထိန်းချုပ်မှုအောက်တွင် သူတို့သည် အပြစ်တရားကို ဖြောင့်မတ်ခြင်းဝတ်လုံနှင့်အတူဝတ်ဆင်ကာ၊ များစွာသောသူတို့ကို လမ်းလွဲစေနိုင်ကြောင်းသူသိနေသည်။

အားလုံးကိုကျွန်ုပ်မှာလိုသည်မှာ သတိရှိကြပါ။ အကြောင်းမှာ စာတန်သည် လင်းသောကောင်းကင်တမန်ကဲ့သို့ ခရစ်ယာန်အမှုဆောင်များစုရုံးသည့်နေရာတိုင်းနှင့်အသင်းတော်တိုင်းတွင် အသင်းသူ/သားများကို မိမိဘက်ပါအောင်ကြိုးစားလျက်သွားလာနေသည်။ ဘုရားသခင်လူတို့ကိုသတိပေးလိုသည်မှာ "အလွဲမယူကြနှင့်။ ဘုရားသခင်သည် မထီမဲ့မြင်ပြုခြင်းကိုခံတော်မမူ။ လူသည် မျိုးစေ့ကြဲသည်အတိုင်း အသီးအနှံကိုရိတ်ရလိမ့်မည်" (ဂလာတိ ၆း၇)။ (8T, pp. 292-294).

–၀–

ဖေဖော်ဝါရီ (၂၁)

## “ရှုပ်ဖျက်သည့်စုံစမ်းခြင်းများ”

**“ငါမရှိသည်နောက်၊ ကြမ်းတမ်းသောတောခွေးတို့သည် သိုးများကိုမသနားဘဲ သင်တို့အထဲသို့ဝင်မည်ကိုလည်းကောင်း၊ တပည့်တော်များကိုသွေးဆောင်ခြင်းငှာ မှားသောစကားကိုပြောတတ်သောလူတို့သည် သင်တို့အထဲ၌လည်းပေါ်လာမည်ကိုလည်းကောင်း ငါသိ၏” (တမန်တော် ၂၀း၂၉၊၃၀)။**

ဘုရားသခင်သည် မိမိလူတို့ကိုကျော်လွန်ပြီး၊ မိမိ၏သမ္မာတရားကို အပ်နှံထိုက်သူများအဖြစ် ဤနေရာတွင်တစ်ယောက်၊ ဟိုနေရာတွင်တစ်ယောက် စသည်ဖြင့်ရွေးချယ်တော်မမူချေ။ အသင်းတော်ဖြင့်တည်ဆောက်ထားသည့် ယုံကြည်ခြင်းနှင့်ဆန့်ကျင်သောအလင်းသစ်ကို တစ်စုံတစ်ဦးအားပေးတော်မမူချေ။ ပြုပြင်ပြောင်းလဲခြင်းတိုင်းတွင် ဤသို့ပြောဆိုတတ်သူများပေါ်လာကြသည်။

လူတစ်ယောက်သည် သမ္မာတရားနှင့်ဆန့်ကျင်ဟန်မရှိသည့် မူလအယူအဆအသစ်တချို့ကိုလက်ခံသည်။ ၎င်းသည် သူ့အတွက်လုပပြီးအရေးတကြီးရှိနေဟန်ရှိသည်။ အကြောင်းမှာ စာတန်သည် ဤမှားယွင်းသောပုံပန်းသဏ္ဍာန်ကိုပေးနိုင်သည့်တန်ခိုးရှိသည်။ အဆုံးတွင် ၎င်းသည် အားလုံးကိုသိမ်းသွင်းသည့်အာဘော်၊ အရာခပ်သိမ်း၏မဟာဗဟိုချက်မဖြစ်လာကာ၊ စိတ်နှလုံးထဲမှသမ္မာတရားကို နုတ်ယူတော့သည်။. . .

သမ္မာတရားမှစိတ်ကိုလမ်းလွဲစေသည့် ဤဘေးပန်းကိစ္စများကို သတိထားကြရန် သင်တို့အားကျွန်ုပ်သတိပေးလိုက်သည်။ အမှားသည်ဘယ်သောအခါမျှအန္တရာယ်နှင့်မကင်းချေ။ ၎င်းသည် လုံးဝတင်းတိမ်မှုမရှိဘဲ၊ ရှုပ်ထွေးခြင်းနှင့်ပြင်းပြင်းထန်ထန်သဘောထားကွဲလွဲမှုကို အမြဲယူဆောင်လာမည်။...



သမ္မာတရား၏အလင်းကိုပိုင်ဆိုင်သူများအတွက် ပြင်ဆင်ထားသည့် ရှုပ်ဖျက်ထားသောစုံစမ်းခြင်းများထောင်ချီရှိသည်။ ကျွန်ုပ်တို့မည်သူမဆိုအတွက် တစ်ခုတည်းသောလုံခြုံမှုမှာ အတွေ့အကြုံရှိညီအစ်ကိုများထံအလျင်တင်ပြခြင်းမရှိဘဲ၊ မည်သည့်ယုံကြည်ချက်အသစ်၊ သမ္မာကျမ်းစာကိုအနက်ပြန်ဆိုချက်ကိုမဆို လက်မခံရန်ဖြစ်သည်။ ၎င်းကိုသူတို့၏ရှေ့တွင် နှိမ့်ချသောစိတ်၊ သွန်သင်ရနိုင်သောစိတ်နှင့် စိတ်ပါလက်ပါဆုတောင်းခြင်းတို့ဖြင့်ချပြပါ။ အကယ်၍ သူတို့သည် ၎င်း၌အလင်းတရားကိုရှာမတွေ့သည့် သူတို့၏ဆုံးဖြတ်ချက်ကိုလိုက်နာပါ။

စာတန်သည် အမြဲလုပ်ဆောင်နေသည်။ သို့ရာတွင် လူအနည်းငယ်ကသာ သူ၏လှုပ်ရှားမှုနှင့်သိမ်မွေ့မှုကိုသိရှိကြသည်။ ဘုရားသခင်၏လူတို့သည် ဥာဏ်များသောရန်သူကိုတောင့်ခံနိုင်ရန် ပြင်ဆင်ထားရမည်။ ဤတွန်းလှန်ခြင်းကို စာတန်ထိတ်လန့်သည်။ သူသည် မိမိတန်ခိုး၏အကန့်အသတ်နှင့် အကယ်၍ကျွန်ုပ်တို့သည် သူ့ကိုရင်ဆိုင်တွန်းလှန်လျှင် မည်မျှလွယ်ကူစွာအောင်နိုင်ကြောင်းကိုသိနေသည်။ ဘုရားခွန်အားအားဖြင့် အားအနည်းဆုံးသောသန့်ရှင်းသူသည် စာတန်နှင့်သူ၏တမန်အပေါင်းကိုရင်ဆိုင်နိုင်သည်။ ပြီးနောက်အကယ်၍သူ့အားစမ်းသပ်ခဲ့သော်၊ သူသည် မိမိ၏သာလွန်သောတန်ခိုးကို ပြသနိုင်လိမ့်မည်။ ထို့ကြောင့် စာတန်၏ခြေလှမ်းများသည်လုံ၍၊ သူ၏လှုပ်ရှားမှုများသည် ခိုးကြောင်ခိုးဝှက်ဖြစ်ကာ၊ သူ၏လက်နက်များကို မျက်နှာဖုံးစွပ်ထားသည်။ သူသည် ခရစ်ယာန်တို့၏ငြိမ်နေသောစွမ်းအားများကိုမနှိုးဆွမိစေရန်နှင့် ဆုတောင်းခြင်းဖြင့်သူ့အားဘုရားသခင်ထံမပို့မိစေရန်၊ သူသည် မိမိကိုယ်ကိုမြင်သာစွာပြသရန် စွန့်စားမှုမပြုချေ။ (5T, pp. 291-294).

–o–

## ဖေဖော်ဝါရီ (၂၂)

# “အဘယ်ကြောင့်ခရစ်တော်သည်မိမိကြွလာခြင်းကိုကြန့်ကြာစေသနည်း”

**“ညီအစ်ကိုတို့၊ ငါဆိုသည်ကား ကျန်ကြွင်းသောကာလသည် ကျဉ်းကျပ်သည်” (၁ကော ၇း၂၉)။**

ဘုရားသခင်၏ကောင်းကင်တမန်တို့သည် လူတို့ထံပေးသည့်သတင်းစကားတွင် အချိန်သည် အလွန်တိုတောင်းကြောင်းတင်ပြသည်။ ထိုနည်းအတိုင်းပင် ကျွန်ုပ်အားလည်းတင်ပြသည်။ ဤသတင်းစကား၏အစောပိုင်းတွင် ကျွန်ုပ်တို့မျှော်လင့်သည်ထက် အချိန်သည်ဆက်လက်ကြာရှည်သည်မှာ အမှန်ပင်ဖြစ်သည်။ ကျွန်ုပ်တို့၏ကယ်တင်ရှင်သည် ကျွန်ုပ်တို့မျှော်လင့်သကဲ့သို့ အလျင်အမြန်ပေါ်ထွန်းတော်မမူခဲ့ချေ။ သခင်ဘုရား၏ကတိတော်သည် ပျက်သွားပြီလော။ လုံးဝမပျက်ပါ။ ဘုရားသခင်၏ကတိတော်များနှင့်ခြိမ်းခြောက်မှုများသည် အတူတူအခြေအနေတစ်ရပ်ပေါ်မူတည်ကြောင်း သတိရရမည်။

ဘုရားသခင်သည် မိမိလူတို့အား ဤကမ္ဘာတွင်ပြီးစီးအောင်ဆောင်ရွက်ရမည့်အလုပ်ကို ပေးအပ်တော်မူခဲ့သည်။ တတိယကောင်းကင်တမန်၏သတင်းစကားကို ဟောပြောရမည်ဖြစ်ကာ၊ ခရစ်တော်သည် မိမိလူတို့အတွက် အပြစ်ဖြေခြင်းပြုလုပ်ရန်ဝင်သွားသည့် ကောင်းကင်ဗိမာန်တော်သို့ ယုံကြည်သူတို့၏စိတ်ကို လမ်းကြောင်းပေးရမည်။ ဥပုသ်နေ့ပြုပြင်ပြောင်းလဲရေးကိုလည်း ရှေ့ဆက်ဆောင်ရွက်ရမည်။ ဘုရားသခင်၏ပညတ်တော်ကို ချိုးဖျက်သည့်အချက်များကိုလည်းပြုပြင်ရမည်။ ကမ္ဘာပေါ်နေထိုင်သူအပေါင်းတို့သည် သတိပေးချက်ကိုကြားသိနိုင်ရန် သတင်းစကားကို ကျယ်သောအသံနှင့်ကြွေးကြော်ရမည်။ ဘုရားသခင်၏လူတို့သည် မိမိတို့၏စိတ်ဝိညာဉ်ကို သမ္မာတရားနားထောင်ခြင်းအားဖြင့်စင်ကြယ်စေလျက်၊ ကိုယ်တော်ကြွလာချိန်၌ အပြစ်မရှိဘဲ ကိုယ်တော်ရှေ့တွင်ရပ်နိုင်ရန် ပြင်ဆင်ထားနှင့်ရမည်။

၁၈၄၄ ခုနှစ်၊ မဟာစိတ်ပျက်ခြင်းနောက်ပိုင်း မျှော်လင့်ခြင်းအသင်းသူ/သားတို့သည် မိမိတို့ယုံကြည်ခြင်းကို မြဲမြံစွာစွဲကိုင်လျက်၊ အစောပိုင်းကဘုရားသခင်၏စောင်မမှုကို စည်းစည်းလုံးလုံးလိုက်ကာ၊ တတိယကောင်းကင်တမန်သတင်းစကားနှင့် ၎င်းကိုကမ္ဘာသို့ဟောကြားရန် သန့်ရှင်းသောဝိညာဉ်တော်တန်ခိုးရရှိခဲ့မည်ဆိုလျှင်. . . ထာဝရဘုရားသည် သူတို့၏အားထုတ်မှုနှင့်အတူ အားကြီးစွာလုပ်ဆောင်ပြီး၊ အမှုတော်သည်လည်းပြီးစီးကာ၊ ခရစ်တော်သည် မိမိလူတို့ဆုလာဘ်ရရှိစေရန် အမြန်ကြွရောက်ပြီးဖြစ်လိမ့်မည်။

သို့ရာတွင် မဟာစိတ်ပျက်ခြင်းနောက်ကိုလိုက်လာသည့် သံသယနှင့်မသေချာမှုကာလတွင် ကြွလာခြင်းမျှော်လင့်သူများစွာတို့သည် မိမိတို့၏ယုံကြည်ခြင်းကို လက်လျှော့ခဲ့ကြသည်။. . . ထိုကြောင့် အမှုတော်သည်နှောင့်နှေးကာ၊ ဤလောကသည် မှောင်မိုက်တွင်ရှိနေခဲ့ရသည်။. . .

မယုံကြည်မှု၊ ညည်းတွားမှုနှင့်ပုန်ကန်မှုတို့ကြောင့် ရှေးဣသရေလတို့သည် ခါနာန်ပြည်သို့မဝင်ရဘဲ နှစ်ပေါင်းလေးဆယ်ကြာခဲ့ရသည်။ အလားတူအပြစ်များသည် ခေတ်သစ်ဣသရေလတို့၏ကောင်းကင်ခါနာန်ပြည်သို့ဝင်စားခြင်းကို ကြန့်ကြာစေလျက်ရှိသည်။ ဤဖြစ်ရပ်နှစ်ခုတွင် ဘုရားသခင်၏ကတိတော်များပျက်ခြင်းကြောင့်မဟုတ်ချေ။ ကျွန်ုပ်တို့အား ဤအပြစ်လောကတွင် နှစ်ပေါင်းများစွာဝမ်းနည်းခြင်း၌ရှိစေသောအရာမှာ ဘုရားသခင်၏လူများဟု ဝန်ခံသူတို့ကြားရှိ မယုံကြည်မှု၊ လောကီဆန်ခြင်း၊ မဆက်ကပ်ခြင်းနှင့်ပုန်ကန်ခြင်းများပင်ဖြစ်ချေသည်။ (1SM, pp. 67-69).

–၀–

## ဖေဖော်ဝါရီ (၂၃)

# "ရောက်ရမည့်ပန်းတိုင်"

**"ငြိမ်သက်ခြင်း၏အရှင်ဘုရားသခင်ကိုယ်တော်တိုင်လည်း၊ သင်တို့ကိုအကုန်အစင်သန့်ရှင်းစေတော်မူပါစေသော။ ငါတို့သခင်ယေရှုခရစ်ကြွလာတော်မူသောအခါ သင်တို့၏ကိုယ်ခန္ဓာ၊ စိတ်၊ ဝိညာဉ်အပေါင်းကို အပြစ်တင်ခွင့်နှင့်ကင်းလွတ်စေခြင်းငှာ စောင့်မတော်မူပါစေသော" (၁သက် ၅း၂၃)။**

ပေါလုသည် "ငြိမ်သက်ခြင်းအရှင်ဘုရားသခင်ကိုယ်တော်တိုင် သင်တို့ကိုအကုန်အစင်သန့်ရှင်းစေတော်မူပါစေသော" ဟုရေးသားရာ၌ သူတို့အတွက်မမှီနိုင်သည့်စံချိန်တစ်ခုကိုချိန်ရွယ်ရန် အလေးအနက်တိုက်တွန်းနေခြင်းမဟုတ်ပါ။ ဘုရားသခင်သည် ပေးရန်အလိုမရှိသည့်ကောင်းချီးများကို သူတို့ပိုင်ဆိုင်ရန် သူဆုမတောင်းခဲ့ချေ။ ငြိမ်သက်စွာခရစ်တော်ကိုတွေ့ဆုံနိုင်ရန် သင့်လျော်မည့်သူသည် စင်ကြယ်သန့်ရှင်းသောအကျင့်ကိုပိုင်ဆိုင်ရမည်။ (CTBH, p. 54).

အကယ်၍သတ္တမနေ့မြော်လင့်ခြင်းအသင်းသူ/သားတို့သည် မိမိတို့၏ယုံကြည်ချက်များကို လက်တွေ့ကျင့်သုံးပြီး သူတို့သည် စိတ်ရောကိုယ်ပါကျန်းမာရေးပြုပြင်ပြောင်းလဲသူများဖြစ်ခဲ့လျှင်၊ သူတို့သည် လောက၊ ကောင်းကင်တမန်များနှင့်လူတို့အတွက် သြချစရာဖြစ်ကြလိမ့်မည်။ ထိုနောက်သူတို့သည် သမ္မာတရားကိုဥပေက္ခာပြုသူတို့၏ကယ်တင်ခြင်းအတွက် သာ၍ကြီးမားသော စိတ်အားထက်သန်မှုကို ပြသကြလိမ့်မည်။

ခရစ်တော်မကြာမီပေါ်ထွန်းခြင်းကိုစောင့်မျှော်သည်ဟု ပြောဆိုသူတို့အကြားတွင် သာ၍ကြီးမားသောပြုပြင်ပြောင်းလဲခြင်းရှိရမည်။ ပြီးမြောက်ခြင်းမရှိသေးသည့် ကျန်းမာရေးပြုပြင်ပြောင်းလဲခြင်းကို ကျွန်ုပ်တို့လူများအကြားတွင်ပြုလုပ်ရမည်။ လူတို့သည် တိရစ္ဆာန်အသားစားနေကြသေးသောကြောင့်၊ ကာယ၊ ဉာဏ၊ ဝိဉာဏကျန်းမာရေးကို ဘေးသင့်စေသောကြောင့် အသားစားခြင်းအန္တရာယ်မှနိုးထရမည်။ အသားစားခြင်းကိစ္စတွင် တစ်ဝက်တစ်ပျက်သာပြောင်းလဲသော များစွာသောသူတို့သည် ဘုရားသခင်၏လူတို့ထံမှထွက်ခွာသွားကာ၊ သူတို့နှင့်အတူလျှောက်လှမ်းတော့မည်မဟုတ်ချေ။ (CH, p. 575).

ခံတွင်းတောင့်တမှုကိုထိန်းချုပ်နိုင်စွမ်းအားမရှိခြင်းကြောင့် လူထောင်ပေါင်းများစွာပျက်စီးရသည်။ အကယ်၍သူတို့သည် ဤအချက် (ခံတွင်းတောင့်တမှု) ကိုအောင်နိုင်ခဲ့လျှင်၊ စာတန်၏အခြားစုံစမ်းခြင်းတိုင်းကိုအောင်နိုင်မည့် ကိုယ်ကျင့်စွမ်းအားကိုပိုင်ဆိုင်ကြလိမ့်မည်။ သို့သော် ခံတွင်းအလို၏ကျေးကျွန်တို့သည် ခရစ်ယာန်စာရိတ္တကိုပြည့်စုံစေရန်တွင် ကျဆုံးကြလိမ့်မည်။ နှစ်ပေါင်းခြောက်ထောင်မျှ လူတို့၏ဆက်တိုက်ကျူးလွန်မှု၏ရလဒ်အဖြစ် ဖျားနာခြင်း၊ နာကျင်ခြင်းနှင့်သေခြင်းများ ရောက်ရှိလာရသည်။ ထိုနောက် ကျွန်ုပ်တို့သည် နောက်ဆုံးသောအချိန်နီးလာသည်နှင့်အမျှ ခံတွင်းအလိုလိုက်ရန်စာတန်၏စုံစမ်းခြင်းသည် သာ၍အားကြီးလာကာ၊ အောင်နိုင်ရန်သာ၍ခက်ခဲလာလိမ့်မည်။ (CH, p. 574).

မြေကြီး၏သဘာဝထုတ်ကုန်များအပေါ်အသက်ရှင်နေထိုင်ရန် ဘုရားသခင်၏မူလအစီအစဉ်သို့ ဘုရားသခင်သည် ကျွန်ုပ်တို့အားတစ်လှမ်းချင်းနောက်ပြန်ဆွဲယူနေသည်ကို ကျွန်ုပ်အားအကြိမ်ကြိမ်ပြသခဲ့သည်။ သခင်ဘုရား၏ကြွလာခြင်းကို စောင့်မျှော်နေသူတို့အကြားတွင် နောက်ဆုံး၌အသားစားခြင်းကိုစွန့်လွှတ်ကာ၊ သူတို့၏အစားအစာမှ အသားကိုဖယ်ရှားကြလိမ့်မည်။ ကျွန်ုပ်တို့သည် ဤသို့အဆုံးသတ်သည့်မြင်ကွင်းကိုရှေ့၌ထားကာ၊ အသားရှောင်နိုင်ရန် ပုံမှန်ကြိုးစားလုပ်ဆောင်ရမည်။ (CH, p. 450).

–o–

## ဖေဖော်ဝါရီ (၂၄)

# “နတ်ဆိုး၏အလုပ်၊ လုပ်ကိုင်ရန်အချိန်မရှိ”

**“သို့ဖြစ်၍ ဤအရာအလုံးစုံတို့သည် ကုန်စင်မည်မှန်သောကြောင့် . . . ဘုရားသခင်၏နေ့ရောက်လိမ့်မည်ဟု သင်တို့သည်မျှော်လင့်တောင့်တလျက် သန့်ရှင်းသောအကျင့်ကိုကျင့်ခြင်း၊ ဘုရားဝတ်၌မွေ့လျော်ခြင်းအားဖြင့် အဘယ်သို့သောသူဖြစ်အပ်ကြသနည်း” (၂ပေ ၃း၁၁၊၁၂)။**

သူတို့သည် ဖြောင့်မတ်ခြင်း၏ရန်သူနှင့်အတူ သူ့အလုပ်ကိုမရည်ရွယ်ဘဲလျက် စပ်တူလုပ်ဆောင်နေသလော၊ သို့တည်းမဟုတ် သူတို့သည် ခရစ်တော်၏ထမ်းပိုးကိုထမ်း၍ ကိုယ်တော်၏အမှုကိုထမ်းရွက်နေသလောဆိုသည်ကို မိမိ၏စိတ်ဝိညာဉ်ကိုဆန်းစစ်ကာ သိရှိရန်အရေးကြီးသည်။ . . .

ညီအစ်ကိုတစ်ဦးအပေါ် အခြားညီအစ်ကို၏ယုံကြည်ချက်လျော့နည်းစေရန်နှင့် သမ္မာတရားကိုယုံကြည်သည်ဟု ခံယူသူတို့အကြားတွင် သဘောထားကွဲလွဲစေရာတွင် မည်သူမဆို၊ လူတိုင်းကိုမိမိမဟာမိတ်များအဖြစ်ရရှိခြင်းကို စာတန်သည် ကျေနပ်နေလျက်ရှိသည်။ ခရစ်တော်၏မိတ်ဆွေများအဖြစ်ဝန်ခံပြီး ခရစ်တော်၏နည်းလမ်းအတိုင်းမလိုက်လျှောက်၊ မလုပ်ဆောင်သောသူတို့အားဖြင့် စာတန်သည် မိမိ၏ရည်ရွယ်ချက်ကိုအအောင်မြင်ဆုံးပြီးမြောက်စေနိုင်သည်။

ယနေ့သည် သခင်ဘုရားအတွက်ပြင်ဆင်ရာနေ့ဖြစ်သည်။ မယုံကြည်မှုအကြောင်းပြောဆိုရန် သို့မဟုတ် စာတန်၏အလုပ်ကိုလုပ်ရန် ယခုကျွန်ုပ်တို့၌အချိန်မရှိပါ။ မနာလိုသဝန်ကြောင်ခြင်းနှင့် သင်းကွဲခြင်းမျိုးစေ့ကြဲခြင်းအားဖြင့် အခြားသူတို့၏ယုံကြည်ခြင်းကို နေသားမကျဖြစ်စေခြင်းကိုသတိပြုပါ။ အကြောင်းမှာ ဘုရားသခင်သည် ပြောစကားများကိုကြား၍၊ ဟုတ်သည်၊ မဟုတ်ပါဟု အခိုင်အမာပြောဆိုခြင်းကြောင့်မဟုတ်ဘဲ၊ တစ်စုံတစ်ဦး၏လုပ်ဆောင်ချက်ရလဒ်အားဖြင့် တရားစီရင်တော်မူမည်။ . . .

သို့သော်ငြားလည်း ဘုရားသခင်၏အစေခံတို့ကို သူတို့၏နဖူးတွင် တံဆိပ်မခတ်မီတိုင်အောင် လေးမျက်နှာလေတို့ကိုကိုင်ထားလျက်ရှိသည်။ ထိုအခါလောကတန်ခိုးရှင်တို့သည် နောက်ဆုံးသောမဟာတိုက်ပွဲအတွက် မိမိတို့၏တပ်များကို စနစ်တကျစုစည်းလိမ့်မည်။ ကျွန်ုပ်တို့၏ကျန်ရှိနေသောကရုဏာအချိန်အနည်းငယ်တွင် တိုးတက်မှုရှိရန် မည်မျှဂရုစိုက်ရမည်နည်း။ မိမိတို့ကိုယ်ကို မည်မျှစိတ်ပါလက်ပါစစ်ဆေးရမည်နည်း။ . . .

စိတ်ဝိညာဉ်ကိုကြပ်မတ်ခြင်း၊ စင်ကြယ်သောစိတ်နှလုံးနှင့်အတွေးလိုအပ်လျက်ရှိသည်။ ဤအရာသည် အလွန်ထက်မြက်သည့်အစွမ်း၊ လိမ္မာပါးနပ်မှု သို့မဟုတ် အသိပညာတို့ထက်သာ၍တန်ဖိုးရှိသည်။ “ထာဝရဘုရားမိန့်တော်မူ” ချက်ကိုနားထောင်ရန် လေ့ကျင့်သောသာမန်စိတ်သည် ဘုရားသခင်၏အမှုတော်အတွက် အစွမ်းအစရှိပြီး မှန်မှန်ကန်ကန်အသုံးမပြုသောသူတို့ထက် သာ၍အရည်အချင်းပြည့်မီသည်။ . . . လူတို့သည် လောကီအရာများကိုသိသည့် မိမိတို့၏ပညာကြောင့်ဘဝင်မြင့်နိုင်သည်။ သို့သော် သူတို့သည် စစ်မှန်သောဘုရား၊ လမ်းခရီး၊ သမ္မာတရားနှင့်အသက်ဖြစ်တော်မူသောခရစ်တော်ကိုသိသောပညာမရှိခဲ့ပါသော်၊ သူတို့သည် အံ့ဩတုန်လှုပ်ဖွယ်ပညာမဲ့သူများဖြစ်ကာ၊ မိမိတို့၏အသိပညာနှင့်အတူပျက်စီးလိမ့်မည်။ လောကီပညာသည် အစွမ်းသတ္တိရှိသည်။ သို့ရာတွင် လူ့စိတ်အပေါ်ပြောင်းလဲစေနိုင်သောအရှိန်အဝါရှိသည့် နှုတ်ကပတ်တော်ကိုသိသောပညာသည် မပျက်စီးနိုင်ပေ။ (RH, Nov. 27, 1900).

–ဝ–

## “စာတန်၏နောက်ဆုံးတိုက်ပွဲ”

**“ချစ်သားတို့၊ ယခုကာလသည် နောက်ဆုံးသောကာလဖြစ်၏။ ခရစ်တော်၏ရန်သူတည်းဟူသော အန္တိခရစ်ပေါ်လာကြောင်းကို သင်တို့ကြားရသည်အတိုင်း၊ ယခုပင်အန္တိခရစ်အများရှိကြ၏။ ထိုကြောင့် ယခုကာလသည် နောက်ဆုံးသောကာလဖြစ်သည်ကိုသိရ၏” (၁ယော ၂း၁၈)။**

ရန်သူသည် အသင်းတော်ကိုတိုက်မည့် နောက်ဆုံးတိုက်ပွဲအတွက် ပြင်ဆင်နေသည်။ သူရှိနေသည်ဟု လူအများကမယုံကြည်ရန် သူသည် လူမြင်ကွင်းမှမိမိကိုယ်ကိုဖုံးဝှက်ကာ၊ သူ၏အံ့ဖွယ်လှုပ်ရှားမှုနှင့်တန်ခိုးတို့ကို သာ၍ပင်သူတို့ယုံကြည်မှုနည်းလာမည်ဖြစ်သည်။ . .

လူတို့သည် စာတန်၏ဖမ်းဆီးခြင်းခံရကာ၊ သူ၏အကြံပြုချက်များနှင့်တောင်းဆိုမှုများကိုလိုက်ရန် အလိုလိုတိမ်းညွတ်နေကြသည်။ သူသည် မကောင်းမှုကိုထိရောက်သည့် တွန်းလှန်မှုကိုတန်ပြန်ရန် မိမိကိုယ်၌တန်ခိုးမရှိချေ။ ခရစ်တော်သည် သူ့အထဲ၌အသက်ရှင်သောယုံကြည်ခြင်းအားဖြင့်တည်နေမှသာလျှင်၊ . . လူသည် ကြောက်မက်ဖွယ်ရန်သူကိုရင်ဆိုင်ရာတွင် စွန့်စားရဲလိမ့်မည်။ အခြားအကာအကွယ်တိုင်းသည် အချည်းနှီးပင်ဖြစ်သည်။ ခရစ်တော်အားဖြင့်သာလျှင် စာတန်၏တန်ခိုးသည် အကန့်အသတ်ဖြင့်ရှိသည်။ ဤအရာသည် လူတိုင်းနားလည်ရမည့် လေးနက်သောသမ္မာတရားဖြစ်သည်။ စာတန်သည် ကမ္ဘာပေါ်တွင်သွားလာကာ မည်သူ့ကိုဝါးမျိုရမည်ကိုရှာဖွေရင်း အချိန်တိုင်းအလုပ်များနေသည်။ သို့သော် ယုံကြည်ခြင်းဖြင့် စိတ်ပါလက်ပါဆုတောင်းချက်သည် သူ၏အားအကြီးဆုံးသောကြိုးစားမှုများကို တားဆီးလိမ့်မည်။ .



စာတန်သည် ဘုရားသခင်၏ကျန်ကြွင်းသောလူများ ကမ္ဘာပေါ်ကျရောက်မည့်ပျက်စီးခြင်းထဲတွင် ပါဝင်သည်ဟုမျှော်လင့်သည်။ ခရစ်တော်၏ကြွလာခြင်းနီးလာသည်နှင့်အမျှ ထိုသူများကျဆုံးစေရန် မိမိ၏ကြိုးစားမှုတွင် သူသည် သာ၍ခိုင်မာစွာဆုံးဖြတ်သည်။ ယောကျ်ား၊ မိန်းမတို့သည်ထွက်လာ၍ ယုံကြည်ခြင်းမှတ်တိုင်များကို ယိမ်းယိုင်စေရန် အသစ်သောအလင်းတရားသို့မဟုတ် ရူပါရုံအသစ်ရရှိသည်ဟုဝန်ခံကြလိမ့်မည်။ သူတို့၏ယုံကြည်ချက်တို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်ဖြင့် ဆန်းစစ်ခြင်းကိုခံနိုင်ခြင်းမရှိသော်လည်း၊ များစွာသောအသက်ဝိညာဉ်တို့သည် လှည့်ဖြားခြင်းခံရသည်။ မှားယွင်းသောသတင်းများကိုဖြန့်၍ လူတချို့သည် ဤထောင်ချောက်ထဲသို့ဆွဲသွင်းခြင်းခံရမည်။ . . ဤမှားယွင်းမှုပုံစံတိုင်းအတွက် ပြင်ဆင်လွန်းသည်ဟူ၍မရှိနိုင်ပါ။ အကြောင်းမှာ စာတန်သည် လူတို့အားသမ္မာတရားမှဆွဲယူရန် အမြဲကြိုးစားနေသောကြောင့်ဖြစ်သည်။ . .

လူတချို့၌ခိုင်မာသောအကျင့်စာရိတ္တမရှိကြချေ။ သူတို့သည် ပူတင်းဘောလုံးကဲ့သို့ဖြစ်ပြီး ပုံစံအမျိုးမျိုးဖြစ်ရန်ပုံသွင်းနိုင်သည်။ . . ဤအားနည်းချက်၊ မပြတ်သားမှု၊ ထိရောက်မှုမရှိခြင်းတို့ကိုအောင်နိုင်ရမည်။ ဆိုးသောအခြေအနေများအားဖြင့် ပုံသွင်းထိန်းချုပ်မရနိုင်သည့် အနိုင်မခံအရှုံးမပေးသည့် စစ်မှန်သောခရစ်ယာန်အကျင့်စာရိတ္တရှိသည်။ လူတို့သည် မြောက်ပင့်၊ လာဘ်ထိုး၊ ခြိမ်းခြောက်၍မရနိုင်သော ရိုးသားဖြောင့်မှန်ခြင်း၊ ခိုင်မာသောကိုယ်ကျင့်တရားရရှိရမည်။ . .

ဘုရားသခင်သည် စာတန်မဖြတ်ကျော်နိုင်သောနယ်နိမိတ်ကို သတ်မှတ်ပြီးဖြစ်သည်။ ကျွန်ုပ်တို့၏အသန့်ရှင်းဆုံးသောယုံကြည်ခြင်းသည် ထိုအတားအဆီးပင်ဖြစ်သည်။ ကျွန်ုပ်တို့သည် မိမိကိုယ်ကိုယုံကြည်ခြင်း၌တည်ဆောက်လျှင်၊ ကျွန်ုပ်တို့သည် တန်ခိုးရှင်၏ထိန်းချုပ်မှုအောက်တွင် လုံခြုံကြလိမ့်မည်။ (5T, pp. 294-297).

–o–

ဖေဖော်ဝါရီ (၂၆)

## "ကောင်းကင်ဂိတ်တံခါးများမှတစ်ဆင့်"

**"ဧနောက်သည် ယုံကြည်ခြင်းအားဖြင့် သေခြင်းနှင့်လွတ်၍ ဘဝပြောင်းရ၏။ . . . သူသည် ဘဝမပြောင်းမီ ဘုရားသခင်၏စိတ်တော်နှင့်တွေ့သောသူဖြစ်သည်ဟု သက်သေခံခြင်းကိုရလေ၏" (ဟေဗြဲ ၁၁:၅)။**

ကျွန်ုပ်တို့သည် ဆိုးယုတ်သောကာလတွင်နေထိုင်နေကြသည်။ . . အပြစ်တရားသည် ပြည့်နှက်နေသောကြောင့် လူအများ၏မေတ္တာသည် အေးစက်သွားရသည်။ ဧနောက်သည် ဘုရားသခင်နှင့်နှစ်ပေါင်းသုံးရာလမ်းအတူလျှောက်ခဲ့သည်။ ယခုတိုတောင်းသောကာလသည် ဖြောင့်မတ်ခြင်းကိုရှာရမည့်အကြောင်းရင်းဖြစ်ဟန်ရှိသည်။ မှန်ကန်သည့်အပြုအမူကို ကျွန်ုပ်တို့အားအတင်းအကျပ်ကျင့်စေရန် ဘုရားသခင့်နေ့ရက်၏ကြောက်မက်ဖွယ်ရာများကို ကျွန်ုပ်တို့ရှေ့တွင်ချပြရန် လိုအပ်ပါသလား။ ဧနောက်၏အရေးသည် ကျွန်ုပ်တို့ရှေ့၌ရှိနေသည်။ သူသည် ရာစုနှစ်များစွာဘုရားသခင်နှင့်အတူလမ်းလျှောက်ခဲ့သည်။ သူ၏ပတ်ဝန်းကျင်တွင် ကိုယ်ကျင့်တရားညစ်ညမ်းမှုအလွန်များပြားနေသောပျက်စီးသည့်ခေတ်ကာလတွင် သူနေထိုင်ခဲ့သည်။ သို့သော်လည်း သူသည် မိမိစိတ်ကိုဘုရားတရားကိုင်းရှိုင်းရန်နှင့် စင်ကြယ်ခြင်းကိုမြတ်နိုးရန်လေ့ကျင့်ခဲ့သည်။ ကောင်းကင်နှင့်ဆိုင်သောအရာများကိုသာ သူပြောဆိုခဲ့သည်။ သူသည် မိမိစိတ်ကို၎င်းလမ်းကြောင်းအတိုင်းပညာပေးကာ၊ ဘုရားနှင့်ဆိုင်သောအရာများကိုစွဲလမ်းစေသည်။ . . .

ဧနောက်သည် ကျွန်ုပ်တို့ကဲ့သို့ပင် စုံစမ်းခြင်းခံခဲ့ရသည်။ သူသည် ကျွန်ုပ်တို့အား ပတ်လည်ဝိုင်းသောအရာထက်ပင် ဖြောင့်မတ်ခြင်းကိုမနှစ်သက်သောအသိုက်အဝန်း၏ပတ်လည်ဝိုင်းခြင်းခံရသည်။ ကျွန်ုပ်တို့ကဲ့သို့ပင် သူသည် အပြစ်တရားနှင့်အကျင့်ပျက်မှုတို့ဖြင့် စွန်းထင်းသည့်လေထုကို ရှူရှိုက်ခဲ့ရသည်။



သို့ရာတွင် သန့်ရှင်းသောအသက်တာဖြင့်သူနေထိုင်ခဲ့သည်။ သူနေထိုင်ခဲ့သည့်ကာလ၏ပျံ့နှံ့နေသောအပြစ်တရားမှ သူသည်ခြောက်ပြစ်ကင်းသဲလဲစင်နေထိုင်ခဲ့သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည်လည်းစင်ကြယ်ပြီး မပျက်မစီးနေထိုင်နိုင်မည်။ သူသည် နောက်ဆုံးသောကာလ၏ကြီးမားသောအန္တရာယ်နှင့်ပျက်စီးမှုများအကြား နေထိုင်သောသန့်ရှင်းသူတို့ကို ကိုယ်စားပြုသည်။ သူ၏သစ္စာရှိရှိဘုရားသခင်၏စကားကိုနားထောင်ခြင်းကြောင့် ကောင်းကင်သို့ခေါ်ဆောင်ခြင်းခံခဲ့ရသည်။ ထို့ကြောင့် သစ္စာရှိပြီးအသက်ရှင်လျက်ရှိသူတို့သည် ကောင်းကင်သို့အရှင်လတ်လတ်ချီဆောင်ခြင်းခံရကြမည်။ (2T, pp. 121,122).

"စိတ်နှလုံးဖြူစင်သောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ ထိုသူတို့သည် ဘုရားသခင်ကိုမြင်ရကြလတ္တံ့။" ဧနောက်သည် ကောင်းကင်နှင့်သဟဇာတဖြစ်စေရန် နှစ်ပေါင်းသုံးရာလုံးလုံး စိတ်နှလုံးဖြူစင်ခြင်းကိုကြိုးစားရှာဖွေနေခဲ့သည်။ ရာစုနှစ်သုံးခုအတွင်း သူသည် ဘုရားသခင်နှင့်အတူလမ်းလျှောက်ခဲ့သည်။ တစ်နေ့ထက်တစ်နေ့ သာ၍နီးကပ်သောပေါင်းဖော်ခြင်းကိုတောင့်တခဲ့သည်။ ဘုရားသခင်သည် သူ့ကိုသိမ်းပိုက်သည်တိုင်အောင် ကိုယ်တော်နှင့်သာ၍နီးသထက်နီးလာခဲ့သည်။ သူသည် ကောင်းချီးခံသူတို့၏နိုင်ငံတော်နှင့်သူ့အကြား ခြေတစ်လှမ်းသာခြားသည့် ထာဝရနိုင်ငံ၏တံခါးခုံတွင် မတ်တတ်ရပ်လျက်ရှိသည်။ ထိုနောက်ယခုတွင် တံခါးပေါက်များသည် ဖွင့်ထားလျက်ရှိကာ၊ ကမ္ဘာပေါ်တွင်ကြာရှည်လျှောက်ခဲ့သည့် ဘုရားသခင်နှင့်အတူလျှောက်လှမ်းခြင်းကို ဆက်လက်လှမ်းရာ၊ သူသည် သန့်ရှင်းသောမြို့တော်၏တံခါးများကိုဖြတ်ကျော်လာပြီး၊ လူတွေကြားထဲတွင် ကောင်းကင်တံခါးသို့ အလျင်ဦးဆုံးဝင်သောသူဖြစ်လာသည်။ . . .

ထိုသို့သောဆက်ဆံမှုမျိုးအတွက် ဘုရားသခင်သည် ကျွန်ုပ်တို့အား ခေါ်နေသည်။ ဧနောက်၏ဖြစ်စဉ်ကဲ့သို့ သခင်ဘုရားဒုတိယအကြိမ်ကြွလာသောအခါ လူသားများထဲမှရွေးနုတ်ခံရမည့်သူတို့သည် မိမိတို့၏ဖြူစင်သောအကျင့်စာရိတ္တကြောင့်ဖြစ်သည်။ (8T, p. 331).

–၀–

**ဖေဖော်ဝါရီ (၂၇)**

## “ရှုပါရုံသည်သေချာသည်”

**“ထိုရူပါရုံသည် ချိန်းချက်သောအချိန်နှင့်ဆိုင်၍ အမှုကုန်ရသောကာလကိုဆိုလို၏။ မုသားနှင့်ကင်းလွတ်၏။ ဆိုင်းသော်လည်းမျှော်လင့်လော့။ နောက်မကျဘဲဧကန်အမှန်ရောက်လိမ့်မည်” (ဟဗက္ကုတ် ၂း၃)။**

ဟဗက္ကုတ်နှင့်သန့်ရှင်းဖြောင့်မတ်သူတို့ကို ထိုအချိန်က ကြီးမားသောစမ်းသပ်ရာကာလတွင် ခွန်အားပေးသောယုံကြည်ခြင်းသည် ယနေ့ဘုရားသခင်၏လူတို့ကို ခံနိုင်စွမ်းပေးသောယုံကြည်ခြင်းနှင့်အတူတူဖြစ်သည်။ အမှောင်မိုက်ဆုံးသောအချိန်နာရီ၊ အတင်းမာဆုံးသောအခြေအနေအောက်တွင် ယုံကြည်သူခရစ်ယာန်တို့သည် မိမိတို့၏အသက်ဝိညာဉ်ကို အလင်းတရားနှင့်တန်ခိုးအားလုံး၏အရင်းအမြစ်ပေါ်တွင် တည်မြဲစေနိုင်ကြသည်။ ဘုရားသခင်ကိုယုံကြည်ခြင်းအားဖြင့် နေ့စဉ်မိမိတို့၏မျှော်လင့်ခြင်းနှင့်သတ္တိတို့ကို အားသစ်လောင်းနိုင်ကြမည်။ . . . ဘုရားသခင်၏သာသနာလုပ်ငန်းတွင် မျှော်လင့်ချက်ကုန်ခန်းခြင်း၊ စိတ်ယိမ်းယိုင်ခြင်းနှင့်ကြောက်ရွံ့ခြင်းများမလိုအပ်ချေ။ ထာဝရဘုရားသည် မိမိအပေါ်ယုံကြည်အားကိုးသူတို့၏အမြင့်ဆုံးသောမျှော်လင့်ချက်ထက်သာ၍ပြည့်စုံစေတော်မူမည်။ သူတို့၏အမျိုးမျိုးသောလိုအပ်ချက်များ၏တောင်းဆိုမှုအတွက် ကိုယ်တော်သည် သူတို့အားဉာဏ်ပညာကိုပေးတော်မူလိမ့်မည်။

စုံစမ်းခြင်းခံရသောဝိညာဉ်တိုင်းအတွက် အလျှံပယ်ထောက်ပံ့မှုကိုတမန်တော်ပေါလုသည် အပြောကောင်းကောင်းဖြင့်သက်သေခံသည်။ “ငါ့ကျေးဇူးသည် သင့်အဖို့လောက်ပေ၏။ ငါ့တန်ခိုးသည် အားနည်းခြင်းအဖြစ်၌ စုံလင်တတ်သည်” ဟူသော ဘုရားသခင်၏အာမခံချက်ကိုသူရရှိခဲ့သည်။ ကျေးဇူးတင်ခြင်းနှင့်ယုံကြည်စိတ်ချလျက် ဘုရားသခင်၏အစေခံသည် ဤသို့တုံ့ပြန်ခဲ့သည်။ “သို့ဖြစ်၍ ခရစ်တော်ကြောင့်ခံရသောအားနည်းခြင်း၊ ကဲ့ရဲ့ခြင်း၊ ဆင်းရဲခြင်း၊ ညှဉ်းဆဲနှိပ်စက်ခြင်း၊ ကျပ်တည်းစွာသောဒုက္ခဝေဒနာခံခြင်းတို့ကို ငါနှစ်သက်၏။ အကြောင်းမူကား၊ ငါသည် အားနည်းသောအခါ တန်ခိုးနှင့်ပြည့်စုံလျက်ရှိ၏” (၂ကော ၁၂း၉၊၁၀)။

ပုရောဖက်များနှင့်တမန်တော်များသက်သေခံခဲ့သည့် ယုံကြည်ခြင်းဖြစ်သော ဘုရားသခင်၏ကတိတော်များကိုစွဲကိုင်ပြီး ကိုယ်တော်၏သတ်မှတ်ချိန်နှင့်နည်းလမ်းဖြင့် ကယ်တင်ခြင်းအတွက်စောင့်နေသောယုံကြည်ခြင်းမျိုးကိုကျွန်ုပ်တို့သည် ခင်တွယ်မြတ်နိုးပြီးပြုစုပျိုးထောင်ရမည်။ အနာဂတ္တိဟောပြောချက်၏သေချာမှုသည် ကျွန်ုပ်တို့၏သခင်၊ ကယ်တင်ရှင်ယေရှုခရစ်တော်သည် ဘုရင်တကာတို့၏ဘုရင်၊ အရှင်တကာတို့၏အရှင်ကဲ့သို့ ဘုန်းတော်နှင့်ကြွလာတော်မူသောအခါ အကုန်အစင်ပြည့်စုံလိမ့်မည်။ စောင့်ရသောအချိန်သည် ကြာသကဲ့သို့ဖြစ်မည်။ အသက်ဝိညာဉ်တို့သည် စိတ်ပျက်ဖွယ်အခြေအနေများ၏ဖိနှိပ်မှုကိုခံရနိုင်သည်။ ယုံကြည်စိတ်ချခြင်းခံရသောသူအများသည် လမ်းဘေးသို့ကျရောက်သွားနိုင်သည်။ သို့သော် မပေါ်ပေါက်ဘူးသောဘာသာရေးဖောက်ပြန်သည့်အချိန်တွင် ယုဒလူတို့ကိုအားပေးရန်ကြိုးစားသောပုရောဖက်နှင့်အတူ၊ ယုံကြည်စိတ်ချမှုရှိရှိဖြင့် “ထာဝရဘုရားမူကား၊ သန့်ရှင်းသောဗိမာန်တော်၌ရှိတော်မူ၏။ မြေကြီးသားအပေါင်းတို့၊ ရှေ့တော်၌ငြိမ်ဝပ်စွာနေကြလော့” ဟု အလေးအနက်ပြောကြပါစို့။

“ထိုရူပါရုံသည် ချိန်းချက်သောအချိန်နှင့်ဆိုင်၍ အမှုကုန်ရသောကာလကိုဆိုလို၏။ မုသားနှင့်ကင်းလွတ်၏။ ဆိုင်းသော်လည်းမျှော်လင့်လော့။ နောက်မကျဘဲဧကန်အမှန်ရောက်လိမ့်မည်။ . . . ဖြောင့်မတ်သောသူမူကား၊ မိမိယုံကြည်ခြင်းအားဖြင့်အသက်ရှင်လိမ့်မည်” ဟူသော ပျော်ရွှင်ဖွယ်သတင်းစကားကို မှတ်ဉာဏ်တွင်အမြဲကိုင်စွဲကြပါစို့။ (PK, pp. 386-388).

–o–

ဖေဖော်ဝါရီ (၂၈)

## "လုံခြုံသောခိုလှုံရာ"

**"အကြောင်းမူကား၊ ထာဝရဘုရားသည် မြေကြီးသားတို့ကို သူတို့ဒုစရိုက်ကြောင့်အပြစ်ပေးလိုသောငှာ မိမိအရပ်ဌာနထဲကထွက်တော်မူ၏။ ထိုအခါမြေကြီးသည် မိမိ၌ရှိသောအသွေးကိုဖော်ပြရလိမ့်မည်။ မိမိ၌အသေခံရသောသူတို့ကို နောက်တစ်ဖန်ဝှက်၍မထားရ" (ဟေရှာယ ၂၆း၂၁)။**

တမင်ရည်ရွယ်ပြုလုပ်သည့်ဆိုးသွမ်းမှုသည် မှန်မှန်များပြားလာသောကြောင့် မြို့ကြီး၌နေထိုင်သူတို့အပေါ်တွင် ကမ္ဘာအနှံ့နီးပါး၏အပြစ်သည် လျင်မြန်စွာနှင့်ကေန်မုချရောက်လာနေသည်။ ပုံ့နှံ့နေသောပျက်စီးခြင်းကိုဖော်ပြရန် လူသားတို့ကလောင်၏စွမ်းအားကပင် မစွမ်းနိုင်ချေ။ နေ့စဉ်အသစ်အသစ်သောပဋိပက္ခ၊ လာဘ်စားမှုနှင့်လိမ်လည်မှုများပေါ်လာသည်။ အကြမ်းဖက်မှုနှင့်ဥပဒေမဲ့လုပ်ရပ်များ၊ လူတို့၏ဒုက္ခဝေဒနာကိုဥပေက္ခာပြုခြင်း၊ ရက်စက်ခြင်း၊ လူ့အသက်ကိုကြမ်းကြုတ်စွာဖျက်ဆီးခြင်း စသည့်စိတ်ဓာတ်ကျဖွယ်မှတ်တမ်းများ နေ့စဉ်တွေ့ရသည်။. . .

ကျွန်ုပ်တို့၏ဘုရားသည် ကရုဏာအရှင်ဘုရားဖြစ်သည်။ စိတ်ရှည်သည်းခံခြင်းနှင့်အကြင်နာမေတ္တာဖြင့် မိမိ၏ပညတ်တရားကိုကျူးလွန်သူတို့အားဆက်ဆံသည်။. . . ထာဝရဘုရားသည် လူတို့နှင့်မြို့ကြီးများအပေါ်သည်းခံကာ၊ ဘုရားအမျက်ဒေါသမှသူတို့ကိုကယ်တင်ရန် ကရုဏာသက်စွာဖြင့်သတိပေးတော်မူသည်။ သို့ရာတွင် ကရုဏာဖြင့်ဖိတ်ခေါ်သံမကြားရတော့မည့်အချိန်သည် ရောက်လာလိမ့်မည်။. . .



လူ့အသိုက်အဝန်း၊ အထူးသဖြင့် မြို့ကြီးများနှင့်နိုင်ငံများတွင် ပုံ့နှံ့နေသောအခြေအနေများသည် ဘုရားသခင်၏တရားစီရင်ခြင်းသည် ရောက်ရှိလာကာ၊ လောကအရာခပ်သိမ်း၏အဆုံးသည် ရောက်လုသည်ကို ကြီးသောအသံဖြင့်ကြွေးကြော်လျက်ရှိသည်။ ကျွန်ုပ်တို့သည် ကပ်ဆိုက်သောကာလ၏တံခါးဝတွင်ရပ်နေကြသည်။ ဘုရားသခင်၏စီရင်ချက်ဖြစ်သော မီးဘေး၊ ရေဘေးနှင့်ငလျင်ဘေးတို့သည် စစ်ပွဲနှင့်သွေးချောင်းစီးခြင်းများနှင့်အတူ တစ်ခုပြီးတစ်ခု လျင်မြန်စွာဖြစ်ပေါ်လာမည်။. . .

ဘုရားသခင်၏အမျက်တော်မုန်တိုင်းသည် တိုက်ခတ်တော့မည်။ ကရုဏာတရား၏ဖိတ်ခေါ်မှုကိုတုံ့ပြန်သူတို့နှင့် ဘုရားသခင်၏ပညတ်တော်ကိုနားထောင်ခြင်းဖြင့် စင်ကြယ်သူများဖြစ်လာသောသူတို့သာလျှင် ရပ်တည်ကြလိမ့်မည်။ ဖြောင့်မတ်သူတို့သာလျှင် ဖျက်ဆီးတတ်သောလွန်ကျူးခြင်းလွန်သွားသည်အထိ ဘုရားသခင်၌ခရစ်တော်နှင့်အတူဝှက်ထားခြင်းခံရကြမည်။ ကျွန်ုပ်တို့၏အသက်ဝိညာဉ်သည် ဤသီချင်းကိုဆိုပါစေ။

"အခြားခိုလှုံရာ ကျွန်ုပ်၌မရှိ၊
အကူအညီမဲ့ဝိညာဉ်ကို ကိုယ်တော်ထံအပ်ပါ၏။
တစ်ဦးတည်းမထားခဲ့ပါနှင့်၊
ဆက်လက်ထောက်ပံ့နှစ်သိမ့်ပါ။

ကျွန်ုပ်၏ကယ်တင်ရှင်၊ ဝှက်တော်မူပါ၊
အသက်တာ၏မုန်တိုင်းလွန်သွားသည်တိုင်။
ကောင်းကင်ဘုံဆိပ်ကမ်းသို့ပို့ဆောင်ပါ၊
ကျွန်ုပ်ဝိညာဉ်ကိုလက်ခံတော်မူပါ"

(PK, pp. 275-278).

–o–

မတ် (၁)

## "ရှေ့ကကပ်ကာလ"

**"ထိုနေ့ရက်ကြောင့်အမင်္ဂလာရှိ၏။ ထာဝရဘုရား၏နေ့ရက်နီးပြီ။ အနန္တတန်ခိုးရှင်ဖျက်ဆီးခြင်းဘေးကဲ့သို့ ရောက်လာလိမ့်မည်" (ယောလ ၁း၁၅)။**

ကြီးမြတ်သောငါဖြစ်သည်အမည်ရှိဘုရားသည် မိမိ၏နှုတ်ကပတ်တော်တွင်ပေးတော်မူသည့် အနာဂတ္တိဟောကြားချက်များသည် ဖြစ်စဉ်ကွင်းဆက်ကို လွန်ခဲ့သည့်ထာဝရကာလမှစ၍ အနာဂတ်ထာဝရသို့ချိတ်ဆက်ကာ၊ ခေတ်ကာလအစဉ်အဆက်၌ ကျွန်ုပ်တို့သည် ယနေ့မည်သည့်နေရာတွင်ရှိနေသည်ကိုလည်းကောင်း၊ လာမည့်အချိန်တွင် မည်သည့်အရာကိုမျှော်လင့်ရမည်ကိုလည်းကောင်း ပြောပြသည်။ ဖြစ်ပျက်လာမည့်အနာဂတ္တိဟောကြားချက်အားလုံးကို လက်ရှိကာလတိုင်အောင် သမိုင်းစာမျက်နှာတွင် ခြေရာခံနိုင်သောကြောင့် နောက်လာမည့်ဟောကြားချက်အားလုံးသည်လည်း အစဉ်အတိုင်းပြည့်စုံလာမည်ကို အခိုင်အမာပြောနိုင်သည်။

ယနေ့အချိန်ကာလ၏နိမိတ်များက ကျွန်ုပ်တို့သည် ကြီးမားလေးနက်သည့်ဖြစ်ရပ်များ၏တံခါးဝ၌ရပ်နေကြောင်းကိုဖော်ပြသည်။ ကျွန်ုပ်တို့ကမ္ဘာရှိအရာရာတိုင်းသည် စိတ်ကိုတုန်လှုပ်စေသည်။ ကျွန်ုပ်တို့၏မျက်စိရှေ့တွင်၊ မိမိကြွလာခြင်းမတိုင်မီ ကယ်တင်ရှင်၏အနာဂတ္တိမိန့်တော်မူချက်များသည် ပြည့်စုံနေသည်။ "သင်တို့သည် စစ်တိုက်ခြင်းအကြောင်းကိုလည်းကောင်း၊ စစ်တိုက်အံ့သောသတင်းစကားကိုလည်းကောင်း ကြားရကြလိမ့်မည်။. . . လူတစ်မျိုးနှင့်တစ်မျိုး၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံရန်ဘက်ပြုကြလိမ့်မည်။ အရပ်ရပ်



တို့၌ အစာခေါင်းပါးခြင်း၊ ကာလနာများပြားခြင်း၊ မြေကြီးလှုပ်ခြင်းတို့သည် ဖြစ်ကြလိမ့်မည်။"

လက်ရှိအချိန်သည် စဉ်းစားတွေးခေါ်မှုက သက်ရှိတိုင်းကိုလွှမ်းမိုးသောအချိန်ဖြစ်သည်။ အုပ်ချုပ်သူများနှင့်အထင်ကရနိုင်ငံရေးသမားများ၊ ရာထူးကြီးသည့်လူများ၊ စဉ်းစားတွေးခေါ်တတ်သောယောကျ်ားမိန်းမများသည် ကျွန်ုပ်တို့ပတ်လည်၌ဖြစ်ပျက်သော ဖြစ်စဉ်များအပေါ်အာရုံပြုနေကြသည်။ သူတို့သည် လူမျိုးများအကြား၌တည်ရှိနေသောဆက်ဆံမှုများကို စောင့်ကြည့်နေကြသည်။ သူတို့သည် လောကီဖြစ်ရပ်တိုင်း၏ပြင်းထန်မှုကိုစောင့်ကြည့်ကာ၊ ကြီးမားပြတ်သားသည့်အရာ၊ ကမ္ဘာကြီးသည် ကြောက်ခမန်းလိလိ ကပ်ကာလရောက်လုသည်ကို သူတို့လက်ခံကြသည်။

သမ္မာကျမ်းစာကသာလျှင် ဤအရာများ၏မြင်ကွင်းမှန်ကိုပေးနိုင်သည်။ သမ္မာကျမ်းစာတွင် ကျွန်ုပ်တို့ကမ္ဘာ့သမိုင်း၏မဟာနောက်ဆုံးအဖြစ်အပျက်များ။. . . ကမ္ဘာကိုတုန်လှုပ်စေသည့် ၎င်းဖြစ်ရပ်များ၏ချဉ်းကပ်သံနှင့် လူတို့၏စိတ်နှလုံးကိုကြောက်ရွံ့စေသောအရာများဖော်ပြသည်။ (PK, pp. 536,537).

ယနေ့လူတို့နှင့်လူမျိုးတို့ကိုအမှားမပြုသော ကိုယ်တော်၏လက်မှအလေးဖြင့်ချိန်တွယ်လျက်ရှိသည်။ လူအားလုံးသည် မိမိတို့၏ကြမ္မာကို ကိုယ်တိုင်ရွေးချယ်ပြီး၊ ဘုရားသခင်သည် မိမိရည်ရွယ်ချက်များပြီးမြောက်စေရန်အတွက် အရာရာကိုထိန်းချုပ်တော်မူသည်။ (PK, p. 536).

ခရစ်ယာန်တို့သည် ကမ္ဘာပေါ်မကြာမီအလွန့်အလွန်အံ့ဖွယ်ဖြစ်ပျက်မည့်အရာအတွက် ပြင်ဆင်ထားရမည်။ ဤပြင်ဆင်မှုတွင် သူတို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို ဝီရိယရှိရှိလေ့လာပြီး၊ ၎င်း၏ပညတ်ချက်အတိုင်းအသက်ရှင်ရန်ကြိုးပမ်းရမည်။ (PK, p. 626).

–o–

## မတ် (၂)

# “အပြစ်ကြောင့်ဖျားနာသောဝိညာဉ်များကို့ကုစားခြင်း”

**“ဦးခေါင်းသည် အနာသက်သက်ရှိ၏။ နှလုံးသည်လည်း ခွန်အားအလျှင်းမရှိ။ ခြေဖဝါးမှသည်ဦးခေါင်းတိုင်အောင် ကျန်းမာခြင်း မရှိ။ စုတ်ရှသောအနာ၊ ထိခိုက်၍ရောင်သောအနာ၊ ရိရွဲသောအနာ သက်သက်ရှိ၏။ ထိုအနာများကိုမနှိပ်မနယ်ရ၊ အဝတ်နှင့်မစည်းရ၊ ဖယောင်းဆီနှင့်မပျော့စေရသေး” (ဟေရှာယ ၁း၅၊၆)။**

အပြစ်ကြောင့်ဖျားနာသောဝိညာဉ်အတွက်ဆေးဝါးရှိသည်။ ထိုဆေးဝါးမှာယေရှု၌ရှိသည်။ အလွန်အဖိုးထိုက်သောကယ်တင်ရှင်ပါတကား။ ကိုယ်တော်၏ကျေးဇူးတော်သည် အားအနည်းဆုံးသူအတွက်လုံလောက်သည်။ ခွန်အားအကြီးဆုံးသူသည်လည်း ကိုယ်တော်၏ကျေးဇူးတော်ကိုရရှိမည်၊ သို့မဟုတ် ပျက်စီးလိမ့်မည်။

ဤကျေးဇူးတော်ကိုမည်သို့ရရှိနိုင်သည်ကို ကျွန်ုပ်မြင်တွေ့ခဲ့သည်။ သင်၏သီးသန့်အခန်းသို့ဝင်ပြီး၊ “အိုဘုရားသခင်၊ အကျွန်ုပ်အထဲ၌စင်ကြယ်သောနှလုံးကိုဖန်ဆင်းတော်မူပါ။ မြဲမြံတည်ကြည်သောသဘောကို အသစ်ပြုပြင်တော်မူပါ” ဟု ဘုရားသခင်ကိုတောင်းလျှောက်ပါ။ စိတ်ပါလက်ပါရှိပါ။ ရိုးသားပါ။ ယာကုပ်ကဲ့သို့ဆုတောင်းခြင်းဖြင့်နပန်းလုံးပါ။ သောကပွားပါ။ သင်ကြိုးစားအားထုတ်ရမည်။

စိတ်နှလုံးအပြည့်အဝဖြင့် ထာဝရဘုရားကိုရှာပါ။ စိတ်အားထက်သန်မှုဖြင့်လာ၍၊ ဘုရားသခင်၏ကူညီမှုမပါလျှင်၊ သင်ပျက်စီးမည်ကို သင်သည်ရိုးရိုးသားသားခံစားသောအခါ၊ သမင်ဒရယ်တို့သည် စမ်းချောင်းကိုတောင့်တသကဲ့သို့ သင်သည်ကိုယ်တော်ကိုတောင့်တသောအခါ ထာဝရဘုရားသည် သင့်ကိုအလျင်အမြန်ခွန်အားပေးလိမ့်မည်။ သင်သည် ကယ်တင်ခြင်းကိုမျှော်လင့်





လျှင်ဆုတောင်းရမည်။ အချိန်ယူပါ။ သင်ဆုတောင်းရာတွင် အလျင်စလို၊ ဂရုမစိုက်ဘဲမတောင်းပါနှင့်။ သင့်အထဲတွင် ဝိညာဉ်တော်အသီးများရှိစေခြင်းငှာ ဘုရားသခင်သည် သင့်အထဲ၌လုံးဝပြောင်းလဲခြင်းကို ဖော်ဆောင်ရန် ဆုတောင်းပါ။ ထိုအခါသင်သည် အလင်းကဲ့သို့လောကကိုလင်းစေလိမ့်မည်။ ဘုရားသခင်၏အမှုတော်၌ အတားအဆီး သို့မဟုတ် ကျိန်ခြင်းမဖြစ်ပါစေနှင့်။ သင်သည်အကူအညီ၊ ကောင်းချီးမင်္ဂလာဖြစ်နိုင်သည်။ သင်သည် ကယ်တင်ခြင်းကိုအပြည့်အဝလွတ်လပ်စွာကြည်နူးဖွယ်မခံစားနိုင်ဟု စာတန်သည်သင့်အားပြောပြနေပါသလား။ သူ့ကိုမယုံပါနှင့်။

ခရစ်ယာန်တိုင်းသည် ဘုရားသခင့်ဝိညာဉ်တော်၏နက်နဲသောလှုပ်ရှားမှုများကို ကြည်နူးဖွယ်ခံစားရန်မှာ အခွင့်ထူးပင်ဖြစ်သည်။ ချစ်ဖွယ်ကောင်းကင်ငြိမ်သက်ခြင်းသည် စိတ်ထဲတွင်စိမ့်ဝင်မည်ဖြစ်ကာ၊ ထိုအခါသင်သည် ဘုရားသခင်နှင့်ကောင်းကင်နိုင်ငံကို အာရုံပြုရန်နှစ်သက်လာမည်။ သင်သည် ကိုယ်တော့်နှုတ်ကပတ်၏မွန်မြတ်သောကတိတော်များ၌ ပျော်ရွှင်လိမ့်မည်။‥

အကယ်၍ ခရစ်ယာန်ဟုဝန်ခံသူတို့သည် လောကထက်ယေရှုကိုသာ၍ချစ်လျှင်၊ သူတို့အချစ်ဆုံးသောအကောင်းဆုံးမိတ်ဆွေယေရှုအကြောင်းကိုပြောကြားရန် နှစ်သက်ကြလိမ့်မည်။ သူတို့သည် ပျောက်ဆုံး၊ ပျက်စီးသည့်အခြေအနေကိုခံစားရသောအခါ ကိုယ်တော်သည် ထိုသူတို့ကိုကူညီတော်မူမည်။ စိုးရိမ်ပူပန်၍ အပြစ်၏ဝန်ပိသောအခါ၊ သူတို့သည် ကိုယ်တော်ထံသို့လှည့်လာကြသည်။ ကိုယ်တော်သည် သူတို့၏အပြစ်ဝန်ထုပ်နှင့်အပြစ်ကိုဖယ်ရှားပေးကာ၊ သူတို့၏မေတ္တာရေစီးကြောင်းကိုပြောင်းပေးသည်။ တစ်ချိန်က သူတို့မြတ်နိုးသောအရာများကို ယခုသူတို့မုန်းကြသည်။ သူတို့မုန်းခဲ့သောအရာများကိုလည်း ယခုချစ်ကြသည်။

ဤမဟာပြောင်းလဲမှုသည် သင့်အထဲ၌ဖြစ်ပျက်နေပြီလား။ (1T, pp. 158-160).

–၀–

## မတ် (၃)

# “အသစ်သောအသက်တာ”

**“ယေရှုကလည်း၊ ရေနှင့်ဝိညာဉ်တော်မမွေးသောသူမည်သည်ကား၊ ဘုရားသခင်၏နိုင်ငံတော်သို့မဝင်ရဟု ငါအမှန်အကန်ဆို၏။ . . . ဒုတိယမွေးခြင်းကိုခံရမည်” (ယောဟန် ၃း၅–၇)။**

ကောင်းကင်နိုင်ငံသို့ဝင်စားရန် မိမိအကျင့်အားဖြင့် ပညတ်တော်ကိုစောင့်ရှောက်နေသူတို့သည် မဖြစ်နိုင်သည့်အရာတစ်ခုအတွက် ကြိုးစားနေခြင်းသာဖြစ်သည်။ လူတစ်ယောက်သည် ဘုရားသခင်ရှိသည့်ပုံစံအနေဖြင့် တရားဝင်ဘာသာအယူဝါဒတစ်ခုရှိရုံနှင့် လုံခြုံမှုမရနိုင်ချေ။ ခရစ်ယာန်အသက်တာသည် ဟောင်းနွမ်းသောအသက်တာကို ကောင်းမွန်အောင်မွမ်းမံပြင်ဆင်ခြင်းမျိုးမဟုတ်ဘဲ၊ သဘာဝတစ်ခုမှသဘာဝတစ်ခုသို့ လုံးလုံးပြောင်းလဲပစ်ခြင်းမျိုးဖြစ်သည်။ အတ္တစိတ်နှင့်အပြစ်တရားသည်သေ၍ အသစ်သောအသက်တာသည် လုံးလုံးလျားလျားအသက်ရှင်ရန်ဖြစ်သည်။ ဤပြောင်းလဲမှုကို သန့်ရှင်းသောဝိညာဉ်တော်၏ထိရောက်သောလုပ်ဆောင်မှုအားဖြင့်သာ ပြီးမြောက်စေနိုင်သည်။

လူတစ်ယောက်သည် မည်သည့်အချိန်၊ မည်သည့်နေရာတွင် မည်ကဲ့သို့အဆင့်ဆင့်ပြောင်းလဲလာခဲ့ကြောင်းကို ရှင်းလင်းပြောပြရန်မဖြစ်နိုင်ချေ။ သို့သော် ထိုကဲ့သို့ရှင်းမပြနိုင်ခြင်းသည် ထိုသူသည်ပြောင်းလဲခြင်းမရှိသေးဟု အဓိပ္ပါယ်မရောက်ချေ။ လေကဲ့သို့သောအရူပအရာဖြင့် ခရစ်တော်သည် လူသားများ၏စိတ်နှလုံးကို အမြဲတမ်းပြုပြင်လုပ်ဆောင်နေသည်။ ခရစ်တော်ထံသို့ အသက်ဝိညာဉ်များကိုဆွဲယူစေနိုင်သည့်ခံစားချက်များကို အချို့တို့သည် သူ့အလိုအလျောက်မသိမသာနည်းနည်းချင်းဖြစ်ပေါ်စေခဲ့သည်။ ကိုယ်တော့်အကြောင်းဆင်ခြင်သုံးသပ်ခြင်းအားဖြင့်လည်းကောင်း၊ သမ္မာကျမ်းစာကိုဖတ်ရှုလေ့လာခြင်းအားဖြင့်လည်းကောင်း အသက်ရှင်လျက်ရှိသောတရားဟောဆရာများထံမှ ဒေသနာတော်များကိုနာကြားခြင်းအားဖြင့်လည်းကောင်း ထိုခံစားမှုများကိုရရှိခံစားနိုင်သည်။ သန့်ရှင်းသောဝိညာဉ်တော်သည် တိုက်ရိုက်စိတ်နှလုံးညွတ်ပျောင်းစေသောတန်ခိုးဖြင့် ရုတ်တရက်သက်ရောက်လာသောအခါ၊ အသက်ဝိညာဉ်သည် မိမိကိုယ်ကိုခရစ်တော်ထံတွင် ဝမ်းသာအားရဆက်ကပ်အပ်နှံသည်။ ထိုကဲ့သို့သောပြောင်းလဲခြင်းကို ရုတ်တရက်ပြောင်းလဲခြင်းဟု အများကခေါ်ဆိုကြသည်။ သို့သော် ထိုကဲ့သို့သောပြောင်းလဲခြင်းသည် သန့်ရှင်းသောဝိညာဉ်တော်၏အချိန်ကြာမြင့်စွာ လုပ်ဆောင်ကြိုးစားမှု၏အကျိုးအဆက်ဖြစ်သည်။

လေသည် အရူပအရာတစ်ခုဖြစ်သော်လည်း မြင်တွေ့ခံစားနိုင်သည့်အကျိုးသက်ရောက်မှုကို ဖြစ်ပေါ်စေသည်။ ထိုကဲ့သို့ပင် သန့်ရှင်းသောဝိညာဉ်တော်၏ပြုပြင်ခြင်းကိုခံရသော အသက်ဝိညာဉ်သည် ကယ်တင်ခြင်းတန်ခိုးကိုခံစားခဲ့ရသော ၎င်း၏ပြုမူဆောင်ရွက်မှုတိုင်းတွင် သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးများကိုဖော်ပြလိမ့်မည်။ သန့်ရှင်းသောဝိညာဉ်တော်သည် စိတ်နှလုံးကိုအုပ်စိုးမိသောအချိန်တွင် တစ်သက်တာကိုလုံးလုံးပြောင်းလဲပစ်လိုက်သည်။ အပြစ်နှင့်ပြည့်ဝသောအတွေးအခေါ်များကိုစွန့်လွှတ်၍ ဒုစရိုက်လုပ်ရပ်များကိုငြင်းပယ်ကာ ချစ်ခြင်း၊ နှိမ့်ချခြင်းနှင့်ငြိမ်သက်ခြင်းတန်ခိုးများသည် အမျက်ထွက်ခြင်း၊ ငြူစူခြင်းနှင့်တိုက်ခိုက်ခြင်းများ၏နေရာတွင် အစားထိုးလာသည်။ ဝမ်းနည်းမှုနေရာတွင် ဝမ်းမြောက်မှုဝင်လာသည်။ ထိုသူ၏မျက်နှာသည် ကောင်းကင်အလင်းကိုရောင်ပြန်ဟပ်နေသည်။. . . ထိုအချိန်တွင် လူသားမျက်စိနှင့်မတွေ့မြင်နိုင်သော ထိုတန်ခိုးတော်သည် ဘုရားသခင်၏ပုံသဏ္ဌာန်နှင့်တူညီသည့် အသစ်သောသတ္တဝါအဖြစ်ဖန်ဆင်းလိုက်သည်။

ဉာဏ်နည်းသောလူသားများသည် ကယ်တင်ခြင်းလုပ်ငန်းစဉ်ကို သိရှိနားလည်ရန်မဖြစ်နိုင်ချေ။. . . သို့ရာတွင် ဤအရာသည် ဘုရားသခင်၏အင်္ဂနန်းအတာဖြစ်ကြောင်းကို သေခြင်းမှရှင်ပြန်ထမြောက်တော်မူသောသူသည် သိရှိနားလည်သည်။ ကယ်တင်ခြင်း၏အစသည် ပုဂ္ဂလိကအတွေ့အကြုံဖြစ်ကြောင်းကို ဤနေရာတွင်ကျွန်ုပ်တို့သိရှိနိုင်သည်။ ၎င်း၏အကျိုးသက်ရောက်မှုသည် ထာဝရကာလတစ်လျှောက် တည်မြဲလျက်ရှိနေသည်။ (DA, pp. 172,173).

–၀–

မတ် (၄)

## “အသက်တာ၏အစိကဦးစားပေး”

**“ဘုရားသခင်၏နိုင်ငံတော်နှင့်ဖြောင့်မတ်ခြင်းတရားကို ရှေးဦးစွာရှာကြလော့။ နောက်မှထိုအရာများကိုထပ်၍ပေးတော်မူလတ္တံ့.” (မဿဲ ၆း၃၃)။**

ကောင်းကင်နိုင်ငံနှင့်ခရစ်တော်၏ဖြောင့်မတ်ခြင်းသည် ပထမဦးစားပေးမဟာရည်မှန်းချက်ဖြစ်သည်။ အခြားအရာများမှာ ဒုတိယဦးစားပေးများသာဖြစ်သည်။

သန့်ရှင်းခြင်းလမ်းခရီးသည် ခက်ခဲပြီး၊ လောကီပျော်မွေ့ခြင်းလမ်းခရီးမှာ ပန်းခင်းသောလမ်းအဖြစ် စာတန်တင်ပြထားသည်။ ဤလောကနှင့်၎င်း၏အပျော်အပါးများကို မှားယွင်းလိုက်ဖက်မှုရှိသောအရောင်ဖြင့် ရန်သူသည် သင့်ရှေ့တွင်ခင်းကျင်းလိမ့်မည်။ ဘဝင်မြင့်ခြင်းသည် ကျွန်ုပ်တို့၏ပျက်ပြားနေသောစာရိတ္တ၏အသန်စွမ်းဆုံးသော ထူးကဲမှုဖြစ်သည်။ ၎င်းအားဖြင့်အောင်မြင်စွာလှည့်စားနိုင်သည်ကို သူသိနေသည်။ သူသည် မိမိ၏ကိုယ်စားလှယ်များဖြင့် သင့်ကိုမြှောက်ပင့်လိမ့်မည်။ သင့်ဘဝင်မြင့်ခြင်းကိုကျေနပ်စေရန်နှင့် သင့်အထဲတွင်မာန်မာနနှင့်မိမိကိုယ်ကိုတန်ဖိုးထားခြင်းကိုအားပေးရန်၊ သင်သည် ချီးမွမ်းခြင်းကိုရရှိနိုင်လိမ့်မည်။ ထိုနောက်သင်သည် ထိုသို့သောအကျိုးအမြတ်များနှင့်ဆွဲဆောင်မှုများသည် လောကီအရာမှခွဲထွက်၍၊ ခရစ်ယာန်ဖြစ်လာရန် သင့်အတွက်အမှန်ပင်အလွန်နှမြောစရာကောင်းနေလိမ့်မည်။..... သို့ရာတွင် လောကီပျော်မွေ့ခြင်းသည် အဆုံးရှိမည်ဖြစ်ကြောင်းနှင့် သင်စိုက်သည်အတိုင်းရိတ်သိမ်းရမည်ဖြစ်ကြောင်းကိုစဉ်းစားပါ။ ပုဂ္ဂိုလ်ရေးဆွဲဆောင်မှု၊ စွမ်းရည် သို့မဟုတ် ပင်ကိုယ်ပါရမီတို့သည် သင့်ကိုဖန်ဆင်းပြီးအချိန်တိုင်းသင့်ကိုစောင့်မတော်မူသော ဘုရားသခင်ထံဆက်ကပ်အပ်နှံရန် တန်ဖိုးကြီးမားလွန်းနေပါသလား။ သင့်ပညာအရည်အချင်းသည် ဘုရားသခင်ထံပေးအပ်ရန် အဖိုးတန်လွန်းနေပါသလား။

လူငယ်တို့သည် စိတ်ကိုထူးခြားစေပြီး၊ အာရုံပြောင်းစေသည့်အရာကို သူတို့လိုအပ်သည်ဟုဆိုကြသည်။ လုံ့လဝီရိယစိုက်ထုတ်ရာ၌ ပျော်ရွှင်မှုရှိပြီး၊ အကျိုးရှိသောအသက်တာမျိုးကိုလိုက်ရာတွင် စိတ်ကျေနပ်မှုရှိသည်ကိုကျွန်ုပ်မြင်တွေ့ခဲ့သည်။ စိုးရိမ်ဖွယ်များနှင့် ပင်ပန်းသောအလုပ်မှသက်သာရာနှင့်အားသစ်လောင်းရန်အတွက် စိတ်အာရုံကိုလွဲပြောင်းစေမည့်အရာတစ်ခုခုရှိရမည်ဟု လူတချို့ကဆိုနေကြသေးသည်။ ခရစ်ယာန်တို့၏မျှော်လင့်ချက်သည်လိုအပ်သည့်အရာသည်သာဖြစ်သည်။ ယုံကြည်သူအတွက် ဘာသာရေးသည်နှစ်သိမ့်ပေးသူ၊ စစ်မှန်သောဝမ်းမြောက်ခြင်း၏ဇာစ်မြစ်ထံ သေချာသောလမ်းပြဖြစ်သည်။ လူငယ်တို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်ကိုလေ့လာပြီး၊ မိမိကိုယ်ကိုအာရုံပြုဆုတောင်းရန် ပေးအပ်ကြရမည်။ ထိုအခါမိမိတို့၏အချိန်ပိုသည် ထိုအရာထက်သာ၍ကောင်းမွန်အောင်အသုံးမပြုနိုင်ကြောင်းကို တွေ့ရှိကြလိမ့်မည်။

လူငယ်မိတ်ဆွေတို့၊ သင်တို့သည် ဘုရားသခင်ကိုချစ်မချစ် မိမိတို့ကိုယ်ကိုသက်သေပြကြပါ။ သင့်အားခေါ်တော်မူခြင်းနှင့်ရွေးနုတ်တော်မူခြင်းကိုသေချာစေရန် ဇွဲရှိရှိလုပ်ဆောင်ပါ။ (1T, pp. 502,503).

ဘုရားသခင်၏နိုင်ငံတော်နှင့်ဖြောင့်မတ်ခြင်းတရားကို ရှေးဦးစွာရှာကြလော့။ ဤအရာကိုအစနှင့်အဆုံးဖြစ်စေပါ။ သူ့အားသိကျွမ်းခြင်းသည်ထာဝရအသက်ဖြစ်သောကိုယ်တော်ကိုသိကျွမ်းရန် အစွမ်းကုန်ကြိုးစားအားထုတ်ပါ။ ခရစ်တော်နှင့်သူ၏ဖြောင့်မတ်ခြင်းသည် အသက်ဝိညာဉ်အတွက်ကယ်တင်ခြင်းဖြစ်သည်။ (FE, p. 484).

–o–

မတ်  (၅)

## “ကောင်းကင်၏အနာအဆာမဲ့ပုလဲ”

**“ကောင်းကင်နိုင်ငံတော်သည် မြတ်သောပုလဲကိုရှာသောကုန်သည်နှင့်တူ၏။ ထိုကုန်သည်သည် အလွန်အဖိုးထိုက်သောပုလဲကိုတွေ့သောအခါ၊ သွား၍မိမိ၌ရတတ်သမျှကိုရောင်းပြီးလျှင် ထိုပုလဲကိုဝယ်လေ၏” (မဿဲ ၁၃း၄၅၊၄၆)။**

ခရစ်တော်ကိုယ်တိုင်သည် အဖိုးထိုက်သောပုလဲဖြစ်တော်မူ၏။. . ခရစ်တော်၏ဖြောင့်မတ်ခြင်းသည် ဖြူသောပုလဲကဲ့သို့ သန့်ရှင်းဖြူစင်၍အနာအဆာ၊ အစွန်းအထင်းမရှိ။ အဖိုးထိုက်တန်သောဘုရားသခင်၏ထိုလက်ဆောင်ကို သာလွန်ကောင်းမွန်စေရန် လူသားအနေဖြင့်မည်သို့မျှထပ်လောင်းမဆောင်ရွက်နိုင်ပါ။ ယင်းလက်ဆောင်တွင်အနာအဆာမရှိ။ ခရစ်တော်၌ “ပညာဘဏ္ဍာ၊ ဉာဏ်ဘဏ္ဍာရှိသမျှတို့သည် ဝှက်ထားလျက်ရှိကြ၏” (ကောလောသဲ ၂း၃)။ ကိုယ်တော်သည် “ပညာမှစ၍ ဖြောင့်မတ်ခြင်း၊ သန့်ရှင်းခြင်း၊ ရွေးနုတ်ခြင်းဖြစ်တော်မူ၏” (၁ကော ၁း၃၀)။ ဤလောကအတွက်လည်းကောင်း၊ နောင်လာမည့်လောကအတွက်လည်းကောင်း  လူသားတို့၏လိုအပ်ချက်များနှင့် ခရစ်တော်အားဖြင့်ပြည့်စုံစွာလက်ခံရရှိနိုင်ပါသည်။ ကျွန်ုပ်တို့၏ရွေးနုတ်ရှင်သည် အဖိုးထိုက်တန်ဆုံးသောပုလဲဖြစ်သောကြောင့် ကိုယ်တော်နှင့်နှိုင်းယှဉ်ပါက ခပ်သိမ်းသောအရာတို့ကိုရှုံးစေသောအရာကဲ့သို့ ထင်မှတ်ရ၏။. . .

ဥပမာတွင်ပုလဲသည် လက်ဆောင်အဖြစ်ပုံဆောင်မထားပါ။ ကုန်သည်သည် မိမိရတတ်သမျှကိုရောင်း၍ဝယ်ယူရသည်။ သမ္မာကျမ်းစာ၌ ခရစ်တော်အားလက်ဆောင်အဖြစ်ဖော်ပြသောကြောင့် ဤဥပမာ၏ဆိုလိုရင်းအနက်ကို လူအများကမေးကြသည်။ ခရစ်တော်သည် လက်ဆောင်တော်ဖြစ်သည်။ သို့သော် မိမိအတွက်မည်သည့်အရာကိုမျှ ချန်လှပ်ထားခြင်းမရှိဘဲ ကိုယ်စိတ်



နှလုံးသုံးပါးကို ကိုယ်တော်အားအပ်နှံသူများအတွက်သာဖြစ်သည်။ ကျွန်ုပ်တို့သည် ကိုယ်ကိုကိုယ်ခရစ်တော်အားအပ်နှံရမည်။ ကိုယ်တော်၏မိန့်တော်မူချက်အားလုံးကို လိုလားစွာလိုက်နာ၍ အသက်တာကိုခရစ်တော်အားအပ်နှံထားရမည်။ ကျွန်ုပ်တို့၏ကိုယ်ခန္ဓာနှင့်တကွ ကျွန်ုပ်တို့၏စွမ်းရည်ရှိသမျှကို ကိုယ်တော်ပိုင်တော်မူသည်ဖြစ်၍ ကိုယ်တော်၏အမှုတော်အတွက်အပ်နှံထားရမည်။ ကျွန်ုပ်တို့သည် ဤကဲ့သို့မိမိတို့ကိုယ်ကို ကိုယ်တော်အားလုံးလုံးလျားလျားအပ်နှံထားပါက၊ ခရစ်တော်သည် ကောင်းကင်ဘဏ္ဍာရှိသမျှနှင့် မိမိကိုယ်တိုင်ကို ကျွန်ုပ်တို့အတွက်ပေးတော်မူမည်။ ထိုအခါကျွန်ုပ်တို့သည် အဖိုးထိုက်သောပုလဲကိုလက်ခံရရှိကြသည်။. . .

ဘုရားသခင်၏သနားကြင်နာမှုစီမံအုပ်ချုပ်သောဈေးကွက်တွင် မြတ်သောပုလဲကိုအခကြေးငွေမပေးဘဲဝယ်ယူသည်ဟု ပုံဆောင်ထားသည်။ ယင်းဈေးကွက်တွင် လူတိုင်းကောင်းကင်ကုန်ပစ္စည်းကိုရနိုင်သည်။ ဘုရားသခင်၏တရားတည်းဟူသော ကျောက်မျက်ရတနာဘဏ္ဍာတိုက်ကို လူတိုင်းအတွက်ဖွင့်လှစ်ထားသည်။. . . ကယ်တင်ရှင်ကလည်း “သင်သည် ဥစ္စာရတတ်ခြင်းငှာ မီးနှင့်ချွတ်ပြီးသောရွှေကို. . . ငါ့ထံမှာဝယ်လော့” ဟု မေတ္တာဖြင့်အမှန်ဖိတ်ခေါ်နေသည်။. . . လောကဥစ္စာကြွယ်ဝမှုဖြင့် ကယ်တင်ခြင်းကိုမရယူနိုင်ပါ။ အဆင်းရဲဆုံးသောသူသည်လည်း အချမ်းသာဆုံးသောသူကဲ့သို့ပင် ကယ်တင်ခြင်းကိုဝယ်ယူနိုင်သည်။ ခရစ်တော်သည် ကျွန်ုပ်တို့ကိုဝယ်ယူပိုင်ဆိုင်ပြီးသည့်အလျောက် မိမိတို့ကိုယ်ကို ကိုယ်တော်အားအပ်နှံ၍ လိုလားစွာနားထောင်ခြင်းဖြင့်သာ ကယ်တင်ခြင်းကိုရယူနိုင်သည်။. . .

ကျွန်ုပ်တို့သည် ကယ်တင်ခြင်းကိုအကျင့်အားဖြင့်မရနိုင်ပါ။ သို့သော် ကျွန်ုပ်တို့အနေဖြင့် ကမ္ဘာပေါ်တွင်ပိုင်ဆိုင်သမျှကိုစွန့်လွှတ်ပါမည်ဟု သဘောပိုက်လျက် စိတ်ရောကိုယ်ပါကြိုးစားအားထုတ်၍ စူးစမ်းရှာဖွေရမည်။ (COL, pp. 115-117).

–၀–

မတ် (၆)

## “တစ်ဦးတည်းသောကယ်တင်ရှင်”

**“မှောင်မိုက်တန်ခိုးမှလည်း ငါတို့ကိုနုတ်၍၊ ချစ်တော်မူသော သားတော်၏နိုင်ငံထဲသို့သွင်းတော်မူ၏။ ထိုသားတော်၏အသွေးအားဖြင့် အပြစ်လွှတ်တော်မူခြင်းတည်းဟူသော ရွေးနုတ်တော်မူခြင်းကျေးဇူးကို ငါတို့သည်ခံရကြ၏” (ကောလောသဲ ၁း၁၃၊၁၄)။**

သင်သည် မည်သူဖြစ်သည် သို့တည်းမဟုတ် သင့်ဘဝသည် မည်သည့်အရာဖြစ်ခဲ့သည်ဆိုသည်မှာအရေးမကြီးပါ။ ဘုရားသခင်သတ်မှတ်သည့်နည်းလမ်းအားဖြင့်သာ သင်သည် ကယ်တင်ခြင်းရနိုင်သည်။ သင်သည် နောင်တရပြီး၊ ယေရှုခရစ်တော်တည်းဟူသော ကျောက်တော်ပေါ်တွင် အကူအညီမဲ့စွာပျပ်ဝပ်ရမည်။ သင်သည် သမားတော်နှင့်အပြစ်ကိုတစ်ခုတည်းကုစားသည့် ခရစ်တော်၏အသွေးတော်လိုအပ်ကြောင်းကို အာရုံခံစားရမည်။ ဤကုစားမှုကို ဘုရားသခင်ထံနောင်တရခြင်းနှင့် သခင်ယေရှုခရစ်တော်ကိုယုံကြည်ခြင်းအားဖြင့်သာလျှင်ရရှိနိုင်သည်။ ခရစ်တော်၏အသွေးတော်၏သန့်ရှင်းစေသောတန်ခိုးကို လိုအပ်ကြောင်းခံစားသူတို့မှလွဲ၍ မည်သူမျှရရှိနိုင်မည်မဟုတ်ချေ။

ဘုရားကရုဏာတော်ကိုမတောင်းဆိုချိန်မှာပင် ခရစ်တော်သည် ကျွန်ုပ်တို့၏ရွေးနုတ်ခြင်းကို တာဝန်ယူရန်လိုလိုလားလားရှိနေခြင်းမှာ မည်မျှထူးကဲသောမေတ္တာနှင့်နှိမ့်ချခြင်းဖြစ်ပါသနည်း။ သို့သော် ကျွန်ုပ်တို့၏မဟာသမားတော်သည် အသက်ဝိညာဉ်တိုင်းအား ယုံမှားသံသယမရှိသောအပ်နှံမှုကို တောင်းဆိုတော်မူသည်။ ကျွန်ုပ်တို့သည် မိမိအတွက်ဘယ်သောအခါမျှဆေးညွှန်းမရေးရပါ။ ခရစ်တော်သည် လိုအင်ဆန္ဒနှင့်အပြုအမူတို့ကို လုံးလုံးကွပ်ကဲမှုရှိရမည်။ . . .

ကျွန်ုပ်တို့သည် မိမိတို့၏ကိုယ်ကျင့်တရားသည်မှန်ကန်ပြီး၊ သာမန်အပြစ်သားကဲ့သို့ ဘုရားသခင်ရှေ့တွင် မိမိကိုယ်ကိုနှိမ့်ချစရာမလိုအပ်ဟူ၍



မိမိတို့ကိုယ်ကိုအထင်ကြီးနိုင်သည်။ သို့ရာတွင် ကျွန်ုပ်တို့သည် အသက်ရှင်ခြင်းသို့ဝင်စားရန် အပြစ်အကြီးဆုံးသောသူပြုရမည့်အတိုင်း ကျေကျေနပ်နပ်ပြုနိုင်ရမည်။ ကျွန်ုပ်တို့သည် မိမိကိုယ်ပိုင်ဖြောင့်မတ်ခြင်းကိုစွန့်လွှတ်ပြီး ခရစ်တော်၏ဖြောင့်မတ်ခြင်းကို ကျွန်ုပ်တို့အတွက်မှတ်ယူရန်တောင်းလျှောက်ရမည်။ ကျွန်ုပ်တို့၏ခွန်အားအတွက် ခရစ်တော်အပေါ်လုံးလုံးလျားလျားမှီခိုရမည်။ ကျွန်ုပ်တို့ပိုင်ဆိုင်သည့်အရာအားလုံးသည် ဘုရားကျေးဇူးတော်၏သာလွန်သောချမ်းသာမှုမှဖြစ်ကြောင်း ဝန်ခံရမည်။ ကျွန်ုပ်တို့၏စိတ်နှလုံးသည် “ကျွန်ုပ်တို့ဘက်၌မဟုတ်၊ အိုထာဝရဘုရား၊ ကျွန်ုပ်တို့ဘက်၌မဟုတ်ဘဲ ကိုယ်တော့်ကရုဏာနှင့်ကိုယ်တော့်သမ္မာတရားအတွက်ကြောင့် ကိုယ်တော့်နာမဘုန်းကြီးပါစေသော” ဟုပြောနိုင်ပါစေ။

စစ်မှန်သောယုံကြည်ခြင်းကို ချစ်ခြင်းကလိုက်ပြီး၊ ချစ်ခြင်းကိုနားထောင်ခြင်းကလိုက်သည်။ ပြောင်းလဲသောသူ၏တန်ခိုးများနှင့်စိတ်ထက်သန်မှုကို ခရစ်တော်၏အထိန်းအကွပ်အောက်သို့ ဆောင်ယူလာသည်။ ကိုယ်တော်၏ဝိညာဉ်တော်သည် မိမိအားလက်ခံမည့်သူအားလုံးကို ဘုရားပုံသဏ္ဌာန်တော်အတိုင်း ပြောင်းလဲပေးမည့်အသစ်ပြုပြင်သောတန်ခိုးဖြစ်သည်။

“ဘုရားသခင်ဖြစ်ပွားစေတော်မူသောသူမည်သည်ကား၊ ဒုစရိုက်ကိုမပြုတတ်။” သူသည် ခရစ်တော်၏အသွေးအားဖြင့် ဝယ်ယူခြင်းခံရပြီဖြစ်ကြောင်းနှင့် ဘုရားသခင်ပိုင်ဆိုင်သည့် မိမိ၏ကိုယ်ခန္ဓာနှင့်စိတ်ဝိညာဉ်အားဖြင့် ဘုရားသခင်ကိုဘုန်းထင်ရှားစေရန် အလေးနက်ဆုံးကတိပေးခြင်းအားဖြင့် နှောင်ဖွဲ့ထားပြီးဖြစ်ကြောင်း သူခံစားသည်။ အပြစ်ကိုခင်တွယ်ခြင်းနှင့် မိမိကိုယ်ကိုချစ်ခြင်းကို သူ့အထဲ၌ချိုးနှိမ်ထားလျက်ရှိသည်။ သူသည်နေ့စဉ် “ငါ၌ထာဝရဘုရားပြုတော်မူသောကျေးဇူးအလုံးစုံတို့ကို အဘယ်သို့ဆပ်ရမည်နည်း။” “ကိုယ်တော်၊ ကျွန်ုပ်အားဘာလုပ်စေချင်သနည်း” ဟုမေးလျက်ရှိသည်။ (5T, pp. 218-220).

–o–

## မတ် (၇)

# “မိမိအတွက်မြည်းစမ်းပါ”

**“ထာဝရဘုရားသည် ကောင်းမြတ်တော်မူသည်အကြောင်းကို မြည်းစမ်း၍သိမှတ်ကြလော့။ ကိုယ်တော်ကိုခိုလှုံသောသူသည် မင်္ဂလာရှိ၏” (ဆာလံ ၃၄း၈)။**

ဘုရားသခင်၏ကောင်းမြတ်ခြင်းနှင့် ကိုယ်တော်၏ချစ်ခြင်းမေတ္တာကို ကျွန်ုပ်တို့ကိုယ်တိုင် မည်ကဲ့သို့သိရှိနိုင်မည်နည်း။ ဆာလံဆရာသည် ကျွန်ုပ်တို့အားကြားလျှင်သိမည်၊ ဖတ်လျှင်သိမည်၊ သို့မဟုတ် ယုံလျှင်သိမည်ဟု မပြောပြဘဲ၊ “ထာဝရဘုရားသည် ကောင်းမြတ်တော်မူသည်ကို မြည်းစမ်း၍ သိမှတ်ကြလော့” ဟု ပြောဆိုထားသည်။ အခြားသူပြောစကားပေါ်မမှီခိုဘဲ၊ မိမိကိုယ်တိုင်မြည်းစမ်းပါ။

အတွေ့အကြုံသည် စမ်းသပ်လေ့လာမှုမှဆင်းသက်လာသည့်အသိပညာဖြစ်သည်။ လက်တွေ့စမ်းသပ်သည့်ဘာသာရေးသည် ယခုအချိန်လိုအပ်သည့်အရာဖြစ်သည်။ လူတချို့ များစွာသောသူတို့သည် ဘာသာရေးသမ္မာတရားကို သဘောတရားအားဖြင့်သာသိကြသည်။ သို့ရာတွင် သူတို့၏စိတ်နှလုံးထဲ၌ ဘုရားကျေးဇူးတော်၏အသစ်ပြုပြင်သောတန်ခိုးကို ဘယ်ခါမျှမခံစားဘူးကြချေ။ သူတို့သည် ဘုရားသခင်၏အမျက်ဒေါသကိုယုံကြသည်။ သို့သော် ၎င်းမှ လွတ်မြောက်ရန် စိတ်ပါလက်ပါအားထုတ်မှုမရှိကြချေ။ သူတို့သည် ကောင်းကင်နိုင်ငံကိုယုံကြသည်၊ သို့သော် ၎င်းကိုရရှိရန်စွန့်လွှတ်မှုမရှိကြချေ။ . . . သူတို့သည် အပြစ်ကိုမည်သို့ကုစားရမည်ကိုသိကြသည်၊ သို့သော် ၎င်းကို အသုံးမပြုကြချေ။ သူတို့သည် မှန်သောအရာကိုသိကြသည်၊ သို့သော် ၎င်းကို နှစ်သက်မှုမရှိကြချေ။ သူတို့သိရှိသည့်အရာအားလုံးသည် သူတို့၏ပြစ်ဒဏ်စီရင်ချက်ကို တိုးပွားစေလိမ့်မည်။ သူတို့သည် ဘုရားသခင်ကောင်းမြတ်ကြောင်းကို လက်တွေ့စမ်းသပ်ခြင်းဖြင့် ဘယ်ခါမျှမြည်းစမ်း၊ သင်ယူခြင်းမရှိကြချေ။



ခရစ်တော်၏တပည့်ဖြစ်လာရန် မိမိကိုယ်ကိုငြင်းပယ်ပြီး၊ အဆိုးအကောင်းကြားတွင် ယေရှုနောက်ကိုလိုက်ရမည်။ . . . ကျွန်ုပ်တို့၏ဘာသာရေးအသက်တာကိုတားဆီးသည့် အလွန်မြတ်နိုးသောမွေ့လျော်မှုတိုင်းကိုဖြတ်ပစ်ရမည်။ . . . ရရှိမည့်အရာ၏တန်ဖိုးအချိုးအစားအတိုင်းစွန့်လွှတ်ရန် ကျွန်ုပ်တို့အားထုတ်ကြမည်လား။

ကျွန်ုပ်တို့ဖွဲ့စည်းသည့်အသင်းအဖွဲ့တိုင်းသည် မည်မျှပင်အကန့်အသတ်ရှိနေပါစေ၊ ကျွန်ုပ်တို့အပေါ်တွင်ဩဇာလွှမ်းမိုးမှုတချို့ရှိသည်။ ထိုဩဇာလွှမ်းမိုးမှုသည် ကျွန်ုပ်တို့အပေါ်မည်မျှရှိနေသည်ကို အချင်းချင်းကြား ရင်းနှီးသည့်အတိုင်းအတာ၊ ဆက်ဆံခြင်း၏ခိုင်မာမှုနှင့် ကျွန်ုပ်တို့သူ့အားချစ်ခင်ကြည်ညိုခြင်းတို့အားဖြင့် အဆုံးအဖြတ်ပေးလိမ့်မည်။ ထိုကြောင့် ခရစ်တော်နှင့်သိကျွမ်း၊ ပေါင်းသင်းခြင်းအားဖြင့် ကျွန်ုပ်တို့သည် အပြစ်မဲ့သောစံနမူနာခရစ်တော်နှင့် တူလာနိုင်သည်။

ခရစ်တော်နှင့်ပေါင်းဖော်ခြင်းသည် ပြောမထွက်အောင်ပင်အဖိုးတန်လှသည်တကား။ ထိုသို့သောပေါင်းဖော်ခြင်းကို ကျွန်ုပ်တို့သည်ကြိုးစားရှာဖွေ၍ ၎င်းအတွက်ဘာမဆိုစွန့်လွှတ်လျှင်၊ ၎င်းသည် အခွင့်ထူးပင်ဖြစ်သည်။ (5T, pp. 221-223).

ထိုကြောင့်လူတိုင်းသည် မိမိကိုယ်ပိုင်အတွေ့အကြုံအားဖြင့် “ဘုရားသခင်သည် သစ္စာစောင့်တော်မူသည်ဟု တံဆိပ်ခတ်” (ယောဟန် ၃း၃၃) နိုင်လိမ့်မည်။ သူသည် “ငါအကူအညီလိုခဲ့တယ်၊ ဒါကိုယေရှုထံမှာတွေ့ရှိပြီ၊ လိုအပ်ချက်တိုင်းကိုလည်းပံ့ပိုးခဲ့တယ်၊ ဆာလောင်တဲ့ငါ့ရဲ့ဝိညာဉ်ကိုဖြည့်ဆည်းခဲ့ပြီ . . . ငါယေရှုကိုယုံကြည်တယ်၊ ဘာကြောင့်လဲဆိုတော့ သူဟာငါ့အတွက်ကယ်တင်ရှင်ဘုရားဖြစ်တယ်။ ငါသမ္မာကျမ်းစာကိုယုံတယ်၊ ဘာကြောင့်လဲဆိုတော့ ၎င်းဟာငါ့ဝိညာဉ်အတွက် ဘုရားသခင်ရဲ့အသံတော်ဖြစ်တယ်ဆိုတာကိုငါတွေ့ခဲ့ပြီ” ဟုသက်သေခံနိုင်သည်။ (8T, p. 321).

–ဝ–

## "ကောင်းကင်နိုင်ငံသားများ"

**"ထိုကြောင့် သင်တို့သည် တစ်ကျွန်းတစ်နိုင်ငံသားမဟုတ်၊ ဧည့်သည်လည်းမဟုတ်၊ သန့်ရှင်းသူတို့၏အမျိုးသားချင်းဖြစ်ကြ၏။ ဘုရားသခင်၏အိမ်တော်သားလည်းဖြစ်ကြ၏" (ဧဖက် ၂း၁၉)။**

ယေရှုက "ငါသည်အလျင်အမြန်လာမည်" ဟုမိန့်တော်မူသည်။ ကျွန်ုပ်တို့သည် ဤစကားကိုစိတ်ထဲတွင်မှတ်ကာ၊ သခင်ဘုရားကြွလာလုကြောင်းနှင့် ကျွန်ုပ်တို့သည် ဤကမ္ဘာပေါ်တွင်ခရီးသွားဧည့်သည်များသာဖြစ်ကြောင်း အမှန်တကယ်ယုံကြည်သည့်အတိုင်း ပြုမူရမည်။ (5T, p. 266).

"ဖြောင့်မတ်ခြင်းအကျင့်နှင့်သင်တို့သည်ပြည့်စုံ၍ ခရစ်တော်၏နေ့ရက်တိုင်အောင် စိတ်ကြည်ဖြူလျက်၊ တိမ်းလဲခြင်းအမှုနှင့်ကင်းလွတ်လျက်ရှိမည်အကြောင်း" ဘုရားသခင်၏မေတ္တာသည် အသက်ဝိညာဉ်၌သာ၍ပြည့်လျှံလာနိုင်စေရန် ကျေးဇူးတော်အရင်းအမြစ်တိုင်းကို လုံ့လဖြင့်တိုးတက်စေရမည်။ သင်၏ခရစ်ယာန်အသက်တာသည် ကြံ့ခိုင်အားထားရသောပုံစံဖြစ်နေရမည်။ သင်တို့ရှေ့တွင် သမ္မာကျမ်းစာ၌ပြဋ္ဌာန်းသည့် မြင့်မားသောစံချိန်ကို သင်တို့ရယူနိုင်သည်။ အကယ်၍သင်တို့သည် ဘုရားသခင်၏သားသမီးဖြစ်လိုလျှင် ရကိုရယူရမည်။ သင်တို့သည် ငြိမ်ငြိမ်ရပ်၍မရပါ။ ရှေ့တိုးရမည်လော၊ သို့မဟုတ် နောက်ဆုတ်ရမည်လော၊ တစ်ခုခုလုပ်ရမည်။. . .

သင့်ခရစ်ယာန်အသက်တာသည် ရပ်တန့်နေသလော၊ သို့တည်းမဟုတ် ကောင်းမွန်စွာတိုးတက်နေသလော။ ဝိညာဉ်ရေးကျန်းမာလျှင်ကြီးထွားလိမ့်မည်။ ဘုရားသခင်၏သားသမီးတို့သည် ခရစ်တော်၌လူလားမြောက်သောယောကျ်ား၊ မိန်းမများအဖြစ် ကြီးထွားကြသည်။ သူတို့၏တိုးတက်မှု၌ အကန့်အသတ်မထားရှိချေ။. . .

ခရစ်တော်၌ သန်မာ၊ အခြေကျနေသင့်သောသူတချို့သည် ဘုရားသခင့်ဝိညာဉ်တော်၏အလုပ်ကို တွေ့ကြုံသိရှိနားလည်ရာ၌ ကလေးငယ်များဖြစ်နေကြသေးသည်။ နှစ်ပေါင်းများစွာအတွေ့အကြုံရှိပြီးနောက် သူတို့သည် ခရစ်ယာန်ဘာသာရေးကိုဖြစ်စေသည့် ယုံကြည်ခြင်းနှင့်ယုံကြည်ချက်ပထမစည်းမျဉ်းများကိုသာ နားလည်လာနိုင်ကြသည်။ "သာခု" ဟူသောဂုဏ်ပြုချီးမြှင့်ခြင်းကို ရရှိစေမည့် ပြည့်စုံသောစာရိတ္တအကြောင်းကို သူတို့သဘောမပေါက်ကြချေ။

ကျွန်ုပ်တို့သည် ဆွတ်ခူးရန်ကြီးမားသောအောင်မြင်ခြင်းများရှိသည်။ မအောင်မြင်ခဲ့သောဆုံးရှုံးရမည့်ကောင်းကင်နိုင်ငံလည်းရှိနေသည်။ ဓာတိပကတိစိတ်ကို ကားစင်တင်သတ်ရမည်။ အကြောင်းမှာ ၎င်းသည် ကိုယ်ကျင့်တရားပျက်စီးခြင်းကိုယိမ်းယိုင်နေကာ၊ အဆုံးသည်သေခြင်းဖြစ်သည်။. . . သန့်ရှင်းသောဝိညာဉ်တော်၏အားကြီးသောစွမ်းအားသည် လျှပ်စစ်ဓာတ်ကဲ့သို့ လေဖြတ်နေသောအသက်ဝိညာဉ်ပေါ်သို့ကျ၍၊ အာရုံကြောအားလုံးကို အားအင်အသစ်ဖြင့်နိုးထစေကာ၊ လူတစ်ကိုယ်လုံးကိုသေခြင်း၊ လောကဆန်ခြင်း၊ ကာမဂုဏ်အာရုံမှဝိညာဉ်ရေးကျန်းမာသူအဖြစ် နဂိုအတိုင်းပြန်ဖြစ်စေရန်ဆုတောင်းပါ။ ထိုအခါသင်တို့သည် ဘုရားသဘာဝကိုသက်ဝင်သူများဖြစ်လာကာ၊ သူ၏ ဒဏ်ချက်များအားဖြင့် သင့်အနာငြိမ်းစေတော်မူသော ကိုယ်တော်၏ပုံသဏ္ဌာန်သည် သင်တို့၌ရောင်ပြန်ဟပ်လိမ့်မည်။ (5T, pp. 264-267).

–o–

မတ် (၉)

## “ဘုရားသခင်ကိုသာ၍သိရှိခြင်း”

**“ထာဝရအသက်ဟူမူကား၊ မှန်သောဘုရားသခင်တစ်ဆူတည်းဖြစ်တော်မူသောကိုယ်တော်ကိုလည်းကောင်း၊ စေလွှတ်တော်မူသောယေရှုခရစ်ကိုလည်းကောင်း သိကျွမ်းခြင်းတည်း” (ယောဟန် ၁၇း၃)။**

ဘုရားသခင်ကိုသိကျွမ်းမှသာလျှင် ကိုယ်တော်ကြွလာတော်မူသောအခါဖူးတွေ့နိုင်ရန် ကျွန်ုပ်တို့ပြင်ဆင်နိုင်ကြမည်။ သို့ရာတွင် ခရစ်တော်ကိုယုံကြည်သည်ဟု ဝန်ခံသူအများသည် ဘုရားသခင်ကိုမသိကြ။ သူတို့၌အပေါ်ယံဘာသာရေးသာရှိသည်။ သူတို့သည် ဘုရားသခင်ကိုမချစ်ကြ။ ကိုယ်တော်၏ဂုဏ်တော်ကိုလည်းမလေ့လာကြ။ ထိုကြောင့်သူတို့သည် မည်သို့ကိုးစားရမည်၊ မည်သို့ကြည့်၍အသက်ရှင်ရမည်ကိုမသိကြ။ ငြိမ်းချမ်းသောချစ်ခြင်းသည် မည်သည့်အရာဖြစ်၍၊ ယုံကြည်ခြင်းအားဖြင့်လျှောက်လှမ်းခြင်းသည်မည်သည့်အရာဆိုလိုသည်ကို သူတို့မသိကြ။ သူတစ်ပါးဝေငှနိုင်ရန်အလို့ငှာလက်ခံရရှိရန်မှာ မိမိတို့၏တာဝန်ဖြစ်ကြောင်းကို သူတို့နားမလည်ကြချေ။

လောက၏ပညာသည် ဘုရားသခင်ကိုမသိနိုင်ချေ။ လူအများသည်အပြောကောင်းကောင်းဖြင့် ကိုယ်တော်အကြောင်းကိုပြောခဲ့ကြသည်။ သို့သော်သူတို့၏ကျိုးကြောင်းသင့်တွေးခေါ်မှုသည် လူတို့ကိုကိုယ်တော်နှင့်သာ၍မနီးမကပ်စေချေ။ အဘယ်ကြောင့်ဆိုသော် သူတို့ကိုယ်၌ကိုယ်တော်နှင့်မရှိမဖြစ်လိုအပ်သောဆက်သွယ်မှုမရှိကြချေ။ မိမိတို့ကိုယ်ကိုပညာရှင်များဟုဝန်ခံရင်း လူမိုက်များဖြစ်လာကြသည်။ သူတို့၏ဘုရားကိုသိသောဉာဏ်သည် မပြည့်စုံချေ။ (RH, Feb. 3, 1903).

ကျွန်ုပ်တို့သည် ရှာဖွေခြင်းအားဖြင့် ဘုရားသခင်ကိုမတွေ့ရှိနိုင်ပါ။ သို့ရာတွင် ကိုယ်တော်သည် မိမိကိုယ်ကိုခမည်းတော်ဘုန်းတော်၏တောက်ပမှုဖြစ်၍ မိမိလူပုဂ္ဂိုလ်၌ပုံသဏ္ဌာန်တော်ကိုဖော်ပြသည့် သားတော်၌ဖော်ပြတော်မူသည်။ အကယ်၍ကျွန်ုပ်တို့သည် ဘုရားသခင်ကိုသိလိုသော်၊ ခရစ်တော်နှင့်တူရမည်။. . . မိမိကိုယ်ပိုင်ကယ်တင်ရှင်ခရစ်တော်ကို ယုံကြည်ခြင်းဖြင့်ဖြူစင်သောအသက်တာဖြင့်နေထိုင်ခြင်းသည် ယုံကြည်သူသည် ဘုရားသခင်အမြင်သဘောထားကို သာ၍ရှင်းလင်းစွာမြင်နိုင်မည်။ (KH, p. 9).

ခရစ်တော်သည် ဘုရားသခင်ကိုအပြည့်အစုံဖော်ပြသူဖြစ်သည်။ “ဘုရားသခင်ကိုအဘယ်သူမျှမမြင်စဖူးသော်လည်း ခမည်းတော်၏ရင်ခွင်၌ရှိသော တစ်ပါးတည်းသောသားတော်သည် ဘုရားသခင်ကိုထင်ရှားစေတော်မူပြီ။” ခရစ်တော်ကိုသိခြင်းအားဖြင့်သာ ဘုရားသခင်ကိုကျွန်ုပ်တို့သိနိုင်သည်။ ကျွန်ုပ်တို့သည် ကိုယ်တော်ကိုကြည့်ရင်း၊ သူ့ပုံသဏ္ဌာန်သို့ပြောင်းလဲကာ ကိုယ်တော်ကြွလာသောအခါ သူ့ကိုဖူးတွေ့ရန်ပြင်ဆင်ထားနိုင်မည်။. . .

ကျွန်ုပ်တို့၏သခင်ဘုရားကြွလာခြင်းအတွက် ပြင်ဆင်ရမည့်အချိန်သည်ယခုဖြစ်သည်။ ကိုယ်တော်ကိုဖူးတွေ့ရန် အဆင်သင့်ရှိနေခြင်းကို တိုတောင်းသောကာလအတွင်းမရရှိနိုင်ပါ။ ထိုလေးနက်သောအဖြစ်အပျက်အတွက်ပြင်ဆင်ရာတွင် ဝိရိယရှိရှိစောင့်မျှော်ခြင်းနှင့်အတူ စိတ်ပါလက်ပါလုပ်ဆောင်မှုပေါင်းစပ်ရမည်။ ထိုအခါ ဘုရားသခင်၏သားသမီးများသည် ကိုယ်တော်၏ဘုန်းအသရေကိုထင်ရှားစေမည်။ အသက်တာ၏ရှုပ်ထွေးသောဖြစ်ရပ်များကြားမှ သူတို့၏အားပေးခြင်း၊ မျှော်လင့်ခြင်းနှင့်ယုံကြည်ခြင်းစကားသံများကြားရသည်။ သူတို့ပိုင်ဆိုင်သည့်အရာအားလုံးကို သခင့်အမှုတော်အတွက်ဆက်ကပ်ထားသည်။ ထိုကြောင့်သူတို့သည် သူတို့သခင်ဘုရားကိုဖူးမြော်ရန်ပြင်ထားကြသည်။ ကိုယ်တော်ကြွလာသောအခါ၊ သူတို့သည် ဝမ်းမြောက်စွာဖြင့် “ဤအရှင်ကား၊ ငါတို့မျှော်လင့်သောငါတို့၏ဘုရားသခင်တည်း။ ငါတို့ကိုကယ်တင်တော်မူလိမ့်မည်. . . ကယ်တင်တော်မူခြင်းကျေးဇူးကြောင့် ငါတို့သည်ဝမ်းမြောက်ရွှင်လန်းကြကုန်အံ့” ကြွေးကြော်ကြလိမ့်မည်။ (RH, Feb. 3, 1903).

–o–

## မတ် (၁၀)

# "အမြင့်ဆုံးသောတရေးအားထုတ်ခြင်းမျိုး"

**"ဘုရားသခင်၏သားတော်ဟုခေါ်ဝေါ်ခြင်းအခွင့်ကို ငါတို့သည်ရမည်အကြောင်း ဘုရားသခင်သည် ငါတို့ကိုအဘယ်မျှလောက်ချစ်တော်မူသည်ကို ကြည့်ရှုဆင်ခြင်ကြလော့" (၁ယော ၃း၁)။**

ကျွန်ုပ်တို့သည် အပြစ်သားများ၊ သူစိမ်းများဖြစ်လျက် ဘုရားသခင်ထံသို့ပြန်လာနိုင်ရန်နှင့် ကိုယ်တော်၏မိသားစုဝင်ဖြစ်ရမည်အကြောင်း မည်သည့်ချစ်ခြင်း၊ မည်သည့်အနှိုင်းမဲ့မေတ္တာဖြစ်ပါသနည်း။ "ကျွန်ုပ်တို့၏အဖ" ဟူသောချစ်ဖွယ်နာမဖြင့် ကိုယ်တော်ကိုကျွန်ုပ်တို့ခေါ်နိုင်သည်။. . .

မျိုးဆက်အစဉ်အဆက် လူသားစိတ်နှလုံးတစ်လျှောက်ဆင်းသက်လာသော ဖခင်မေတ္တာအားလုံး၊ လူစိတ်ဝိညာဉ်မှပွင့်ထွက်စီးဆင်းလာသော ကြင်နာမှုအားလုံးကို မရေမတွက်နိုင်၊ မကုန်ခန်းနိုင်သောဘုရားသခင်၏မေတ္တာနှင့်နှိုင်းယှဉ်လျှင် ချောင်းငယ်ကလေးနှင့်အပြောကျယ်သောသမုဒ္ဒရာကဲ့သို့ဖြစ်လိမ့်မည်။ နှုတ်ဖြင့်၎င်းကိုမဖော်ပြနိုင်ပါ။ ကလောင်သည်လည်း မဖော်ပြနိုင်။ ၎င်းကိုသင့်အသက်တာတွင်နေ့စဉ်အာရုံပြုတွေးတောနိုင်သည်။ ၎င်းကိုနားလည်နိုင်ရန် သမ္မာကျမ်းစာကိုဖွဲ့ရှိရှိရှာဖွေနိုင်သည်။ ကောင်းကင်မှအဖခမည်းတော်၏မေတ္တာနှင့်သနားခြင်းကရုဏာကိုသဘောပေါက်ရန် အားထုတ်ရာတွင်ဘုရားသခင်ပေးတော်မူသောစွမ်းအားနှင့် အစွမ်းအစအားလုံးကိုနှိုးဆွနိုင်သည်။ သို့ရာတွင် အဆုံးမရှိနိုင်ချေ။ သင်သည်ထိုမေတ္တာကိုခေတ်အဆက်ဆက်လေ့လာကောင်းလေ့လာပေမည်။ သို့ရာတွင် လောကသားများအတွက်အသေခံရန်မိမိသားတော်ကိုပေးကမ်းရာ၌ ဘုရားသခင့်ချစ်ခြင်းမေတ္တာ၏အနံ၊ အလျား၊ အနက်၊ အမြင့်ကို သင်သည်ဘယ်ခါမျှပြည့်စုံစွာနားလည်နိုင်မည်မဟုတ်ချေ။





ထာဝရကာလကိုယ်၌ကပင် ၎င်းကိုဘယ်ခါမျှအပြည့်အဝမဖော်ပြနိုင်ပေ။ သို့ရာတွင် ကျွန်ုပ်တို့သည် သမ္မာကျမ်းစာကိုလေ့လာပြီး၊ ခရစ်တော်၏အသက်တာနှင့်ရွေးနုတ်ခြင်းစီမံကိန်းကိုအာရုံပြုသောအခါ၊ ဤမဟာအာဘော်များကို သာ၍ရှေ့ဆက်နားလည်လာလေဖြစ်မည်။ (5T, pp. 739,740).

ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဘုရား၊ ကရုဏာ၊ ကြင်နာသနားခြင်း၊ အကြင်နာမေတ္တာနှင့်ပြည့်ဝသောဘုရားဖြစ်ကြောင်းကို လောကသားတို့အားဖော်ပြရန် ခရစ်တော်ကြွလာခဲ့သည်။ (5T, pp. 738,739).

နွားစားခွက်မှကရာနီကုန်းအထိ ခရစ်တော်၏အသက်တာကိုပြန်လည်ဆန်းစစ်ခြင်းဖြင့် နေ့တိုင်းအချိန်တစ်နာရီအသုံးပြုခြင်းသည် အလွန်ကောင်းပေလိမ့်မည်။ ကျွန်ုပ်တို့သည် အချက်တစ်ခုပြီးတစ်ခုစဉ်းစား၍၊ အထူးသဖြင့်ကိုယ်တော်၏ဤလောကအသက်တာအဆုံးပိုင်းဖြစ်ရပ်တစ်ခုချင်းကို ကွင်းကွင်းကွက်ကွက်နားလည်သဘောပေါက်စေရန် အာရုံပြုပါ။ ထိုသို့ကိုယ်တော်၏သွန်သင်ချက်များ၊ ဝေဒနာခံစားမှုများနှင့်လူသားမျိုးနွယ်ရွေးနုတ်ခြင်းအတွက်ကိုယ်တော်ပြုတော်မူခဲ့သည့်အနန္တဆက်ကပ်ခြင်းကို စိတ်ကူးမှန်းဆခြင်းအားဖြင့်ကျွန်ုပ်တို့သည် မိမိတို့၏ယုံကြည်ခြင်းကိုခိုင်မာစေပြီး၊ ကျွန်ုပ်တို့၏ချစ်ခြင်းကိုထက်မြက်လာစေကာ၊ ကျွန်ုပ်တို့၏ကယ်တင်ရှင်ကို အားဖြည့်သည့်ဝိညာဉ်ဖြင့်သာ၍ပြည့်ဝလာမည်။ အဆုံးတွင် ကျွန်ုပ်တို့သည် ကယ်တင်ခြင်းခံရမည်ဆိုလျှင်လက်ဝါးကပ်တိုင်ရင်းတွင် နောင်တတရားနှင့်ယုံကြည်ခြင်းသင်ခန်းစာအားလုံးကိုကျွန်ုပ်တို့သင်ယူရမည်။ လူ၌ရှိသောမြင့်မြတ်၊ ရက်ရောမှုအားလုံးသည်လက်ဝါးကပ်တိုင်ပေါ်ရှိ ခရစ်တော်ကိုတရားသဘောဖြင့်အာရုံပြုရန် တုံ့ပြန်ကြလိမ့်မည်။ (4T, p. 374).

–o–

မတ် (၁၁)

## “ဖြူစင်သောဝတ်ရုံလိုအပ်သည်”

**“မင်းကြီးသည် ပွဲ၌လျောင်းသောသူတို့ကိုကြည့်ရှုခြင်းငှာ ဝင်တော်မူသောအခါ၊ မင်္ဂလာဆောင်ပွဲ၏အဝတ်ကို မဝတ်သောသူတစ်ယောက်ကိုမြင်လျှင်၊ အဆွေ၊ မင်္ဂလာဆောင်ပွဲ၏အဝတ်မရှိဘဲ အဘယ်ကြောင့်ဝင်သနည်းဟုမေးတော်မူသည်ကို ထိုသူသည်မပြောနိုင်ဘဲနေ၏” (မဿဲ ၂၂း၁၁၊၁၂)။**

ဥပမာတွင်ပုံဆောင်သော မင်္ဂလာဆောင်ပွဲ၏အဝတ်ဆိုသည်မှာ ခရစ်တော်၏တပည့်တော်အစစ်အမှန်များတွင်ရှိရမည့် သန့်ရှင်းဖြူစင်၍ အစွန်းအကွက်နှင့်ကင်းသောအကျင့်ဖြစ်သည်။ အသင်းတော်အတွက်မူကား၊ “အညစ်အကြေးတင်ခြင်း၊ အရေတွန့်ခြင်းမှ စသည်တို့နှင့်လွတ်လပ်သဖြင့်” (ဧဖက် ၅း၂၇)။ “စင်ကြယ်ပြောင်လက်သောပိတ်ချောကို ဝတ်ဆင်ရသောအခွင့်ကိုရ၏။” “စင်ကြယ်ပြောင်လက်သောပိတ်ချောဆိုသည်မှာ “သန့်ရှင်းသူတို့၏ဖြောင့်မတ်ခြင်းဖြစ်သတည်း” ဟု သမ္မာကျမ်းစာတွင်ဖော်ပြထားသည်။ ဗျာဒိတ် ၁၉း၈။ ၎င်းသည် ခရစ်တော်၏ဖြောင့်မတ်ခြင်းဖြစ်သည်။ ၎င်းသည် ကိုယ်တော်၏အပြစ်တင်ခွင့်နှင့်ကင်းလွတ်သောဂုဏ်အင်္ဂါတော်ဖြစ်သည်။ ၎င်းဖြောင့်မတ်ခြင်းတည်းဟူသောဝတ်ရုံကို ကိုယ်တော်အားမိမိကိုယ်ပိုင်ကယ်တင်ရှင်အဖြစ်လက်ခံသူတိုင်းအားပေးတော်မူသည်။

ကျွန်ုပ်တို့၏ပထမမိဘတို့သည် ဘုရားသခင်ပေးသနားတော်မူသည့် သန့်ရှင်းသောဒေင်ဥယျာဉ်၌နေကြစဉ်က အပြစ်နှင့်ကင်းစင်သည့် ဖြူစင်သောဝတ်ရုံကိုဝတ်ဆင်ရကြသည်။ သူတို့သည် ဘုရားသခင်၏အလိုတော်ကိုတစ်သဝေမတိမ်းလိုက်နာကြသည်။ . . . သို့သော် အပြစ်ဝင်လာသောအခါ သူတို့သည် ဘုရားသခင်နှင့်အဆက်ပြတ်၍ သူတို့အားဝန်းရံလျက်ရှိသောအလင်းရောင်သည်လည်း သူတို့နှင့်ခွဲခွာသွားသည်။ . . . ဆုံးရှုံးခဲ့သောအပြစ်နှင့်ကင်းစင်သည့်ဝတ်ရုံကို ပြန်လည်ရရှိရန် မည်သို့မျှကြံစည်တီထွင်၍အစားမထိုးနိုင်ပါ။ . . . ခရစ်တော်ကိုယ်တိုင် အသင့်စီမံတော်မူသောဝတ်ရုံကိုဝတ်ဆင်မှသာလျှင် ကျွန်ုပ်တို့သည် ဘုရားသခင်၏ရှေ့တော်တွင် လုံခြုံမှုရှိပါလိမ့်မည်။ ၎င်းဝတ်ရုံသည် ခရစ်တော်၏ဖြောင့်မတ်ခြင်းဖြစ်၍ နောင်တသံဝေဂရပြီးလျှင် ကိုယ်တော်ကိုယုံကြည်သူတိုင်းအား ဝတ်ဆင်ပေးတော်မူသည်။ . . . ကောင်းကင်ရက်ကန်းစင်တွင်ရက်လုပ်ထားသည့် ယင်းဝတ်ရုံတွင် လူသားတို့၏ကြံစည်ပြုလုပ်ထားသည့် ချည်မျှင်တစ်မျှင်မျှပင် ပါဝင်ခြင်းမရှိပါ။ ခရစ်တော်သည် လူသားအဖြစ်ကိုခံယူတော်မူ၍ စုံလင်သောအကျင့်ကိုဆည်းပူးခဲ့ပြီးလျှင် ယင်းအကျင့်ကိုကျွန်ုပ်တို့အားကမ်းလှမ်းတော်မူသည်။ “အကျွန်ုပ်တို့ပြုဖူးသမျှသောကုသိုလ်ကောင်းမှုတို့သည် ညစ်သောအဝတ်နှင့်တူကြပါ၏” (ဟေရှာယ ၆၄း၆)။ ကျွန်ုပ်တို့ကိုယ်တိုင်ကျင့်နိုင်သမျှသည် မကောင်းမှုကြောင့်ညစ်ညူးခြင်းသာဖြစ်သည်။ သို့သော် ဘုရားသခင်၏သားတော်သည် “ငါတို့၏အပြစ်များကိုဆောင်သွားခြင်းငှာ ထင်ရှားပေါ်ထွန်းတော်မူ၏။ . . ကိုယ်တော်၌လည်းအပြစ်မရှိ” (၁ယော ၃း၅)။

ကိုယ်တော်သည် ဘုရားသခင်၏ပညတ်တော်တို့ကို စုံလင်စွာနားထောင်တော်မူခြင်းအားဖြင့် လူသားတိုင်းအားလည်း ပညတ်တော်များကိုလိုက်နာစောင့်ရှောက်နိုင်စေတော်မူသည်။ ကျွန်ုပ်တို့ကိုယ်ကို ခရစ်တော်အားဆက်ကပ်အပ်နှံထားပါက ကျွန်ုပ်တို့၏စိတ်နှလုံးသည် ကိုယ်တော်၏စိတ်နှလုံးနှင့်တစ်ပေါင်းတည်းဖြစ်လိမ့်မည်။ ကျွန်ုပ်တို့၏စိတ်အလိုများသည် ကိုယ်တော်၏အလိုအတိုင်းဖြစ်လိမ့်မည်။ ကျွန်ုပ်တို့၏စိတ်နေသဘောထားသည် ကိုယ်တော်၏စိတ်နေသဘောထားနှင့် တညီတညွတ်တည်းဖြစ်လိမ့်မည်။ ကျွန်ုပ်တို့၏အကြံအစည်များသည်လည်း ကိုယ်တော်၏အလိုတော်အတိုင်းဖြစ်၍၊ ကျွန်ုပ်တို့သည် ကိုယ်တော်၏အသက်တာနည်းတူ အသက်ရှင်ကြလိမ့်မည်။

ယင်းအခြေအနေသို့ဆိုက်ရောက်လာလျှင်၊ ကိုယ်တော်၏ဖြောင့်မတ်ခြင်းဝတ်ရုံကို ဝတ်ဆင်ထားသည်မည်၏။ ထိုနောက်ကျွန်ုပ်တို့ကိုဘုရားသခင်ကြည့်ရှုတော်မူသောအခါ သင်္ဘောသဖန်းရွက်နှင့်ချုပ်ထားသောအဝတ်ကိုလည်းကောင်း၊ အပြစ်လွှမ်းခြုံသဖြင့် အဝတ်အချည်းစည်းရှိခြင်းနှင့် ပုံပျက်ပန်းပျက်ကိုလည်းကောင်း မြင်တော်မမူဘဲ၊ ယေဟောဝါအရှင်၏ပညတ်တရားကို ပြည့်စုံစွာနားထောင်ခြင်းတည်းဟူသော ကိုယ်တော်၏ဖြောင့်မတ်ခြင်းဝတ်ရုံဖြင့် လွှမ်းခြုံလျက်ရှိသည်ကိုသာ မြင်တော်မူလိမ့်မည်။ (COL, pp. 310-312).

–o–



မတ် (၁၂)

## "နားထောင်ခြင်း၌ဝမ်းမြောက်ခြင်း"

**"အိုထာဝရဘုရား၊ ကယ်တင်တော်မူခြင်းကျေးဇူးကို အကျွန်ုပ်တောင့်တပါ၏။ တရားတော်သည်လည်း အကျွန်ုပ်မွေ့လျော်ရာဖြစ်ပါ၏" (ဆာလံ ၁၁၉း၁၇၄)။**

ခရစ်တော်၏ထမ်းပိုးသည် လည်ပင်း၌အောင့်သက်သက်ဖြစ်သည်ဟု စစ်မှန်သောခရစ်ယာန်တို့သည် ဘယ်ခါမျှမညည်းတွားကြချေ။ ယေရှု၏အမှုထမ်းရွက်ခြင်းကို အမှန်ကန်ဆုံးသောလွတ်လပ်မှုအဖြစ် သူခံယူသည်။ ဘုရားသခင်၏ပညတ်တော်သည် သူ၏မွေ့လျော်ရာဖြစ်သည်။ ဘုရားသခင်၏မိန့်မှာချက်များကို မိမိ၏အားနည်းချက်များနှင့်ကိုက်ညီစေခြင်းငှာ လျှော့ချရန်ကြိုးစားမည့်အစား၊ ယင်းတို့၏ပြည့်စုံခြင်းအဆင့်ကို တက်လှမ်းနိုင်ရန်အစဉ်သူကြိုးစားနေသည်။

ကျွန်ုပ်တို့သည် ဘုရားသခင်၏နေ့ရက်တွင်ရပ်တည်ရန်ပြင်ဆင်ရာ၌ ထိုသို့သောအတွေ့အကြုံမျိုးကို ကျွန်ုပ်တို့ပိုင်ဆိုင်ရမည်။ ယခုကရုဏာတရားအချိန်ဆွဲချိန်၊ သနားကြင်နာမှုအသံကိုကြားနေရသေးသည့်အချိန်သည် ကျွန်ုပ်တို့၏အပြစ်များကို ဖယ်ရှားရမည့်အချိန်ဖြစ်သည်။. . .

ကျွန်ုပ်တို့၏သခင်ဘုရားပေါ်ထွန်းလာခြင်းကိုစောင့်နေစဉ် ဘာမျှလျော့နည်းခြင်းမရှိဘဲ၊ ကိုယ်တော်၏ကျေးဇူးတော်၌ ကျွန်ုပ်တို့ရပ်နိုင်မည်အကြောင်း၊ ဘုရားသခင်သည် လုံလောက်သောအထောက်အပံ့ကိုပြုလုပ်ထားပြီးဖြစ်သည်။ သင်အဆင်သင့်ဖြစ်ပြီလား။ မင်္ဂလာဆောင်အဝတ်ကိုဝတ်ပြီလား၊ ၎င်းဝတ်ရုံသည် လိမ်လည်မှု၊ မစင်ကြယ်မှု၊ ပျက်စီးမှု သို့မဟုတ် သူတော်ကောင်း

ယောင်ဆောင်မှုကို ဘယ်ခါမျှဖုံးအုပ်မည်မဟုတ်။ ဘုရားသခင်သည် သင့်အား ကြည့်နေသည်။. . . ကျွန်ုပ်တို့သည် မိမိတို့၏အပြစ်များကို လူသားများ ထံမှဖုံးကွယ်နိုင်မည်ဖြစ်သော်လည်း၊ ကျွန်ုပ်တို့၏ဖန်ဆင်းရှင်ထံမှ မည်သည့် အရာကိုမျှမဝှက်ထားနိုင်ချေ။

ဘုရားသခင်သည် မိမိသားတော်ကိုမနှမြောဘဲ၊ ကျွန်ုပ်တို့၏ရာဇဝတ် မှုများအတွက် အသေခံရန်ပေးအပ်ကာ၊ ကျွန်ုပ်တို့၏ဖြောင့်မတ်ခြင်းအတွက် တစ်ဖန်ထမြောက်စေတော်မူခဲ့သည်။ ခရစ်တော်အားဖြင့် ကျွန်ုပ်တို့သည် ကျေးဇူး တော်ပလ္လင်တွင် ကျွန်ုပ်တို့၏တောင်းလျှောက်သံများကိုတင်ပြနိုင်သည်။ ကျွန်ုပ် တို့သည် မထိုက်တန်သော်ငြားလည်း ကိုယ်တော်အားဖြင့် ဝိညာဉ်ရေးကောင်းချီး များကိုရရှိနိုင်သည်။ အသက်ကိုရခြင်းငှာ ကိုယ်တော်ထံတော်သို့ကျွန်ုပ်တို့လာ ကြပါသလား။ (5T, pp. 220,221).

ဘုရားသခင်၏အလိုတော်ကို ကိုယ်တော်၏သန့်ရှင်းသောပညတ် တော်၌ဖော်ပြထားသည်။ ထိုပညတ်တော်၏အခြေခံသဘောတရားများမှာ ကောင်းကင်ဘုံ၏အခြေခံသဘောတရားများပင်ဖြစ်သည်။ ကိုယ်တော်၏အလို တော်ကို ကောင်းကင်တမန်တို့သိကြသည်။ ထိုထက်မပိုချေ။ ကိုယ်တော်၏ အမှုကိုဆောင်ခြင်းမှာလည်း သူတို့၏စွမ်းဆောင်ရည်ကို အမြင့်ဆုံးအသုံးပြု နိုင်ခြင်းဖြစ်သည်။

သို့သော် ကောင်းကင်၌အမှုတော်ကိုဆောင်ခြင်းမှာ အကျင့်တရား စိတ်ဓာတ်ဖြင့်မဟုတ်ပါ။ ယေဟောဝါအရှင်၏ပညတ်တော်ကို စာတန်ဆန့်ကျင် ပုန်ကန်ချိန်က ပညတ်တော်ရှိနေသည်ဟုပင် ကောင်းကင်တမန်တို့ကြိုတင်၍ မသိခဲ့ကြချေ။ ထိုအချိန်ကျမှသိရှိလာခဲ့ကြသည်။ ကောင်းကင်တမန်တို့အမှု ဆောင်ကြရာ၌ ကျေးကျွန်များကဲ့သို့မဟုတ်ဘဲ၊ သားများကဲ့သို့ဆောင်ရွက်ကြ သည်။. . . နားထောင်ခြင်းဆိုသည်မှာ သူတို့အတွက်အပန်းတကြီးလုပ်ဆောင် ရခြင်းမဟုတ်ပါ။ ဘုရားသခင်အားမြတ်နိုးရှိသေကြသောကြောင့် သူတို့အမှု



ဆောင်ကြရာ၌ ဝမ်းမြောက်ကြသည်။ ထိုကြောင့် မျှော်လင့်ခြင်းဆိုင်ရာဘုန်း တော်တည်းဟူသော ခရစ်တော်ကိန်းအောင်းတော်မူသည့်နှလုံးအတွင်း၌ "အကျွန်ုပ် ၏ဘုရားသခင်၊ ကိုယ်တော်၏အလိုတော်ကိုဆောင်ရာ၌ အကျွန်ုပ်သည် အားရဝမ်းမြောက်ပါ၏။ ကိုယ်တော်၏တရားတော်သည်လည်း အကျွန်ုပ်၏ နှလုံးထဲမှာရှိပါ၏" ဟူ၍ ပဲ့တင်ထပ်နေလိမ့်မည်။ (MB, p. 109).

–ဝ–

မတ် (၁၃)

## "ဘုရားသခင်၏အလုပ်ရှုံ့ပုံသွင်းခြင်း"

**"သင်တို့ကိုယ်ခန္ဓာသည် ဘုရားသခင်ပေးသနားတော်မူသော ဝိညာဉ်တော်တည်းဟူသော သင်တို့အထဲ၌ကိန်းဝပ်၍၊ သန့်ရှင်းသော ဝိညာဉ်တော်၏ဗိမာန်ဖြစ်ကြောင်းကိုလည်းကောင်း၊ မိမိတို့ကိုမိမိတို့ မပိုင်ကြောင်းကိုလည်းကောင်း မသိကြသလော။ သင်တို့သည် အဖိုးနှင့်ဝယ်ယူတော်မူသောသူဖြစ်သောကြောင့် ဘုရားသခင်ပိုင်တော်မူသော သင်တို့၏ကိုယ်ခန္ဓာနှင့်စိတ်ဝိညာဉ်အားဖြင့် ဘုရားသခင်၏ဂုဏ်တော်ကိုထင်ရှားစေကြလော့" (၁ကော ၆း၁၉၊၂၀)။**

ကျွန်ုပ်တို့သည် မိမိကိုယ်ကိုမပိုင်ချေ။ ကျွန်ုပ်တို့အားအဖိုးထိုက်သော ဘုရားသခင့်သားတော်၏ဝေဒနာခံခြင်းနှင့်သေခြင်းဖြင့်ပင် ဝယ်ယူခဲ့ပြီးဖြစ်သည်။ ကျွန်ုပ်တို့သည် ဤအရာကိုနားလည်၍ အပြည့်အဝသဘောပေါက်လျှင်၊ ဘုရားသခင်အားပြည့်စုံသည့်ဝန်ဆောင်မှုကိုပေးနိုင်ရန် အကောင်းဆုံးသော ကျန်းမာသည့်အခြေအနေ၌ မိမိတို့ကိုယ်ကိုထိန်းသိမ်းသည့် ကြီးမားသောတာဝန် ကျွန်ုပ်တို့အပေါ်၌ရှိကြောင်းကို ခံစားမိကြလိမ့်မည်။ . . .

ခရစ်တော်မကြာမီကြွလာမည်ကိုသံသယမရှိဘဲ ကျွန်ုပ်တို့ယုံကြည်ကြသည်။ . . . ယနေ့ကျွန်ုပ်တို့စွဲကိုင်သောယုံကြည်ချက်များသည် လက်ရှိအချိန်အတွက်သမ္မာတရားဖြစ်ကြောင်း၊ ကျွန်ုပ်တို့သည် တရားစီရင်ခြင်းရောက်လုကြောင်းကို ကျွန်ုပ်တို့သည် ကာလအဆက်ဆက်သံသယမရှိခဲ့ကြချေ။ ကျွန်ုပ်တို့တွေ့ဆုံရန်ပြင်ဆင်နေသည့် နောက်တော်ပါသန့်ရှင်းသောကောင်းကင်တမန်များခြံရံသည့်ကိုယ်တော်သည် သစ္စာရှိသူနှင့်ဖြောင့်မတ်သူတို့အား မသေနိုင်သည့်အဖြစ်ကိုပေးရန် ကောင်းကင်မိုးတိမ်များဖြင့်ပေါ်ထွန်းတော့မည်။ ကိုယ်တော်ကြွလာသောအခါ သူသည် ကျွန်ုပ်တို့အားအပြစ်များမှသန့်ရှင်းစေမည်မဟုတ်၊ ကျွန်ုပ်တို့၏အကျင့်စာရိတ္တမှအနာအဆာများကိုလည်း ဖယ်ရှားမည်မဟုတ်။ ကျွန်ုပ်တို့၏ဒေါသနှင့်ပင်ကိုယ်စရိုက်ကို ကုစားမည်လည်းမဟုတ်ချေ။ ဤအရာများကိုလုပ်ပေးမည်ဆိုလျှင်၊ ဤအလုပ်သည် ထိုအချိန်မတိုင်မီအားလုံးပြီးစီးအောင်လုပ်လိမ့်မည်။

သခင်ဘုရားကြွလာသောအခါ၊ သန့်ရှင်းသူတို့သည် သန့်ရှင်းလျက်ရှိနေဦးမည်။ မိမိတို့၏ကိုယ်ခန္ဓာနှင့်စိတ်ဝိညာဉ်များကို သန့်ရှင်းခြင်း၊ စင်ကြယ်ခြင်းနှင့် ဂုဏ်သိက္ခာကိုထိန်းသိမ်းသောသူတို့သည် မသေနိုင်သောအဖြစ်သို့ပြောင်းလဲခြင်းကိုခံရကြလိမ့်မည်။ သို့ရာတွင် မဖြောင့်မတ်၊ မစင်ကြယ်၊ ညစ်ညမ်းသူတို့သည် ထိုအတိုင်းအမြဲရှိနေကြမည်။ သူတို့အတွက် သူတို့၏အပြစ်အနာအဆာများကိုဖယ်ရှားပြီး၊ သူတို့အားသန့်ရှင်းသောအကျင့်ပေးမည့်အလုပ်ကို လုပ်ဆောင်ပေးခြင်းမရှိတော့ချေ။ . . . ဤအရာအားလုံးသည် ကရုဏာတံခါးဖွင့်ချိန်တွင် ပြီးစီးအောင်လုပ်ထားရမည်။ ကျွန်ုပ်တို့အတွက် ဤအရာများကိုပြီးစီးစေရမည့်အချိန်သည် ယခုပင်ဖြစ်သည်။

ကျွန်ုပ်တို့သည် ယခုဘုရားသခင်၏အလုပ်ရုံ၌ရှိနေကြသည်။ များစွာသောကျွန်ုပ်တို့သည် ကျောက်တွင်းမှကြမ်းသောကျောက်များဖြစ်ကြသည်။ သို့သော် ကျွန်ုပ်တို့သည် ဘုရားသခင်၏သမ္မာတရားကိုစွဲကိုင်ထားသောအခါ၊ ၎င်း၏အရှိန်အဝါသည် ကျွန်ုပ်တို့အပေါ်အကျိုးသက်ရောက်မှုရှိသည်။ ၎င်းသည် ကျွန်ုပ်တို့ကိုမြှင့်တင်၍ မပြည့်စုံခြင်းနှင့်အပြစ်အားလုံးကို ကျွန်ုပ်တို့ထံမှဖယ်ရှားလိမ့်မည်။ ထို့ကြောင့်ကျွန်ုပ်တို့သည် ရှင်ဘုရင်ကြီးကို သူ၏တင့်တယ်ခြင်း၌ဖူးမြော်ရန်နှင့် နောက်ဆုံးတွင် ဘုန်းတော်နှင့်ပြည့်သောနိုင်ငံတော်တွင် ဖြူစင်သည့်ကောင်းကင်တမန်များနှင့်ပေါင်းစည်းရန် ပြင်ဆင်ရမည်။ ကျွန်ုပ်တို့အတွက် ဤအလုပ်ကို ဤနေရာတွင်ပြီးစီးစေရမည်ဖြစ်ပြီး၊ ကျွန်ုပ်တို့၏ကိုယ်ခန္ဓာနှင့်စိတ်နှလုံးများကို မသေနိုင်သည့်အဖြစ်နှင့်သင့်လျော်စေရန် ဤနေရာတွင်ပြင်ဆင်ထားနှင့်ရမည်။ (2T, pp. 354-356).

–o–

မတ် (၁၄)

## "ကိုယ်ကာယကျန်းမာရေးနှင့်မြင့်မြတ်သောအစေ့အဆေး"

**"ချစ်သူတို့၊ ဝိညာဉ်နှင့်စစ်ပြိုင်တတ်သောကိုယ်ကာယတပ်မက်ခြင်းကို ရှောင်မည်အကြောင်း၊ ဧည့်သည်အာဂန္တုကဲ့သို့သော သင်တို့ကို ငါတောင်းပန်၏" (၁ပေ ၂း၁၁)။**

လူအများက ဤကျမ်းချက်သည် လိင်ကိစ္စ၌ ကိုယ်ကျင့်သိက္ခာမဲ့ခြင်းကိုသာ သတိပေးသည်ဟုယူဆကြသည်။ သို့ရာတွင် ၎င်းသည်သာ၍ကျယ်ပြန့်သောအဓိပ္ပါယ်ရှိသည်။ ၎င်းကျမ်းချက်သည် ကျန်းမာရေးကိုထိခိုက်စေသည့် ခံတွင်းအလိုလိုက်ခြင်းနှင့် အလိုရမ္မက်ဖြည့်ဆည်းခြင်းအားလုံးကို သတိပေးနေသည်။ လမ်းမမှန်သောခံတွင်းအလိုလိုက်ခြင်းသည် စစ်ပြိုင်နေသော တဏှာတပ်မက်ခြင်းဖြစ်လာသည်။ ခံတွင်းခံစားမှုကို ကောင်းသောရည်ရွယ်ချက်တစ်ခုအတွက် ကျွန်ုပ်တို့အားပေးထားသည်ဖြစ်ရာ၊ ဝိညာဉ်နှင့်စစ်ပြိုင်သည့် တဏှာတပ်မက်ခြင်းအထိ နိမ့်ကျသွားလောက်အောင် အလွဲအသုံးချခြင်းဖြင့် သေမင်း၏တမန်တစ်ပါးကဲ့သို့ဖြစ်လာအောင် မလုပ်ဆောင်သင့်ချေ။ ပေတရု၏တိုက်တွန်းချက်သည် စိတ်ကြွစေသောအရာများနှင့် မူးယစ်ဆေးဝါးများကို တည့်တည့်နှင့်အတင်းအဓမ္မသတိပေးချက်ဖြစ်သည်။ ဤအလိုလိုက်မှုများသည် ကိုယ်ကျင့်တရားအပေါ်ပျက်စီးရာပျက်စီးကြောင်း စေတနာဖြင့်အသုံးပြုသော တဏှာရမ္မက်များနှင့်တန်းတူဖြစ်သည်။ (CTBH, p. 54).

ဘာသာတရားရှိသည်ဟု ဝန်ခံသူအပေါင်းတို့သည် ကိုယ်ခန္ဓာကျန်းမာရေးကိုဂရုမစိုက်ဘဲမနေကြပါနှင့်။ ၎င်းပြင် ချုပ်တည်းခြင်းမရှိခြင်းသည် အပြစ်မဟုတ်၊ ဝိညာဉ်ရေးကိုလည်းမထိခိုက်ဟုမဆိုကြနှင့်။ ကိုယ်စိတ်နှစ်ပါး၏သဘာဝများအကြားတွင် ဆက်နွှယ်မှုရှိသည်။ ပါရမီအဆင့်အတန်းကို



ကိုယ်ကာယအလေ့အထများအားဖြင့် မြှင့်တင်နိုင်သလို၊ နိမ့်ကျသွားအောင်လည်း လုပ်ပစ်နိုင်သည်။ အကောင်းဆုံးအစာများကို အစားကြူးခြင်းသည်လည်း စိတ်ပိုင်းဆိုင်ရာကဏ္ဍတွင် ဥပါဒါန်အစွဲများကိုဖြစ်ပေါ်စေနိုင်သည်။ အစားအစာမကောင်းလျှင်မူ ပို၍ဆိုးဝါးစွာကျန်းမာရေးကိုထိခိုက်နိုင်သည်။ လူ၏ကျန်းမာရေးကိုမတိုးတက်စေသည့်အကျင့်စရိုက်များသည် မြင့်မြတ်သောစွမ်းအားများကို ယုတ်လျော့ကျဆင်းစေသည်။ . . . ခံတွင်းအလိုလိုက်ခြင်းသည် တိရစ္ဆာန်စိတ်သဘောထားများသည် စိတ်ဝိညာဉ်တန်ခိုးများအပေါ် လွှမ်းမိုးရန်ခွန်အားကောင်းသွားစေသည်။ (CH, p. 67).

ခံတွင်းအလိုလိုက်ခြင်းဆိုင်ရာ စုံစမ်းခြင်း၏အတိမ်အနက်ကို ခရစ်တော်တောထဲ၌အချိန်ကြာမြင့်စွာပြုလုပ်ခဲ့သည့်အစာရှောင်ခြင်းအားဖြင့်သာ တိုင်းတာနိုင်သည်။ မှားယွင်းသောခံတွင်းအလိုလိုက်မှုသည် သန့်ရှင်းသောအရာများကိုပင် မသိမြင်နိုင်လောက်အောင် လူသားများ၏အသိစိတ်များကိုမှောင်မိုက်သွားစေနိုင်သည်ဆိုသည့်အချက်ကို ကိုယ်တော်သိထားသည်။ . . . ခရစ်တော်သည် လူသားများကိုယ်စား ရက်သတ္တခြောက်ပတ်မျှအစာရှောင်ခဲ့ရသည့်အခြေအထိ ခံတွင်းအလိုလိုက်မိခြင်း၏ဆိုးကျိုးများသည် အလွန်ပြင်းထန်သည်ဖြစ်ရာ၊ ခရစ်ယာန်များလျှောက်လှမ်းလုပ်ဆောင်ရမည့်အရာမှာ ကြီးကျယ်လှသည်။ သို့စေကာမူ ကြီးမားသောရန်းကန်မှုများကြားမှာပင် အောင်ပွဲဆင်နိုင်ကြမည်။ စာတန်ဖန်တီးသောအပြင်းထန်ဆုံးစုံစမ်းနှောင့်ယှက်ခြင်းကို ခရစ်တော်ရင်ဆိုင်စဉ်က ကိုယ်တော်၏အနီးအပါးတွင် ကူညီမစခဲ့သောတန်ခိုးတော်အားဖြင့်ပင် ထိုခရစ်ယာန်များသည် မဟာတိုက်လှန်ပွဲတွင်အောင်ပွဲဆင်ကာ၊ အဆုံးတွင် နိုင်ငံတော်သို့ဝင်စားပြီး၊ အောင်မြင်ခြင်းသရဖူကိုဆောင်းနိုင်ကြလိမ့်မည်။ (CD, p. 167).

–၀–

## မတ် (၁၅)

# "အသက်တာကိုစိုက်ခြင်းနှင့်ရိတ်သိမ်းခြင်း"

**"လူပျိုတို့၏တပ်မက်ခြင်းကိလေသာစိတ်ကို ကြဉ်ရှောင်လော့။ ဖြောင့်မတ်ခြင်း၊ သစ္စာရှိခြင်း၊ ချစ်ခြင်း၊ စင်ကြယ်သောစိတ်ရှိ၍ ဘုရားသခင်ကိုပဏ္ဍနာပြုသောသူတို့နှင့် အသင့်အတင့်နေခြင်းတို့ကို မှီအောင်လိုက်လော့" (၂တိမောသေ ၂း၂၂)။**

လူငယ်မိတ်ဆွေတို့၊ သင်တို့သည် အချိန်အနည်းငယ်ခန့်သာ ဂျုံရိုင်းပင်များကိုစိုက်ပျိုးလိုက်ပါက၊ သင်၏အသက်တာတစ်ခုလုံးကို စိတ်ဒုက္ခရောက်စေသောအသီးအနှံကို ရိတ်သိမ်းရလိမ့်မည်။ မစဉ်းစားမဆင်ခြင်သောအချိန်တစ်နာရီ၌ စုံစမ်းနှောင့်ယှက်ခြင်းကိုပေးအပ်လိုက်ပါက၊ သင်၏အသက်တာတစ်ခုလုံးကို မှားယွင်းသောလမ်းသို့ရောက်သွားစေသည်။ သင်၏ငယ်ရွယ်အချိန်တစ်ခါသာရရှိနိုင်သည်။ အသုံးကျအောင်ပြုလုပ်ပါ။ သင်သည် မြေကြီးမှထွက်ခွာသွားပြီးနောက် သင်၏အမှားများကိုပြင်ဖို့ရန် ပြန်လာနိုင်တော့မည်မဟုတ်ပေ။. . .

စာတန်သည် မိမိကိုယ်ကိုလင်းသောကောင်းကင်တမန်ကဲ့သို့ပြောင်းလဲ၍ လူငယ်တို့ထံသို့ သူ၏စုံစမ်းနှောင့်ယှက်ခြင်းအမျိုးမျိုးဖြင့် ရောက်ရှိလာသည်။ လူငယ်များကို သူတို့၏ဝတ္တရားလမ်းမှ တစ်လှမ်းပြီးတစ်လှမ်းအနိုင်ရခဲ့သည်။ သူ့ကိုစွပ်စွဲသောသူ၊ လိမ်လည်သောသူ၊ မုသားကိုသုံးသောသူ၊ ညှဉ်းပန်းသောသူ၊ လူသတ်သမားတစ်ယောက်ဟု ဖော်ပြထားသည်။. . . စာတန်၏ပြုမူကျင့်ကြံခြင်းသည် သင့်ကိုစုံစမ်းရန်ဖြစ်သည်။ သို့သော်လည်း စုံစမ်းခြင်းနောက်သို့လိုက်ခြင်းသည် သင်၏လုပ်ဆောင်ချက်ဖြစ်သည်။ စာတန်နှင့်သူ၏နောက်လိုက်တို့သည် စုံစမ်းခံရသူအား အတင်းအဓမ္မအပြစ်ကျူးလွန်နိုင်ဖို့ရန် သူတို့၌တန်ခိုးမရှိကြချေ။ အပြစ်ကျူးလွန်ခြင်းအတွက် ဆင်ခြေမရှိပါ။ (4T, pp. 622,623).

စုံစမ်းခြင်းသည်အပြစ်မဟုတ်ပါ။ ယေရှုသည် သန့်ရှင်း၊ စင်ကြယ်သည်။ ကိုယ်တော်သည် ကျွန်ုပ်တို့ကဲ့သို့ အမျိုးမျိုးစုံစမ်းခြင်းကိုခံခဲ့ရသည်။ သို့ရာတွင် လူသားများ၏ခွန်အားနှင့်တန်ခိုးဖြင့် ဘယ်ခါမျှမခံရပ်နိုင်မည့်စုံစမ်းခြင်းကိုခံခဲ့သည်။ ကိုယ်တော်၏အောင်မြင်စွာတွန်းလှန်နိုင်ခြင်းအရာသည် ကိုယ်တော့်ခြေလှမ်းများကိုလိုက်လျှောက်နိုင်ရန် ကိုယ်တော်သည် ကျွန်ုပ်တို့အားချန်ထားခဲ့သော တောက်ပသောပုံနမူနာဖြစ်သည်။ အကယ်၍ကျွန်ုပ်တို့သည် မိမိကိုယ်ကိုယုံကြည်စိတ်ချသူ သို့မဟုတ် မိမိကိုယ်ကိုဖြောင့်မတ်သည်ဟုယူဆသူများဖြစ်လျှင်၊ စုံစမ်းခြင်းတန်ခိုးအောက်သို့ကျလိမ့်မည်။ သို့သော် ကျွန်ုပ်တို့သည် ယေရှုကိုကြည့်၍ယုံကြည်ကိုးစားလျှင် ကျွန်ုပ်တို့ကိုကူညီရန် စစ်ပွဲ၌ရန်သူကိုအောင်နိုင်သည့်တန်ခိုးကို ဖိတ်ခေါ်သည်ဖြစ်ရာ၊ စုံစမ်းခြင်းတိုင်းအတွက် ကိုယ်တော်သည် လွတ်မြောက်ရာလမ်းကိုပြင်ဆင်တော်မူမည်။ စာတန်သည် ရေကြီးခြင်းကဲ့သို့ရောက်လာသောအခါ၊ ကျွန်ုပ်တို့သည် သူ၏စုံစမ်းခြင်းကို ဝိညာဉ်တော်ဓားဖြင့်ရင်ဆိုင်ကာ ယေရှုသည်ကျွန်ုပ်တို့အားကူညီပြီး၊ ကျွန်ုပ်တို့အတွက်အောင်လံကိုလွှင့်ထူလိမ့်မည်။ (5T, p. 426).

မှားယွင်းသောအကျင့်တစ်ခု၊ ခင်တွယ်နေသည့်အပြစ်တစ်ခုသည် အဆုံးတွင်ဧဝံဂေလိတရား၏တန်ခိုးအားလုံးကို ပြယ်စေလိမ့်မည်။. . . တာဝန်မယူလိုခြင်းနှင့်အပြစ်ကိုခင်တွယ်ခြင်းတို့သည် စာတန်ကလူတို့အား မိမိကျော့ကွင်းတွင်ချည်နှောင်ထားသည့်ကြိုးဖြစ်သည်။ အမှားကိုပြုခြင်းထက်သေခြင်းကိုရွေးချယ်သူတို့သည် သစ္စာရှိသောသူများဖြစ်ကြလိမ့်မည်။ (5T, p. 53).

စာတန်၏အပြင်းထန်ဆုံးသောစုံစမ်းခြင်းများသည် သူတို့၏သစ္စာစောင့်ခြင်းမှ သူတို့အားမဆွဲနုတ်နိုင်သည့် အလွန်ခိုင်မာသောစည်းများကို လူငယ်များပိုင်ဆိုင်နိုင်ကြသည်။ (3T, p. 472).

–o–

## မတ် (၁၆)

# “ဘုရားသခင်လက်ခံသည့်အကျင့်”

**“သင်၏အသက်အရွယ်နုပျိုသည်ကို အဘယ်သူမျှမထီမဲ့မြင်မပြုစေနှင့်။ စကားပြောခြင်း၊ ကျင့်ကြံပြုမူခြင်း၊ သူတစ်ပါးကိုချစ်ခြင်း၊ ဝိညာဉ်သဘောရှိခြင်း၊ သစ္စာစောင့်ခြင်း၊ စင်ကြယ်ခြင်းအရာမှာ ယုံကြည်သောသူတို့အားပုံသက်သေကိုပြလော့” (၁တိမောသေ ၄း၁၂)။**

ကောင်းကင်၏ဘုန်းကြီးရှင်ယေရှုသည် လူငယ်များအတွက်စံနမူနာကိုချန်ထားခဲ့သည်။ သူသည် မိမိ၏နေ့စဉ်ဝမ်းစာအတွက် နာဇရက်မြို့ရှိ အလုပ်ရုံတွင် ပင်ပန်းစွာအလုပ်လုပ်ခဲ့သည်။ သူသည် မိဘတို့၏စကားကို နားထောင်ပြီး၊ မိမိအချိန်ကိုမိမိဘာသာစီမံရန် သို့မဟုတ် မိမိအလိုအတိုင်းကျင့်ရန် မကြိုးစားခဲ့ချေ။ အေးအေးဆေးဆေးဖိမ်ယူသည့်အသက်တာဖြင့် လူငယ်သည် လူကြီးတစ်ဦးကဲ့သို့ သို့မဟုတ် ခရစ်ယာန်တစ်ဦးကဲ့သို့ စစ်မှန်သောထူးချွန်မှုကို ဘယ်ခါမျှမရရှိနိုင်ချေ။ ဘုရားသခင်သည် မိမိ၏အမှုတော်၌ အခက်အခဲမရှိခြင်း၊ ဂုဏ်သိက္ခာ သို့မဟုတ် ကြွယ်ဝခြင်းကိုကတိပေးတော်မမူချေ။ သို့ရာတွင် “ညှဉ်းဆဲခြင်းနှင့်အတူ” လိုအပ်သောကောင်းချီးမင်္ဂလာအားလုံးနှင့် ကမ္ဘာသစ်တွင် “ထာဝရအသက်” ကိုအာမခံတော်မူသည်။ ကိုယ်တော်၏အမှုတော်တွင် အပြည့်အဝလုံးလုံးဆက်ကပ်ခြင်းထက် လျော့နည်းသောဆက်ကပ်ခြင်းကို ခရစ်တော်လက်ခံမည်မဟုတ်ချေ။ ဤအရာသည် ကျွန်ုပ်တို့အားလုံးသင်ယူရမည့်သင်ခန်းစာဖြစ်သည်။. . .

ကျွန်ုပ်တို့၌ခိုင်မာသောဘာသာရေးစည်းမျဉ်း၏တန်ခိုးကို တည်တံ့စေရန်ထင်ရှားသည့်ဥပမာကျွန်ုပ်တို့၌ရှိသည်။. . . ဟလျက်နေသောခြင်္သေ့တွင်းသည် ဒံယေလကိုနေ့စဉ်ဆုတောင်းခြင်းမှမတားဆီးနိုင်ချေ။ တောက်လောင်နေသောမီးဖိုသည်လည်း ရှာဒရက်နှင့်အဖော်တို့အား နေဗုခဒ်နေဇာမင်းကြီးတည်ထားသောရုပ်တုကို ကိုးကွယ်ရန်မထွန်းပေးနိုင်ချေ။ ခိုင်မာသည့်စည်းမျဉ်းရှိသောလူငယ်တို့သည် အပျော်အပါးကိုရှောင်ကြဉ်၍ နာကျင်မှုကိုကြံ့ကြံ့ခံကာ၊ ဘုရားသခင်ရှေ့တွင်သစ္စာမရှိခြင်းထက် ခြင်္သေ့တွင်းနှင့်လောင်သောမီးဖိုကိုပင် ရင်ဆိုင်ရန်ရဲရင့်သည်။ ယောသ၏စာရိတ္တကိုမှတ်ပါ။ အကျင့်သီလသည် ပြင်းထန်စွာစမ်းသပ်ခံရသည်။ သို့သော် အပြည့်အဝအောင်မြင်ခဲ့သည်။ နေရာတိုင်းတွင် မွန်မြတ်သောလူငယ်တို့သည် စုံစမ်းခြင်းကိုခံနိုင်ကြသည်။ အလားတူမြင့်မြတ်ပြီးမကောက်ကွေးသောစည်းမျဉ်းသည် စမ်းသပ်မှုတိုင်းတွင်ပေါ်လာသည်။ ထာဝရဘုရားသည် သူနှင့်အတူရှိတော်မူခဲ့ပြီး၊ ကိုယ်တော်၏နှုတ်ထွက်စကားသည် သူ့အတွက်ပညတ်ပင်ဖြစ်သည်။ (5T, pp. 42,43).

သမ္မာကျမ်းစာကိုလေ့လာပြီး၊ ဘုရားသခင်နှင့်အတူတိုင်ပင်ကာ ခရစ်တော်ကိုမှီခိုသောသူတို့သည် အချိန်တိုင်း၊ မည်သည့်အခြေအနေ၌ပင်ရှိပါစေ၊ ပညာသတိရှိရှိပြုမူနိုင်ကြလိမ့်မည်။ ကောင်းမွန်သောစည်းမျဉ်းများသည် လက်တွေ့အသက်တာတွင်ပေါ်လာလိမ့်မည်။ ဤအချိန်အခါအတွက် သမ္မာတရားကိုလှိုက်လှိုက်လှဲလှဲလက်ခံ၍ မိမိအကျင့်စာရိတ္တ၏အခြေခံဖြစ်စေခြင်းဖြင့်သာလျှင် အပျော်အပါး၏ဆွဲဆောင်မှု၊ ပြောင်းလဲလွယ်သောဓလေ့၊ လောကကိုမြတ်နိုးသူတို့၏အထင်သေးခြင်းနှင့် မိမိအလိုလိုက်ရန် စိတ်နှလုံး၏တောင်းဆိုချက်တို့သည် သူတို့အပေါ်ဩဇာလွှမ်းမိုးရန် တန်ခိုးမဲ့နေလိမ့်မည်။ ဩတ္တပ္ပစိတ်သည် အလျင်ဦးဆုံးအသိအမြင်ကြွယ်ဝစေပြီး လိုအင်ဆန္ဒကိုချိုးနှိမ်ထားရမည်။ သမ္မာတရားနှင့်ဖြောင့်မတ်ခြင်းကိုမြတ်နိုးခြင်းသည် စိတ်နှလုံးကိုစိုးမိုးပါစေ။ ထိုအခါ ဘုရားသခင်လက်ခံနိုင်သည့်အကျင့်စာရိတ္တသည် ပေါ်လာလိမ့်မည်။ (5T, p. 43).

–o–

## မတ် (၁၇)

# "ပေတရု၏လှေကားကိုတက်ခြင်း"

**"ထိုသို့အလိုငှာ သင်တို့သည် ယုံကြည်ခြင်း၌သီလကိုလည်းကောင်း၊ သီလ၌ပညာကိုလည်းကောင်း၊ ပညာ၌ကာမဂုဏ်ချုပ်တည်းခြင်းကိုလည်းကောင်း၊ ကာမဂုဏ်ချုပ်တည်းခြင်း၌သည်းခံခြင်းကိုလည်းကောင်း၊ သည်းခံခြင်း၌ဘုရားဝတ်ကိုပြု၍မွေ့လျော်ခြင်းကိုလည်းကောင်း၊ ထိုမွေ့လျော်ခြင်း၌ညီအစ်ကိုစုံမက်ခြင်းကိုလည်းကောင်း၊ ညီအစ်ကိုစုံမက်ခြင်း၌ချစ်ခြင်းမေတ္တာကိုလည်းကောင်း အလွန်ကြိုးစားအားထုတ်၍ထပ်ဆင့်ကြလော့" (၂ပေ ၁း၅-၇)။**

လူငယ်တို့အား ရှစ်ထစ်ရှိသောပေတရု၏လှေကားကိုညွှန်ပြပါ။ ပြီးနောက် သူတို့၏ခြေထောက်များကို ထိပ်ဆုံးအထစ်၌မဟုတ်ဘဲ၊ အောက်ဆုံးအထစ်မှစတင်ပြီး ထိပ်ဆုံးအထစ်ထိတက်လှမ်းရန် စိတ်ပါလက်ပါတိုက်တွန်းပါ။

ခရစ်တော်သည် ထိုလှေကားဖြစ်တော်မူသည်။ ၎င်း၏အခြေကို ဤကမ္ဘာပေါ်ခရစ်တော်၏လူသားဇာတိ၌ ခိုင်မာစွာစိုက်ထူထားကာ၊ ၎င်း၏ထိပ်ဆုံးမူကား ကိုယ်တော်၏ဘုရားဇာတိအဖြစ်၌ ဘုရားသခင်၏ပလ္လင်အထိရောက်ရှိသည်။ ခရစ်တော်၏လူ့ဇာတိသည် ကျရှုံးသောလူသားအားလုံးကိုပွေ့ဖက်ပြီး သူ၏ဘုရားဇာတိသည် ဘုရားသခင်၏ပလ္လင်ကိုဆုပ်ကိုင်ထားသည်။ ကျွန်ုပ်တို့သည် ထိုလှေကားကိုတစ်ထစ်ပြီးတစ်ထစ်တက်ခြင်းအားဖြင့်လည်းကောင်း၊ ခရစ်တော်ကိုကြည့်ခြင်းအားဖြင့်လည်းကောင်း၊ ခရစ်တော်၌တွယ်ဖက်ခြင်းအားဖြင့်လည်းကောင်း၊ ခရစ်တော်၏အမြင့်အထိတစ်လှမ်းချင်းတက်ခြင်းအားဖြင့်လည်းကောင်း ကယ်တင်ခြင်းခံရကြသည်။ ထို့ကြောင့် ကိုယ်တော်သည် ပညာမှစ၍ ဖြောင့်မတ်ခြင်း၊ သန့်ရှင်းခြင်း၊ ရွေးနုတ်ခြင်းဖြစ်တော်မူသည်။ ယုံကြည်ခြင်း၊ သီလ၊ ပညာ၊ ကာမဂုဏ်ချုပ်တည်းခြင်း၊ သည်းခံခြင်း၊





ဘုရားဝတ်၌မွေ့လျော်ခြင်း၊ ညီအစ်ကိုစုံမက်ခြင်းနှင့်ချစ်ခြင်းမေတ္တာတို့သည် ထိုလှေကားရှစ်ထစ်ပင်ဖြစ်သည်။ ဤကျေးဇူးတရားအားလုံးသည် ခရစ်ယာန်အကျင့်စာရိတ္တတွင် ပေါ်လွင်ရမည်ဖြစ်သည်။ "သို့ပြုလျှင် ရွှေ့လျော့ခြင်းနှင့်အစဉ်ကင်းလွတ်သည်ဖြစ်၍၊ ငါတို့ကိုကယ်တင်တော်မူသောအရှင်သခင်ယေရှုခရစ်၏ထာဝရနိုင်ငံတော်ထဲသို့ဝင်စားခြင်းအခွင့်ကို သင်တို့အားကြွယ်ဝစွာပေးသနားတော်မူလတ္တံ့။" (6T, p. 147).

သင်တို့သည် (အထက်ပါကျေးဇူးရှစ်ခုမှ) နောက်ထပ်ကျေးဇူးတစ်ခုကို မပျိုးထောင်မီ ကျေးဇူးတစ်ခုကိုပြည့်စုံစေပြီးမှ နောက်တစ်ဆင့်တက်လှမ်းမည်ဟူသော အတွေးမျိုးမတွေးမိပါစေနှင့်။ ထိုသို့မဟုတ်ပါ။ ၎င်းတို့သည် တစ်ချိန်တည်း၌အတူတကွကြီးထွားရန်ဖြစ်သည်။ နေ့စဉ်သင်အသက်ရှင်ရာ၌ ခရစ်တော်၏အကျင့်စာရိတ္တတွင် အပြည့်အဝဖော်ပြသည့် မင်္ဂလာရှိသော ဂုဏ်တော်များကို သင်သည် ပြည့်စုံစေနိုင်လိမ့်မည်။ (7BC, p. 943).

သင်၏အသက်တာ၌ အလုပ်များဖြင့်လွှမ်းမိုးသွားမည်ကိုမစိုးရိမ်ပါနှင့်။ အကြောင်းမှာ သင်သည် အရာရာကိုတစ်ချိန်တည်းတွင် လုပ်ဆောင်ပြီးစီးရမည်မဟုတ်ချေ။ သင်၏ကိုယ်ကာယတည်တံ့မှု၏ခွန်အားတို့သည် နေ့စဉ်လုပ်ဆောင်ရမည့်အလုပ်၌ရှိပါစေ။ အဖိုးထိုက်သောအခွင့်အရေးတိုင်းကို တိုးတက်အောင်ပြုလုပ်ပါ။ ဘုရားသခင်သည် သင့်အားပေးကမ်းသောမစခြင်းကိုနှစ်သက်ပါ။ တိုးတက်နေသောအဆင့်သို့တက်လှမ်းရာ၌ ခြေလှမ်းတိုင်းတွင် တိုးတက်မှုရှိပါစေ။ သင်သည်တစ်နေ့လျှင်တစ်ကြိမ်ကျအသက်ရှင်နေရမည်ကိုသတိပြုပါ။ ဘုရားသခင်သည် သင့်ကိုတစ်နေ့တာပေးတော်မူ၍၊ ကောင်းကင်နိုင်ငံတော်၏မှတ်တမ်း၌ သင်သည်အခွင့်အရေးများနှင့်ကြုံကြိုက်သည့်အခွင့်ကောင်းများကို မည်သို့တန်ဖိုးထားကြောင်းပြလိမ့်မည်။ သင့်အားဘုရားသခင်ပေးသောနေ့ရက်တိုင်းကို တိုးတက်အောင်ပြုလုပ်နိုင်ပါစေ။ နောက်ဆုံးသင်သည် သခင့်ထံတော်မှ "သာဓု၊ သစ္စာရှိသောငယ်သားကောင်း" ဟု မိန့်တော်မူသံကိုကြားရမည်။ (MYP, p. 46).

-o-

## မတ် (၁၈)

# "အသက်ဝိညာဉ်၏ထွက်သက်ဝင်သက်"

### "မခြားမလပ်ဆုတောင်းပတ္ထနာပြုကြလော့" (၁သက် ၅း၁၇)။

ဆုတောင်းခြင်းသည် အသက်ဝိညာဉ်၏ထွက်သက်ဝင်သက်ဖြစ်ပြီး၊ ကောင်းချီးအားလုံးစီးဝင်ရာလမ်းကြောင်းဖြစ်သည်။ နောင်တရသောသူသည် ဆုတောင်းသောအခါ၊ ဘုရားသခင်သည် သူ၏ရုန်းကန်ခြင်းကိုမြင်၍ သူ၏ တိုက်ပွဲကိုစောင့်ကြည့်ကာ၊ သူ၏ရိုးသားမှုကိုမှတ်တော်မူသည်။ ကိုယ်တော်သည် သူ၏သွေးခုန်နှုန်းကိုစမ်း၍၊ သွေးခုန်ချက်တိုင်းကိုမှတ်တော်မူသည်။ သူ့ကိုရင်ဖိုစေသောခံစားချက်၊ စိတ်တုန်လှုပ်စေသောစိတ်ခံစားမှု၊ အမှောင်လွှမ်းမိုးစေသောဝမ်းနည်းခြင်း၊ စွန်းထင်စေသောအပြစ်၊ ရွေ့သွားသောအတွေးသို့မဟုတ် ရည်ရွယ်ချက်ဟူသမျှ ကိုယ်တော်ထည့်သွင်းစဉ်းစားခြင်းမရှိသည့် အရာမရှိချေ။ အဖိုးမဖြတ်နိုင်သောတန်ဖိုးဖြင့်ဝယ်ယူထားပြီး၊ ကြီးမားသော သံယောဇဉ်ဖြင့်ချစ်ခြင်းခံရသည့်သူသည် မပြောင်းလဲနိုင်တော့ချေ။

အသက်ဝိညာဉ်ရောဂါပျောက်ကင်းရန်အတွက် ကြီးမြတ်သောသမားတော်ထံဆုတောင်းခြင်းသည် ဘုရားသခင်၏ကောင်းချီးမင်္ဂလာကိုယူဆောင်လာပေးသည်။ ဆုတောင်းခြင်းသည် အချင်းချင်းသော်လည်းကောင်း၊ ဘုရားသခင်နှင့်သော်လည်းကောင်း ပေါင်းစည်းပေးသည်။ ဆုတောင်းခြင်းသည် ယေရှုကိုကျွန်ုပ်တို့နံဘေးသို့ခေါ်ဆောင်၍ အားနည်းပြီးစိတ်ရှုပ်ထွေးနေသော အသက်ဝိညာဉ်ကို ခွန်အားသစ်နှင့်အသစ်သောကျေးဇူးတရားများကို ပေးလျက်ရှိသည်။ . . .

ကျွန်ုပ်တို့၏ကယ်တင်ရှင်ခရစ်တော်သည် ကျွန်ုပ်တို့ကဲ့သို့စုံစမ်းခြင်းအမျိုးမျိုးကိုခံခဲ့ရသော်လည်း၊ ကိုယ်တော်၌အပြစ်မရှိချေ။ ကိုယ်တော်သည် လူသားပုံစံအတိုင်း၊ လူသားတို့၏လိုအပ်ချက်များကိုလည်း လိုအပ်ခဲ့သည့်လူသားဇာတိကိုခံယူတော်မူခဲ့သည်။ ကိုယ်တော်၌ဖြည့်ပေးရန် လိုအပ်သော ကိုယ်ကာယလိုအပ်ချက်များ၊ သက်သာစေရန်လိုအပ်သည့် ကိုယ်ကာယနွမ်းနယ်မှုများရှိခဲ့သည်။ တာဝန်အတွက်သော်လည်းကောင်း၊ စမ်းသပ်ခြင်းအတွက်သော်လည်းကောင်း ကိုယ်တော်ကိုအဖခမည်းတော်၌တည်စေသောအရာမှာ ဆုတောင်းခြင်းဖြစ်သည်။ အသက်ဝိညာဉ်များကိုကယ်ဆယ်ရာ၌ မိမိ၏တာဝန်ဝတ္တရားကို ကိုယ်တော်သည် တစ်နေ့ပြီးတစ်နေ့လုပ်ဆောင်တော်မူသည်။. . စုံစမ်းခြင်းခံရသောသူတို့ကိုယ်စား ကိုယ်တော်သည် တစ်ညလုံးဆုတောင်းတော်မူခဲ့သည်။. . .

ကိုယ်တော်သည် တောင်ပေါ်၌ သို့မဟုတ် တောထဲ၌ညဘက်ဆုတောင်းခြင်းများသည် နောက်လာမည့်ရက်များတွင် ရင်ဆိုင်ရမည့်စုံစမ်းခြင်းများအတွက်ပြင်ဆင်ရန် ကိုယ်တော်အတွက်အရေးပါသည်။ စာတန်၏စုံစမ်းခြင်းများကိုရင်ဆိုင်နိုင်ရန် စိတ်ဝိညာဉ်နှင့်ခန္ဓာကိုယ်၏အားအင်ပြည့်စေခြင်းလိုအပ်ချက်ကို ကိုယ်တော်ခံစားခဲ့သည်။ ကိုယ်တော်၏အသက်တာအတိုင်း အသက်ရှင်ရန်ကြိုးပမ်းသူတို့သည် အလားတူလိုအပ်ချက်ကိုခံစားရမည်။. . .

ကိုယ်တော်သည်ကျွန်ုပ်တို့အား "ငါ၌ဆည်းကပ်လိုသောသူဖြစ်လျှင် ကိုယ်ကိုကိုယ်ငြင်းပယ်ရမည်။ ကိုယ်လက်ဝါးကပ်တိုင်ကိုထမ်း၍ ငါ့နောက်သို့လိုက်ရမည်" ဟုမိန့်တော်မူသည်။ "ငါ့ထမ်းပိုးကိုတင်၍ထမ်းကြလော့။ ငါ့ထံ၌နည်းခံကြလော့။ ငါသည်နူးညံ့သိမ်မွေ့နှိမ့်ချသောစိတ်သဘောရှိ၏" ဟူသော ကိုယ်တော်၏မိန့်တော်မူချက်ကို ခရစ်တော်ကသာလျှင်ကျွန်ုပ်တို့အား လိုက်လျှောက်စေနိုင်သည်။ ဆိုလိုသည်မှာ နေ့စဉ်မိမိကိုယ်ကိုငြင်းပယ်ရမည်။ ခရစ်တော်သည် ကျွန်ုပ်တို့အားမြင့်မြတ်သောစိတ်ပိုင်းဖြတ်ခြင်း၊ ဝေဒနာခံလိုသည့်ဆန္ဒ၊ ထိန်းသိမ်းထားသောအင်အားဖြင့် ထာဝရဘုရား၏တိုက်ပွဲကိုတိုက်ခြင်းတို့ကို ပေးစွမ်းနိုင်သည်။ အားအနည်းဆုံးသောသူပင်လျှင် ဘုရားကျေးဇူးတရား၏အမအစဖြင့် အောင်နိုင်သူထက်မကဖြစ်ရန် ခွန်အားကိုရရှိနိုင်သည်။ (RH, Oct. 30, 1900).

–ο–

မတ် (၁၉)

## “တိုးတက်မှု၏လျှို့ဝှက်ချက်”

**“အိုလူများတို့၊ ဘုရားသခင်၌အစဉ်မပြတ်ခိုလှုံကြလော့။ ရှေ့တော်၌စိတ်နှလုံးကိုဖွင့်ပြကြလော့။ ဘုရားသခင်သည် ငါတို့ခိုလှုံရာဖြစ်တော်မူ၏” (ဆာလံ ၆၂း၈)။**

ကျွန်ုပ်တို့သည် အံ့ဖွယ်အသက်တာ၌တိုးတက်လိုလျှင် များစွာဆုတောင်းရမည်။ သမ္မာတရားသတင်းကိုပထမကြွေးကြော်စဉ်က၊ ကျွန်ုပ်တို့များစွာဆုတောင်းခဲ့သည်။ အိပ်ခန်း၊ စပါးကျီ၊ သစ်သီးခြံ သို့မဟုတ် တောအုပ်လေးများတွင် ဆုတောင်းသံကိုမကြာခဏကြားရသည်။ ကျွန်ုပ်တို့သည် နှစ်ယောက်သုံးယောက်အတူတကွကတိတော်များကိုတောင်းခံရင်း စိတ်ပါလက်ပါနာရီနှင့်ချီ၍ မကြာခဏဆုတောင်းကြသည်။ ငိုရှိုက်သံများကိုမကြာခဏကြားရသည်။ ထိုနောက် ဂုဏ်တော်ချီးမွမ်းသံနှင့်ချီးမွမ်းခြင်းသီချင်းကိုကြားရသည်။ ကျွန်ုပ်တို့စတင်ယုံကြည်ချိန်ကထက် ယခုအချိန်တွင် ဘုရားသခင်၏နေ့ရက်သည် သာ၍နီးလာလျက်ရှိသည်။ ထိုကြောင့်ကျွန်ုပ်တို့သည် သာ၍အစောပိုင်းကနေ့ရက်များထက် သာ၍စိတ်အားထက်သန်ရမည်။ (5T, pp. 161, 162).

ဤလောကအသက်တာ၌ ယေရှုသည် ပညာနှင့်တန်ခိုးရရှိခဲ့သည်မှာ တစ်ဦးတည်းအချိန်ယူဆုတောင်းခြင်းဖြစ်သည်။ နံနက်မိုးသောက်ချိန်နှင့်ညနေဆည်းဆာချိန်များ၌ တိတ်တဆိတ်မိမိတို့၏ကောင်းကင်ဘုံက အဖခမည်းတော်နှင့်ဆက်ဆံခြင်း၌ ကိုယ်တော်၏ပုံနမူနာကို လူငယ်များလိုက်လျှောက်ရမည်။ တစ်နေ့တာလုံး မိမိတို့၏စိတ်နှလုံးကို ဘုရားသခင်ထံသို့သူတို့အာရုံပြုကြစေ။ ကျွန်ုပ်တို့၏ခြေလှမ်းတိုင်းတွင် ကိုယ်တော်က “မစိုးရိမ်နှင့်။ ငါမစမည်ဟုသင့်အားဆိုလျက်၊ သင်၏လက်ယာကိုကိုင်မည်” (ဟေရှာယ ၄၁း၁၃) ဟုမိန့်တော်မူသည်။ ကျွန်ုပ်တို့၏သားသမီးတို့သည် သူတို့အသက်ငယ်ရွယ်စဉ်ခါ ဤသင်ခန်းစာကိုသင်ယူနိုင်ခဲ့လျှင်၊ သူတို့၏အသက်တာတွင် လန်းဆန်းခြင်းနှင့်ခွန်အား၊ ပျော်ရွှင်မှုနှင့်ချိုသာမှုမည်မျှရှိလိမ့်မည်နည်း။ (Ed, p. 259).

အသက်ရှင်တော်မူသောဘုရားသခင်ကိုအလိုရှိသော သင်၏စိတ်နှလုံးကြေကွဲပါစေ။ ဘုရားသခင်၏အလိုတော်အတိုင်းဆောင်ရွက်ခြင်းဖြင့် လူသားသည် မည်ကဲ့သို့သောအမှုကိစ္စများကိုဆောင်ရွက်နိုင်ကြောင်း ခရစ်တော်၏အသက်တာကဖော်ပြထားသည်။ ဘုရားသခင်၏အထံတော်မှ ခရစ်တော်ရရှိခဲ့သမျှအတိုင်း ကျွန်ုပ်တို့လည်းရရှိနိုင်သည်။ ထိုကြောင့် တောင်းလျှောက်၍ရယူပါ။ ယာကုပ်ကဲ့သို့ အားထုတ်မှုနှင့်ပြည့်စုံသောယုံကြည်ခြင်းဖြင့်လည်းကောင်း၊ ဧလိယကဲ့သို့လက်မလျှော့၊ နောက်မဆုတ်သောစိတ်ထားဖြင့်လည်းကောင်း ဘုရားသခင်၏ကတိတော်များကို သင့်ကိုယ်တိုင်အဖို့တောင်းလျှောက်ပါ။

ဘုရားသခင်၏ဘုန်းကြီးတော်မူသောသဘောတရားတို့သည် သင်၏ဉာဏ်မျက်စိကိုပိုင်စိုးပါစေ။ သင်၏အသက်တာကို ခရစ်တော်၏အသက်တာနှင့်လျှို့ဝှက်သောကွင်းဆက်များဖြင့် ဆက်သွယ်လျက်ရှိပါစေ။ ဘုရားသခင်၏ဘုန်းတော်ကိုသိသောပညာရောင်ခြည်သည် ခရစ်တော်ရှေ့တွင်ထွန်းလင်းစေခြင်းငှာ မှောင်မိုက်ဖုံးလွှမ်းရာအရပ်တွင် အလင်းကိုဖြစ်စေတော်မူသောဘုရားသခင်သည် သင်၏စိတ်နှလုံးအတွင်း၌လည်း အလင်းရောင်ကိုထွန်းလင်းစေတော်မူလိမ့်မည်။ ဘုရားသခင်နှင့်ဆိုင်သောအရာများသည် အသက်ကိုရှင်စေတတ်သောတန်ခိုးဖြစ်၍ နားထောင်တတ်သောသူအား ပေးတော်မူလိမ့်မည်ဖြစ်ကြောင်း သန့်ရှင်းသောဝိညာဉ်တော်သည် သင့်အားပြတော်မူလိမ့်မည်။ . . .ငင်းပြင်ကိုယ်တော်သည် ကာလအစဉ်အသက်ရှင်တော်မူသောကြောင့် ကျွန်ုပ်တို့အားအစဉ်ကယ်တင်ခြင်းငှာ တတ်နိုင်တော်မူသည့်ဘုန်းတော်ကို သင်သည် မျှော်ရှုနိုင်သည်သာမက လူအပေါင်းတို့အားဖော်ပြနိုင်လိမ့်မည်။ (COL, p. 149).

–၀–

မတ် (၂၀)

## "မဆုတ်မနစ်သောယုံကြည်ခြင်း"

**"သို့ရာတွင် တွေးတောခြင်းမရှိဘဲ ယုံကြည်သောစိတ်နှင့်တောင်းရမည်။ တွေးတောခြင်းရှိသောသူသည်ကား၊ လေခတ်၍လှုပ်ရှားတတ်သော လှိုင်းတံပိုးနှင့်တူ၏" (ယာကုပ် ၁း၆)။**

ဆုတောင်းခြင်းနှင့်ယုံကြည်ခြင်းသည် နီးကပ်စွာဆက်နွယ်နေကြသောကြောင့် ယင်းတို့ကိုအတူတူလေ့လာရန်လိုအပ်သည်။ ယုံကြည်ခြင်းဖြင့်ဆုတောင်းရာ၌ အံ့ဖွယ်သိပ္ပံပညာရှိသည်။ မိမိဘဝလုပ်ငန်းကို အောင်မြင်စေသောသူသည် ဤသိပ္ပံပညာကိုနားလည်ရမည်။ ခရစ်တော်သည် "ထိုကြောင့်ငါဆိုသည်ကား၊ သင်တို့သည် ဆုကျေးဇူးကိုရမည်ဟု ယုံကြည်သောစိတ်နှင့်ဆုတောင်းသမျှတို့ကိုရကြလိမ့်မည်" (မာကု ၁၁း၂၄) ဟုမိန့်တော်မူသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏အလိုတော်အတိုင်းတောင်းလျှောက်ရမည်ဟု ကိုယ်တော်သည် ရိုးရှင်းစွာမိန့်တော်မူသည်။ ကိုယ်တော်ကတိထားသည့်အရာများကို ကျွန်ုပ်တို့တောင်းလျှောက်ရမည်ဖြစ်ကာ ကျွန်ုပ်တို့ရရှိသည့်အရာများကို ကိုယ်တော်အလိုတော်အတိုင်းအသုံးပြုရမည်။ တောင်းဆိုချက်များပြည့်မီလျှင် ကတိတော်သည် တိတိကျကျပင်ဖြစ်သည်။

အပြစ်လွှတ်ခြင်း၊ သန့်ရှင်းသောဝိညာဉ်တော်၊ ခရစ်တော်၏စိတ်သဘောထား၊ ကိုယ်တော်၏အမှုကိုဆောင်ရန်ခွန်အားနှင့်တန်ခိုး၊ ကိုယ်တော်ကတိထားသည့်မည်သည့်ဆုကျေးဇူးကိုမဆို ကျွန်ုပ်တို့တောင်းနိုင်သည်။ ထိုအခါ ကျွန်ုပ်တို့တောင်းသည့်အရာကိုရသည်ဟုယုံကြည်ပြီး၊ ထိုနောက်ရရှိထားပြီဟူ၍ ဘုရားသခင်ကိုကျေးဇူးတင်ရမည်။ ရရှိသည့်ကောင်းချီးမင်္ဂလာ၏အပြင်ပန်းသက်သေအထောက်အထားကို ရှာဖွေရန်မလိုအပ်ချေ။ ဆုကျေးဇူးသည် ကတိ



တော်ထဲ၌ပါရှိပြီးဖြစ်ကာ၊ ဘုရားသခင်ကတိထားတော်မူသည့်အရာကို ကိုယ်တော်သည်ဆောင်ရွက်နိုင်ကြောင်း ယုံကြည်စိတ်ချရမည်ဖြစ်သည်။ ကျွန်ုပ်တို့ပိုင်ဆိုင်နှင့်ပြီးဖြစ်သောဆုကျေးဇူးကို ကျွန်ုပ်တို့အလိုအပ်ဆုံးသောအချိန်တွင် နားလည်သဘောပေါက်လိမ့်မည်။

ဘုရားသခင်၏နှုတ်ကပတ်တော်အားဖြင့် အသက်ရှင်ခြင်းသည် အသက်တာတစ်ခုလုံးကို ကိုယ်တော်ထံအပ်နှံခြင်းကိုဆိုလိုသည်။ လိုအပ်ချက်နှင့်မှီခိုခြင်း၊ ဘုရားသခင်ထံစိတ်နှလုံးရောက်ရှိခြင်းကို အစဉ်ခံစားရလိမ့်မည်။ ဆုတောင်းခြင်းသည်လိုအပ်သည်။ အကြောင်းမှာဒင်းသည် အသက်ဝိညာဉ်၏အသက်ဖြစ်သည်။ မိသားစုဆုတောင်းခြင်း၊ လူထုကြားဆုတောင်းခြင်းတို့သည် သူ့နေရာနှင့်သူရှိသည်။ သို့ရာတွင် ဝိညာဉ်အသက်ကိုအားဖြည့်စေသောအရာမှာ ဘုရားသခင်ထံလျှို့ဝှက်စွာဆုတောင်းဆက်ဆံခြင်းဖြစ်သည်။. . .

လောကီအရာများကိုပိုင်ဆိုင်ရန်ကြိုးပမ်းမှုသည် အလျင်ကထက်ပြင်းပြလျက်ရှိသည်။ အပျော်အပါး၊ ငွေရှာခြင်း၊ အာဏာလုခြင်း၊ အသက်ရှင်ခြင်းအတွက်ရုန်းကန်ခြင်းတို့တွင် ကိုယ်၊ စိတ်၊ နှလုံးကို အာရုံစိုက်သည့်ကြောက်မက်ဖွယ်တန်ခိုးရှိနေသည်။ ဤစိတ်တိုစရာကောင်းသောပြေးလွှားခြင်းကြား၌ပင် ဘုရားသခင်သည် စကားပြောတော်မူသည်။ ကိုယ်တော်သည် ကျွန်ုပ်တို့အား ခွဲထွက်လာ၍၊ သူနှင့်ရင်းရင်းနှီးနှီးရှိရန် တိုက်တွန်းတော်မူသည်။ "ငြိမ်ဝပ်စွာနေကြလော့။ ငါကားဘုရားသခင်ဖြစ်သည်ဟု သိမှတ်ကြလော့။"

ကိုယ်တော်ရှေ့တွင် ခေတ္တခဏရပ်ခြင်းမဟုတ်ဘဲ၊ ခရစ်တော်နှင့်အတူကိုယ်တိုင်ဆက်သွယ်ခြင်း၊ ကိုယ်တော်နှင့်အတူပေါင်းဖော်ရန်ထိုင်ချခြင်းသည် ကျွန်ုပ်တို့၏လိုအပ်ချက်ဖြစ်သည်။ (Ed, pp. 257-261).

–ဝ–

## မတ် (၂၁)

# “စိတ်နှလုံးနှင့်အသက်တာဖြူစင်ခြင်း”

**“စိတ်နှလုံးဖြူစင်သောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ ထိုသူတို့သည် ဘုရားသခင်ကိုမြင်ရကြလတ္တံ့.” (မဿဲ ၅း၈)။**

ညစ်ညူးမှုမှန်သမျှ ဘုရားသခင်၏မြို့တော်သို့မဝင်ရပါ။ ထိုမြို့တွင်နေထိုင်သူများသည် ရှေးဦးစွာစိတ်နှလုံးဖြူစင်ရမည်။ ယေရှုအကြောင်းကိုသင်ယူနေသူသည် အပြောအဆိုနှင့်အနေအထိုင်ဆင်ခြင်ရမည်။ ရိုင်းပျသောအမူအရာ၊ အတွေးအခေါ်မရှိရပါ။ စိတ်နှလုံးအတွင်း ခရစ်တော်ရှိနေပါက၊ ထိုစိတ်နှလုံးသည်ဖြူစင်၍ အတွေးအခေါ်၊ အပြုအမူရည်မွန်လိမ့်မည်။

သို့သော်. . . ယေရှုမိန့်တော်မူရာ၌ သာ၍လေးနက်သောအဓိပ္ပါယ်ရှိသေးသည်။ လောကီသားတို့နားလည်သဘောပေါက်သည့် ဖြူစင်ခြင်းသို့မဟုတ် စင်ကြယ်ခြင်းထက်ပို၍အဓိပ္ပါယ်လေးနက်သည်။ ကာမ၊ ရာဂ၊ လောဘနှင့်ယှဉ်၍ဖြူစင်ရမည်။ ရည်ရွယ်ရင်းစေတနာမှန်၍ ဝါကြွားမှုနှင့်ကိုယ်ကျိုးဖက်မှုကင်းရမည်။ မာန်မာနမရှိရ။ စိတ်နှိမ့်ချ၍ကလေးသူငယ်ကဲ့သို့ဖြစ်ရမည်။

မေတ္တာရှိမှသာ မေတ္တာကိုတန်ဖိုးထားတတ်သည်။ ကိုယ်တော့်ဂုဏ်တော်၏အခြေခံသဘောတရားဖြစ်သော ကိုယ်ကျိုးစွန့်သည့်မေတ္တာကို သင့်ကိုယ်ပိုင်အသက်တာတွင် လက်ခံခြင်းမရှိသော်၊ သင်သည် ဘုရားသခင်ကိုမသိရှိနိုင်ပါ။

ခရစ်တော်ဘုန်းတော်နှင့်ကြွလာတော်မူသောအခါ ဆိုးသောသူများသည် ကိုယ်တော်ကိုဖူးမြော်နိုင်ကြလိမ့်မည်မဟုတ်ချေ။ ကိုယ်တော်အားချစ်မြတ်နိုးသောသူတို့အဖို့ ကိုယ်တော်၏အလင်းရောင်သည် အသက်ဖြစ်သော်လည်း၊ ဆိုးသောသူတို့မူကား၊ ကိုယ်တော်၏အလင်းရောင်ကြောင့် အသက်ရှင်နိုင်ကြမည်မဟုတ်ချေ။. . . ကိုယ်တော်သည် ထင်ရှားစွာကြွလာတော်မူသောအခါ သူတို့အားကယ်တင်ဖို့အသေခံတော်မူသောအရှင်၏မျက်နှာတော်ကိုမဖူးမမြင်ရအောင် ပုန်းအောင်းနေနိုင်ကြဖို့ဆုတောင်းကြပေလိမ့်မည်။

သို့သော် သန့်ရှင်းသောဝိညာဉ်တော်ကိန်းဝပ်တော်မူခြင်းအားဖြင့် စိတ်နှလုံးဖြူစင်သောသူတို့မူကား ပြောင်းလဲခြင်းသို့ရောက်ကြလိမ့်မည်။ ထိုသူတို့အနေဖြင့် ဘုရားသခင်ကိုသိမြင်နိုင်ကြသည်။ ဘုရားသခင်သည် မိမိ၏ဘုန်းတော်ကို မောရှေအားဖွင့်ပြတော်မူချိန်က မောရှေအားကျောက်ကြားမှာဝှက်ထားခဲ့ရသည်။ ထိုနည်းတူကျွန်ုပ်တို့သည် ကိုယ်ကိုကိုယ်ခရစ်တော်၌ဝှက်ထားကြမှသာလျှင် ဘုရားသခင်၏မေတ္တာရောင်ခြည်ကို ဖူးမြင်နိုင်ကြလိမ့်မည်။

ယုံကြည်ခြင်းအားဖြင့် ကျွန်ုပ်တို့သည် ဤအချိန်ဤနေရာမှ ကိုယ်တော်ကိုဖူးမြင်ကြသည်။ ကျွန်ုပ်တို့၏စားဝတ်နေရေးအတွက် စီမံခန့်ခွဲထားတော်မူခြင်းများအားဖြင့်ဖော်ပြထားသည့် ကိုယ်တော်၏ကရုဏာတော်နှင့်ကောင်းမြတ်တော်မူခြင်းများကို ကျွန်ုပ်တို့၏နေ့စဉ်အသက်တာအတွေ့အကြုံအားဖြင့် ကိုယ်တော်ကိုကျွန်ုပ်တို့ဖူးမြင်နိုင်သည်။ သားတော်၏ဂုဏ်တော်အားဖြင့် ဘုရားသခင်ကိုကျွန်ုပ်တို့အသိအမှတ်ပြုကြသည်။ . . . စိတ်နှလုံးဖြူစင်သောသူတို့သည် ဘုရားသခင်အားမိမိတို့၏မြတ်နိုးဖွယ်ရွေးနုတ်ရှင်အဖြစ် အသစ်သောမိတ်သဟာယဖြင့်မြင်ကြသည်။ ၎င်းအပြင် ကိုယ်တော်၏မြတ်နိုးဖွယ်ဖြူစင်သောဂုဏ်တော်ကိုသိရသောအခါ ကိုယ်တော်၏ပုံသဏ္ဌာန်ကိုရောင်ပြန်ဟပ်လိုကြသည်။ ဘုရားသခင်သည် နောင်တရသောသားကို အဝေးကပင်ဆီးကြိုသောဖခင်နှင့်တူသည်ဟုသူတို့မြင်၍ မဖော်ပြနိုင်လောက်အောင်ဝမ်းမြောက်ကြပြီး စိတ်နှလုံးထဲတွင် ဘုရားသခင်၏ဘုန်းအသရေကိုခံစားကြသည်။

စိတ်နှလုံးဖြူစင်သူတို့အနေဖြင့် ဤလောကတွင်အသက်ရှင်ရသည့်အချိန်ကို ဘုရားသခင်၏ရှေ့မှောက်တွင် ကိုယ်တော်အားဖူးမြော်ရသကဲ့သို့ပြုမူကြသည်။ ဧဒင်ဥယျာဉ်၌အာဒံသည် ဘုရားသခင်နှင့်အတူနေထိုင်ခဲ့သည်နည်းတူ သူတို့သည်လည်း အနာဂတ်တွင်မသေနိုင်သောကိုယ်ခန္ဓာဖြင့် ဘုရားသခင်မျက်နှာတော်ကို ဖူးမြင်ကြလိမ့်မည်။ (MB, pp. 24-27).

–၀–

မတ် (၂၂)

## “သန့်ရှင်းစင်ကြယ်ခြင်းကို သမ္မာကျမ်းစာ၏အနက်ဖွင့်ဆိုချက်”

**“ကိုယ်တော်၏သမ္မာတရားအားဖြင့် သူတို့ကိုသန့်ရှင်းစေတော်မူပါ။ ကိုယ်တော်၏နှုတ်ကပတ်သည် သမ္မာတရားဖြစ်ပါ၏” (ယောဟန် ၁၇း၁၇)။**

သမ္မာတရားအားဖြင့် သန့်ရှင်းစင်ကြယ်စေတော်မူသောသူတို့သည် ၎င်း၏တန်ခိုးကို သက်ရှိထင်ရှားထောက်ခံသည့်အရာနှင့် မိမိတို့၏ထမြောက်တော်မူသောသခင်၏ကိုယ်စားလှယ်များဖြစ်ကြသည်။ ခရစ်တော်၏ဘာသာတရားသည် အရသာခံစားမှုကိုသန့်စင်စေ၍၊ ဝေဖန်ပိုင်းခြားနိုင်စွမ်းကိုစင်ကြယ်စေကာ စိတ်ဝိညာဉ်ကိုမြင့်တင်၊ သန့်ရှင်း၊ ဂုဏ်တက်စေပြီး ခရစ်ယာန်တစ်ဦးကို ကောင်းကင်တမန်များအစုအဖွဲ့အတွက် သာ၍သင့်လျော်စေသည်။ (KH, p. 250).

“သမ္မာတရားအားဖြင့် သူတို့ကိုသန့်ရှင်းစေမည်အကြောင်း အကျွန်ုပ်သည် သူတို့အဖို့အလိုငှာ ကိုယ်ကိုသန့်ရှင်းစေပါ၏” (ယောဟန် ၁၇း၁၉)။ “ကိုယ်စိတ်နှလုံးကိုစင်ကြယ်စေပြီးသည်နှင့်အညီ၊ စင်ကြယ်သောစိတ်နှင့်အချင်းချင်းအားကြီးသောချစ်ခြင်းမေတ္တာရှိကြလော့” (၁ပေ ၁း၂၃)။ “ထိုကြောင့်ချစ်သူတို့၊ ထိုကတိတော်များနှင့်ငါတို့သည်ဆိုင်ကြသည်ဖြစ်၍ ကိုယ်ခန္ဓာ၏အညစ်အကြေး၊ စိတ်ဝိညာဉ်၏အညစ်အကြေးရှိသမျှတို့နှင့် ကိုယ်ကိုကိုယ်ကင်းစင်စေလျက်၊ ဘုရားသခင်ကိုကြောက်ရွံ့၍ သန့်ရှင်းခြင်းပါရမီနှင့်ပြည့်စုံကြကုန်အံ့” (၂ကော ၇း၁)။ . . .

သမ္မာကျမ်းစာ၏သန့်ရှင်းစင်ကြယ်ခြင်းမှာ ပြသခြင်း သို့မဟုတ် ပြင်ပန်းအလုပ်မျှသာမဟုတ်ချေ။ သမ္မာတရားလမ်းကြောင်းမှတစ်ဆင့်ရရှိသည့်စင်ကြယ်ခြင်းပင်ဖြစ်သည်။ ၎င်းသည် စိတ်နှလုံးထဲတွင်ခံယူသည့်သမ္မာတရားကို အသက်တာတွင်လက်တွေ့ကျင့်သုံးခြင်းဖြစ်သည်။

သမ္မာတရားကိုမိမိတို့နောက်သို့လွှင့်ပစ်သောသူတို့အတွက် သမ္မာကျမ်းစာ၏သန့်ရှင်းစင်ကြယ်ခြင်းမရှိနိုင်ချေ။ ဘုရားသခင်၏နှုတ်ကပတ်တော်တွင် အလင်းတရားအလုံအလောက်ရှိသောကြောင့် မည်သူမျှမှားယွင်းစရာအကြောင်းမရှိချေ။ . . . လူသားကဲ့သို့သတ်မှတ်ခံခဲ့ရသည့်ယေရှုသည် ပြည့်စုံခဲ့ပြီး၊ ကျေးဇူးတရား၌ကြီးထွားခဲ့သည်။ “ယေရှုသည်လည်း အစဉ်အတိုင်းကြီး၍ပညာတိုးပွားလျက်၊ ဘုရားသခင်ရှေ့၊ လူတို့ရှေ့မှာမျက်နှာရတော်မူ၏” (လုကာ ၂း၅၂)။ အပြည့်စုံဆုံးသောခရစ်ယာန်ပင်လျှင် ဘုရားသခင်ကိုသိကျွမ်းခြင်းနှင့်ချစ်ခြင်းတို့၌ အစဉ်အဆက်ကြီးထွားနိုင်သည်။ . . .

သန့်ရှင်းစင်ကြယ်ခြင်းသည် ခဏတာ၊ တစ်နာရီ သို့မဟုတ် တစ်ရက်စာရသည့်အလုပ်မဟုတ်ချေ။ ၎င်းသည် ကျေးဇူးတော်၌အစဉ်ကြီးထွားခြင်းဖြစ်သည်။ . . . စာတန်သည် အသက်ရှင်လျက်ရှိကာ၊ လှုပ်ရှားလျက်ရှိသည်။ ထိုကြောင့် သူ့ကိုခုခံရန် အကူအညီနှင့်ခွန်အားအတွက် ဘုရားသခင်ကိုနေ့စဉ်စိတ်အားထက်သန်စွာတောင်းလျှောက်ရမည်။ စာတန်စိုးမိုးနေသရွေ့ မိမိကိုယ်ကိုချုပ်တည်းရန်နှင့် ပတ်လည်တိုက်ခိုက်မှုကိုအောင်မြင်ရမည်။ ရပ်နေ၍မရချေ။ ကျွန်ုပ်တို့ရရှိထားပြီဟုပြောဆိုနိုင်သည့်နေရာသို့ မရောက်ရှိကြသေးချေ။ . . .

ခရစ်ယာန်အသက်တာသည် ရှေ့သို့အဆက်မပြတ်ချီတက်ရသည်။ ယေရှုသည် မိမိလူတို့ကိုသန့်စင်သူနှင့်စင်ကြယ်စေသူဖြစ်တော်မူသည်။ ကိုယ်တော်၏ပုံသဏ္ဍာန်သည် သူတို့၌အပြည့်အဝရောင်ပြန်ဟပ်သောအခါ၊ သူတို့မသေနိုင်သောပြောင်းလဲခြင်းအတွက် ပြည့်စုံသန့်ရှင်းပြီး၊ ပြင်ဆင်ထားပြီးသူများဖြစ်ကြသည်။ (1T, pp. 338-340).

–o–

မတ် (၂၃)

## “စာတန်၏လှည့်ကွက်အတွက်သတိရှိပါ”

**“သမ္မာသတိရှိလျက် မအိပ်ဘဲစောင့်နေကြလော့။ သင်တို့၏ ရန်သူတည်းဟူသော မာရ်နတ်သည် ဟောက်သောခြင်္သေ့ကဲ့သို့ အဘယ်သူကိုမျိုရမည်နည်းဟူ၍ လှည့်လည်ရှာဖွေလျက်ရှိ၏။ . . ယုံကြည်ခြင်း၌တည်၍ မာရ်နတ်ကိုဆီးတားကြလော့” (၁ပေတရု ၅း၈၊၉)။**

လူတိုင်းသတိရှိပါစေ။ ရန်သူသည် သင့်လမ်းကြောင်းပေါ်၌ရှိနေသည်။ သတိကြီးစွာဝှက်ထားပြီး၊ ပိုင်နိုင်သောကျော့ကွင်းသည် သင့်အားသတိမမူမိဘဲ မမိစေခြင်းငှာ သတိဝီရိယရှိလျက်၊ ခွဲကောင်းကောင်းဖြင့်စောင့်နေပါ။ ထာဝရဘုရား၏နေ့ရက်သည် ညအချိန်သူခိုးလာသကဲ့သို့ မိမိတို့အပေါ်မရောက်လာစေမည်အကြောင်း သတိမရှိသူနှင့်စိတ်မဝင်စားသူတို့သည် သတိပြုစေ။ များစွာသောသူတို့သည် နှိမ့်ချခြင်းလမ်းမှလွဲသွားလျက်၊ ခရစ်တော်၏ထမ်းပိုးကိုဘေးသို့လွှင့်ပစ်ကာ၊ ထူးဆန်းသောလမ်းတွင်လျှောက်ကြလိမ့်မည်။ မျက်မမြင်၊ စိတ်ရှုပ်ထွေးလျက်၊ သူတို့သည် ဘုရားသခင်၏မြို့တော်သွားရာလမ်းကျဉ်းကို စွန့်သွားကြသည်။. . .

အောင်မြင်သောသူသည်စောင့်နေပါစေ။ အကြောင်းမှာ လောကီအရာ၌ငြိနေခြင်း၊ အမှားနှင့်တစ်ယူသန်ခြင်းတို့ဖြင့် စာတန်သည် ခရစ်တော်၏နောက်လိုက်များကိုအောင်နိုင်ရန် ကြိုးစားလျက်ရှိသည်။ ကျွန်ုပ်တို့သည် သိသာထင်ရှားသည့်အန္တရာယ်များနှင့် ဘေးသင့်စေသောရှေ့နောက်မညီသည့်ပြုမူခြင်းများကို ရှောင်နေရုံဖြင့်မလုံလောက်ချေ။ ကျွန်ုပ်တို့သည် ခရစ်တော်နံဘေးတွင်နီးကပ်စွာနေလျက်၊ မိမိကိုယ်ကိုငြင်းပယ်ခြင်းနှင့်ဆက်ကပ်ခြင်းလမ်း၌လျှောက်နေရမည်။ ကျွန်ုပ်တို့သည် ရန်သူ၏နယ်ပယ်ထဲ၌ရှိနေကြသည်။ ကောင်းကင်



မှနှင်ထုတ်ခြင်းခံခဲ့ရသောသူသည် ကြီးမားသောတန်ခိုးဖြင့်ဆင်းလာခဲ့သည်။ သူသည် ဟုတ်နိုးနိုးလှည့်ဖြားခြင်းမျိုးစုံဖြင့် လူတို့ကိုဖမ်းချုပ်ရန်ကြိုးစားနေသည်။ ကျွန်ုပ်တို့သည် အစဉ်သတိမရှိလျှင်၊ ကျွန်ုပ်တို့သည် သူ့၏မရေတွက်နိုင်သောလှည့်ဖြားခြင်း၏သားကောင်အဖြစ် အလွယ်တကူကျရောက်လိမ့်မည်။ (8T, pp. 99,100).

ယနေ့အတွက်သမ္မာတရားကိုယုံကြည်သူအားလုံးသည် အရာရာ၌လေးနက်မှုသည် လွှမ်းခြုံကြောင်းကိုနားလည်ရမည်။ သူတို့သည် ဘုရားသခင်၏နေ့ရက်ကိုရည်မှတ်၍ ပြုမူကြရမည်။ ဘုရားသခင်၏တရားစီရင်ခြင်းသည် ဤလောကအပေါ်သို့ကျရောက်လုပြီ၊ ထို့ကြောင့် ထိုနေ့ရက်ကြီးအတွက် ကျွန်ုပ်တို့ပြင်ဆင်ရန်လိုအပ်သည်။

ကျွန်ုပ်တို့အချိန်သည် တန်ဖိုးရှိသည်။ ကျွန်ုပ်တို့သည် အနာဂတ်၌မသေနိုင်သောအသက်တာအတွက် အဆင်သင့်ဖြစ်စေရန် ကရုဏာကာလသည့်အလွန့်အလွန်နည်းနေသည်။ ကျွန်ုပ်တို့သည် ဖြစ်ကတတ်ဆန်းနေထိုင်ရန် အချိန်မရှိချေ။ ဘုရားသခင်၏နှုတ်ကပတ်တော်ကို အပေါ်ယံသာလေ့လာခြင်းကို ကြောက်ရွံ့ရမည်။ (6T, p. 407).

သင့်စိတ်ဝင်စားမှုတစ်ခုလုံးသည် သမ္မာတရားနှင့်ဤအချိန်အတွက် ပြင်ဆင်ခြင်းအလုပ်ဖြစ်သော်၊ သင်သည် သမ္မာတရားအားဖြင့်သန့်ရှင်းဖြူစင်စေခြင်းခံရကာ၊ မသေနိုင်သောအဖြစ်ကိုရရှိရန် သင့်လျော်မှုရရှိလိမ့်မည်။. . ကျွန်ုပ်တို့သည် ဘုရားသခင်၏ပလ္လင်ရှေ့တွင် အမှား၊ အစွန်း၊ အတွန့်ကြောင်းသို့မဟုတ် ထိုသို့သောအရာတစ်ခုမျှမရှိဘဲ မရပ်မီတိုင်အောင်၊ စေ့စပ်စွာပြင်ဆင်ခြင်းအလုပ်သည် သမ္မာတရားကိုလက်ခံသူတို့နှင့်အတူ ရှေ့ဆက်သွားနေမည်။ အကယ်၍သင်သည် စင်ကြယ်စေခြင်းလုပ်ငန်းစဉ်တွင်အပ်နှံလျှင် ဘုရားသခင်သည် သင့်ကိုသန့်ရှင်းစေတော်မူလိမ့်မည်။ (2T, p. 111).

–o–

မတ် (၂၄)

## "စုံစမ်းခြင်းတိုင်းကိုခံနိုင်စွမ်း"

**"ဘုရားသခင်အား ကိုယ်ကိုကိုယ်ဆက်ကြလော့။ ကိုယ်အင်္ဂါများကိုလည်း သုစရိုက်လက်နက်ဖြစ်စေ၍၊ ဘုရားသခင်အားဆက်ကြလော့" (ရောမ ၆း၁၃၊၁၄)။**

လူတို့၏စိတ်နှလုံးထဲမှ မကောင်းမှု၏ချုပ်ကိုင်မှုကို ချိုးဖျက်နိုင်သော တန်ခိုးတစ်ခုတည်းရှိသည်။ ထိုအရာမှာ ယေရှုခရစ်တော်၌ရှိသော ဘုရားသခင်၏တန်ခိုးဖြစ်သည်။ . . . ကိုယ်တော်၏ကျေးဇူးတော်သာလျှင် ကျွန်ုပ်တို့ကျရှုံးသည့်သဘောသဘာဝ၏အလေ့အထကို ခုခံ၊ ချိုးနှိမ်စေနိုင်သည်။ (MH, p. 428).

ကျွန်ုပ်တို့ကိုရွေးနုတ်ခြင်းလိုအပ်သော ဆက်ကပ်ခြင်း၏မရေတွက်နိုင်သောတန်ဖိုးသည် အပြစ်သည်ကြီးမားသောမကောင်းမှုဖြစ်သည်ဟူသောအချက်ကိုဖော်ပြသည်။ အပြစ်အားဖြင့် လူသား၏ဇီဝရုပ်တစ်ခုလုံးသည် ဖောက်ပြန်ကုန်သည်၊ စိတ်သည်လည်းပျက်ပြားရသည်၊ စိတ်ကူးများသည်လည်းပျက်စီးရလေပြီ။ အပြစ်သည် လူသားတို့၏စွမ်းရည်များကို လျော့ပါးသွားစေခဲ့ပြီ။ အတွင်းထဲကလာသောစုံစမ်းခြင်းသည် စိတ်နှလုံးကိုထိခိုက်စေလျက်၊ ခြေများကိုမကောင်းမှုဘက်သို့မသိမသာလှည့်စေသည်။ ကျွန်ုပ်တို့ကိုယ်စား ပူဇော်သက္ကာသည်ပြည့်စုံသကဲ့သို့၊ အပြစ်တရား၏ညစ်ညမ်းစေခြင်းမှ အသစ်ပြုပြင်ခြင်းသည်လည်း အပြည့်အဝဖြစ်ရမည်။ ပညတ်တော်ခွင့်ပြုသည့်မကောင်းသောအပြုအမူမရှိပါ။ တရားစီရင်ခြင်းမှလွတ်မြောက်သည့် မဖြောင့်မတ်မှုလည်းမရှိချေ။ ခရစ်တော်၏အသက်တာသည် ပညတ်တော်အချက်တိုင်း၏စုံလင်သောပြည့်စုံခြင်းဖြစ်သည်။ ကိုယ်တော်က "ငါသည် ငါ့ခမည်းတော်၏ပညတ်တို့ကိုစောင့်ရှောက်၏" (ယောဟန် ၁၅း၁၀) ဟုမိန့်တော်မူသည်။ ကိုယ်တော်၏အသက်တာသည် ကျွန်ုပ်တို့၏နားထောင်ခြင်းနှင့်ဝန်ဆောင်မှု၏စံဖြစ်သည်။ (8T, p. 312).

စာတန်သည် သူနှင့်မဟာမိတ်ဖွဲ့လျှင် လောကီနိုင်ငံအားလုံးကိုပေးမည်ဟု ခရစ်တော်အားစုံစမ်းခဲ့သည့်အလားတူစုံစမ်းခြင်းကို ယနေ့သူတင်ဆက်နေသည်။ ယေရှုအားမိမိယုံကြည်ခြင်း၏အစအဦးကိုစီရင်၍ စုံလင်စေတော်မူသောသူကဲ့သို့ ကြည့်သောသူအပေါ်၌ စာတန်၏စုံစမ်းခြင်းများသည်တန်ခိုးမရှိချေ။ ကျွန်ုပ်တို့ကဲ့သို့စုံစမ်းခြင်းအမျိုးမျိုးကိုခံ၍၊ အပြစ်မရှိသောသူ၏စင်ကြယ်သောသီလများကို ယုံကြည်ခြင်းအားဖြင့်လက်ခံသောသူအား အပြစ်ပြုစေရန်သူမစွမ်းဆောင်နိုင်ပေ။ (1SM, p. 224).

အပြစ်တရားကိုနှင်ထုတ်ခြင်းသည် လူကိုယ်တိုင်၏အလုပ်ဖြစ်သည်။ စာတန်၏ထိန်းချုပ်မှုမှ မိမိတို့ကိုယ်ကိုလွတ်မြောက်စေရန် ကျွန်ုပ်တို့၌တန်ခိုးမရှိသည်မှာမှန်ပါသည်။ သို့သော် ကျွန်ုပ်တို့သည် အပြစ်တရားမှလွတ်မြောက်လိုသောဆန္ဒရှိ၍ ကျွန်ုပ်တို့အထဲ၌မရှိသောတန်ခိုးကို အလွန်လိုချင်လျက်တောင်းလျှောက်သောအခါ၊ လူ့စွမ်းအားများသည် သန့်ရှင်းသောဝိညာဉ်တော်၏မွန်မြတ်သောစွမ်းအင်များဖြင့်ပြည့်ဝကာ၊ ဘုရားသခင်၏အလိုဆန္ဒကိုဖြည့်ဆည်းရာ၌ စိတ်အလိုကိုသူတို့လိုက်လျှောက်ကြသည်။ (DA, p. 466).

ဘုရားသခင်သည် ကောင်းသောအလုပ်များကို စိတ်အားထက်သန်သောသူ၊ ဤယိုယွင်းသောခေတ်၏ညစ်ညမ်းမှုကြားမှ မားမားမတ်မတ်ရပ်သည့်လူများရှိလာလိမ့်မည်။ ဘုရားသခင်၏တန်ခိုးကို မြဲမြံစွာစွဲကိုင်လျက်၊ စုံစမ်းခြင်းတိုင်းကိုခံနိုင်ရည်ရှိသောလူတစ်စုရှိလာလိမ့်မည်။ (3T, p. 472).

–o–

မတ် (၂၅)

## “အဘယ်ကြောင့်ကရုဏာအချိန်ဆွဲသနည်း”

**“လူအချို့တို့သည် နှေးခြင်းကိုမှတ်သည်အတိုင်း ထာဝရဘုရားသည် ကတိတော်အရာမှာနှေးတော်မမူ။ ငါတို့တွင်အဘယ်သူမျှမပျက်စီးဘဲ ရှိသမျှတို့သည်နောင်တရစေခြင်းငှာအလိုတော်ရှိ၍ ငါတို့ကိုသည်းခံတော်မူ၏” (၂ပေတရု ၃း၉)။**

ကျွန်ုပ်တို့သည် ခရစ်တော်၏ပုံသဏ္ဌာန်တော်ထက် လောကကိုစိတ်တွင်စွဲမှတ်လာနေ့သည် အန္တရာယ်ကိုကျွန်ုပ်အားပြသခဲ့သည်။ ကျွန်ုပ်တို့သည် ထာဝရကမ္ဘာကြီး၏တကယ့်နယ်စပ်ကို ယခုရောက်ရှိနေကြသည်။ သို့ရာတွင် ကျွန်ုပ်တို့ကို နောက်ဆုံးသောအချိန်နှင့်အလှမ်းဝေးသောနေရာသို့ဆွဲထုတ်ရန်မှာ လူတို့ရန်သူ၏ရည်ရွယ်ချက်ဖြစ်သည်။ ပညတ်စောင့်ထိန်းသောဘုရားသခင်၏လူများအဖြစ်လည်းကောင်း၊ တန်ခိုးနှင့်ကြီးမားသောဘုန်းအသရေဖြင့်၊ ကောင်းကင်မှမိုးတိမ်ဖြင့် ကျွန်ုပ်တို့၏ကယ်တင်ရှင်ဒုတိယအကြိမ်ပေါ်ထွန်းခြင်းကိုစောင့်နေသူများအဖြစ် ၎င်းဝန်ခံသူတို့ကို စာတန်သည် ရနိုင်သမျှပုံစံဖြင့် ပြင်းပြင်းထန်ထန်အကြိမ်ကြိမ်တိုက်လိမ့်မည်။ သူသည် များနိုင်သမျှများသောလူတို့အား ထိုနေ့ရက်ကြီးကိုအဝေးတွင်ထားစေလျက်၊ လောကီစိတ်သဘောကိုသွင်းပေးကာ၊ ယင်း၏ခလေ့များကိုအတုခိုးစေသည်။ သမ္မာတရားကိုကောင်းကောင်းလက်ခံထားသည်ဟုဝန်ခံသည့် များစွာသောသူတို့၏စိတ်နှလုံးကို လောကီစိတ်သဘောများက ထိန်းချုပ်ထားသည်ကိုကျွန်ုပ်မြင်သောအခါ အထိတ်တလန့်ဖြစ်ခဲ့ရသည်။ . . .

အချိန်၏တိုတောင်းမှုကိုစဉ်းစားရာ၌ ကျွန်ုပ်တို့သည် ဆုတောင်းလျက်စောင့်နေကာ၊ ကျွန်ုပ်တို့ရှေ့၌ရှိသော ကြီးမားသည့်ဖြစ်ရပ်အတွက် လေးနက်





သောပြင်ဆင်ခြင်းအလုပ်မှသွေဖည်သွားရန် မိမိတို့ကိုယ်ကိုခွင့်မပြုရချေ။ ကြည့်ရသည်မှာ အချိန်ကိုဆွဲဆန့်သကဲ့သို့ဖြစ်နေသောကြောင့် များစွာသောသူတို့သည် မိမိတို့၏ပြောစကားနှင့်အပြုအမူတို့ကို ဂရုမစိုက်၊ အလေးမထားဖြစ်လာနေကြပြီ။ သူတို့သည် မိမိတို့၏အန္တရာယ်ကိုနားမလည်၊ အနာဂတ်တွင်မသေနိုင်သောအသက်တာအတွက် အကျင့်စာရိတ္တများပုံသွင်းရန်အချိန်ရစေခြင်းငှာ သူတို့၏ကရုဏာအချိန်ကိုရှည်စေသော ဘုရားသခင်၏သနားခြင်းကိုမမြင်၊ နားမလည်ကြချေ။ အချိန်တိုင်းသည် တန်ဖိုးအကြီးဆုံးဖြစ်သည်။ အချိန်ကိုမိမိတို့သက်သောင့်သက်သာဖြင့်နေထိုင်ရန်အသုံးပြုပြီး၊ ကမ္ဘာတွင်အတည်တကျနေထိုင်သူများဖြစ်လာရန်မဟုတ်ဘဲ၊ သန့်ရှင်းခြင်း၏လှပမှုကိုမြင်နိုင်ရန် ပုံနမူနာနှင့်ကိုယ်ပိုင်အားထုတ်ခြင်းအားဖြင့် သူတစ်ပါးကိုကူညီရန်နှင့် မိမိတို့၏အကျင့်စာရိတ္တမှအနာအဆာကို အောင်နိုင်အောင်လုပ်ဆောင်ရန်အတွက် အသုံးပြုရန်ပေးထားခြင်းဖြစ်သည်။ ယုံကြည်ခြင်းနှင့်သန့်ရှင်းသောမျှော်လင့်ခြင်းဖြင့် အနာဂတ်ဟောကြားချက်များအလျင်အမြန်ပြည့်စုံလာမှုတို့ကိုလေ့လာပြီး၊ ခရစ်တော်ပေါ်ထွန်းတော်မူသောအခါ မင်္ဂလာဝတ်ရုံမဝတ်ဘဲမရှိစေခြင်းငှာ သမ္မာတရားကိုနားထောင်ခြင်းအားဖြင့် မိမိတို့၏စိတ်ဝိညာဉ်ကိုစင်ကြယ်စေရန် ကြိုးစားနေသောသူများ၊ ဤကမ္ဘာပေါ်တွင်ဘုရားသခင်၏လူများရှိနေသည်။ . . .

အနာဂတ်ဟောကြားချက်၏နိမိတ်လက္ခဏာများ ကျွန်ုပ်တို့ပတ်လည်တွင် မြန်ဆန်စွာပြည့်စုံလာလျက်ရှိသည်။ ဤအရာသည် စစ်မှန်သောယေရှု၏နောက်လိုက်တိုင်းကို စိတ်အားထက်သန်စွာလုပ်ဆောင်ရန် နှိုးဆွရမည်ဖြစ်သည်။ (4T, pp. 306,307).

–၀–

မတ် (၂၆)

# "သင့်အခရေးလာနေပြီ"

**"ဘုရားသခင်ကိုကြောက်ရွံ့၍ချီးမွမ်းကြလော့။ တရားစီရင်တော်မူသောအချိန်ရောက်လာပြီ" (ဗျာဒိတ် ၁၄း၇)။**

၁၈၄၄ ခုနှစ်တွင် ကျွန်ုပ်တို့၏ကြီးမြတ်သောယဇ်ပုရောဟိတ်မင်းကြီးသည် စုံစမ်းစစ်ဆေးသောစီရင်ခြင်းကိုစတင်ရန် ကောင်းကင်ဗိမာန်တော်၏ အသန့်ရှင်းဆုံးသောအခန်းသို့ ဝင်တော်မူခဲ့သည်။ (1SM, p. 125).

တရားစီရင်ခြင်းတွင် မှတ်တမ်းစာအုပ်များဖွင့်သောအခါ ဘုရားသခင်၏ရှေ့မှောက်တွင် ယေရှုကိုယုံကြည်သောသူအားလုံး၏အသက်တာများကို ပြန်လည်ဆန်းစစ်သည်။ ကမ္ဘာပေါ်တွင် အလျင်ဦးဆုံးနေထိုင်ခဲ့သောသူတို့ဖြင့် စတင်၍၊ ကျွန်ုပ်တို့၏ရှေ့နေကြီးသည် ခေတ်အဆက်ဆက်မှအရေးကိစ္စများကိုတင်ပြပြီး၊ အသက်ရှင်နေသူများနှင့်အဆုံးသတ်သည်။ နာမည်တိုင်းကိုထုတ်ဖော်ပြီး၊ ကိစ္စတိုင်းကိုအနီးကပ်စုံစမ်းစစ်ဆေးသည်။ လူတချို့ကိုလက်ခံပြီး၊ တချို့ကိုငြင်းပယ်သည်။ မှတ်တမ်းစာအုပ်တွင် နောင်တမရ၊ အပြစ်လွှတ်ခြင်းမခံရသောအပြစ်များရှိသူမည်သူမဆို၊ သူတို့၏နာမည်ကိုအသက်စာစောင်မှဖျက်ပစ်လိမ့်မည်။ . . .

ကျွန်ုပ်တို့သည် ယခုအပြစ်ဖြေရာနေ့ရက်ကြီးကာလတွင်နေထိုင်ကြသည်။ ထုံးစံအတိုင်း အမှုထမ်းရာ၌၊ ယဇ်ပုရောဟိတ်မင်းသည် ဣသရေလလူတို့အတွက် အပြစ်ဖြေခြင်းကိုပြုလုပ်နေစဉ်၊ သူတို့သည် လူတို့အထဲကရှင်းထုတ်ခြင်းမခံရစေရန် ထာဝရဘုရားရှေ့တွင် အပြစ်နှင့်အရှက်ကွဲခြင်းတို့ကို နောင်တရခြင်းအားဖြင့် မိမိတို့၏စိတ်ဝိညာဉ်ကိုညှဉ်းဆဲရန်လိုအပ်သည်။ ထိုနည်းအတိုင်းပင်၊ အသက်စာစောင်တွင် မိမိတို့၏နာမည်ကိုထိန်းထားမည့်သူအားလုံးသည် ယခုကျန်ရှိနေသေးသည့်ကရုဏာကာလအနည်းငယ်တွင် အပြစ်အတွက်ဝမ်းနည်း၍ စစ်မှန်သောနောင်တဖြင့် ဘုရားသခင်ရှေ့တော်တွင် မိမိတို့၏စိတ်ဝိညာဉ်ကိုဖိနှိပ်ရမည်။ . . . မိမိတို့၏စိတ်နှလုံးကို လေးလေးနက်နက်ဖြင့် တိတိကျကျစစ်ဆေးရမည်။ . . . တစ်ဖက်ကမ်းခတ်အောင်ကြိုးစားသည့် မကောင်းဘက်ယိမ်းယိုင်နေမှုများကို နှိမ်နင်းမည့်သူအားလုံး၏ရှေ့တွင် အပြင်းအထန်တိုက်ရမည့်စစ်ပွဲရှိနေသည်။ ပြင်ဆင်ခြင်းအလုပ်သည် တစ်ဦးတစ်ယောက်စီ၏အလုပ်ဖြစ်သည်။ ကျွန်ုပ်တို့ကိုအုပ်စုလိုက်မကယ်တင်ချေ။ တစ်ဦးတစ်ယောက်၏စင်ကြယ်ခြင်းနှင့်ဆက်ကပ်ခြင်းသည် အခြားသူ၌ဤအရည်အချင်းလိုအပ်ချက်ကို မပေးစွမ်းနိုင်ချေ။ . . . အယောက်စီတိုင်းကို စမ်းသပ်ရမည်ဖြစ်ပြီး အစွန်းအထင်း၊ အတွန့်အလိမ် သို့မဟုတ် ထိုကဲ့သို့သောအရာတစ်ခုမျှမရှိရပါ။ (GC, pp. 483,489,490).

အပြစ်အတွက်အမှန်အကန်နောင်တရ၍၊ ယုံကြည်ခြင်းအားဖြင့် ခရစ်တော်၏အသွေးတော်ကို မိမိတို့၏အပြစ်ဖြေရာအဖြစ်တောင်းဆိုသောသူအားလုံးသည် ကောင်းကင်စာအုပ်၌ရေးမှတ်သည့်အပြစ်များမှ ဖြေလွှတ်ခြင်းခံထားပြီးရသူများဖြစ်ကြသည်။ သူတို့သည် ခရစ်တော်၏ဖြောင့်မတ်ခြင်းကိုသက်ဝင်သူများဖြစ်လာ၍၊ သူတို့၏အကျင့်သည် ဘုရားသခင်၏ပညတ်တို့နှင့်ညီညွတ်သောအခါ၊ သူတို့၏အပြစ်များကိုပယ်ဖျက်မည်ဖြစ်ကာ၊ သူတို့ကိုယ်၌က ထာဝရအသက်အတွက်ထိုက်တန်သူများအဖြစ် သတ်မှတ်ခံရကြလိမ့်မည်။ ထာဝရဘုရားသည် "ငါတစ်ပါးတည်းသာလျှင်ကိုယ်အတွက်ကြောင့် သင်၏အပြစ်တို့ကိုဖြေမည်။ သင်၏ဒုစရိုက်အမှုတို့ကို မအောက်မေ့" (ဟေရှာယ ၄၃း၂၅) ဟုမိန့်တော်မူသည်။ (GC, p. 483).

–o–

မတ် (၂၇)

# “သင်အားကိုးနိုင်သည့်စံချိန်”

**“မာရ်နတ်၏ပရိယာယ်တို့ကို ဆီးတားနိုင်မည်အကြောင်း၊ ဘုရားသခင်ပြင်ဆင်တော်မူသောလက်နက်စုံကို ဝတ်ဆောင်ကြလော့” (ဧဖက် ၆း၁၁)။**

ဘုရားသခင့်အလုပ်၌နိုးကြားခြင်းတိုင်းတွင် မကောင်းမှု၏မင်းသည် သာ၍ပြင်းထန်စွာလုပ်ဆောင်လျက်ရှိသည်။ သူသည် ခရစ်တော်နှင့်သူ၏ နောက်လိုက်တို့ကို နောက်ဆုံးတိုက်ပွဲအတွက် ယခုအဆုံးစွန်ကြိုးစားအားထုတ်နေသည်။ နောက်ဆုံးသောမဟာလှည့်ဖြားမှုကြီးသည် ကျွန်ုပ်တို့ရှေ့တွင် မကြာမီရောက်လာတော့မည်။ အန္တိခရစ်သည် မိမိ၏အံ့ဖွယ်လုပ်ရပ်များကို ကျွန်ုပ်တို့ရှေ့တွင်လုပ်ဆောင်လုပြီဖြစ်သည်။ အတုသည် အစစ်နှင့်အလွန်တူနေသောကြောင့် သမ္မာကျမ်းစာမှလွဲ၍ ၎င်းတို့အကြားခွဲခြားနိုင်မည်မဟုတ်ချေ။ သမ္မာကျမ်းစာ၏သက်သေခံချက်အားဖြင့်ပြောသောစကားတိုင်းနှင့် အံ့ဖွယ်နိမိတ်တိုင်းကိုစစ်ဆေးရမည်။ . . .

သမ္မာကျမ်းစာ၏သမ္မာတရားများဖြင့် စိတ်ကိုခိုင်မာစေသောသူတို့မှလွဲ၍ မည်သူမျှနောက်ဆုံးသောမဟာတိုက်လှန်ပွဲတစ်လျှောက် ရပ်တည်နိုင်လိမ့်မည်မဟုတ်ချေ။ လူတိုင်းသည် လူ့စကားထက်ဘုရားစကားကိုနားထောင်ရမည်လောဟူသော စိစစ်စမ်းသပ်မှုကိုရင်ဆိုင်ရမည်။ ဆုံးဖြတ်ရမည့်အချိန်သည် ယခုပင်ရောက်လာချေပြီ။ ကျွန်ုပ်တို့၏ခြေများသည် မပြောင်းလဲနိုင်သောဘုရားသခင့်နှုတ်ကပတ်တော်ကျောက်ဆောင်ပေါ်၌ စိုက်ထားလျက်ရှိပြီလား၊ ဘုရားသခင်၏ပညတ်ချက်များနှင့် ယေရှု၏ယုံကြည်ခြင်းကို ခိုင်မြဲစွာရပ်တည်ကာကွယ်ရန် ပြင်ဆင်ထားပြီလား။ . . .

သမ္မာကျမ်းစာမှသမ္မာတရားသည် မည်သည့်အရာဖြစ်သည်ကိုသင်ယူပြီး၊ အလင်းတရား၌လျှောက်လှမ်း၍ မိမိ၏ပုံနမူနာကိုလိုက်ရန် အခြားသူတို့ကိုအားပေးရန်မှာ စဉ်းစားချင့်ချိန်တတ်သောလူသားတိုင်း၏ပထမဦးဆုံးနှင့် အမြင့်ဆုံးသောတာဝန်ဖြစ်သည်။ ကျွန်ုပ်တို့သည် နေ့စဉ်သမ္မာကျမ်းစာကို ဇွဲရှိရှိလေ့လာ၍၊ အတွေးတိုင်းကိုချင့်ချိန်ပြီး ကျမ်းပိုဒ်တစ်ခုနှင့်တစ်ခုနှိုင်းယှဉ်ရမည်။ ဘုရားသခင်ရှေ့တော်တွင် ကျွန်ုပ်တို့သည် မိမိတို့အတွက်အဖြေပေးရသည့်ဟန်ဖြင့် ကျွန်ုပ်တို့သည် ဘုရားအကူအညီဖြင့် မိမိတို့အတွက်ခံယူချက်များကိုပုံသွင်းရမည်။

ယေရှုသည် မိမိ၏တပည့်တော်တို့အား “ခမည်းတော်သည်ငါ့အတွက်ကြောင့်စေလွှတ်တော်မူသော ဥပဒ္ဒျာယ်ဆရာတည်းဟူသော သန့်ရှင်းသောဝိညာဉ်တော်သည် သင်တို့အားခပ်သိမ်းသောအရာတို့ကိုပြသသွန်သင်တော်မူ၍ ငါပြောခဲ့သမျှသောစကားတို့ကို မှတ်မိသောဉာဏ်ကို သင်တို့အားပေးတော်မူမည်” (ယောဟန် ၁၄း၂၆) ဟုကတိပေးတော်မူခဲ့သည်။ သို့ရာတွင် ကြီးမားသောအန္တရာယ်ကျရောက်ချိန်တွင် ဘုရားသခင်၏ဝိညာဉ်တော်သည် ကျွန်ုပ်တို့အားပြန်လည်သတိရစေနိုင်ရန်အတွက် ခရစ်တော်၏သွန်သင်ချက်များကို စိတ်ထဲတွင်အလျင်သိုထားနှင့်ရမည်။ . . .

စုံစမ်းခြင်းအချိန်ရောက်လာသောအခါ ဘုရားသခင်၏နှုတ်ကပတ်တော်ဖြင့် မိမိတို့အသက်တာကိုထိန်းကျောင်းသောသူများပေါ်လာလိမ့်မည်။ . . . ညှဉ်းဆဲခြင်းမီးတောက်လောင်ပါစေ၊ ထိုအခါ စိတ်မပါသူများနှင့် သူတော်ကောင်းယောင်ဆောင်သူတို့သည် ယုံကြည်ခြင်းမှယိမ်းယိုင်၍လက်လျှော့သွားကြလိမ့်မည်။ သို့ရာတွင် စစ်မှန်သောခရစ်ယာန်ကျောက်ဆောင်ကဲ့သို့ ခိုင်မြဲစွာရပ်တည်လိမ့်မည်။ ချမ်းသာဝပြောသောနေ့ရက်များထက် ထိုအချိန်တွင် သူ၏ယုံကြည်ခြင်းသည် သာ၍အားကြီးကာ၊ သူ၏မျှော်လင့်ခြင်းသည်လည်း သာ၍တောက်ပလာလိမ့်မည်။ (GC, pp. 593-602).

–ဝ–

## မတ် (၂၈)

# “ကျွန်ုပ်တို့၏အကာအကွယ်သမ္မာကျမ်းစာ”

**“ကောင်းကင်တမန်များတို့ကား၊ ကယ်တင်တော်မူခြင်းကျေးဇူးကို အမွေခံလတ္တံ့သောသူတို့ကိုပြုစုစေခြင်းငှာ၊ စေလွှတ်တော်မူသော အစေခံနံဝိညာဉ်ဖြစ်ကြသည်” (ဟေဗြဲ ၁း၁၄)။**

ဘုရားသခင်၏လူတို့သည် မိမိတို့၏ကိုယ်တော်အပေါ်သစ္စာရှိခြင်းကို ထိန်းသိမ်းနေသရွေ့၊ ယေရှုထံအသက်ရှင်သောယုံကြည်ခြင်းအားဖြင့် သူတို့တွယ်ကပ်နေသရွေ့၊ သူတို့သည် ကောင်းကင်တမန်များ၏အကာအကွယ်အောက်တွင်ရှိနေကြကာ၊ စာတန်သည် သူတို့ကိုဖျက်ဆီးရန် မိမိ၏စိတ်မချမ်းမြေ့ဖွယ်ပညာကို အသုံးပြုရန်ခွင့်ပြုခြင်းခံရမည်မဟုတ်ချေ။ သို့ရာတွင် အပြစ်အားဖြင့် မိမိတို့ကိုယ်ကိုခရစ်တော်ထံမှခွဲခွာသူတို့သည် ကြီးမားသောအန္တရာယ်၌ရှိနေကြသည်။. . .

စာတန်သည် ယခင်အချိန်ကထက် ယခုအချိန်တွင်လူတို့အားဆော့ကစားခြင်းကို သာ၍လေးလေးနက်နက်လုပ်ဆောင်လာသည်။ ထို့ကြောင့်ကျွန်ုပ်တို့သည် အမြဲတမ်းသတိမရှိလျှင်၊ သူသည် ကျွန်ုပ်တို့စိတ်နှလုံးထဲတွင်မာန်မာန၊ ကိုယ်ကိုကိုယ်ချစ်ခြင်း၊ လောကကိုချစ်ခြင်းနှင့် အခြားများစွာသောမကောင်းသောအကျင့်များကို အခြေကျစေလိမ့်မည်။ ဘုရားသခင်နှင့်ကိုယ်တော့်နှုတ်ကပတ်၏သမ္မာတရားများအပေါ် ကျွန်ုပ်တို့၏ယုံကြည်ခြင်းမတည်စေရန်သူသည် ဖြစ်နိုင်သမျှလှည့်ကွက်များကိုလည်း အသုံးပြုလိမ့်မည်။ အကယ်၍သင်သည် ဘုရားသခင်နှင့်ဆိုင်သောအရာများ၌ နက်နဲသောအတွေ့အကြုံမရှိ၊ ကိုယ်တော်၏နှုတ်ကပတ်တော်ကို စေ့စေ့စပ်စပ်မသိလျှင်၊ ကျွန်ုပ်တို့သည် ရန်သူ၏အယူမှားများနှင့် တစ်ပတ်ရိုက်ခြင်းတို့အားဖြင့် ပျက်စီးသည်အထိ ပျော်ပါးကြလိမ့်မည်။ မှားယွင်းသောယုံကြည်ချက်များသည် များစွာသော



သူတို့၏အခြေအမြစ်များကို လျော့ပါးစေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် သူတို့သည် အမှားမှသမ္မာတရားကိုခွဲခြားသိမြင်ရန် မသင်ယူကြသောကြောင့်ဖြစ်သည်။ စာတန်၏လှည့်ဖြားမှုများမှ ကျွန်ုပ်တို့၏တစ်ခုတည်းသောအကာအကွယ်မှာ သမ္မာကျမ်းစာကိုနှဲရှိရှိလေ့လာခြင်း၊ ကျွန်ုပ်တို့ယုံကြည်ခြင်း၏အကြောင်းရင်းများကို အသိဉာဏ်ဖြင့်နားလည်ခြင်းနှင့် သိရှိသောတာဝန်မှန်သမျှကို သစ္စာရှိရှိထမ်းဆောင်ခြင်းတို့ဖြစ်သည်။ သိသိဖြင့်အပြစ်၏အလိုလိုက်နေခြင်းသည် အားနည်းခြင်းနှင့်မကောင်းမှုကိုဖြစ်စေကာ၊ ကျွန်ုပ်တို့အားပြင်းထန်သောစုံစမ်းခြင်း၏လက်အောက်သို့ ကျရောက်စေသည်။

ကျွန်ုပ်တို့သည် ယေရှုအတွက်စိတ်နှလုံးတံခါးများဖွင့်ထားပါသလား၊ စာတန်အတွက်ဝင်ပေါက်မှန်သမျှကို ပိတ်ထားပါသလား။ ကျွန်ုပ်တို့သည် ခရစ်တော်၏ဖြောင့်မတ်ခြင်း၌ရပ်တည်နိုင်ရန် သာ၍ရှင်းလင်းသောအလင်းတရားနှင့် သာ၍ကြီးမားသောခွန်အားကို နေ့စဉ်ရရှိပါသလား။ ကျွန်ုပ်တို့သည် စိတ်နှလုံးထဲမှတစ်ကိုယ်ကောင်းဆန်ခြင်းကို ဖယ်ရှားရှင်းလင်းပြီး၊ ကောင်းကင်မှနောက်မိုးကိုရရှိရန် ပြင်ဆင်ပါသလား။

အောင်မြင်အောင်လုပ်ဆောင်ခြင်းသည် ကြီးမားသောအလုပ်ဖြစ်သည်။ ဤအချက်ကိုစွမ်းအားနှင့်ဖွဲ့လုံ့လဖြင့် ကိုင်စွဲကြရမည်။ ထိုသို့မကိုင်ဆွဲသော်၊ ကျွန်ုပ်တို့၏ “ညစ်ညူးသောအဝတ်” ကို ကျွန်ုပ်တို့ထံမှဖယ်ရှားမည်မဟုတ်ချေ။ ဤညစ်ညူးသောအဝတ်ကို ကျွန်ုပ်တို့ကိုယ်ပေါ်မှ ကြမ်းကြမ်းတမ်းတမ်းဆွဲဖြဲရန် ဘယ်သောအခါမျှမမျှော်လင့်အပ်ပေ။ ကျွန်ုပ်တို့သည် ရှေးဦးစွာထိုအဝတ်ကိုချွတ်လိုစိတ်ပြသရမည်။ ခရစ်တော်၏အသွေးတော်၏ကောင်းမြတ်ခြင်းအပေါ်မှီခိုရင်း အပြစ်မှခွဲထွက်ရန် ကျွန်ုပ်တို့ကြိုးပမ်းရမည်။ ထိုအခါနှိပ်စက်ခြင်းနေ့ရက်ရောက်လာ၍၊ ရန်သူသည် ကျွန်ုပ်တို့ကိုဖိနှိပ်သောအခါ၊ ကျွန်ုပ်တို့သည် ကောင်းကင်တမန်များကြားတွင် လျှောက်လှမ်းကြလိမ့်မည်။ (RH, Nov. 19, 1908).

–ဝ–

မတ် (၂၉)

## "လုံခြုံရေးအတွက်ဘုရားသခင်၏ကတိ"

**"ဘုရားဝတ်၌မွေ့လျော်သောသူတို့ကို စုံစမ်းနှောင့်ယှက်ခြင်းအထဲကကယ်နုတ်ခြင်းငှါလည်းကောင်း၊ မတရားသောသူတို့ကိုဒဏ်ခံစေမည်အကြောင်း၊––– တရားဆုံးဖြတ်သောနေ့အဖို့ ချုပ်ထားတော်မူ၏" (၂ပေ ၂း၉၊၁၀)။**

ကျွန်ုပ်တို့ရှေ့၌ရှိသောစုံစမ်းစစ်ဆေးရာကာလတွင် လုံခြုံရေးအတွက် ဘုရားသခင်၏ကတိတော်သည် မိမိ၏သည်းခံတော်မူခြင်းကတိကို စောင့်သောသူတို့အပေါ်တွင်တည်နေလိမ့်မည်။. . . ဘုရားသခင်၏ပညတ်တော်ကျူးလွန်သူတို့အဖို့ အမျက်ဒေါသနှင့်ကြောက်မက်ဖွယ်ဖြစ်သော မိုးတိမ်တိုင်သည် ဘုရားသခင်၏ပညတ်ချက်များကိုစောင့်ထိန်းသူတို့အတွက်မူ အလင်း၊ ကရုဏာနှင့်ကယ်နုတ်ခြင်းဖြစ်သည်။ ပုန်ကန်သူတို့ကိုရိုက်နှက်သည့် အားကြီးသောလက်ရုံးတော်သည် သစ္စာရှိသူတို့ကိုကယ်နုတ်ရန် ခွန်အားကြီးလိမ့်မည်။ သစ္စာစောင့်သောသူတိုင်းကို ဧကန်အမှန်စုစည်းလိမ့်မည်။. . .

ကမ္ဘာ့သမိုင်း၏နောက်ဆုံးပိုင်းအဖြစ်အပျက်များ၌ သင်သည် မည်သည့်ကဏ္ဍတွင်ပါဝင်လုပ်ဆောင်သနည်း။. . . ကောင်းကင်နှင့်ကမ္ဘာပေါ်တွင် လုပ်ဆောင်နေသည့် ကြီးကျယ်ခမ်းနားသောပြင်ဆင်ခြင်းအလုပ်ကို သင်သဘောပေါက်ပါသလား။. . . ကျွန်ုပ်တို့ကမ္ဘာ၌ ဝေဒနာအပေါင်း၏အရင်းအမြစ်ဖြစ်သော အပြစ်တရားနှင့်မည်သူမျှလက်မဆော့ပါစေနှင့်။ သင့်အသက်ဝိညာဉ်သည် မရေရာသောအရာ၌ခရီးမဆုံးပါစေနှင့်။ ထာဝရဘုရားဘက်၌ သင်သည် အပြည့်အဝရှိနေသည်ကိုသိရှိပါ။ "မည်သူသည်ရပ်တည်နိုင်မည်နည်း" ဟူသောမေးခွန်းကို ရိုးသားသောစိတ်နှလုံးနှင့်တုန်ယင်သောနှုတ်ဖြင့်မေးပါ။ ဤနောက်ဆုံးသောတန်ဖိုးရှိသည့်ကရုဏာအချိန်တွင် သင့်အကျင့်စာရိတ္တတည်ဆောက်ရာ၌ အကောင်းဆုံးအားထုတ်ပြီးပြီလား။ အစွန်းအထင်းအားလုံးမှ သင့်စိတ်ဝိညာဉ်ကိုစင်ကြယ်စေပြီးပြီလား။ အလင်းတရားနောက်ကိုလိုက်လျှောက်ပြီးပြီလား။ သင်ယုံကြည်ခြင်းအတိုင်းကျင့်ဆောင်ပါသလား။

ဘုရားသခင့်ကျေးဇူးတော်၏ပျော့ပျောင်းစေသောအရှိန်သြဇာသည် သင့်အပေါ်၌သက်ရောက်ပါသလား၊ . . . မိမိတို့အပြစ်၌ပျက်စီးနေသောလူမျိုးတို့ကို သင့်အလင်းထွန်းလင်းစေသလား။ ဘုရားသခင်၏ပညတ်ချက်များကိုနင်းသောသူတို့ရှေ့တွင် ထိုပညတ်ချက်များကိုကာကွယ်ရန် သင်ရပ်တည်ရမည်ကိုသဘောပေါက်ပါသလား။ သမားရိုးကျယုံကြည်သူဖြစ်နေလျက်ပင်၊ ချိန်ခွင်၌လျော့ပြီး ထာဝရအသက်ကိုဆုံးရှုံးနိုင်သည်။ သမ္မာကျမ်းစာ၏တားမြစ်ချက်အချို့ကိုကျင့်သုံးပြီး၊ ခရစ်ယာန်အဖြစ်မှတ်ယူခံရသော်လည်း ခရစ်ယာန်အကျင့်၌အရေးပါသောအရည်အသွေးများရှိမနေခြင်းကြောင့် ပျက်စီးနိုင်ခြေရှိသည်။. . . ကရုဏာတရားအချိန်ဆွဲ၍၊ ကယ်တင်ရှင်သည် ကြားခံတောင်းပန်ပေးနေစဉ်၊ ထာဝရအသက်အတွက် စေ့စေ့စပ်စပ်လုပ်ဆောင်ကြပါစို့။ (6T, pp. 404,405).

ကြီးမားသောဘေးသည် ကျွန်ုပ်တို့ရှေ့၌ပင်ရှိနေသည်။ ၎င်း၏စမ်းသပ်မှုနှင့်စုံစမ်းခြင်းကိုရင်ဆိုင်ရန်နှင့် တာဝန်ဝတ္တရားများကိုထမ်းဆောင်ရန် ခွဲကောင်းသောယုံကြည်ခြင်းလိုအပ်သည်။ သို့ရာတွင် ကျွန်ုပ်တို့သည် ခမ်းနားကြီးကျယ်စွာအောင်ပွဲခံနိုင်သည်။ စောင့်မျှော်၊ ဆုတောင်းပြီး ယုံကြည်သောသူမည်သူမျှ ရန်သူ၏ကျော့ကွင်း၌မိကြလိမ့်မည်မဟုတ်ချေ။ (6T, p. 404).

–၀–

## မတ် (၃၀)

# “နက်နဲရှင်သန်သည့်အတွေ့အကြုံ”

**“အစအဦး၌ သခင်ဘုရားဟောတော်မူ၍ ဒေသနာစကားတော်ကိုကြားရသောသူတို့သည် ယုံလောက်သောသက်သေအားဖြင့် ငါတို့အားဆင့်ဆို၍ဟောပြောသော ဤမျှလောက်ကြီးစွာသောကယ်တင်တော်မူခြင်းတရားကို ငါတို့သည်နားမထောင်ဘဲနေလျှင် အပြစ်ဒဏ်နှင့်အဘယ်သို့လွတ်ကြလိမ့်မည်နည်း” (ဟေဗြဲ ၂း၃)။**

ကျွန်ုပ်တို့သည် သခင်ဘုရားကြွလာခြင်းကို ဘေးဖယ်ထားရမည်မဟုတ်ကြောင်း ကျွန်ုပ်မြင်ခဲ့သည်။ ကောင်းကင်တမန်က “ပြင်ဆင်ပါ။ ကမ္ဘာပေါ်သို့ကျရောက်တော့မည့်အရာအတွက်ပြင်ဆင်ပါ။ သင့်အကျင့်သည် သင့်ယုံကြည်ခြင်းနှင့်ကိုက်ညီပါစေ” ဟုပြောခဲ့သည်။ စိတ်သည် ဘုရားသခင်အပေါ်စွဲမြဲလျက်၊ ကျွန်ုပ်တို့၏ဩဇာအရှိန်အဝါသည် ဘုရားသခင်နှင့်သူ၏သမ္မာတရားကိုဖော်ပြရမည်ဖြစ်ကြောင်း ကျွန်ုပ်တွေ့မြင်ခဲ့သည်။ ကျွန်ုပ်တို့သည် သတိမဲ့ပြီး၊ စိတ်မပါသောအချိန်တွင် သခင်ဘုရားကိုဂုဏ်မပြုနိုင်ပါ။ ကျွန်ုပ်တို့သည် မိမိတို့၏ကိုယ်ပိုင်အသက်ဝိညာဉ်ကယ်တင်ခြင်းသေချာစေရန်နှင့် သူတစ်ပါးကိုကယ်တင်၍ စိတ်အားထက်သန်ကြရမည်။ ဤအရာကိုအရေးကြီးဆုံးအရာအဖြစ်ထားလျက်၊ ကျန်အရာများကို ဒုတိယအဆင့်၌သာထားရှိရမည်။

ကောင်းကင်၏အလှကို ကျွန်ုပ်မြင်တွေ့ခဲ့သည်။ ကောင်းကင်တမန်တို့သည် ယေရှုအားသူတို့၏ဝမ်းမြောက်ဖွယ်သီချင်းဆိုသံ၊ ချီးမွမ်း၊ ဂုဏ်ပြုပြီး ဘုန်းထင်ရှားစေခြင်းစသည်များကို ကျွန်ုပ်ကြားခဲ့သည်။ ထိုအခါ ဘုရားသခင့်သားတော်၏အံ့ဩဖွယ်ချစ်ခြင်းမေတ္တာအကြောင်းကို ကျွန်ုပ်သဘောပေါက်လာနိုင်သည်။ ကိုယ်တော်သည် ကောင်းကင်၌ရှိခဲ့သည့်ဘုန်းအသရေအလုံးစုံနှင့်ဂုဏ်ပြုခြင်းအားလုံးကိုချန်၍ ကျွန်ုပ်တို့ကယ်တင်ခြင်းအတွက် လွန်စွာစိတ်ဝင်စားကာ၊ စိတ်ရှည်သိမ်မွေ့စွာဖြင့် စော်ကားမော်ကားပြုခြင်းအားလုံးနှင့်ကိုယ်တော်အပေါ်လူတို့တင်နိုင်သောဝန်တို့ကို သယ်ဆောင်တော်မူသည်။ ကိုယ်တော်သည် ထိခိုက်၊ ဒဏ်ရာဖြင့်ပွန်းပဲ့ခဲ့ရသည်။ ကျွန်ုပ်တို့ကို မိမိအသွေးတော်ဖြင့်ဆေးကြော၍ ကျွန်ုပ်တို့အတွက် ကိုယ်တော်ပြင်ဆင်တော်မူသောအိမ်တော်၌ ကိုယ်တော်နှင့်နေထိုင်နိုင်ရန် ကောင်းကင်၏အလင်းနှင့်ဘုန်းတန်ခိုးကိုပျော်မွေ့နိုင်ရန်၊ ကောင်းကင်တမန်များ၏သီချင်းသံကြားနိုင်ရန်နှင့် သူတို့နှင့်အတူသီဆိုနိုင်ရန်အတွက် ထမြောက်စေခြင်းငှာ၊ ကိုယ်တော်သည် ကျွန်ုပ်တို့ကိုသေခြင်းမှကယ်တင်ရန်မချိမဆံ့အဖြစ်ဆုံးသောသေခြင်းကို ခံတော်မူခဲ့သည်။

ကောင်းကင်သားအားလုံးသည် ကျွန်ုပ်တို့၏ကယ်တင်ခြင်းကိုစိတ်ဝင်စားကြသည်ကို ကျွန်ုပ်မြင်ခဲ့သည်။ ဤအရာကိုကျွန်ုပ်တို့ဥပေက္ခာပြုရမည်လော။ ကျွန်ုပ်တို့ကယ်တင်ခြင်းခံရသည် သို့မဟုတ်ဆုံးရှုံးသည်ဟူသောအရေးသည် အသေးအဖွဲဖြစ်သည့်အလား ဂရုမစိုက်ဘဲနေရမည်လား။ ကျွန်ုပ်တို့အတွက် ပူဇော်ခဲ့သောယဇ်ကို ပေါ့ပေါ့တန်တန်ထားမည်လား။ . . .

ကျွန်ုပ်တို့၏ခြေများကို ဤအမှောင်ကမ္ဘာ၏အန္တရာယ်များကြားမှ ကောင်းကင်သို့လမ်းပြမည့်သမ္မာကျမ်းစာကို ကျွန်ုပ်တို့အားပေးထားခဲ့ပြီ။ ထိုစာအုပ်သည် ဘုရားသခင်၏အမျက်ဒေါသမှ မည်သို့ကျွန်ုပ်တို့လွတ်မြောက်နိုင်မည်ကိုပြောပြကာ၊ ကျွန်ုပ်တို့သည် ကယ်တင်ခြင်းခံရပြီး ဘုရားသခင်၏ရှိနေခြင်းကို အစဉ်ပျော်မွေ့နိုင်ရန် ကြီးမားသည့်ပူဇော်သကာဖြစ်သော ခရစ်တော်၏ဝေဒနာခံစားခြင်းကိုလည်းပြောပြသည်။ (1T, pp. 123-125).

ဘုရားတရားမွေ့လျော်သည့်ပုံစံသည် ကျွန်ုပ်တို့ကိုကယ်တင်လိမ့်မည်မဟုတ်ချေ။ လူတိုင်းသည် နက်နဲရှင်သန်သောအတွေ့အကြုံရှိရမည်။ ဤအရာကသာလျှင် သူတို့ကိုဆင်းရဲဒုက္ခကာလ၌ကယ်တင်လိမ့်မည်။ ထိုနောက် သူတို့၏အကျင့်သည် မည်သည့်အမျိုးအစားဖြစ်သည်ကို စမ်းသပ်လိမ့်မည်။ အကယ်၍၎င်းသည် ရွှေ၊ ငွေနှင့်အဖိုးတန်ကျောက်ဖြစ်လျှင် သူတို့သည် ဘုရားသခင့်နေထိုင်ရာအရပ်တွင် ဝှက်ထားခြင်းခံရကြလိမ့်မည်။ (1T, p.125).

–o–

## မတ် (၃၁)

## “အဆင်သင့်ရှိပါ၊ အဆင်သင့်ရှိစေပါ၊ အဆင်သင့်ရှိနေပါ”

**“အိုဣသရေလအမျိုး၊ သင်၏ဘုရားသခင်နှင့်တွေ့ခြင်းငှာ ကိုယ်ကိုပြင်ဆင်လော့” (အာမုတ် ၄း၁၂)။**

ယနေ့ခရစ်တော်သည် ကောင်းကင်မှမိုးတိမ်ဖြင့်ပေါ်ထွန်းလာမည်ဆိုကြပါစို့။ ကိုယ်တော်ကိုဖူးမြော်ရန် အဘယ်သူအဆင်သင့်ရှိနေမည်နည်း။ ကျွန်ုပ်တို့ယခုဖြစ်သည့်အတိုင်းပင် ကောင်းကင်နိုင်ငံတော်ထဲသို့ဝင်စားကြမည်ဆိုပါစို့။ ဘုရားသခင်၏သန့်ရှင်းသူများနှင့်ပေါင်းစည်းရန်သော်လည်းကောင်း၊ ကောင်းကင်ဘုရင့်သားသမီးများဖြစ်ကြသော တော်ဝင်မိသားစုနှင့်အတူ သဟဇာတနေထိုင်ရန်သော်လည်းကောင်း ကျွန်ုပ်တို့ပြင်ဆင်ထားလျက်ရှိပြီလား။ တရားစီရင်ခြင်းအတွက် မည်သည့်ပြင်ဆင်မှုလုပ်ထားပြီးပြီနည်း။ ဘုရားသခင်နှင့်သင့်မြတ်ခြင်းရှိပြီလား။ ဘုရားသခင်နှင့်အတူလုပ်ဆောင်နေပါသလား။ ဘုရားသခင်၏ပညတ်ချက်တို့ကိုမစောင့်သည့် သင်ထိတွေ့သောသူများ၊ သင့်အိမ်နီးချင်းများ စသည့် သင့်ပတ်ဝန်းကျင်၌ရှိသောသူတို့ကို ကူညီရန်ကြိုးပမ်းနေပါသလား။ . . . ဘုရင်မင်းကြီးကိုတွေ့ဆုံရန် ကျွန်ုပ်တို့အဆင်သင့်ရှိကြပြီလား။ . . .

အကယ်၍ကျွန်ုပ်တို့ဖြစ်သည်အတိုင်း ကောင်းကင်ကိုဝင်ခွင့်ရခဲ့သော်၊ ကျွန်ုပ်တို့ဘယ်နှစ်ယောက်သည် ဘုရားသခင်ကိုဖူးမြော်နိုင်မည်နည်း။ ကျွန်ုပ်တို့ဘယ်နှစ်ယောက်သည် မင်္ဂလာပွဲဝတ်ရုံရှိကြသနည်း။ အစွန်းအထင်း၊ အတွန့်အကောက် သို့မဟုတ် ထိုသို့သောအရာတစ်ခုခုမရှိသောသူသည် မည်မျှရှိသနည်း။ အသက်သရဖူကိုရရှိရန်ထိုက်တန်သူမည်မျှရှိသနည်း။ . . . ရာထူးရာခံသည် လူကိုမပြုပြင်နိုင်ပါ။ မေးမိုန်ခြင်းမရှိသောထာဝရသရဖူကို



ရရှိရန် လူအားထိုက်စေသည်မှာ အထဲ၌ခရစ်တော်၏ပုံသွင်းပေးတော်မူခြင်းကြောင့်ပင်ဖြစ်သည်။ (GCB, Apr. 6, 1903).

ကျွန်ုပ်ကိုကမ္ဘာပေါ်ရှိကျန်ကြွင်းသူများအဖို့ ခန့်ထားတော်မူသည်။ ကောင်းကင်တမန်သည် သူတို့ကို “သင်တို့သည် နောက်ဆုံးဘေးဒဏ်ခုနစ်ပါးကိုရှောင်ရှားမည်လား . . . ထိုသို့ဆိုလျှင်၊ သင်တို့အသက်ရှင်ခြင်းငှာသေကြရမည်။ ပြင်ဆင်ပါ၊ အဆင့်သင့်ရှိပါ။ သင်တို့သည် ယခုပြင်ဆင်သည်ထက်သာ၍ကြီးမားသောပြင်ဆင်ခြင်းရှိကြရမည်။ ဘုရားသခင်ထံအရာရာကိုဆက်ကပ်ပါ။ ကိုယ်တော်၏ယဇ်ပလ္လင်ပေါ်တွင် မိမိကိုယ်ကိုလည်းကောင်း၊ ပိုင်ဆိုင်မှုများကိုလည်းကောင်း အသက်ရှင်သောယဇ်အဖြစ် အရာရာကိုပူဇော်ပါ” ဟုပြောဆိုခဲ့သည်။ (EW, pp. 66,67).

ခရစ်တော်သည် တန်ခိုးနှင့်ကြီးမားသောဘုန်းအသရေဖြင့်ကြွလာတော့မည်။ ကိုယ်တော်သည် မိမိ၏ဘုန်းအသရေနှင့် ခမည်းတော်၏ဘုန်းတန်ခိုးတို့ဖြင့် ကြွလာလိမ့်မည်။ . . . ဆိုးယုတ်သောသူတို့သည် ကိုယ်တော်ရှေ့မှထွက်ပြေးသွားကြစဉ်၊ ခရစ်တော်၏နောက်လိုက်များမူကား၊ ဝမ်းမြောက်ကြလိမ့်မည်။ . . . မိမိ၏သစ္စာရှိသောနောက်လိုက်များအတွက် ခရစ်တော်သည် နေ့စဉ်အပေါင်းအဖော်နှင့်ရင်းနှီးသောမိတ်ဆွေဖြစ်တော်မူသည်။ သူတို့အပေါ်၌ သခင်ဘုရား၏ဘုန်းတော်သည်သက်ရောက်လျက်ရှိသည်။ . . . ယခုတွင်သူတို့သည် ကိုယ်တော်၏ဘုရင့်ဘုန်းတန်ခိုးနှင့်မေးမှိန်ခြင်းမရှိသည့် တောက်ပသောရောင်ခြည်၌ဝမ်းမြောက်ကြသည်။ သူတို့သည် စိတ်နှလုံးထဲ၌ ဘုရားသခင်ရှိနေသောကြောင့် ကောင်းကင်နိုင်ငံဝင်စားဖို့ရန် သူတို့ပြင်ဆင်ထားလျက်ရှိကြသည်။ (COL, pp. 420,421).

သင်သည် ဘုရားသခင်နှင့်ယနေ့အဆင်ပြေနေလျှင် အကယ်၍ခရစ်တော်သည် ယနေ့ကြွလာခဲ့သော် သင်သည်အဆင်သင့်ရှိနေသည်။ (1HP, p. 227).

–o–

## ဧပြီ (၁)

# “ကမ္ဘာပေါ်တွင်အကြီးမားဆုံးသောအလုပ်”

**“သင်တို့သည် လောကီနိုင်ငံအရပ်ရပ်ရှိသမျှသို့သွား၍၊ ဝေနေယျသတ္တဝါအပေါင်းတို့အား ဧဝံဂေလိတရားကိုဟောကြလော့” (မာကု ၁၆း၁၅)။**

“သင်တို့သည် လောကီနိုင်ငံအရပ်ရပ်ရှိသမျှသို့သွား၍ ဝေနေယျသတ္တဝါအပေါင်းတို့အား ဧဝံဂေလိတရားကိုဟောကြလော့” ဟူသည်မှာ မိမိနောက်လိုက်များကို ခရစ်တော်၏မိန့်မှာချက်ဖြစ်သည်။ ဤကျမ်းချက်၏ရိုးရိုးအဓိပ္ပါယ်တွင် လူအားလုံးကိုတရားဟောဆရာ သို့မဟုတ် သာသနာပြုများဖြစ်ရန်ခေါ်တော်မူသည်ဟုမဆိုလိုပါ။ သို့ရာတွင် လူအားလုံးသည် မိမိတို့အပေါင်းအဖော်များထံ “ဝမ်းမြောက်ဖွယ်သတင်း” ကိုပေးကမ်းရာ၌ ကိုယ်တော်နှင့်အတူလုပ်ဆောင်သူများဖြစ်နိုင်ကြသည်။ ကြီးမြတ်သူနှင့်သေးနုပ်သူ၊ ပညာတတ်နှင့်ပညာမဲ့၊ အသက်ကြီးကြီးငယ်ငယ် လူအားလုံးအား ဤအမိန့်တော်ကိုပေးထားသည်။ (Ed, p. 264).

ယနေ့အတွက် သမ္မာတရားကိုသိရှိသောသူအယောက်စီအတိုင်းအပေါင်းကိုသူတစ်ပါးအားသိစေရမည့်တာဝန်ရှိနေသည်။ ခရစ်တော်၏အစေခံများသည် လောကသားများ၏ကောင်းစားရေးနှင့် ကယ်တင်ခြင်းအတွက်တာဝန်ကြီးကြီးမားမားရှိနေသည်။ ခရစ်တော်ထံဝိညာဉ်များကယ်ဆယ်ရေးလုပ်ငန်းတွင် သူတို့သည် ဘုရားသခင်နှင့်အတူလုပ်ဆောင်သူများဖြစ်ကြရမည်။ (RH, Mar. 10, 1904).

အပြစ်သား၏စိတ်နှလုံးကိုဆွဲဆောင်သောအရာမှာ ကားစင်တင်သတ်ခြင်းခံတော်မူသော ခရစ်တော်ပင်ဖြစ်သည်။ ကရာနိကုန်းမှလက်ဝါးကပ်တိုင်ပေါ်တွင် ယေရှုသည် လောကသားတို့အား အနှိုင်းမဲ့မေတ္တာကိုပြသတော်မူ



ခဲ့သည်။ ကိုယ်တော်ကိုဆာငတ်နေသောလူထုအားဖော်ပြပါ။ ထိုအခါကိုယ်တော့်မေတ္တာ၏အလင်းတရားသည် လူတို့အားမှောင်မိုက်မှအလင်းသို့လည်းကောင်း၊ ကျူးလွန်ခြင်းမှနားထောင်ခြင်းနှင့်စစ်မှန်သောသန့်ရှင်းခြင်းသို့လည်းကောင်း ဆွဲဆောင်တော်မူလိမ့်မည်။ ကရာနိလက်ဝါးကပ်တိုင်မှ ယေရှုကိုကြည့်ခြင်းသည် အခြားမည်သည့်အရာကမျှမစွမ်းဆောင်နိုင်သော အပြစ်တရား၏စက်ဆုပ်ဖွယ်အကျင့်ကိုသိလာစေရန် သြတ္တပ္ပစိတ်ကိုနှိုးဆွပေးသည်။ (RH, Nov. 22, 1892).

ကျွန်ုပ်တို့အသင်းသူ/သားတို့သည် ထာဝရအသက်ကိုရရှိရန် ကျွန်ုပ်တို့၏မျှော်လင့်ချက်ဗဟိုဖြစ်သော၊ သေပြီးမှထမြောက်တော်မူသောကယ်တင်ရှင်ကို ကြည့်နေကြမည်မဟုတ်လော။ ဤအရာသည် ကျွန်ုပ်တို့၏သတင်းစကား၊ ကျိုးကြောင်းပြချက်၊ ယုံကြည်ချက်၊ နောင်တမရသောသူတို့ကိုသတိပေးချက်၊ ဝမ်းနည်းသူတို့ကိုအားပေးခြင်း၊ ယုံကြည်သူတိုင်းအတွက်မျှော်လင့်ချက်ဖြစ်သည်။ ခရစ်တော်ကိုကြည့်ရန် ကျွန်ုပ်တို့သည် လူတို့၏စိတ်ဝင်စားမှုကိုနှိုးကြားစေနိုင်လျှင် ကျွန်ုပ်တို့သည်ဘေးတွင်ဖယ်ကာ၊ ဘုရားသခင်၏သိုးသငယ်ကိုကြည့်ရန် သူတို့ကိုတောင်းဆိုရုံမျှပြုလုပ်နိုင်သည်။. . . ယေရှုကိုကြည့်သောသူသည် အရာရာကိုချန်ထားလိမ့်မည်။ တစ်ကိုယ်ကောင်းဆန်ခြင်းကိုစွန့်လွှတ်လိမ့်မည်။ ခရစ်တော်၌ခမ်းနားကြီးကျယ်စွာနှင့်အံ့ဖွယ်ကောင်းစွာမြောက်ထားသော ဘုရားသခင်၏နှုတ်ကပတ်တော်ကိုသူယုံကြည်လာမည်။ (6BC, p. 1113).

ကျွန်ုပ်တို့၏သခင်ယေရှုခရစ်တော်ကြွလာခြင်းကို စောင့်နေရုံသာမဟုတ်ဘဲ၊ မြန်ဆန်စေရန်မှာ ခရစ်ယာန်တိုင်း၏အခွင့်ထူးဖြစ်သည်။ ကိုယ်တော်၏နာမကိုယုံကြည်သူအားလုံးသည် ကိုယ်တော်၏ဘုန်းတော်ကိုထင်ရှားစေကြမည်ဆိုလျှင် ဧဝံဂေလိမျိုးစေ့ကို တစ်ကမ္ဘာလုံးတွင်လျင်မြန်စွာကြဲပြီးပါလိမ့်မည်။ နောက်ဆုံးသောကောက်နှံတို့သည် အလျင်အမြန်မှည့်ကာ၊ တန်ဖိုးရှိသောစပါးကိုစုသိမ်းရန် ခရစ်တော်ကြွလာလိမ့်မည်။ (8T, pp. 22, 23).

–o–

## “လက်ဝါးကပ်တိုင်၏သတင်းစကား”

**“ငါဖြစ်လျှင်၊ ငါတို့သခင်ယေရှုခရစ်၏လက်ဝါးကပ်တိုင်တော်မှတစ်ပါး အဘယ်အရာ၌မျှဝါကြွားခြင်းမရှိပါစေနှင့်။ ထိုလက်ဝါးကပ်တိုင်တော်မှာ ဤလောကသည် ငါ့အဖို့ရိုက်ထားခြင်းကိုခံလျက်ရှိ၏။ ငါသည်လည်း ဤလောကအဖို့ရိုက်ထားခြင်းကိုခံလျက်ရှိ၏” (ဂလာတိ ၆း၁၄)။**

ဘုရားသခင်သည် မိမိလူတို့အတွက် သတင်းစကားကိုကျွန်ုပ်အားပေးထားသည်။ . . . သင်သည် အဖိုးနှင့်ဝယ်ယူပြီးဖြစ်သောကြောင့် သင်ရှိရှိသမျှကို ဘုရားသခင်၏ဘုန်းတော်ထင်ရှားစေရန်နှင့် သင့်ရောင်းရင်းလူသားတို့၏ကောင်းကျိုးအတွက်အသုံးပြုရန်ဖြစ်သည်။ အပြစ်၌ပျက်စီးခြင်းမှ လောကီသားတို့ကိုကယ်တင်ရန် ခရစ်တော်သည် လက်ဝါးကပ်တိုင်ပေါ်၌အသေခံတော်မူခဲ့သည်။ ကိုယ်တော်သည် ဤလုပ်ငန်းအတွက် သင်၏အတူပူးပေါင်းဆောင်ရွက်ခြင်းကို တောင်းဆိုတော်မူသည်။ သင်သည်ကိုယ်တော်ကိုကူညီရမည်။ လုံ့လဝီရိယဖြင့် မဓောမပန်းအားစိုက်လျက် ပျောက်ဆုံးသူတို့အားကယ်တင်ရန် သင်ကြိုးပမ်းရမည်။ . .

ခရစ်တော်ကျေးဇူးတော်၏ပြောင်းလဲစေသောတန်ခိုးသည် ဘုရားသခင်၏အမှုတော်၌ မိမိကိုယ်ကိုပေးဆပ်သူအားပြုပြင်ပေးသည်။ . . သူ့ပတ်လည်၌ရှိသော ပျက်စီးနေသည့်ဝိညာဉ်များကို ဥပေက္ခာမပြုနိုင်တော့ချေ။ မိမိအနာဂတ်၏အချိန်တိုင်းကို ဘုရားသခင့်တစ်ပါးတည်းသောသားတော်၏အဖိုးထိုက်သောအသက်သွေးတော်ဖြင့် ဝယ်ယူပြီးဖြစ်ကာ၊ အပြစ်၏ကျေးကျွန်မှ မိမိကိုရွေးနုတ်တော်မူသောခရစ်တော်၌ မိမိ၏အစိတ်အပိုင်းအားလုံးသည် သက်ဆိုင်ကြောင်း သူနားလည်သဘောပေါက်သည်။



ကရာနိကုန်းပေါ်ကပူဇော်သောယဇ်ကို သင်သည် အလွန်တန်ဖိုးထားသောကြောင့် အခြားစိတ်ဝင်စားမှုအားလုံးကို ဝိညာဉ်ကယ်ဆယ်ရေးအောက်၌လိုလိုလားလားထားရှိဖူးပါသလား။ ခရစ်တော်၏အသက်တာကို အမှတ်အသားပြုသည့် ထိုသို့သောအပြစ်သားများကိုကယ်တင်ရန် ပြင်းပြသောဆန္ဒသည်ကိုယ်တော်၏စစ်မှန်သောနောက်လိုက်များ၏အသက်တာကိုလည်း အမှတ်အသားပြုသည်။ ခရစ်ယာန်သည် မိမိကိုယ်ကျိုးအတွက်အသက်ရှင်လိုစိတ်မရှိချေ။ သူသည်ရှိသမျှကိုဆက်ကပ်ပြီး သခင့်အမှုတော်ထမ်းရွက်ခြင်းကိုနှစ်သက်သည်။ သူသည် ခရစ်တော်ထံဝိညာဉ်များကိုကယ်တင်ရန် မဖော်ပြနိုင်လောက်သောဆန္ဒအားဖြင့် လှုပ်ရှားနေသည်။ . .

ဖန်ဆင်းခြင်းနှင့်ရွေးနုတ်ခြင်းဖြင့် ကျွန်ုပ်တို့ပိုင်ဆိုင်တော်မူသောသူကိုကျွန်ုပ်တို့မည်ကဲ့သို့အကောင်းဆုံးဘုန်းတော်ထင်ရှားစေနိုင်မည်နည်း။ ဤအရာမှာ မိမိတို့ကိုယ်ကိုမေးရမည့်မေးခွန်းဖြစ်သည်။ အမှန်တကယ်ပြောင်းလဲသောသူသည် ကောင်းကျိုးကိုလိုလားသောစိုးရိမ်စိတ်ဖြင့် စာတန်၏တန်ခိုး၌ရှိနေသေးသောသူတို့ကိုကယ်ဆယ်ရန် ကြိုးပမ်းလျက်ရှိသည်။ . .

ထာဝရအတွက်ပြင်ဆင်ရန် ကျွန်ုပ်တို့၌အချိန်အနည်းငယ်သာရှိသည်။ . . . လူများတို့သည် သမ္မာတရားကိုလိုအပ်နေကြသည်။ ထိုကြောင့် ဝီရိယရှိရှိ၊ သစ္စာရှိစွာဖြင့်ကြိုးပမ်း၍ ထိုသူတို့ကိုပြောပြရမည်။ ဝိညာဉ်များကိုရှာဖွေရမည်၊ ဆုတောင်းပေးရမည်၊ သူတို့အတွက်လုပ်ဆောင်ရမည်။

ကမ္ဘာပေါ်ကျရောက်မည့်ပြစ်ဒဏ်စီရင်ခြင်းကိုပေးရန် လေးလံသောဝတ္တရားကျွန်ုပ်တို့အပေါ်၌ရှိသည်။ . . ဘုရားသခင်က မိမိအသင်းတော်သည် ထ၍တန်ခိုးကိုရယူရန်ခေါ်တော်မူသည်။ ထာဝရမြဲသောသရဖူများကိုရယူရမည်။ ကောင်းကင်နိုင်ငံကိုလည်းကြိုးစားရယူရမည်။ ပညာမဲ့ခြင်းကြောင့် ပျက်စီးနေသောလောကသားများကို အလေးပေးရမည်။ (7T, pp. 9-12,16).

–o–

ဧပြီ (၃)

## "ချစ်ခြင်းဖြင့်တက်ကြွသည်"

**"ဘုရားသခင်ကိုချစ်သောသူသည် မိမိညီအစ်ကိုကိုချစ်ရမည် ဟူသောပညတ်တော်ကို ငါတို့သည် ခရစ်တော်ထံ၌ခံရကြပြီ" (၁ယော ၄း၂၁)။**

ဘုရားဝတ်၌မွေ့လျော်ခြင်းသည် ချစ်ခြင်းမေတ္တာပေါ်တွင်အခြေပြုသည်။ မည်သည့်ခံယူချက်ပင်ရှိစေကာမူ၊ မိမိညီအစ်ကိုအတွက် ကိုယ်ကျိုးမဖက်သောချစ်ခြင်းမရှိလျှင် အဘယ်သူမျှဘုရားသခင်ကို ဖြူစင်သန့်ရှင်းစွာမချစ်နိုင်။ . . . မိမိကိုယ်ကိုခရစ်တော်၌ပေါင်းစည်းသောအခါ၊ ချစ်ခြင်းသည် အလိုအလျောက်ပေါ်လာလိမ့်မည်။ အတွင်းစိတ်သဘောအားဖြင့် သူတစ်ပါးကိုကူညီလိုစိတ်၊ ကောင်းချီးပေးလိုစိတ်စဉ်ဆက်မပြတ်ပေါ်လာမှသာ ကောင်းကင်နေရောင်ခြည်သည် စိတ်နှလုံးအတွင်း၌ထွန်းလင်းလျက်ရှိကြောင်း မျက်နှာတွင်ပေါ်လာသောအခါမှသာ စုံလင်သောခရစ်ယာန်အကျင့်စာရိတ္တကိုရရှိပေလိမ့်မည်။ . . .

ကျွန်ုပ်တို့သည် ခရစ်တော်နှင့်ဆက်သွယ်ခြင်းအားဖြင့် လူသားအချင်းချင်းလည်း မေတ္တာရွှေကြိုးကွင်းဆက်များဖြင့် ဆက်စပ်ထားလျက်ရှိသည်။ ထိုအခါခရစ်တော်၏ကရုဏာတရားသည် ကျွန်ုပ်တို့၏အသက်တာတွင်ပေါ်လွင်လိမ့်မည်။ ဘဝအခြေအနေမကောင်းသူများနှင့်နွမ်းပါးသူများကို ကျွန်ုပ်တို့ထံခေါ်ဆောင်လာရန် စောင့်နေကြမည်မဟုတ်ချေ။ ပူပန်သောကဖြစ်နေသူများကို ကိုယ်ချင်းစာရန် သူတစ်ပါးကလာ၍တောင်းပန်ရန်လိုတော့မည်မဟုတ်ပါ။ ခရစ်တော်သည် လှည့်လည်၍ကျေးဇူးပြု၊ ချမ်းသာပေးသည်နည်းတူ ကျွန်ုပ်တို့သည်လည်း ဆင်းရဲသူများနှင့်ဝေဒနာခံစားနေရသူများကို အလိုအလျောက်ကူညီရိုင်းပင်းကြလိမ့်မည်။



လဲသူကိုထူမရာ၌လည်းကောင်း၊ ပူပန်သောကဖြစ်နေသူကို နှစ်သိမ့်ရာ၌လည်းကောင်း ကောင်းကင်ဘုန်းတန်ခိုးထင်ရှားလျက်ရှိနေသည်။ . . . နိုင်ငံသား၊ လူမျိုး၊ အမျိုးဇာတ်ဟူ၍ ဘုရားသခင်အသိအမှတ်မပြုပေ။ . . . လူခပ်သိမ်းတို့သည် ဖန်ဆင်းခြင်းအားဖြင့်လည်းကောင်း၊ ရွေးနုတ်ခြင်းအားဖြင့်လည်းကောင်း မိသားစုတစ်ခုဖြစ်သည်။ ခရစ်တော်ကြွလာတော်မူခြင်းအားဖြင့် ခွဲခြားမှုရှိသမျှကို ပယ်ဖျက်တော်မူသည်။ လူတိုင်းဘုရားသခင်၏အထံတော်သို့ လွတ်လပ်စွာဝင်ရောက်နိုင်ရန် ဗိမာန်တော်အခန်းများကိုလည်းဖွင့်ထားတော်မူ၏။ ကိုယ်တော်၏မေတ္တာတော်သည် ကျယ်ပြန့်၊ နက်ရှိုင်း၊ ပြည့်စုံကုံလုံသောကြောင့် နေရာတိုင်းသို့ထိုးဖောက်နိုင်သည်။ စာတန်၏လှည့်ဖြားမှုကြောင့် သူ၏စက်ကွင်းအတွင်း လှည့်ဖြားခြင်းခံရသောသူတို့ကို ထုတ်ယူနိုင်တော်မူသည်။ ထိုသူတို့အား ကတိတော်သက်တံဝန်းရံလျက်ရှိတော်မူသည့် ဘုရားသခင်၏ပလ္လင်တော်သို့ ချဉ်းကပ်နိုင်ခွင့်ပေးတော်မူ၏။ . . .

ခရစ်တော်သည် ခမည်းတော်နှင့်တစ်လုံးတစ်ဝတည်းဖြစ်တော်မူသကဲ့သို့ ကျွန်ုပ်တို့သည်လည်း ကိုယ်တော်နှင့်တစ်လုံးတစ်ဝတည်းဖြစ်ရန်၊ မိတ်သဟာယဖွဲ့လိုသောသူအပေါင်းတို့ကိုချီးမြှင့်ရန် ခရစ်တော်လိုလားတော်မူသည်။ ကျွန်ုပ်တို့သည် တစ်ကိုယ်ကောင်းစိတ်ကိုစွန့်လွှတ်နိုင်ရန် အခက်အခဲတွေ့နေသူများ၊ ဘေးရန်နှင့်ရင်ဆိုင်နေရသူများကို ကျွန်ုပ်တို့နှင့်ဆုံတွေ့စေတော်မူသည်။ ကျွန်ုပ်တို့သည် ကိုယ်တော်နည်းတူ သနားကြင်နာတတ်သောသဘော၊ နူးညံ့သိမ်မွေ့သောသဘောများကိုဆည်းပူး၍ ချစ်ခြင်းမေတ္တာပွားများနိုင်ရန်နည်းလမ်းများကို ဖန်တီးပေးတော်မူသည်။ . . .

"သင်သည်ငါ့ပညတ်တရားကိုစောင့်ရှောက်လျှင်. . . သင့်အားလမ်းပြရသောသူဖြစ်မည်အကြောင်း (ကိုယ်တော်၏ပလ္လင်တော်ကိုဝန်းရံလျက်ရှိသောကောင်းကင်တမန်များကိုပင်) ငါခန့်ထားမည်" (ဇာခရိ ၃း၇) ဟု ထာဝရဘုရားမိန့်တော်မူသည်။ မြေကြီးပေါ်၌ကောင်းကင်သားတို့ဆောင်ရွက်သောလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းအားဖြင့် ကောင်းကင်နိုင်ငံတွင်သူတို့နှင့်အတူပေါင်းသင်းနေထိုင်ရန် ပြင်ဆင်ထားခြင်းဖြစ်သည်။ (COL, pp. 384-389).

–o–

## ဧပြီ (၄)

### "စတင်သက်သေခံရမည့်နေရာ"

**"အကျွန်ုပ်တို့၏သားတို့သည် အရွယ်ပျိုစဉ်တွင် ကြီးပွားသော ပျိုးပင်ကဲ့သို့လည်းကောင်း၊ သမီးတို့သည် ဘုံဗိမာန်နည်းတူထုသော တိုက်ထောင့်ကျောက်တိုင်ကဲ့သို့လည်းကောင်း ဖြစ်ကြပါစေသော" (ဆာလံ ၁၄၄း၁၂)။**

ခရစ်တော်အတွက် ကျွန်ုပ်တို့၏လုပ်ဆောင်မှုသည် အိမ်ထောင်မိသားစုဖြင့်စတင်ရမည်။. . . ဤအရာထက်သာ၍အရေးကြီးသောသာသနာနယ်မြေမရှိချေ။ (6T, p. 429).

ဘုရားသခင်ကို မိမိတို့အသက်တာတွင်ရောင်ပြန်ဟပ်စေသောမိဘတို့သည် ပျော်ရွှင်သူများဖြစ်ကြသည်။ ထိုအခါ ဘုရားသခင်၏ကတိတော်များနှင့်ပညတ်ချက်တို့သည် ကလေးသူငယ်၌ကျေးဇူးတင်ခြင်းနှင့်ရိုသေလေးစားခြင်းကို နှိုးဆွပေးသည်။ မိဘတို့၏ကြင်နာမှု၊ ဖြောင့်မှန်မှုနှင့်စိတ်ရှည်ခြင်းတို့သည် ကလေးသူငယ်၌ ဘုရားသခင်၏ချစ်ခြင်း၊ တရားမျှတခြင်းနှင့်သည်းခံခြင်းအဖြစ် အနက်ပြန်ဆိုပေးသည်။ ကလေးသူငယ်အား မိဘတို့ကိုချစ်မြတ်၊ ကိုးစား၊ နားထောင်ရန် သွန်သင်သောသူတို့သည် ကောင်းကင်ဘုံကအဖခမည်းတော်ကို ချစ်မြတ်၊ ကိုးစား၊ နားထောင်ရန် သင်ပေးသူများဖြစ်ကြသည်။ ကလေးငယ်ကိုထိုသို့သောလက်ဆောင်မွန်ပေးသောမိဘတို့သည် လောကီချမ်းသာခြင်းအားလုံးထက် သာ၍တန်ဖိုးကြီးသောဘဏ္ဍာ၊ ထာဝရတည်သည့်ဘဏ္ဍာကို အပ်နှင်းထားခြင်းပင်ဖြစ်သည်။ (MH, pp. 375,376).

ဘုရားသခင်သည် ငယ်ရွယ်သူကလေးတိုင်းကို မိမိကလေးအဖြစ်၊ မိမိမိသားစုထဲ၌မွေးစားရန် အလိုရှိတော်မူသည်။ သူတို့သည် ငယ်ရွယ်သေး



သော်လည်း၊ လူငယ်တို့သည် ယုံကြည်ခြင်းမိသားစုဝင်များဖြစ်နိုင်ကာ၊ အဖိုးထိုက်တန်ဆုံးသောအတွေ့အကြုံကိုလည်းရရှိနိုင်သည်။ သူတို့သည်ကြင်နာပြီး ထာဝရတည်သည့်သွန်သင်မှုကိုလက်ခံရန် အဆင်သင့်ရှိနေသောစိတ်နှလုံးကို ရှိနေနိုင်ကြသည်။ ယေရှုကိုယုံကြည်စိတ်ချပြီးချစ်မြတ်နိုးကာ၊ ကယ်တင်ရှင်အတွက်အသက်ရှင်လိုသောစိတ်နှလုံးလည်းရှိနေနိုင်သည်။ ခရစ်တော်သည် သူတို့အားငယ်ရွယ်သောသာသနာပြုများဖြစ်စေတော်မူမည်။ သူတို့၏အတွေးရေစီးကြောင်းတစ်ခုလုံးသည် ပြောင်းလဲသောကြောင့် အပြစ်တရားကိုပျော်စရာအဖြစ်မမြင်ဘဲ၊ မုန်းတီးပြီးရှောင်ရမည့်အရာအဖြစ်မြင်ကြသည်။ (CT, p. 169).

မပြောင်းလဲသောသူတို့အတွက်လုပ်ဆောင်ရန် မိဘတို့သည် မိမိတို့၏သားသမီးတို့ကို စည်းမျဉ်းနှင့်ပုံနမူနာအားဖြင့်သင်ပေးရမည်။ အသက်ကြီးသူများနှင့်ဘေးရောက်သူတို့ကိုသနား၍၊ ဆင်းရဲသားတို့နှင့်ဒုက္ခရောက်နေသူတို့၏ ဝေဒနာကို သက်သာစေခြင်းငှာကြိုးပမ်းရန် ကလေးများကိုပညာပေးရမည်။ . . . သူတို့သည် ဘုရားသခင်နှင့်အတူလုပ်ဆောင်သူများဖြစ်စေရန်၊ အများကောင်းကျိုးအတွက်ကိုယ်ကျိုးစွန့်အနစ်နာခံခြင်းနှင့် ခရစ်တော်၏အမှုတော်တိုးတက်ရန်အတွက် စိတ်ထဲစွဲမှတ်ရန် ငယ်ရွယ်စဉ်မှစ၍သင်ပေးရမည်။. .

ကမ္ဘာပေါ်ရှိမိသားစုများသည် ကောင်းကင်မိသားစုအသွင်ကိုပုံဆောင်ရန် ဘုရားသခင်ကြံစည်ထားတော်မူသည်။ ဘုရားသခင်၏အကြံအစည်အတိုင်းတည်ထောင်၊ ပြုမူသောခရစ်ယာန်အိမ်ထောင်တို့သည် ခရစ်ယာန်အကျင့်စာရိတ္တပုံသွင်းခြင်းအတွက်နှင့် မိမိ၏အလုပ်တိုးတက်ရန်အတွက် ကိုယ်တော်၏အထိရောက်ဆုံးသောတန်ဆာပလာထဲကတစ်ခုဖြစ်သည်။ (6T, pp. 429,430).

–o–

**ဧပြီ (၅)**

## "ဆင်းရဲသောကမ္ဘာ"

**"အလင်းကိုမျှော်လင့်သောအခါ ရှင်လင်းခြင်းမရှိ၊ ရောင်ခြည်ကိုမျှော်လင့်သော်လည်း၊ မှောင်မိုက်၌သွားလာရကြ၏" (ဟေရှာယ ၅၉း၉)။**

၎င်း၏စစ်မှန်သောဆိုလိုရင်းအဓိပ္ပါယ်ကိုနားမလည်ဘဲ သမ္မာကျမ်းစာကိုဖတ်နေသူအများရှိနေကြသည်။ ကမ္ဘာပေါ်ရှိယောကျ်ား၊ မိန်းမတို့သည် ကောင်းကင်ဘုံကိုတသသကြည့်နေကြသည်။ အလင်းတရား၊ ကျေးဇူးတော်နှင့်သန့်ရှင်းသောဝိညာဉ်တော်ကိုတောင့်တနေသောလူတို့သည် မျက်ရည်ဖြင့်ဆုတောင်းလျက် မေးခွန်းများထုတ်နေကြသည်။ လူအများသည် နိုင်ငံတော်၏တံခါးဝတွင်ရောက်ရှိနေပြီး၊ စုသိမ်းရန်အတွက်သာစောင့်ဆိုင်းနေကြသည်။ (AA, p. 109).

မိမိတို့၌မရှိသောအရာကိုတောင်းဆိုနေသော စိတ်နှလုံးများနေရာတိုင်း၌ရှိနေသည်။ အပြစ်တရားကိုထိန်းချုပ်နိုင်သောတန်ခိုး၊ မကောင်းမှု၏အချုပ်အနှောင်မှလွတ်မြောက်စေမည့်တန်ခိုး၊ ကျန်းမာခြင်း၊ အသက်နှင့်ငြိမ်သက်ခြင်းကိုပေးမည့်တန်ခိုးကို သူတို့တမ်းတနေကြသည်။ များစွာသောသူတို့သည် တစ်ချိန်က ဘုရားသခင့်နှုတ်ကပတ်တော်တန်ခိုးကိုမြည်းစမ်းပြီးမှ ဘုရားသခင်အသိအမှတ်မပြုသောနေရာ၌နေပြီး၊ ဘုရားသခင်နှင့်အတူရှိနေခြင်းကိုတောင့်တနေကြသည်။

ဤလောကသည် လွန်ခဲ့သောနှစ်ပေါင်းတစ်ထောင့်ကိုးရာ (ယခုနှစ်ထောင်ကျော်) က ခရစ်တော်ပေါ်ထွန်းခြင်းမျိုးကို ယနေ့လိုအပ်နေသည်။ ကြီးမားသောပြုပြင်ပြောင်းလဲခြင်းအလုပ်မျိုးလိုအပ်နေသည်။ ခရစ်တော်၏ကျေးဇူးတော်အားဖြင့်သာလျှင် ကာယ၊ ဉာဏနှင့်ဝိဥာဏတို့ကို နဂိုအတိုင်းပြင်ဆင်မွမ်းမံသောအလုပ်ကို ပြီးစီးစေနိုင်သည်။

ခရစ်တော်၏နည်းလမ်းသည်သာ လူတို့ထံအရောက်လှမ်းရာ၌ စစ်မှန်သောအောင်မြင်ခြင်းကိုပေးနိုင်သည်။ ကယ်တင်ရှင်သည် သူတို့၏ကောင်းကျိုးကိုလိုလားသူအဖြစ် လူတို့နှင့်ရောနှောတော်မူခဲ့သည်။ ကိုယ်တော်သည် သူတို့အားသနားကြင်နာခြင်းကိုပြသ၍၊ သူတို့၏လိုအပ်ချက်များကိုဖြည့်ဆည်းပေးကာ၊ သူတို့၏ယုံကြည်စိတ်ချမှုကို ရယူတော်မူခဲ့သည်။ ထိုအခါကိုယ်တော်သည် သူတို့အား "ငါ့နောက်သို့လိုက်လော့" ဟုမိန့်တော်မူသည်။

ကိုယ်တိုင်ကိုယ်ကျကြိုးပမ်းမှုအားဖြင့် လူတို့ကိုချဉ်းကပ်ရန်လိုအပ်သည်။ . . ကျွန်ုပ်တို့သည် ဝမ်းနည်းသူတို့နှင့်အတူဝမ်းနည်းပြီး၊ ဝမ်းမြောက်သူတို့နှင့်အတူဝမ်းမြောက်ရမည်။ သွေးဆောင်ခြင်းတန်ခိုး၊ ဆုတောင်းခြင်းတန်ခိုး၊ ဘုရားသခင့်မေတ္တာ၏တန်ခိုးတို့နှင့်တွဲဖက်ခြင်းဖြင့် ဤအလုပ်သည်ဇကန်အမှန်အသီးသီးလိမ့်မည်။ (MH, pp. 143,144).

လူသားတို့သည် မည်သူများဖြစ်လာနိုင်ကြောင်းနှင့် ဘုရားသခင်နှင့်ပူးပေါင်းခြင်းအားဖြင့် ပျက်စီးလုသောဝိညာဉ်များကို ကယ်တင်ခြင်းအလုပ်ပြီးစီးနိုင်ကြောင်း လောကီသားတို့ကိုပြသရန်၊ ကောင်းကင်သားတို့သည် လူသားတို့နှင့်အတူတကွလုပ်ဆောင်ရန် စောင့်ဆိုင်းနေကြသည်။ မိမိကိုယ်ကျိုးကိုငြင်းပယ်ပြီး၊ မိမိစိတ်နှလုံးတွင် သန့်ရှင်းသောဝိညာဉ်တော်အလုပ်လုပ်ပြီး၊ ဘုရားသခင်ထံလုံးလုံးဆက်ကပ်သောအသက်တာဖြင့်နေထိုင်ရန်အတွက် စိတ်နှလုံးပြင်ဆင်ထားသူ၏အသုံးဝင်မှုသည် အကန့်အသတ်ပင်မရှိနိုင်ချေ။ (MH, p. 159).

–၀–

ဧပြီ (၆)

## “တစ်အိမ်ဝင်တစ်အိမ်ထွက်သင်ပေးခြင်း”

**“သင်တို့အကျိုးပြုစုရာတစ်စုံတစ်ခုကိုမျှ၊ ငါမထိမ်မဝှက်။ လူစုဝေးရာ၌လည်းကောင်း၊ အိမ်များ၌လည်းကောင်း သင်တို့အား ဟောပြော၍ ဆုံးမသြဝါဒပေး၏” (တမန်တော် ၂၀:၂၀)။**

ကျွန်ုပ်တို့အသင်းသူ/သားများသည် တစ်အိမ်တက်တစ်အိမ်ဆင်း ကျမ်းစာသင်ပေးခြင်းနှင့် စာပေစာအုပ်ဝေငှခြင်းကို သာ၍လုပ်ဆောင်ရမည်။ . . . ကျွန်ုပ်တို့သည် လူတို့အပေါ်ဧဝံဂေလိတရားမျိုးစေ့ကြဲရာတွင် “များစွာကြဲသောသူသည် များစွာရိတ်ရမည်” ဆိုသည်ကို သဘောပေါက်လာလိမ့်မည်။

ကိုယ်တော်၏သားသမီးများဖြစ်သည်ဟုပြောဆိုသူတို့သည် ခရစ်တော်၏ပုံနမူနာကိုလိုက်ကြရမည်။ မိမိလူသားချင်းတို့၏ကိုယ်ကာယလိုအပ်ချက်များကို ဖြည့်ဆည်းပေးပါ။ သူတို့၏ကျေးဇူးတရားသည် အတားအဆီးများကိုချိုးဖျက်၍၊ သင့်အားသူတို့၏စိတ်နှလုံးကို အောင်နိုင်စေလိမ့်မည်။. . . မိန်းမတို့သည် ယောကျ်ားကဲ့သို့ဤအလုပ်ကိုလုပ်နိုင်ကြသည်။. . . ယောကျ်ားများမလုပ်နိုင်သည့် သာ၍နက်ရှိုင်းသောအသက်တာကိုရောက်ရှိခြင်းအလုပ်ကို သူတို့နီးကပ်စွာချဉ်းကပ်နိုင်သည်။ သူတို့၏လုပ်အားကိုလိုအပ်လျက်ရှိသည်။ လိမ္မာပါးနပ်ပြီး နှိမ့်ချသောမိန်းမတို့သည် မိမိတို့အိမ်ထောင်ထဲကလူတို့အား သမ္မာတရားကိုရှင်းပြသည့် ကောင်းသောအလုပ်ကိုလုပ်နိုင်ကြသည်။ ရှင်းပြသောဘုရားသခင်၏နှုတ်ကပတ်တော်သည် တိုးပွားလျက်၊ မိသားစုတစ်ခုလုံးသည် ပြောင်းလဲလာလိမ့်မည်။. . .



မိသားစုစုံနေချိန်တွင်သော်လည်းကောင်း၊ အိမ်နီးချင်း၏မီးဖိုဘေးတွင်သော်လည်းကောင်း၊ လူနာ၏အိပ်ရာဘေးတွင်သော်လည်းကောင်း ငြိမ်သက်စွာဖြင့်သင်သည် သမ္မာကျမ်းစာကိုဖတ်ပြီး၊ ယေရှုအတွက် သမ္မာတရားကိုပြောဆိုနိုင်သည်။ တန်ဖိုးရှိသောမျိုးစေ့သည် ပေါက်လာ၍ အသီးသီးလိမ့်မည်။. . .

သာသနာပြုအလုပ်ဆောင်ရွက်ရန်၊ ဝိညာဉ်ရရှိရန်ခက်ခဲသည့်နေရာများစွာရှိနေသည်။ သာသနာလုပ်ငန်းကို ကျွန်ုပ်တို့လုပ်ဆောင်ရန်မသိသည့်နည်းလမ်းများနှင့်နေရာများ၌ လုပ်ဆောင်ရန်ကြံရွယ်ချက်မရှိသေးသော လူတန်းစားအမျိုးမျိုးထံသို့ရောက်ရှိရန် သာသနာပြုစိတ်ဓာတ်ရှိရန်လိုအပ်သည်။ ဧဝံဂေလိတရားမျိုးစေ့ကြဲရန် ဘုရားသခင်၌အကြံအစည်ရှိတော်မူသည်။ ကိုယ်တော်၏အလိုတော်အတိုင်း မျိုးစေ့ကြဲရာတွင် သမ္မာတရားကိုဘယ်သောအခါမျှမကြားဘူးသေးသော လူထောင်ပေါင်းများစွာထံသို့ ကိုယ်တော်၏နှုတ်ကပတ်သတင်းစကားရောက်ရှိနိုင်ရန် ကျွန်ုပ်တို့သည် မျိုးစေ့ကိုတိုးပွားစေရမည်။ (9T, pp. 127-130).

ခရစ်တော်ကြွလာခြင်းအတွက် လူတို့သည် ပြင်ဆင်ထားနိုင်ရန်၊ ဘုရားသခင်သည် ရက်ရောစွာပေးတော်မူသောအလင်းတရားကိုကြားပြောရာတွင် ကျွန်ုပ်တို့အသင်းတော်၏အသင်းသူ/သားများနှင့်အတူတကွလုပ်ဆောင်ရန် ထောင်သောင်းကမ္ဘေသချေမကသော ကောင်းကင်တမန်တို့သည် စောင့်နေကြသည်။ (9T, p. 129).

ကျွန်ုပ်တို့၏နှမများ၊ လူငယ်များ၊ လူလတ်များနှင့်အသက်ကြီးသူတို့သည် ယခုအချိန်၏နောက်ဆုံးပိတ်အမှုတော်တွင် ပါဝင်နိုင်ကြသည်။ သူတို့၌အခွင့်အရေးရှိသကဲ့သို့ ဤအမှုတော်ကိုလုပ်ဆောင်ရာတွင် မိမိတို့၏အမြင့်ဆုံးသောတန်ဖိုး၏အတွေ့အကြုံကို ရရှိကြလိမ့်မည်။ မိမိကိုယ်ကိုမေ့နေခြင်းအားဖြင့် သူတို့သည် ကျေးဇူးတော်၌ကြီးထွားကြလိမ့်မည်။ (EV, p. 468).

–၀–

ပြေ (၇)

## "တစ်ဦးချင်းစီထံသို့သက်သေခံခြင်း"

**"ဘုရားသခင်၏သားတော်ကို ယုံကြည်သောသူအပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကိုရစေခြင်းငှာ ဘုရားသခင်သည် မိမိ၌တစ်ပါးတည်းသောသားတော်ကိုစွန့်တော်မူသည်တိုင်အောင် လောကီသားတို့ကိုချစ်တော်မူ၏" (ယောဟန် ၃း၁၆)။**

သူတို့သည် ဤကြီးမားသောကယ်တင်ခြင်းကို လျစ်လျူမရှုတော့မည်အကြောင်း၊ မိမိတို့၏အိမ်နီးချင်းများနှင့်အပေါင်းအသင်းတို့ကို အလင်းတရားပေးရန် ဘုရားသခင်ကိုချစ်သည်ဟုပြောဆိုသောသူအားလုံးတို့သည် အဘယ်ကြောင့်မကြိုးပမ်းနေကြသနည်း။ ခရစ်တော်သည် ရှက်ဖွယ်၊ ပြင်းစွာသောဝေဒနာကိုခံစားရင်း မိမိအသက်ကိုပေးတော်မူခြင်းဖြင့် ပျက်စီးသူတို့ကို ကယ်တင်ရန် မိမိ၏ကြီးမားသောကြိုးစားလုပ်ဆောင်မှုကို ပြသတော်မူခဲ့သည်။

ဘေးကြုံတွေ့နေသူတို့ကိုစကားပြောပါ။ အပြစ်လွှတ်ခြင်းတရားရရှိနိုင်ရန် အသေခံတော်မူသောလက်ဝါးကပ်တိုင်ပေါ်မှ ယေရှုကိုကြည့်ခိုင်းပါ။ သင့်ကိုယ်တိုင်စိတ်နှလုံးထဲမှစီးဆင်းလာသောသိမ်မွေ့ခြင်းနှင့် ခရစ်တော်ကိုချစ်သောစိတ်သဘောဖြင့် အပြစ်သားကိုစကားပြောပါ။ ယေရှုကိုကြည့်ပြီး အသက်ရှင်စေခြင်းငှာ လူကိုသွေးဆောင်ရန်ကြိုးစားနေသူသည် ကြမ်းတမ်း၊ ကျယ်လောင်သောစကားမျိုးကိုမပြောဘဲ၊ လေးနက်သောရိုးသားဖြောင့်မှန်ခြင်းရှိပါစေ။

ရှေးဦးစွာမိမိကိုယ်ကို ဘုရားသခင်ထံဆက်ကပ်ပါ။ သင်သည် ကောင်းကင်ဘုံက ကျွန်ုပ်တို့၏ကြားဖျန်ဖြေသူကိုကြည့်သောအခါ၊ သင့်စိတ်နှလုံးကြေကွဲပါစေ။ ထိုအခါနူးညံ့ပျော့ပျောင်းလာ၍၊ ရွှေးနုတ်သောချစ်ခြင်းမေတ္တာ၏တန်ခိုးကိုနားလည်သူတစ်ဦးအဖြစ် နောင်တရနေသောအပြစ်သားများကို သက်သေခံနိုင်မည်။ သူတို့နှင့်အတူဆုတောင်း၍၊ ယုံကြည်ခြင်းအားဖြင့် သူတို့ကိုလက်ဝါးကပ်တိုင်ခြေတော်ရင်းသို့ခေါ်ဆောင်ပါ။ သူတို့၏စိတ်ကို သင့်စိတ်ကဲ့သို့ဖြစ်စေလျက်၊ အပြစ်သယ်ဆောင်တော်မူသောယေရှုကိုကြည့်စေပါ။ သူတို့၏သနားဖွယ်အပြစ်ရှိသောသူတို့ထံမှ မျက်စိလွှဲ၍ ကယ်တင်ရှင်ကိုကြည့်စေပါ။ ထိုအခါအောင်မြင်ခြင်းရလိမ့်မည်။ သူတို့သည် လောက၏အပြစ်ကိုသယ်ဆောင်သော ဘုရားသခင်၏သိုးသငယ်ကို မိမိတို့အတွက်ကြည့်လျက်ရှိကြသည်။ သူတို့သည် လမ်းခရီး၊ သမ္မာတရားနှင့်အသက်ဖြစ်တော်မူသောသူကိုမြင်ကြသည်။ ဖြောင့်မတ်ခြင်းနေမင်းကြီးသည် သူတို့စိတ်နှလုံးထဲတွင် ရောင်ခြည်လွှတ်တော်မူသည်။ ရွေးနုတ်သောမေတ္တာ၏အားကြီးသောလှိုင်းလုံးများသည် ခြောက်သွေ့ဆာလောင်နေသောစိတ်ဝိညာဉ်ကို သွန်းလောင်းလျက်ရှိသည်။

အသေခံတော်မူသောသူအကြောင်းကိုပြောပါ၊ တောင်းလျှောက်ပါ၊ သီဆိုပါ။ ၎င်းသည် လူတို့စိတ်နှလုံးကိုအောင်နိုင်လိမ့်မည်။ ထုံးတမ်းစဉ်လာများ၊ စာပိုဒ်တိုများ၊ အကြောင်းအရာတစ်ခုကို ကျိုးကြောင်းဆင်ခြင်တင်ပြရုံမျှတို့သည် ကောင်းကျိုးအနည်းငယ်မျှသာဖြစ်ထွန်းစေသည်။ လုပ်ဆောင်သူတို့၏စိတ်နှလုံးကို ဘုရားသခင်၏ချစ်ခြင်းမေတ္တာသည် အရည်ပျော်စေမှသာ သူတို့လုပ်ဆောင်ပေးနေသူတို့က သူတို့ကိုအသိအမှတ်ပြုလိမ့်မည်။ လူတို့သည် အသက်စမ်းရေကိုငတ်နေကြသည်။ ခန်းခြောက်နေသောတွင်းရေမဖြစ်စေနှင့်။ အကယ်၍သင်သည် ခရစ်တော်၏မေတ္တာကိုသူတို့အားဖော်ပြလျှင် ဆာလောင်၊ ငတ်မွတ်နေသူတို့ကို ယေရှုထံတော်သို့ပို့ဆောင်နိုင်မည်ဖြစ်ကာ၊ ကိုယ်တော်သည် သူတို့အားအသက်မုန့်နှင့်ကယ်တင်ခြင်းစမ်းရေကိုပေးတော်မူမည်။ (6T, pp. 66, 67).

–၀–

ဧပြီ (၈)

## "သတိပေးသံပေးပါ"

**"ဇိအုန်တောင်ပေါ်မှာတံပိုးကိုမှုတ်ကြလော့။ သန့်ရှင်းသောငါ့တောင်ပေါ်မှာ သတိပေးသောအသံကိုပြုကြလော့။ ပြည်သူပြည်သားအပေါင်းတို့သည် တုန်လှုပ်ကြစေ။ အကြောင်းမူကား၊ ထာဝရဘုရား၏နေ့ရက်သည်လာ၍နီးပြီ" (ယောလ ၂း၁)။**

ကျွန်ုပ်တို့၏ထာဝရကောင်းစားရေးနှင့်သက်ဆိုင်သောအရာများကိုယခုပင်ကျွန်ုပ်တို့၏အာရုံကို ဆွဲဆောင်ထားနိုင်ရမည်။ ကောင်းကင်နှင့်သက်ဆိုင်သည့်အရာများကို ဒုတိယနေရာတွင်ထားရှိ၍မရပါ။ . . ဘုရားသခင်၏တရားစီရင်ခြင်းသည် နီးကပ်၍ရောက်ရှိလာပြီ။ "ထိုကြောင့်ပြင်ဆင်လျက်နေကြလော့။ အကြောင်းမူကား၊ သင်တို့မထင်မမှတ်သောအချိန်နာရီ၌ လူသားသည်ကြွလာလိမ့်မည်" ဟူသော လေးနက်သည့်သတိပေးချက်ကိုလည်းပေးနေသည်။

ယနေ့အတွက် သမ္မာတရား၏ဖြစ်ရပ်မှန်အဓိပ္ပါယ်ကိုအနည်းငယ်သာသိသောသူဟူ၍ ကျွန်ုပ်တို့အသင်းတော်ထဲတွင် မြောက်မြားစွာရှိနေသည်။ ထိုသူတို့ကိုကျွန်ုပ်တောင်းဆိုလိုသည်မှာ နောက်ဆုံးချိန်သည် နီးကပ်လျက်ရှိကြောင်းပြသသည့်နိမိတ်လက္ခဏာများ၏ပြည့်စုံခြင်းကို လျစ်လျူမရှုရန်ဖြစ်သည်။ "အသီးအနှံသိမ်းရာကာလလွန်ပြီ၊ နွေကာလရောက်ပြီ။ ငါတို့သည် ကယ်တင်ခြင်းသို့မရောက်ကြ" ဟု မကြာမီခါးသီးစွာငိုကြွေးမည့် မိမိဝိညာဉ်၏ကယ်တင်ခြင်းကို ကြိုးစားမရှာဖွေသူများစွာရှိကြသည်တကား။

ကျွန်ုပ်တို့သည် ကမ္ဘာ့သမိုင်း၏နိဂုံးပိုင်းတွင် ရောက်ရှိနေပြီဖြစ်သည်။ အနာဂတ္တိဟောကြားချက်များသည် လျင်မြန်စွာပြည့်စုံနေသည်။ ကရုဏာကာလသည် မြန်စွာကုန်လွန်နေသည်။ ကျွန်ုပ်တို့သည် တိုတောင်းသောကာလမျှပင် ဖြုန်း၍မရတော့ချေ။ ကျွန်ုပ်တို့သည် အိပ်နေသောကင်းစောင့်ကဲ့သို့လုပ်၍မရတော့ပါ။ "ငါ့အရှင်လာခဲလိမ့်မည်" ဟု နှုတ်အားဖြင့်လည်းကောင်း၊ အပြုအမူအားဖြင့်လည်းကောင်း မည်သူမျှမပြောပါစေနှင့်။ ခရစ်တော်မကြာမီကြွလာမည်ဟူသော လေးနက်သည့်သတိပေးစကားကိုပြောကြပါ။ နေရာတိုင်း၌ရှိကြသောယောကျ်ား၊ မိန်းမတို့ကိုနောင်တရရန်နှင့် ရောက်ရှိလာမည့်အမျက်တော်မှလွတ်မြောက်နိုင်ရန် သွေးဆောင်ကြပါစို့။ ချက်ချင်းပြင်ဆင်ခြင်းပြုနိုင်ရန် သူတို့ကိုနှိုးဆော်ကြပါစို့။ အကြောင်းမှာ ကျွန်ုပ်တို့ရှေ့၌ရှိသောအရာကိုကျွန်ုပ်တို့အနည်းငယ်သာသိကြသည်။ တရားဟောဆရာများနှင့်သာမန်အသင်းသူ/သားများတို့သည် မှည့်နေသောလယ်ကွင်းသို့သွားကြစေ။

သခင်ဘုရားသည် မကြာမီကြွလာတော့မည်ဖြစ်သောကြောင့်၊ ကိုယ်တော်ကိုအေးချမ်းစွာဖူးတွေ့နိုင်ရန် ကျွန်ုပ်တို့ပြင်ဆင်ထားရမည်။ ကျွန်ုပ်တို့ပတ်လည်ရှိလူတို့ထံ အလင်းတရားပေးရန်အတွက် ကျွန်ုပ်တို့၏စွမ်းအင်အားလုံးဖြင့်လုပ်ဆောင်ရန် စိတ်ပိုင်းဖြတ်ရမည်။ ကျွန်ုပ်တို့သည် ဝမ်းနည်းမနေဘဲ၊ ရွှင်လန်းရမည်။ ကျွန်ုပ်တို့သည် သခင်ယေရှုကိုကျွန်ုပ်တို့၏ရှေ့တွင်အမြဲထားရှိရမည်။ . . ကျွန်ုပ်တို့သည် ကိုယ်တော်ပေါ်ထွန်းခြင်းကို အသင့်အနေထားဖြင့်စောင့်နေကြရမည်။ ကိုယ်တော်ကိုမြင်ပြီး၊ ကိုယ်တော်၏ရွေးနုတ်ခံသူများအဖြစ် လိုက်လှဲစွာကြိုဆိုခံရမည်မှာ အလွန်ကြီးကျယ်ခမ်းနားပါသည်တကား။ ကျွန်ုပ်တို့သည် အချိန်ကြာမြင့်စွာစောင့်နေသော်လည်း၊ ကျွန်ုပ်တို့၏ယုံကြည်ခြင်းအားမနည်းသွားချေ။ အကယ်၍ ကျွန်ုပ်တို့သည် ဘုရင်မင်းကြီးကို သူ၏ဘုန်းများနှင့်မြင်တွေ့ခွင့်ရလျှင်၊ ထာဝရကောင်းချီးခံစားရသူများဖြစ်လိမ့်မည်။ "အိမ်ပြန်ပြီ" ဟုအော်ချင်စိတ်ပင်ပေါက်မိသည်။ သူတို့၏ထာဝရအိမ်တော်သို့ မိမိရွေးနုတ်ပြီးသောသူတို့ကိုခေါ်ဆောင်ရန် တန်ခိုးနှင့်ကြီးမားသောဘုန်းအသရေဖြင့် ခရစ်တော်ကြွလာမည့်အချိန်ကို ကျွန်ုပ်တို့ရောက်လုပြီဖြစ်သည်။ (RH, July 14, 1903).

–၀–

## ဧပြီ (၉)

## “ယနေ့အတွက်ဘုရားသခင်၏အထူးသတင်းစကား”

**“ညဥ့်အချိန်ကုန်လု၍ နေ့အချိန်ရောက်လုသောကြောင့်လည်းကောင်း၊ ယခုအခါအိပ်ပျော်ရာမှနိုးရသောအချိန်ရောက်ခဲ့ပြီဟု ငါတို့သည်သိ၍ ကာလအချိန်ကိုထောက်လျက်၊ မှောင်မိုက်၏အကျင့်ကိုပယ်ရှား၍ အလင်း၏လက်နက်စုံကို ဝတ်ဆင်ဆောင်ရွက်ကြကုန်အံ့” (ရောမ ၁၃း၁၂)။**

ယခုလိုအချိန်မျိုးတွင် ကျွန်ုပ်တို့၏ရှေ့တွင် ရည်မှန်းချက်တစ်ခုသာရှိရမည်။ ၎င်းမှာ လူတို့၏စိတ်နှလုံးထဲတွင် သမ္မာတရားကိုစိုက်ပျိုးရန် ဘုရားသခင်ပြင်ဆင်ထားသောနည်းလမ်းအားလုံးကို အသုံးပြုရန်ဖြစ်သည်။ . . . သမ္မာတရားသိသောဉာဏ်ပညာကျယ်ပြန့်စွာပျံ့နှံ့စေရန် ခရစ်ယာန်တိုင်းသည် မိမိ၏အစွမ်းဖြင့် အစွမ်းကုန်ကြိုးပမ်းရန်တာဝန်ရှိသည်။ (FE, p. 201).

ဖန်ဆင်းခြင်းနှင့်ရွေးနုတ်ခြင်းအားဖြင့် ပိုင်ဆိုင်တော်မူသောသူတို့သည် မိမိအသံတော်ကိုနားထောင်ရန်လည်းကောင်း၊ သူတို့အနားတွင်နေချင်သည့် ချစ်စရာ၊ နာခံတတ်သောကလေးများကဲ့သို့ မိမိစကားကိုနားထောင်ရန်လည်းကောင်း၊ သူတို့၌မိမိမျက်နှာတော်အလင်းရှိစေရန်လည်းကောင်း ဘုရားသခင်သည် ကြာမြင့်စွာစောင့်နေခဲ့ပြီး၊ ဆက်လက်စောင့်နေတော်မူသည်။ ကျွန်ုပ်တို့သည် တတိယကောင်းကင်တမန်၏သတင်းစကားကိုသယ်ဆောင်ကာ၊ သူတို့အားသားရဲနှင့် ၎င်း၏ရုပ်တုကိုးကွယ်ခြင်းကိုသတိပေးပြီး၊ “ဘုရားသခင်၏ပညတ်တို့ကိုလည်းကောင်း၊ ယေရှု၏ယုံကြည်ခြင်းကိုလည်းကောင်း စောင့်ရှောက်သောသန့်ရှင်းသူတို့” ၏အဆင့်အတန်း၌ရှိနေနိုင်ရန်ညွှန်ပြရမည်။ ဤသတင်းစကားသည် မည်သည့်အချိန်တွင်ပြီးဆုံးမည်၊ သို့တည်းမဟုတ် မည်သည့်



အချိန်တွင်ကရုဏာတံခါးပိတ်မည်ကို ဘုရားသခင်သည် ကျွန်ုပ်တို့အားမဖော်ပြချေ။ စောင့်မျှော်ရင်းလုပ်ဆောင်ရန်နှင့် ပျက်စီးတော့မည့်လူတို့၏အသက်ဝိညာဉ်များအတွက် အချိန်တိုင်းလုပ်ဆောင်ရန်မှာ ကျွန်ုပ်တို့၏တာဝန်ဖြစ်သည်။...

ယခုအချိန်သည်ပင် ကျွန်ုပ်တို့အတွက်စောင့်မျှော်ရင်း၊ လုပ်ဆောင်ရမည့်အချိန်ဖြစ်သည်။. . . အရာရာ၏ဆုံးခန်းသည်ရောက်လုပြီ။. . . ထာဝရဘုရား၏ဝိညာဉ်တော်သည် နှုတ်ကပတ်တော်၏သမ္မာတရားကိုယူဆောင်ကာ၊ ခရစ်တော်၏နောက်လိုက်တို့သည် သူတစ်ပါးကိုဝေငှနိုင်စေမည်။ သန့်ရှင်းမွန်မြတ်သောပျော်ရွှင်ခြင်းကိုပိုင်ဆိုင်နိုင်ရန် ၎င်းသမ္မာတရားကို သူတို့၏စိတ်ထဲတွင် တံဆိပ်ခတ်တော်မူသည်။

သမ္မာတရားကိုယုံကြည်သူတို့၏လက်တွေ့ဘုရားဝတ်၌မွေ့လျော်ခြင်းတွင်မြင်ရသကဲ့သို့ သာ၍နက်နဲ၊ အားကြီးပြီး၊ အတင်းအကျပ်ပြုသည့်သမ္မာတရား၏တန်ခိုးကို လိုအပ်လျက်ရှိသည်။ (RH, Oct. 9, 1894).

ကျွန်ုပ်တို့သည် စိတ်နှလုံးထဲတွင်စိုက်ပျိုးထားသည့် သမ္မာတရားရှိရန်နှင့်၊ ယေရှု၌ရှိသကဲ့သို့ ၎င်းကိုသူတစ်ပါးတို့အားသင်ပေးရမည်။ ကမ္ဘာကြီးသည် အလွန်အရေးကြီးသောကာလ၌ရှိနေသည်။ အကြောင်းမှာ လူတို့သည် မိမိတို့၏ထာဝရခရီးလမ်းဆုံးအတွက် ဆုံးဖြတ်နေချိန်ဖြစ်သည်။ စာတန်နှင့်သူ၏တမန်တို့သည် ဘုရားသခင်၏ပညတ်တော်ကို ပျက်ပြယ်စေရန် ပူးပေါင်းကြံစည်နေကြသည်။ ကမ္ဘာကိုဖုံးလွှမ်းသောမှောင်မိုက်သည် သာ၍နက်ရှိုင်းလာနေသည်။ သို့ရာတွင် ဘုရားသခင်နှင့်အတူ နှိမ့်ချစွာလျှောက်လှမ်းသူတို့အတွက်မူကား၊ ကြောက်စရာဘာမျှမရှိပါ။ (RH, Oct. 9, 1894).

–၀–

နေ့ (၁၀)

## “ဆုံးဖြတ်ရမည့်အချိန်”

**“အဘယ်မည်သောဘုရားတို့အားဝတ်ပြုမည်အရာကို ယနေ့ရွေးကြလော့” (ယောရှု ၂၄း၁၅)။**

ယနေ့ကမ္ဘာကြီးသည် ရှုးသွပ်နေသည်။ ရှုးသွပ်ခြင်းသည် ယောကျ်ားမိန်းမတို့အပေါ်သို့ကျရောက်ကာ၊ သူတို့သည် ထာဝရပျက်စီးခြင်းသို့အလျင်အမြန်သွားနေကြသည်။ စိတ်အလိုလိုက်ခြင်းမျိုးစုံသည်လွှမ်းမိုးကာ သတိပေး၊ ဖိတ်ခေါ်သံကိုနားမထောင်နိုင်လောက်အောင် လူတို့သည် မကောင်းမှုဖြင့်အလွန်မိုက်မဲလာစေမည်။

ထာဝရဘုရားသည်လူတို့အား “အဘယ်မည်သောဘုရားတို့အားဝတ်ပြုမည်အရာကို ယနေ့ရွေးကြလော့” ဟုမိန့်တော်မူသည်။ လူအားလုံးသည် မိမိတို့ခရီးလမ်းဆုံးအတွက် ယခုပင်ဆုံးဖြတ်နေကြသည်။ အချိန်၏လေးနက်မှုနှင့်လူတို့၏ကရုဏာကာလ၏အဆုံးရောက်လုကြောင်း သဘောပေါက်စေရန် လူတို့ကိုနိုးထစေရမည်။ ကမ္ဘာကုန်ဆုံးရန် ငါးနှစ် သို့မဟုတ် တစ်ဆယ်နှစ် သို့မဟုတ် အနှစ်နှစ်ဆယ်လိုသေးသည်ဟူသောသတင်းစကားမျိုးကို ဘုရားသခင်သည် လူတို့အားမပေးချေ။ မိမိပေါ်ထွန်းခြင်းအတွက် ပြင်ဆင်ခြင်းကြန့်ကြာခြင်းအတွက် ကိုယ်တော်သည် လူတို့အားခွင့်လွှတ်မည်မဟုတ်ပါ။ ကျွန်ဆိုးကဲ့သို့ “ငါ့အရှင်လာခဲလိမ့်မည်” ဟူ၍ တစ်စုံတစ်ဦး၏ပြောခြင်းမျိုးကို ကိုယ်တော်လက်မခံချေ။ အကြောင်းမှာ ဤအရာသည် ထိုနေ့ရက်ကြီးအတွက်ပြင်ဆင်ရန် ကျွန်ုပ်တို့အားပေးထားသောအခွင့်အရေးကို သတိမမူလျစ်လျူရှုစေနိုင်သောကြောင့်ဖြစ်သည်။ ဘုရားသခင်၏အစေခံတိုင်းသည် တစ်ရက်ချင်းစီသည် နောက်ဆုံးနေ့ဖြစ်နိုင်သည့်အလား ကိုယ်တော်၏ဝတ်ကိုပြုရန် ခေါ်တော်မူခြင်းခံရကြသည်။. . .





တန်ခိုးနှင့်ကြီးမားသောဘုန်းတော်ဖြင့် မိုးတိမ်၌လူသား၏ပေါ်ထွန်းတော်မူခြင်းအမြန်ရောက်လာမည့်အကြောင်းကိုပြောပါ။ ထိုနေ့ရက်ကြန့်ကြာမည်ဟုမဆိုနှင့်။. . .

အယောက်စီတိုင်းထမ်းရမည့် ကြီးမားသောဝန်ထုပ်ရှိနေသည်။ ကျွန်ုပ်၏အပြစ်များကိုခွင့်လွှတ်ပြီးပြီလား။ ဝန်ထုပ်သယ်ဆောင်ပေးသူခရစ်တော်သည် ကျွန်ုပ်၏အပြစ်များကိုသယ်ဆောင်သွားပြီလား။ ယေရှုခရစ်တော်၏ဖြောင့်မတ်ခြင်းအားဖြင့် စင်ကြယ်စေသည့် သန့်ရှင်းသောစိတ်နှလုံးကျွန်ုပ်ပိုင်ဆိုင်ပြီလား။ ခရစ်တော်၌ခိုလှုံမှုကိုမရှာသောသူတို့သည် အမင်္ဂလာရှိကြ၏။ မည်သည့်နည်းဖြင့်မဆို စိတ်ကိုအမှုတော်မှသွေဖည်၍၊ လူတစ်ဦးဦးကိုယခုအချိန်ထက်သာ၍ဖွဲ့လျှော့စေသောသူအားလုံး၌ အမင်္ဂလာရှိ၏။. . .

စိတ်ကိုသွေဖည်ခြင်းမရှိစေရမည့် ကြီးမားသောအလုပ်မှာ ဘုရားသခင်ရှေ့တော်၌ ကျွန်ုပ်တို့၏ကိုယ်တိုင်ရပ်တည်မှုကို ဆန်းစစ်ရန်ဖြစ်သည်။ ထာဝရကျောက်တော်အပေါ်၌ ကျွန်ုပ်တို့အခြေချပြီလား။ တစ်ခုတည်းသောခိုလှုံရာ၌ ကျွန်ုပ်တို့သည် မိမိတို့ကိုယ်ကိုဝှက်ထားပြီလား။ မုန်တိုင်းသည် ရောက်လာတော့မည်။ သနားခြင်းကင်းမဲ့စွာ ဒေါသဖြင့်ရောက်လာမည်။ ၎င်းကိုရင်ဆိုင်ရန် ကျွန်ုပ်တို့ပြင်ဆင်ထားပြီလား။ ခရစ်တော်သည် ခမည်းတော်နှင့်တစ်လုံးတစ်ဝတည်းဖြစ်သကဲ့သို့ ကျွန်ုပ်တို့သည် ကိုယ်တော်နှင့်တစ်လုံးတစ်ဝတည်းဖြစ်နေပါ၏လော။ ကျွန်ုပ်တို့သည် ဘုရားသခင်၏အစေခံများဖြစ်ပါသလား။ ခရစ်တော်နှင့်အတူအမွေခံများဖြစ်ပါသလား။. . .

ခရစ်တော်၏ဂုဏ်တော်သည် ကျွန်ုပ်တို့၏အကျင့်ဖြစ်စေရမည်။ ကျွန်ုပ်တို့၏စိတ်နှလုံးကို အသစ်ပြုပြင်ခြင်းအားဖြင့် ပြောင်းလဲသောသူဖြစ်ကြရမည်။ ဤနေရာ၌သာလုံခြုံမှုရှိသည်။ ရှင်သန်သောခရစ်ယာန်ကို ဘယ်အရာကမျှ ဘုရားသခင်နှင့်မခွဲခွာစေနိုင်ချေ။ (RH, Nov. 27, 1900).

–o–

## နေ့ (၁၁)

## "သူတစ်ပါးကိုကယ်တင်ရန်အသက်ရှင်ခြင်း"

**"ငါ၌ဆည်းကပ်လိုသောသူဖြစ်လျှင် ကိုယ်ကိုကိုယ်ငြင်းပယ်ရမည်။ ကိုယ်လက်ဝါးကပ်တိုင်ကိုနေ့တိုင်းထမ်း၍ ငါ့နောက်သို့လိုက်ရမည်" (လုကာ ၉း၂၃)။**

အကြီးမားဆုံးအတိုင်းအတာဖြင့် အခွင့်အရေးပေးခံရသောအပြစ်၊ ကျွန်ုပ်တို့ကိုဘုရားသခင်နှင့်ခွဲခွာစေသောအပြစ်၊ များစွာကူးစက်နေသောဝိညာဉ်ရေးဖရိုဖရဲဖြစ်စေသောအပြစ်မှာ တစ်ကိုယ်ကောင်းဆန်ခြင်းအပြစ်ဖြစ်သည်။ မိမိကိုယ်ကိုငြင်းပယ်ခြင်းမှတစ်ပါး ဘုရားသခင်ထံသို့လှည့်နိုင်မည့်လမ်းမရှိချေ။ ကျွန်ုပ်တို့သည် မိမိတို့ကိုယ်တိုင်ဘာမျှမပြုလုပ်နိုင်ချေ။ သို့ရာတွင် ကျွန်ုပ်တို့ကိုခွန်အားနှင့်ပြည့်စုံစေတော်မူသောဘုရားသခင်အားဖြင့် ကျွန်ုပ်တို့သည် သူတစ်ပါးကောင်းကျိုးအတွက်အသက်ရှင်နိုင်ကာ၊ ဤနည်းလမ်းအားဖြင့် မကောင်းမှုဟူသော တစ်ကိုယ်ကောင်းဆန်ခြင်းကို ရှောင်ရှားနိုင်သည်။ အသုံးဝင်ပြီး၊ ကိုယ်ကျိုးမဖက်သောအသက်တာဖြင့် အရာရာကိုဘုရားသခင်ထံဆက်ကပ်လိုသော ကျွန်ုပ်တို့၏ဆန္ဒကိုဖော်ပြရန် တိုင်းတစ်ပါးသို့သွားရန်မလိုအပ်ပါ။ ဤအရာကို မိသားစုထဲ၌လည်းကောင်း၊ အသင်းတော်ထဲ၌လည်းကောင်း၊ ကျွန်ုပ်တို့ပေါင်းဖော်သောသူတို့နှင့် စီးပွားရေးလုပ်ဖော်ဆောင်ဖက်တို့အကြား၌လည်းကောင်း လုပ်ဆောင်ရမည်။ သာမန်အသက်တာ၌မှန်ကန်မှုရှိခြင်းမှာ မိမိကိုယ်ကိုငြင်းပယ်ခြင်းနှင့်စိတ်နှိမ့်ချခြင်းတို့ဖြစ်သည်။

ပေါလုက "ငါသည်နေ့တိုင်းအသေခံရ၏" ဟုပြောဆိုနိုင်ခဲ့သည်။ ကျွန်ုပ်တို့အားအောင်နိုင်သူများဖြစ်စေသည်မှာ အသက်တာ၏သေးငယ်သောလုပ်ငန်းများ၌ နေ့စဉ်အသေခံခြင်းပင်ဖြစ်သည်။ သူတစ်ပါး၏ကောင်းကျိုးအတွက်လုပ်ဆောင်လိုရာ၌ မိမိကိုယ်ကိုမေ့လျော့နေရမည်။ လူများစွာတို့သည်



သူတစ်ပါးကိုချစ်သောမေတ္တာယတိပြတ်ကင်းမဲ့နေကြသည်။ မိမိတို့၏တာဝန်ကိုသစ္စာရှိရှိဆောင်ရွက်ရမည့်အစား၊ မိမိတို့၏ပျော်ရွှင်မှုကိုရှာဖွေနေကြသည်။

မိမိတို့၏ဉာဏ်နှင့်ငွေကြေးအားဖြင့် သူတစ်ပါးကိုကောင်းချီးပေးရန်နှင့် မိမိတို့၏ဩဇာအောက်အတွင်းရောက်ရှိလာသော သူတို့၏အတွေးအခေါ်များနှင့်ချစ်ခင်မှုကိုမြှင့်တင်ရန် မိမိတို့၏စွမ်းအားဖြင့်လုပ်ဆောင်စေနိုင်သောကိုယ်တော်၌ရှိသည့်ပညာကို ကြိုးစားရှာဖွေရန် ဘုရားသခင်သည် မိမိနောက်လိုက်အားလုံးအပေါ်တွင် အပြုသဘောဖြင့် ကျပ်တည်းစွာတာဝန်ပေးတော်မူသည်။ သူတစ်ပါးအတွက်လုပ်ဆောင်ရာ၌ ချိုမြိန်သောစိတ်ကျေနပ်မှုကိုခံစားရကာ၊ စိတ်နှလုံးငြိမ်သက်ခြင်းသည် လုံလောက်သောဆုလာဘ်ပင်ဖြစ်လိမ့်မည်။ သူတစ်ပါးကောင်းကျိုးကိုပြုရန် မြင့်မြတ်သောစိတ်ဆန္ဒအားဖြင့်လှုံ့ဆော်သောအခါ၊ အသက်တာ၏များမြောင်သောဝတ္တရားများ သစ္စာရှိရှိဆောင်ရွက်ခြင်း၌ သူတို့သည် စစ်မှန်သောပျော်ရွှင်မှုကိုရှာတွေ့လိမ့်မည်။ ဤအရာသည် လောကီဆုလာဘ်များထက်သာသောအရာကို ယူဆောင်လာပေးမည်။ အကြောင်းမှာ သစ္စာရှိရှိကိုယ်ကျိုးမဖက်သောတာဝန်ထမ်းရွက်ခြင်းမှန်သမျှကို ကောင်းကင်တမန်တို့သည်ဂရုပြုကာ၊ အသက်စာစောင်တွင် ၎င်းသည်တောက်ပနေသည်။

ကောင်းကင်နိုင်ငံတွင် မည်သူမျှမိမိကိုယ်ကိုမတွေးတော၊ မိမိတို့၏ပျော်ရွှင်မှုကိုလည်းမရှာကြချေ။ သို့ရာတွင် အားလုံးသောသူတို့သည် ဖြူစင်စစ်မှန်သောမေတ္တာဖြင့် မိမိပတ်လည်ရှိ ကောင်းကင်သားတို့၏ပျော်ရွှင်မှုကိုရှာကြလိမ့်မည်။ ဖန်ဆင်းမည့်ကမ္ဘာသစ်တွင် ကျွန်ုပ်တို့သည် ကောင်းကင်သားများနှင့်ပျော်ရွှင်လိုလျှင်၊ ဤကမ္ဘာတွင်ကောင်းကင်စည်းမျဉ်းများသည် ကျွန်ုပ်တို့အားထိန်းကြောင်းရမည်။ (2T, pp. 132,133).

ကျွန်ုပ်တို့ကမ္ဘာပေါ်တွင်လုပ်ဆောင်နိုင်သော အကြီးမားဆုံးအလုပ်မှာ ခရစ်တော်၏အကျင့်စာရိတ္တနှင့်အသက်ရှင်ခြင်းအားဖြင့် ဘုရားသခင်၏ဘုန်းတော်ကို ထင်ရှားစေခြင်းဖြစ်သည်။ (6T, p. 439).

–၀–

## "အသက်ရှင်ခြင်းလမ်း"

**"ကျဉ်းသောတံခါးကိုဝင်ကြလော့။ ပျက်စီးခြင်းသို့ရောက်သောလမ်းနှင့်တံခါးသည် ကျယ်ဝန်းသည်ဖြစ်၍၊ ဝင်သောသူတို့သည်များကြ၏။ အသက်ရှင်ခြင်းသို့ရောက်သောလမ်းနှင့်တံခါးသည် အလွန်ကျဉ်းမြောင်းသည်ဖြစ်၍၊ တွေ့ဝင်သောသူတို့သည်နည်းကြ၏" (မဿဲ ၇း၁၃၊၁၄)။**

ခြေလှမ်းတိုင်းသည် မိမိကိုယ်ကိုငြင်းပယ်ခြင်း မည်သောလမ်းကျဉ်းထဲသို့ဝင်ရန် ခရစ်တော်သည် ကျွန်ုပ်တို့အားတိုက်တွန်းတော်မူသည်။ ထာဝရသမ္မာတရား၏စင်မြင့်ပေါ်တွင်ရပ်ကာ၊ သန့်ရှင်းသူတို့အား တစ်ချိန်ကပေးခဲ့သောယုံကြည်ခြင်းကို အလေးအနက်ထားပြီးယှဉ်ပြိုင်ရန် ကိုယ်တော်သည် ကျွန်ုပ်တို့အားတွန်းအားပေးတော်မူသည်။ . . .

အထက်မှလာသောအာဏာစက်၊ တန်ခိုးနှင့်ဝိညာဉ်ဆိုးတို့သည် သမ္မာတရားကိုအလုံးစုံတိုက်ခိုက်ပြီး၊ စာတန်၏လှည့်ဖြားခြင်းတန်ခိုးသည် အလွန်ကြီးမား၍ ရွေးချယ်သောသူတို့ကိုပင် ဖြစ်နိုင်လျှင်လှည့်ဖြားမည့်အချိန်ရောက်လာသောအခါ၊ ကျွန်ုပ်တို့သည် စာတန်၏နည်းပရိယာယ်များကို မသိကျိုးကျွန်မပြုမိစေခြင်းငှာ ဘုရားသခင်၏အလင်းတရားအားဖြင့် ကျွန်ုပ်တို့၏အမှားအမှန်ပိုင်းခြားနိုင်သောအစွမ်းကို ထက်မြက်စေရမည်။ . . ကျွန်ုပ်တို့၏အလုပ်သည် ခမ်းနားကြီးကျယ်စွာအောင်မြင်နိုင်ရန် ဘုရားသခင်သည် သန့်ရှင်းသောကောင်းကင်တမန်တို့ကို ကျွန်ုပ်တို့နှင့်အတူ ပူးပေါင်းဆောင်ရွက်စေသည်။ သို့ရာတွင် သီးခြားလုပ်ဆောင်ခြင်းဖြင့် အောင်မြင်မှုရလိမ့်မည်မဟုတ်ပါ။ အသင်းသူ/သားအားလုံး၏ပေါင်းစည်းသောအရှိန်အဝါလိုအပ်သည်။



ယနေ့အသင်းတော်သည် ဧနောက်ကဲ့သို့ဘုရားသခင်နှင့်အတူလမ်းလျှောက်ပြီး၊ ကမ္ဘာအားခရစ်တော်ကိုဖော်ပြမည့်လူများ လိုအပ်လျက်ရှိသည်။ အသင်းသူ/သားတို့သည် သာ၍မြင့်မားသောစံချိန်သို့ရောက်ရှိရန်လိုအပ်သည်။ "ငါသည်ကိုယ်တိုင်မရှင်၊ ခရစ်တော်သည်ငါ၌ရှင်တော်မူ၏။ ကိုယ်ခန္ဓာ၌ယခုငါအသက်ရှင်သောအသက်သည် ဘုရားသခင်၏သားတော်ကိုယုံကြည်ခြင်းအားဖြင့်တည်၏။ သားတော်သည် ငါ့ကိုချစ်၍ငါ့အဖို့ကိုယ်ကိုကိုယ်စွန့်တော်မူ၏" ဟူသောကျမ်းပိုဒ်ကို မိမိတို့အသက်တာတွင်ပြည့်စုံစေပြီး၊ မိမိကိုယ်ကိုငြင်းပယ်သောသူတို့ကိုဆက်သွယ်ရန် ကောင်းကင်တမန်တို့သည် စောင့်နေကြသည်။ အသင်းတော်သည် ၎င်း၏အလင်းကိုကမ္ဘာသို့ ရှင်းလင်းပြတ်သားသောရောင်ခြည်ဖြင့်ထွန်းလင်းစေမည့် ထိုသို့သောယောကျ်ားမိန်းမတို့ဖြင့်ဖွဲ့စည်းရမည်။ ဖြောင့်မတ်ခြင်းနေမင်းကြီးကိုကြည့်ရာတွင် ကျွန်ုပ်တို့၏မြင်ကွင်းကို ကိုယ်ကျိုးရှာခြင်းက ကွယ်ထားလျက်ရှိသည်။ မိမိစိတ်အလိုလိုက်ခြင်းဖြင့် စာတန်၏ချုပ်ထိန်းမှုအောက်သို့ရောက်သွားသောသူများစွာတို့ကြောင့် ခရစ်တော်သည် ထပ်မံအသေခံရသည်။

ကောင်းကင်နိုင်ငံကိုထိန်းချုပ်ထားသောပညတ်ချက်များအပေါ် သစ္စာရှိမရှိသိမြင်နိုင်ရန် လူအားလုံးကိုစမ်းသပ်၊ စစ်ဆေးရမည်မှာ ဘုရားသခင်၏ရည်ရွယ်ချက်ဖြစ်သည်။ နောက်ဆုံးတွင် ဘုရားသခင်သည်စာတန်အားသူ့ကိုယ်သူလိမ်လည်သူ၊ အပြစ်တင်သူ၊ လူသတ်သမားအဖြစ်ဖော်ပြရန်ခွင့်ပြုတော်မူသည်။ ထို့ကြောင့် ကိုယ်တော့်လူတို့၏နောက်ဆုံးအောင်မြင်ခြင်းသည် သာ၍ထင်ရှား၊ ကြီးကျယ်ကာ သာ၍ပြည့်ဝစုံလင်လျက်ရှိသည်။ (RH, Dec. 4, 1900).

-၀-

ဧပြီ (၁၃)

## “ခရစ်တော်နှင့်အတူပူးပေါင်းလုပ်ဆောင်ခြင်း”

**“ငါသည်စပျစ်နွယ်ပင်ဖြစ်၏။ သင်တို့သည်အခက်များဖြစ်ကြ၏။ အကြင်သူသည်ငါ၌တည်၍ ငါသည်လည်းသူ၌တည်၏။ ထိုသူသည် များစွာသောအသီးကိုသီးတတ်၏။ ငါနှင့်ကွာလျှင် သင်တို့သည် အဘယ်အမှုကိုမျှမတတ်နိုင်ကြ” (ယောဟန် ၁၅:၅)။**

အဆုံးသည်ရောက်လုပြီ။ ကျန်ရှိနေသောအရာများကို စနစ်တကျစီစဉ်ရန် ဘုရားသခင်သည် အသင်းတော်ကိုတိုက်တွန်းတော်မူသည်။ ဘုရားသခင်နှင့်အတူလုပ်ဆောင်သူတို့၊ တစ်ပါးသူတို့ကို သင်တို့နှင့်အတူနိုင်ငံတော်ထဲသို့ ခေါ်ဆောင်ရန် ထာဝရဘုရားသည် သင်တို့ကိုလုပ်ပိုင်ခွင့်ပေးအပ်လျက်ရှိသည်။ သင်တို့သည် ဘုရားသခင်၏သက်ရှိကိုယ်စားလှယ်များ၊ ကမ္ဘာအတွက်အလင်းတရား၏လမ်းကြောင်းဖြစ်ကြကာ၊ သင်တို့ပတ်လည်တွင် ကောင်းကင်တမန်တို့သည် ခရစ်တော်၏စေခိုင်းချက်ဖြင့် ဝိညာဉ်ကယ်တင်ရေးအတွက်လုပ်ဆောင်ရာတွင် သင်တို့အားထောက်မရန်၊ ခွန်အားပေးရန်နှင့်အားပေးထောက်ခံရန်ရှိနေကြသည်။. . .

လောကအရာမှခွဲထွက်၍ကွဲပြားစွာရပ်တည်နေပါ။ လောက၌နေသော်လည်း လောကကဲ့သို့မကျင့်၊ ဖြောင့်မတ်ခြင်းနေမင်း၏တောက်ပသောရောင်ခြည်ကိုရောင်ပြန်ဟပ်ပြီး စင်ကြယ်သန့်ရှင်းကာညစ်ပေခြင်းမရှိဘဲ ယုံကြည်ခြင်းဖြင့်ကမ္ဘာ့လမ်းမကြီးတစ်လျှောက်ထဲသို့ အလင်းတရားကို သယ်ဆောင်ပါ။

ထာဝရမနောက်ကျလွန်းမီ အသင်းတော်များနိုးထကြစေ။ အသင်းသူ၊ အသင်းသားတိုင်းသည် တစ်ဦးချင်းအလုပ်ကိုဆောင်ရွက်ကာ၊ ခေါ်တော်မူသောထာဝရဘုရား၏နာမတော်ကို သက်သေခံကြပါစေ။ စုံလင်သောယုံကြည်ခြင်းနှင့်



ဝိရိယရှိသောဘုရားတရားကြည်ညိုခြင်းတို့သည် ပျင်းရိခြင်းနှင့်မယုံကြည်မှုတို့ကို အစားထိုးကြစေ။ ယုံကြည်ခြင်းသည် ခရစ်တော်အပေါ်စွဲမြဲသောအခါ၊ သမ္မာတရားသည် စိတ်ဝိညာဉ်တွင်နှစ်သက်အားရမှုကိုယူဆောင်လာကာ၊ ဘာသာရေးလုပ်ဆောင်ရာတွင် ပျင်းရိခြင်းနှင့်စိတ်မဝင်စားမှုများပျောက်ကွယ်သွားလိမ့်မည်။. . . သင်ယုံကြည်သောခရစ်ယာန်ဘာသာကို ကျင့်သုံးသောအခါ နေ့စဉ်သာ၍ကြွယ်ဝသောအတွေ့အကြုံကိုပိုင်ဆိုင်လာလိမ့်မည်။ အပြစ်သားများလည်း ပြောင်းလဲကြလိမ့်မည်။. . .

မိမိတို့၏ယုံကြည်ခြင်းသည် အသက်ရှင်ကြောင်း၊ ကမ္ဘာကြီးရှေ့တွင် အရေးတကြီးအရေးများရှိနေကြောင်း၊ ယေရှုသည် မကြာမီကြွလာတော့မည်ဖြစ်ကြောင်းတို့ကို လူတိုင်းသည် လောကသားများကိုနှိုးဆွဖော်ပြစေချင်လှသည်တကား။ ကျွန်ုပ်တို့သည် ထာဝရနိုင်ငံတော်၏နယ်စပ်၌ရောက်ရှိနေပြီဖြစ်ကြောင်းကို ကျွန်ုပ်တို့ယုံကြည်ကြောင်း လူတို့အားမြင်တွေ့စေပါ။

ဘုရားသခင်၏နိုင်ငံတော်တည်ထောင်ခြင်းသည် လူသားတို့၏သစ္စာမရှိခြင်း သို့မဟုတ် သစ္စာရှိခြင်းရှိသည့်အတိုင်း ကြန့်ကြာနိုင်သလို၊ ရှေ့သို့တိုးတက်နိုင်ပေသည်။ လူတို့သည် ဘုရားသခင်နှင့်အတူပူးပေါင်းလုပ်ဆောင်ခြင်းမရှိသောကြောင့် အမှုတော်သည် နှောင့်နှေးခဲ့ရသည်။ လူတို့သည် “နိုင်ငံတော်တည်ထောင်ပါစေ၊ အလိုတော်သည်ကောင်းကင်ဘုံ၌ပြည့်စုံသကဲ့သို့ မြေကြီးပေါ်မှာပြည့်စုံပါစေ” ဟုဆုတောင်းကြသည်။ သို့သော်သူတို့သည် တောင်းသည့်အတိုင်းမကျင့်လျှင်၊ သူတို့၏ဆုတောင်းချက်များသည် အချည်းနှီးပင်ဖြစ်လိမ့်မည်။ သို့ရာတွင်သင်သည် အားနည်း၊ မှားယွင်း၊ အပြစ်ရှိနေနိုင်သော်လည်း ထာဝရဘုရားသည် မိမိနှင့်အတူလုပ်ဆောင်ရန် ကမ်းလှမ်းတော်မူသည်။ မိမိ၏ညွှန်ကြားချက်ကိုနာခံရန် ကိုယ်တော်ဖိတ်ခေါ်တော်မူသည်။ ခရစ်တော်နှင့်ပေါင်းစည်းခြင်းအားဖြင့် သင်သည် ဘုရားသခင်၏အမှုတော်ကိုထမ်းဆောင်နိုင်လိမ့်မည်။ “ငါနှင့်ကွာလျှင် သင်တို့သည်အဘယ်အမှုကိုမျှမတတ်နိုင်ကြ” ဟု ခရစ်တော်မိန့်တော်မူသည်။ (6T, pp. 436-438).

–o–

## ဧပြီ (၁၄)

# "ကယ်တင်ရှင်၏ကိုယ်စားလှယ်များ"

**"သာသနာပလူတို့သည် သင်တို့ကိုကဲ့ရဲ့ပြစ်တင်ကြသည်အမှုမှာ ဘုရားသခင်ကြည့်ရှုစီရင်တော်မူသောနေ့ရက်၌၊ သင်တို့၏ကောင်းသောအကျင့်ကို သူတို့သည်ထောက်ရှု၍ ဘုရားသခင်ကိုချီးမွမ်းမည်အကြောင်း၊ သူတို့ရှေ့၌တင့်တယ်လျောက်ပတ်စွာကျင့်နေကြလော့" (၁ပေ ၂း၁၂)။**

ခရစ်တော်၏နာမကိုဆောင်သောသူတို့သည် မိမိကိုကိုယ်စားပြုရန် ဘုရားသခင်မျှော်လင့်တော်မူသည်။ . . သူတို့သည် စင်ကြယ်၊ ဖြူစင်၊ သန့်ရှင်းသူများဖြစ်ရမည်ဖြစ်ကာ မိမိနှင့်ဆုံတွေ့သောသူအားလုံးထံ အလင်းတရားကိုပြောပြရမည်။ . .

ခရစ်တော်၏နောက်လိုက်များသည် စည်းမျဉ်းများနှင့်စိတ်ဝင်စားမှုများတွင် လောကနှင့်ခြားနားရမည်ဖြစ်သည်။ သို့သော် သူတို့သည် မိမိတို့ကိုယ်ကိုလောကနှင့်သီးခြားခွဲမနေရပါ။ ကယ်တင်ရှင်သည် လူတို့နှင့်အစဉ်ရောနှောနေကာ၊ ဘုရားသခင်၏အလိုတော်နှင့်ကိုက်ညီခြင်းမရှိသောအရာမှန်သမျှကို အားမပေးဘဲ၊ သူတို့ကိုချီးမြှောက်ပြီးမြင့်မြတ်စေတော်မူသည်။ "သမ္မာတရားအားဖြင့် သူတို့ကိုသန့်ရှင်းစေမည်အကြောင်း အကျွန်ုပ်သည် သူတို့အဖို့အလိုငှာ ကိုယ်ကိုသန့်ရှင်းစေပါ၏" ဟု ကိုယ်တော်မိန့်တော်မူသည်။ ယောဟန် ၁၇း၁၉။ ဘုရားသခင်မေတ္တာ၏အရသာသည် ဆားကဲ့သို့လောကကြီးကိုမပျက်စီးအောင်ထိန်းသိမ်းရန် ခရစ်ယာန်တို့သည် လူတို့ကြားတွင်နေနေကြရမည်။ . .



သာ၍မြင့်မား၊ စင်ကြယ်၊ မြင့်မြတ်သောအသက်တာ၏တန်ခိုးသည် ကျွန်ုပ်တို့၏ကြီးမားသောလိုအပ်ချက်ဖြစ်သည်။ ခရစ်ယာန်အမည်ခံတို့သည် မည်သည့်အသီးသီးမည်ကို လောကသည် စောင့်ကြည့်နေသည်။ . . . သမ္မာကျမ်းစာ၏သွန်သင်ချက်များကို နှစ်လိုဖွယ် သို့မဟုတ် မနှစ်မြို့ဖွယ် အဖြစ်ယူဆချက်ကို လူတို့၏စိတ်ထဲတွင်အစဉ်ဖြစ်နေသည်။

ဘုရားသခင်နှင့်ကောင်းကင်တမန်တို့သည် စောင့်ကြည့်နေကြသည်။ မိမိတို့အသက်တာအားဖြင့် လောကီဆန်ခြင်းထက် ခရစ်ယာန်အသက်တာ၏ အကျိုးကျေးဇူးကိုပြသရန်၊ သူတို့သည်မြင်ပြီး သန့်ရှင်းသောအရပ်၌အမှုဆောင်ရွက်နေသည်ကိုပြသရန် ဘုရားသခင်သည် မိမိလူတို့အားအလိုရှိတော်မူသည်။ သူတို့ရရှိခဲ့သောသမ္မာတရားက သူတို့အားကောင်းကင်ဘုံရှင်ဘုရင်၏သားသမီးများဖြစ်စေကြောင်းကိုပြသရန်လည်း ကိုယ်တော်သည်သူတို့အားမြင်စေချင်တော်မူသည်။ ကိုယ်တော်သည် သူတို့အားမိမိ၏အကန့်အသတ်မရှိသောမေတ္တာနှင့်ကရုဏာသွန်းလောင်းရာလမ်းကြောင်း ဖြစ်စေလိုတော်မူသည်။

ခရစ်တော်သည် မိမိအသင်းတော်တွင် မိမိကိုယ်ကိုဖော်ပြလိုသောဆန္ဒဖြင့် စောင့်နေတော်မူသည်။ ကယ်တင်ရှင်၏အကျင့်စာရိတ္တတို့သည် မိမိလူတို့တွင်ပြည့်စုံစွာပွားများလာသောအခါ၊ ကိုယ်တော်သည် မိမိလူတို့ကိုသိမ်းယူရန်ကြွလာလိမ့်မည်။ စောင့်မျှော်နေခြင်းသာမဟုတ်ဘဲ၊ ကျွန်ုပ်တို့သခင်ဘုရား၏ကြွလာခြင်းကိုလျင်မြန်စေရန်မှာ ခရစ်ယာန်တိုင်း၏အခွင့်အရေးပင်ဖြစ်သည်။ ကိုယ်တော်၏နာမတော်ကိုခံယူသူအားလုံးသည် ကိုယ်တော်၏ဘုန်းအသရေအတွက် အသီးသီးကြမည်ဆိုလျှင်၊ ကမ္ဘာတစ်ခုလုံးသို့ ဧဝံဂေလိတရားမျိုးစေ့ကို လျင်မြန်စွာကြဲပြီးဖြစ်လိမ့်မည်။ နောက်ဆုံးသောကြီးမားသည့်ကောက်နှံများသည် အလျင်အမြန်မှည့်ကာ ခရစ်တော်သည်ကြွလာလိမ့်မည်။ (CT, pp. 322-324).

–၀–

ပေ့ါ (၁၅)

## “ကမ္ဘာကအသိအမှတ်ပြုလာမည့်အကျင့်စာရိတ္တ”

**“သို့ပြုလျှင် အပြစ်တင်ခွင့်မရှိ၊ အဘယ်သူကိုမျှမပြစ်မှားဘဲနေ၍၊ မဖြောင့်မမှန်ဖောက်ပြန်သောလူမျိုးအထဲ၌ အဘယ်အပြစ်မျှမပါသော ဘုရားသခင်၏သားဖြစ်ကြလိမ့်မည်။ အသက်ရှင်ခြင်းနှင့်ဆိုင်သော နှုတ်ကပတ်တရားတော်ကိုပြသ၍၊. . . ထိုလူမျိုးအထဲ၌ထွန်းလင်းကြ၏” (ဖိလိပ္ပိ ၂း၁၅၊၁၆)။**

မိမိနိုင်ငံတော်၏စည်းမျဉ်းများကို မိမိလူတို့မှတစ်ဆင့်ဖော်ပြရန်မှာ ဘုရားသခင်၏ရည်ရွယ်ချက်ဖြစ်သည်။ အသက်တာနှင့်အကျင့်အားဖြင့် သူတို့သည် ဤစည်းမျဉ်းများကိုဖော်ပြနိုင်သည်။ ကိုယ်တော်သည် သူတို့အားလောက၏ဓလေ့၊ ကျင့်စဉ်များမှခွဲထုတ်လိုတော်မူသည်။ . . . မိမိအသင်းတော်ထဲ၌ဖော်ပြသည့် ဘုရားသခင်၏ကောင်းမြတ်ခြင်း၊ သနားခြင်းကရုဏာ၊ တရားမျှတခြင်းနှင့်ချစ်ခြင်းမေတ္တာတို့ကိုကြည့်ခြင်းအားဖြင့် ကမ္ဘာကြီးသည် ကိုယ်တော်၏ဂုဏ်တော်ကို ကိုယ်စားပြုသူရှိရမည်ဖြစ်သည်။ ထိုအခါဘုရားသခင်၏ပညတ်တော်ကို အသက်တာတွင်စံနမူနာပြသောအခါ၊ လောကသားတို့ပင်လျှင် ဘုရားသခင်ကိုချစ်၊ ကြောက်၊ ကိုးကွယ်သူတို့သည် အခြားလောကီသားများထက်သာလွန်ကြောင်းကို အသိအမှတ်ပြုကြလိမ့်မည်။

လူအားလုံးထဲကမှ၊ ခရစ်တော်ကိုမြော်လင့်သောသတ္တမနေ့အသင်းသူ၊ အသင်းသားတို့သည် စိတ်နှလုံးနှင့်အပြောအဆိုများတွင် ဘုရားတရားကိုင်းရှိုင်းပြီး သန့်ရှင်းသောပုံစံနမူနာများဖြစ်ကြရမည်။ သေမျိုးတို့ထံအပ်ပေးသမျှထဲက အလေးနက်ဆုံးသောသမ္မာတရားများကို သူတို့အားအပ်နှံထားပြီးဖြစ်သည်။ ကျေးဇူးတော်၊ တန်ခိုးနှင့်အကျိုးဖြစ်ထွန်းခြင်းများကို ရက်ရက်ရောရောပြင်ဆင်



ထားပြီးဖြစ်သည်။ သူတို့သည် မကြာမီမိုးတိမ်နှင့်တကွကြွလာမည့်ခရစ်တော်ကို စောင့်မျှော်နေကြသည်။ သူတို့၏အသက်တာတွင် သူတို့၏ယုံကြည်ခြင်းသည်မအုပ်စိုးပါ ဟူသောထင်မြင်ယူဆချက်ကိုပေးမည်ဆိုလျှင် ၎င်းသည် ဘုရားသခင်ကိုကြီးမားစွာရှုတ်ချရာရောက်ပေလိမ့်မည်။

စာတန်၏စုံစမ်းခြင်းတန်ခိုးကြီးထွားလာသောကြောင့် ကျွန်ုပ်တို့နေထိုင်သောအချိန်ကာလသည် ဘုရားသခင်၏သားသမီးများအတွက် ဒုက္ခနှင့်ပြည့်နေသည်။ ထို့ကြောင့် ခြေလှမ်းတိုင်းသည် သေချာမှုနှင့်ဖြောင့်မှန်ခြင်းရှိစေရန် ကျွန်ုပ်တို့သည် ကြီးမြတ်တော်မူသောဆရာကြီးထံတွင် အစဉ်အမြဲသင်ယူရမည်။ အံ့ဖွယ်ဖြစ်ရပ်များသည် ကျွန်ုပ်တို့ရှေ့တွင်ရှိသည်။ အသက်ရှင်သောသက်သေခံချက်များသည် ဘုရားသခင့်လူတို့၏အသက်တာတွင်ရှိနေရန်ဖြစ်သည်။ သို့မှသာ လောကသားတို့သည် ယခုခေတ်နေရာတကာ၌ မကောင်းမှုကြီးစိုးသောအချိန်တွင် မိမိတို့၏အလိုကိုဘေးဖယ်ပြီး၊ ဘုရားသခင်၏အလိုကိုရှာဖွေကာ၊ သူတို့၏စိတ်နှလုံးနှင့်အသက်တာတွင် ဘုရားသခင်၏ပညတ်တော်ရေးသားသောလူတို့ရှိနေသေးကြောင်းကို မြင်နိုင်ကြလိမ့်မည်။. .

သူတို့၏အတွေးများသည်စင်ကြယ်ကာ၊ သူတို့၏စကားများသည်လည်း မြင့်မြတ်ပြီးမြှင့်တင်ပေးသောစကားဖြစ်ရမည်။ ခရစ်တော်၏ဘာသာတရားသည် သူတို့အပြုအမူ၊ အပြောအဆိုအားလုံးနှင့် ရောယှက်နေရမည်။ သူတို့သည် စင်ကြယ်၊ ဖြူစင်ပြီး သန့်ရှင်းသူများဖြစ်ကာ၊ သူတို့၏ထိတွေ့သောသူအားလုံးကို အလင်းတရားပြောကြားရမည်။ သူတို့၏အသက်တာတွင် သမ္မာတရားကိုပုံနမူနာအားဖြင့် သူတို့သည် ကမ္ဘာပေါ်တွင်ချီးမွမ်းထိုက်သူများဖြစ်ရန်မှာ ဘုရားသခင်၏ရည်ရွယ်ချက်ဖြစ်သည်။ ဤအရာဖြစ်လာစေရန် ခရစ်တော်၏ကျေးဇူးတော်သည် လုံလောက်ပေသည်။ (CT, pp. 321,322).

–၀–

## နေ့ (၁၆)

# “လောကသားတို့လိုအပ်သောသက်သေခံချက်”

**“သင်တို့သည် ငါတို့စိတ်နှလုံးပေါ်၌ရေးထားသောစာ၊ လူအပေါင်းတို့သိ၍ ဖတ်တတ်သောငါတို့စာပင်ဖြစ်ကြသတည်း” (၂ကော ၃း၂)။**

ခရစ်တော်၏ချစ်ခြင်းမေတ္တာကိန်းအောင်းသည့် ပြောင်းလဲသောအသက်တာသည် ဤလောကအတွက်သက်သေဖြစ်ရမည်။ ကျေးဇူးတော်၏ကယ်တင်သောတန်ခိုးသည် အကျင့်ပျက်နေသူတို့အပေါ်အလုပ်လုပ်ကာ၊ သူတို့ကိုအဆများစွာသီးပွင့်ခြင်း၌ တိုးတက်စေနိုင်ကြောင်းကို မိမိလူတို့သည်ပြသရန် ထာဝရဘုရားမျှော်လင့်တော်မူသည်။

သို့ရာတွင် ဘုရားသခင်၏ရည်ရွယ်ချက်ကိုပြည့်စုံစေရန် ပြင်ဆင်မှုလုပ်ဆောင်ရပါမည်။ ဘုရားနှင့်ကင်းကွာစေခြင်း၏အရင်းအမြစ်ဖြစ်သောတစ်ကိုယ်ကောင်းဆန်သည့်စိတ်နှလုံးကိုရှင်းသွားစေရန် ဘုရားသခင်အလိုရှိတော်မူသည်။ ကိုယ်တော်သည် ကျွန်ုပ်တို့အားသန့်ရှင်းသောဝိညာဉ်တော်ကိုများစွာသွန်းလောင်းပေးရန်အလိုရှိကာ၊ မိမိကိုယ်ကိုငြင်းပယ်ခြင်းဖြင့် ၎င်းအတွက်လမ်းရှင်းပေးရန်တောင်းဆိုတော်မူသည်။ မိမိကိုယ်ကိုဘုရားသခင်ထံအပ်နှံသောအခါ အခြားသူတို့ကိုချဉ်းကပ်ရာလမ်းတွင်ချထားသည့် ခရစ်တော်မဆန်သောခလုတ်တံသင်းများကိုမြင်နိုင်ရန် ကျွန်ုပ်တို့မျက်စိပွင့်လာမည်။ ကိုယ်တော်က “အချင်းချင်းတစ်ယောက်နှင့်တစ်ယောက် ကိုယ်အပြစ်ကိုဖော်ပြတောင်းပန်ကြလော့။ ချမ်းသာရမည်အကြောင်း အချင်းချင်းတို့အဖို့ဆုတောင်းကြလော့” ဟုမိန့်တော်မူသည်။ ယာကုပ် ၅း၁၆။ ထိုအခါ မိမိအပြစ်ကိုဝန်ချတောင်းပန်ပြီးနောက်၊ ဒါဝိဒ်ရရှိသောအာမခံချက်ကို ကျွန်ုပ်တို့ရရှိနိုင်မည်။ “ကယ်တင်တော်မူခြင်းနှင့်ယှဉ်သော ဝမ်းမြောက်ခြင်းအခွင့်ကို ပြန်၍ပေးသနားတော်မူပါ။ ကြည်ညိုသောစေတနာစိတ်သဘောသည် အကျွန်ုပ်ကိုထောက်မပါစေသော။ အကျွန်ုပ်သည်လည်း မတရားသောသူတို့အား တရားတော်လမ်းကိုပြသသွန်သင်ပါမည်။ အပြစ်ရှိသောသူတို့သည် ကိုယ်တော်ထံသို့ပြန်ကြပါလိမ့်မည်” (ဆာလံ ၅၁း၁၂၊၁၃)။

ဘုရားသခင်၏ကျေးဇူးတော်သည် စိတ်နှလုံးထဲ၌စိုးမိုးသောအခါ ယုံကြည်ခြင်း၊ ရဲရင့်ခြင်းနှင့်ခရစ်တော်၏မေတ္တာ စသည့်လေထုဖြင့် လူကိုဝန်းရံကာ ၎င်းလေထုကိုရှူသွင်းသူအားလုံး၏ဝိညာဉ်ရေးအသက်တာအတွက် အင်အားတိုးစေလိမ့်မည်။. . . ခရစ်တော်၏ခွင့်လွှတ်သောမေတ္တာကို မျှဝေခံစားသူတိုင်း၊ ဘုရားသခင့်ဝိညာဉ်တော်အားဖြင့် ဉာဏ်ပွင့်လင်းလာပြီး သမ္မာတရား၌ပြောင်းလဲလာသောသူတိုင်း ထိုအဖိုးထိုက်သောကောင်းချီးမင်္ဂလာများကြောင့် သူတို့ထိတွေ့သောသူအားလုံးအပေါ် အကြွေးတင်နေကြောင်းခံစားကြသည်။ စိတ်နှလုံးနှိမ့်ချသောသူတို့ကို ထာဝရဘုရားသည် လက်တင်ရဓမ္မဆရာများချဉ်းကပ်၍မရသောသူတို့ထံသို့ရောက်ရှိနိုင်ရန် အသုံးပြုတော်မူမည်။ သူတို့သည် ခရစ်တော်၏ကယ်တင်သောကျေးဇူးတော်ကို ဖော်ပြပြောကြားရန်တက်ကြွနေကြလိမ့်မည်။

သူတစ်ပါးကိုကောင်းချီးပေးရာ၌ သူတို့ကိုယ်တိုင်ကောင်းချီးခံရကြမည်။ ကိုယ်တော်သည် ကျွန်ုပ်တို့ကိုကျေးဇူးတော်ဖြင့်ပြန်ဖြည့်စေခြင်းငှာ ဘုရားသခင်သည် ကျေးဇူးတော်ပေးဝေမည့်အခွင့်ထူးကို ကျွန်ုပ်တို့အားပေးတော်မူသည်။ ဘုရားသခင်၏ကိုယ်စားလှယ်သည် ဘုရားသခင်ပြင်ဆင်ပေးသောအစွမ်းများနှင့် အထောက်အပံ့ပစ္စည်းများဖြင့်လုပ်ဆောင်သောအခါ မျှော်လင့်ခြင်းနှင့်ယုံကြည်ခြင်းသည် ခွန်အားသန်မာလာမည်။ သူနှင့်အတူလုပ်ဆောင်ရန် ကိုယ်တော်သည် ကောင်းကင်ကိုယ်စားလှယ်ကိုပြင်ဆင်ပေးတော်မူမည်။ (6T, pp. 43,44).

–o–

## ပေပြီ (၁၇)

## “ဘုရားသခင်သည်ချို့တဲ့ခြင်းများကိုဖြည့်ပေးသောအခါ”

**“သင်တို့သည် ဘုရားသခင်၏ကျေးဇူးတော်ကို အကျိုးမဲ့မခံကြနှင့်ဟု ငါတို့သည် အမှုတော်ကိုဆောင်ရွက်သောသူချင်းဖြစ်၍ သင်တို့ကိုနှိုးဆော်သွေးဆောင်ကြ၏” (၂ကော ၆း၁)။**

ကမ္ဘာတစ်ခွင်ဘုရားသခင်၏အမှုတော်တွင် ကျွန်ုပ်တို့တွဲဖက်လုပ်ဆောင်သူများဖြစ်ကြရမည်။ ကယ်တင်ရမည့်လူများရှိသည့်နေရာတိုင်းတွင် များစွာသောသားများနှင့်သမီးများကို ဘုရားသခင်ထံတော်သို့သူခေါ်ဆောင်နိုင်ရန် အကူအညီပေးရမည်။ အဆုံးသည်ရောက်လုပြီ။ ဤအကြောင်းကြောင့် ကျွန်ုပ်တို့သည် ယုံကြည်အပ်နှံထားသောအစွမ်းအစအားလုံးနှင့်ဝတ္ထုရားအားလုံးကို အမှုတော်အတွက်အထောက်အကူပြုရန် အစွမ်းကုန်အသုံးချရမည်။. . .

အဆုံးကာလရောက်လုချိန်တွင် နောက်ဆုံးသောကရုဏာသတင်းစကားဟောရန် ခန့်အပ်ခံရသောလူအများသည် ရောထွေးနေကြလျက်၊ မိမိတို့၏ကိုယ်ကျိုးအတွက် အစည်းအဝေးများကိုတက်ရောက်ကြကာ သူတစ်ပါး၏ကယ်တင်ခြင်းအတွက် အနည်းငယ်မျှသာတာဝန်ယူလုပ်ဆောင်နေကြစဉ်၊ များစွာတရားဟောခြင်းမရှိသည်ကို မကျေနပ်သူတို့ကိုမြင်သောအခါ ကောင်းကင်တမန်တို့သည် မည်သို့ခံစားကြမည်နည်း။ အသက်ရှင်သောယုံကြည်ခြင်းအားဖြင့် ခရစ်တော်နှင့်အတူပေါင်းစည်းသောသူအားလုံးသည် ဘုရားသခင်၏ဂုဏ်တော်ကိုမျှဝေခံစားသူများဖြစ်ကြလိမ့်မည်။ သူတို့သည် ကိုယ်တော်ထံမှဝိညာဉ်ရေးအသက်ကို အစဉ်အဆက်ရရှိကြမည်။ ထိုအခါသူတို့သည် အငြိမ်နေနိုင်ကြတော့မည်မဟုတ်ချေ။



အသက်တာသည် အမြဲလှုပ်ရှားနေလိမ့်မည်။ နှလုံးသည် အသက်ရှိနေလျှင်၊ ခန္ဓာကိုယ်အစိတ်အပိုင်းအားလုံးသို့ အသက်သွေးကိုပို့ပေးလိမ့်မည်။ စိတ်နှလုံးတွင် ဝိညာဉ်အသက်နှင့်ပြည့်နေသောသူတို့သည် ၎င်းကိုဖော်ပြရန်တိုက်တွန်းစရာမလိုချေ။ ဘုရားနှင့်ဆိုင်သောအသက်သည် သူတို့အထဲက ကျေးဇူးတော်များစွာနှင့်စီးထွက်လာမည်။ သူတို့ဆုတောင်းသောအခါဖြစ်စေ၊ စကားပြောသောအခါဖြစ်စေ အလုပ်လုပ်သောအခါများတွင် ဘုရားသခင်၏ဘုန်းတော်ထင်ရှားလျက်ရှိသည်။

အထက်မြက်ဆုံး၊ အတော်ဆုံးသောသူတို့၏အလုပ်သည် အကြီးမားဆုံးနှင့်အကြာရှည်ခံဆုံးသောရလဒ်များကို ဖြစ်ထွန်းစေသည်ဆိုသည်မှာမဟုတ်ချေ။ ဖြစ်ထွန်းမှုအများဆုံးပေးနိုင်သောလုပ်သားများမှာအဘယ်သူနည်း။ ထိုသူတို့မှာ “ငါ့ထမ်းပိုးကိုတင်၍ထမ်းကြလော့။ ငါ့ထံ၌နည်းခံကြလော့။ ငါသည်နူးညံ့သိမ်မွေ့နှိမ့်ချသောစိတ်သဘောရှိ၏” ဟူသောဖိတ်ခေါ်သံကို တုံ့ပြန်သူများဖြစ်ကြသည်။. . .

အကယ်၍ဘုရားသခင်က ဉာဏ်ပညာအစွမ်းကိုပေးထားသောသူတို့သည် ကိုယ်တော်၏ဘုန်းတော်အတွက် ယင်းဆုကျေးဇူးများကိုအသုံးမပြုလျှင်၊ စုံစမ်းစစ်ဆေးပြီးနောက် သူတို့ကိုမိမိတို့၏အတွေးများ၌မျောနေကြရန် ချန်ရစ်လိမ့်မည်။ ထိုအခါအလျှံပယ်ထောက်ပံ့မှုပေးဟန်မရှိသောလူများ၊ မိမိကိုယ်ကိုယုံကြည်မှုအားနည်းသူတို့ကို အသုံးပြုတော်မူမည်။ ကိုယ်တော်သည် အားနည်းသူကိုခွန်အားပေးမည်။ အဘယ်ကြောင့်ဆိုသော် မိမိတို့ကိုယ်တိုင်မလုပ်ဆောင်နိုင်သောအရာများအတွက် သူတို့သည် ဘုရားသခင်ကိုကိုးစားသောကြောင့်ဖြစ်သည်။ ဘုရားသခင်သည် စိတ်နှလုံးအကြွင်းမဲ့ဖြင့်လုပ်ဆောင်မှုကိုလက်ခံကာ၊ ချို့တဲ့နေသောအရာများကို ကိုယ်တော်တိုင်ဖြည့်ပေးလိမ့်မည်။ (6T, pp. 440,443,444).

သင်တို့၏ကောင်းကင်ဘုံအရှင်၏အကြောင်းကို ကမ္ဘာသို့မည်သို့တင်ပြသည်ကို ကောင်းကင်တမန်တို့သည် နားထောင်နေကြသည်။ (SC, p. 119).

–o–

ဧပြီ (၁၈)

## "တန်ခိုးနှင့်ဟောပြောခြင်း"

**"ထိုကာလအခါ ဗတ္တိဇံဆရာယောဟန်သည်ပေါ်ထွန်းလျှင်၊ ကောင်းကင်နိုင်ငံတော်သည် တည်လုနီးပြီ။ ထိုကြောင့် နောင်တရကြလော့ဟု ယုဒတောၩဟောလေ၏" (မဿဲ ၃း၁၊၂)။**

နှစ်ခြင်းဆရာယောဟန်သည် တောထဲတွင်ဘုရားသခင်၏သွန်သင်မှုကိုခံယူခဲ့သည်။ သူသည် သဘာဝတရား၌ ဘုရားသခင်အားဖော်ပြနေမှုများကိုလေ့လာခဲ့သည်။ ဘုရားသခင်၏ဝိညာဉ်တော်လမ်းပြမှုအောက်၌ သူသည် ပုရောဖက်များရေးသားသောစာလိပ်များကို လေ့လာခဲ့သည်။ စိတ်နှလုံးသည် ဘုန်းကြီးသောရူပါရုံဖြင့်မပြည့်မချင်း နေ့ရောညပါခရစ်တော်ကိုလေ့လာပြီး သူ့ကို အာရုံပြုခဲ့သည်။

သူသည်ဘုရင်ကြီးကို သူ၏လုပတင့်တယ်မှုဖြင့်မျှော်ကြည့်ယင်း မိမိကိုယ်ကိုမေ့လျော့နေခဲ့သည်။ သန့်ရှင်းခြင်း၏ကြီးကျယ်ခမ်းနားမှုကို မြင်တွေ့ခဲ့ရပြီး မိမိကိုယ်ကိုမထိုက်တန်ကြောင်း ခံစားခဲ့သည်။ သူကြွေးကြော်ရမည့်အရာမှာ ဘုရားသခင်၏သတင်းစကားဖြစ်သည်။ သူသည် ဘုရားသခင်၏တန်ခိုးတော်နှင့် ကိုယ်တော်၏ဖြောင့်မတ်ခြင်း၌ရပ်တည်ရမည်ဖြစ်သည်။ သူသည်မည်သူ့ကိုမျှကြောက်ရွံ့ခြင်းမရှိဘဲ ဘုရားသခင်၏စေတမန်တစ်ဦးကဲ့သို့ ရှေ့သို့ ချီရန်အဆင်သင့်ရှိခဲ့သည်။ အကြောင်းမူကား၊ ဘုရားသခင်ကိုသူမျှော်ကြည့်ခဲ့သောကြောင့်တည်း။ သူသည် လောကရှင်ဘုရင်များရှေ့မှောက်တွင် မကြောက်မရွံ့ဘဲ မားမားမတ်မတ်ရပ်တည်ခဲ့သည်။ အကြောင်းမှာ ဘုရင်တကာတို့၏ဘုရင်ရှေ့တော်မှောက်တွင် သူဦးညွတ်ခဲ့ပြီးဖြစ်သောကြောင့်တည်း။





ယောဟန်သည် အသေးစိတ်ရှင်းလင်းချက် သို့မဟုတ် ချောမွေ့သောအယူအဆများဖြင့် သူ၏သတင်းစကားကိုမဟောကြားခဲ့ချေ။ တုန်လှုပ်အံ့သြဖွယ်ရာခက်ထန်သော်လည်း၊ မျှော်လင့်ခြင်းအပြည့်ပါလျက် သူ၏ "ကောင်းကင်နိုင်ငံတော်တည်လုနီးပြီ၊ ထိုကြောင့်နောင်တရကြလော့" ဟူသောအသံကို တောထဲတွင်ကြားခဲ့ရသည်။ မဿဲ ၃း၂။ ၎င်းသည် ထူးဆန်းသောတန်ခိုးသစ်ဖြင့် လူတို့ကိုစိတ်လှုပ်ရှားစေသည်။ လူမျိုးတစ်ခုလုံးသည် လှုပ်လှုပ်ရွရွဖြစ်လာသည်။ လူအုပ်သည် တောထဲတွင်စုလာကြသည်။

မိုးတိမ်၌ခရစ်တော်သည် ဒုတိယအကြိမ်မကြွလာမီအချိန်လေးယခုခေတ်တွင် ယောဟန်ကဲ့သို့လုပ်ဆောင်ရမည်။ ဘုရားသခင်၏နေ့ရက်ကြီးတွင် ရပ်တည်နိုင်ရန် လူတို့ကိုပြင်ဆင်ပေးမည့်သူတို့ကို ဘုရားသခင်ခေါ်တော်မူသည်။ ခရစ်တော်၏မကြာမီပေါ်ထွန်းခြင်းကိုယုံကြည်သောလူတို့အနေဖြင့် "သင်၏ဘုရားသခင်နှင့်တွေ့ခြင်းငှာ ကိုယ်ကိုပြင်ဆင်လော့" ဟူသောသတင်းကို ဟောပြောရန်ရှိသည်။ အာမုတ် ၄း၁၂။ သူသည် ဘုရင်တို့၏အပြစ်များကို ပြင်းထန်စွာအပြစ်တင်သည်။ သူ့အသက်အန္တရာယ်ရှိနေလင့်ကစား၊ သူသည် ဘုရားသခင်၏နှုတ်ကပတ်တော်ကိုဟောကြားရန် နှောင့်နှေးခြင်းမရှိခဲ့ချေ။ ယခုကျွန်ုပ်တို့၏အလုပ်ကို သစ္စာရှိရှိလုပ်ဆောင်ရမည်။

ယောဟန်ကဲ့သို့သတင်းစကားဟောပြောနိုင်ရန် သူ၏ဝိညာဉ်ရေးအတွေ့အကြုံမျိုးရှိရမည်။ အလားတူအတွေ့အကြုံမျိုး ကျွန်ုပ်တို့အထဲ၌ရှိနေရမည်။ ဘုရားသခင်ကိုကျွန်ုပ်တို့ကြည့်ရမည်။ ထိုသို့ကိုယ်တော်ကိုကြည့်ခြင်းဖြင့် မိမိကိုယ်ကိုမေ့လျော့သွားပေမည်။ (8T, pp. 331-333).

–o–

### ဧပြီ (၁၉)

## "ဘုရားသခင်၏သိုးသငယ်ကိုကြည့်လော့"

**"ဤလောက၏အပြစ်ကိုဆောင်သွားသော ဘုရားသခင်၏ သိုးသငယ်ကိုကြည့်လော့" (ယောဟန် ၁း၂၉)။**

ယောဟန်၌သဘာဝအားဖြင့် လူသားတို့၏သာမန်မှားယွင်းမှုများနှင့် အားနည်းချက်များရှိခဲ့သည်။ သို့သော် ဘုရားသခင်၏မေတ္တာတော်နှင့်ထိတွေ့မှုသည် သူ့ကိုပြောင်းလဲစေခဲ့သည်။ ခရစ်တော်သာသနာစတင်တော်မူခဲ့ပြီးသည်နောက် ယောဟန်၏တပည့်တို့သည် သူ့ထံသို့လာ၍ လူအပေါင်းတို့သည် အသစ်သောဆရာ့နောက်လိုက်ကြကြောင်းကို မကျေနပ်ကြောင်းတိုင်ကြားလာသောအခါ၊ ယောဟန်သည် မေရှိယနှင့်သူ၏ဆက်ဆံရေးကို သူသည် မည်သို့ရှင်းလင်းစွာနားလည်သဘောပေါက်ကြောင်းနှင့် မေရှိယသည် သူ့အတွက်လာရောက်လမ်းပြခဲ့သူဖြစ်သောကြောင့် ထိုသူအားဝမ်းပန်းတသာကြိုဆိုကြောင်းတို့ကိုပြသခဲ့သည်။

"ယောဟန်က ကောင်းကင်ဘုံမှပေးတော်မမူလျှင်၊ လူသည်အဘယ်အရာကိုမျှမခံနိုင်ရာ၊ ငါသည်ခရစ်တော်မဟုတ်။ ခရစ်တော်ရှေ့၌စေလွှတ်သောသူဖြစ်သည်ဟု ငါဆိုသည်ကိုသင်တို့သည် ငါ၏သက်သေဖြစ်ကြ၏။ . . . ငါ၏ဝမ်းမြောက်ခြင်းပြည့်စုံ၏။ ထိုသခင်သည် တိုးပွားခြင်းရှိရမည်။ ငါမူကား၊ ဆုတ်ယုတ်ခြင်းရှိရမည်" ဟုဟောခဲ့သည်။ ယောဟန် ၃း၂၇-၃၀။

ယောဟန်သည် ကယ်တင်ရှင်ကိုယုံကြည်ခြင်းအားဖြင့်ကြည့်၍ ကိုယ့်အလိုကိုငြင်းပယ်ခြင်းကို အရှိန်မြှင့်တင်ခဲ့သည်။ လူများတို့ကို မိမိအား အာရုံစူးစိုက်လာစေရန်မကြိုးစားခဲ့ဘဲ၊ သူတို့၏အတွေးအခေါ်များသည် ဘုရားသခင်၏သိုးသငယ်အပေါ်မှီခိုလာနိုင်သည်အထိ မြင့်သည်ထက်မြင့်အောင်မြှင့်တင်ပေးခဲ့သည်။ သူကိုယ်တိုင်မှာမူ တောထဲ၌အော်ဟစ်သောအသံတစ်ခုသာဖြစ်ခဲ့သည်။ လူတို့၏မျက်လုံးများသည် အသက်၏အလင်းရှင်ဘက်သို့ဦးလှည့်



စေရန်အတွက် သူသည် ယခုတွင်ဆိတ်ငြိမ်မှုနှင့်ဇဝေဇဝါဖြစ်မှုကို ဝမ်းမြောက်စွာဖြင့်လက်ခံခဲ့သည်။

ဘုရားသခင်၏စေတမန်များအဖြစ် ခေါ်တော်မူခြင်းအပေါ်သစ္စာရှိသောသူတို့သည် မိမိတို့အားအရိုအသေပေးမှုများကိုရရှိရန် ကြိုးစားကြမည်မဟုတ်ချေ။ မိမိကိုယ်ကိုချစ်မြတ်နိုးခြင်းသည် ခရစ်တော်အားချစ်သည့်မေတ္တာတွင် နစ်မြုပ်ပျောက်ကွယ်သွားလိမ့်မည်။ "ဤလောက၏အပြစ်ကိုဆောင်သွားသော ဘုရားသခင်၏သိုးသငယ်ကိုကြည့်လော့" ဟူ၍ ယောဟန်ဟစ်ကြွေးခဲ့သကဲ့သို့ သူတို့သည်လည်း မိမိတို့၏အလုပ်သည် ထိုကဲ့သို့ဟစ်ကြွေးရန်ဖြစ်ကြောင်း အသိအမှတ်ပြုလာကြလိမ့်မည်။ သူတို့သည် ကိုယ်တော်အားမြှောက်တင်ကြသဖြင့် လူသားများသည် ကိုယ်တော်နှင့်အတူ မြှောက်တင်ခြင်းခံရကြလိမ့်မည်။ . . .

တစ်ကိုယ်ကောင်းစိတ်မရှိသော ထိုပုရောဖက်၏စိတ်ဝိညာဉ်သည် ဘုရားသခင်၏အလင်းတော်နှင့်ဖြည့်ဆည်းခြင်းခံရသည်။ . . . သူသည် ကယ်တင်ရှင်၏ဘုန်းတော်ကို သက်သေခံခဲ့သည်။ . . . ဤခရစ်တော်၏ဘုန်းတော်ကို ကိုယ်တော်၏နောက်လိုက်များသည်လည်း ရရှိကြလိမ့်မည်။ . . . ကျွန်ုပ်တို့သည် တစ်ကိုယ်ကောင်းစိတ်များကင်းရှင်းရန် ဆန္ဒရှိသောအချိန်မှသာလျှင် ကောင်းကင်၏အလင်းတော်ကိုရရှိနိုင်ကြသည်။ ခရစ်တော်၏မိန့်မှာချက်များကိုနားထောင်ရန်၊ မိမိစိတ်နှလုံးအကြံအစည်များကိုပေးအပ်ရန်အလိုမရှိလျှင် ကျွန်ုပ်တို့သည် ဘုရားသခင်၏ဂုဏ်တော်ကို မသိမြင်နိုင်ကြမည့်အပြင်၊ ခရစ်တော်ကိုလည်းယုံကြည်ခြင်းအားဖြင့် လက်ခံနိုင်မည်မဟုတ်ချေ။ ခရစ်တော်၏အလိုတော်ကိုနားထောင်ရန်အလိုရှိသူများအား သန့်ရှင်းသောဝိညာဉ်တော်တန်ခိုးများကို အတိုင်းအဆမရှိပေးတော်မူမည်။ "ဘုရားသခင်၏ဇာတိအဖြစ်တော်၏ပြည့်စုံခြင်းအပေါင်းသည် ခရစ်တော်၌ကိုယ်ထင်ရှား၍ ကိန်းဝပ်တော်မူ၏။ . . . ထိုသခင်၌သင်တို့သည် စုံလင်ခြင်းရှိကြ၏" ကောလောသဲ ၂း၉၊၁၀။ (8T, pp. 333-334).

-o-

## ဧပြီ (၂၀)

# "ပြုပြင်ပြောင်းလဲရန်ဘုရားသခင်၏ခေါ်တော်မူခြင်း"

**"အဘတို့နှင့်သားတို့ကို အသင့်အတင့်ဖြစ်စေခြင်းငှာလည်းကောင်း၊ ငြင်းဆန်သောသူတို့ကို သူတော်ကောင်းတို့၏သတိပညာလမ်းသို့ပြောင်းလဲစေသောအားဖြင့် ထာဝရဘုရားအဖို့အလိုငှာ ပြင်ဆင်သောလူမျိုးဖြစ်စေခြင်းငှာလည်းကောင်း သူသည် ဧလိယ၏စိတ်ဝိညာဉ်တန်ခိုးနှင့်ပြည့်စုံလျက် ဘုရားသခင့်ရှေ့တော်သို့သွားလိမ့်မည်" (လုကာ ၁း၁၇)။**

နှစ်ခြင်းဆရာယောဟန်သည် သခင်ဘုရား၏လမ်းခရီးကိုပြင်ဆင်ရန်နှင့် လူသားများအား ဉာဏ်ပညာနှင့်ဖြောင့်မတ်ခြင်းဘက်သို့ ဦးလှည့်ပေးရန်အတွက် ဧလိယ၏စိတ်ဝိညာဉ်နှင့်တန်ခိုးအားဖြင့်လုပ်ဆောင်ခဲ့သည်။ ခရစ်တော်ဒုတိယအကြိမ်ပေါ်ထွန်းလာခြင်းအတွက် ပြင်ဆင်မှုများလုပ်ဆောင်ရန်နှင့် လူသားများကိုဟောကြားရန် ဘုရားသခင်ယုံကြည်စွာအပ်နှင်းသည့် နောက်ဆုံးသောခေတ်ကာလ၏လူအပေါင်းတို့ကို ယောဟန်ကကိုယ်စားပြုသည်။. . .

ခရစ်တော်ဒုတိယအကြိမ်ကြွလာခြင်းအတွက် လမ်းခရီးကိုပြင်ဆင်သောသူတို့ကို ယောဟန်သည် ဧလိယ၏စိတ်ဝိညာဉ်ဖြင့်လာ၍ ခရစ်တော်၏ပထမအကြိမ်ကြွလာခြင်းအတွက် လမ်းကိုပြင်ဆင်သကဲ့သို့ သစ္စာရှိသော ဧလိယအားဖြင့်ပုံဆောင်ထားသည်။ မဟာပြုပြင်ပြောင်းလဲခြင်းအကြောင်းကို လှုံ့ဆော်မှုပေးရမည်။ ထိုအခါလူထု၏စိတ်ကိုမွေ့နှောက်လိမ့်မည်။ အရာရာ၌ချုပ်တည်းခြင်းသည် ဘုရားသခင်၏လူတို့သည် မိမိတို့၏ရုပ်တုကိုးကွယ်မှု၊ အစားကြူးခြင်း၊ အဝတ်အစားနှင့်အခြားသောအရာတို့တွင်အသုံးအဖြုန်းကြီးခြင်းတို့မှ နောက်ကြောင်းပြန်လှည့်ရန်ဟူသော သတင်းစကားနှင့်ဆက်စပ်ရမည်ဖြစ်သည်။



ဘုရားသခင်က အထူးလမ်းပြကောင်းချီးပေးထားသည့် ဖြောင့်မတ်သူတို့၌ရှိသော မိမိကိုယ်ကိုငြင်းပယ်ခြင်း၊ နှိမ့်ချခြင်းနှင့်ချုပ်တည်းခြင်းအကျင့်များကို ဆိုးယုတ်သောခေတ်တွင် အသက်ရှင်နေကြသည့်လူသားများ၏ကျန်းမာရေးကို အထောက်အကူမပြုသောအကျင့်များနှင့်ယှဉ်ကာ၊ လူထုအကြားတင်ပြကြရမည်။ လက်သည်ခန္ဓာကိုယ်နှင့်နီးကပ်စွာရှိနေသကဲ့သို့ ကျန်းမာခြင်းပြုပြင်ပြောင်းလဲရေးဆိုင်ရာသတင်းစကားသည်လည်း ကောင်းကင်တမန်သုံးပါးသတင်းစကားနှင့် နီးနီးကပ်ကပ်ဆက်နွယ်နေသည်။ အရေးပါသည့်ဤသတင်းစကားကိုလျစ်လျူရှုခြင်းသည် ကိုယ်စိတ်နှစ်ပါးအားနည်းသွားရခြင်း၏အဓိကအကြောင်းရင်းဖြစ်သည်။ မိမိတို့မရှောင်ကြဉ်လိုသည့်အစားအသောက်၊ အနေအထိုင်များကို တွေ့မှာစိုးသဖြင့် အလင်းတရားကိုမကြည့်ဘဲ၊ မျက်လုံးစုံမှိတ်ကာ ခံတွင်းတောင့်တမှုနှင့်အလိုရမ္မက်များကို ဖြည့်ဆည်းနေသူများသည် ဘုရားသခင်ရှေ့တော်တွင် အပြစ်ရောက်သူများဖြစ်ကြသည်။

ဘုရားသခင်သည် မိမိလူတို့အား လောကဆိုင်ရာအလွန်အကျူးအကျင့်များ၊ ခံတွင်းနှင့်ရမ္မက်အလိုလိုက်ခြင်းများမှ ကိုယ်အလိုကိုငြင်းတတ်သောအကျင့်၊ အရာခပ်သိမ်းတွင်ချုပ်တည်းတတ်သောအကျင့်များကို ကျင့်ဆောင်ရာဆီသို့ပို့ဆောင်ပေးလျက်ရှိသည်။ ဘုရားသခင်လမ်းပြပို့ဆောင်နေသောထိုသူတို့သည် ထူးခြားသောသူများဖြစ်ကြသည်။ လောကသားများနှင့်မတူကြပါ။ အကယ်၍သာသူတို့သည် ဘုရားသခင်၏ဦးဆောင်မှုကို လက်ခံလိုက်လျှောက်ခဲ့ကြလျှင် ကိုယ်တော်၏အကြံတော်ကို သူတို့အကောင်အထည်ဖော်ကြသည်သာမက၊ မိမိတို့၏ဆန္ဒများကိုလည်း ကိုယ်တော့်ထံတွင်အပ်နှံကြလိမ့်မည်။ ခရစ်တော်သည်လည်း စိတ်နှလုံးထဲတွင်ကိန်းဝပ်လိမ့်မည်။. . . သင်၏ကိုယ်ခန္ဓာသည် သန့်ရှင်းသောဝိညာဉ်တော်ကိန်းဝပ်ရာဗိမာန်တော်ဖြစ်ကြောင်း ပေါလုဖွင့်ဆိုထားသည်။ (3T, pp. 61-63).

–o–

ဧပြီ (၂၁)

## "ကျန်းမာသောနေထိုင်မှုကိုအားပေးပါ"

**"ညီအစ်ကိုတို့၊ အသက်ရှင်ခြင်းလက္ခဏာ၊ သန့်ရှင်းခြင်းလက္ခဏာ၊ ဘုရားသခင်နှစ်သက်တော်မူဖွယ်သောလက္ခဏာနှင့်ပြည့်စုံသောယဇ်ကို သင်တို့သည်ပူဇော်၍၊ မိမိကိုယ်ခန္ဓာကိုဘုရားသခင်အားဆက်ကပ်ခြင်းတည်းဟူသော သင်တို့ပြုအပ်သောဝတ်ကိုပြုမည်အကြောင်း၊.... သင်တို့ကိုငါတိုက်တွန်းနှိုးဆော်ပေ၏" (ရောမ ၁၂း၁)။**

ကာယ၊ ဉာဏနှင့်ကိုယ်ကျင့်တရားတို့၏အားမာန်ကို ချို့တဲ့စေသည့်အကျင့်များကို ဆက်လက်ပြီးစိတ်အလိုလိုက်လုပ်ဆောင်နေစဉ် မိမိ၏ကိုယ်ခန္ဓာကိုသန့်ရှင်းပြီး ဘုရားသခင်လက်ခံနိုင်သည့် အသက်ရှင်သောယဇ်အဖြစ်ပူဇော်ရန်မဖြစ်နိုင်ချေ။ တစ်ဖန်ပေါလုက "သင်တို့သည် လောကီပုံသဏ္ဍာန်ကိုမဆောင်ကြနှင့်။ ကောင်းမြတ်သောအရာ၊ နှစ်သက်ဖွယ်သောအရာ၊ စုံလင်သောအရာတည်းဟူသော ဘုရားသခင်အလိုတော်ရှိသောအရာသည် အဘယ်အရာဖြစ်သည်ကိုသင်နိုင်မည်အကြောင်း စိတ်နှလုံးကိုအသစ်ပြင်ဆင်၍ ပုံသဏ္ဍာန်ပြောင်းလဲခြင်းသို့ရောက်ကြလော့" (ရောမ ၁၂း၂) ဟုဆိုထားသည်။ (CH, p. 23).

ဖြောင့်မတ်ခြင်း၊ စာရိတ္တဖြူစင်ခြင်းနှင့် အထူးသဖြင့်ကျေးဇူးတော်ကြီးထွားခြင်းကိုဆန့်ကျင်လျက်ရှိသောကမ္ဘာပေါ်တွင် ကျွန်ုပ်တို့ရှိနေကြသည်။ မည်သည့်နေရာကိုပင်ကြည့်ကြည့် ညစ်ညမ်းမှုများ၊ စာရိတ္တပျက်ပြားမှုများ၊ ချို့ယွင်းပျက်စီးမှုများနှင့်အပြစ်ကျူးလွန်ခြင်းများကိုတွေ့ရသည်။ ထာဝရအသက်ကိုမရယူမီအချိန်လေးတွင် ပြီးစီးအောင်လုပ်ဆောင်ရမည့်အမှုတော်ကို လူအားလုံးဆန့်ကျင်နေကြပါသည်တကား။ ဘုရားသခင်ရွေးချယ်တော်မူသောသားသမီးများသည် သူတို့၏ပတ်ဝန်းကျင်၌ဖြစ်ပေါ်နေသော ထိုမကောင်းမှုများအလယ်တွင် ညစ်ညမ်းမှုကင်းစင်လျက်ရပ်တည်ကြရမည်။ ဤအမှုတော်ကိုပြီးစီးအောင်လုပ်ဆောင်ရမည်ဆိုလျှင် ယခုပင်နားလည်မှုရှိရှိ၊ စိတ်အားထက်သန်စွာဖြင့်တာဝန်ယူလုပ်ဆောင်ကြရမည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ထိုလုပ်ဆောင်မှုတိုင်းကို လမ်းပြကာထိန်းချုပ်ရမည်။

ကျန်းမာရေးပြုပြင်ပြောင်းလဲခြင်းသည် လူတို့အားသခင်ဘုရားကြွလာခြင်းအတွက် သင့်လျော်မှုရှိစေရန် ကြီးမားသောအလုပ်၏အကိုင်းအခက်တစ်ခုဖြစ်သည်။ ဘုရားသခင်၏ပညတ်တော်ကို ကျူးလွန်ခြင်းမရှိဘဲ၊ ယောကျ်ားမိန်းမတို့သည် အကျင့်ပျက်သောခံတွင်းအလိုနှင့် တဏှာကြီးသောရမ္မက်အလိုကိုလိုက်ခြင်းဖြင့် သဘာဝနိယာမကိုကျူးလွန်၍မရပါ။ ကျွန်ုပ်တို့၏ဖြစ်စဉ်၌ပင် ကိုယ်တော်တည်ထားတော်မူသောပညတ်တရားများကို ကျူးလွန်သောအပြစ်ကို ကျွန်ုပ်တို့သဘောပေါက်နိုင်မည်အကြောင်း ကိုယ်တော်သည် ကျွန်ုပ်တို့အပေါ်၌ကျန်းမာခြင်းပြုပြင်ရေးအလင်းတရားထွန်းလင်းစေတော်မူသည်။...

သဘာဝနိယာမကိုရှင်းလင်းစေရန်နှင့် ၎င်းကိုလိုက်လျှောက်ဖို့တိုက်တွန်းရန်မှာ ကောင်းကင်တမန်သုံးပါးသတင်းနှင့် ပူးတွဲလုပ်ဆောင်ရမည့်အလုပ်ပင်ဖြစ်သည်။. . . ဤအကြောင်းအရာကိုလှုံ့ဆော်ကာ၊ လူထု၏စိတ်သည် ဤအရာကိုစူးစမ်းလေ့လာရန်အတွက် အလေးအနက်နှိုးဆွပေးရန် ဘုရားသခင်တမင်ကြံရွယ်တော်မူသည်။ အကြောင်းမှာ ယောကျ်ားမိန်းမတို့သည် ကျန်းမာရေးပျက်စီးသောအကျင့်များ၊ ဦးနှောက်အားနည်းစေသောအကျင့်များဖြစ်သောအပြစ်၏အောက်တွင်ရှိနေစဉ်တွင် မွန်မြတ်သောသမ္မာတရားကို တန်ဖိုးထားရန်မှာမဖြစ်နိုင်ချေ။

မိမိအပေါ်ဘုရားသခင်ပေးထားသောကျန်းမာခြင်းအလင်းတရားကိုမြတ်နိုးသူသည် သမ္မာတရားအားဖြင့် စင်ကြယ်လာစေသောအလုပ်တွင် အရေးကြီးသောအကူအညီရရှိကာ မသေနိုင်သောအဖြစ်အတွက် သင့်လျော်မှုရှိလာသည်။ (CH, pp. 20-22).

–o–

ဧပြီ (၂၂)

## "ကိုယ်ကျိုးမဖက်သည့်သီလ"

**"ငါသည် ခရစ်တော်နှင့်အတူလက်ဝါးကပ်တိုင်မှာအသေခံပြီ။ သို့သော်လည်း အသက်ရှင်သေး၏။ ထိုသို့ဆိုသော် ငါသည်ကိုယ်တိုင်မရှင်၊ ခရစ်တော်သည် ငါ၌ရှင်တော်မူ၏။ ကိုယ်ခန္ဓာ၌ ယခုငါရှင်သောအသက်သည် ဘုရားသခင်၏သားတော်ကိုယုံကြည်ခြင်းအားဖြင့်တည်၏။ သားတော်သည် ငါ့ကိုချစ်၍ ငါ့အဖို့ကိုယ်ကိုကိုယ်စွန့်တော်မူ၏" (ဂလာတိ ၂း၂၀)။**

ယုံကြည်ခြင်းအားဖြင့် ပေါ်လုသည် ခရစ်တော်၏ကျေးဇူးတော်ကို အပိုင်ရရှိထားပြီး၊ ဤကျေးဇူးတော်သည် သူ့ဝိညာဉ်၏လိုအပ်ချက်များကို ထောက်ပံ့ပေးသည်။ သူသည် ယုံကြည်ခြင်းအားဖြင့် ကောင်းကင်ဆုကျေးဇူးကိုရရှိခဲ့ပြီး၊ ၎င်းကိုအလင်းတရားတောင့်တနေသူတို့အား ပေးကမ်းခဲ့သည်။ ဤအရာမှာ ကျွန်ုပ်တို့လိုအပ်သောအတွေ့အကြုံဖြစ်သည်။ . . . ဤသို့သော ယုံကြည်ခြင်းကိုတောင်းပါ။ ၎င်းအတွက်ကြိုးစားပါ။ ဘုရားသခင်သည် သင့်အား ပေးမည်ကိုယုံကြည်ပါ။

ကျွန်ုပ်တို့ကမ္ဘာတွင်လုပ်ဆောင်ရမည့် ကြီးမားသောအလုပ်ရှိနေသည်။ ဤလောကသည် စိတ်ကူးကမ္ဘာမဟုတ်ပါ။ ကျွန်ုပ်တို့ရှေ့တွင် ဇကန်အမှန်သက်ရှိများရှိနေသည်။ နေရာတကာတွင် စာတန်၏တန်ခိုးဖော်ပြသည်များကို တွေ့မြင်နေရသည်။ အသစ်ပြုပြင်၍ မြှင့်တင်ပေးရန်လုပ်ဆောင်တော်မူသောကိုယ်တော်နှင့်အတူပူးပေါင်းကြပါစို့။ ခရစ်တော်အတွက်လုပ်ဆောင်သောသူသည် မိမိ၏ခွန်အားကို ခွန်အားအလုံးစုံ၏အရင်းအမြစ်မှ ပြန်လည်အားဖြည့်ရမည်ကိုမမေ့ကြပါနှင့်။ . . . ခရစ်ယာန်တို့သည် အတွေးအခေါ်တန်ခိုး၊ ခိုင်မာသောလိုအင်ဆန္ဒနှင့် ဘုရားသခင်၏နှုတ်ကပတ်တော်လေ့လာခြင်းမှလာသောဉာဏ်ပညာလိုအပ်သည်။ သူတို့သည် မိမိတို့၏စိတ်ကို သိမ်ဖျင်းသည့်အရာများဖြင့်ဖြည့်၍မရပါ။ သူတို့သည် နေ့တိုင်းဝိညာဉ်ရေးတန်ခိုး၌ အားသစ်လောင်းကြရမည်။

"ငါသည်နူးညံ့သိမ်မွေ့နှိမ့်ချသောစိတ်သဘောရှိ၏" ဟုမိန့်တော်မူသောသူထံ၌ သင်ယူကြပါ။ ကိုယ်တော်ကိုသင်ယူရင်း၊ သင်သည် ချမ်းသာခြင်းကိုရှာတွေ့လိမ့်မည်။ နေ့စဉ်နေ့တိုင်း သင်၏ဘုရားသခင်နှင့်သက်ဆိုင်သည့်အရာများ၌ အတွေ့အကြုံများကိုရရှိကာ၊ နေ့စဉ်နေ့တိုင်း ကိုယ်တော့်ကယ်တင်ခြင်း၏ကြီးမြတ်ခြင်းနှင့် ကိုယ်တော်နှင့်ပေါင်းစည်းခြင်း၏ကြီးကျယ်ခမ်းနားမှုကို သဘောပေါက်လိမ့်မည်။ ခရစ်တော်ကဲ့သို့ မည်သို့နေထိုင်ရန်ဆိုသည်ကို သာ၍အစဉ်သင်ယူနိုင်ပြီး ကယ်တင်ရှင်နှင့်သာ၍တူအောင် သင်သည်အမြဲကြီးထွားလိမ့်မည်။

အကယ်၍ကျွန်ုပ်တို့သည် မိမိအလိုကိုပယ်၍၊ ခရစ်တော်သည် ကျွန်ုပ်တို့၌ဘာဖြစ်နိုင်သည်နှင့် ကျွန်ုပ်တို့သည် ကိုယ်တော်၌ဘာဖြစ်နိုင်သည်ဟူသော ကျွန်ုပ်တို့၏အယူအဆကို ကျွန်ုပ်တို့ချဲ့ထွင်ကာ၊ ကျွန်ုပ်တို့သည် ခရစ်ယာန်မိတ်သဟာယဖွဲ့ခြင်း၌ စည်းလုံးကြမည်ဆိုလျှင်၊ ဘုရားသခင်သည် ကျွန်ုပ်တို့မှတစ်ဆင့် ကြီးမားသောတန်ခိုးဖြင့် လုပ်ဆောင်တော်မူမည်။ ထိုအခါကျွန်ုပ်တို့သည် သမ္မာတရားအားဖြင့် စင်ကြယ်ခြင်းကိုရရှိကြမည်။ ကျွန်ုပ်တို့သည် ဇကန်အမှန်ဘုရားသခင်ရွေးချယ်သောသူ၊ သန့်ရှင်းသောဝိညာဉ်တော်ထိန်းချုပ်သောသူများဖြစ်ကြလိမ့်မည်။ နေ့စဉ်အသက်တာသည် ကျွန်ုပ်တို့အတွက်တန်ဖိုးရှိလိမ့်မည်။ အကြောင်းမှာ သူတစ်ပါးကောင်းချီးအတွက် ကျွန်ုပ်တို့အားပေးသောဆုကျေးဇူးများအသုံးပြုခြင်းကို အခွင့်ထူးအဖြစ်ကျွန်ုပ်တို့မြင်သောကြောင့်ဖြစ်သည်။ (RH, May 30, 1907).

သူတစ်ပါး၏အမှုကိုမေတ္တာဖြင့်ဆောင်ရွက်ရာ၌ မိမိကိုယ်ကိုမေ့ပစ်ရမည်။ . . . ကြင်နာသောလုပ်ရပ်များကိုသတိရမနေသင့်ပါ။ . . . သို့ရာတွင်

ဝိညာဉ်ကယ်ဆယ်ရေးအတွက်လုပ်ဆောင်သမျှ၊ ဘုရားသခင်၏သားသမီးများကိုနှစ်သိမ့်သောစကားအားလုံးသည် အဆုံးတွင်ထင်ထင်ရှားရှားပေါ်လာလိမ့်မည်။ ဤခရစ်တော်အတွက်လုပ်ဆောင်မှုများသည် ထာဝရကာလပျော်ရွှင်မှု၏တစ်စိတ်တစ်ပိုင်းဖြစ်လာလိမ့်မည်။ (1HP, p. 230).

–ဝ–



**ဧပြီ (၂၃)**

## “ဘုရားသခင်၏တန်ဆာပလာလူငယ်များ”

**“လူသည်အသက်ပျိုစဉ်အခါ ထမ်းပိုးကိုထမ်းကောင်း၏” (ယေရမိမြည်တမ်းစကား ၃း၂၇)။**

ဘုရားသခင်သည် လူငယ်တို့အား မိမိတို့ပျိုမျစ်ခြင်း၏အားမာန်နှင့်ခွန်အားရှိချိန်တွင် ကိုယ့်အလိုငြင်းပယ်ခြင်း၊ အနစ်နာခံခြင်းနှင့်ဒုက္ခခံခြင်းကိုမျှဝေကြရန်ခေါ်တော်မူသည်။ သူတို့သည် ခေါ်တော်မူခြင်းကိုလက်ခံသော်၊ သူတို့အတွက်အသေခံသည့်လူတို့၏ကယ်တင်ခြင်းအတွက် ကိုယ်တော်သည် ထိုသူတို့ကို မိမိ၏တန်ဆာပလာများဖြစ်စေတော်မူမည်။ သို့ရာတွင် အသေသတ်ခံရွေးနုတ်ရှင်၏အမှုကိုစတင်ဝင်ရောက်ချိန်တွင် ပေးဆပ်ရမည့်အခြေအနေများကို ကိုယ်တော်သည် သူတို့အားသိစေချင်တော်မူသည်။

ကျွန်ုပ်တို့၏အလျင်ဦးဆုံးအလုပ်မှာ မိမိတို့၏စိတ်နှလုံးကို ကိုယ်တော်နှင့်သဟဇာတဖြစ်စေရမည်ဖြစ်ပြီး၊ ထိုနောက်မှ သူတစ်ပါးအတွက်အမှုဆောင်ရန် ပြင်ဆင်ကြရမည်။ ယခင်အချိန်များတွင် ကျွန်ုပ်တို့၏ဝီရိယရှိအမှုဆောင်များအကြားတွင် ကြီးမားသောစိတ်နှလုံးဆန်းစစ်မှုများရှိခဲ့သည်။ သူတို့သည် အတူတကွအကြံပြုဆွေးနွေးကာ၊ ဘုရားသခင်၏လမ်းပြမှုအတွက် နှိမ့်ချစွာပေါင်းစည်းလျက် အားကြီးစွာဆုတောင်းကြသည်။ . . . ခရစ်တော်၏ကြွလာခြင်းသည် ကျွန်ုပ်တို့ယုံကြည်သည်ထက် သာ၍နီးကပ်လျက်ရှိသည်။ ကုန်လွန်သွားသောနေ့ရက်တိုင်းသည် ကမ္ဘာကိုသတိပေးသည့်သတင်းစကားပြောကြားရန် တစ်ရက်ပြီးတစ်ရက်လျော့နည်းလျက်ရှိသည်။ ယနေ့ကိုယ်တော်ထံအချင်းချင်းဆုတောင်းပေးခြင်းကို သာ၍စိတ်ထက်သန်စွာလုပ်ဆောင်လျှင် သာ၍ကြီးမားသောနှိမ့်ချခြင်း၊ စင်ကြယ်ခြင်းနှင့်ယုံကြည်ခြင်းများရှိလိမ့်မည်။ (5T, pp. 87,88).

မှားယွင်းမှု၏အမှောင်ထဲတွင်ရှိနေသူတို့ကို ဘုရားသခင်၏နှုတ်ကပတ်တော်ကိုဖွင့်ပြရန်တည်းဟူသောအရှင်သခင်အတွက်လုပ်ဆောင်ရန် ကြီးကျယ်ခမ်းနားသောအလုပ်ကျွန်ုပ်တို့၌ရှိသည်။ မိတ်ဆွေလူငယ်တို့၊ မွန်မြတ်သောတာဝန်ရှိနေသည့်အလား လုပ်ဆောင်ကြပါ။ သင်တို့သည် သမ္မာကျမ်းစာကိုလေ့လာပြီး၊ သင်တို့မျှော်လင့်ချက်ကိုမေးသောလူတိုင်းကိုအဖြေပေးရန် အမြဲအဆင်သင့်ရှိနေပါ။ သင်တို့၏စစ်မှန်သောခရစ်ယာန်ဂုဏ်သိက္ခာဖြင့် လူတို့ကြားချင်သောသမ္မာတရား သင်တို့၌ရှိကြောင်းကိုပြသပါ။ အကယ်၍ဤသမ္မာတရားသည် စိတ်ထဲတွင်ရှိနေလျှင်၊ ခရစ်ယာန်များသာပိုင်ဆိုင်နိုင်သည့် မြင့်မြတ်သောတည်ငြိမ်အေးချမ်းခြင်းသည် မျက်နှာအနေအထားနှင့်ပြောဆိုပြုမူပုံတွင် ငြိမ်သက်စွာဖြင့်ပေါ်လာလိမ့်မည်။ စစ်မှန်သောစိတ်နှိမ့်ချခြင်းနှင့် ဧဝံဂေလိတရားတွင်ဖွင့်ပြထားသောသမ္မာတရားများအားဖြင့် စိတ်ကိုချဲ့ထွင်သူတို့သည် လူများခံစားနိုင်မည့် ဩဇာအရှိန်ရှိကြလိမ့်မည်။ သူတို့သည် စိတ်နှလုံးထဲတွင်စွဲမှတ်စေနိုင်သောဩဇာရှိကြလိမ့်မည်။ (5T, p. 401).

လူငယ်တို့ကို လက်ဝါးကပ်တိုင်သို့ခေါ်ဆောင်၍ ယေရှုနောက်တော်သို့လိုက်စေမည့် စင်ကြယ်သောဘာသာရေးစိတ်ဓာတ်ဖြင့် သူတို့သည် ပြည့်ဝသည်ထက်သာ၍ကျွန်ုပ်မြင်ချင်သောအရာမရှိပါ။ ခရစ်တော်၏တပည့်တော်လူငယ်တို့စည်းမျဉ်းကိုနာခံ၍၊ ဖြူစင်ခြင်းနှင့်ဖြောင့်မတ်ခြင်းဝတ်လုံကိုဝတ်ဆင်လျက် ရှေ့သို့ချီတက်ပါ။ သင့်အစွမ်းအစများနှင့်အသင့်လျော်ဆုံးနေရာနှင့်သင့်အားအကောင်းဆုံးအသုံးပြုနိုင်သောနေရာတွင် သင်တို့၏ကယ်တင်ရှင်သည် သင်တို့ကိုပို့ဆောင်တော်မူမည်။ တာဝန်ထမ်းဆောင်ရာလမ်းခရီးတွင် သင်တို့၏နေ့ရက်များအတွက် လုံလောက်သောကျေးဇူးတော်ကိုရရှိမည်မှာ အသေအချာပင်ဖြစ်သည်။ (5T, p. 87).

–ဝ–



ခေါင်း (၂၄)

## “အသက်အရွယ်နှံ့အတွက်အလုပ်”

**“အဘတို့၊ သင်တို့သည် ရှေးဦးစွာကပင်ရှိတော်မူသောသူကိုသိသောကြောင့် သင်တို့အားငါရေး၍ပေးလိုက်ခဲ့ပြီ။ လူပျိုတို့၊ သင်တို့သည်ခွန်အားနှင့်ပြည့်စုံ၍ ဘုရားသခင်၏နှုတ်ကပတ်တော်၌မှီဝဲဆည်းကပ်သဖြင့် မာရ်နတ်ကိုအောင်သောကြောင့် သင်တို့အားငါရေး၍ပေးလိုက်ခဲ့ပြီ” (၁ယော ၂း၁၄)။**

လူငယ်များသည် ကြိုးစား၍မစပေးရာ၌ အခွင့်အရေးကောင်းရရှိနိုင်ရန် အလုပ်အမျိုးအစားများစွာရှိသည်။ . . . ဤဧဝံဂေလိတရားဟောပြောခြင်းအလုပ်အဆုံးပိုင်းတွင် သိမ်းပိုက်ရမည့်လယ်မြေများစွာရှိသည်။ အလျင်ကအချိန်ထက်သာ၍ များစွာသာမန်လူတို့ထဲမှရိတ်သိမ်းမည့်သူများကို စာရင်းသွင်းရမည်။ လူငယ်များနှင့်အသက်ကြီးသူတို့ကိုလည်း လယ်၊ ဥယျာဉ်ခြံနှင့်အလုပ်ရုံများမှခေါ်ထုတ်ကာ အရှင်သခင်အတွက် ကိုယ်တော်၏သတင်းစကားကိုဟောပြောရန် စေလွှတ်ရမည်။ ဤသူတို့အထဲက များစွာတို့သည် ပညာရေးအခွင့်အလမ်းအနည်းငယ်သာရှိခဲ့ကြလိမ့်မည်။ သို့ရာတွင် ခရစ်တော်သည် မိမိ၏ရည်ရွယ်ချက်ကိုပြည့်စုံစေနိုင်ရန် သူတို့၌အရည်အချင်းရှိကြသည်ကို မြင်တော်မူသည်။ သူတို့သည် မိမိတို့၏စိတ်နှလုံးကို အလုပ်ထဲ၌နှစ်မြုပ်ပြီး၊ ဆက်လက်သင်ယူသူများဖြစ်လျှင် ကိုယ်တော်သည် သူတို့အားမိမိအတွက်လုပ်ဆောင်ရန် သင့်လျော်စေတော်မူမည်။ . . .

သင်တို့၏အစွမ်းသည် မည်မျှကြီး၍၊ မည်မျှပင်ငယ်ပါစေ သင်တို့၏စွမ်းရည်ကို ယုံကြည်စွာအပ်နှံထားသည့်အရာဖြစ်ကြောင်း သတိရပါ။ သင်တို့၏မှန်ကန်မှုကိုသက်သေထူရန် သင်တို့အားအခွင့်အရေးပေးခြင်းဖြင့်

ဘုရားသခင်သည် သင်တို့ကိုစမ်းသပ်နေသည်။ သင်၏လုပ်နိုင်စွမ်းအားလုံး အတွက် ကိုယ်တော်၌သင်အကြွေးတင်နေသည်။ သင်၏ကိုယ်ခန္ဓာ၊ စိတ်၊ ဝိညာဉ်တန်ခိုးများသည် ကိုယ်တော်နှင့်သက်ဆိုင်နေသည်။ ထို့ကြောင့် ဤ တန်ခိုးများကို ကိုယ်တော်အတွက်အသုံးပြုရမည်။ သင်တို့၏အချိန်၊ ဩဇာ သက်ရောက်မှု၊ လုပ်နိုင်စွမ်းအား၊ ကျွမ်းကျင်မှုအားလုံးကိုပေးတော်မူသော ကိုယ်တော်အတွက်အသုံးပြုရမည်။ (YI, Mar. 3, 1908).

ဘုရားသခင်၏နှုတ်ကပတ်တော်ဖတ်ခြင်းနှင့်ဆုတောင်းခြင်းတွင် ပျော်ရွှင်ဝမ်းမြောက်ခြင်းကိုရှာတွေ့သောလူငယ်သည် အသက်စမ်းရေအားဖြင့် အမြဲအားသစ်လောင်းကြလိမ့်မည်။ သူသည် ကိုယ်ကျင့်တရားထူးချွန်မှုနှင့်အခြား သူများမရရှိနိုင်သည့်အတွေးအခေါ်ကျယ်ပြန့်မှုတို့ကို ရရှိလိမ့်မည်။ . . . ထို့ကြောင့် မိမိတို့၏အသက်ဝိညာဉ်ကို ဘုရားသခင်နှင့်ဆက်သွယ်သူတို့ကို ကိုယ်တော်သည် မိမိ၏သားသမီးများအဖြစ် အသိအမှတ်ပြုတော်မူသည်။ ဘုရားသခင်သည် သူတို့အားလောကသို့အလင်းတရားနှင့်ပညာသို့ ဆောင်ရာ လမ်းကြောင်းဖြစ်စေသည်တိုင်အောင် သူတို့သည် အစဉ်မြင့်သထက်မြင့်သော နေရာကိုရောက်ရှိ၍ ဘုရားသခင်ကိုလည်းကောင်း၊ ထာဝရကာလရှုမြင်ကွင်းကို လည်းကောင်း ရှင်းလင်းစွာမြင်နိုင်ကြသည်။ (4T, p. 624).

မှန်ကန်စွာလေ့ကျင့်ပေးပြီး၊ ထောက်ပံ့ထားသော ကျွန်ုပ်တို့၏လူငယ် အလုပ်သမားတပ်ဖွဲ့ကြီးဖြင့် အသေခံပြီးမှထမြောက်တော်မူပြီး မကြာမီ ကြွလာမည့်ကယ်တင်ရှင်၏သတင်းစကားကို လောကတစ်ခုလုံးသို့မည်မျှ မြန်ဆန်စွာသယ်ဆောင်နိုင်လိမ့်မည်နည်း။ ဝေဒနာခံစားခြင်း၊ ဝမ်းနည်းခြင်းနှင့် အပြစ်တရားတို့၏အဆုံးသည် မည်မျှဆောလျင်စွာရောက်ရှိနိုင်လိမ့်မည်နည်း။ (Ed, p. 271).

–o–



ဧပြီ (၂၅)

## "အဘယ်ကြောင့်လူပျင်းများစွာရှိသနည်း"

**"သင်တို့သည် တန်ခိုးကိုခံရ၍ ယေရုရှလင်မြို့မှစသော ယုဒပြည်၊ ရှမာရိပြည်၊ မြေကြီးစွန်းတိုင်အောင် ငါ၏သက်သေဖြစ်ကြလိမ့်မည်" (တမန်တော် ၁း၈)။**

ရှေးဦးတပည့်တော်တို့အားပေးအပ်သောယုံကြည်စိတ်ချမှုကို ခေတ် အဆက်ဆက်က ယုံကြည်သူတို့သည်လည်း ရရှိခဲ့ကြသည်။ ဧဝံဂေလိတရား ကိုရရှိပြီးသောသူတိုင်းအား ကမ္ဘာကိုဟောကြားမည့် မွန်မြတ်သောသမ္မာတရား ကိုလည်းပေးထားပြီးဖြစ်သည်။ ဘုရားသခင်၏သစ္စာရှိသောလူတို့သည် အားမာန် ပါသောသာသနာပြုများ၊ ကိုယ်တော်၏နာမတော်ဂုဏ်သိက္ခာအတွက် မိမိတို့ ၏ပိုင်ဆိုင်မှုများကိုဆက်ကပ်သူများ၊ ကိုယ်တော်၏အမှုတော်၌ မိမိတို့၏အစွမ်း များကို ပညာရှိရှိအသုံးပြုသူများ အစဉ်ဖြစ်ခဲ့ကြသည်။ . . .

ဘုရားသခင့်အသင်းတော်၏အသင်းသူ၊ အသင်းသားတို့သည် ကောင်းသောအလုပ်များ၊ လောကီရည်မှန်းချက်မှခွဲထွက်ခြင်းနှင့် ကောင်းသော အမှုကိုလှည့်လည်လုပ်ဆောင်သော ကိုယ်တော်၏ခြေတော်ရာနောက် လျှောက်လှမ်းခြင်းတို့၌ စိတ်အားထက်သန်မှုရှိကြရမည်။ သနားခြင်းကရုဏာ မေတ္တာနှင့်ပြည့်ဝသောစိတ်နှလုံးဖြင့် အကူအညီလိုအပ်သူတို့အားမစ၍၊ အပြစ်သားများထံကယ်တင်ရှင်၏မေတ္တာတော်ကို ယူဆောင်ကြရမည်။ ထိုသို့သောအလုပ်သည် ပင်ပင်ပန်းပန်းအားထုတ်မှုလိုအပ်သည်။ သို့ရာတွင် ထိုသို့လုပ်ဆောင်ခြင်းဖြင့် ကြွယ်ဝသောဆုလာဘ်ရရှိလိမ့်မည်။ . . .

"ဝိညာဉ်တော်နှင့်မင်္ဂလာဆောင်သတို့သမီးက လာခဲ့ပါဟုဆိုကြ၏။ ကြားသောသူကလည်း လာခဲ့ပါဟုဆိုစေ" (ဗျာဒိတ် ၂၂း၁၇)။ ဤဖိတ်ခေါ်

ခြင်းကိုကြားပြောရန် အသင်းတော်တစ်ခုလုံးပါဝင်သည်။ ဤဖိတ်ခေါ်ချက်ကို ကြားရသောသူတိုင်း ဤသတင်းစကားကို တောင်ပေါ်မြေပြန့်၌ပဲ့တင်ထပ်စေကာ၊ "လာခဲ့ပါ" ဟုဖိတ်ခေါ်ကြစေ။ . . .

ကယ်တင်ခြင်းသတင်းစကားကိုကြားခဲ့ရသော ထောင်ပေါင်းများစွာသောသူတို့သည် အမှုတော်တွင်တက်တက်ကြွကြွပါဝင်နေကြရမည့်အချိန်တွင် ဈေး၌ပျင်းရိနေကြသူများရှိနေကြသည်။ ခရစ်တော်သည် ထိုသူတို့အား "သင်တို့သည် တစ်နေ့လုံးအလုပ်ကိုမလုပ်ဘဲ ဤအရပ်၌အဘယ်ကြောင့်နေကြသနည်း။ . . . သင်တို့သည်လည်း ငါ့စပျစ်ဥယျာဉ်သို့သွားကြ" ဟုမိန့်တော်မူသည်။ မဿဲ ၂၀း၆၊၇။ အဘယ်ကြောင့် သာ၍များစွာသောသူတို့သည် ခေါ်တော်မူခြင်းကိုမတုံ့ပြန်ကြသနည်း။ သူတို့အားတရားပလ္လင်တွင်တရားဟောရန် မဖိတ်ခေါ်ခြင်းကြောင့်လော။ ဆက်ကပ်သည့်ထောင်ပေါင်းများစွာသော သာမန်အသင်းသူ၊ အသင်းသားများအတွက် စင်မြင့်တရားပလ္လင်၌တရားဟောခြင်းအပြင်၊ အခြားအလုပ်များစွာရှိကြောင်းကို နားလည်သဘောပေါက်စေရမည်။

မိမိအစွမ်းအစရှိသည်အတိုင်း ကိုယ်တော်အတွက်လူတိုင်းလုပ်ဆောင်နိုင်ရန် တာဝန်ထမ်းရွက်လိုသောစိတ်သဘောသည် အသင်းတော်တစ်ခုလုံး၌ရှိစေရန် ဘုရားသခင်သည် ကြာမြင့်စွာစောင့်တော်မူခဲ့သည်။ ဘုရားသခင့်အသင်းတော်၏အသင်းသူ၊ အသင်းသားတို့သည် ဧဝံဂေလိတရားဟောရန်၊ စေခိုင်းချက်ကိုပြည့်စုံစေရန် ပေးထားသည့်အလုပ်ကို အိမ်ထောင်စု၌သော်လည်းကောင်း၊ နိုင်ငံရပ်ခြား၌သော်လည်းကောင်း လုပ်အပ်သောနယ်ပယ်တွင်လုပ်ဆောင်သောအခါ၊ ကမ္ဘာတစ်ခုလုံးကို တစ်ခဏတာအတွင်းသတိပေးပြီးဖြစ်ကာ၊ သခင်ယေရှုသည် ဘုန်းတန်ခိုးကြီးမားသောအာနုဘော်ဖြင့် ဤမြေကြီးသို့ကြွလာတော်မူလိမ့်မည်။ "လူမျိုးအပေါင်းတို့အား သက်သေဖြစ်မည်အကြောင်း နိုင်ငံတော်နှင့်ယှဉ်သောဧဝံဂေလိတရားကို လောကီနိုင်ငံအရပ်ရပ်ရှိသမျှတို့၌ ဟောရလိမ့်မည်။ သို့ပြီးမှအဆုံးသည်ဖြစ်လတ္တံ့" (မဿဲ ၂၄း၁၄)။

–o–





ဧပြီ (၂၆)

## "ကျွန်ုပ်တို့ဘဏ္ဍာအားလုံးသည်ဘုရားသခင်အတွက်"

**"သင်တို့သည် အဖိုးမပေးဘဲကျေးဇူးတော်ကိုခံရကြပြီဖြစ်၍ အဖိုးမခံဘဲပေးကမ်းကြလော့" (မဿဲ ၁၀း၈)။**

ဘုရားသခင်ထံမှ လူတို့ရရှိသောအရာအားလုံးသည် ဘုရားသခင်နှင့်သက်ဆိုင်နေသေးသည်။ ကိုယ်တော်သည် ကျွန်ုပ်တို့၏လက်ထဲတွင်ပေးအပ်သည့် ဤမြေပေါ်ရှိတန်ဖိုးရှိသောအရာ၊ လှပသောအရာတိုင်းသည် ကိုယ်တော်ကိုမည်မျှချစ်ကြောင်းနှင့် ထိုအရာများအတွက်မည်မျှတန်ဖိုးထားကြောင်းကို ဆန်းစစ်ရန်နှင့်တုံ့ပြန်ရန်ဖြစ်သည်။ ၎င်းသည် ကြွယ်ဝချမ်းသာခြင်း သို့တည်းမဟုတ် ဉာဏ်ပညာတစ်ခုခုဖြစ်စေ၊ ၎င်းတို့ကိုယေရှု၏ခြေတော်ရင်းတွင် လိုလိုလားလားဆက်ကပ်၍ချထားရမည်။ (5T, p. 736).

မိမိတပည့်တော်တို့အား "လောကီနိုင်ငံအရပ်ရပ်ရှိသမျှသို့သွား၍၊ ဝေနေယျသတ္တဝါအပေါင်းတို့အား ဧဝံဂေလိတရားကိုဟောကြလော့" ဟု တာဝန်ပေးစေခိုင်းရာ၌၊ ခရစ်တော်သည် မိမိကျေးဇူးတော်သိရှိခြင်းကျယ်ပြန့်အောင် လုပ်ဆောင်သောအလုပ်ကို လူတို့အားတာဝန်ပေးသည်။ လူတချို့ကိုတရားဟောရန်စေလွှတ်စဉ် အခြားသူတို့မူကား၊ ဤကမ္ဘာပေါ်ရှိမိမိအမှုတော်ကိုထောက်ပံ့ပေးသည့်အလှူငွေများကိုပေးရန် ကိုယ်တော်ခေါ်တော်မူသည်။ (9T, p. 255).

လူတိုင်းအလှူငွေများများမပေးနိုင်ပါ။ လူတိုင်းကြီးမားသောအလုပ်၊ ခမ်းနားသောအမှုကိုမဆောင်ရွက်နိုင်ကြပါ။ သို့ရာတွင် လူအားလုံးသည် မိမိတို့အလိုကိုငြင်းပယ်နိုင်သည်။ ကယ်တင်ရှင်၏တစ်ကိုယ်ကောင်းမဆန်မှုကို ဖော်ပြနိုင်ကြသည်။ လူအချို့သည် ထာဝရဘုရား၏ဘဏ္ဍာတိုက်တွင် အလှူငွေမြောက်မြားစွာယူဆောင်လာနိုင်သည်။ အချို့မူကား၊ အနည်းငယ်မျှသာယူဆောင်လာနိုင်သည်။ သို့သော် ရိုးသားမှုနှင့်ယူဆောင်လာသမျှကို ထာဝရဘုရားလက်ခံတော်မူသည်။ (9T, pp. 54,55).

လူများစွာတို့သည် မိမိတို့အလိုငြင်းပယ်ခြင်းအားဖြင့် ဘုရားသခင်၏အမှုတော်အတွက် မည်မျှများများဆုတောင်းနိုင်ခဲ့ကြသည်ကို အံ့သြကြလိမ့်မည်။ ဆက်ကပ်ခြင်းဖြင့်စုဆောင်းသောငွေအနည်းငယ်သည် ဆက်ကပ်ခြင်းမရှိဘဲလှူဒါန်းသောငွေများစွာထက် ဘုရားသခင်၏အမှုတော်တည်ဆောက်ရာ၌ များစွာပြီးမြောက်စေနိုင်သည်။ (9T, pp. 157,158).

ရက်ရောခြင်းစိတ်ဓာတ်သည် ကောင်းကင်နိုင်ငံ၏စိတ်ဓာတ်ပင်ဖြစ်သည်။ ခရစ်တော်၏မိမိကိုယ်ကိုဆက်ကပ်သောမေတ္တာသည် လက်ဝါးကပ်တိုင်ပေါ်၌ထင်ရှားလျက်ရှိသည်။ လူတို့ကိုကယ်တင်အံ့သောငှာ ကိုယ်တော်သည် မိမိ၌ရှိသမျှသာမက၊ မိမိကိုယ်ကိုပေးအပ်တော်မူခဲ့သည်။ ခရစ်တော်၏လက်ဝါးကပ်တိုင်သည် မင်္ဂလာရှိသောကယ်တင်ရှင်၏နောက်လိုက်တိုင်းအား ရက်ရောခြင်းကိုတောင်းဆိုနေသည်။ လက်ဝါးကပ်တိုင်ဖော်ဆောင်သောဥပဒေမှာ ပေးပါ၊ ပေးပါဟူ၍ဖြစ်သည်။. . . လောက၏ဥပဒေသမူကား ရယူပါ၊ ရယူပါဟူ၍ဖြစ်သည်။

ခရစ်တော်၏လက်ဝါးကပ်တိုင်မှ တောက်ပသောဧဝံဂေလိ၏အလင်းတရားသည် တစ်ကိုယ်ကောင်းဆန်ခြင်းကို ပြစ်တင်ရှုတ်ချသည်။. . . များစွာသောဘုရားသခင်၏လူတို့သည် လောကီဆန်ခြင်းနှင့်လောဘကြီးခြင်းအန္တရာယ်ကြုံနေရကြသည်။ မိမိတို့၏ပိုင်ဆိုင်မှုများကို သာ၍များများတောင်းဆိုသောအရာမှာ ကိုယ်တော်၏သနားခြင်းကရုဏာဖြစ်ကြောင်း သူတို့နားလည်ရမည်။ ထို့ကြောင့်ကိုယ်တော်သည် မိမိ၏ကောင်းချီးများကို ဤကမ္ဘာတွင်ဝေငှရန် လူတို့အားကြားခံဖြစ်စေသည်။ လူသည် မိမိ၏ဖန်ဆင်းရှင်ကဲ့သို့ဖြစ်လာရန်၊ အကျင့်စာရိတ္တ၌ စေတနာသဒ္ဓါထက်သန်ပြီး ကိုယ်ကျိုးမရှာရန်နှင့် အဆုံးတွင်ခရစ်တော်နှင့်အတူ ထာဝရဘုန်းအသရေနှင့်ပြည့်စုံသောရလဒ်ကို အတူရရှိရန်အလို့ငှာ ဘုရားသခင်သည် စေတနာသဒ္ဓါထက်သန်ခြင်းစနစ်ကို စီစဉ်တော်မူခဲ့သည်။ (9T, pp. 254,255).

–၀–



ဧပြီ (၂၇)

## "အသက်နှစ်ချောင်း"

**"ငါတို့သည် ခမည်းတော်နှင့်လည်းကောင်း၊ သားတော်ယေရှုခရစ်နှင့်လည်းကောင်း မိတ်သဟာယဖွဲ့ရသည်" (၁ယော ၁း၃)။**

ကျွန်ုပ်တို့၏အလုပ်တွင် ဘုရားသခင်နှင့်ဆက်ဆံခြင်း၏လက်တွေ့ရလဒ်များထက် သာ၍လိုအပ်သောအရာမရှိချေ။ ကျွန်ုပ်တို့သည် ကယ်တင်ရှင်၌ငြိမ်သက်နားနေခြင်းရှိကြောင်းကို ကျွန်ုပ်တို့၏နေ့စဉ်အသက်တာအားဖြင့် ပြသရမည်။ စိတ်နှလုံးထဲ၌ရှိသော ကိုယ်တော်၏ငြိမ်သက်ခြင်းသည် မျက်နှာတွင်တောက်ပနေရမည်။. . . ဘုရားသခင်နှင့်ဆက်ခံခြင်းသည် အကျင့်စာရိတ္တနှင့်အသက်တာကိုမြင့်မြတ်စေသည်။ ရှေးဦးတပည့်တော်များကဲ့သို့ပင် ကျွန်ုပ်တို့သည် ယေရှုနှင့်အတူရှိနေခဲ့ကြောင်းကို လူများအသိအမှတ်ပြုကြလိမ့်မည်။ ဤအရာသည် အမှုတော်ဆောင်အား မည်သည့်အရာကမျှမပေးစွမ်းနိုင်သောတန်ခိုးကိုပေးလိမ့်မည်။ သူသည် ဤတန်ခိုးကိုရရှိခြင်းမှ မိမိကိုယ်ကိုပိတ်ပင်ရမည်မဟုတ်ချေ။ ကျွန်ုပ်တို့သည် တွေးခေါ်သောအသက်နှင့်လုပ်ဆောင်သောအသက်၊ ဆိတ်ငြိမ်စွာဆုတောင်းသောအသက်နှင့် စိတ်အားထက်သန်စွာအလုပ်လုပ်သောအသက်ဟူသော အသက်နှစ်ချောင်းရှိရမည်။ (MH, p. 512).

ဘုရားသခင်၏လေ့ကျင့်မှုအောက်ရှိလူအားလုံးသည် မိမိတို့၏ကိုယ်ပိုင်စိတ်နှလုံးနှင့်သော်လည်းကောင်း၊ သဘာဝတရားနှင့်သော်လည်းကောင်း၊ ဘုရားသခင်နှင့်သော်လည်းကောင်း ရင်းရင်းနှီးနှီးဖြစ်ရန် ဆိတ်ငြိမ်သောအချိန်လိုအပ်သည်။. . . ကျွန်ုပ်တို့သည် တစ်ဦးချင်းစီအလိုက် စိတ်နှလုံးထဲ၌ ဘုရားသခင်စကားပြောသံကိုကြားသိရမည်။ အခြားအသံအားလုံးသည် တိတ်ဆိတ်လျက်၊ ဆိတ်ငြိမ်သောအချိန်၌ ကိုယ်တော်ကိုစောင့်သောအခါ၊

စိတ်နှလုံး၏တိတ်ဆိတ်နေခြင်းသည် ဘုရားသခင်၏အသံတော်ကို သာ၍သဲကွဲစေသည်။ ဘုရားသခင်ကလည်း "ငြိမ်ဝပ်လျက်နေကြလော့။ ငါကား၊ ဘုရားသခင်ဖြစ်သည်ဟုသိမှတ်ကြလော့" ဟု ကျွန်ုပ်တို့အားဖိတ်ကြားသည်။ ဆာလံ ၄၆း၁၀။ ဤအရာသည် ဘုရားသခင်အတွက်လုပ်ဆောင်ရန် ထိရောက်သောပြင်ဆင်ခြင်းပင်ဖြစ်သည်။ လောနေသောလူအုပ်အလယ်နှင့် အသက်တာ၏ပြင်းထန်သောအလုပ်များ၏ဒဏ်ချက်များအလယ်၌ ထိုသို့အားသစ်လောင်းခြင်းခံရသောသူကို ငြိမ်သက်ခြင်းနှင့်အလင်းတရားများက ဝန်းရံလျက်ရှိသည်။ သူသည် ကာယခွန်အားနှင့်ဉာဏခွန်အားနှစ်ခုစလုံးကို အသစ်ရရှိလိမ့်မည်။ သူ့အသက်သည် မွေးရနံ့ကိုရှုထုတ်ကာ၊ လူတို့စိတ်နှလုံးကိုရောက်ရှိမည့် ဘုရားတန်ခိုးကိုပြသလိမ့်မည်။ (MH, p. 58).

များစွာသောသူတို့သည် မိမိတို့ဘုရားရှိခိုးနေကြစဉ်မှာပင် ဘုရားသခင်နှင့်စစ်မှန်သည့်ရင်းနှီးသောဆက်ဆံမှုမျိုးကို မရရှိကြချေ။ သူတို့သည် အလောတကြီးဖြစ်နေကြသည်။ သွက်လက်သောခြေလှမ်းများဖြင့် ခရစ်တော်၏ချစ်စဖွယ်ရှေ့တော်မှောက်ကို ဖြတ်ကျော်ကြသည်။ ဘုရားသခင်၏ရှေ့တွင် ခဏမျှရပ်ကောင်းရပ်ကြပေလိမ့်မည်။ သို့သော် အကြံပြုချက်ကိုမစောင့်ကြတော့ချေ။ သူတို့သည် ဘုရားဆရာကြီးနှင့်အတူနေရန် အချိန်မပေးနိုင်ကြချေ။ သူတို့၏ဝန်ထုပ်များနှင့် မိမိတို့၏အလုပ်ထဲသို့ပြန်ဝင်သွားကြသည်။

ဤအမှုဆောင်တို့သည် ခွန်အား၏လျှို့ဝှက်ချက်ကိုမသင်ယူမချင်း အမြင့်ဆုံးသောအောင်မြင်မှုကို ဘယ်အခါမျှရရှိမည်မဟုတ်ချေ။ သူတို့သည် ကာယ၊ ဉာဏ၊ ဝိဉာဏတန်ခိုးအားသစ်လောင်းရန်အတွက် ဘုရားသခင်ကို စဉ်းစား၊ ဆုတောင်း၊ စောင့်နေရန်အချိန်ပေးကြရမည်။ သူတို့သည် ကိုယ်တော့်ဝိညာဉ်တော်၏အားပေးသည့် ဩဇာအရှိန်ကိုလိုအပ်ကြသည်။ ဤအရာကိုရရှိခြင်းဖြင့် လန်းဆန်းသောအသက်တာအားဖြင့် ထက်မြက်လာကြလိမ့်မည်။ (Ed, pp. 260,261).

–o–



ဧပြီ (၂၈)

## "အထင်မှားသောစိတ်အားထက်သန်မှု"

**"ထိုသူတို့သည် မှန်သောပညာမရှိသော်လည်း၊ ဘုရားသခင်ဘက်၌စိတ်အားကြီးသည်ဟု သူတို့အဖို့ငါသက်သေခံ၏" (ရောမ ၁၀း၂)။**

ဦးတည်ချက် သို့မဟုတ် ရည်မှန်းချက်မရှိ၊ ပညာအမြော်အမြင်အတိုင်းလည်းမဟုတ်၊ အဆင်အခြင်မဲ့လုပ်ဆောင်၍၊ ဖျက်ဆီးတတ်သောရလဒ်ဖြစ်ပေါ်စေသည့် ပျာလောင်သောစိတ်အားထက်သန်မှုမျိုးရှိသည်။ ဤအရာမှာခရစ်ယာန်တို့၏စိတ်အားထက်သန်ခြင်းမျိုးမဟုတ်ချေ။ ခရစ်ယာန်စိတ်အားထက်သန်မှုကို စည်းကမ်းဥပဒေများကထိန်းချုပ်ပြီး၊ ပြတ်တောင်းပြတ်တောင်းအရာမျိုးမဟုတ်ချေ။ ၎င်းသည်ဇွဲရှိသည်၊ နက်နဲသည်၊ ခွန်အားလည်းရှိသည်။ စိတ်ဝိညာဉ်တစ်ခုလုံးကိုဆွဲဆောင်ပြီး၊ ကိုယ်ကျင့်အာရုံခံစားမှုကိုကျင့်သုံးနိုင်ရန် နှိုးဆွပေးသည်။

ဝိညာဉ်ကယ်တင်ရေးနှင့်ဘုရားသခင့်နိုင်ငံတော်၏အကျိုးကိုဆောင်ခြင်းသည် အရေးကြီးဆုံးသောအရေးများပင်ဖြစ်သည်။ ဝိညာဉ်များကယ်တင်ခြင်းနှင့် ဘုရားသခင်၏ဘုန်းတော်ထက်သာ၍ကြီးမားသော စိတ်အားထက်သန်မှုဖြင့်လုပ်ဆောင်ရမည့်အရာသည်အဘယ်နည်း။ ပေါ့ပေါ့တန်တန်သဘောမထားဘဲ စဉ်းစားရမည့်အရာရှိနေသည်။ ၎င်းတို့သည် ထာဝရကာလနှင့်အမျှအရေးကြီးသည်။ ထာဝရခရီးလမ်းဆုံးသည် အန္တရာယ်သို့ရောက်ရှိနေသည်။ ယောကျာ်းမိန်းမတို့သည် ကောင်းမွန်ခြင်း သို့မဟုတ် ဝမ်းနည်းခြင်းတစ်ခုခုအတွက် ဆုံးဖြတ်ချက်ချနေကြသည်။ ခရစ်ယာန်စိတ်အားထက်သန်မှုသည် အပြောနှင့်မပြီးဘဲ၊ အင်အားနှင့်အကျိုးရှိရှိလုပ်ဆောင်မှုဖြင့် ပြသလိမ့်မည်။

သို့ရာတွင် ခရစ်ယာန်စိတ်အားထက်သန်မှုသည် လူအများမြင်စေရန်အတွက်သာ လုပ်ဆောင်မည်မဟုတ်ချေ။ ပြုလေသမျှတို့၌ စိတ်နှိမ့်ချခြင်း၏လုပ်ဆောင်မှုကိုမြင်တွေ့ရမည်။ ခရစ်ယာန်စိတ်အားထက်သန်မှုသည် စိတ်ပါလက်ပါ ဆုတောင်းခြင်း၊ စိတ်နှိမ့်ချခြင်းနှင့် အိမ်ထောင့်တာဝန်များအပေါ်သစ္စာရှိခြင်းသို့ပို့ဆောင်ပေးသည်။ မိသားစုထဲတွင် ခရစ်ယာန်စိတ်ထက်သန်မှု၏ထာဝရအသီးများဖြစ်သော သိမ်မွေ့ခြင်းနှင့်ချစ်ခြင်း၊ ရက်ရောမှုနှင့်သနားကြင်နာခြင်းတို့ကို မြင်တွေ့ရလိမ့်မည်။ . .

ဝိညာဉ်များ၏တန်ဖိုးကို သိရှိခံစားသူနည်းလှသည်တကား။ ဝိညာဉ်များသည် ခရစ်တော်ကိုသိရှိနိုင်ရန် လိုလိုလားလားဆက်ကပ်သူနည်းပါးလှသည်။ ပျက်စီးနေသောဝိညာဉ်များကိုချစ်ပါသည်ဟူသော အပြောများစွာရှိသည်။ သို့ရာတွင်ဤအရာသည် အဖျင်းသာဖြစ်သည်။ အရာတစ်ခုခုကိုပြုလုပ်ခြင်းဖြင့်ပြသသော ခရစ်ယာန်စိတ်ထက်သန်မှုလိုအပ်သည်။ လူတိုင်းသည် ယခုမိမိတို့အတွက်လုပ်ဆောင်ကြရမည်။ သူတို့သည် စိတ်နှလုံးထဲတွင် ယေရှုကိုပိုင်ဆိုင်လာသောအခါ၊ သူတို့သည် ကိုယ်တော်အကြောင်းကို သူတစ်ပါးထံဝန်ခံပြောကြားလိမ့်မည်။ ခရစ်တော်ကိုပိုင်ဆိုင်သူအား ကိုယ်တော်အတွက်သက်သေခံခြင်းမှတားဆီးရန်မှာ နိုဂါးရား (Niagara) ရေတံခွန်ကြီးကို စီးဆင်းခြင်းမှရပ်တန့်စေခြင်းထက် သာ၍ခက်ခဲလိမ့်မည်။ (2T, pp. 232,233).

ခရစ်ယာန်တိုင်း၏နက်နဲဆုံးသောစိတ်ဝင်စားမှုသည် ထာဝရအသက်ဖြစ်ရမည်။ ခရစ်တော်နှင့်အတူလုပ်ဆောင်သူများနှင့် ကြီးမားသောကယ်တင်ခြင်းစီမံကိန်း၌ ကောင်းကင်စေတမန်များဖြစ်ကြရမည်။ ဤအလုပ်နှင့်အခြားမည်သည့်အလုပ်ကို နှိုင်းယှဉ်မည်နည်း။ ဝိညာဉ်တစ်လုံးကယ်တင်ခြင်းခံရမှုတိုင်းမှ ကယ်တင်ခြင်းခံရသူနှင့်၊ ၎င်း၏ကယ်တင်ခြင်းအတွက် တန်ဆာပလာဖြစ်သောသူတို့၌ ရောင်ပြန်ဟပ်မည့် ဘုရားသခင်၏ဘုန်းအသရေသက်ရောက်လျက်ရှိသည်။ (2T, p. 232).

–၀–



ဧပြီ (၂၉)

## "နှိုင်ခံ့သောအုတ်မြစ်"

**"သို့သော်လည်း သခင်ဘုရားသည် မိမိလူတို့ကိုသိကျွမ်းတော်မူ၏ဟူ၍လည်းကောင်း၊ သခင်ဘုရား၏နာမတော်ကိုဝန်ခံသောသူမည်သည်ကား၊ မတရားသောအမှုကိုရှောင်ရမည်ဟူ၍လည်းကောင်း တံဆိပ်ခတ်လျက်ရှိသော ဘုရားသခင်၏တိုက်မြစ်သည် ခိုင်ခံ့၍တည်၏" (၂တိမောသေ ၂း၁၉)။**

ထာဝရဘုရားသည် သံမဏိကဲ့သို့မာကျော၍၊ လိပ်သည်းကျောက်ကျောက်ဆောင်ကဲ့သို့ ယုံကြည်ခြင်း၌ခိုင်ခံ့သောလူတို့ကို ပိုင်ဆိုင်တော်မူမည်။ သူတို့သည် ဤလောကတွင် ကိုယ်တော်၏သက်သေခံများဖြစ်ကြရမည်ဖြစ်ကာ၊ ကိုယ်တော်၏ပြင်ဆင်ခြင်းနေ့ရက်အချိန်တွင် အထူးကြီးကျယ်သောအလုပ်ကိုလုပ်ဆောင်ရန် ကိုယ်တော်၏တန်ဆာပလာများဖြစ်ကြရမည်။ . .

သမ္မာတရားကိုစိတ်ပါလက်ပါဟောခဲ့ကြသော တရားဟောဆရာတို့သည်ဖောက်ပြန်၍ ကျွန်ုပ်တို့ရန်သူအဆင့်များနှင့်ပူးပေါင်းနိုင်သည်။ သို့သော်ဤဖြစ်ရပ်သည် ဘုရားသခင်၏သမ္မာတရားကိုလိမ်လည်မှုအဖြစ်သို့ ပြောင်းလဲနိုင်သလော။ တမန်တော်ပေါလုက "သို့သော်လည်း . . ဘုရားသခင်၏တိုက်မြစ်သည် ခိုင်ခံ့၍တည်၏" ဟုဆိုထားသည်။ လူတို့၏ယုံကြည်ခြင်းနှင့်ခံစားချက်တို့သည် ပြောင်းလဲနိုင်သော်လည်း၊ ဘုရားသခင်၏သမ္မာတရားမူကား၊ ဘယ်သောအခါမျှမပြောင်းလဲချေ။ . .

ဘုရားသခင်အသက်ရှင်တော်မူသည်နည်းတူ ကျွန်ုပ်တို့၌သမ္မာတရားရှိသည်။ စာတန်သည် မိမိ၏အတတ်ပညာ၊ အစွမ်းတန်ခိုးဖြင့် ဘုရားသခင်၏သမ္မာတရားကို လိမ်လည်မှုအဖြစ်သို့မပြောင်းလဲနိုင်ချေ။ မဟာရန်သူက

ဘုရားသခင်၏နှုတ်ကပတ်တော်သည် မည်သည့်အကျိုးသက်ရောက်မှုမျှမရှိစေရန် အစွမ်းကုန်ကြိုးစားနေစဉ်၊ သမ္မာတရားသည် ထွန်းလင်းနေသောမီးခွက်ကဲ့သို့ ဆက်လက်ရှေ့ဆက်နေမည်။

ထာဝရဘုရားသည် ကျွန်ုပ်တို့ကိုသီးသန့်ဆွဲထုတ်၍ မိမိ၏အံ့ဖွယ်ကရုဏာတော်ကို ခံစားစေတော်မူသည်။ ဖောက်ပြန်သူတို့၏ပရမ်းပတာပြောဆိုမှုများသည် ကျွန်ုပ်တို့ကိုဆွဲဆောင်မည်လော။ ကျွန်ုပ်တို့သည် စာတန်နှင့်သူ့အပေါင်းအပါတို့နှင့် ရပ်တည်ကြမည်လော။ ထိုသို့ပြုမည့်အစား၊ ကျွန်ုပ်တို့၏ဆုတောင်းချက်သည် "ကိုယ်တော်၊ အကျွန်ုပ်နှင့်စာတန်အကြားတွင် ရန်ငြိုးဖွဲ့စေတော်မူပါ" ဟူ၍ဖြစ်ရမည်။ အကယ်၍ ကျွန်ုပ်တို့သည် စာတန်၏မှောင်မိုက်အလုပ်နှင့်ရန်ဘက်မဖြစ်နေလျှင်၊ သူသည် သင့်ကိုခိုင်မာစွာခြံခတ်ကာ၊ သင့်စိတ်နှလုံးထဲသို့ အချိန်မရွေးအဆိပ်များထိုးသွင်းရန် အဆင်သင့်ရှိနေသည်။ ကျွန်ုပ်တို့သည် သူ့ကိုသေစေနိုင်သောရန်သူကဲ့သို့မှတ်ယူရမည်။ ခရစ်တော်၏နာမဖြင့် သူ့ကိုဆန့်ကျင်ရမည်။ ကျွန်ုပ်တို့၏အလုပ်သည် ရှေ့ဆက်သွားနေသည်။. . . ခရစ်တော်၏နာမတော်ကိုခံယူသူအားလုံးသည် မိမိတို့ကိုယ်ကို ဖြောင့်မတ်ခြင်းစစ်ဝတ်စုံကိုဝတ်ဆင်ကြစေ။. . .

ကျွန်ုပ်တို့ယုံကြည်သည့်အရာကို အဘယ်ကြောင့်ယုံကြည်သည်ကို သိရမည့်အချိန်ရောက်ရှိလာပြီ။. . . ထာဝရအသက်ကိုမြဲမြံစွာကိုင်ဆွဲနိုင်စေခြင်းငှာ၊ လာမည့်အချိန်အတွက် ခိုင်ခံ့သောတိုက်မြစ်ကို မိမိတို့အတွက်ချထားရမည်။ ကျွန်ုပ်တို့သည် မိမိတို့၏ကိုယ်ပိုင်ခွန်အားဖြင့်မဟုတ်ဘဲ၊ ကျွန်ုပ်တို့၏ထမြောက်တော်မူသော သခင်ဘုရား၏ခွန်အားဖြင့် လုပ်ဆောင်ကြရမည်။ ယေရှုအတွက်ရဲရင့်စွာ မည်သည့်အရာကိုလုပ်ဆောင်ကြမည်နည်း။ (4T, pp. 594-597).

–ဝ–



ဧပြီ (၃၀)

## "ကောင်းကင်နိုင်ငံသည်သင့်အားစောင့်နေသည်"

**"ခမည်းတော်သည် ငါ့ကိုစေလွှတ်တော်မူသည်နည်းတူ၊ သင်တို့ကိုငါစေလွှတ်သည်" (ယောဟန် ၂၀း၂၁)။**

တပည့်တော်များအကြောင်းနှင့်ပတ်သက်၍ "တပည့်တော်တို့သည်လည်းထွက်သွား၍၊ သခင်ဘုရားသည် မစတော်မူသည်နှင့်လည်းကောင်း၊ သူတို့၌ဖြစ်သောနိမိတ်လက္ခဏာအားဖြင့် နှုတ်ကပတ်တရားတော်ကိုတည်စေတော်မူသည်နှင့်လည်းကောင်း ခပ်သိမ်းသောအရပ်တို့၌ တရားဟောကြ၏" ဟုမှတ်တမ်းတင်ထားသည်။ မာကု ၁၆း၂၀။ ခရစ်တော်သည် မိမိ၏တပည့်တော်များကိုစေလွှတ်ခဲ့သကဲ့သို့၊ မိမိအသင်းတော်၏အသင်းသူ၊ အသင်းသားများကို ယနေ့စေလွှတ်တော်မူသည်။ တပည့်တော်များ၌ရှိခဲ့သောအလားတူတန်ခိုးသည် သူတို့အတွက်ဖြစ်သည်။ အကယ်၍သူတို့သည် ဘုရားသခင်၏ခွန်အားကိုအားကိုးသော်၊ ကိုယ်တော်သည် သူတို့နှင့်အတူလုပ်ဆောင်၍၊ သူတို့၏အလုပ်သည် အချည်းနှီးဖြစ်မည်မဟုတ်ချေ။ သူတို့လုပ်ဆောင်သောအလုပ်သည် ထာဝရဘုရားက မိမိ၏တံဆိပ်တော်ခတ်သောအလုပ်ဖြစ်ကြောင်းကို သူတို့သဘောပေါက်ကြစေ၊ ဘုရားသခင်သည် ယေရမိအား "အကျွန်ုပ်သည် သူငယ်ဖြစ်ပါ၏ဟုမပြောနှင့်။ အကြင်သူရှိရာသို့သင့်ကိုငါစေလွှတ်၏။ ထိုသူရှိရာသို့ သင်သွားရမည်။ အကြင်စကားကိုငါမှာထား၏။ ထိုစကားကိုသင်ဆင့်ဆိုရမည်။ သူတို့ကိုမကြောက်နှင့်။ သင့်ကိုကယ်နုတ်ခြင်းငှာ သင်နှင့်အတူငါရှိသည်" ဟုမိန့်တော်မူအပြီးတွင် ကိုယ်တော်သည် လက်တော်ကိုဆန့်၍ သူ၏နှုတ်ကိုတို့တော်မူကာ "သင်၏နှုတ်၌ငါ့စကားကိုငါသွင်းထားပြီ" ဟုမိန့်တော်မူခဲ့သည်။ ယေရမိ ၁း၇–၉။ ကျွန်ုပ်တို့၏နှုတ်တွင် ကိုယ်တော်၏သန့်ရှင်းသောအတို့အထိကိုခံစားရလျက်၊ ကိုယ်တော်ပေးတော်မူသောစကားကို ထွက်၍ဟောပြောရန် ဘုရားသခင်သည် ကျွန်ုပ်တို့ကိုတောင်းဆိုတော်မူသည်။

ဘုရားသခင်သည် အသင်းတော်သို့မွန်မြတ်သောတာဝန်ကို ပေးတော်မူသည်။ အသင်းသူ၊ အသင်းသားတိုင်းသည် ရှာဖွေမရနိုင်သည့် ခရစ်တော်၏ကြွယ်ဝမှုတည်းဟူသော ကိုယ်တော်၏ကျေးဇူးတော်ဘဏ္ဍာကို ဘုရားသခင်သည် လောကသားတို့ကိုဆက်သွယ်နိုင်သော လမ်းကြောင်းများဖြစ်ကြရမည်။ ကိုယ်စားလှယ်တို့သည် မိမိ၏ဝိညာဉ်တော်နှင့် မိမိ၏ဂုဏ်တော်ကို လောကသို့ဖော်ပြသည်အရာထက် ကယ်တင်ရှင်အလိုရှိသောအရာမရှိချေ။ လူသားဇာတိဖြင့် ကယ်တင်ရှင်၏မေတ္တာကို ကမ္ဘာပေါ်သို့ဖော်ပြခြင်းထက် သာ၍လိုအပ်သောအရာဘာမျှမရှိပါ။ ကောင်းကင်တစ်ခုလုံးသည် ဘုရားသခင်သည် သူတို့အားဖြင့် ခရစ်ယာန်သာသနာ၏တန်ခိုးကိုဖော်ပြနိုင်မည့် ယောကျ်ား၊ မိန်းမများကို စောင့်ဆိုင်းနေကြသည်။

အသင်းတော်သည် သမ္မာတရားကိုဟောကြားရန်ဟူသည့် အထူးအလုပ်အတွက်တန်ခိုးပေးထားသော ဘုရားသခင်၏ကိုယ်စားလှယ်ဖြစ်သည်။ အကယ်၍အသင်းတော်သည် ကိုယ်တော်အပေါ်သစ္စာရှိ၍၊ ကိုယ်တော်၏မိန့်မှာချက်များကိုနားထောင်လျှင်၊ ဘုရားသခင့်ကျေးဇူးတော်၏ထူးမြတ်ခြင်းသည် အသင်းတော်ထဲ၌တည်နေလိမ့်မည်။ အကယ်၍ အသင်းတော်သည် သစ္စာစောင့်သိ၍ ဣသရေလတို့၏ထာဝရဘုရားသခင်ကိုဂုဏ်ပြုလျှင်၊ အသင်းတော်ကိုမည်သည့်တန်ခိုးအာဏာကမျှ ဆန့်ကျင်နိုင်မည်မဟုတ်။

ဘုရားသခင်အတွက်နှင့် အမှုတော်အတွက်စိတ်ထက်သန်မှုသည် ကြီးမားသောတန်ခိုးနှင့်ဧဝံဂေလိတရားကိုသက်သေခံရန် တပည့်တော်များကို တွန်းပေးလိမ့်မည်။ ကျွန်ုပ်တို့စိတ်နှလုံးထဲမှ မီးကဲ့သို့စိတ်အားထက်သန်စွာဖြင့် ကယ်တင်သောချစ်ခြင်းမေတ္တာအကြောင်းနှင့် ခရစ်တော်နှင့်သူ၏အသေခံခြင်းအကြောင်းကိုဟောပြောရန် စိတ်ပိုင်းဖြတ်ခြင်းမရှိသေးသလော။ ကယ်တင်ရှင်၏ကြွလာခြင်းကိုစောင့်နေရုံသာမက၊ လျင်မြန်စေရန်မှာ ခရစ်ယာန်တိုင်း၏အခွင့်ထူးပင်ဖြစ်သည်။ (AA, pp. 599,600).

−ဝ−



မေ (၁)

## “ဘုရားသခင်သည်မိမိလူတို့ကိုလမ်းပြတော်မူမည်”

**“သင်သည် ရေကိုလျှောက်သွားသောအခါ၊ သင်နှင့်အတူငါရှိ၏။ မြစ်တို့ကိုလျှောက်သွားသောအခါ၊ မနစ်မမွန်းရ။ မီးကိုချင်းနင်းသောအခါ၌လည်းမလောင်ရ။ မီးလျှံလည်းမညိရ” (ဟေရှာယ ၄၃း၂)။**

ကမ္ဘာပေါ်တွင် ဘုရားသခင်၏အသင်းတော်တစ်ခုရှိသည်။ ထိုအသင်းတော်ရှိလူတို့သည် ကိုယ်တော်ရွေးချယ်ထားသောသူများ၊ ကိုယ်တော်၏ပညတ်ချက်များကို စောင့်ထိန်းသူများဖြစ်ကြသည်။ ကိုယ်တော်သည် သူတို့အားလမ်းလွဲမသွားအောင် သည်မှာတစ်ယောက်၊ ဟိုမှာတစ်ယောက်မဟုတ်ဘဲ လူတစ်စုအနေဖြင့် လမ်းပြတော်မူသည်။

အမှုတော်မအောင်မြင်မည်ကို သံသယရှိစရာမလိုသကဲ့သို့၊ ကြောက်ရွံ့ရန်လည်းမလိုအပ်ချေ။ ဘုရားသခင်သည် ဤထိပ်ဆုံး၌ရှိပြီး၊ အရာရာကိုစနစ်တကျစီရင်တော်မူမည်။ အကယ်၍ အလုပ်၏ထိပ်ပိုင်းတွင် ညှိနှိုင်းစရာကိစ္စများပေါ်ပေါက်လာခဲ့သော် ဘုရားသခင်သည်ရောက်လာ၍၊ အလုပ်မှအမှားများအားလုံးကို အမှန်ပြုပြင်တော်မူမည်။ ဘုရားသခင်၏လူတို့ကိုသယ်ဆောင်သည့် မြင့်မြတ်သောသင်္ဘောကြီးသည် ဆိပ်ကမ်းသို့လုံခြုံစွာရောက်ရှိနိုင်ရန် ဘုရားသခင်သည်ပို့ဆောင်မူမည်ကိုယုံကြည်ရမည်။

လွန်ခဲ့သောနှစ်များစွာက Maine ပြည်နယ်၊ Portland မြို့မှ Boston မြို့သို့ ကျွန်ုပ်ရေလမ်းခရီးသွားစဉ်တွင်၊ မုန်တိုင်းထန်၍ လှိုင်းလုံးကြီးများသည် ကျွန်ုပ်တို့အားဟိုဘက်သည်ဘက်ရိုက်ပုတ်နေသည်။ သင်္ဘောရွက်များအလုပ်မလုပ်တော့ဘဲ၊ သင်္ဘောကိုယ်ထည်သည် ဘောလုံးကဲ့သို့ ဟိုဘက်

သည်ဘက်လူးလိမ့်နေခဲ့သည်။ ခရီးသည်တို့သည် ကြောက်ရွံ့ကြလျက်၊ များစွာတို့သည်အော်ဟစ်ကြကာ၊ သေခြင်းကိုသာစောင့်မျှော်နေခဲ့ကြတော့သည်။

ခဏကြာပြီးနောက် သင်္ဘောမောင်းသူသည် ကုန်းပတ်ပေါ်တက်လာသည်။ ရေယာဉ်မှူးသည် ပဲ့ကိုင်သူ၏ဘေးနားတွင်ရပ်လျက်ရှိကာ၊ သင်္ဘောဦးတည်ရာလမ်းကြောင်းကို ကြောက်ရွံ့နေဟန်ရှိသည်။ သင်္ဘောမောင်းသူသည် “တက်မကိုထိန်းမလား” ဟုမေးခဲ့သည်။ ရေယာဉ်မှူးသည် အတွေ့အကြုံမရှိသောကြောင့်၊ တက်မကိုင်ရန် အဆင်သင့်ဖြစ်မနေခဲ့ချေ။ ထိုအခါခရီးသည်တချို့သည်သာ၍စိတ်မငြိမ်မသက်ဖြစ်လာကာ၊ သင်္ဘောကိုကျောက်ဆောင်နှင့်တိုက်မိမည်ကို စိုးရိမ်ကြောင်းပြောကြသည်။ သင်္ဘောမောင်းသူက “ခင်ဗျားတို့တက်မကိုထိန်းမလား” ဟုမေးခဲ့သည်။ သို့ရာတွင် သူတို့သည် မည်သို့တက်မကိုင်ရန်မသိကြချေ။

အလုပ်သည် အန္တရာယ်ရှိနေသည်ဟုသင်ထင်သောအခါ၊ “ကိုယ်တော်၊ တက်မကိုကိုင်တော်မူပါ။ ဤရှုပ်ထွေးမှုမှပို့ဆောင်တော်မူပါ။ ဆိပ်ကမ်းသို့ လုံခြုံစွာလမ်းပြတော်မူပါ” ဟုဆုတောင်းပါ။ ထာဝရဘုရားသည် ကျွန်ုပ်တို့ကို အောင်မြင်စွာပို့ဆောင်တော်မူမည်ကို ယုံကြည်ရမည့်အကြောင်းရင်းများ ကျွန်ုပ်တို့၌ရှိသည်။ . . .

သင်၏အကန့်အသတ်ရှိသောအသိဉာဏ်စိတ်သည် ဘုရားသခင်၏ပို့ဆောင်မှုအားလုံးကို နားလည်နိုင်မည်မဟုတ်ချေ။ ဘုရားသခင်အားသူ့၏အမှုကိုစောင့်မလုပ်ဆောင်စေကြပါစို့။ (FLB, p. 282).

–၀–



မေ (၂)

# “စာတန်သည်နှစ်ဆတိုး၍ကြိုးပမ်းနေသည်”

**“ထာဝရဘုရားကိုကြောက်ရွံ့သောသူတို့ပတ်လည်၌ ကောင်းကင်တမန်တော်တို့သည် တပ်ချ၍ကယ်လွှတ်တတ်ကြ၏” (ဆာလံ ၃၄း၇)။**

စာတန်နှင့်သူ၏အပေါင်းအပါတို့၏တန်ခိုးနှင့်ရန်ငြိုးတို့သည် ကျွန်ုပ်တို့ကိုကြောက်လန့်စေနိုင်သော်လည်း၊ ကျွန်ုပ်တို့သည်ခိုလှုံရာ၌ ကယ်တင်ခြင်းကို ကျွန်ုပ်တို့၏ရွေးနုတ်ရှင်၏သာလွန်သောတန်ခိုးတွင် ရှာဖွေတွေ့ရှိနိုင်သည်။ လူဆိုးတို့၏ရန်မှ မိမိတို့၏ပိုင်ဆိုင်မှုများနှင့်အသက်ကိုကာကွယ်ရန် မိမိတို့၏အိမ်များကို ကန့်လန့်ထိုး၊ သော့ခတ်ကာ ဂရုတစိုက်လုံခြုံစေကြသည်။ သို့သော်ကျွန်ုပ်တို့ထံရောက်ရှိရန်အမြဲကြိုးစားနေသော နတ်ဆိုးများ၏တိုက်ခိုက်မှုကို ကျွန်ုပ်တို့ကိုယ်ပိုင်ခွန်အားနှင့် မည်သည့်နည်းအားဖြင့်မျှမတွန်းလှန်နိုင်ကြောင်းကို ကျွန်ုပ်တို့မစဉ်းစားဘူးကြချေ။ အကယ်၍ သူတို့ကိုခွင့်ပြုခဲ့သော်၊ သူတို့သည် ကျွန်ုပ်တို့၏စိတ်ကိုသွေဖည်စေနိုင်သည်။ ကျွန်ုပ်တို့၏ကိုယ်ခန္ဓာကိုဖရိုဖရဲဖြင့်ညှဉ်းဆဲနိုင်သည်။ ကျွန်ုပ်တို့၏ပိုင်ဆိုင်မှုများနှင့်အသက်ကိုလည်းဖျက်ဆီးနိုင်ကြသည်။ သူတို့၏တစ်ခုတည်းသောပျော်ရွှင်မှုမှာ စိတ်ဆင်းရဲစေခြင်းနှင့်ဖျက်ဆီးခြင်းဖြစ်သည်။ ဝိညာဉ်ဆိုးတို့၏ထိန်းချုပ်မှုအောက်သို့ ဘုရားသခင်သည် သူတို့အားပေးသည့်အချိန်တိုင်အောင် ဘုရားသခင်၏ဖိတ်ခေါ်ခြင်းကိုငြင်းဆန်၍ စာတန်၏စုံစမ်းခြင်းနောက်သို့လိုက်သူတို့၏အခြေအနေမှာ အလွန်ကြောက်မက်ဖွယ်ကောင်းသည်။ သို့ရာတွင် ခရစ်တော်နောက်သို့လိုက်သူတို့သည် ကိုယ်တော်၏စောင့်ထိန်းမှုအောက်တွင် အမြဲလုံခြုံလျက်ရှိသည်။ မိမိလူတို့ပတ်လည်၌ ဘုရားသခင်ချထားသော အစောင့်အရှောက်များကို နတ်ဆိုးများမဖြတ်ကျော်နိုင်ချေ။

နှစ်ပေါင်းခြောက်ထောင်မျှဆက်လက်ရှိနေသော ခရစ်တော်နှင့်စာတန်ကြားမဟာတိုက်လှန်ပွဲသည် မကြာမီအဆုံးသတ်တော့မည်။ စာတန်သည် လူတို့ကိုယ်စား ခရစ်တော်၏အမှုတော်ကိုကျဆုံးစေရန်နှင့် မိမိကျော့ကွင်းထဲမှ လူတို့ကို သာ၍ခိုင်မာစွာချုပ်ထားရန် နှစ်ဆကြိုးစားလုပ်ဆောင်နေသည်။ ခရစ်တော်၏ကြားဖျန်ဖြေခြင်းပြီးဆုံး၍ အပြစ်အတွက်ပူဇော်သကာမရှိတော့သည့်အချိန်တိုင်အောင် လူတို့ကိုအမှောင်ထဲမှာနောင်တမရဘဲထိန်းချုပ်ရန်မှာ ပြီးမြောက်အောင်လုပ်ဆောင်နေသည့်ရည်ရွယ်ချက်ဖြစ်သည်။

စာတန်၏တန်ခိုးကိုတွန်းလှန်ရန် အထူးကြိုးစားမှုမရှိဘဲ၊ အသင်းတော်နှင့်ကမ္ဘာပေါ်တွင် လျစ်လျူရှုသောစိတ်များက လွှမ်းမိုးလျက်ရှိသောအခါ၊ စာတန်သည် ပူပန်ခြင်းမရှိချေ။ အကြောင်းမှာ မိမိအလိုအတိုင်းချုပ်နှောင်ခေါ်ဆောင်သောသူတစ်ယောက်ကိုမျှ ဆုံးရှုံးမည့်အန္တရာယ်သူ့၌မရှိသောကြောင့်ဖြစ်သည်။ သို့ရာတွင် ထာဝရနှင့်ဆိုင်သောအရာများကို အာရုံပြုလာ၍၊ လူတို့က "ကယ်တင်ခြင်းသို့ရောက်အံ့သောငှာ ဘာလုပ်ရမည်နည်း" ဟုမေးလာကြသောအခါ၊ သူသည် ခရစ်တော်၏တန်ခိုးကို မိမိတန်ခိုးဖြင့်တိုက်ရန် စစ်မြေပြင်ကိုရောက်ရှိလာသည်။. . . သူသည် လူများဘုရားသခင်ကိုဝတ်ပြုရန်စုရုံးသည့်နေရာများတွင် တက်ရောက်လျက်ရှိသည်။ မြင်ကွင်းမှပျောက်နေသော်လည်း ဝတ်ပြုသူတို့၏စိတ်ကိုထိန်းချုပ်ရန် သူသည်အစွမ်းကုန်လုပ်ဆောင်လျက်ရှိသည်။ (GC, pp. 517,518).

–o–



မေ (၃)

## "ကျွန်ုပ်တို့ရှေ့တွင်အရေးကြီးသောရှုန်းကန်မှု"

**"လူ၏စကားထက် ဘုရားသခင်၏စကားတော်ကိုနားထောင်သင့်ပါ၏" (တမန်တော် ၅း၂၉)။**

ကြီးမားသောကပ်ဘေးသည် ဘုရားသခင်၏လူတို့ကိုစောင့်နေသည်။ ခေတ်ကာလအဆက်ဆက်က အရေးကြီးဆုံးသောရုန်းကန်မှုသည် ကျွန်ုပ်တို့၏ရှေ့နားတွင်ရောက်ရှိလျက်နေသည်။. . . တနင်္ဂနွေနေ့ကို အတင်းအဓမ္မစောင့်စေခြင်းအရေးသည် နိုင်ငံ၏အကျိုးနှင့်အရေးကြီးသောအရာတစ်ခုဖြစ်လာနေပြီ။ ဤလှုပ်ရှားမှု၏ရလဒ်သည် အဘယ်အရာဖြစ်သည်ကို ကျွန်ုပ်တို့ကောင်းစွာသိကြသည်။ သို့ရာတွင် ဤအမိန့်ထုတ်ပြန်ခြင်းအတွက် ကျွန်ုပ်တို့အဆင်သင့်ဖြစ်ပြီလား။ လူတို့အရှေ့၌ရှိသောအန္တရာယ်ကို သူတို့အားသတိပေးရန် ဘုရားသခင်စေခိုင်းချက်ကို ကျွန်ုပ်တို့သည်သစ္စာရှိစွာလုပ်ဆောင်ပြီလား။

သမ္မာကျမ်းစာ၏ဥပုသ်နေ့အကြောင်းဖော်ပြချက်နှင့် တနင်္ဂနွေနေ့စောင့်ခြင်း၏မှားယွင်းသောအခြေအမြစ်ကို လုံးဝနားမလည်ကြသူများစွာရှိနေသည်။ ဘာသာရေးနှင့်ဆိုင်၍ တရားဝင်ဖြစ်စေရန်လှုပ်ရှားမှုမှန်သမျှသည် ရဟန်းမင်းကိုအလျှော့ပေးမှုပြကာ၊ ၎င်းသည် ဩတ္တပ္ပစိတ်၏လွတ်လပ်မှုကို ခေတ်အဆက်ဆက်တိုင်းမှာ ပုံမှန်တိုက်ခိုက်နေသောလုပ်ဆောင်မှုဖြစ်သည်။ တနင်္ဂနွေနေ့စောင့်ခြင်းသည် ခရစ်ယာန်ဟုခေါ်ဆိုသူတို့တည်ထောင်သည့် "ဝှက်ထားလျက်ရှိသောထိုအဓမ္မအရာ" မှစတင်ပေါ်ပေါက်လာခဲ့သည်။ ၎င်းကိုအတင်းအဓမ္မစောင့်စေခြင်းသည် ရောမဝါဒ၏အခြေခံဖြစ်သောစည်းမျဉ်းများကို အသိအမှတ်ပြုခြင်းဖြစ်လိမ့်မည်။ ကျွန်ုပ်တို့နိုင်ငံ (USA) သည် တနင်္ဂနွေနေ့ဥပဒေကိုပြဋ္ဌာန်းရန် ယင်းအစိုးရ၏စည်းမျဉ်းများကို စွန့်ပယ်လာသောအခါ၊

ပရိတက်စတန့်အသင်းတော်များသည် ရဟန်းမင်းနှင့်ဤဥပဒေတွင် လက်တွဲလာကြလိမ့်မည်။ သက်ဦးဆံပိုင်စနစ်ကို တစ်ဖန်အသက်သွင်းရန်စိတ်ပါလက်ပါ လက်ယပ်စောင့်နေသော ဖိနှိပ်ညှဉ်းပန်းမှု၌ အသက်ပေးရခြင်းထက် အခြားမည်သည့်အရာမျှမဖြစ်နိုင်ချေ။ . . .

အကယ်၍ရဟန်းမင်း သို့မဟုတ် ၎င်း၏စည်းမျဉ်းများကို တစ်ဖန်တရားဝင်တန်ခိုးရလာသော်၊ ညှဉ်းဆဲခြင်းမီးသည် လူအများနှစ်သက်သော အမှားများကို လိုက်လျှောက်ခြင်း၌သြတ္တပ္ပစိတ်နှင့် သမ္မာတရားကိုမပေးဆပ်သူတို့အပေါ် တောက်လောင်လိမ့်မည်။ ဤမကောင်းမှုသည်ထွက်ပေါ်လာလျက်ရှိနေသည်။

ကျွန်ုပ်တို့ရှေ့၌ရှိသောအန္တရာယ်များကို ပြသသည့်အလင်းတရားကို ဘုရားသခင်သည် ပေးတော်မူပြီးသောအခါ၊ ၎င်းအလင်းတရားကို လူတို့ရှေ့တွင်ယူဆောင်ရန် ကျွန်ုပ်တို့လျစ်လျူရှုလျှင် ကိုယ်တော်၏ရှေ့မှောက်တွင် မည်ကဲ့သို့ရှင်းလင်းပြတ်သားစွာရပ်တည်နိုင်မည်နည်း။ ဤအရေးကြီးသော အရေးကိစ္စကိုသတိမပေးဘဲ သူတို့ကိုချန်ထားရန် ကျွန်ုပ်တို့အားရကျေနပ်နိုင်မည်လား။...

လောကီအုပ်ချုပ်သူတို့၏ဥပဒေသများသည် စကြဝဠာ၏အထွတ်အထိပ်အုပ်ချုပ်သူ၏ပညတ်ချက်များနှင့်ဆန့်ကျင်လာသောအခါ၊ ဘုရားသခင်၏သစ္စာရှိသောလူတို့သည် ကိုယ်တော်အပေါ်သစ္စာရှိကြလိမ့်မည်။ (5T, pp. 711-713).

–o–







## "သမ္မာကျမ်းစာကို မရမကညှစ်ထုတ်ခြင်း"

**"မတတ်သောသူ၊ တည်ကြည်ခြင်းမရှိသောသူတို့သည်. . . ကျမ်းစာ၏အနက်ကိုမှောက်လှန်၍ ကိုယ်ကိုကိုယ်ဖျက်ဆီးတတ်ကြ၏" (၂ပေ ၃း၁၆)။**

လူတို့ယုံကြည်သည့်အရာသည် မည်သည့်အကျိုးသက်ရောက်မှုမျှမရှိဟူသောရပ်တည်ချက်သည် စာတန်၏အအောင်မြင်ဆုံးသောလှည့်ဖြားမှုတစ်ခုဖြစ်သည်။ မေတ္တာဖြင့်လက်ခံရရှိသောသမ္မာတရားသည် ရရှိသောသူ၏စိတ်ဝိညာဉ်ကိုစင်ကြယ်စေသည်ဟူသောအချက်ကို စာတန်သိနေသည်။ ထို့ကြောင့် သူသည် မှားယွင်းသောအယူအဆ၊ ဒဏ္ဍာရီပုံပြင်များနှင့် အခြားသောဧဝံဂေလိတရားဖြင့်အစားထိုးရန် အစဉ်ကြိုးစားနေသည်။ . . .

သမ္မာကျမ်းစာကို ဝိုးတဝါး၊ စိတ်ကူးယဉ်ဆန်ဆန်အနက်ဖွင့်ဆိုခြင်းနှင့် ခရစ်ယာန်လောကတွင်တွေ့ရသည့် ဘာသာရေးယုံကြည်ချက်နှင့်သက်ဆိုင်၍ သဘောထားကွဲလွဲချက်များစွာရှိနေခြင်းသည် သမ္မာတရားကိုခွဲခြားမသိနိုင်အောင် ရှုပ်ထွေးစေခြင်းမှာ ကျွန်ုပ်တို့၏မဟာရန်သူကြီး၏လုပ်ဆောင်ချက်ဖြစ်သည်။ ခရစ်ယာန်ဘာသာတွင် အသင်းတော်များအကြားတည်ရှိနေသော အသိမညီညွတ်ခြင်းနှင့်ကွဲပြားမှုသည် မိမိတို့နှစ်သက်သောအယူအဆကိုထောက်ပံ့ရန် သမ္မာကျမ်းစာကိုမရမကညှစ်ထုတ်ခြင်းဓလေ့များစွာလွှမ်းမိုးခြင်းကြောင့်ဖြစ်သည်။ ကိုယ်တော်၏အလိုကိုသိခြင်းငှာ နှိမ့်ချသောစိတ်နှင့်ဘုရားသခင်၏နှုတ်ကပတ်တော်ကို ဂရုတစိုက်လေ့လာမည့်အစား၊ များစွာသောသူတို့သည် ထူးဆန်းသောအရာ သို့တည်းမဟုတ် မိမိကိုယ်တိုင်တွေ့ရှိသည့်အရာကိုသာ ကြိုးစားရှာဖွေကြသည်။

မှားယွင်းသောယုံကြည်ချက်များ သို့တည်းမဟုတ် ခရစ်ယာန်မဆန်သောအကျင့်များကို ဆန့်ကျင်တွန်းလှန်နိုင်ရန်၊ လူတချို့သည် ကျမ်းပိုဒ်များကို ၎င်းတို့၏အခြေအနေဖြစ်ရပ်မှခွဲထုတ်၍သော်လည်းကောင်း၊ မိမိတို့၏ဆိုလိုရင်းကိုသက်သေပြရန် ကျမ်းချက်တစ်ခုကိုသာယူ၍ ကျန်နေသောကျမ်းချက်ကိုချန်ထား၍သော်လည်းကောင်း ပြုလုပ်တတ်ကြကာ၊ ဆန့်ကျင်ဘက်အဓိပ္ပါယ်ကိုပင် ဖွင့်ဆိုတတ်ကြသည်။ မြွေ၏လိမ္မာပါးနပ်မှုဖြင့် သူတို့သည် မိမိတို့ဇာတိ၏အလိုနှင့်လိုက်ဖက်စေရန် အဆက်အစပ်မရှိသည့်ပြောဆိုမှုများကို နားလည်ဟန်၏နောက်ကွယ်၌ မိမိတို့ကိုယ်ကိုအကာအကွယ်ယူကြသည်။ ထိုသို့ပြုခြင်းဖြင့် များစွာသောသူတို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို တမင်တကာသွေဖည်စေကြသည်။ စိတ်ကူးယဉ်ဆန်သောအခြားသူတို့မှာမူ သမ္မာကျမ်းစာထဲကကိန်းဂဏန်းများနှင့်ပုံဆောင်မှုများကိုယူ၍၊ သမ္မာကျမ်းစာ၏မိမိကိုယ်ကိုသက်သေခံအနက်ပြန်ဆိုချက်များကို ဂရုမစိုက်ဘဲ၊ မိမိ၏စိတ်ကူးယဉ်နှင့်ကိုက်ညီအောင် အနက်ပြန်ဆိုကြသည်။ ထို့နောက် သူတို့သည် မိမိတို့၏စိတ်ကူးပေါက်ရာများကို သမ္မာကျမ်းစာ၏သွန်သင်ချက်ကဲ့သို့ တင်ဆက်ကြသည်။

သမ္မာကျမ်းစာကို ဆုတောင်းခြင်း၊ စိတ်နှိမ့်ချခြင်း၊ သွန်သင်၍ရသောစိတ်သဘောမပါဘဲ လေ့လာသောအချိန်တိုင်းတွင် အရိုးရှင်းဆုံးကျမ်းပိုဒ်များနှင့်အခက်ဆုံးကျမ်းပိုဒ်များကို ၎င်းတို့၏မှန်ကန်သောအဓိပ္ပါယ်မှ အခြားအဓိပ္ပါယ်ကိုညှစ်ထုတ်ယူလိမ့်မည်။ . . . ဆုတောင်းပြီးလေ့လာသူအားလုံးအတွက် ဘုရားသခင်၏နှုတ်ကပတ်တော်သည် ရှင်းလင်းသည်။ ဧကန်အမှန်ရိုးသားသူတိုင်းသည် သမ္မာတရား၏အလင်းသို့လာလိမ့်မည်။ "အလင်းသည် တရားသောသူအဖို့ . . . ပျိုးကြဲလျက်ရှိ၏" (ဆာလံ ၉၇း၁၁)။ ဝှက်ထားသောဘဏ္ဍာကဲ့သို့ သမ္မာတရားကိုအသင်းသူ၊ အသင်းသားတို့သည် ကြိုးစားမရှာဖွေလျှင် မည်သည့်အသင်းတော်ကမျှ သန့်ရှင်းခြင်း၌ရှေ့တိုးနိုင်မည်မဟုတ်ချေ။ (GC, pp. 520-522).

–o–



မေ (၅)

## "ဘုရားသခင်အကြောင်းမှားယွင်းသောအယူအဆ"

**"အကြောင်းမူကား၊ ထိုသူတို့သည် ဘုရားသခင်ကိုသိလျက်ပင် ဘုရားသခင်ကိုချီးမွမ်းသင့်သည်အတိုင်းမချီးမွမ်း၊ ကျေးဇူးတော်ကိုလည်းမသိမမှတ်၊ အချည်းနှီးတွေးဆခြင်း၊ သတိမရှိသောစိတ်နှလုံးမိုက်မဲခြင်းသို့ရောက်ကြ၏" (ရောမ ၁း၂၁)။**

ဘုရားသခင်သည် သဘာဝတရားအားလုံး၌ စူးဝင်ပျံ့နှံ့နေသောဝိညာဉ်ဖြစ်သည်ဟူသောအယူအဆသည် စာတန်၏ပါးနပ်သောပရိယာယ်တစ်ခုဖြစ်သည်။ ၎င်းသည် ဘုရားသခင်ကိုမှားယွင်းစွာဖော်ပြပြီး၊ ဘုရားသခင်ကြီးမြတ်ခြင်းနှင့် ဂုဏ်ကျက်သရေကိုရှုတ်ချခြင်းဖြစ်သည်။

ဘုရားဟူသည် သဘာဝနှင့်ထပ်တူပင်ဖြစ်သည်ဟူသောအယူအဆကို ဘုရားသခင်၏နှုတ်ကပတ်တော်သည် အထောက်အပံ့မပေးချေ။ ကိုယ်တော့်သမ္မာတရား၏အလင်းသည် ဤအယူအဆများမှာ ဝိညာဉ်ကိုဖျက်ဆီးသောကိုယ်စားလှယ်ဖြစ်ကြောင်း ပြသလျက်ရှိသည်။ မှောင်မိုက်သည် ၎င်းတို့၏အပေါင်းအဖော်အခရာဖြစ်၍၊ တဏှာရမ္မက်သည် သူတို့၏ပတ်ဝန်းကျင်လေထုပင်ဖြစ်သည်။ သူတို့သည် ဇာတိစိတ်နှလုံးကိုနှစ်ခြိုက်စေလျက်၊ လိုအင်ဆန္ဒအတိုင်းခွင့်ပြုကြသည်။ ဘုရားသခင်ထံမှခွဲခွာခြင်းသည် သူတို့ကိုလက်ခံသွားခြင်း၏ရလဒ်ပင်ဖြစ်သည်။

လူတို့စိတ်နှလုံးထဲမှ မကောင်းမှု၏ချုပ်ကိုင်မှုကို ဖောက်ထွက်နိုင်သောတန်ခိုးတစ်ခုသာရှိသည်။ ၎င်းမှာ ယေရှုခရစ်တော်၌ရှိသော ဘုရားသခင်၏တန်ခိုးပင်ဖြစ်သည်။ အသေသတ်ခံတော်မူသော သူ၏အသွေးတော်အားဖြင့်သာ အပြစ်တရားမှသန့်ရှင်းခြင်းရရှိနိုင်သည်။ ကိုယ်တော်၏ကျေးဇူးတော်ကသာလျှင် ကျွန်ုပ်တို့၏ကျရှုံးပြီးသဘာဝ၏အထုံပါခြင်းကို ခုခံနိုင်နင်းစေ

နိုင်သည်။ ဤတန်ခိုးသည် ဘုရားသခင်နှင့်သက်ဆိုင်၍ ဝိညာဉ်ရေးအယူအဆများကို အကျိုးသက်ရောက်မှုကင်းမဲ့စေနိုင်သည်။ အကယ်၍ ဘုရားသခင်သည် သဘာဝတရားအားလုံး၌ပျံ့နှံ့နေသောဝိညာဉ်ဖြစ်သော်၊ ကိုယ်တော်သည် လူအထဲ၌ရှိနေလိမ့်မည်။ ထိုအခါလူသည် သန့်ရှင်းခြင်းကိုရရှိစေရန် အလို့ငှာ မိမိအထဲကရှိနှင့်ပြီးသားတန်ခိုးကို တိုးတက်စေရုံသာဖြစ်သည်။

မိမိတို့၏ကျိုးကြောင်းညီကောက်ချက်နှင့်ကိုက်ညီသော ဤအယူအဆများသည် ခရစ်ယာန်စီမံမှုတစ်ခုလုံးကို အဝေးသို့လှည်းထုတ်ပစ်သည်။ ၎င်းသည် အပြစ်ဖြေရန်လိုအပ်ချက်ကိုလည်းပယ်ဖျက်ရာရောက်ကာ၊ လူသည် မိမိ၏ကိုယ်ပိုင်ကယ်တင်ရှင်ဖြစ်စေသည်။ ဘုရားသခင်နှင့်ပတ်သက်၍ ဤအယူအဆများသည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို အကျိုးသက်ရောက်မှုမရှိဖြစ်စေသည်။ ဤအယူအဆများကိုလက်ခံသူတို့သည် အဆုံးတွင်သမ္မာကျမ်းစာတစ်ခုလုံးကို စိတ်ကူးယဉ်ဖန်တီးမှုအဖြစ်ရှုမြင်မည့် ကြီးမားသောအန္တရာယ်၌ရှိနေကြသည်။ သူတို့သည် ပါရမီကိုမကောင်းမှုထက်သာ၍အလေးထားနိုင်သည်။ သို့သော် ဘုရားသခင်ကို သူ၏အချုပ်အခြာရာထူးမှဖယ်ရှားကြခြင်းအားဖြင့်၊ ဘုရားသခင်မပါရှိလျှင် တန်ဖိုးမဲ့သောလူသား၏တန်ခိုးအပေါ် သူတို့မှီခိုရပေလိမ့်မည်။ အကူအညီမရသော လူသား၏စိတ်ဆန္ဒသည်မကောင်းမှုကိုတွန်းလှန်၊ အောင်နိုင်ရန် စစ်မှန်သောတန်ခိုးမရှိချေ။ လူသား၏အကာအကွယ်သည် ကျိုးပျက်ရချေပြီ။ လူသည် အပြစ်တရားကိုကာဆီးသည့်အရံအတာမရှိတော့ပြီ။ ဘုရားသခင်၏နှုတ်ကပတ်တော်နှင့် ဝိညာဉ်တော်၏ကန့်သတ်ချက်များကို တစ်ကြိမ်ငြင်းပယ်သောအခါ၊ ကျွန်ုပ်တို့သည် မည်မျှအတိုင်းအတာထိနစ်ဝင်သွားနိုင်သည်ကိုမသိကြချေ။

ဤဝိညာဉ်ရေးအယူအဆများကို ဆက်လက်ကိုင်စွဲသူတို့သည် မိမိတို့၏ခရစ်ယာန်အတွေ့အကြုံများကို ဧကန်အမှန်ဖျက်ဆီးကြပြီး၊ ဘုရားသခင်နှင့်သူတို့၏ဆက်သွယ်မှုသည်ကွဲကွာကာ၊ ထာဝရအသက်ကိုဆုံးရှုံးကြလိမ့်မည်။ (Ev, pp. 601, 602).

–ဝ–





## "မှားယွင်းသောသိပ္ပံအတတ်၏ဘေးများ"

**"အိုတိမောသေ၊ သင်၌အပ်ထားသောအရာကိုစောင့်ရှောက်လော့။ တရားမဲ့ဖြစ်သောအချည်းနှီးစကားပြောခြင်းကိုလည်းကောင်း၊ သိပ္ပံအတတ်ဟူ၍ အလွဲခေါ်ဝေါ်သောသိပ္ပံအတတ်ဆီးတားနှောင့်ယှက်ခြင်းကိုလည်းကောင်းရှောင်လော့" (၁တိမောသေ ၆း၂၀)။**

New Hampshire တွင် ဘုရားသခင်နှင့်သက်ဆိုင်၍ မှားယွင်းသောအယူအဆများကို တက်တက်ကြွကြွလိုက်ပြောနေသူများရှိခဲ့သည်။ ဤသူတို့သည် မိမိတို့အယူအဆများအားဖြင့် သမ္မာတရား၏အကျိုးသက်ရောက်မှုမရှိဖြစ်စေကြောင်းနှင့် အချို့အယူအဆများသည် လွတ်လပ်မှုကိုစွဲမက်သည့်ဝါဒသို့ ပင့်ပို့ဆောင်သည်ကို ကျွန်ုပ်မြင်ခဲ့သည်။ ဤသူတို့သည် ဘုရားသခင်နှင့်သက်ဆိုင်၍ စိတ်ကူးယဉ်အယူအဆများကိုတင်ဆက်ခြင်းအားဖြင့် အသက်ဝိညာဉ်များကိုသွေးဆောင်ကြသည်။. . .

ဤသူတို့၏အခြားယူဆချက်တစ်ခုမှာ တစ်ကြိမ်သန့်ရှင်းစင်ကြယ်ခြင်းရပြီးသောသူသည် တစ်ဖန်အပြစ်မပြုနိုင်ဟူ၍ဖြစ်သည်။ ဤယူဆချက်ကို ဧဝံဂေလိအစာကဲ့သို့တင်ဆက်ခဲ့ကြသည်။ သူတို့၏မှားယွင်းသောအယူအဆများနှင့် သူတို့လှည့်ဖြားခြင်းအရှိန်ဩဇာ၏ဝန်ထုပ်သည် သူတို့ကိုယ်တိုင်နှင့်အခြားသူတို့ကို ကြီးမားစွာအန္တရာယ်ဖြစ်စေသည်။ လှလှပပတန်ဆာဆင်ထားသော ဤအယူအဆများ၏ဆိုးယုတ်ခြင်းကိုမမြင်နိုင်သော သူတို့အပေါ် ဝိညာဉ်ရေးတန်ခိုးဖြင့်စိုးမိုးနေကြသည်။ ကြီးမားသောဆိုးယုတ်မှုသည် ဖြစ်ပေါ်နေပြီးဖြစ်သည်။ လူအားလုံးသန့်ရှင်းသည်ဟူသောယုံကြည်ချက်သည် သန့်ရှင်းသူတို့၏ချစ်ခြင်းမေတ္တာသည် လမ်းလွဲနိုင်သည့်အန္တရာယ်မရှိဟူသော ယုံကြည်

မှုဖြစ်သည်။ ဤယုံကြည်မှု၏ရလဒ်မှာ သန့်ရှင်းသည်ဟုဝန်ခံသော်လည်း အတွေးနှင့်အကျင့်သည် စင်ကြယ်ခြင်းနှင့်အလှမ်းဝေးနေခြင်းဖြစ်သော စိတ်နှလုံး၏မကောင်းသောလိုအင်ဆန္ဒများကို ပြည့်စုံစေခြင်းဖြစ်သည်။

ဤအချက်မှာ ဘုရားသခင်သည် သဘာဝတရားတို့၌စိမ့်ဝင်နေသည်ဟူသောယုံကြည်ချက်နှင့် သန့်ရှင်းသောလူသားဟူသည့်ယုံကြည်ချက်တို့ကို တင်ဆက်ခဲ့ကြသောသူတို့ကို အပြစ်တင်ရန် အကျွန်ုပ်အားခေါ်တော်မူသော ဥပမာတစ်ခုသာဖြစ်သည်။

အနာဂတ်တွင် သမ္မာတရားကိုလူတို့၏ပညတ်ချက်များဖြင့် တုပကြလိမ့်မည်။ လှည့်ဖြားသောအယူအဆများကို စစ်မှန်သည့်ယုံကြည်ချက်များကဲ့သို့ ဟောပြောကြလိမ့်မည်။ မှားယွင်းသောသိပ္ပံအတတ်သည် ကောင်းကင်ဘုံ၌စာတန်အသုံးပြုခဲ့သည့်အထောက်အကူတစ်ခုဖြစ်သည်။ ၎င်းကိုယနေ့သူအသုံးပြုနေသည်။. . .

စစ်မှန်သောအရာအစား အတုအယောင်ကိုလက်မခံရန် ကျွန်ုပ်သည် ဘုရားသခင်အတွက်လုပ်ဆောင်နေသောသူတို့အား တောင်းပန်ပါသည်။ ကျွန်ုပ်တို့၌အဖိုးတန်ဆုံးသော သမ္မာတရားနှင့်ပြည့်စုံသည့် သမ္မာကျမ်းစာတစ်ခုလုံးရှိနေသည်။ ကျွန်ုပ်တို့၌ထင်မြင်ယူဆချက် သို့မဟုတ် မမှန်မကန်စိတ်လှုပ်ရှားစေမှုများမလိုအပ်ချေ။ ခရစ်တော်၏သွန်သင်ချက်များ၌ဖော်ပြသကဲ့သို့ အသက်ဝိညာဉ်ကို အပြစ်ဖော်ပြပြီးပြောင်းလဲစေသည့် သမ္မာတရားကျွန်ုပ်တို့၌ရှိသည်။ ခရစ်တော်သည် ဤလောကသို့ကြွလာ၍ ဟောပြောမည့်သမ္မာတရားကို ရိုးရှင်းစွာဟောပြောပါ။ ထိုအခါ သင့်သတင်းစကား၏တန်ခိုးကို ထိတွေ့ခံစားရလိမ့်မည်။ သမ္မာကျမ်းစာတွင် အခြေအမြစ်မရှိသောအယူအဆများ သို့မဟုတ် စမ်းသပ်ချက်များကို မတင်ဆက်ပါနှင့်။ (Ev, pp. 600,601).

–၀–



မေ (၇)

## “စာတန်လှည့်စားခြင်း၏ပြောင်မြောက်သည့်လက်ရာ”

**“မထင်ရှားသောအရာတို့သည် ငါတို့ဘုရားသခင်ထာဝရဘုရား၏အခန်းအတာဖြစ်၏။ ဖော်ပြတော်မူသောအရာတို့သည် ကာလအစဉ်မပြတ် ငါတို့နှင့်ငါတို့သားသမီးများတို့၏အခန်းအတာဖြစ်၍၊ ဤပညတ်တရားစကားအလုံးစုံတို့ကို စောင့်ရှောက်ရမည်အကြောင်းတည်း” (တရားဟောရာ ၂၉:၂၉)။**

လောကီအရာများနှင့်ဝိညာဉ်ရေးအရာတို့ကိုသိသော လူသား၏အသိဉာဏ်သည် တစ်စိုင်းတစ်စသာဖြစ်၍ မပြည့်စုံချေ။ ထို့ကြောင့် များစွာသောလူတို့သည် သူတို့၏သိပ္ပံပညာရှုမြင်ချက်နှင့် သမ္မာကျမ်းစာ၏ဖော်ပြချက်များကို သဟဇာတဖြစ်အောင်မညှိယူနိုင်ကြချေ။ လူများစွာတို့သည် အယူအဆများနှင့်မှန်းဆချက်သက်သက်များကို သိပ္ပံဆိုင်ရာအချက်အလက်ကဲ့သို့ လက်ခံကြသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်ကို “သိပ္ပံအတတ်ဟူ၍ အလွဲခေါ်ဝေါ်သောသိပ္ပံအတတ်” ဖြင့်ဆန်းစစ်ရမည်ဟု ယုံကြည်ကြသည်။ ၁တိမောသေ ၆:၂၀။ ဖန်ဆင်းရှင်နှင့်သူ၏အလုပ်များသည် သူတို့နားလည်နိုင်စွမ်းမရှိကြချေ။ သူတို့သည် သဘာဝတရား၏နိယာမများဖြင့် မရှင်းပြတတ်ကြသောကြောင့်၊ သမ္မာကျမ်းစာမှဖြစ်ရပ်များကိုမယုံကြည်ထိုက်ဟု သတ်မှတ်ကြသည်။ ဓမ္မဟောင်းကျမ်းနှင့်ဓမ္မသစ်ကျမ်းတို့မှမှတ်တမ်းများကို ယုံကြည်အားထားထိုက်သည်ဟု မယူဆကြသူတို့သည် ဆက်ပြီးဘုရားသခင်တည်ရှိနေခြင်းကိုသံသယဝင်ကာ၊ သဘာဝတရား၌အတိုင်းမသိတန်ခိုးရှိသည်ဟု မှတ်ထင်ကြသည်။ မိမိတို့၏ကျောက်ဆူးကိုလက်လွှတ်လိုက်ကြသည့်အတွက် ဘုရားမဲ့ဝါဒ၏ကျောက်ဆောင်နှင့် သူတို့တိုက်မိကြပေလိမ့်မည်။

ထိုကြောင့် များစွာသောသူတို့သည် ယုံကြည်ခြင်းမှမှားယွင်းကြကာ၊ စာတန်၏သွေးဆောင်ခြင်းကိုခံကြရသည်။ . . လူသားအတွေးအခေါ်များသည် ထာဝရကာလ၌ပင် ဘယ်ခါမျှမဖော်ပြမည့် နက်နဲသောအရာများကိုရှာဖွေရှင်းပြရန်ကြိုးပမ်းကြသည်။ ဘုရားသခင်သည် မိမိကိုယ်တော်တိုင်နှင့် မိမိ၏ရည်ရွယ်ချက်များအကြောင်းသိစေသည့်အရာကို လူတို့သည် ကြိုးစားရှာဖွေသဘောပေါက်နားလည်လျှင်၊ မိမိတို့သည် မည်မျှသေးနုပ်ကြောင်းသဘောပေါက်နိုင်ရန်နှင့် ဖော်ပြသည့်အရာဖြင့် ကျေနပ်နှစ်သိမ့်စေရန်အလို့ငှာ၊ သူတို့သည် ယေဟောဝါဘုရား၏ဘုန်းအသရေကြီးမြတ်ခြင်းနှင့်တန်ခိုးတော်တို့ကို မြင်ရကြလိမ့်မည်။ . .

ဘုရားသခင်မဖော်ပြသည့်အရာနှင့် ကျွန်ုပ်တို့နားလည်ရန်မရည်ရွယ်သည့်အရာများနှင့်သက်ဆိုင်၍ လူတို့၏စိတ်သည် အမြဲရှာဖွေခန့်မှန်းစေရန်မှာ စာတန်လှည့်စားခြင်း၏ပြောင်မြောက်သောလက်ရာဖြစ်သည်။ ဤအကြောင်းကြောင့်ပင် လူစီဖာသည် ကောင်းကင်၌မိမိ၏နေရာကိုဆုံးရှုံးခဲ့ရသည်။ ဘုရားသခင့်ရည်ရွယ်ချက်များ၏လျှို့ဝှက်ချက်အားလုံးကို သူ့အားယုံကြည်စိတ်ချ၍မဖော်ပြသောကြောင့် သူသည် မကျေမနပ်ဖြစ်လာခဲ့သည်။ မြင့်မားသောရာထူးအတွက် သူအားပေးထားသည့်တာဝန်များနှင့်ပတ်သက်၍ ဖော်ပြသည့်အရာကို သူသည် လုံးလုံးအလေးမထားဘဲလျစ်လျူရှုခဲ့သည်။ မိမိအမိန့်အောက်၌ရှိသော ကောင်းကင်တမန်များထဲ၌ အလားတူမကျေနပ်မှုကိုလှုံ့ဆော်ပေးခြင်းအားဖြင့် သူတို့ကိုကျရှုံးစေသည်။ သူသည်ယခုတွင် လူတို့၏စိတ်တွင် အလားတူစိတ်သဘောထားများစွဲမြဲစေရန်နှင့် ဘုရားသခင်၏တိုက်ရိုက်မိန့်မှာချက်ကို သူတို့အလေးမထားဘဲနေစေရန် ကြိုးပမ်းလျက်ရှိသည်။ (GC, pp. 522,523).

–o–



မေ (၈)

# "အချိန်နှင့်ရာသီဥတု"

**"သခင်ဘုရားက၊ ခမည်းတော်၏တန်ခိုးအားဖြင့် စီရင်တော်မူသောအချိန်ကာလကို သိရသောအခွင့်သည် သင်တို့၌မရှိ" (တမန်တော် ၁း၇)။**

အချိန်အခါနှင့်ရာသီဥတုများကို ဘုရားသခင်သည် မိမိတန်ခိုးတော်ဖြင့်ချထားတော်မူသည်။ ဘုရားသခင်သည် ဤအရာကိုအဘယ်ကြောင့်သိခွင့်မပေးသနည်း။ အကြောင်းမှာ အကယ်၍ကိုယ်တော်သည်ပေးသိခဲ့သော်၊ ကျွန်ုပ်တို့သည် ၎င်းကိုမှန်ကန်စွာအသုံးပြုလိမ့်မည်မဟုတ်သောကြောင့်ဖြစ်သည်။ ကျွန်ုပ်တို့လူများအကြား၌ ဤအရာကိုသိခြင်း၏အခြေအနေသည် ရောက်ရှိလာတော့မည့်နေ့ရက်ကြီး၌ ရပ်တည်နိုင်၍ လူတို့အားပြင်ဆင်ခြင်း၌ ဘုရားသခင်၏အမှုတော်သည် များစွာနှောင့်နှေးကြန့်ကြာစေလိမ့်မည်။ . . ယေရှုသည် မိမိတပည့်တော်တို့အား "စောင့်" ရန်မိန့်မှာတော်မူသော်လည်း၊ အချိန်အတိအကျကိုစောင့်ရန်မမိန့်မှာချေ။ ကိုယ်တော်၏နောက်လိုက်များသည် ဗိုလ်ကြီး၏အမိန့်များကိုနားထောင်နေသည့် သူတို့၏အခြေအနေ၌ရှိနေကြရမည်။ သခင်ဘုရား၏ကြွလာခြင်းသည် နီးလာသည်နှင့်အမျှ သူတို့သည်စောင့်မျှော်၊ ဆုတောင်းပြီးလုပ်ဆောင်ကြရမည်။ သို့ရာတွင် ကြွလာမည့်အချိန်အတိအကျကို မည်သူမျှကြိုတင်ဟောနိုင်မည်မဟုတ်ချေ။ အကြောင်းမှာ အချိန်နာရီကို လူတို့မသိသောကြောင့်ဖြစ်သည်။ ကိုယ်တော်သည် လာမည့်တစ်နှစ်၊ နှစ်နှစ်သို့မဟုတ် ငါးနှစ်တွင်ကြွလာမည်ဟု သင်ဟောနိုင်မည်မဟုတ်ချေ။ ကိုယ်တော်၏ကြွလာခြင်းသည် ဆယ်နှစ် သို့မဟုတ် အနှစ်နှစ်ဆယ်ကြာဦးမည်ဟူ၍လည်း အဝေးသို့ရွှေ့ဆိုင်း၍မရပါ။ . . သန့်ရှင်းသောဝိညာဉ်တော်

သွန်းလောင်းခြင်း သို့မဟုတ် ခရစ်တော်ကြွလာခြင်းအချိန်အတိအကျကို ကျွန်ုပ်တို့သိရမည်မဟုတ်ပါ။ (Ev, p. 221).

*ယေရုရှလင်မြို့ဟောင်း* သို့သွားရန်မှာ မိမိတို့၏တာဝန်ဖြစ်သည်ဟုယုံကြည်သော ကြီးမားသည့်မှားယွင်းမှုထဲ၌ရှိနေသူတချို့ထံသို့ ကျွန်ုပ်ကိုခန့်ထားတော်မူခဲ့သည်။ သခင်ဘုရားပြန်မကြွလာမီ ထိုနေရာတွင်သူတို့လုပ်စရာအလုပ်ရှိသည်ဟုထင်နေကြသည်။ ထိုသို့သောအမြင်သည် တတိယကောင်းကင်တမန်၏သတင်းစကားအောက်၌ လက်ရှိသခင်ဘုရား၏အလုပ်မှစိတ်နှင့်စိတ်ဝင်စားမှုကိုသွေဖည်သွားစေသည်။ အကြောင်းမှာ ယေရုရှလင်မြို့သို့သွားရဦးမည်ဟုထင်နေသူ၏စိတ်သည် ထိုနေရာသို့ရောက်ရှိကာ၊ သူတို့၏ငွေကြေးများကို သူတို့ကိုယ်တိုင်ထံနှင့် ထိုနေရာ၌ရှိသောအခြားသူတို့ထံလက်ရှိသမ္မာတရားအကျိုးအတွက် ပေးရန်ငြင်းဆန်ကြလိမ့်မည်။ ထိုသို့သောအမှုဆောင်ခြင်းသည် အကျိုးဖြစ်ထွန်းစေလိမ့်မည်မဟုတ်ချေ။ အကြောင်းမှာ ခရစ်တော်ပထမအကြိမ်ကြွလာချိန်၌ပင် အနည်းငယ်သောယုဒလူတို့သည်ယုံကြည်ရန်အချိန်ကြာမြင့်စွာယူရသကဲ့သို့ ကိုယ်တော်ဒုတိယအကြိမ်ကြွလာခြင်းအတွက်မူ သူတို့ယုံကြည်လာရန် သာ၍အချိန်များစွာယူရလိမ့်မည်။ (EW, p. 75).

–၀–

* ၁၈၅၀ ခုနှစ်အစောပိုင်းကာလတွင်ရေးသားသော "ရောက်လာမည့်ခေတ်" စာအုပ်ထွက်လာချိန်၌၊ ၎င်းကိုထောက်ခံသူတို့သည် ဓမ္မဟောင်းကျမ်း၏အနာဂတ်ဟောကြားချက်တချို့ပြည့်စုံလာရန် ယေရုရှလင်မြို့ဟောင်းကို ခရစ်ယာန်သက်သေခံချက်၏ပြတိုက်အဖြစ် ပြန်လည်တည်ဆောက်မည်ဟုသွန်သင်ခဲ့ကြသည်။



မေ (၉)

## "နောဧလက်ထက်၌ဖြစ်သကဲ့သို့"

**"နောဧလက်ထက်၌ဖြစ်သကဲ့သို့ လူသားလက်ထက်၌ဖြစ်လိမ့်မည်" (လုကာ ၁၇:၂၆)။**

ကျွန်ုပ်တို့၏ကမ္ဘာတွင် ကြောက်မက်ဖွယ်အရာတို့၏အခြေအနေတည်ရှိနေကြောင်း ကျွန်ုပ်အားပြသတော်မူခဲ့သည်။ သနားခြင်းကရုဏာနှင့်ပြည့်သောကောင်းကင်တမန်သည် မိမိအတောင်ပံများကိုခေါက်သိမ်း၍ ထွက်ခွာရန်အဆင်သင့်ဖြစ်နေသည်။. . . ဘုရားသခင်၏ပညတ်တော်သည် ဖျက်ပယ်ခြင်းခံရသည်။ ကျွန်ုပ်တို့သည် ရှုပ်ထွေးပွေလီခြင်း၊ ဆင်းရဲခြင်းနှင့်အစာငတ်မွတ်ခြင်း၊ လူတို့ကျူးလွန်သည့်ထိတ်လန့်ဖွယ်ရာကြမ်းတမ်းမှုတို့ကို မြင်နေ၊ ကြားနေရသည်။ ကျိုးကြောင်းဆင်ခြင်မရှိဘဲ စိတ်ဓာတ်ပြင်းထန်ထကြွနေကြသည်။ သောဒုံမြို့နှင့်ဂေါမောရမြို့၌နေထိုင်ခဲ့ကြသောသူတို့ကဲ့သို့ အလျင်အမြန်အကျင့်ပျက်ပြားလာကြသော လောကသားများအပေါ်သို့ ဘုရားသခင်၏အမျက်တော်ကျရောက်လျက်ရှိသည်။ ဆင်းရဲသားများကိုခေါင်းပုံဖြတ်ခြင်းဖြင့် စုဆောင်းသောဥစ္စာများနှင့် ထောင်ပေါင်းများစွာသောအသက်တို့သည် မီးနှင့်ရေအားဖြင့်ဖျက်ဆီးခံရပြီးဖြစ်သည်။ ဘုရားသခင်သည် မိမိ၏အမှုတော်ကိုမကြာမီရပ်ပစ်၍၊ အပြစ်တရားကိုအဆုံးသတ်တော့မည်။ ဤနောက်ဆုံးသောနေ့ရက်များတွင်ပြုမူကျင့်ကြံနေကြသည့်အပြစ်များ ကျွန်ုပ်အားပြတော်မူသောအခင်းဖြစ်ရပ်များသည် မိမိကိုယ်ကိုဘုရားသခင်၏လူများဟုဝန်ခံသူတို့၏စိတ်ထဲတွင် နက်နဲစွာစွဲမှတ်စေချင်လှသည်တကား။

နောဧလက်ထက်၌ဖြစ်သကဲ့သို့ လူသားကြွလာမည့်အချိန်၌ဖြစ်လိမ့်မည်။ ထာဝရဘုရားသည် မိမိ၏အကာအကွယ်များကို ကမ္ဘာမှရုပ်သိမ်းလျက်

ရှိတော်မူသည်။ ထိုကြောင့် မကြာမီသေခြင်းနှင့်ဖျက်ဆီးခြင်း၊ ရာဇဝတ်မှုနှင့် ရက်စက်မှုတိုးပွားခြင်း၊ ဆင်းရဲသားများကိုဖိနှိပ်၍ မိမိကိုယ်ကိုချီးမြှောက်ကြသော သူဌေးများ၏မကောင်းမှုလုပ်ဆောင်ခြင်းများရှိလာလိမ့်မည်။ ဘုရားသခင်၏အကာအကွယ်မဲ့နေသူတို့သည် မည်သည့်နေရာ သို့မဟုတ် မည်သည့်ရာထူး၌မျှ လုံခြုံမှုကိုရှာတွေ့ကြမည်မဟုတ်ချေ။ လူသားများကိုလေ့ကျင့်ပေးပြီး၊ သူတို့၏တီထွင်စွမ်းရည်ကို လူတို့အားအနာတရဖြစ်စေရန်နှင့်သတ်ဖြတ်ရန် အားအကြီးဆုံးသောစစ်လက်နက်များကိုထုတ်လုပ်ရာတွင် အသုံးပြုကြသည်။

ညီအစ်ကိုမောင်နှမတို့. . . သင်တို့ကိုကျွန်ုပ်တောင်းပန်၏။. . . များစွာသောသူတို့၏အသက်သည် အလွန်နုနယ်သိမ်မွေ့လှသည်။. . . သူတို့သည် မိမိတို့ကိုယ်ကို ခရစ်ယာန်များဟုထင်ကြသည်။ သို့သော် လက်တွေ့ ခရစ်ယာန်အသက်တာသည် မည်သည့်အဓိပ္ပါယ်ရှိသည်ကို သူတို့မသိကြချေ။ ခရစ်ယာန်ဖြစ်ခြင်းမှာ မည်သည့်အဓိပ္ပါယ်ရှိသနည်း။ ခရစ်ယာန်ဆိုသည်မှာ ခရစ်တော်နှင့်တူသည်ဟုဆိုလိုသည်။. . . ခရစ်တော်နှင့်သဟဇာတရှိလျက် လုပ်ဆောင်ခြင်းဖြင့် ကိုယ်တော်နှင့်ပူးပေါင်းပါ။ ရုပ်တုကိုးကွယ်ခြင်းမျိုးဖြစ်နိုင်သည့်အရာရှိသမျှကို သင့်စိတ်ဗိမာန်ထဲမှမောင်းထုတ်ပစ်ပါ။ ယခုအချိန်သည် ဘုရားသခင်၏အချိန်အခါဖြစ်သည်။ ကိုယ်တော်၏အချိန်သည် သင့်အချိန်ပင်ဖြစ်သည်။ ကောင်းသောယုံကြည်ခြင်း၏တိုက်ပွဲကိုတိုက်ပါ။ မယုံကြည်မှုကိုစဉ်းစားရန် သို့မဟုတ် ပြောဆိုရန်ငြင်းဆိုပါ။ လောကသည် နောက်ဆုံးသောသတိပေးသတင်းစကားကို ကြားရမည်ဖြစ်သည်။ (8T, pp. 49-53).

–၀–



မေ (၁၀)

## "မကြာမီရောက်လာမည့်ကြီးမားသောထိတ်လန့်ခြင်း"

**"ငါတို့သည် လောကီသားများနှင့်ကောင်းကင်တမန်များ မျက်မှောက်၌ ပွဲဝင်သောသူဖြစ်ကြ၏" (၁ကော ၄း၉)။**

ဤကမ္ဘာသည် ကဇာတ်ရုံဖြစ်သည်။ ကမ္ဘာပေါ်နေထိုင်သူတို့သည် သရုပ်ဆောင်များဖြစ်ကြကာ၊ မဟာပြဇာတ်ကြီး၌ မိမိတို့၏အခန်းများကို သရုပ်ဆောင်ရန်ပြင်ဆင်နေကြသည်။ လူတို့သည် မိမိတို့ကိုယ်ကျိုးငဲ့သော ရည်ရွယ်ချက်များပြီးမြောက်စေရန် ပူးပေါင်းကြသည်မှလွဲ၍၊ လူအုပ်ကြီးသည် စည်းလုံးမှုမရှိချေ။ ဘုရားသခင်သည် စောင့်ကြည့်နေသည်။ သူ့ကိုပုန်ကန်သူတို့နှင့်ပတ်သက်၍ ကိုယ်တော်၏ရည်ရွယ်ချက်များသည် ပြည့်စုံလိမ့်မည်။ ဘုရားသခင်သည် အချိန်ပိုင်းတစ်ခုအတွင်း ခဏသာရုပ်ထွေးပြီး ဖရိုဖရဲဖြစ်မှုကိုခွင့်ပြုသော်လည်း ကမ္ဘာကြီးကိုလူတို့လက်ထဲ၌အပ်တော်မမူချေ။ အောက်မှလာသောတန်ခိုးသည် ပြဇာတ်၌ကြီးကျယ်ခမ်းနားသောဇာတ်သိမ်းခန်းကို ကပြပါတော့မည်။ ၎င်းမှာစာတန်သည် ခရစ်တော်ကဲ့သို့ကြွလာကာ၊ လျှို့ဝှက်သောအဖွဲ့အစည်းများနှင့်အတူတကွ မိမိတို့ကိုယ်ကိုချုပ်နှောင်သူတို့၌ မဖြောင့်မတ်ခြင်း၏လိမ်လည်မှုအားလုံးဖြင့် အလုပ်လုပ်လိမ့်မည်။ ထိုပေါင်းစည်းခြင်း၌စိတ်အားထက်သန်ပြီး စိတ်ယိမ်းယိုင်သူတို့သည် ရန်သူ၏အကြံအစည်ကိုအကောင်အထည်ဖော်နေကြသည်။ အကြောင်းရင်းကြောင့် အကျိုးက လိုက်လာလိမ့်မည်။

ကျူးလွန်မှုသည် ၎င်း၏ကန့်သတ်ချက်ကိုရောက်လုပြီ။ ရှုပ်ထွေးမှုဖြင့်ကမ္ဘာသည်ပြည့်နေကာ၊ လူသားတို့အပေါ်တွင် အလွန်ကြောက်မက်ဖွယ်သောအရာသည် မကြာမီရောက်လာတော့မည်။ အဆုံးသည် အလွန်နီးကပ်လျက်

ရှိသည်။ သမ္မာတရားကိုသိသောကျွန်ုပ်တို့သည် ကမ္ဘာကိုမကြာမီရုတ်တရက်ကျရောက်လာမည့်အရာအတွက် ပြင်ဆင်ထားရမည်။. . .

ကျွန်ုပ်တို့အိပ်ပျော်နေကြသလား။ သခင်ဘုရားပေါ်ထွန်းခြင်းအတွက် ယခုအဆင်သင့်မဖြစ်၊ ဘုရားသခင်၏မိသားစုဝင်ဖြစ်ရန်လည်း မသင့်လျော်သော လူငယ်ယောကျ်ားမိန်းမတို့သည် အချိန်ကာလ၏နိမိတ်လက္ခဏာများကို ခွဲခြားသိမြင်နိုင်ကြလျှင် သူတို့၌ပြောင်းလဲခြင်းကိုမြင်ရမည်။ သခင်ယေရှုသည် မိမိအလိုကိုငြင်းပယ်သောအလုပ်လုပ်သူတို့အား မိမိခြေတော်ရာလိုက်ရန်၊ မိမိအတွက်လျှောက်လှမ်း၍လုပ်ဆောင်ရန်၊ လက်ဝါးကပ်တိုင်ကိုမြှင့်တင်ရန်နှင့် ကိုယ်တော်ပို့ဆောင်သောလမ်းကိုလိုက်ရန် ခေါ်တော်မူသည်။

များစွာသောသူတို့သည် သခင်ဘုရားအတွက် သေးငယ်သောလုပ်ဆောင်မှုများဖြင့် စိတ်ကျေနပ်နေကြသည်။ သူတို့၏ခရစ်ယာန်ဖြစ်ခြင်းသည် အားနည်းနေသည်။ ခရစ်တော်သည် မိမိကိုယ်ကိုအပြစ်သားများအတွက် ပေးတော်မူခဲ့သည်။ အပြစ်၌ပျက်စီးနေသောလူသားများကို ကျွန်ုပ်တို့မြင်သောအခါ၊ ဝိညာဉ်များ၏ကယ်တင်ခြင်းအတွက် စိုးရိမ်မှုဖြင့်ကျွန်ုပ်တို့သည် ပြည့်စုံနေရပါမည်။ ဤဝိညာဉ်များကို အတိုင်းမသိသောအဖိုးဖြင့်ဝယ်ယူပြီးဖြစ်သည်။ ကရာနိလက်ဝါးကပ်တိုင်ပေါ် ဘုရားသခင်၏သားတော်အသေခံခြင်းသည် သူတို့၏တန်ဖိုးကိုတိုင်းတာသည့်အရာပင်ဖြစ်သည်။ နေ့စဉ်နှင့်အမျှသူတို့သည် ထာဝရအသက် သို့တည်းမဟုတ် ထာဝရသေခြင်းတစ်ခုခုအတွက် ဆုံးဖြတ်ချက်ချနေကြသည်။ (8T, pp. 27-29).

–o–



မေ (၁၁)

## "လူငယ်နှင့်မူးယစ်ဆေးဝါးအခြေအနေ"

**"အချင်းလူပျို၊ အသက်ပျိုသောအခါပျော်မွေ့လော့။ အသက်ပျိုစဉ်ကာလတွင် စိတ်ရွှင်လန်းခြင်းရှိလော့။ ကိုယ်အလိုရှိရာလမ်းနှင့် ကိုယ်ဉာဏ်ပြသောလမ်းသို့လိုက်လော့။ သို့ရာတွင် ထိုအမှုအလုံးစုံတို့ကို ဘုရားသခင်စစ်ကြော၍ သင့်ကိုအပြစ်ပေးတော်မူမည်ဟုအောက်မေ့လော့" (ဒေသနာ ၁၁း၉)။**

စာတန်သည် စကြဝဠာထဲတွင် အလျင်ဦးဆုံးပုန်ကန်သူဖြစ်သည်။ သူ့ကိုကောင်းကင်မှနှင်ထုတ်ချိန်ကတည်းက၊ မိမိကဲ့သို့ပင် လူသားတို့သည် ဘုရားသခင်ကိုဆန့်ကျင်ပုန်ကန်ရန် သူသည် တောက်လျှောက်ကြိုးပမ်းလျက်ရှိသည်။ သူသည် လူသားများပျက်စီးရာပျက်စီးကြောင်း အစီအစဉ်များချထားကာ၊ မိမိတို့၏ခံတွင်းအလိုကိုတရားမဝင်လိုက်ပြီး ဘုရားသခင်၏ပညတ်ချက်များကိုချိုးဖျက်ရန် ပို့ဆောင်နေသည်။ သူသည် အာဒံနှင့်ဧဝကို တားမြစ်သောအသီးကိုစားရန် သွေးဆောင်ခဲ့သည်။ ထိုသို့ဖြင့် သူတို့သည်ကျရှုံးကာ၊ ဧဒင်ဥယျာဉ်မှနှင်ထုတ်ခြင်းခံခဲ့ရသည်။ များစွာသောသူတို့သည် "ငါသာအာဒံရဲ့နေရာမှာရှိခဲ့မယ်ဆိုရင်၊ ဒီရိုးရိုးစုံစမ်းခြင်းကိုတော့ ဘယ်တော့မှကျူးလွန်မိမှာမဟုတ်ဘူး" ဟုပြောတတ်ကြသည်။ သို့ရာတွင် ကြွားဝါသောသင့်အတွက် စုံစမ်းခြင်းအောက်၌ သင့်ခိုင်မာသောရည်ရွယ်ချက်၊ စည်းမျဉ်းများကို သစ္စာရှိစွာလိုက်ခြင်းကိုပြသရမည့် မဟာအခွင့်ထူးရှိနေသည်။ . . . ဘုရားသခင်သည် သင့်အသက်တာ၌အပြစ်ကင်းသူတစ်ယောက်ကဲ့သို့မြင်ပါသလား။. .

စာတန်သည် လူငယ်တို့ကိုပျက်စီးဆုံးရှုံးခြင်းလမ်းထဲသို့ ဘက်စုံမှ သွေးဆောင်ရန် ကြိုးစားနေသည်။ အကယ်၍သူသည် ထိုလမ်းတွင်သူတို့၏

ခြေများကို တစ်ကြိမ်ချစေနိုင်ခဲ့လျှင်၊ မိမိ၏သားကောင်တို့သည် သူတို့၏စိတ်သိမ်မွေ့ခြင်းကိုဆုံးရှုံး၍ သူတို့၏မျက်စိရှေ့တွင် ဘုရားသခင်ကိုမကြောက်ရွံ့တော့သည်တိုင်အောင် အပျော်အပါးတစ်ခုပြီးတစ်ခုနောက်သို့ပို့ဆောင်ကာ၊ သူတို့၏လမ်းကုန်းအဆင်းတွင် ဘီးတပ်ပေးလိုက်သည်။ သူတို့သည် မိမိကိုယ်ကိုချုပ်တည်းခြင်းတဖြည်းဖြည်းလျော့နည်းလာသည်။ သူတို့သည် ဝိုင်နှင့်အရက်၊ ဆေးလိပ်နှင့်ဘိန်းတို့ကိုစွဲလာကာ၊ ဆုတ်ယုတ်မှု၌တစ်ဆင့်ပြီးတစ်ဆင့်ကျဆင်းသွားကြသည်။ သူတို့သည် ခံတွင်းအလို၏ကျေးကျွန်များဖြစ်ကြသည်။ တစ်ချိန်က သူတို့လေးစားခဲ့သောအရာကိုအကြံပြုသောအခါ၊ သူတို့စက်ဆုပ်ရွံရှာကြသည်။ သူတို့သည် လေလုံးထွားကြပြီး၊ သူတို့သည် ပျက်စီးခြင်း၏ကျွန်များဖြစ်နေကြစဉ် လွတ်လပ်မှုရှိသည်ဟု ဝါကြွားကြသည်။ သူတို့သည် တစ်ကိုယ်ကောင်းဆန်ခြင်း၊ ယုတ်ညံ့သောခံတွင်းအလိုလိုက်ခြင်းနှင့် အလိုရမ္မက်တို့၏ကျေးကျွန်များဖြစ်ကြလျက်၊ ၎င်းတို့ကိုလွတ်လပ်ခြင်းအဖြစ် သူတို့မှတ်ယူကြသည်။ . . .

စာတန်သည် လူသားမျိုးနွယ်ကို မိမိ၏ငယ်သားကဲ့သို့ဖြစ်စေရန် စိတ်ပိုင်းဖြတ်ထားသည်။ သို့ရာတွင် ဘုရားသခင်၏ပုံသဏ္ဍာန်တော်သည် ကျရှုံးပြီးသောလူတို့၌ တစ်ဖန်ရှိစေနိုင်မည်အကြောင်း၊ လူသားတို့အား ရန်သူလက်မှရွေးနုတ်ရန် ခရစ်တော်သည် အဖိုးမဖြတ်နိုင်သောတန်ဖိုးဖြင့် ပေးဆပ်တော်မူခဲ့ပြီ။ . . ကျရှုံးသောသူတို့သည် ခရစ်တော်အားဖြင့် ဘုရားသခင်ထံတော်သို့ရောက်ရှိနိုင်သည်။ အသေသတ်ခံပြီးမှ ထမြောက်တော်မူသော ကယ်တင်ရှင်၏ကောင်းမှုအားဖြင့် ကျေးဇူးတော်ကြောင့်သူတို့သည် အောင်နိုင်သူများဖြစ်လာနိုင်သည်။ (Te, pp. 273-274).

–o–





မေ (၁၂)

## "သာသနာပလူတို့၏ပြင်ပတန်ခိုးကိုထုတ်ဖော်ခြင်း"

**"နောင်ကာလ၌လူတို့သည် စင်ကြယ်သောဩဝါဒကိုနားမခံနိုင်ဘဲ ယားတတ်သောနားရှိလျှင်၊ မိမိတပ်မက်ခြင်းအတိုင်း များပြားသောဆရာတို့နောက်သို့လိုက်ကြလိမ့်မည်" (၂တိမောသေ ၄း၃)။**

လူတို့သည် အလျင်အမြန်ပင် မိမိတို့ရွေးချယ်သောအလံတော်အောက်သို့ မိမိတို့ကိုယ်တိုင်အရောက်လှမ်းကာ၊ သူတို့ခေါင်းဆောင်များ၏လှုပ်ရှားမှုများကို ဂနာမငြိမ်စွာဖြင့်စောင့်မျှော်ကြည့်နေကြသည်။ ကျွန်ုပ်တို့သခင်ဘုရားပေါ်ထွန်းတော်မူခြင်းအတွက် စောင့်မျှော်လုပ်ဆောင်နေသူများရှိသည်။ တစ်ချိန်တည်းတွင်အခြားအဖွဲ့သည် ပထမမဟာဖောက်ပြန်မှုကြီး၏တပ်ဦးခေါင်းဆောင်မှုအောက်တွင် အလျင်အမြန်တန်းစီလိုက်ကြသည်။ သူတို့သည် လူသားဇာတိဖြင့်ရှိနေသော ဘုရားတစ်ဆူကိုရှာနေကြသည်။ ထိုအခါစာတန်သည် သူတို့ရှာဖွေနေသောသူအဖြစ် ဟန်ဆောင်သရုပ်ပြသည်။ လူထုကြီးသည် သမ္မာတရားကိုငြင်းပယ်ကြခြင်းမှတစ်ဆင့် လှည့်ဖြားခြင်းခံရကာ၊ အတုကိုလက်ခံကြလိမ့်မည်။ လူသားမျိုးနွယ်ကို ဘုရားကဲ့သို့ကြိုဆိုဂုဏ်ပြုကြလိမ့်မည်။ (FLB, p. 322).

ကျွန်ုပ်တို့သည် နောက်ဆုံးချိန်နီးလာသည်နှင့်အမျှ၊ သာသနာပလူတို့၏တန်ခိုးထုတ်ဖော်ခြင်းသည် သာ၍ကြီးသည်ထက်ကြီးလာလိမ့်မည်။ သာသနာပဘုရားများသည် မိမိတို့၏အချက်ပြတန်ခိုးများကိုထုတ်ဖော်၍၊ ကမ္ဘာပေါ်ရှိမြို့ကြီးများရှေ့တွင် မိမိတို့ကိုယ်ကိုမြင်သာအောင်ပြကြလိမ့်မည်။ ဤပြင်ပရုပ်လုံးသဏ္ဍာန်ဖော်ပြခြင်းသည် ပြည့်စုံလာရန်စတင်နေပြီးဖြစ်သည်။ ရုပ်ပုံအမျိုးမျိုးဖြင့် သခင်ယေရှုသည် ယောဟန်ထံ၌ဘုရားသခင်၏လူတို့ကို

ညှဉ်းဆဲခြင်းအတွက် ထင်ရှားကျော်ကြားသောသူတို့၏ဆိုးယုတ်သောအကျင့်နှင့် ညှို့စားသောသြဇာအရှိန်ကို ပုံဆောင်ပြသတော်မူခဲ့သည်။ ကမ္ဘာ့သမိုင်း၏ အဆုံးပိုင်းတွင် ကြီးမားစွာရုပ်လုံးပေါ်လာသော အပြစ်တရား၏နက်နဲမှုကို ဂရုတစိုက်ရှာဖွေရာ လူတိုင်း၌ပညာလိုအပ်သည်။ . . . ကျွန်ုပ်တို့နေထိုင်သည့်ဤအချိန်မှာပင်လျှင် ထာဝရဘုရားသည် မိမိလူတို့ကိုသတင်းစကားဟောပြောရန်ခေါ်တော်မူသည်။ ထူးခြားသောတန်ခိုးပြရန် တနင်္ဂနွေဥပုသ်ဥပဒေကိုထုတ်သူ၊ အချိန်ကာလနှင့်ပညတ်တရားတို့ကိုပြောင်းလဲရန်ကြံစည်သူ၊ ဖန်ဆင်းခြင်းဥပုသ်ဖြစ်သည့် တစ်ခုတည်းသောစစ်မှန်သည့်ဥပုသ်ကိုစောင့်ခြင်းဖြင့် ကိုယ်တော်ကိုဂုဏ်ပြုရန် မားမားမတ်မတ်ရပ်တည်သော ဘုရားသခင်၏လူတို့ကိုဖိနှိပ်သူတည်းဟူသော ဒုစရိုက်လူ၏ဆိုးယုတ်မှုကိုထုတ်ဖော်ရန် ကိုယ်တော်သည် သူတို့အားခေါ်တော်မူသည်။. . .

နောက်ဆုံးနေ့ရက်များ၏အန္တရာယ်များသည် ကျွန်ုပ်တို့အပေါ်သို့ကျရောက်လျက်ရှိသည်။ ကျွန်ုပ်တို့၏အလုပ်တွင် လူတို့အားသူတို့ကျရောက်နေသည့်အန္တရာယ်များကို ကျွန်ုပ်တို့သတိပေးရမည်။ အနာဂတ်ဟောကြားချက်တွင်ဖော်ပြသည့် ထိုလေးနက်သောဖြစ်ရပ်များကို မတို့မထိဘဲမထားပါစေနှင့်။ အကယ်၍ ကျွန်ုပ်တို့၏လူတို့သည် နိုးတစ်ဝက်ဖြစ်နေ၍ ဗျာဒိတ်ကျမ်း၌ပုံဖော်ထားသောဖြစ်ရပ်များနီးကပ်ကြောင်းကို သဘောပေါက်ကြလျှင်၊ ကျွန်ုပ်တို့အသင်းတော်များထဲတွင် ပြုပြင်ပြောင်းလဲခြင်းများကိုဖော်ဆောင်သောအခါ သာ၍များစွာသောသူတို့သည် သတင်းစကားကိုယုံကြည်လာကြလိမ့်မည်။ ကျွန်ုပ်တို့၌ဖြုန်းစရာအချိန်မရှိတော့ပါ။ မိမိတို့၏စာရင်းများကိုရှင်းကြရမည့်အသက်ဝိညာဉ်များကိုစောင့်ကြည့်ရန် ဘုရားသခင်သည် ကျွန်ုပ်တို့အားတိုက်တွန်းတော်မူသည်။ (TM, pp. 117,118).

–ဝ–



မေ (၁၃)

## "မြို့ကြီးများထဲကရှုပ်ထွေးမှု"

**"ဆိုးညစ်သောသူ၊ လှည့်ဖြားသောသူတို့မူကား သူတစ်ပါးကိုလည်းကောင်း၊ ကိုယ်ကိုလည်းကောင်းလှည့်ဖြား၍ ဆိုးညစ်ခြင်း၌ တရွေ့ရွေ့တိုးပွားကြလိမ့်မည်" (၂တိမောသေ ၃း၁၃)။**

မိမိ၏လူတို့သည် မြို့ကြီးများထဲသို့စုပြုံကြရန်နှင့် လမ်းပေါ်နှင့်တိုက်ခန်းများတွင် ကြိတ်ကြိတ်တိုးကြရန်မှာ ဘုရားသခင်၏ရည်ရွယ်ချက်မဟုတ်ချေ။ အစအဦး၌ ကိုယ်တော်သည် ကျွန်ုပ်တို့၏မိဦးဖဦးတို့ကို လှပသောရှုခင်းများနှင့် သဘာဝတရား၏ဆွဲဆောင်မှုရှိသောတေးသံများကြားရှိ ဧဒင်ဥယျာဉ်၌ထားတော်မူခဲ့သည်။ ဤရှုခင်းများနှင့်တေးသံသာများ၌ လူတို့သည် ယနေ့သာယာကြည်နူးကြရန် ဘုရားသခင်အလိုရှိတော်မူသည်။ (7T, p. 87).

မြို့ကြီးများသည် ရှုပ်ထွေးမှု၊ ရန်းရင်းဆန်ခတ်မှုနှင့်ရာဇဝတ်မှုများဖြင့်ပြည့်ကာ၊ ဤအရာများသည် ကမ္ဘာကြီးကုန်ဆုံးသည်တိုင်အောင် ရှိနေမည်ဖြစ်ကြောင်းကို ကျွန်ုပ်မြင်ခဲ့သည်။ (7T, p. 84).

ယခုအချိန်သည် ကျွန်ုပ်တို့၏လူတို့အတွက် မိမိတို့၏မိသားစုများကိုမြို့ကြီးများမှငြိမ်သက်သောနေရာများသို့ ခေါ်ဆောင်ရမည့်အချိန်ဖြစ်သည်။ ထိုသို့မဟုတ်ပါက များစွာသောလူငယ်များနှင့်အသက်ကြီးသူများပင်လျှင် ရန်သူ၏ကျော့ကွင်းတွင်မိပြီး သိမ်းသွားခြင်းခံရလိမ့်မည်။ (8T, p. 101).

"မြို့ကြီးများမှထွက်ပါ။ မြို့ကြီးများမှထွက်ပါ" ဟူသည်မှာ ထာဝရဘုရားသည် ကျွန်ုပ်အားပေးသောသတင်းစကားဖြစ်သည်။ (LS, p. 409).

ဤမြို့ကြီးများ၌ပြည့်နေသည့်ရှုပ်ထွေးမှုများနှင့် အလုပ်သမားအဖွဲ့အစည်းများနှင့်ဆန္ဒပြခြင်းများအားဖြင့် ဖြစ်ပေါ်လာသောအခြေအနေများသည်

ကျွန်ုပ်တို့၏အမှုတော်လုပ်ငန်း၌ မဟာအတားအဆီးဖြစ်စေလိမ့်မည်။ အဖွဲ့အစည်းတချို့တွင်ပါဝင်ခြင်းအားဖြင့် အမျိုးမျိုးသောကုန်သွယ်မှုများတွင်ပါဝင်ရန် လူတို့သည်ကြိုးပမ်းနေကြသည်။ ဤအရာသည် ဘုရားသခင်၏အကြံအစည်မဟုတ်ဘဲ၊ ပညာအားဖြင့်မဟုတ်သော ကျွန်ုပ်တို့မသိရှိနိုင်သောတန်ခိုး၏အစီအစဉ်များဖြစ်သည်။ ဘုရားသခင်၏နှုတ်ထွက်စကားများသည် ပြည့်စုံနေသည်။ ဆိုးယုတ်သောသူတို့သည် မီးရှို့ရန်အဆင်သင့်ဖြစ်နေသောအထုပ်အပိုးများ၌ မိမိတို့ကိုယ်ကိုချည်နှောင်နေကြသည်။

ယခုကျွန်ုပ်တို့အားအပ်နှင်းထားသောအစွမ်းအစများကို လောကကြီးအားနောက်ဆုံးသောသတိပေးသတင်းစကားပေးရာ၌ အသုံးပြုရမည်။ ကျွန်ုပ်တို့သည် လျှို့ဝှက်သောအဖွဲ့အစည်းများ သို့မဟုတ် ကုန်သွယ်ရေးအဖွဲ့များနှင့်ပူးပေါင်းကြရမည်မဟုတ်။ ခရစ်တော်ကိုအမြဲကြည့်လျက်၊ ကျွန်ုပ်တို့သည် ဘုရားသခင်၌လွတ်လပ်စွာရပ်တည်ရမည်။ (7T, p. 84).

ကမ္ဘာပေါ်မှဘုရားတရားမရှိသောမြို့ကြီးများသည် ပျက်စီးခြင်းတံမြက်စည်းဖြင့် လှဲထုတ်ပစ်ခြင်းခံရကြမည်။ ရောမတိုက်တာကြီးများနှင့်မြို့ကြီး၏အစိတ်အပိုင်းတချို့တွင် ယခုကျရောက်နေသောဘေးများတွင် ကမ္ဘာတစ်ခုလုံးအပေါ်ကျရောက်လာမည့်အရာကို ဘုရားသခင်သည် ကျွန်ုပ်တို့အားပြသနေတော်မူသည်။ ကိုယ်တော်သည်ကျွန်ုပ်တို့အား "သင်္ဘောသဖန်းပင်ကိုအစွဲပြု၍ ပုံသက်သေတစ်ခုကိုမှတ်ကြလော့။ သင်္ဘောသဖန်းပင်သည် အခက်အလက်နု၍အရွက်ပေါက်သောအခါ နွေကာလနီးသည်ကို သင်တို့သိကြ၏။ ထိုနည်းတူ၊ ထိုအကြောင်းအရာအလုံးစုံတို့ကိုမြင်ရလျှင် လူသားသည် တံခါးဝတိုင်အောင်အနီးသို့ရောက်တော်မူသည်ကို သိမှတ်ကြလော့" ဟု ပြောပြတော်မူခဲ့သည်။ မဿဲ ၂၄း၃၂၊၃၃။ (7T, p. 83).

–o–



မေ (၁၄)

## "များပြားလာသောအစွဲအလမ်း"

**"ညီအစ်ကိုတို့၊ လောကီသားတို့သည် သင်တို့ကိုမုန်းသော်လည်း အံ့ဩခြင်းမရှိကြနှင့်။ ငါတို့သည် ညီအစ်ကိုချင်းတို့ကိုချစ်သောကြောင့် သေခြင်းမှအသက်ရှင်ခြင်းသို့ ကိုယ်ကူးမြောက်သည်ကိုကိုယ်သိရကြ၏။ မိမိညီအစ်ကိုကိုမချစ်သောသူသည် သေခြင်း၌တည်၏" (၁ယောဟန် ၃း၁၃၊၁၄)။**

ခရစ်တော်နှင့်အတူနီးကပ်စွာဆက်သွယ်သောသူသည် အသားအရောင်သို့မဟုတ် အဆင့်အတန်းနှင့်ပတ်သက်၍ အစွဲအလမ်းမရှိချေ။ သူ၏ယုံကြည်ခြင်းသည် ထာဝရတည်သောအမှန်တရားများကိုသာဆွဲကိုင်သည်။ သမ္မာတရားကိုအစပျိုးသောဘုရားကို ချီးမြှင့်ရမည်။ ကျွန်ုပ်တို့၏စိတ်နှလုံးသည် မေတ္တာအားဖြင့်ပြုပြင်ပြီး စိတ်ဝိညာဉ်ကိုစင်ကြယ်စေသောယုံကြည်ခြင်းနှင့်ပြည့်စေရမည်။ (9T, p. 209).

သမ္မာတရားကိုယုံကြည်သူတို့သည် ခရစ်တော်နှင့်အတူနီးကပ်စွာပေါင်းစည်း၍၊ သူတို့သည် ကိုယ်တော်နှင့်တစ်လုံးတစ်ဝတည်းမဖြစ်မချင်း၊ အသားအရောင်နှင့်ဆိုင်သောအရေးကိစ္စအားလုံးကို ဘုရားသခင်၏အစီအစဉ်အတိုင်းညှိနှိုင်းရန်မှာမဖြစ်နိုင်ချေ။ ကျွန်ုပ်တို့၏အသင်းတော်မှ လူဖြူ၊ လူမည်းနှစ်ခုစလုံးသည် ပြောင်းလဲကြရန်လိုအပ်သည်။ နှစ်ဖွဲ့စလုံးတွင် ဆင်ခြင်စဉ်းစားမှုမဲ့သောသူတချို့ရှိသည်။ အသားအရောင်အရေးပြင်းထန်စွာလှုပ်ရှားလာသောအခါ၊ သူတို့သည် မစင်ကြယ်သောအကျင့်၊ မပြောင်းလဲသောစာရိတ္တများကိုပြသလာကြသည်။ သူတို့သည် ခရစ်တော်၏ထမ်းပိုးကိုထမ်းရန် ဘယ်ခါမျှမသင်ယူဘူးကြသောကြောင့် ရန်ပွဲသည် အစွဲအလမ်းကြီးသူနှင့်ခေါင်းမာသူ

တို့၌ လွယ်ကူစွာရှိလာတတ်သည်။ ထိုသို့သောအခြေအနေတွင်အုပ်စိုးလိုသည့် မစင်ကြယ်သောစိတ်ပိုင်းဖြတ်မှုသည် မိမိအထဲကတောင်းဆိုလာသည်။ (Letter, p. 105, 1904).

အချိန်ကာလရွေ့လာသည်နှင့်အမျှ လူမျိုးရေးအစွဲဝါဒသည်တိုးလာ၍၊ နေရာအတော်များများတွင် လူဖြူတို့သည် လူမည်းများအတွက် လုပ်ဆောင်မရနိုင်လုနီးပါးဖြစ်လာလိမ့်မည်။ တစ်ခါတစ်ရံကျွန်ုပ်တို့အလုပ်ကို ငဲ့ညှာမှုမရှိသောလူဖြူတို့သည် ထိုအလုပ်ကိုဆန့်ကျင်ရန် လူမည်းများနှင့်ပူးပေါင်းကာ၊ ကျွန်ုပ်တို့၏သွန်သင်မှုသည် အသင်းတော်များပြိုကွဲစေရန်နှင့် ဥပုသ်နေ့ကိစ္စအပေါ် ပြဿနာယူဆောင်လာရန် ကြိုးပမ်းမှုဖြစ်သည်ဟုပြောကြလိမ့်မည်။ လူဖြူတရားဟောဆရာများနှင့်လူမည်းတရားဟောဆရာတို့သည် မှားယွင်းသောပြောဆိုခြင်းများကိုပြုလုပ်ကာ၊ လူတို့၏စိတ်တွင် မုန်းတီးမှုကိုနိုးထစေပြီး၊ သူတို့သည် သတ်ဖြတ်ရန်အဆင်သင့်ရှိလာကြလိမ့်မည်။

လူမည်းများအကြားတွင် နောက်ဆုံးသောကရုဏာသတင်းစကားကို ဟောကြားရန် စာတန်၏တန်ခိုးများနှင့် ထိုသူတို့၏မရိုးဖြောင့်မှုသည် တားဆီးလျက်ရှိသည်။ လူဖြူနှင့်လူမည်းများကြား၌ တည်ရှိနေသောအစွဲအလမ်းကို လျစ်လျူရှုခြင်းသည် လူဖြူတရားဟောဆရာများနှင့် ကျောင်းဆရာ၊ ဆရာမများအတွက် အခက်ခဲဆုံးဖြစ်စေရန် စာတန်သည်လုပ်ဆောင်နေသည်။

ဉာဏ်ပညာလမ်းကိုလိုက်ကြပါစို့။ ဧဝံဂေလိသတင်းစကားဟောပြောခြင်းကို အတားအဆီးဖြစ်စေသည့် ဆန့်ကျင်ဘက်ဖြစ်ခြင်းများကိုမလိုအပ်ဘဲ လှုံ့ဆော်ရန် မည်သည့်အရာမျှမလုပ်မိပါစေနှင့်။ (9T, pp. 207,208).

–၀–



မေ (၁၅)

## "အစျည်းစည်းရှိခြင်းကိုတပ်မက်ခြင်း"

**"ငါပြဆိုသည်ကား၊ ကိလေသာစိတ်နှင့်သူ့မယားကိုကြည့်ရှုသောသူသည် စိတ်နှလုံးထဲ၌ ထိုမိန်းမနှင့်ပြစ်မှားပြီ" (မဿဲ ၅း၂၈)။**

ငယ်ရွယ်သူအများတို့သည် စာအုပ်များကိုနှစ်သက်ကြသည်။ သူတို့သည် ရနိုင်သမျှကိုဖတ်ကြသည်။ စိတ်လှုပ်ရှားဖွယ်အချစ်ဝတ္ထုများနှင့် ညစ်ညမ်းသောရုပ်ပုံများသည် ဖျက်ဆီးတတ်သောအရှိန်သြဇာရှိသည်။ ဝတ္ထုများကို စိတ်ပါလက်ပါလူအများကဖတ်ခြင်းအားဖြင့် အကျိုးရလဒ်မှာ အတွေးများ ညစ်ညမ်းလာခြင်းဖြစ်သည်။ ကားများတွင် အမျိုးသမီးများ၏ဝတ်လစ်စလစ်ဓာတ်ပုံများကို မကြာခဏဖြန့်ချိရောင်းချကြသည်။ ဤမနှစ်မြို့ဖွယ်ရုပ်ပုံများကို စာလုံးထွင်းရုပ်ပုံလုပ်ငန်းလုပ်ကိုင်သူတို့၏နံရံများတွင် ချိတ်ဆွဲလျက်ရှိသည်။ ဤခေတ်သည် နေရာတကာ၌ပျက်စီးခြင်းပေါက်ပွားနေသည့်ခေတ်ဖြစ်သည်။ မျက်စိ၏တပ်မက်ခြင်းနှင့်ပျက်စီးသောရမ္မက်သည် ကြည့်ခြင်းနှင့်ဖတ်ခြင်းဖြင့် နိုးထလာသည်။ စိတ်နှလုံးသည် တွေးတောခြင်းအားဖြင့်ဖောက်ပြန်သည်။ စိတ်သည် သာ၍နိမ့်ကျသောရမ္မက်ကိုထကြွစေသောမြင်ကွင်းများကို အာရုံပြုခြင်း၌ကြည်နူးလျက်ရှိသည်။ ဤယုတ်ညံ့သောရုပ်ပုံများကို ညစ်ညမ်းသောအတွေးဖြင့်ကြည့်သောအခါ၊ ကိုယ်ကျင့်တရားများကိုပျက်စီးစေ၍ မှောက်မှားလမ်းလွဲသူတို့အား ကာမဂုဏ်ရမ္မက်ကိုပေးသည်။ ထိုနောက် ဘုရားသခင်၏ပုံသဏ္ဍာန်ရှိခြင်းမှ တိရစ္ဆာန်အဆင့်သို့ဆွဲချသောအပြစ်များနှင့် ရာဇဝတ်မှုများနောက်သို့လိုက်ကာ၊ အဆုံးတွင် သူတို့ကိုပျက်စီးခြင်းထဲသို့နစ်သွားစေသည်။ မစင်ကြယ်သောအတွေးများကိုဖြစ်စေသည့်အရာများကိုဖတ်ခြင်း၊ ကြည့်ခြင်းကိုရှောင်ပါ။ ကိုယ်ကျင့်စွမ်းအားနှင့်ဉာဏစွမ်းအားကိုပျိုးထောင်ပါ။ ပုံပြင်

စာအုပ်များပင်ဖြစ်စေ၊ ဤမွန်မြတ်သောစွမ်းအားများကိုအားနည်းစေရန် များစွာ မဖတ်ပါနှင့်။ . . .

လူငယ်တို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်သေချာစွာဖတ်ရှုခြင်းကို မပျော်ပိုက်သော်၊ ကျန်းမာသောစိတ်နှင့်စစ်မှန်သောဘာသာရေးစည်းမျဉ်းများကိုပိုင်ဆိုင်ရန်မှာ သူတို့အတွက်မဖြစ်နိုင်ချေ။ သမ္မာကျမ်းစာသည် ခရစ်တော်အားဖြင့် ကယ်တင်ခြင်းလမ်းကိုညွှန်ပြသော စိတ်ဝင်စားဖွယ်အကောင်းဆုံးသမိုင်းများပါရှိကာ၊ ၎င်းသည် သာ၍မြင့်မြတ်၊ ကောင်းမွန်သောအသက်တာသို့ သူတို့၏လမ်းပြဖြစ်သည်။ သူတို့၏အတွေးများသည် စိတ်ကူးယဉ်ဖန်တီးထားသောဇာတ်ဆောင်တို့၏စိတ်လှုပ်ရှားဖွယ်ဇာတ်လမ်းများအားဖြင့် သွေဖည်သွားခြင်းမရှိခဲ့သော်၊ သူတို့ဖတ်သမျှစာအုပ်တွင် စိတ်ဝင်စားစရာအကောင်းဆုံးဟု သူတို့အားလုံးပြောကြလိမ့်မည်။ သင်တို့ကိုယ်ခန္ဓာကို မသေစေနိုင်သောအဖြစ်သို့ပြောင်းလဲပြီး၊ ကိုယ်တော်၏ဘုန်းအသရေအရှိဆုံးဖြင့် ခန္ဓာကိုယ်ကိုဆင်မြန်းရန် သခင်ဘုရား၏ဒုတိယအကြိမ်ကြွလာခြင်းကို စောင့်မျှော်သူတို့သည် သာ၍မြင့်မြတ်သောအကျင့်ကိုပျိုးထောင်ရမည်။ သင်သည် ယခုအချိန်ထိလုပ်ဆောင်ပြီးသောအရာထက် သာ၍မြင့်သောနေရာမှလုပ်ဆောင်ရမည်။ သို့မဟုတ် သင်သည် မသေနိုင်ခြင်းအဖြစ်သို့ပြောင်းလဲသောသူတို့နှင့်အတူ ရေတွက်ခြင်းကိုခံရလိမ့်မည်မဟုတ်ချေ။ (2T, pp. 410,411).

–ο–





# "ငြိမ်သက်ခြင်းကိုကြွေးကြော်ခြင်း"

**"လာကြ၊ စပျစ်ရည်ကိုယူခဲ့မည်။ သေရည်သေရက်ကိုဝစွာသောက်ကြစို့။ ယနေ့ဖြစ်သကဲ့သို့နက်ဖြန်နေ့ဖြစ်လိမ့်မည်။ ထိုမျှမက၊ သာ၍ကြွယ်ဝလိမ့်မည်ဟုဆိုတတ်ကြ၏" (ဟေရှာယ ၅၆း၁၂)။**

ကျွန်ဆိုးသည် သူ့စိတ်ထဲ၌ "ငါ့အရှင်လာခဲလိမ့်မည်" ဟုဆို၏။ သူသည် ခရစ်တော်ကြွလာမည်မဟုတ်ဟုမပြောပေ။ ခရစ်တော်ဒုတိယအကြိမ်ကြွလာခြင်းအယူအဆကို သူမလှောင်ပြောင်ချေ။ သို့ရာတွင် သူ့စိတ်ထဲ၌လည်းကောင်း၊ သူ့အပြုအမူအပြောအဆိုအားဖြင့်လည်းကောင်း သခင်ဘုရား၏ကြွလာခြင်းသည် နှောင့်နှေးလိမ့်မည်ဟုဖော်ပြလျက်ရှိသည်။ သခင်ဘုရားအလျင်အမြန်ကြွလာမည်ဟူသော ခိုင်မာစွာယုံကြည်ချက်ကို အခြားလူတို့စိတ်မှသူမောင်းထုတ်ပစ်သည်။ သူ့ဩဇာသည် လူတို့အားရဲတင်းစွာဂရုမစိုက်သည့်နောက်ကျခြင်းသို့ပို့ဆောင်ပေးသည်။ သူတို့သည် လောကီဆန်မှုနှင့်မိန်းမောခြင်းတို့၌ မြဲနေကြသည်။ မြေကြီးဆိုင်ရာစွဲလမ်းမှု၊ ဖောက်ပြန်သောအတွေးများသည် စိတ်ကိုသိမ်းပိုက်ထားလိုက်သည်။ ကျွန်ဆိုးသည် အရက်သမားများနှင့်အတူ စားသောက်လျက်၊ အပျော်အပါးလိုက်ခြင်း၌ လောကသားများနှင့်ပေါင်းသင်းသည်။ သူသည် မိမိ၏အဖော်ကျွန်များကိုရိုက်ပြီး၊ မိမိတို့သခင်အပေါ်သစ္စာရှိသူတို့ကို စွပ်စွဲအပြစ်တင်သည်။ . . .

ခရစ်တော်၏ကြွလာခြင်းသည် မိစ္ဆာဆရာများကိုအငိုက်ဖမ်းလိမ့်မည်။ သူတို့သည် "ငြိမ်ဝပ်ခြင်းရှိ၏။ ဘေးအန္တရာယ်နှင့်ကင်းလွတ်၏" ဟုဆိုကြသည်။ ယေရုရှလင်မြို့မကျဆုံးမီက ယဇ်ပုရောဟိတ်များနှင့်ကျမ်းပြုဆရာများကဲ့သို့ အသင်းတော်သည် လောကီကြွယ်ဝခြင်းနှင့်ဘုန်းအသရေကို သာယာကြည်နူး

ရန်စောင့်မျှော်နေကြသည်။ နောက်ဆုံးအချိန်၏နိမိတ်လက္ခဏာများသည် ဤအရာကိုနိမိတ်ပြနေသည်ဟု အနက်ဖွင့်ဆိုကြသည်။ သို့ရာတွင် သမ္မာကျမ်းစာသည် မည်ကဲ့သို့ပြောထားသနည်း။ "သူတို့အပေါ်၌ လျင်မြန်စွာပျက်စီးခြင်းရောက်၍ လွတ်ခြင်းအခွင့်မရှိရကြ" ဟုပြောထားနှင့်ပြီ။ . . .

လူတို့သည် သခင်ဘုရား၏ကြွလာခြင်းကို အဝေးသို့ရွှေ့ဆိုင်းကြသည်။ သတိပေးချက်များကို သူတို့ပြက်ရယ်ပြုကြသည်။ သူတို့သည် ဝါကြွားလျက် "ခပ်သိမ်းသောအရာတို့သည် ဖန်ဆင်းစကဖြစ်သကဲ့သို့၊ ဖြစ်မြဲဖြစ်ကြ၏။" "ယနေ့ကဲ့သို့နက်ဖြန်နေ့ဖြစ်လိမ့်မည်။ ထိုမျှမက သာ၍ကြွယ်ဝလိမ့်မည်ဟုဆိုတတ်ကြ၏" (၂ပေတရု ၃း၄။ ဟေရှာယ ၅၆း၁၂)။ ကျွန်ုပ်တို့သည် အပျော်အပါးခင်တွယ်ခြင်း၌ သာ၍နစ်ဝင်ကြလိမ့်မည်။ သို့သော် ခရစ်တော်သည် "သူခိုးကဲ့သို့ငါလာ၏" ဟုမိန့်တော်မူသည်။ ဗျာဒိတ် ၁၆း၁၆။ "သခင်ဘုရားကြွလာမည်ဟူသောကတိတော်သည် အဘယ်မှာရှိသနည်း" ဟု လောကသားတို့သည် မဲ့ရွဲ့လျက်မေးနေသည့်အချိန်၌ပင် နိမိတ်များသည်ပြည့်စုံလျက်ရှိသည်။ "ငြိမ်ဝပ်ခြင်းရှိ၏။ ဘေးအန္တရာယ်နှင့်ကင်းလွတ်၏" ဟုသူတို့ပြောနေချိန်တွင် ပျက်စီးခြင်းသည် ရုတ်တရက်ရောက်လာလိမ့်မည်။ သမ္မာတရားကိုပြက်ရယ်ပြုသူ၊ ငြင်းဆန်သူတို့စိတ်ကြီးဝင်နေချိန်၊ ပုံမှန်စီးပွားရေးလုပ်ငန်းများ၊ စည်းကမ်းများကိုအလေးမထားဘဲလုပ်ကိုင်နေချိန်၊ ကျောင်းသားသည် ကျမ်းစာမှလွဲ၍ အရာရာ၌စိတ်ပါစွာပညာရှာမှီးချိန်တွင် ခရစ်တော်သည် သူခိုးကဲ့သို့ကြွလာလိမ့်မည်။ (FLB, p. 342).

–၀–



မေ (၁၇)

## "အမြင်အာရုံများ၊ အသံများနှင့်ရာဇဝတ်မှုများ"

**"အဓမ္မအမှုအရာကိုမျက်မှောက်မပြုပါ။ လမ်းလွဲသောသူ၏အမှုကိုရွံရှာသည်ဖြစ်၍၊ ငါ၌မမှီမကပ်ရ။ သဘောကောက်သောသူသည် ငါ့ထံမှထွက်သွားရမည်။ မကောင်းသောသူနှင့်ငါမပေါင်းဖော်" (ဆာလံ ၁၀၁း၃၊၄)။**

ရှေ့တိုးခြေလှမ်းတိုင်းတွင် စုံစမ်းခြင်းများရင်ဆိုင်ကြမည့် သင့်ကလေးများအတွက် သင့်အပိုင်း၌အရေးတယူလုပ်ရမည့်အကြောင်းရင်းရှိသည်။ မကောင်းသောအပေါင်းအသင်းများနှင့်ဆက်သွယ်ခြင်းကို ရှောင်ရှား၍မဖြစ်နိုင်ချေ။ . . သူတို့သည်မြင်နေကြားနေကြသည်။ ထို့ကြောင့် သူတို့ကိုစေ့စေ့စပ်စပ်မကာကွယ်ခဲ့သော်၊ အကျင့်ပျက်ပြားခြင်း၏ဩဇာလွှမ်းမိုးမှုခံရကာ၊ မသိမြင်နိုင်အောင် သေသေချာချာဖြင့်စိတ်နှလုံးကိုဖျက်ဆီးကာ၊ အကျင့်စာရိတ္တကိုအကျည်းတန်စေလိမ့်မည်။ . . .

တချို့သောမိခင်၊ ဖခင်တို့သည် လွန်စွာဥပေက္ခာပြု၊ အလေးမထားဘဲ သူတို့၏ကလေးများသည် အသင်းတော်ကျောင်း သို့မဟုတ် အပြင်ကျောင်းတက်ခြင်းသည် ခြားနားမှုမရှိဟု သူတို့ထင်နေကြသည်။ "ငါတို့က လောကသားတွေဘဲ၊ ငါတို့ကလောကကနေထွက်ခွာလို့မှမရဘဲ" ဟုဆိုကြသည်။ သို့သော် မိဘများတို့၊ ကျွန်ုပ်တို့သည် လောကနှင့်ခွဲခွာလိုလျှင်၊ ကောင်းသောနည်းလမ်းရှိသည်။ ဤနောက်ဆုံးသောနေ့ရက်၌ အလျင်အမြန်ပွားများနေသောမကောင်းမှုများစွာကို မကြည့်ဘဲရှောင်ရှားနိုင်သည်။ . . .

ကလေးများနှင့်လူငယ်တို့၏တက်ကြွသောစိတ်ထဲတွင် အနာဂတ်ကို စိတ်ကူးယဉ်ဖော်ပြခြင်းသည် အစစ်အမှန်ပင်ဖြစ်နေသည်။ တော်လှန်ရေးများ

နှင့်ဥပဒေနှင့် မိမိကိုယ်ကိုထိန်းချုပ်ခြင်းများကိုချိုးဖောက်သည့်အပြုအမူမျိုးစုံကို ပုံဖော်ရေးသားသည်ကို များစွာသောသူတို့သည် ထိုစိတ်သဘောများကို ထင်ဟပ်စေကြသည်။ သူတို့သည် ရာဇဝတ်မှုများကျူးလွန်ရန် ပို့ဆောင်ခြင်းခံရကာ၊ ဖြစ်နိုင်လျှင် စာရေးဆရာများပုံဖော်ရေးသားသည်ထက်ပင် ဆိုးဝါးကြလိမ့်မည်။ ထိုသို့သောဩဇာလွှမ်းမိုးမှုများအားဖြင့် လူ့အသိုက်အဝန်းသည် အကျင့်စာရိတ္တပျက်ပြားသွားရသည်။ ဤဥပဒေမဲ့မှုမျိုးစေ့ကို အသံလွင့်ကြဲကြလျက်ရှိသည်။ ရာဇဝတ်မှုကို ရလဒ်အဖြစ်ရိတ်သိမ်းရမည်ကို မည်သူမျှ အံ့အားသင့်စရာမလိုချေ။

"ကျွန်ုပ်အတွက်အကျိုးမရှိ၊ သူတစ်ပါး၏အမှုထမ်းစေရန် မသင့်လျော်မှုကိုသာဖြစ်စေသောစာကိုဖတ်ရာ၌ ကျွန်ုပ်၏တန်ဖိုးရှိသောအချိန်ကို ကျွန်ုပ်အသုံးပြုမည်မဟုတ်။ ဘုရားသခင်၏အမှုတော်၌သင့်လျော်မှုရှိစေရန် ကျွန်ုပ်၏အချိန်နှင့်အတွေးအခေါ်များကိုဆက်ကပ်ပါမည်။ အရေးမကြီး၊ အပြစ်ရှိသောအရာများကိုကျွန်ုပ်မကြည့်ပါ။ ကျွန်ုပ်၏နားသည် ထာဝရဘုရား၏ဥစ္စာဖြစ်သည်။ ထိုကြောင့် ရန်သူ၏သိမ်မွေ့သောအကျိုးသင့်အကြောင်းသင့် တွေးခေါ်မှုများကို ကျွန်ုပ်နားထောင်မည်မဟုတ်။ ကျွန်ုပ်၏အသံကို ဘုရားသခင့် ဝိညာဉ်တော်၏ဩဇာလွှမ်းမိုးမှုအောက်မဟုတ်သောနေရာတွင် အသုံးပြုမည်မဟုတ်။ ကျွန်ုပ်၏ကိုယ်ခန္ဓာသည် သန့်ရှင်းသောဝိညာဉ်တော်၏ဗိမာန်ဖြစ်သည်။ ကျွန်ုပ်၏စွမ်းအင်အားလုံးကို ထိုက်တန်သည့်အရာများကိုသာပြုလုပ်ရန်အသုံးပြုမည်" ဟု ခိုင်မာစွာပြောပါ။ (AH, pp. 406-409).

–o–



မေ (၁၈)

## "ဝိညာဉ်ယုံကြည်ကိုးကွယ်ခြင်းနှင့်တော်လှန်ရေး"

**"သင်၏ဘုရားသခင်ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့၊ အစွမ်းသတ္တိရှိသမျှ၊ ဉာဏ်ရှိသမျှနှင့်ချစ်လော့။ ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှချစ်လော့" (လုကာ ၁၀း၂၇)။**

ပြင်းပြသောငွေရလိုစိတ်၊ အပျော်အပါးနှင့်ဇိမ်ခံခြင်း၊ ထင်ပေါ်လိုခြင်း၊ စည်းစိမ်ယစ်မူးခြင်း၊ အသုံးအဖြုန်းကြီးခြင်း၊ အသာစီးရလိုခြင်း၊ လိမ်လည်မှု၊ ဓားပြမှုနှင့်ပျက်စီးခြင်း စသည့်အပြစ်တရားများ၏လှည့်ဖြားခြင်းများကို ရင်ဆိုင်ရန် လောကကြီးထဲသို့လူငယ်တို့သည် ထွက်သွားကြသောအခါ မည်သည့်သွန်သင်ချက်မျိုးကိုရရှိအပ်သနည်း။

ဝိညာဉ်ယုံကြည်ကိုးကွယ်ခြင်းက လူသည် မကျရှုံးသောနတ်တစ်ပိုင်း လူတစ်ပိုင်းဖြစ်သည်ဟု အခိုင်အမာဆိုထားသည်။ ထိုယုံကြည်ကိုးကွယ်ခြင်းက "စိတ်နှလုံးတိုင်းသည် သူ့ဘာသာသူစီရင်လိမ့်မည်" ဟူ၍လည်းကောင်း၊ "မှန်ကန်သောအသိပညာသည် လူကိုဥပဒေအထက်၌ထားရှိသည်" ဟူ၍လည်းကောင်း၊ "အရာရာတိုင်းသည် ဖြစ်သည်အတိုင်းမှန်ကန်သည်" ဟူ၍လည်းကောင်း၊ "ဘုရားသခင်သည် ဘာကိုမျှအပြစ်မစီရင်" ဟူ၍လည်းကောင်းဆိုသည်။ လူသားများ၏အကျင့်ယုတ်ညံ့ခြင်းကို ကောင်းကင်၌အလွန်ချီးမြှင့်ခံရသည့်အလားဖော်ပြသည်။ ထိုကြောင့်၎င်းသည် လူသားအားလုံးကိုဖော်ပြသည်မှာ "သင်ဘာလုပ်သည်အရာမှာအရေးမကြီး၊ သင်ကြိုက်သလိုနေပါ၊ ကောင်းကင်ဘုံသည် သင့်အိမ်ဖြစ်သည်" ဟူ၍ဖြစ်သည်။ လိုအင်ဆန္ဒသည် အမြင့်ဆုံးဥပဒေဖြစ်သည်ဟူ၍လည်းကောင်း၊ ထိုသို့နေနိုင်ခြင်းသည် လွတ်လပ်ခြင်းဖြစ်သည်ဟူ၍လည်းကောင်း၊ လူသည် မိမိတစ်ဦးတည်းအပေါ်၌သာတာဝန်ရှိသည်ဟူ၍လည်းကောင်း လူမြောက်မြားစွာကိုယုံကြည်စေသည်။

ထိုသို့သောသွန်သင်ချက်များကို အသက်တာ၏ကနဦးကပင်ခံယူလျက်၊ စိတ်ဇောတိုက်တွန်းချက်သည် အပြင်းထန်ဆုံးအချိန်နှင့် မိမိကိုယ်ကိုချုပ်တည်းခြင်းနှင့်စင်ကြယ်ခြင်းအရေးတကြီးအလိုအပ်ဆုံးအချိန်တွင် သီလကိုစောင့်ထိန်းသောအရာတို့သည် အဘယ်မှာရှိကြသနည်း။ လောကကိုဒုတိယသောဒုံမြို့ဖြစ်ခြင်းမှ မည်သည့်အရာက ကာကွယ်မည်နည်း။

တစ်ချိန်တည်းတွင် မင်းမဲ့ဝါဒီသည် ဘုရားပညတ်ချက်သာမက၊ လူသားဥပဒေများအားလုံးကို လှည်းကျင်းပစ်ရန်ကြိုးပမ်းနေသည်။ ကြွယ်ဝခြင်းနှင့်အာဏာကိုဦးစားပေးခြင်း၊ လူနည်းစုကောင်းစားရေးအတွက် လူများစုအနစ်နာခံခြင်း၊ မိမိတို့၏အကျိုးများနှင့်ပိုင်ဆိုင်ခွင့်များကိုကာကွယ်ရန်အတွက်သာ၍ဆင်းရဲသောလူတန်းစားကိုအသုံးချခြင်း ပြင်သစ်တော်လှန်ရေးကိုဖြစ်စေသည့် တစ်မျိုးတည်းသောသွန်သင်ချက်များကို တစ်ကမ္ဘာလုံးသို့ဖြန့်ဝေခြင်းစသည့်အရာအားလုံးသည် ပြင်သစ်နိုင်ငံကိုရစ်ပတ်ခဲ့သော အလားတူရုန်းကန်မှု၌ တစ်လောကလုံးပါဝင်လာစေရန်တွန်းပို့နေသည်။

ထိုသို့သောအရာများသည် ယနေ့လူငယ်များရင်ဆိုင်ရမည့်တန်ခိုးများဖြစ်သည်။ ထိုသို့သောအုံကြွခြင်းအလယ်တွင်ရပ်တည်နိုင်ရန် သူတို့သည်ယခုအကျင့်စာရိတ္တ၏အုတ်မြစ်ကိုချထားရမည်။

မျိုးဆက်တိုင်းနှင့်နိုင်ငံတိုင်းတွင် အကျင့်စာရိတ္တတည်ဆောက်ခြင်း၏အခြေအမြစ်နှင့်ပုံစံသည် အတူတူပင်ဖြစ်သည်။ ဘုရားရှင်၏ပညတ်တော်သည် "သင်၏ဘုရားသခင်ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့ . . . ချစ်လော့။ ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှချစ်လော့" (လုကာ ၁၀း၂၇) ဟုဆိုသည်။ ကျွန်ုပ်တို့ကယ်တင်ရှင်၏ဂုဏ်တော်နှင့်အသက်တာတွင်ဖော်ပြသော ကြီးမြတ်သည့်စည်းမျဉ်းသည် တစ်ခုတည်းသောလုံခြုံသည့်အုတ်မြစ်နှင့် တစ်ခုတည်းသောသေချာသည့်လမ်းပြဖြစ်သည်။ (Ed, pp. 227-229).

–၀–



မေ (၁၉)

## "လူလုပ်သည့်စမ်းသပ်မှုများကိုသတိပြုပါ"

**". . . မကောင်းသောအကျင့်ကိုကျင့်သောသူတို့ကိုရှောင်ကြလော့။ . . . ငါတို့သည် စိတ်ဝိညာဉ်အားဖြင့် ဘုရားသခင်ကိုကိုးကွယ်၍၊ ဇာတိ၌ကိုးစားခြင်းမရှိဘဲ ယေရှုခရစ်၌သာဝါကြွားဝမ်းမြောက်သောသူဖြစ်၍ မှန်သောအရေဖျားလှီးခြင်းကိုခံသောသူဖြစ်ကြ၏" (ဖိလိပ္ပိ ၃း၂၊၃)။**

သူတို့၏စိတ်နှလုံး၌ ဝိညာဉ်တော်ဘုရား၏အတို့အထိကို လိုအပ်နေသူများရှိသည်။ ထိုအခါ မျက်မှောက်ကာလသတင်းစကားကိုဟောပြောခြင်းသည် သူတို့၏တာဝန်ဖြစ်လာမည်။ သူတို့သည် လူလုပ်သည့်စမ်းသပ်မှုများနှင့်အသစ်အဆန်းများကို ရှာကြရမည်မဟုတ်။ စတုတ္ထပညတ်တော်၊ ဥပုသ်နေ့သည် ယခုချိန်အတွက်စမ်းသပ်မှုဖြစ်သည်။ (Ev, p. 213).

စကြဝဠာတစ်ခုလုံးနီးပါးကပယ်ဖျက်သည့် ဘုရားသခင်၏ပညတ်တော်သည် မျက်မှောက်ကာလအတွက် စမ်းသပ်သောသမ္မာတရားဖြစ်သည်။ . . . ဤလက္ခဏာအားဖြင့် ဘုရားသခင်အားကိုးကွယ်သူအားလုံးကို ခွဲခြားမည့်အချိန်ရောက်လာလိမ့်မည်။ ဘုရားသခင်နှင့်မိမိတို့၏မဟာမိတ်ဖွဲ့ခြင်းကို ဤအမှတ်အသားအားဖြင့် သူတို့သည် ဘုရားသခင်၏အစေခံများဖြစ်ကြောင်းကို သိကြလိမ့်မည်။ သို့ရာတွင် လူလုပ်သည့်စမ်းသပ်မှုအားလုံးသည် လူတို့စိတ်ကို သမ္မာတရားကိုဖွဲ့စည်းပေးသည့် ကြီးမြတ်အရေးကြီးသောသမ္မာတရားမှ လမ်းလွဲသွားစေလိမ့်မည်။

ကျွန်ုပ်တို့အထဲတွင် အမြင်ကျဉ်းသူများ၊ ထက်ထက်မြက်မြက်ဝေဖန်ရေးသမားများနှင့် သမ္မာတရား၏အခိပ္ပါယ်နှင့်ပတ်သက်ပြီး မိမိ၏ယူဆချက်ကို

စွဲမြဲစွာကိုင်ထားသော အလွန်အစွန်းရောက်နေသူများကိုခေါ်ဆောင်လာရန်မှာ စာတန်၏အလိုဆန္ဒနှင့်အကြံအစည်ပင်ဖြစ်သည်။ သူတို့သည် သာ၍အရေးကြီးသောတရားစီရင်ခြင်း၊ ဘုရားသခင်၏သနားခြင်းနှင့်မေတ္တာ စသည်တို့ကိုလျစ်လျူရှုနေကြစဉ်၊ သူတို့သည် မရမနေခိုင်းတတ်ကြပြီး တင်းကျပ်လွန်းသောတာဝန်များကို အတင်းအဓမ္မလိုက်လျှောက်စေကာ၊ အရေးမပါသောအရာများကို အရေးတကြီးလုပ်တတ်ကြသည်။ ဤအနည်းငယ်သောလူတန်းစား၏လုပ်ဆောင်မှုအားဖြင့် ဥပုသ်နေ့စောင့်သူတို့ကို အယူသီး၊ တစ်ယူသန်များကဲ့သို့ ပုံဖော်လိမ့်မည်။

အတွေ့အကြုံရှိသောသူများလုပ်ဆောင်ရန်အတွက် ဘုရားသခင်၌အထူးအလုပ်ရှိသည်။ ထိုသူတို့သည် ဘုရားသခင်၏အမှုတော်ကိုကာကွယ်ရန်ဖြစ်သည်။ မိမိတို့၏ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် ကြိုက်သလိုသဘောထားသူ၊ မိမိတို့စိတ်ကြိုက်တရားများကိုသာဟောပြောသူ၊ မည်သည့်အပေါ်၌မျှတာဝန်မယူသူတို့အပေါ် ဘုရားသခင်၏အမှုတော်ကိုမပေးအပ်ကြောင်း သူတို့သိမြင်ကြရမည်။ ဤမိမိကိုယ်ကိုပြည့်စုံသည်ဟု မှတ်ယူသည့်စိတ်သဘောသည် ကျွန်ုပ်တို့အထဲတွင် တစ်ကြိမ်စိုးမိုးခွင့်ပြုသော်၊ အပြုအမူ၌ညီညွတ်ခြင်းမရှိ၊ စိတ်သဘောစည်းလုံးခြင်းမရှိ၊ အမှုတော်၌လုံခြုံမှုမရှိ၊ အမှုတော်သည် ကျန်းမာကြီးထွားခြင်းမရှိဖြစ်လိမ့်မည်။. . . သူနှင့်ခမည်းတော်သည် တစ်လုံးတစ်ဝတည်းဖြစ်သကဲ့သို့ မိမိ၏နောက်လိုက်များသည် တစ်လုံးတစ်ဝတည်းဖြစ်ရန် ခရစ်တော်ဆုတောင်းတော်မူသည်။ ဤဆုတောင်းချက်ပြည့်စုံသည်ကို မြင်ချင်သောသူတို့သည် သင်းကွဲခြင်းကိုဖြစ်စေနိုင်သည့် အသေးငယ်ဆုံးသောအရာကိုပင်ဟန့်တား၍၊ ညီအစ်ကိုများအကြား စည်းလုံးခြင်းနှင့်ချစ်ခြင်းစိတ်သဘောကို ထိန်းသိမ်းရန်ကြိုးစားရကြမည်။ (Ev, pp. 212, 213).

–၀–



F - 19



## "အနာဂတ်အကောင်းကြင်းသည်နတ်ဆိုးထံမှလည်းဖြစ်နိုင်သည်"

**"သမ္မာသတိရှိလျက် မအိပ်ဘဲစောင့်နေကြလော့။ သင်တို့၏ရန်သူတည်းဟူသောမာရ်နတ်သည် ဟောက်သောခြင်္သေ့ကဲ့သို့ အဘယ်သူကိုမျိုရမည်နည်းဟူ၍ လှည့်လည်ရှာဖွေလျက်ရှိ၏" (၁ပေ ၅း၈)။**

စာတန်၏လှည့်ဖြားခြင်းသည် ယခုတိုးပွားလျက်ရှိကာ၊ သမ္မာတရားလမ်းမှသွေဖည်သူတို့သည် မိမိတို့၏အမှုအကျင့်ကိုဆုံးရှုံးကြလိမ့်မည်။ ကျောက်ဆူးကိုခိုင်ခံ့သောအမှီအတွယ် ဘာမျှမရှိသောကြောင့် သူတို့သည် လှည့်စားခြင်းတစ်ခုမှအခြားတစ်ခုသို့မျောလွင့်ကာ၊ ထူးဆန်းသောယုံကြည်ချက်လေများအားဖြင့် လွင့်ပါးကြလိမ့်မည်။ စာတန်သည် ကြီးမားသောတန်ခိုးနှင့်ဆင်းလာခဲ့ပြီ။ များစွာသောသူတို့သည် သူ၏အံ့ဖွယ်နိမိတ်များအားဖြင့် လှည့်ဖြားခြင်းခံရကြလိမ့်မည်။ (Ev, p. 362).

အနာဂတ်တွင် ကြီးမားသောစောင့်မျှော်ခြင်းလိုအပ်သည်ကိုပြောရန် ကျွန်ုပ်ညွှန်ကြားခြင်းခံရသည်။ ဘုရားသခင်၏လူတို့အကြားတွင် ဝိညာဉ်ရေးမိုက်မဲခြင်းရှိရမည်မဟုတ်ချေ။ ဝိညာဉ်ဆိုးတို့သည် လူသားတို့၏စိတ်ကိုထိန်းချုပ်ရန် တက်ကြွစွာကြိုးပမ်းနေသည်။ လူတို့သည် အထုပ်အပိုးနှင့်ချည်နှောင်ခြင်းခံရကာ၊ နောက်ဆုံးသောနေ့၌ မီးရှို့ရန်အဆင်သင့်ရှိနေကြသည်။ ခရစ်တော်နှင့်သူ၏ဖြောင့်မတ်ခြင်းကိုပစ်ပယ်သောသူတို့သည် လောကကိုလွှမ်းမိုးနေသော စဉ်းလဲသောဉာဏ်ကိုလက်ခံကြလိမ့်မည်။ ခရစ်ယာန်တို့သည် တည်ကြည်လျက်၊ နိုးနိုးကြားကြားရှိကာ ဟောက်သောခြင်္သေ့ကဲ့သို့ မျိုရမည့်သူကိုရှာဖွေနေသော မိမိတို့၏ရန်သူနတ်ဆိုးကို မြဲမြံစွာတွန်းလှန်ရမည်။ ဝိညာဉ်ဆိုးတို့၏ဩဇာအောက်၌ရှိသောသူတို့သည် အံ့ဖွယ်နိမိတ်များကိုပြုကြလိမ့်မည်။

ကျွန်ုပ်တို့သည် လှည့်ဖြားခြင်းခံရန်မလိုအပ်ချေ။ စာတန်နှင့်နီးနီးကပ်ကပ်ဆက်စပ်သည့် အံ့ဖွယ်ဖြစ်ရပ်များသည် မကြာမီဖြစ်ပျက်လိမ့်မည်။ ဘုရားသခင်၏နှုတ်ကပတ်တော်က စာတန်သည် အံ့ဖွယ်နိမိတ်များကိုပြုလုပ်မည်ဖြစ်ကြောင်းဖော်ပြသည်။ သူသည် လူတို့ကိုဖျားနာစေပြီး၊ ၎င်းနောက်သူတို့ထံမှမိမိ၏တန်ခိုးကို ရုတ်တရက်ဖယ်ရှားလိမ့်မည်။ ထိုအခါသူတို့သည်ရောဂါပျောက်ကင်းကြလိမ့်မည်။ ဤကဲ့သို့သောရောဂါပျောက်ကင်းဟန်ရှိသောနိမိတ်သည် မြော်လင့်ခြင်းအသင်းသူ၊ အသင်းသားများကို စမ်းသပ်လိမ့်မည်။

ထိုသို့အံ့ဖွယ်နိမိတ်အဖြစ်အသုံးပြုခံရသူသည် ထိုသို့သောနိမိတ်ဖော်ပြမှုများအားဖြင့် ဘုရားသခင်၏ပညတ်တော်ကို လျစ်လျူရှုရန်နှင့်ဆက်လက်နားမထောင်ရန် ဆင်ခြင်ပေးကြကာ၊ သူတို့၌အတိုင်းအတာတစ်ခုအထိတန်ခိုးများရှိကြသော်လည်း၊ သူတို့၌ဘုရားသခင်၏မဟာတန်ခိုးမရှိချေ။ အမှန်မှာ၎င်းနိမိတ်သည် မဟာလှည့်စားသူ၏တန်ခိုးဖြစ်သည်။ သူသည် ကိုယ်ကျင့်တရားကိုချိုးဖျက်သူဖြစ်၍ သူ၏အကျင့်မှန်ကို လူတို့မမြင်စေရန် နည်းလမ်းမျိုးစုံကိုအသုံးပြုလိမ့်မည်။ နောက်ဆုံးသောနေ့ရက်တွင် သူသည် နိမိတ်များနှင့်လိမ်လည်သောအံ့ဖွယ်များကိုပြုလုပ်မည်ဖြစ်ကြောင်း ကျွန်ုပ်တို့ကိုသတိပေးသည်။ သူသည် မှောင်မိုက်၏တမန်မဟုတ်ဘဲ၊ အလင်းကောင်းကင်တမန်ဖြစ်ကြောင်း သက်သေအထောက်အထားအဖြစ် ကရုဏာတံခါးပိတ်ချိန်တိုင်အောင် သူသည် ဆက်လက်၍အံ့ဖွယ်နိမိတ်များကိုပြုလိမ့်မည်။ (RB, pp. 48, 49).

–၀–





## “ရောမမြေငလျင်ကြီး”

**“ဆဋ္ဌမတံဆိပ်ကိုဖွင့်သောအခါ ငါကြည့်လျှင်ကြီးစွာသောမြေလှုပ်ခြင်းဖြစ်၏” (ဗျာဒိတ် ၆း၁၂)။**

အနာဂတ်ပုရောဖက်ပြုခြင်းသည် ခရစ်တော်ကြွလာမည့်ပုံစံနှင့်ရည်ရွယ်ချက်ကိုသာမက၊ ကြွလာမည့်အချိန်နီးကပ်ကြောင်း လူတို့သိနိုင်ရန်နိမိတ်အမှတ်အသားကိုလည်းဖော်ပြသည်။ . . . ထို့ကြောင့် ဒုတိယအကြိမ်ကြွလာခြင်း၏ပထမနိမိတ်ကို ယောဟန်သည် ဤသို့ဖော်ပြသည်။ “ကြီးစွာသောမြေလှုပ်ခြင်းဖြစ်၏။ နေသည်အမွေးဖြင့်ရက်သောအဝတ်ကြမ်းကဲ့သို့မည်း၏။ လအလုံးသည် အသွေးကဲ့သို့ဖြစ်၏။”

ဤနိမိတ်များကို ၁၉ ရာစုနှစ်အစပိုင်းတွင်တွေ့မြင်ခဲ့ပြီးဖြစ်သည်။ ဤအနာဂတ်ဟောပြောချက်များပြည့်စုံပြီးဖြစ်သည်။ ၁၇၅၅ ခုနှစ်တွင် ကြောက်မက်ဖွယ်အကောင်းဆုံးမြေငလျင်လှုပ်ခတ်သွားခဲ့သည်။ ၎င်းကိုလစ္စဘွန်း Lisbon မြေငလျင်ဟု အများကသိကြသော်လည်း၊ ဥရောပနိုင်ငံအများစု၊ အာဖရိကနှင့်အမေရိကအထိပင် လှုပ်ခတ်ခဲ့သည်။ ၎င်းမြေငလျင်ကို Greenland, West Indies, Madeira ကျွန်းများ၊ နော်ဝေနှင့်ဆွီဒင်နိုင်ငံများ၊ ဗြိတိန်နှင့်အိုင်ယာလန်နိုင်ငံများထိတိုင်အောင် လှုပ်ခါသွားခဲ့သည်။ စတုရန်းမိုင်ပေါင်း ၄၀၀ ထက်မနည်းသောဧရိယာအကျယ်ကို လှုပ်ခတ်သွားစေခဲ့သည်။ အာဖရိကတိုက်မှလှုပ်ခတ်မှုသည် ဥရောပတိုက်မှလှုပ်ခတ်မှုနီးပါးပြင်းထန်ခဲ့သည်။ Algiers ၏သာ၍ကြီးသောအစိတ်အပိုင်းပျက်စီးသွားကာ၊ မော်ရိုကိုမြို့အနီးရှိ လူဦးရေရှစ်ထောင်မှတစ်သောင်းနေထိုင်သော ရွာတစ်ခုလုံးကိုဝါးမျိုသွားခဲ့သည်။

စပိန်နှင့်အာဖရိကကမ်းခြေများတွင် ရောမလှိုင်းလုံးကြီးများသည် မြို့ကြီးများကိုနစ်မြုပ်သွားစေခဲ့ကာ၊ ကြီးမားသောပျက်စီးခြင်းကိုဖြစ်စေခဲ့သည်။

စပိန်နှင့်ပေါ်တူဂီနိုင်ငံတို့သည် ထိုအပြင်းထန်ဆုံးငလျင်ဒဏ်ကိုခံစားခဲ့ရကြသည်။ Cadiz မြို့ကိုရိုက်ခတ်သောလှိုင်းလုံးကြီးသည် ပေပေါင်း ၆၀ ခန့်မြင့်သည်ဟုဆိုသည်။ "ပေါ်တူဂီ၌ရှိသောတောင်တချို့သည် ၎င်းတို့၏အရင်းမှလှုပ်သည့်အလား အရှိန်ကြီးမားစွာလှုပ်ခါခဲ့သည်။". . . Sir Charles Lyell, Principles of Geology, p. 495. . . "ထိုမြေငလျင်သည် (တနင်္ဂနွေနေ့) ဘုရားကျောင်းများနှင့်ဝတ်ပြုကျောင်းများ၌ လူပြည့်သောအချိန်တွင်လှုပ်ခတ်ခဲ့ကာ၊ လူအနည်းငယ်သာလွတ်မြောက်ခဲ့ကြသည်။" Encyclopedia Americana. . . . ထိုအသေအပျောက်များသောနေ့၌ လူပေါင်းကိုးသောင်းခန့် အသက်ဆုံးရှုံးလိမ့်မည်ဟုခန့်မှန်းရသည်။ (GC, pp. 304,305).

မြေငလျင်များနှင့်မုန်တိုင်းများ၊ မီးနှင့်ရေလွှမ်းမိုးခြင်းတို့ကြောင့် အသက်အိုးအိမ်များစွာဆုံးရှုံးရသည်များကို မကြာခဏကျွန်ုပ်တို့ကြားရသည်။ ဤကြီးမားသောသဘာဝဘေးဒုက္ခများကို လူတို့သည် ထိန်းချုပ်နိုင်စွမ်းလုံးဝမရှိချေ။ သို့ရာတွင် ၎င်းတို့၌ဘုရားသခင်၏ရည်ရွယ်ချက်ကိုသိရှိနိုင်သည်။ မိမိတို့၏အန္တရာယ်ကို ယောကျ်ား၊ မိန်းမတို့သိရှိနိုင်ရန် ကိုယ်တော်အသုံးပြုသောအရာများဖြစ်သည်။ (PK, p. 277).

–o–



မေ (၂၂)

# "ကောင်းကင်ကနိမိတ်လက္ခဏာများ"

**"ထာဝရဘုရား၏ကြောက်မက်ဖွယ်သောနေ့ကြီးမတိုင်မီ၊ နေသည် မှောင်မိုက်အတိဖြစ်လိမ့်မည်။ လသည်လည်းသွေးဖြစ်လိမ့်မည်" (ယောလ ၂း၃၁)။**

ကယ်တင်ရှင်သည် သူ၏တပည့်တော်များနှင့်သံလွင်တောင်ပေါ်တွင် စကားပြောကြရာ၌၊ ဒုက္ခဆင်းရဲခြင်းကာလကိုတိုတောင်းစေမည်ဟု ကတိပေးတော်မူသည့် ရဟန်းမင်းညှဉ်းဆဲသောကာလ နှစ်ပေါင်း ၁၂၆၀ တည်းဟူသော အသင်းတော်၏ကြာရှည်ဒုက္ခဆင်းရဲခြင်းကိုဖော်ပြပြီးနောက် ကိုယ်တော်သည် သူပြန်မကြွလာမီဖြစ်မည့်နိမိတ်တချို့ကိုဖော်ပြပြီး၊ ဤနိမိတ်များဖြစ်ပေါ်မည့် အချိန်ကိုလည်း ချိန်းချက်တော်မူခဲ့သည်။ "ထိုကာလ၌ ဒုက္ခဆင်းရဲခြင်းနောက် ရတ်ခနဲနေသည်မိုက်လိမ့်မည်။ လသည်လည်းအရောင်ကိုမပေး။" ဒုက္ခဆင်းရဲခြင်းကာလနှစ်ပေါင်း ၁၂၆၀ သည် ၁၇၉၈ ခုနှစ်တွင် ပြီးဆုံးသွားခဲ့သည်။ အစောပိုင်း ၂၅ နှစ်ကပင် ညှဉ်းဆဲခြင်းသည် လုံးဝပြီးဆုံးလုနီးပါးဖြစ်နေချေပြီ။ ခရစ်တော်၏မိန့်တော်မူချက်အရ၊ ဤညှဉ်းဆဲခြင်းနောက်တွင် နေသည်မိုက်လိမ့်မည်။ ဤအနာဂတ်ဟောကြားချက်သည် ၁၇၈၀ ခုနှစ်၊ မေလ (၁၉) ရက်တွင်ပြည့်စုံခဲ့ပြီ။

၁၇၈၀ ခုနှစ်၊ မေလ (၁၉) ရက်က New England အထက်မိုးကောင်းကင်နှင့် ပတ်ဝန်းကျင်၌မြင်ရသည့်အရာအားလုံးကို ဖုံးလွှမ်းသွားသော အမှောင်ထုသည် တစ်ခုတည်းသောငင်းအမျိုးစားထဲက ရှင်းပြမရသောပဟေဠိ အဆန်းဆုံးသောဖြစ်ရပ်တစ်ခုဖြစ်သည်။ R.M. Devens, Our First Century, p. 89. . .

ထိုနေ့က တစ်နာရီ၊ နှစ်နာရီခန့် သိပ်သည်းသောအမှောင်ထုကျရောက်ပြီးနောက် တစ်ပိုင်းတစ်စရှင်းနေသောကောင်းကင်တွင် နေသည်တစ်ဖန်ပေါ်ထွက်လာပြီး သိပ်သည်းသောမြူနှင်းထုက ဖုံးကွယ်နေခဲ့သည်။ "နေဝင်ပြီးနောက် တိမ်ထုသည်ပြန်အုံ့ဆိုင်းလာကာ၊ အလျင်အမြန်ပင်မှောင်မည်းလာသည်။" "ထိုည၏အမှောင်ထုသည် သာမန်ထက်မိုက်ကာ၊ အခြားနေ့များထက်ကြောက်မက်ဖွယ်ဖြစ်နေခဲ့သည်။ လပြည့်ညဖြစ်နေခဲ့သော်လည်း၊ ဆီမီးခွက်၏အလင်းရောင်မပါလျှင် သဲကွဲစွာမမြင်ရချေ။ Isaiah Thomas, Massachusetts Spy; or American Oracle of Liberty, vol. 10, No. 472, (May 25, 1780). . .

ဤဖြစ်ရပ်ကို မျက်မြင်များ၏သက်သေခံဖော်ပြချက်သည် ၎င်းဖြစ်ရပ်မတိုင်မီနှစ်ပေါင်း ၂၅၀၀ က ပုရောဖက်ယောလက ဘုရားသခင်၏နှုတ်ထွက်စကားမှတ်တမ်းတင်ထားသည်ကို ပဲ့တင်ထပ်ကြခြင်းသာဖြစ်သည်။ "ထာဝရဘုရား၏ကြောက်မက်ဖွယ်သောနေ့ကြီးမတိုင်မီ၊ နေသည် မှောင်မိုက်အတိဖြစ်လိမ့်မည်။ လသည်လည်းသွေးဖြစ်လိမ့်မည်။"

မိမိလူတို့သည် မိမိကြွလာခြင်းနိမိတ်လက္ခဏာများကို စောင့်ကြည့်ကြပြီး၊ မိမိတို့၏ကြွလာမည့်ဘုရင်မင်းမြတ်ကြီး၏နိမိတ်များကိုကြည့်ရာတွင် သူတို့သည်ဝမ်းမြောက်ကြရန် ခရစ်တော်တောင်းဆိုတော်မူသည်။ (GC, pp. 306-308).

–၀–





# "ကောင်းကင်ကကြယ်များကြွေကျခြင်း"

**"ကြယ်တို့သည် ကောင်းကင်မှကျကြလိမ့်မည်။ ကောင်းကင်တန်ခိုးတို့သည် တုန်လှုပ်ကြလိမ့်မည်" (မဿဲ ၂၄း၂၉)။**

၁၈၃၃ ခုနှစ်တွင် မိမိဒုတိယအကြိမ်ကြွလာခြင်းအမှတ်အသားအဖြစ်ကယ်တင်ရှင်ကတိပေးခဲ့သော နောက်ဆုံးနိမိတ်ဖြစ်ပျက်ခဲ့သည်။ ယေရှုက "ကြယ်တို့သည် ကောင်းကင်မှကျလိမ့်မည်" ဟုမိန့်တော်မူ၏။ ထိုနောက်ဗျာဒိတ်ကျမ်းဆရာယောဟန်သည် ဘုရားသခင်၏နေ့ရက်ကိုကြားပြောသည့်ဖြစ်ရပ်များကို ရူပါရုံဖြင့်မြင်ရာ "သင်္ဘောသဖန်းပင်ကို ပြင်းစွာသောလေတိုက်လျှင် အချိန်မတန်သောအသီးကြွေသကဲ့သို့၊ ကောင်းကင်ကြယ်တို့သည် မြေပေါ်သို့ကျကြ၏" ဟုဆိုထားသည်။ ဤအနာဂတ်ဟောကြားချက်သည် သိသာထင်ရှား၊ မှတ်သားဖွယ်ပြည့်စုံလာသည်မှာ ၁၈၃၃ ခုနှစ်၊ နိုဝင်ဘာ ၁၃ ရက်နေ့က ကြီးမားသောဥက္ကာပျံများကြွေကျခြင်း၌ဖြစ်သည်။ ၎င်းမှာ အကျယ်ပြန့်ဆုံးနှင့်အံ့ဖွယ်ကြယ်ကြွေခြင်းပြသသည့် မှတ်တမ်းဖြစ်သည်။ "United States (US) တစ်ခုလုံးအပေါ် ကောင်းကင်ပြင်ကြီးတွင် နာရီနှင့်ချီ၍ကြယ်များကြွေခဲ့သည်။ ဤနိုင်ငံစတင်တည်ထောင်ချိန်မှစ၍၊ ဤကဲ့သို့သော ကောင်းကင်ကဖြစ်ရပ်မျိုး နိုင်ငံတွင်မဖြစ်ဘူးချေ။ ကြယ်ကြွေခြင်းသည် လူတချို့အတွက် လှပသောမြင်ကွင်းဖြစ်သော်လည်း တချို့အတွက်မူ ကြောက်လန့်စရာဖြစ်နေခဲ့သည်။" "၎င်း၏အလွန်လှပမှုကို လူအများ၏စိတ်ထဲတွင် စွဲမှတ်နေသေးသည်။. . . ထိုကဲ့သို့များပြားစွာဥက္ကာများ မြေပေါ်သို့ကျခြင်းမျိုး ဘယ်ခါမျှမဖြစ်ဘူးချေ။ အရှေ့၊ အနောက်၊ တောင်၊ မြောက်တို့တွင် အတူတူပင်ကျသည်။ ကောင်းကင်တစ်ခုလုံးလှုပ်ရှားနေသကဲ့သို့ပင်ဖြစ်နေသည်။. .

ထိုမြင်ကွင်းကို မြောက်အမေရိကတစ်ခွင်တွင်မြင်ခဲ့ရသည်ဟု Professor Silliman's ဂျာနယ်တွင် ဖော်ပြပါရှိသည်။ နံနက်နှစ်နာရီမှစ၍ မိုးလင်းအားကြီးသည်အထိ ပြိုးပြိုးပြက်ပြက်တောက်ပသောအရာများသည် ကောင်းကင်တစ်ပြင်လုံးမှ တောက်လျှောက်ကျနေခဲ့သည်။– R.M. Devens, American Progress; or The Great Events of the Greatest Century, ch. 28, pars. 1-5.

မိမိကြွလာခြင်းနိမိတ်လက္ခဏာများ၏နောက်ဆုံးနိမိတ်နှင့်ပတ်သက်၍ ယေရှုသည် မိမိတပည့်တော်တို့အားမိန့်ကြားသည်မှာ "ထိုအကြောင်းအရာအလုံးစုံကိုမြင်ရလျှင် လူသားသည် တံခါးဝတိုင်အောင်အနီးသို့ရောက်တော်မူသည်ကို သိမှတ်ကြလော့" ဟူ၍ဖြစ်သည်။ ဤနိမိတ်လက္ခဏာများပြီးဆုံးပြီးနောက် မကြာမီဖြစ်လာမည့်ဖြစ်ရပ်များကို ယောဟန်မျှော်ကြည့်နေခဲ့သည်။ "ကောင်းကင်သည် စာစောင်လိပ်သကဲ့သို့လွင့်သွား၏။ တောင်များ၊ ကျွန်းများအပေါင်းတို့သည် မိမိတို့နေရာအရပ်မှရွေ့ကြ၏။" ထိုအခါဆိုးယုတ်သောသူတို့သည်ကြောက်ရွံ့လျက် လူသား၏ရှေ့တော်မှောက်မှထွက်ပြေးရန်ကြိုးစားကြသည်။ (GC, pp. 333, 334).

သို့ရာတွင် ကိုယ်တော်ကြွလာမည့်နေ့ရက်၊ အချိန်နာရီကိုဖော်ပြမထားချေ။ လူသားဒုတိယအကြိမ်ကြွလာမည့်အချိန်အတိအကျသည် ဘုရားသခင်၏နက်နဲသောအရာဖြစ်သည်။ (FLB, p. 344).

–o–



မေ (၂၄)

## "မှရောပက်ပြုထားသောအောတို့မန်အင်ပါယာ"

**"ဥဖရတ်မြစ်ကြီးနားမှာချည်နှောင်လျက်ရှိသော ကောင်းကင်တမန်လေးပါးကိုလွှတ်လော့ဟု တံပိုးရှိသောဆဋ္ဌမကောင်းကင်တမန်အားဆိုသည်ကိုငါကြား၏။ ထိုအခါလူသုံးစုတစ်စုကိုအသေသတ်ခြင်းငှာ တစ်နာရီ၊ တစ်ရက်၊ တစ်လ၊ တစ်နှစ်အဖို့ပြင်ဆင်သောကောင်းကင်တမန်လေးပါးတို့ကိုလွှတ်လေ၏" (ဗျာဒိတ် ၉း၁၄၊၁၅)။**

တိုင်းနိုင်ငံများတစ်ခုပြီးနောက်တစ်ခု သူ့အချိန်သူ့နေရာနှင့်သူဖြစ်တည်လာသောသမိုင်းသည် တိုင်းနိုင်ငံများကိုယ်တိုင်မသိသော သမ္မာတရား၏အဓိပ္ပါယ်ကိုသတိမမူဘဲလျက် သက်သေခံနေကြကြောင်းကို ကျွန်ုပ်တို့အားဖော်ပြပေးသည်။ ယနေ့လူမျိုးတိုင်းနှင့်တစ်ဦးချင်းစီအတွက် ဘုရားသခင်၏မဟာစီမံကိန်းထဲတွင် ကိုယ်တော်သည် နေရာပြင်ဆင်ထားတော်မူသည်။ ယနေ့လူတို့နှင့်လူမျိုးများကို မှားယွင်းမှုမရှိသော ကိုယ်တော်၏လက်တော်ထဲမှချိန်သီးဖြင့် တိုင်းတာလျက်ရှိသည်။ လူအားလုံးသည် မိမိတို့၏ရွေးချယ်မှုဖြင့် မိမိတို့၏ခရီးလမ်းဆုံးကို စိတ်ပိုင်းဖြတ်နေကြသည်။ ဘုရားသခင်သည် မိမိရည်ရွယ်ချက်များပြည့်စုံခြင်းအတွက် စီရင်တော်မူမည်။. . .

လက်ရှိအချိန်တိုင်အောင်ဖြစ်ပျက်လာမည့် အနာဂတ်ကြိုတင်ဟောကြားချက်အားလုံးကို သမိုင်းစာမျက်နှာများတွင် ခြေရာကောက်နိုင်သည်ဖြစ်ရာ၊ နောက်လာမည့်အရာများသည်လည်း အစီအစဉ်တကျဖြစ်ပျက်လာလိမ့်မည်ကို ကျွန်ုပ်တို့စိတ်ချနိုင်ပေသည်။ (Ed, p. 178).

၁၈၄၀ ခုနှစ်တွင် အခြားထူးခြားသောအနာဂတ်ကြိုတင်ဟောကြားချက်ပြည့်စုံခြင်းကို ကျယ်ကျယ်ပြန့်ပြန့်စိတ်ဝင်တစားရှိကြသည်။ ဒုတိယ

အကြိမ်ကြွလာခြင်းကို အဓိကဟောပြောသောတရားဟောဆရာတစ်ပါးဖြစ်သည့် Josiah Litch သည် ဗျာဒိတ် ၉ အနက်ဖွင့်ဆိုချက်ကို ပုံနှိပ်ခြင်းမပြုမီနှစ်နှစ်တွင် အော့တိုမန်အင်ပါယာပြိုလဲမည့်အကြောင်းကို ကြိုတင်ဟောကြားခဲ့သည်။ သူ၏တွက်ချက်မှုအရ၊ ထိုအင်ပါယာသည် "၁၈၄၀ ခုနှစ်၊ ဩဂုတ်လအတွင်း" ကျရှုံးမည်ဖြစ်သည်။ ၎င်းမပြိုလဲမီရက်အနည်းငယ်က ဤကဲ့သို့ရေးသားခဲ့သည်။ "Turks လူမျိုးတို့၏ခွင့်ပြုချက်ဖြင့် Deacozes နန်းမတက်မီပထမပိုင်းအချိန် ၁၅၀ နှစ်သည် တိတိကျကျပြည့်စုံလာခဲ့သည်။ နှစ်ပေါင်း ၃၉၁၊ (၁၅) ရက်သည် ပထမအချိန်၏အဆုံး၌စတင်ကာ၊ ၁၈၄၀ ခုနှစ်၊ ဩဂုတ်လ (၁၁) ရက်နေ့တွင်ပြီးဆုံးမည်ဖြစ်ကာ၊ ထိုအချိန်တွင် Constantinople မှ အော့တိုမန်အင်ပါယာသည် ပြိုကွဲလိမ့်မည်ဟုမျှော်လင့်ရသည်။ ဤအရာသည် ပြည့်စုံလာမည်ဟု ကျွန်ုပ်ယုံကြည်သည်။"– Josiah Litch, Signs of the Times and Espositor of Prophecy, Aug. 1, 1840.

အလွန်တိကျသည့်အချိန်တွင် တူရကီနိုင်ငံသည် ၎င်း၏သံတမန်များမှတစ်ဆင့်၊ ဥရောပမဟာမိတ်တပ်ပေါင်းစု၏အကာအကွယ်ကိုလက်ခံကာ၊ ထိုသို့ဖြင့် မိမိကိုယ်ကိုခရစ်ယာန်နိုင်ငံများ၏အထိန်းအချုပ်အောက်တွင် ထားရှိခဲ့သည်။ ထိုဖြစ်ရပ်သည် အနာဂတ်ဟောကြားချက်ကို အတိအကျပင်ပြည့်စုံစေခဲ့သည်။. . . ၎င်းသည် ခရစ်တော်ကြွလာခြင်းအတွက် လှုပ်ရှားမှုများကို အံ့ဖွယ်တွန်းအားပေးခဲ့သည်။ (GC, pp. 334,335).

–o–



မေ (၂၅)

## "ကိုယ်ကျင့်တရား၏နိမ့်ကျသောအခြေအနေ"

**"မတရားသောမေထုံ၌မှီဝဲခြင်း၊ အမျိုးမျိုးသောကိလေသာညစ်ညူးခြင်း၊ လောဘလွန်ကျူးခြင်းအမှုတို့ကို သန့်ရှင်းသူတို့သည်ရှောင်သင့်သည်" (ဧဖက် ၅း၃)။**

ယခုလက်ရှိအချိန်တွင် စကားပြောဆိုကြရာ၌ စိုးရိမ်ဖွယ်တူညီချက်ရှိနေသည်။ ၎င်းသည် အတွေးနှင့်ကိုယ်ကျင့်တရားတို့၏နိမ့်ကျသောအခြေအနေကို ဖော်ပြလျက်ရှိသည်။ အကျင့်စာရိတ္တ၏စစ်မှန်သောဂုဏ်သိက္ခာသည် အလွန်ရှားပါးလှသည်။ စစ်မှန်သောဂုဏ်သိက္ခာနှင့်တည်ကြည်မှုများကိုတွေ့ခဲ့သည်။ စင်ကြယ်ပြီး မညစ်ညူးသူအနည်းငယ်သာရှိသည်။. . .

လက်ခံထားသည့်ညစ်ညမ်းသောအတွေးများသည် အကျင့်ဖြစ်လာကာ၊ စိတ်ဝိညာဉ်သည် အနာအဆာဖြစ်လာပြီး ညစ်ပေသွားသည်။ တစ်ကြိမ်မှားမိသောအပြုအမူနှင့်အစွန်းအကွက်များကို ခရစ်တော်၏အသွေးတော်မှလွဲ၍ မည်သည့်အရာကမျှမကုသနိုင်ချေ။ အကယ်၍ ထိုအကျင့်မှခိုင်မာသောဆုံးဖြတ်ချက်ဖြင့်မလှည့်ထွက်လျှင်၊ အသက်ဝိညာဉ်သည်ပျက်စီးစေပြီး၊ ဤညစ်ပေသောစမ်းရေမှစီးဆင်းလာသောစမ်းချောင်းများသည် သူတစ်ပါးကိုဖျက်ဆီးလျက်ရှိသည်။

စုံစမ်းခြင်းကိုဖိတ်ခေါ်သောယောကျ်ားမိန်းမများရှိနေသည်။ သူတို့သည် စော်ကားပုတ်ခတ်သောအသိုက်အဝန်းထဲတွင် မိမိတို့ကိုယ်ကိုထားရှိသောအခါ၊ စုံစမ်းခြင်းခံရမည့်နေရာ၌ မိမိတို့ကိုယ်ကိုထားရှိခြင်းဖြစ်သည်။ ထိုအပြစ်မှလုံခြုံစွာစောင့်ထိန်းရန် အကောင်းဆုံးနည်းလမ်းမှာ အချိန်တိုင်း၊ မည်သည့်အခြေအနေအောက်တွင်ရှိစေကာမူ အသေအချာစဉ်းစားလုပ်ဆောင်

ပြီး၊ ဘယ်ခါမျှစိတ်လိုက်မာန်ပါမလုပ်ဆောင်ခြင်းဖြစ်သည်။ သင့်ရှေ့၌အမြဲတမ်းဘုရားသခင်ကိုကြောက်ရွံ့ခြင်းဖြင့်လှုပ်ရှားပါ။ သင့်အပြုအမူများမှန်ကန်လာလိမ့်မည်။ (HP, p. 197).

ကြီးငယ်မဟူ လူတိုင်းကြုံတွေ့ရမည့်ကိုယ်ကျင့်တရားအန္တရာယ်သည် နေ့စဉ်တိုးပွားလျက်ရှိသည်။ စာရိတ္တပျက်ပြားခြင်းဟုခေါ်သည့် ကိုယ်ကျင့်တရားဖရိုဖရဲရှိခြင်းသည် အလုပ်လုပ်ရန်လုံလောက်သောနေရာရရှိထားသည်။ မိမိတို့ကိုယ်ကိုခရစ်ယာန်များဟု ဝန်ခံသူယောကျ်ား၊ မိန်းမ၊ လူငယ်တို့အားဖြင့် အောက်တန်းကျပြီး၊ ကာမဂုဏ်ဆန်သောနတ်ဆိုးဆန်သည့်ဩဇာသက်ရောက်လျက်ရှိသည်။ . . .

သမ္မာတရားကိုသင်ယူပြီးသော်လည်း၊ မိမိတို့ခံယူသောယုံကြည်ခြင်းအတိုင်း လုပ်ဆောင်ခြင်းမရှိသောသူတို့သည် စာတန်စုံစမ်းခြင်းများ၏အောက်၌ရှိနေကြသည်။ သူတို့သည် ရှေ့တိုးသည့်ခြေလှမ်းတိုင်းတွင် အန္တရာယ်နှင့်ကြုံတွေ့ရကြသည်။ သူတို့သည် မကောင်းမှုနှင့်ထိတွေ့ကြသည်။ သူတို့မြင်နေ၊ ကြားနေသောအရာများသည် သူတို့၏မချိုးနှိမ်ထားသောချစ်စိတ်ပြင်းပြမှုကို နိုးကြွစေလိမ့်မည်။ သူတို့၏စိတ်နှလုံးသည် ပြည့်စုံမှုမရှိသောကြောင့်ကောင်းသည့်အရာများထက် မကောင်းမှုများကိုရွေးချယ်ရန် သူတို့ကိုပို့ဆောင်ပေးသောတန်ခိုးများ၏အောက်၌ရှိနေကြသည်။ . . ကိုယ်ကျင့်တရားဖောက်ပြန်မှုမှ ကင်းလွတ်ခြင်းရှိရန်နှင့် သူတို့၏စိတ်နှလုံးကို အမည်းစက်များနှင့်ကိုယ်ကျင့်တရားညစ်ညမ်းမှုအစွန်းများမှစင်ကြယ်စေရန် လူငယ်ယောကျ်ားမိန်းမတို့ကိုပြင်ဆင်ခြင်းထက်သာ၍အရေးကြီးသောသင်တန်းမရှိချေ။ (1HP, p. 196).

–၀–



မေ (၂၆)

## "တစ်ယူသန်စွဲလမ်းမှုနှင့်ဘာသာစကားပြောခြင်း"

**"ပုရောဖက်တို့သည်လည်း မိမိတို့စိတ်ဝိညာဉ်ကိုချုပ်တည်းနိုင်ကြ၏။ ဘုရားသခင်သည် ရုန်းရင်းခတ်သောအမှုကိုပြုစုတော်မမူ။ သန့်ရှင်းသူတို့၏အသင်းတော်အပေါင်းတို့၌ဖြစ်သကဲ့သို့ အသင့်အတင့်ငြိမ်ဝပ်ခြင်းကို ပြုစုတော်မူ၏" (၁ကော ၁၄း၃၂၊၃၃)။**

တစ်ယူသန်စွဲလမ်းမှုသည် ဥပုသ်စောင့်သူတချို့ကိုစိုးမိုးလျက်ရှိသည်။ . . . သူတို့သည် သမ္မာတရားစမ်းရေကို နည်းနည်းချင်းစီစုပ်သောက်ကြသော်လည်း၊ တတိယကောင်းကင်တမန်သတင်းစကား၏အနှစ်သာရနှင့်ရင်းနှီးမှုမရှိကြချေ။ သူတို့၏တစ်ယူသန်ရှုမြင်မှုများကိုမပြင်မချင်း ဤလူတို့အတွက်ဘာမျှလုပ်ပေး၍မရချေ။ . . .

ဤလူအချို့တို့သည် ဆုကျေးဇူးများဟုသူတို့ခေါ်သည့်အရာကိုလက်ကိုင်ပြုကာ၊ ဘုရားသခင်သည် သူတို့ကိုအသင်းတော်ထဲ၌ထားရှိသည်ဟုဆိုကြသည်။ အခြားသောဘာသာစကားဟု သူတို့ပြောသည့်အဓိပ္ပါယ်မဲ့ဗလုံးဗထွေးပြောဆိုကြသည်။ ၎င်းကိုလူတို့သာမက ဘုရားသခင်နှင့်ကောင်းကင်သားအားလုံးတို့သည် နားမလည်ကြချေ။ မဟာလှည့်စားသူ၏အကူအညီဖြင့်ယောကျ်ားမိန်းမတို့သည် ထိုသို့သောဆုကျေးဇူးများကို ဖန်တီးယူကြသည်။ တစ်ယူသန်စွဲလမ်းမှု၊ မှားယွင်းသောစိတ်လှုပ်ရှားမှု၊ မဟုတ်မမှန်သောဘာသာစကားပြောခြင်းနှင့် ဆူညံသောအသံဗလံတို့ကို အသင်းတော်တွင် ဘုရားသခင်ထားရှိတော်မူသည့်ဆုကျေးဇူးများဟု ယူဆကြသည်။ ဤနေရာတွင် လူတချို့လှည့်စားခြင်းခံရကြသည်။ အားလုံး၏ရလဒ်မှာကားမကောင်းချေ။ . . .

စည်းမျဉ်း၊ နည်းစနစ်၊ အစီအစဉ်များကိုမနာခံသောသူများစွာရှိနေသည်။ မိမိတို့ကိုယ်ပိုင်ဆုံးဖြတ်ချက်ကိုဘေးဖယ်ပြီး၊ အတွေ့အကြုံရှိသူတို့၏ဆုံးဖြတ်ချက်အတိုင်းလိုက်ခြင်းဖြင့် သူတို့၏လွတ်လပ်မှုသည် အကျဉ်းချုပ်ခံရသည်ဟု သူတို့ထင်ကြသည်။ သူတို့အစည်းအဝေးများမှ ကျိုးကြောင်းမစဉ်းစား၊ စနစ်မရှိသောတစ်ယူသန်စိတ်သဘောကိုထုတ်ပစ်ပြီး၊ အစီအစဉ်တကျရှိရန် စိတ်ညွတ်မှုမရှိမခြင်း ဘုရားသခင်၏အမှုတော်သည် ရှေ့သို့တိုးလိမ့်မည်မဟုတ်ချေ။ ထင်မြင်ချက်များနှင့်စိတ်ခံစားမှုများသည် လူတစ်ဦးကိုထာဝရဘုရားကဦးဆောင်တော်မူသည်ဟူသော သေချာသည့်အထောက်အထားမဟုတ်ချေ။ ၎င်းတို့သည် စိတ်ချရသောလမ်းပြများမဟုတ်ကြပါ။ ကျွန်ုပ်တို့ယုံကြည်ခြင်း၏အထောက်အထားများနှင့် ကျွန်ုပ်တို့ရင်းနှီးနေရမည်။ အရေးတကြီးသင်ယူရမည့်အရာမှာ မိမိတို့၏ယုံကြည်ခြင်းကို မည်သို့ဆင်မြန်း၍၊ ဘုရားသခင်၏ဘုန်းတော်ကို မည်သို့အသီးသီးနိုင်ရန်ဖြစ်သည်။ . . . အရာမရောက်၊ ပြက်ရယ်ပြုပြီး ကျိုးကြောင်းမစဉ်းစားသောစိတ်သဘောကို အပြစ်တင်ရမည်။ အစည်းအဝေးတွင် စွမ်းရည်အပြည့်ဖြင့်စကားပြောဆုတောင်းပြီး၊ အစည်းအဝေးပြင်ပတွင်မူ ကြမ်းတမ်းပြီးဂရုမစိုက်ဘဲလျက်ပြောဆိုပြုမူခြင်းသည် ထိုသူ၏စိတ်နှလုံးတွင် ဘုရားသခင်၏ကျေးဇူးတော်ရှိနေသည့်အထောက်အထားမဟုတ်ချေ။ . . .

ဘုရားသခင်၏သမ္မာတရားသည် ဘယ်ခါမျှနိမ့်ကျခြင်းမရှိဘဲ၊ ကောင်းကင်နိုင်ငံမှစင်ကြယ်သန့်ရှင်းသော ကောင်းကင်တမန်များနှင့်ပေါင်းဖော်နိုင်ရန်အတွက် သမ္မာတရားရရှိသူကိုမြှင့်တင်ပေး၍၊ သူ၏အရသာခံစားမှုကို သန့်စင်စေကာ၊ ဆုံးဖြတ်ချက်ကိုစင်ကြယ်စေပြီး၊ သူ့ကိုပြည့်စုံစေလိမ့်မည်။ (1T, pp. 411-415).

–o–





## "စပ်သိမ်းသောအရာကိုစုံစမ်းပါ"

**"အတွင်း၌ကြမ်းတမ်းသောတောခွေးဖြစ်လျက်၊ သိုးရေကိုခြုံ၍သင်တို့ရှိရာသို့လာသော မိစ္ဆာပုရောဖက်တို့ကို သတိနှင့်ရှောင်ကြလော့" (မဿဲ ၇း၁၅)။**

ကျွန်ုပ်ယောက်ျားနှင့်ကျွန်ုပ်ပါဝင်ရန် ဘုရားသခင်၏စောင်မမှုဖြင့်ခေါ်တော်မူသောအမှုတော်တွင် ၁၈၄၃ နှင့် ၁၈၄၄ ခုနှစ်အစမှပင်၊ ကျွန်ုပ်တို့အတွက်တိထွင်ဖန်တီးပေးရန်နှင့်စီစဉ်ပေးရန် ထာဝရဘုရားရှိနေသည်။ ကိုယ်တော်သည် မိမိ၏အကြံအစည်များကို မိမိ၏သက်ရှိကိုယ်စားလှယ်များဖြင့် အကောင်အထည်ဖော်တော်မူသည်။ မှားသောလမ်းများကို မကြာခဏကျွန်ုပ်တို့အားရှင်းလင်းစွာထောက်ပြပြီး ကျွန်ုပ်တို့အားပေးထားသည့်အမှုတော်နှင့်ဆက်စပ်သောလုပ်ငန်းအားလုံးတွင် မှန်ကန်စိတ်ချရသောလမ်းများကို ရှင်းလင်းစွာပေါ်လွင်စေသည်။ စာတန်၏လှည့်ကွက်များနှင့် ဘုရားသခင်၏နည်းလမ်းများနှင့်အမှုတော်တို့၌ ကျွန်ုပ်ကိုလျစ်လျူရှုမထားဟူသောအမှန်တရားကို ကျွန်ုပ်ပြောနိုင်သည်။ ကျွန်ုပ်တို့နှင့်အခြားသူတို့သည် လှည့်ဖြားခြင်းမခံရစေရန်အလို့ငှာ၊ ကျွန်ုပ်တို့၏အာရုံထဲရောက်လာသည့် ခြားနားသောအယူအဆများကို ဘုရားသခင်၏နှုတ်ကပတ်တော်နှင့် ဘုရားသခင်သည်ကျွန်ုပ်အား သမ္မာကျမ်းစာနှင့်သက်သေခံချက်များမှတစ်ဆင့် ဖော်ပြတော်မူသောအလင်း၌ အကောင်းအဆိုးကိုချင့်ချိန်သောအခါ၊ ကျွန်ုပ်တို့၏စုံစမ်းစစ်ဆေးခြင်းကိုလမ်းပြရန် ဘုရားသခင်ထံမှလာသောပညာအပေါ်အမှီပြုလျက် ကျွန်ုပ်တို့၏စိတ်တန်ခိုးအစွမ်းအားလုံးကို အသုံးပြုရမည်။ ကျွန်ုပ်တို့၏အလိုဆန္ဒနှင့်နည်းလမ်းတို့ကို ဘုရားသခင်ထံအပ်နှံကာ၊ ကိုယ်တော်၏အမအစကို စိတ်ပါလက်ပါတောင်း

လျှောက်ရမည်။ ဘုရားသခင်၏အမှုတော်နှင့်ဆက်စပ်၍ နှစ်ပေါင်းများစွာ နာကျင်သောအတွေ့အကြုံသည် မှားယွင်းသောလှုပ်ရှားမှုအမျိုးစုံနှင့် ကျွန်ုပ်ကိုအကျွမ်းဝင်စေသည်။ "ထိုနေရာတွင် သင်လုပ်ရန်အလုပ်ရှိသည်။ သင်နှင့်အတူငါရှိမည်" ဟူသောသတင်းစကားဖြင့် အကြိမ်များစွာကျွန်ုပ်ကို အသစ်သောနေရာများတွင် စေလွှတ်တော်မူခဲ့သည်။ အချိန်ခါသမယရောက်လာသောအခါ၊ မှားယွင်းသောစိတ်ကူးအိပ်မက်ရှိနေသူတို့အတွက် ထာဝရဘုရားသည် ကျွန်ုပ်ကိုသတင်းစကားပေးတော်မူသည်။ ခရစ်တော်၏ခွန်အား၌ ကျွန်ုပ်သည် ထာဝရဘုရားတောင်းဆိုတော်မူသည့်အတိုင်း သက်သေခံခဲ့သည်။. . .

လွန်ခဲ့သော ၄၅ နှစ်အတွင်း၊ အခြားသူတို့၏အပြစ်ကိုဖော်ပြရန် ဘုရားသခင်ထံမှသတင်းစကားရရှိသည်ဟုပြောသောသူတို့ကို ကျွန်ုပ်တွေ့ဆုံခဲ့သည်။ ဤသို့သောဘာသာရေးတစ်ယူသန်စွဲလမ်းမှုသည် ၁၈၄၄ ခုနှစ်မှစ၍ ထပ်ခါထပ်ခါထွက်ပေါ်လာခဲ့သည်။ စာတန်သည် အမှားကိုမြဲမြံစေရန် နည်းလမ်းများစွာဖြင့် အလုပ်လုပ်လျက်ရှိသည်။ ဤရူပါရုံများတွင်ပြောဆိုသောအရာတချို့ ပြည့်စုံပြီးဖြစ်သည်။ သို့ရာတွင် ခရစ်တော်ကြွလာမည့်အချိန်နှင့်ကရုဏာတံခါးပိတ်မည့်အချိန်နှင့်ပတ်သက်၍ သူတို့၏များစွာသောရူပါရုံတို့သည် လုံးဝမှားနေသည်။. . .

"ထိုကြောင့်သင်တို့သည် အဘယ်သို့ကြားနာရသည်ကို သတိပြုကြလော့" ဟူသည်မှာ ခရစ်တော်၏သတိပေးချက်ဖြစ်သည်။ လုကာ ၈း၁၈ . . . နီးကပ်စွာစစ်ဆေးပါ။ "ခပ်သိမ်းသောအရာကိုစုံစမ်းပါ" (၁သက်သာလောနိတ် ၅း၂၁)။ . . . ဤအရာသည် ဘုရားသခင်၏အကြံပြုချက်ဖြစ်သည်။ ကျွန်ုပ်တို့သည် အာရုံမပြုဘဲနေမည်လော။ (2SM, pp. 75-79).

–o–







# "အတုများ"

**"တရားတော်ကိုလည်းကောင်း၊ သက်သေခံတော်မူချက်ကိုလည်းကောင်း နားထောင်ကြကုန်။ သူတို့ပြောသောစကားသည် နှုတ်ကပတ်တော်နှင့်မညီလျှင်၊ သူတို့၌အရုဏ်မတက်သေး" (ဟေရှာယ ၈း၂၀)။**

မိစ္ဆာဆရာများနှင့်နတ်ဆိုးများ၏လှည့်စားသောတန်ခိုးတို့၏ဩဇာလွှမ်းမိုးခြင်း၏အကာအကွယ်မှာ သမ္မာကျမ်းစာဖြစ်ကြောင်း ဘုရားသခင်၏လူတို့ကိုညွှန်ပြထားသည်။ လူတို့သည် သမ္မာကျမ်းစာကိုသိသောပညာမရရှိစေခြင်းငှာ စာတန်သည် ဖြစ်နိုင်သမျှနည်းလမ်းပေါင်းစုံကို အသုံးပြုသည်။ အကြောင်းမှာ သမ္မာကျမ်းစာ၏ရိုးရှင်းသောပြောဆိုချက်များသည် သူ၏လှည့်ဖြားခြင်းကိုဖော်ပြသောကြောင့်ဖြစ်သည်။ ဘုရားသခင်၏အမှုတော်တွင် နိုးကြားခြင်းရှိသည့်နေရာတိုင်း၌ စာတန်သည် သာ၍ကြိုးစားလုပ်ဆောင်သည်။ သူသည် ခရစ်တော်နှင့်သူ၏နောက်လိုက်များကို နောက်ဆုံးတိုက်ခိုက်မှုအတွက် အစွမ်းကုန်ကြိုးစားအားထုတ်နေသည်။ နောက်ဆုံးသောမဟာလှည့်ဖြားမှုကြီးသည် မကြာမီကျွန်ုပ်တို့ရှေ့သို့ရောက်လာလိမ့်မည်။ အန္တိခရစ်သည် သူ၏အံ့ဖွယ်နိမိတ်များကို ကျွန်ုပ်တို့အမြင်၌လုပ်ပြလိမ့်မည်။ အတုသည်အစစ်နှင့်အလွန်တူသောကြောင့် သမ္မာကျမ်းစာအားဖြင့်မဟုတ်ပါက ၎င်းတို့ကိုခွဲခြားနိုင်မည်မဟုတ်ချေ။ သမ္မာကျမ်းစာ၏သက်သေခံချက်များအားဖြင့် ပြောစကားတိုင်းနှင့်အံ့ဖွယ်နိမိတ်တိုင်းကို ဆန်းစစ်ရမည်။. . .

အံ့ဖွယ်နိမိတ်လုပ်ဆောင်မှုများဖြင့် မိမိ၏ယုံကြည်ချက်ကိုစစ်ဆေးသောသူသည် လှည့်ဖြားမှုအမျိုးမျိုးအားဖြင့် စာတန်သည် စစ်မှန်သောအံ့ဖွယ်နိမိတ်များနှင့် အလွန်တူသည့်အံ့ဖွယ်ရာများကိုဆောင်ရွက်နိုင်လိမ့်မည်။

စာတန်သည် လိမ္မာပါးနပ်စွာလုပ်ဆောင်သူဖြစ်သည်။ စိတ်ကိုရှုပ်ထွေးမိုက်သွားစေရန်နှင့် ကယ်တင်ခြင်းနှင့်ဆိုင်သောယုံကြည်ချက်များကိုဆွဲနုတ်ပစ်ရန် ပါးနပ်စဉ်းလဲသောအတွေးမှားများကို သူယူဆောင်လာလိမ့်မည်။ ဘုရားသခင်၏နှုတ်ကပတ်တော်ကိုဖတ်ရှုသည်အတိုင်း လက်မခံသောသူတို့သည် သူ၏ထောင်ချောက်တွင်ကျော့မိကြလိမ့်မည်။

ဆိုးယုတ်သောကောင်းကင်တမန်တို့သည် ကျွန်ုပ်တို့၏လမ်းကြောင်းမှလှုပ်ရှားမှုတိုင်းတွင်ရှိနေကြသည်။ . . သူတို့သည် နယ်မြေသစ်အဖြစ်မှတ်ယူကာ၊ ကျွန်ုပ်တို့၏ရှေ့တွင် အံ့ဖွယ်နိမိတ်လက္ခဏာများကို ပြုလုပ်ကြလိမ့်မည်။ . .

ဤအံ့ဖွယ်နိမိတ်များသည် ဘုရားသခင်ထံမှလာကြောင်းလက်ခံစေရန် လူတချို့သည် စုံစမ်းခြင်းခံရကြမည်။ ကျွန်ုပ်တို့၏ရှေ့မှောက်တွင် ဖျားနာသူများရောဂါပျောက်ကင်းကြလိမ့်မည်။ ကျွန်ုပ်တို့၏ရှေ့တွင် အံ့ဖွယ်နိမိတ်များလုပ်ဆောင်လိမ့်မည်။ စာတန်၏လိမ်လည်သောအံ့ဖွယ်များသည် သာ၍လုံးလုံးဖော်ပြလာသောအခါ၊ ထိုစုံစမ်းစစ်ဆေးခြင်းအတွက် ကျွန်ုပ်တို့ပြင်ဆင်ကြပြီလား။ များစွာသောဝိညာဉ်တို့သည် ကျော့မိ၍ပါသွားကြမည်မဟုတ်လော။ ရိုးရှင်းသောဘုရားသခင်၏စည်းမျဉ်းများနှင့် ပညတ်ချက်များမှထွက်ခွာပြီး၊ ဒဏ္ဍာရီဘက်သို့ဦးလှည့်သွားခြင်းအားဖြင့် လူများစွာ၏စိတ်သည် ဤလှည့်စားသောအံ့ဖွယ်ရာများကိုလက်ခံရန် ပြင်ဆင်လျက်ရှိသည်။ ကျွန်ုပ်တို့မကြာမီရင်ဆိုင်ရမည့်ဆိုင်ပြိုင်မှုအတွက် မိမိတို့ကိုယ်ကိုစစ်ဝတ်တန်ဆာဆင်မြန်းရန်ကြိုးစားအားထုတ်ရမည်။ ဘုရားသခင်၏နှုတ်ကပတ်ကို ယုံကြည်ခြင်းနှင့်ဆုတောင်းခြင်းဖြင့်လေ့လာပြီး လက်တွေ့ကျင့်သုံးခြင်းသည် စာတန်၏တန်ခိုးကိုတွန်းလှန်သည့် ကျွန်ုပ်တို့၏ဒိုင်းလွှားဖြစ်၍၊ ခရစ်တော်၏အသွေးတော်အားဖြင့် ကျွန်ုပ်တို့ကိုအောင်နိုင်သူများဖြစ်စေလိမ့်မည်။ (RB, pp. 47,48).

–၀–



**မေ (၂၉)**

## “သင်းခွဲသူတို့ကိုသတိပြုပါ”

**“မှားယွင်းစရာအကြောင်းရှိရမည်။ သို့သော်လည်း မှားယွင်းစရာအကြောင်းကိုဖြစ်စေသောသူသည် အမင်္ဂလာရှိ၏” (လုကာ ၁၇း၁)။**

ဘုရားသခင်သည် လူတစ်စုကိုခေါ်ထုတ်ကာ၊ သူတို့သည် တစ်လုံးတစ်ဝတည်းဖြင့်စည်းလုံးလျက်၊ တူညီသောအရာများကိုသာပြောကြရန်နှင့် မိမိတပည့်တော်များအတွက် ခရစ်တော်၏ဆုတောင်းချက်ကိုအကောင်အထည်ဖော်ရန် ပြင်ဆင်တော်မူသည်။ . . “ကိုယ်တော်နှင့်အကျွန်ုပ်သည် တစ်လုံးတစ်ဝတည်းဖြစ်သကဲ့သို့ အကျွန်ုပ်အားပေးတော်မူသော ဤသူတို့သည်ဖြစ်ရပါမည်အကြောင်း၊ သူတို့ကိုကိုယ်တော်၏နာမတော်၌ တည်စေတော်မူပါ။”...

ဘုရားသခင်သည် အလွန်ပြန့်ကျဲနေသောလူအနည်းငယ်တို့နှင့်သာ အတူရှိသည်ဟုယုံကြည်သည့် သေးငယ်သောအဖွဲ့အစည်းများသည် အဆက်မပြတ်ထွက်ပေါ်လေ့ရှိကာ၊ သူတို့သည် ဘုရားသခင်၏အစေခံများတည်ဆောက်ခဲ့သောအရာများကို ဖြိုဖျက်၊ ဖြန့်ကြဲရန်လုပ်ဆောင်ကြသည်။ . . ဘုရားသခင်၏နှုတ်တော်ထွက်စကားနှင့်အညီ စည်းလုံးရန်နည်းလမ်းမျိုးစုံဖြင့်ကြိုးပမ်းသူ၊ တတိယကောင်းကင်တမန်သတင်းစကား၌တည်မြဲနေသူတို့သည် မိမိတို့၏အလုပ်ကိုချဲ့ထွင်ပြီး၊ သမ္မာတရားထဲသို့ ဝိညာဉ်များစွာကိုစုသိမ်းသောကြောင့် ထိုသူများက သံသယဖြင့်ကြည့်နေကြသည်။ သူတို့သည် လောကကိုသြဇာလွှမ်းမိုးသောကြောင့် ထိုသူများက လောကီဆန်သူများအဖြစ်မြင်ကြသည်။...

လူတစ်ယောက်သည်ထလာ၍ ဘုရားသခင်ကပို့ဆောင်သည်ဟုပြောဆိုလျက်၊ ဆိုးယုတ်သူများအတွက်ထမြောက်ခြင်းမရှိဟူသော မိစ္ဆာဒိဋ္ဌိအယူကို

ထောက်ခံပြောဆိုသည်။. . . အခြားတစ်ဦးသည်လည်း အနာဂတ်ကာလနှင့် ပတ်သက်၍ မှားယွင်းသောအမြင်ကို ရင်ဝယ်ပိုက်ထားပြန်သည်။. . . သူတို့သည် ဘာသာရေးလွတ်လပ်မှုအပြည့်အဝကိုလိုချင်ကြသည်။ အယောက်စီတိုင်းသည် တစ်ဦးကိုတစ်ဦး အမှီအခိုကင်းစွာသွားလာကြလျက်ပင်၊ ဘုရားသခင်သည် အထူးသဖြင့် သူတို့အထဲ၌အလုပ်လုပ်ဆောင်သည်ဟု ပြောဆိုကြသည်။. . . ဤသူတို့သည် ဆင်ခြင်တုံတရားရှိသူများမဟုတ်ကြချေ။ သူတို့သည် မှားယွင်းသောနှိုးဆော်မှု၏ယူဆောင်ခြင်းကိုခံရကြသည်။ သူတို့၌သမ္မာတရားမရှိသည်ကို ကျွန်ုပ်တို့သိကြသည်။. . . သူတို့သည် ဘုရားသခင်၌ပြုပြင်ပြောင်းလဲခြင်းရှိပါစေ၊ သို့မဟုတ် ဥပုသ်နေ့ကိုစွန့်လွှတ်ကြစေ။ ထိုအခါသူတို့သည် မယုံကြည်သူများ၏လမ်း၌ရပ်နေကြလိမ့်မည်မဟုတ်ချေ။. . .

လောကသည် သူတို့ကိုမုန်းတီးရန်လုပ်ဆောင်သောလမ်းကို လိုက်နေသူတို့အပေါ် ဘုရားသခင်အမျက်ထွက်တော်မူသည်။ အကယ်၍ခရစ်ယာန်တစ်ဦးသည် သူ၏ကောင်းသောအလုပ်ကြောင့်၊ ခရစ်တော်နောက်လိုက်ခြင်းတို့ကြောင့်အမုန်းခံရလျှင်၊ သူသည် ဆုလာဘ်ရရှိလိမ့်မည်။ သို့ရာတွင် ချစ်ခြင်းခံရစေမည့်လမ်းကြောင်းမလိုက်ခြင်းကြောင့်လည်းကောင်း၊ သူ၏မယဉ်ကျေးသောအပြုအမူကြောင့်လည်းကောင်း၊ မိမိအိမ်နီးချင်းနှင့်ခိုက်ရန်ဖြစ်ရန် သမ္မာတရားကိုအသုံးချခြင်းကြောင့်လည်းကောင်း၊ ဥပုသ်နေ့ကို သူတို့အတွက်အနှောင့်အယှက်အဖြစ်အသုံးပြုခြင်းကြောင့်လည်းကောင်း သူသည်အမုန်းခံရလျှင် သူသည် အပြစ်သားများအတွက်ခလုတ်တံသင်းဖြစ်ကာ၊ မှန်မြတ်သောသမ္မာတရားကိုရှုတ်ချသူဖြစ်သည်။ အကယ်၍သူသည် နောင်တမရလျှင် သူသည် မိမိလည်ပင်းတွင်ကြိတ်ဆုံကိုဆွဲလျက် ပင်လယ်ထဲသို့ချသော် သာ၍ကောင်း၏။ (4SG, pp. 158-160).

–๐–





## "မှားယွင်းသောရုပ်ပုံများ၏ရလဒ်များ"

**"ကောင်းသောအသီးမသီးသောအပင်ရှိသမျှတို့ကို ခုတ်လှဲ၍ မီးထဲသို့ချလိုက်တတ်၏။ သို့ဖြစ်လျှင် ထိုပုရောဖက်တို့၏အကျင့်ကို ထောက်သော် သူတို့၏သဘောကိုသိရကြလိမ့်မည်" (မဿဲ ၇း၁၉၊၂၀)။**

အသင်းတော်ထဲ၌ ဝိညာဉ်တော်ဆုကျေးဇူးများရှိသည်ကိုမယုံကြည်သူ၊ သမ္မာတရား၌ယုံကြည်ခြင်းမရှိသူ၊ ဘာသာရေးလုံးဝမရှိသူတချို့ ယခု (၁၈၉၀ ခုနှစ်) အသက်ရှင်လျက်ရှိကြသည်။ ထိုသို့သောအရာမှာ အတုအယောင်ရုပ်ပုံများ၏သေချာသောရလဒ်ပင်ဖြစ်ကြောင်း ကျွန်ုပ်အားပြသတော်မူခဲ့သည်။. . .

သမ္မာတရားမှအဝေးသို့ခေါ်ဆောင်သွားရန် စာတန်သည် အတုအယောင်များကို အစဉ်တစိုက်တွန်းအားပေးနေသည်။

စာတန်၏နောက်ဆုံးသောလှည့်ကွက်မှာ ဘုရားသခင့်ဝိညာဉ်တော်၏သက်သေခံချက်သည် မည်သည့်အကျိုးသက်ရောက်မှုမျှမရှိစေရန်ဖြစ်သည်။ "ဗျာဒိတ်တော်မရှိလျှင်၊ လူတို့သည် အကျိုးနည်းဖြစ်ကြ၏" သုတ္တံကျမ်း ၂၉း၁၈။ ဘုရားသခင်၏ကျန်ကြွင်းသောလူတို့သည် စစ်မှန်သောသက်သေခံချက်၌ စိတ်ချယုံကြည်မှုမမြဲစေရန် စာတန်သည် မတူသောနည်းများနှင့်မတူသောကိုယ်စားလှယ်များအားဖြင့် ကြံကြံဖန်ဖန်လုပ်ဆောင်လိမ့်မည်။ လမ်းမှားသို့ပို့ဆောင်ရန် အတုအယောင်ရုပ်ပုံများကိုမြင်စေ၍၊ အမှားကိုအမှန်နှင့်ရောနှောလိမ့်မည်။ ထိုအခါလူတို့သည် ရုပ်ပုံနှင့်ပတ်သက်သည့်အရာမှန်သမျှကို တစ်ယူသန်စွဲလမ်းမှုကဲ့သို့ မှတ်ယူကြတော့မည်ဖြစ်သည်။ သို့ရာတွင် ရိုးသား

သောသူတို့မူကား၊ အမှားအမှန်ကိုယှဉ်ကြည့်ပြီး ၎င်းတို့ကိုခွဲခြားနိုင်ကြလိမ့်မည်။ . .

ဘုရားသခင်ထံမှမဟုတ်သောအရာကို အမြဲအာရုံပြုခြင်းနှင့်မြင့်တင်ခြင်းထက် ဘုရားသခင်အကြောင်း စင်ကြယ်မှန်ကန်သန့်ရှင်းသောသဘောထားခံယူချက်နှင့် စိတ်ဝင်စားမှုကိုထိခိုက်နစ်နာသောအရာ ဘာမျှမရှိချေ။ ၎င်းသည် စိတ်နှလုံးကိုအဆိပ်သင့်စေ၍ နားလည်နိုင်စွမ်းကိုနှိမ့်ကျစေသည်။ သမ္မာတရားကိုလက်ခံရရှိသူ၏အကျင့်စာရိတ္တကို သမ္မာတရား၏မြင့်တင်၊ သန့်စင်၊ စင်ကြယ်စေသောအရှိန်အဝါအားဖြင့် စင်ကြယ်သောသမ္မာတရား၏အရင်းအမြစ်ကို ဘုရားသခင်ထံ၌ရှာတွေ့နိုင်သည်။ သမ္မာတရားအားလုံး၏အစဖြစ်တော်မူသောသူသည် သူ၏ခမည်းတော်ထံဆုတောင်းသည်မှာ "ထိုသူတို့အဖို့ကိုသာ အကျွန်ုပ်ဆုတောင်းသည်မဟုတ်ပါ၊ သူတို့ဟောပြောခြင်းအားဖြင့် အကျွန်ုပ်ကိုယုံကြည်သောသူတို့အဖို့ကိုလည်း ဆုတောင်းပါ၏။ ကိုယ်တော်သည် အကျွန်ုပ်ကိုစေလွှတ်တော်မူသည်ကို လောကီသားတို့သည် ယုံကြည်မည်အကြောင်း၊ ထိုသူအပေါင်းတို့သည် တစ်လုံးတစ်ဝတည်းဖြစ်လျက် အဘ၊ ကိုယ်တော်သည် အကျွန်ုပ်၌ရှိတော်မူ၍ အကျွန်ုပ်သည်လည်း ကိုယ်တော်၌ရှိသကဲ့သို့ ထိုသူအပေါင်းတို့သည် ငါတို့၌တစ်လုံးတစ်ဝတည်းဖြစ်စေခြင်းငှာ ဆုတောင်းပါ၏" (ယောဟန် ၁၇း၂၀–၂၁)။

သင်းကွဲခြင်းဖြစ်စေရန် သမ္မာတရားမှဆွဲထုတ်ပစ်မည့်အရာများသည် အစဉ်တစိုက်ပေါ်ပေါက်လာလိမ့်မည်။ ဤသူတစ်ပါးကိုစောဒကတက်ခြင်း၊ ဝေဖန်ခြင်း၊ ရှုတ်ချခြင်း၊ စီရင်ခြင်းတို့သည် စိတ်နှလုံးထဲ၌ ခရစ်တော်၏ကျေးဇူးတော်ရှိသည့်အထောက်အထားများမဟုတ်ချေ။ ၎င်းသည် စည်းလုံးမှုကိုမဖြစ်စေပါ။ သူတို့သည် အပြစ်ထဲ၌နစ်နေစဉ် အံ့ဖွယ်အလင်းတရားရှိသည်ဟု ပြောဆိုသောသူတို့အားဖြင့် လွန်ခဲ့သောအချိန်က လုပ်ဆောင်မှုများဖြစ်သည်။ (2SM, pp. 78,79).

–ဝ–





## "အတန်းလိုက်ရွှေ့ခြင်း"

**"နှိမ့်ချသောသူတို့သည်မြင်၍ ဝမ်းမြောက်ကြလိမ့်မည်။ ဘုရားသခင်ကို ရှာသောသူတို့၏စိတ်နှလုံးသည် အားပြည့်လိမ့်မည်" (ဆာလံ ၆၉း၃၂)။**

ထာဝရဘုရား၌ဝမ်းမြောက်ရန်နှင့် ကိုယ်တော်၏အားဖြည့်ပေးသောကျေးဇူးတော်၌ပျော်ရွှင်ရန်မှာ သင်၏အခွင့်ထူးပင်ဖြစ်သည်။ ကိုယ်တော်၏ချစ်ခြင်းမေတ္တာသည် စိတ်နှလုံးတို့ကိုပိုင်စိုးစေပါ။ လွန်စွာပူပန်ခြင်း၊ စိုးရိမ်သောကကြောင့်နွမ်းလျခြင်းနှင့်စိတ်ဓာတ်ကျခြင်းတို့ကို သတိဖြင့်တားဆီးကာကွယ်ပါ။ စိတ်ဓာတ်မြင့်တင်ပေးသောစကားကိုပြောပါ။ မှောင်မိုက်နှင့်စိတ်ပျက်စရာတို့မှ မျက်စိကိုဖယ်ပါ။ ကျွန်ုပ်တို့၏အသက်တာနှင့်အရာရာကိုပေးဆပ်သည့် လက်ရှိသမ္မာတရားကိုစောင့်ကြပ်ပေးတော်မူသော ကျွန်ုပ်တို့၏ကြီးမြတ်သောခေါင်းဆောင်ယေရှုကိုကြည့်ခြင်းသည် အောင်မြင်မှုကိုကြီးကျယ်ခမ်းနားစွာရရှိခြင်းဖြစ်သည်။ . .

ယေရှုသည် စိတ်နှလုံးထဲ၌ရှိ၍အားပေးနေကြောင်း၊ ခွန်အားပေးကြောင်း၊ နှစ်သိမ့်နေကြောင်းကိုမြင်နိုင်ပါစေ။ တစ်နေ့ပြီးတစ်နေ့ သန့်ရှင်းသောဝိညာဉ်တော်၏ကြွယ်ဝသောဆောင်ရွက်မှုဖြင့် ထောက်ပံ့ခြင်းခံရန်နှင့် လောကသို့ကျွန်ုပ်တို့ဟောပြောနေသောသတင်းစကား၏အရေးကြီးမှုနှင့် အတိုင်းအတာ၏သာ၍ကျယ်ပြန့်သောအမြင်ရှိရန်မှာ အခွင့်ထူးပင်ဖြစ်သည်။ ထာဝရဘုရားသည် မိမိ၏ပညတ်တော်မှအံ့ဖွယ်အရာများကို သင့်အားဖော်ပြရန်အလိုရှိတော်မူသည်။ ကိုယ်တော်ကိုနှိမ့်ချသောစိတ်ဖြင့်စောင့်ပါ။ ကျွန်ုပ်တို့နေထိုင်သောအချိန်ကာလကိုနားလည်နိုင်ရန်အတွက်သော်လည်းကောင်း၊ ကိုယ်တော်၏

ရည်ရွယ်ချက်ကို သာ၍ပြည့်စုံစွာခံယူနိုင်ရန်အတွက်သော်လည်းကောင်း၊ ဝိညာဉ်ကယ်တင်ရေး၌ အကျိုးများစေရန်အတွက်သော်လည်းကောင်း စိတ်ပါလက်ပါ ဆုတောင်းပါ။. . .

ကမ္ဘာပေါ်မကြာမီကျရောက်လာမည့်အရာကို စဉ်းစားရန်ကောင်းလှသည်။ အသေးအဖွဲကိစ္စများနှင့် ကိုယ်ကျိုးရှာရန်အတွက်အချိန်မရှိပါ။ အကယ်၍ ကျွန်ုပ်တို့အသက်ရှင်နေသောအချိန်ကာလသည် ကျွန်ုပ်တို့၏စိတ်ကို လေးလေးနက်နက်စွဲမှတ်စေခြင်းမရှိလျှင် မည်သည့်အရာသည် ကျွန်ုပ်တို့ထံသို့ ရောက်ရှိလာနိုင်မည်နည်း။. . .

ရှင်းလင်းသောအသိအမြင်ရှိသူများလိုအပ်နေသည်။ စေ့စပ်သည့်ပြုပြင်ပြောင်းလဲခြင်းကိုလုပ်ဆောင်ရန် သန့်ရှင်းသောဝိညာဉ်တော်၏ထိန်းချုပ်မှုအောက်၌ ရှိနေလိုသူတို့ကို ဘုရားသခင်ခေါ်တော်မူသည်။ ကျွန်ုပ်တို့ရှေ့က ဘေးဒုက္ခကို ကျွန်ုပ်မြင်ရသည်။ မိမိ၏အမှုဆောင်တို့သည် အတန်းလိုက်လာရန် ထာဝရဘုရားခေါ်တော်မူသည်။ ကုန်လွန်သောအချိန်များထက်၊ ဘုရားသခင်ထံသာ၍နက်နဲ၊ မှန်ကန်သောဆက်ကပ်ခြင်းနေရာ၌ ယခုလူတိုင်းရပ်တည်ရမည်။. . .

ညအချိန်မြင်ရသောရူပါရုံသည် ကျွန်ုပ်၌စွဲမြဲလျက်ရှိသည်။ ကြီးမားသောနိုးကြားခြင်းလှုပ်ရှားမှုသည် နေရာများများ၌ဖြစ်နေဟန်ရှိသည်။ ကျွန်ုပ်တို့၏လူတို့သည် ဘုရားသခင်၏ခေါ်ဖိတ်ခြင်းကိုတုံ့ပြန်သောအားဖြင့် အတန်းလိုက်ရွေ့လျားနေကြသည်။. . . ကိုယ်တော်၏အသံကိုဂရုမစိုက်ဘဲနေမည်လော။ ကျွန်ုပ်တို့၏မီးခွက်များကိုထွန်းလျက်၊ မိမိတို့သခင်ဘုရားကြွလာခြင်းကိုစောင့်နေသောသူတို့ကဲ့သို့ မပြုမူဘဲလျက်နေမည်လော။ ယခုအချိန်သည် အလင်းဆောင်ရန်အတွက်နှင့်လုပ်ဆောင်ရန်အတွက် ခေါ်တော်မူသောအချိန်ပင်ဖြစ်သည်။ (2SM, pp. 399-402).

–ဝ–



ဇွန် (၁)

## "လာမည့်ဖြစ်ရပ်များကိုရှင်းလင်းစွာဖော်ပြ"

**"အကယ်စင်စစ် အရှင်ထာဝရဘုရားသည် မိမိကျွန်ပုရောဖက်တို့အားမဖော်မပြဘဲ၊ အဘယ်အမှုကိုမျှစီရင်တော်မမူ" (အာမုတ် ၃း၇)။**

ကရုဏာတံခါးပိတ်ခြင်းနှင့် ဒုက္ခဆင်းရဲကာလအတွင်း ပြင်ဆင်ခြင်းအလုပ်တို့နှင့်ဆက်စပ်သည့်ဖြစ်ရပ်များကို ရှင်းလင်းစွာဖော်ပြထားသည်။ သို့သော်လည်း သူတို့အားမဖော်ပြဘူးသည့်အလား၊ များစွာသောလူတို့သည် ဤအရေးကြီးသောသမ္မာတရားများကို နားလည်ခြင်းမရှိကြတော့ချေ။ ကယ်တင်ခြင်းအလိုငှာ ပညာတရားရရှိစေသည့်အရာများမှ သွေဖည်သွားစေရန် စာတန်သည်စောင့်ကြည့်နေသည်။ ဒုက္ခဆင်းရဲကာလတွင် ထိုသူတို့သည် အဆင်သင့်မရှိဖြစ်နေကြမည်။ (GC, p. 594).

ကျွန်ုပ်တို့သည် ကမ္ဘာ့နောက်ဆုံးပိုင်းကိုရောက်လာချိန်တွင် နောက်ဆုံးသောနေ့ရက်များနှင့်သက်ဆိုင်သည့် ပုရောဖက်ဟောကြားချက်များကို အထူးလေ့လာရန်လိုအပ်သည်။ ဓမ္မသစ်ကျမ်း၏နောက်ဆုံးကျမ်းတွင် ကျွန်ုပ်တို့နားလည်ရန်လိုအပ်သည့် သမ္မာတရားနှင့်ပြည့်လျက်ရှိသည်။ (COL, p. 133).

ဗျာဒိတ်ကျမ်းတွင် အစီအစဉ်တကျဖော်ပြသည့် လေးနက်သောသတင်းစကားများသည် ဘုရားသခင့်လူတို့၏စိတ်ကို အလျင်ဦးဆုံးသိမ်းပိုက်ထားရမည်ဖြစ်သည်။. . .

တန်ဖိုးရှိသောအချိန်သည် လျင်မြန်စွာလွန်သွားလျက်ရှိသည်။ ကျရှုံးသောလောကီသားတို့၊ ဘုရားသခင်စေလွှတ်သောသတင်းစကားကိုဟောပြောရမည့်အချိန်ကို လုယက်ခံရမည့်အန္တရာယ်ကို လူအများကြုံနေရကြသည်။

ထာဝရကာလအမှန်တကယ်ရှိသည့်အရာများနှင့်သက်ဆိုင်သော သမ္မာတရားကို လေ့လာနေကြရမည့်စိတ်များထွေပြားနေခြင်းကို စာတန်သည် ကျေနပ်နေသည်။

အလေးနက်ဆုံးသောဂုဏ်တော်ကို သက်သေခံခြင်းတည်းဟူသော ခရစ်တော်၏သက်သေခံချက်ကို လောကကြီးသို့သယ်ဆောင်ရပါမည်။ ဗျာဒိတ်ကျမ်းတစ်အုပ်လုံးတွင် အမွန်မြတ်ဆုံးသောစိတ်ဓာတ်မြှင့်တင်ပေးသည့်ကတိတော်များရှိသည်။ ပြီးနောက် ကြောက်မက်ဖွယ်အကောင်းဆုံးသော လေးနက်သည့်သတိပေးချက်များလည်းပါရှိသည်။ သမ္မာတရားကိုသိရှိသည်ဟုဝန်ခံသူတို့သည် ခရစ်တော်အားဖြင့် ယောဟန်ကိုပေးသောသက်သေခံချက်ကို မဖတ်ဘဲနေမည်လော။ ဤကျမ်းတွင်မှန်းဆချက်များ၊ သိပ္ပံအတတ်လှည့်စားမှုများ မပါရှိပါ။ ဤကျမ်းတွင် ကျွန်ုပ်တို့၏ပစ္စုပ္ပန်နှင့်အနာဂတ်ကောင်းစားရေးနှင့် သက်ဆိုင်သော သမ္မာတရားများရှိသည်။ အဖျင်းသည်အဆန်နှင့်အဘယ်သို့ ခြားနားသနည်း။ (8T, p. 302).

သမ္မာကျမ်းစာကိုစွဲရှိရှိလေ့လာသူများနှင့် သမ္မာတရားကိုမေတ္တာဖြင့် လက်ခံရရှိသူတို့သာလျှင် လောကကိုဖမ်းဆီးထားသည့် တန်ခိုးကြီးသော လိမ်လည်ခြင်းမှ အကာအကွယ်ရရှိကြမည်။ သမ္မာကျမ်းစာ၏သက်သေခံချက်အားဖြင့် ရုပ်ဖျက်ထားသောလိမ်လည်သူကို ရှာဖွေတွေ့ရှိနိုင်မည်။ ဘုရားသခင်၏လူတို့သည် သူတို့မြင်ရသောအရာများနောက်သို့မယိမ်းမိစေရန် ကိုယ်တော်၏နှုတ်ကပတ်တော်၌ ယခုခိုင်မြဲစွာတည်ဆောက်ကြပါသလား။ ထိုသို့သော အရေးကာလတွင် သူတို့သည် သမ္မာကျမ်းစာတစ်ခုတည်း၌သာ တွယ်နေကြမည်လော။ (GC, p. 625).

–၀–



ဇွန် (၂)

# “ရှေ့၌ရှိသောအရာအတွက်ပြင်ဆင်ခြင်း”

**“တရားတော်အတိုင်းကျင့်၍ စိတ်နှိမ့်ချသောပြည်သူပြည်သား အပေါင်းတို့၊ ထာဝရဘုရားကိုရှာကြလော့။ ဖြောင့်မတ်ခြင်းနှင့်စိတ်နှိမ့်ချခြင်းကိုလည်းရှာကြလော့။ ထာဝရဘုရားအမျက်ထွက်တော်မူသောနေ့၌ သင်တို့သည် ပုန်းရှောင်ရာကိုတွေ့ကောင်းတွေ့ကြလိမ့်မည်” (ဇေဖနိ ၂း၃)။**

လွန်ကျူးခြင်းအမှုသည် ကန့်သတ်ချက်ကိုရောက်လုပြီ။ ကမ္ဘာသည် ရှုပ်ထွေးခြင်းနှင့်ပြည့်နေသည်။ မဟာကြောက်မက်ဖွယ်သည် မကြာမီလူသားများအပေါ်သို့ကျရောက်တော့မည်။ အဆုံးသည်အလွန်နီးကပ်လျက်ရှိသည်။ ရုတ်တရက်လွှမ်းမိုးသည့်အရာကဲ့သို့ ကမ္ဘာပေါ်တွင်ကျရောက်မည့်အရာအတွက် ဘုရားသခင်၏လူတို့သည် ပြင်ဆင်နေရမည်။ (GC, p. 555).

“မဖြစ်စဖူးသောဆင်းရဲဒုက္ခကပ်ကာလသည်” ကျွန်ုပ်တို့အပေါ်မကြာမီ ရောက်လာမည်။ များစွာသောသူတို့ကရရှိရန် အလွန်ပျင်းရိနေကြသောအတွေ့အကြုံတည်းဟူသော ယခုကျွန်ုပ်တို့မပိုင်ဆိုင်သောအတွေ့အကြုံလိုအပ်လိမ့်မည်။ ဒုက္ခသည် အမှန်ဖြစ်နေသည်ထက် စိတ်အထင်၌မကြာခဏသာ၍ကြီးနေတတ်သည်။ သို့ရာတွင် ကျွန်ုပ်တို့ရှေ့၌ရှိသောဒုက္ခကာလသည် ထိုသို့မဟုတ်ချေ။ အထင်ရှားဆုံးဖော်ပြချက်သည်ပင် ဤချောက်ချားဖွယ်ဒုက္ခ၏ပမာဏကိုဖော်ပြရန် မစွမ်းနိုင်ချေ။ စုံစမ်းစစ်ဆေးရာကာလတွင် လူတိုင်းသည် မိမိအတွက် ဘုရားသခင်ရှေ့တွင်ရပ်ရကြမည်။ “နောဧ၊ ဒံယေလ၊ ယောဘတို့ရှိသော်လည်း ငါအသက်ရှင်သည်အတိုင်း ကိုယ်သားသမီးကိုမကယ်မနုတ်၊ ကိုယ်ဖြောင့်မတ်

ခြင်းအားဖြင့် ကိုယ်အသက်ဝိညာဉ်ကိုသာကယ်နုတ်ရလိမ့်မည်ဟု အရှင်ထာဝရဘုရားမိန့်တော်မူ၏” ယေဇကျေလ ၁၄း၂၀။ (GC, pp. 622,623).

အမှန်နှင့်အမှားအကြား နောက်ဆုံးသောမဟာတိုက်လှန်ပွဲသည် ဘုရားသခင့်ပညတ်တော်နှင့်သက်ဆိုင်၍ ကာလကြာရှည်တိုက်လှန်ပွဲ၏နောက်ဆုံးရှန်းကန်မှုဖြစ်သည်။ လူတို့၏ပညတ်ချက်များနှင့် ယေဟောဝါ၏ပညတ်ချက်များအကြားတိုက်ပွဲ၊ သမ္မာကျမ်းစာ၏ဘာသာရေးနှင့်ဒဏ္ဍာရီနှင့်ရိုးရာဓလေ့တို့၏ဘာသာရေးအကြားတိုက်ပွဲဟူသည့် တိုက်ပွဲထဲသို့ကျွန်ုပ်တို့ဝင်ရောက်နေကြသည်။ (GC, p. 582).

ကျွန်ုပ်တို့နေထိုင်သည့်အချိန်ကာလကိုညွှန်ပြသော လမ်းညွှန်များကိုကျွန်ုပ်တို့လေ့လာရမည်။. . . ဘုရားသခင်၏ပြင်ဆင်ခြင်းနေ့ရက်ကြီးအတွက်ကျွန်ုပ်တို့ပြင်ဆင်နိုင်ရန် ကျွန်ုပ်တို့သည် ယခုစိတ်ရောကိုယ်ပါဆုတောင်းရကြမည်။ (HC, p. 340).

ဘုရားသခင်၏ချုပ်ထိန်းမှုအောက်၌ မိမိတို့ကိုယ်ကိုထားရှိသူ၊ ကိုယ်တော်၏လမ်းပြမှုကိုခံယူသောသူတို့သည် ဖြစ်ပျက်လာရန်ဘုရားသခင်ချမှတ်ထားသောဖြစ်ရပ်များကို မှန်မှန်လိုက်၍မှီကြလိမ့်မည်။ ကိုယ်တော်နှင့်လောကကိုဇီဝအသက်ပေးတော်မူသော ဝိညာဉ်တော်၏မှုတ်သွင်းမှုဖြင့် သူတို့မလုပ်ဆောင်နိုင်သောအရာကိုလက်ညှိုးထိုးပြီး၊ ထိရောက်စွာမစွမ်းဆောင်နိုင်ခြင်း၌ သူတို့သည် ငြိမ်ငြိမ်ရပ်နေကြတော့မည်မဟုတ်ချေ။ ကောင်းကင်၏စစ်လက်နက်စုံကိုဝတ်ဆင်လျက် စစ်တိုက်ရန်သူတို့သည်ထွက်သွားကြကာ၊ ဘုရားသခင်၏အနန္တတန်ခိုးတော်ဖြင့် မိမိတို့၏လိုအပ်ချက်ကိုထောက်ပံ့ပေးမည်ကိုသိ၍ ဘုရားသခင်အတွက် ရဲရင့်စွာလုပ်ဆောင်ရန် လိုလိုလားလားရှိကြသည်။ (7T, p. 14).

–၀–



ဇွန် (၃)

## “နောက်ဆုံးတိုက်လှန်ပွဲအတွက်စာတန်၏ပြင်ဆင်မှု”

**“အမြင့်ဆုံးသောဘုရားကိုဆန့်ကျင်ဘက်ပြု၍ ကြီးစွာသောစကားကိုပြောလိမ့်မည်။ အမြင့်ဆုံးသောဘုရား၏သန့်ရှင်းသူတို့ကိုညှဉ်းဆဲနှိပ်စက်လိမ့်မည်။ ကာလအချိန်နှင့်ပညတ်တရားတို့ကိုပြောင်းလဲစေခြင်းငှာ ကြံစည်လိမ့်မည်။ တစ်ကာလ၊ နှစ်ကာလ၊ ကာလတစ်ဝက်ပတ်လုံး သူသည်အခွင့်ရလိမ့်မည်” (ဒံယေလ ၇း၂၅)။**

ခရစ်ယာန်ဘာသာအထွတ်အထိပ်ထွန်းကားသောအချိန်တွင် လူတို့ပျော်ရွှင်မှု၏မဟာရန်သူသည် စတုတ္ထပညတ်၊ ဥပုသ်နေ့ကိုအထူးတိုက်ခိုက်ခဲ့သည်။ စာတန်က “ဘုရားသခင်ကိုရည်ရွယ်ချက်ရှိရှိဆန့်ကျင်မည်။ ဘုရားသခင်၏အထိန်းအမှတ်ဖြစ်သော သတ္တမနေ့ဥပုသ်ကိုဘေးဖယ်ထားရန်ငါ၏နောက်လိုက်တို့ကို ငါလုပ်ပိုင်ခွင့်အာဏာပေးမည်။ ထိုသို့ဖြင့် ဘုရားသခင်သည် သန့်ရှင်းစေပြီးကောင်းချီးပေးသောနေ့သည် ပြောင်းလဲသွားပြီဖြစ်ကြောင်းလောကကိုငါပြမည်။ ထိုနေ့ရက်သည် လူတို့၏စိတ်ထဲတွင်ကျန်ရှိမနေရ၊ ထိုနေ့အမှတ်ရနေသည်ကို ငါဖျက်ဆီးပစ်မည်။ ထိုနေ့ရက်အစား၊ ဘုရားသခင်နှင့်သူ၏လူတို့အကြား အမှတ်လက္ခဏာမဖြစ်နိုင်သောနေ့ရက်၊ ဘုရားသခင်သည် မည်သူမည်ဝါဖြစ်ကြောင်း အထောက်အထားမရှိသောနေ့ရက်ဖြင့်ငါအစားထိုးမည်။ ဘုရားသခင်သည် သတ္တမနေ့အပေါ်ထားသောသန့်ရှင်းခြင်းကို ထိုနေ့ရက်အပေါ်၌ထားရှိရန် ထိုနေ့ရက် (ပြောင်းလဲသောနေ့) ကိုလက်ခံသူတို့ကို ငါဦးဆောင်မည်” ဟုဆိုသည်။

“ငါ၏ကိုယ်စားလှယ်များဖြင့် ငါ့ကိုယ်ငါချီးမြှောက်မည်။ ပထမနေ့ကိုချီးမြှင့်ကြလိမ့်မည်။ ပရိတက်စတတန့်အသင်းတော်တို့သည် ဤအတု

အယောင်ဥပုသ်နေ့ကို အစစ်အမှန်ကဲ့သို့ခံယူကြလိမ့်မည်။ ဘုရားသခင်တည်ထောင်တော်မူသောဥပုသ်နေ့ကို မစောင့်ရှောက်ခြင်းအားဖြင့် ဘုရား၏ပညတ်တော်ကို မထီလေးစားဖြစ်စေမည်။ "ငါနှင့်သင်တို့၏သားစဉ်မြေးဆက်စပ်ကြား၌ လက္ခဏာသက်သေဖြစ်စေမည်" ဟူသောစကားအရာ၌ ငါ၏ဥပုသ်နေ့ကိုစောင့်စေမည်" ဟု စာတန်သည်ဆက်လက်ပြောဆိုသည်။

"ဤနည်းအားဖြင့် လောကသည် ငါ၏အပိုင်ဖြစ်မည်။ ငါသည်ကမ္ဘာကိုအုပ်စိုးသူ၊ လောက၏မင်းကြီးဖြစ်မည်။ ငါ့တန်ခိုးအောက်၌ရှိသူတို့ကို ငါထိန်းချုပ်၍၊ ဘုရားသခင်၏ဥပုသ်နေ့ကို အထူးမထီလေးစားသောအရာဖြစ်စေမည်။ အမှတ်လက္ခဏာဟုတ်လား။ သတ္တမနေ့ကိုစောင့်ခြင်းသည် လောကီအာဏာပိုင်များအပေါ် သစ္စာဖောက်ခြင်းအမှတ်လက္ခဏာငါဖြစ်စေမည်။ လူသား၏ဥပဒေကို အလွန်တင်းကျပ်စေပြီး၊ ယောကျ်ား၊ မိန်းမတို့သည် သတ္တမနေ့ဥပုသ်ကိုစောင့်ရဲကြတော့မည်မဟုတ်။ အစားအစာနှင့်အဝတ်အစားမရနိုင်တော့မည်ကိုကြောက်သောကြောင့် သူတို့သည် ဘုရားသခင်၏ပညတ်တော်ကျူးလွန်ခြင်း၌ လောကီသားတို့နှင့်ပေါင်းကြလိမ့်မည်။ ကမ္ဘာကြီးတစ်ခုလုံးသည် ငါ့အုပ်ချုပ်မှုအောက်ကိုလုံးလုံးလျားလျားရောက်လာလိမ့်မည်" ဟု စာတန်ဆို၏။ (PK, pp. 183,184).

အထူးသဖြင့် သမ္မာတရားကိုငြင်းပယ်သည့်အချက်ဖြစ်နေသောကြောင့် ဥပုသ်နေ့သည် ဘုရားသခင်အပေါ်သစ္စာရှိခြင်းကို အကြီးမားဆုံးစမ်းသပ်သည့်အရာဖြစ်လိမ့်မည်။ နောက်ဆုံးသောစမ်းသပ်မှုသည် လူသားတို့အပေါ်ရောက်လာသောအခါ၊ ဘုရားသခင်၏ဝတ်ကိုပြုသောသူတို့နှင့်မပြုသောသူတို့အကြားသိသာထင်ရှားသည့်ခွဲခြားမှုဖြစ်လာလိမ့်မည်။ (GC, p. 605).

–၀–



ဇွန် (၄)

## "ဥပုသ်စောင့်သူတို့အပေါ် စာတန်၏တိုက်ခိုက်မည့်နည်းဗျူဟာ"

**"မတရားသောအကြံကို မင်း၏အခွင့်နှင့်ပြုစုတတ်သော အဓမ္မရာဇပလ္လင်သည် ကိုယ်တော်နှင့်မိတ်သဟာယဖွဲ့ရပါမည်လော။ ဖြောင့်မတ်သောသူ၏အသက်ကိုသတ်ခြင်းငှာ စုဝေးကြပါ၏။ အပြစ်မရှိသောသူကိုသေစေခြင်းငှာ စီရင်ကြပါ၏" (ဆာလံ ၉၄း၂၀၊၂၁)။**

ဘုရားသခင်၏လူတို့သည် နောက်ဆုံးသောနေ့ရက်များ၏ဘေးအန္တရာယ်ကို ချဉ်းကပ်လာချိန်တွင် သူတို့၏ယုံကြည်ခြင်းကိုမှောက်လှန်ပစ်နိုင်မည့် အအောင်မြင်ဆုံးသောအစီအစဉ်အတွက် စာတန်သည် သူ၏တမန်များနှင့်အားတက်သရောတိုင်ပင်လျက်ရှိသည်။

မဟာလိမ်လည်လှည့်ဖြားသူက "ဥပုသ်နေ့သည် အသက်ဝိညာဉ်များ၏လမ်းဆုံးကိုဆုံးဖြတ်ပေးမည့် အလွန်အရေးပါသောအရာဖြစ်နေသည်။ ငါတို့ဖန်တီးသောဥပုသ်ကို ငါတို့မြှင့်တင်ရလိမ့်မည်။ လောကီသားများနှင့်အသင်းသူ၊ အသင်းသားများကလက်ခံအောင် ငါတို့လုပ်နိုင်ခဲ့ပြီ။ ယခုအသင်းတော်သည် လောကနှင့်ပေါင်းစည်းရန် လုပ်ဆောင်ကြရမည်။ သူတို့၏သမ္မာတရားမျက်စိများကန်းသွားစေရန် အံ့ဖွယ်နိမိတ်လက္ခဏာများကို ငါတို့လုပ်ရမည်။ ထိုအခါသူတို့သည် ဘုရားသခင်အားကြောက်ရွံ့ခြင်းကိုဘေးဖယ်ပြီးထုံးတမ်းဓလေ့ကိုလိုက်ကြလိမ့်မည်။

"သူတို့တရားနာပရိသတ်များ၏အာရုံကို ဘုရားသခင်၏ပညတ်ချက်များမှလွဲသွားစေရန် နာမည်ကြီးတရားဟောဆရာများကို ငါသြဇာလွှမ်းမည်။

"သို့သော် ငါတို့၏အဓိကအကြောင်းကိစ္စမှာ ဥပုသ်နေ့ကိုစောင့်သောဤလူစုကို တိတ်ဆိတ်သွားစေရန်ဖြစ်သည်။ သူတို့ကိုဆန့်ကျင်သော ခံပြင်းပြီး

ဒေါသထွက်ရန် ငါတို့နှိုးဆော်ရမည်။ အာဏာရှိသူများနှင့်လောကီပညာရှင်တို့ကို ငါတို့ဘက်တွင်ထည့်သွင်းရမည်။ ထိုနောက် ငါတို့၏ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ရန် သူတို့၏အာဏာကို လှုံ့ဆော်တိုက်တွန်းရမည်။ ထိုအခါငါတည်ခဲ့သောဥပုသ်နေ့ကို အပြင်းထန်ဆုံးဥပဒေများနှင့် အတင်းအဓမ္မလိုက်လျှောက်စေမည်။ ဂရုမစိုက်သောသူတို့အား မြို့ကြီးများနှင့်ကျေးရွာများမှနှင်ထုတ်ပြီး၊ အစာရေစာငတ်ပြတ်အောင်ထားမည်။ တစ်ကြိမ်ငါတို့အာဏာတန်ခိုးရပြီဆိုလျှင်၊ ဘုရားသခင်နှင့်မဟာမိတ်ဖွဲ့ခြင်းမှမလွဲဖယ်သောသူတို့အပေါ် ငါတို့ဘာလုပ်နိုင်သည်ကိုငါတို့ပြမည်။ . . . ယခုပရိတက်စတန့်အသင်းတော်များနှင့်လောကကို ငါတို့ညာလက်ရုံးနှင့်သဟဇာတဖြစ်အောင် ငါတို့စည်းရုံးနေကြသည်။ နောက်ဆုံးတွင် ငါတို့အာဏာကို ကျိုးနွံခြင်းမရှိသောသူအားလုံးကို ဖျက်ဆီးသုတ်သင်ရန်ဥပဒေထုတ်မည်။ ငါတို့ဥပုသ်နေ့ကိုကျူးလွန်သူများအတွက် သေဒဏ်ချမှတ်သောအခါ၊ ယခုပညတ်တော်စောင့်ရှောက်သူများစွာတို့သည် ငါတို့ဘက်သို့ရောက်လာကြလိမ့်မည်။

"သို့ရာတွင် ဤပြင်းထန်သောဥပဒေများကိုမထုတ်ပြန်မီ စစ်မှန်သောဥပုသ်နေ့စောင့်သူတို့ကို ငါတို့ထောင်ချောက်ဆင်ရမည်။ လောကီဆန်ခြင်း၊ ရမ္မက်ကြီးခြင်းနှင့်မာန်မာနများအားဖြင့် လူများစွာကိုခရစ်တော်ထံမှငါတို့ခွဲထုတ်နိုင်သည်။ သူတို့သည် သမ္မာတရားကိုယုံကြည်သောကြောင့် လုံခြုံသည်ဟုယူဆကောင်းယူဆကြမည်။ သို့ရာတွင် သူတို့၏ဆုံးဖြတ်ချက်ကိုရှုပ်ထွေးစေပြီး၊ ခွဲခြားနိုင်စွမ်းကိုဖျက်ဆီးသည့် ခံတွင်းအလိုလိုက်ခြင်းနှင့်ကာမဂုဏ်လိုက်စားခြင်းသည် သူတို့၏ကျရှုံးခြင်းကိုဖြစ်စေလိမ့်မည်" ဟုဆို၏။ (TM, pp. 472, 473).

–o–





နှန် (၅)

## "သားရဲရုပ်တုတည်ဆောက်ခြင်း"

**"ပထမသားရဲရှေ့၌ ပြပိုင်သောနိမိတ်လက္ခဏာတို့အားဖြင့် မြေကြီးသားတို့ကိုလှည့်ဖြား၏။ ဓားနှင့်ခုတ်သောဒဏ်ချက်ကိုခံရ၍ အသက်ရှင်သေးသောသားရဲ၏ရုပ်တုကိုလုပ်စေခြင်းငှာ မြေကြီးသားတို့ကိုမှာထား၏" (ဗျာဒိတ် ၁၃း၁၄)။**

သားရဲ၏ရုပ်တုကို ကရုဏာတံခါးမပိတ်မီပုံဖော်စေလိမ့်မည်။ အကြောင်းမှာ ၎င်းရုပ်တုအားဖြင့် ထာဝရကြမ္မာကိုအဆုံးအဖြတ်ပေးမည်ဖြစ်သောကြောင့် ဘုရားသခင်၏လူတို့အတွက် အကြီးမားဆုံးသောစမ်းသပ်မှုပင်ဖြစ်သည်။

ဗျာဒိတ် ၁၃ တွင် ဤအကြောင်းအရာကို ရှင်းလင်းစွာဖော်ပြသည်။ "အခြားသောသားရဲတစ်ကောင်သည် သိုးသငယ်၏ချိုနှင့်တူသော ချိုနှစ်ချောင်းရှိ၍၊ နဂါးကဲ့သို့စကားပြောလျက်၊ မြေကြီးထဲကထွက်သည်ကိုငါမြင်၏။ ထိုသားရဲသည် သူ့အလျင်ဖြစ်သောပထမသားရဲ၏အာဏာစက်ရှိသမျှကိုသုံးစွဲ၏။ သေစေသောဒဏ်ချက်ပျောက်ခဲ့ပြီးသောပထမသားရဲကို မြေကြီးမှစ၍ မြေကြီးသားတို့သည် ကိုးကွယ်စေခြင်းငှာပြု၏။ ကြီးစွာသောနိမိတ်လက္ခဏာတို့ကိုလည်းပြ၏။ . . . ပထမသားရဲရှေ့၌ပြပိုင်သောနိမိတ်လက္ခဏာတို့အားဖြင့် မြေကြီးသားတို့ကိုလှည့်ဖြား၏။ ဓားနှင့်ခုတ်သောဒဏ်ချက်ကိုခံရ၍၊ အသက်ရှင်သေးသောသားရဲ၏ရုပ်တုကိုလုပ်စေခြင်းငှာ မြေကြီးသားတို့ကိုမှာထား၏။ သားရဲ၏ရုပ်တုသည် စကားပြောနိုင်မည်အကြောင်းနှင့် မိမိကို မကိုးကွယ်သောသူရှိသမျှတို့ကို သတ်ခြင်းငှာပြုနိုင်မည်အကြောင်း၊ ရုပ်တု၏အသက်ကိုသွင်းပေးရသောအခွင့်ကိုလည်းရ၏။ ငွေရတတ်သောသူ၊ ဆင်းရဲ

သောသူ၊ ကျွန်ခံရသောသူ၊ လွတ်သောသူ၊ အကြီးအငယ်ရှိသမျှတို့သည် လက်ယာလက်၌ဖြစ်စေ၊ နဖူး၌ဖြစ်စေ၊ တံဆိပ်လက်မှတ်ကိုခံစေခြင်းငှါလည်းကောင်း၊ ထိုတံဆိပ်လက်မှတ်တည်းဟူသော သားရဲ၏နာမဖြစ်စေ၊ နာမ၏အရေအတွက်ဖြစ်စေ တစ်ခုခုကိုမခံသောသူတစ်ယောက်မျှ မရောင်းမဝယ်စေခြင်းငှါလည်းကောင်း စီရင်၏။"

ဤအရာသည် ဘုရားသခင်၏လူများတံဆိပ်ခတ်ခြင်းမခံရမီ ရင်ဆိုင်ရမည့်စမ်းသပ်မှုဖြစ်သည်။ ဘုရားသခင်၏ပညတ်တော်စောင့်ခြင်းနှင့် အတုအယောင်ဥပုသ်နေ့ကိုလက်ခံရန်ငြင်းပယ်ခြင်းဖြင့် ဘုရားသခင်အပေါ်သစ္စာရှိကြောင်းပြသသူအားလုံးသည် ယေဟောဝါထာဝရဘုရား၏အလံတော်အောက်သို့ဝင်ရောက်ကာ အသက်ရှင်တော်မူသောဘုရားသခင်၏တံဆိပ်ကို ရရှိလိမ့်မည်။ ကောင်းကင်၌အစပြုသောသမ္မာတရားကိုလက်လျှော့ပြီး၊ တနင်္ဂနွေဥပုသ်နေ့ကိုလက်ခံသူသည် သားရဲ၏အမှတ်လက္ခဏာကိုရရှိလိမ့်မည်။ . . (Letter 11, 1890).

လောကီအာဏာပိုင်များနှင့် အသင်းတော်၏နောက်ဆုံးကြီးမားသောရန်းကန်ခြင်းကို ယောဟန်အားပြသနေစဉ်၊ သစ္စာရှိသူတို့၏နောက်ဆုံးအောင်မြင်ခြင်းနှင့်ကယ်နုတ်ခြင်းကိုလည်း ကြည့်ရန်သူ့အားခွင့်ပြုထားသည်။ . . တိုက်ပွဲ၏မီးခိုးများနှင့်ဆူညံသံများတစ်ဖက်ကြည့်နေရာ၊ သားရဲ၏တံဆိပ်အစား ဇိအုန်တောင်ပေါ်မှာသိုးသငယ်နှင့်အတူ၊ သားရဲ၏တံဆိပ်အစား "ခမည်းတော်၏နာမကိုနဖူး၌အက္ခရာတင်သောသူ" တို့ကို သူကြည့်နေခဲ့သည်။ (5T, p. 572).

–၀–



**ဇွန် (၆)**

## "ဖောက်ပြန်ခြင်းသည်လမ်းကြောင်းကိုပြင်ဆင်သည်"

**"အဘယ်သူမျှသင်တို့ကို အဘယ်သို့သောအားဖြင့် မလှည့်ဖြားစေနှင့်။ ထိုနေ့ရက်မရောက်မီ ဖောက်ပြန်သင်းခွဲခြင်းသည်အလျင်ဖြစ်၍၊ ဒုစရိုက်လူတည်းဟူသော ပျက်စီးခြင်း၏သားသည် ပေါ်လာရလိမ့်မည်" (၂သက်သာလောနိတ် ၂း၃)။**

ရှေးဦးအသင်းတော်သည် ဧဝံဂေလိတရား၏ရိုးရှင်းမှုမှထွက်ခွာ၍ မိစ္ဆာဒိဋ္ဌိတို့၏ရိုးရာထုံးတမ်းဓလေ့များကို လက်ခံခြင်းအားဖြင့် ပျက်စီးလာချိန်တွင် အသင်းတော်သည် ဘုရားသခင်၏ဝိညာဉ်တော်နှင့်တန်ခိုးကိုဆုံးရှုံးခဲ့သည်။ လူတို့၏သြတ္တပ္ပစိတ်ကိုထိန်းချုပ်နိုင်ရန်အလို့ငှာ၊ ၎င်းသည် လောကီအာဏာပိုင်တို့၏ထောက်ပံ့မှုကိုရှာခဲ့သည်။ ၎င်း၏ရလဒ်မှာ ရဟန်းမင်းဖြစ်သည်။ နိုင်ငံ့အာဏာကိုထိန်းချုပ်သည့်အသင်းတော်သည် အထူးသဖြင့် "ဘာသာရေးဖောက်ပြန်သူ" များကိုအပြစ်ပေးရန်၊ ၎င်း၏အာဏာကိုလိုအပ်သည်ထက်ပိုသုံးခဲ့သည်။ . .

အသင်းတော်သည် လောကီရေးရာအာဏာရရှိသည့်အချိန်တိုင်းတွင်၊ ၎င်းအာဏာကို မိမိ၏ယုံကြည်ချက်မှကွဲလွဲသူတို့ကိုအပြစ်ပေးရန် အသုံးပြုခဲ့သည်။ ရောမအသင်းတော်၏ခြေလှမ်းများကိုလိုက်လျှောက်သော ပရိုတက်စတင့်အသင်းတော်တို့သည် လောကီအာဏာပိုင်များနှင့်မဟာမိတ်ဖွဲ့ခြင်းဖြင့် သြတ္တပ္ပစိတ်၏လွတ်လပ်မှုကိုကန့်သတ်လိုသည့် အလားတူဆန္ဒများဖော်ပြကြသည်။ ၎င်းအတွက် ဥပမာတစ်ခုမှာ အင်္ဂလန်ခရစ်ယာန်အသင်းတော်သည် ၎င်း၏ယုံကြည်ချက်မှကွဲလွဲသူတို့ကို နှစ်ပေါင်းကြာရှည်ညှဉ်းဆဲခြင်းဖြစ်သည်။ ၁၆ ရာစုနှင့် ၁၇ ရာစုအတွင်း၊ အင်္ဂလန်ခရစ်ယာန်အသင်းတော်၏

ကျင့်ထုံးကို မလိုက်နာသောတရားဟောဆရာများ၊ မိမိတို့အသင်းတော်များမှ ထွက်ပြေးခဲ့ကြရသည်။ များစွာသောအသင်းအုပ်ဆရာများနှင့်လူများသည် ဒဏ်ငွေရိုက်ခြင်း၊ ထောင်ချခြင်း၊ ညှဉ်းဆဲခြင်းနှင့်ယုံကြည်ခြင်းကြောင့် အသေသတ်ခြင်းခံခဲ့ကြရသည်။

ဤဘာသာရေးဖောက်ပြန်မှုသည် အသင်းတော်ကိုအာဏာပိုင်အစိုးရ၏အကူအညီကိုတောင်းခံစေသည်။ ဤအရာသည် သားရဲတည်းဟူသောရုပ်တုအတွက်လမ်းကြောင်းကို ပြင်ဆင်ပေးသည်။ ပေါလုက "ဖောက်ပြန်သင်းခွဲခြင်းသည် အလျှင်ဖြစ်၍. . . ပျက်စီးခြင်း၏သားသည် ပေါ်လာရလိမ့်မည်" ဟုပြောထားသည်။ ၂သက်သာလောနိတ် ၂း၃။ ထို့ကြောင့် အသင်းတော်ထဲကဖောက်ပြန်ခြင်းသည် သားရဲ၏ရုပ်တုအတွက်လမ်းကြောင်း ပြင်ဆင်လိမ့်မည်။ (GC, pp. 443, 444).

စာတန်သည် တန်ခိုးအားလုံးနှင့် "မတရားသောလှည့်ဖြားခြင်းအမျိုးမျိုး" (၂သက်သာ ၂း၁၀) နှင့်အလုပ်လုပ်လိမ့်မည်။ သူ၏လုပ်ဆောင်ချက်ကို ဤနောက်ဆုံးသောနေ့ရက်များ၌ တိုးပွားလာသောမကောင်းမှုများ၊ များပြားသောမှားယွင်းမှုများ၊ ဘာသာရေးဖောက်ပြန်ခြင်းများနှင့် လှည့်စားခြင်းများအားဖြင့် ရှင်းလင်းစွာမြင်နိုင်သည်။ စာတန်သည် လောကသားတို့ကိုဖမ်းချုပ်ထားသည်သာမက ကျွန်ုပ်တို့သခင်ယေရှုခရစ်တော်၏အသင်းတော်များအဖြစ်ဝန်ခံသော အသင်းတော်များထဲ၌လည်း သူ၏လိမ်လည်ခြင်းများတိုးပွားနေသည်။ မဟာဖောက်ပြန်မှုကြီးသည် သန်းခေါင်ယံကဲ့သို့ မှောင်မိုက်အတိဖြစ်လာလိမ့်မည်။ ဘုရားသခင်၏လူများတို့အဖို့ ၎င်းသည် သမ္မာတရားအတွက်ကြောင့် စစ်ဆေးခြင်းည၊ ငိုကြွေးရသောည၊ ညှဉ်းဆဲခြင်းခံရသောညဖြစ်လိမ့်မည်။ သို့ရာတွင် မှောင်မိုက်၏ညနက်ထဲမှာ ဘုရားသခင်၏အလင်းတော်ထွန်းလင်းလိမ့်မည်။ (PK, p. 717).

–ဝ–



ဇွန် (၇)

## "လိမ်လည်ခြင်း၌နာမ်ဝိညာဉ်ကိုးကွယ်ခြင်း၏ကဏ္ဍ"

**"ချစ်သူတို့၊ ခပ်သိမ်းသောစိတ်ဝိညာဉ်တို့ကိုမယုံကြနှင့်၊ စိတ်ဝိညာဉ်တို့သည် ဘုရားသခင်နှင့်စပ်ဆိုင်သည် မစပ်ဆိုင်သည်ကို စုံစမ်းကြလော့။ အကြောင်းမူကား၊ မိစ္ဆာပုရောဖက်အများတို့သည် ဤလောကသို့သွားကြပြီ" (၁ယောဟန် ၄း၁)။**

နာမ်ဝိညာဉ်ကိုးကွယ်ခြင်းသည် လူသားတို့၏လှည့်စားတတ်သောအမှုအကျင့်ဖြစ်သည်ဟူသော ယုံကြည်မှုအားဖြင့် များစွာသောသူတို့သည် ထောင်ချောက်၌မိကြလိမ့်မည်။ သူတို့သည် သဘာဝလွန်နိမိတ်ဖော်ပြချက်များနှင့် မျက်နှာချင်းဆိုင်ရင်ဆိုင်ရသောအခါ၊ သူတို့သည် လှည့်စားခြင်းခံရကာ၊ ၎င်းတို့ကိုဘုရားသခင်၏ကြီးမားသောတန်ခိုးအဖြစ် လက်ခံစေလိမ့်မည်။ (GC, p. 553).

နာမ်ဝိညာဉ်နှင့်ဆိုင်သောသွန်သင်ချက်များကို အသင်းတော်များသည် လက်ခံလာသောအခါ၊ သွေးသားနှင့်ဆိုင်သောစိတ်နှလုံးချုပ်တည်းခြင်းကင်းမဲ့ကာ၊ ဘာသာရေးယုံကြည်ချက်သည် အယုတ်ညံ့ဆုံးသောအပြစ်ကို ဖုံးအုပ်သောအဝတ်ဖြစ်လာမည်။ နာမ်ဝိညာဉ်နှင့်ဆိုင်သောနိမိတ်များကိုယုံကြည်မှုသည် သွေးဆောင်သောဝိညာဉ်များနှင့် နတ်ဆိုးများနှင့်ဆိုင်သောယုံကြည်ချက်များအတွက် တံခါးဖွင့်ပေးသည်။ ထိုအခါ ဆိုးသောကောင်းကင်တမန်တို့၏ အရှိန်သြဇာကို အသင်းတော်များထဲတွင်ခံစားရလိမ့်မည်။ (GC, pp. 603, 604).

လူကြိုက်များသောသာသနာသည် နာမ်ဝိညာဉ်အယူဝါဒကို အောင်မြင်စွာမတွန်းလှန်နိုင်ချေ။ ၎င်း၏ဘေးသင့်စေသောအရှိန်သြဇာမှ မိမိတို့၏သိုးစုများကိုကာကွယ်ရန် သူတို့၌ဘာမျှမရှိချေ။ နာမ်ဝိညာဉ်အယူဝါဒ၏များစွာ

သောဝမ်းနည်းဖွယ်ရလဒ်များသည် ယခုခေတ်တရားဟောဆရာများအပေါ်တွင် ကျရောက်လိမ့်မည်။ အကြောင်းမှာ သူတို့သည် သမ္မာတရားကိုမိမိတို့ခြေဖြင့် နင်း၍၊ ၎င်းအစားဒဏ္ဍာရီပုံပြင်ဘက်သို့လှည့်သွားကြသောကြောင့်ဖြစ်သည်။ (1T, p. 344).

စာတန်သည် ဤလောကိုလှည့်စားရန် မိမိ၏နောက်ဆုံးကြိုးပမ်းမှု အတွက် ကြာမြင့်စွာကပင်ပြင်ဆင်နေခဲ့သည်။ သူ့အလုပ်၏အုတ်မြစ်ကို ဧဒင်ဥယျာဉ်၌ ဧဝအား အာမခံချက်ပေးခြင်းအားဖြင့်ချထားခဲ့သည်။ "သင်တို့သည် ဧကန်အမှန်သေရမည်မဟုတ်။ အကြောင်းမူကား၊ ထိုအသီးကိုစားသောနေ့၌ သင်တို့သည် မျက်စိပွင့်လျက်ကောင်းမကောင်းကိုသိ၍၊ ဘုရားကဲ့သို့ဖြစ်ကြလတ္တံ့။" နာမ်ဝိညာဉ်အယူဝါဒတိုးတက်ဖြစ်ထွန်းမှုတွင် မိမိ၏ပြောင်မြောက်သောလှည့်စားခြင်းအတွက်လမ်းကြောင်းကို တဖြည်းဖြည်းချင်းပြင်ဆင်နေသည်။ သူ၏အစီအမံအပြည့်အဝမရောက်ရှိသေးချေ။ သို့ရာတွင် နောက်ဆုံးကျန်ရှိနေသောအချိန်တွင် ပြည့်စုံသွားလိမ့်မည်။ ပုရောဖက်ယောဟန်ဟောပြောထားသည်ကား၊ "ဖားကောင်ကဲ့သို့ညစ်ညူးသောဝိညာဉ်သုံးပါးထွက်သည်ကိုငါမြင်၏။ နိမိတ်လက္ခဏာတို့ကိုပြသောနတ်ဆိုး၏ဝိညာဉ်ဖြစ်သတည်း။ ထိုဝိညာဉ်တို့သည် လောကီတစ်နိုင်ငံလုံးတွင်ရှိသော ရှင်ဘုရင်တို့ထံသို့ထွက်သွား၍၊ အနန္တတန်ခိုးနှင့်ပြည့်စုံတော်မူသော ဘုရားသခင်၏နေ့ကြီး၌စစ်တိုက်ခြင်းအလို့ငှာ စုဝေးစေကြ၏" ဟူ၍ဖြစ်သည်။ ဗျာဒိတ် ၁၆း၁၃၊၁၄။ နှုတ်ကပတ်တော်ကိုယုံကြည်ခြင်းကြောင့် ဘုရားသခင်၏တန်ခိုးဖြင့်စောင့်ထိန်းသူတို့မှလွဲ၍ တစ်လောကလုံးသည် ဤလှည့်ဖြားခြင်းနောက်သို့ပါသွားကြလိမ့်မည်။ လူတို့သည် သေလောက်သည့်အမှား၌ အလျင်အမြန်ချော့သိပ်ခြင်းခံရသောကြောင့် ဘုရားသခင်၏အမျက်တော်သွန်းလောင်းခြင်းဖြင့်သာလျှင် သူတို့ကိုနိုးထစေနိုင်လိမ့်မည်။ (GC, pp. 561, 562).

–o–



ဇွန် (၈)

## "နာမ်ဝိညာဉ်များနှင့်ပထမနေ့ဥပဒေကိစ္စ"

**"တရားတော်ကိုလည်းကောင်း၊ သက်သေခံတော်မူချက်ကိုလည်းကောင်း နားထောင်ကြကုန်။ သူတို့ပြောသောစကားသည် နှုတ်ကပတ်တော်နှင့်မညီလျှင် သူတို့၌အရုဏ်မတက်သေး" (ဟေရှာယ ၈း၂၀)။**

နာမ်ဝိညာဉ်ကိုးကွယ်ခြင်းအားဖြင့် အံ့ဖွယ်နိမိတ်တန်ခိုးများထင်ရှားလာခြင်းသည် လူ့စကားထက်ဘုရားသခင်၏စကားကိုနားထောင်ရန် ရွေးချယ်သူတို့အပေါ် ၎င်း၏သြဇာကိုအသုံးပြုသည်။ ဝိညာဉ်များနှင့်ဆက်သွယ်ခြင်းမှ ပထမနေ့ဥပုသ်ကိုငြင်းပယ်သူတို့အား သူတို့၏အမှားကိုလက်ခံယုံကြည်စေရန်နှင့် နိုင်ငံတော်၏ဥပဒေများကို ဘုရားသခင်၏ပညတ်တော်ကဲ့သို့နားထောင်ရမည်ဖြစ်ကြောင်း အခိုင်အမာပြောဆိုရန် ဘုရားသခင်သည် သူတို့အားစေလွှတ်ကြောင်းပြောကြသည်။ သူတို့သည် လောကထဲကကြီးမားသောဆိုးသွမ်းမှုကြောင့် ငိုကြွေးကြလိမ့်မည်။ ပထမနေ့ဥပုသ်ကိုမလေးစားခြင်းကြောင့် ကိုယ်ကျင့်တရားနိမ့်ကျကြောင်း ဘာသာရေးဆရာတို့၏သက်သေခံချက်ကို ထောက်ခံကြသည်။ သူတို့၏သက်သေခံချက်ကို လက်ခံရန်ငြင်းပယ်သူတို့အပေါ် ကျရောက်မည့်အမျက်ဒေါသသည် ကြီးမားလိမ့်မည်။ (GC, pp. 590, 591).

နာမ်ဝိညာဉ်နှင့်ဆိုင်သောသွန်သင်ချက်များကို ဆန့်ကျင်သူတို့သည် လူတို့သာမက၊ စာတန်နှင့်သူ၏စေတမန်များ၏ပြင်းစွာသောတိုက်ခိုက်ခြင်းကို ခံရကြမည်။ သူတို့သည် မြင့်သောအရပ်မှလာသောအာဏာစက်တန်ခိုးများနှင့် ဝိညာဉ်ဆိုးများနှင့်ဆိုင်ပြိုင်ရကြသည်။ ကောင်းကင်စေတမန်များ၏တန်ခိုးအားဖြင့်

သူ့ကိုမောင်းထုတ်ခြင်းမှလွဲ၍ စာတန်သည် တစ်လက်မမျှပင်နောက်ဆုတ်လိမ့်မည်မဟုတ်ချေ။ ကျွန်ုပ်တို့၏ကယ်တင်ရှင်ကဲ့သို့ "ကျမ်းစာလာသည်ကား" ဟူသောစကားများဖြင့် ဘုရားသခင်၏လူတို့သည် စာတန်ကိုရင်ဆိုင်နိုင်လိမ့်မည်။ စာတန်သည် ယေရှုအချိန်ကကဲ့သို့ပင် သမ္မာကျမ်းစာကိုကိုးကားနိုင်ကာ၊ သူ၏လှည့်ဖြားခြင်းအထောက်အမရခြင်းငှာ သမ္မာကျမ်းစာ၏သွန်သင်ချက်များကို သူသည်လမ်းလွဲစေလိမ့်မည်။ ဒုက္ခဆင်းရဲကာလတွင်ရပ်တည်မည့်သူများသည် သမ္မာကျမ်းစာ၏သက်သေခံချက်ကို မိမိတို့ကိုယ်တိုင်နားလည်ရကြမည်။

ချစ်သောဆွေမျိုး သို့မဟုတ် မိတ်ဆွေအသွင်ဆောင်သောဝိညာဉ်ဆိုးများနှင့် များစွာသောသူတို့သည် ရင်ဆိုင်ကြရလိမ့်မည်ဖြစ်ပြီး၊ ၎င်းတို့သည် အန္တရာယ်အရှိဆုံးသော မှားယွင်းသည့်သွန်သင်ချက်များကို ဟောပြောကြလိမ့်မည်။ ထိုဟန်ဆောင်သောဧည့်သည်တို့သည် လူတို့၏အားအနည်းဆုံးသောနေရာကိုအသုံးချ၍၊ သူတို့၏ဟန်ဆောင်ခြင်းကိုဖုံးကွယ်ရန် နိမိတ်လက္ခဏာများလုပ်ဆောင်ကြလိမ့်မည်။ သေသောသူသည်ဘာမျှမသိ၊ ထိုသို့ပေါ်လာသောသူတို့သည် နတ်ဆိုး၏ဝိညာဉ်များသာဖြစ်ကြောင်း သမ္မာကျမ်းစာ၏သမ္မာတရားနှင့်အတူရပ်တည်နိုင်ရန် ကျွန်ုပ်တို့ပြင်ဆင်ထားကြရမည်။ (GC, pp. 559, 560).

လူသားအသွင်ဖြင့် စာတန်၏ကိုယ်စားလှယ်တို့သည် ဘုရားသခင်၏နိုင်ငံတော်တည်ထောင်ခြင်းကိုဆန့်ကျင်ရန် ဤနောက်ဆုံးသောမဟာတိုက်လှန်ပွဲတွင်ပါဝင်ကြလိမ့်မည်။ ကောင်းကင်တမန်တို့သည်လည်း လူသားအသွင်ဖြင့် စစ်မြေပြင်တွင်ရှိနေကြလိမ့်မည်။ ဤအဖွဲ့အစည်းနှစ်ခုသည် ကမ္ဘာဆုံးသည်တိုင်အောင်ရှိနေကြမည်။ (RH, Aug. 5, 1909).

–၀–



**ဇွန် (၉)**

## "မှားယွင်းသောနိုးကြားခြင်း"

**"ထိုအဓမ္မလူသည်ထင်ရှားလိမ့်မည်။ ထိုအဓမ္မလူကို သခင်ယေရှုသည် နှုတ်ထွက်ဝိညာဉ်တော်အားဖြင့်ဖျက်ဆီး၍၊ ကြွလာတော်မူခြင်း၏ရောင်ခြည်အားဖြင့် ပယ်ရှားတော်မူလိမ့်မည်။ ထိုအဓမ္မလူ၏လာခြင်းအကြောင်းဟူမူကား၊ စာတန်ပြုပြင်သောအားဖြင့် မုသားနှင့်စပ်ဆိုင်သော ထူးဆန်းသောတန်ခိုး၊ နိမိတ်လက္ခဏာ၊ အံ့ဖွယ်သောအမှုအမျိုးမျိုးနှင့်လာလိမ့်မည်" (၂သက်သာလောနိတ် ၂း၈၊၉)။**

ပေါလုသည် သက်သာလောနိတ်အသင်းတော်သို့ရေးသော ဒုတိယဩဝါဒစာတွင် စာတန်၏အထူးလုပ်ဆောင်ချက်ဖြစ်သော နာမ်ဝိညာဉ်ကိုးကွယ်ခြင်းကို ခရစ်တော်ဒုတိယအကြိမ်မကြွလာမီအချိန်ကလေးတွင် ဖြစ်ပျက်မည့်အရာအဖြစ်ညွှန်ပြထားသည်။ ခရစ်တော်၏ဒုတိယအကြိမ်ကြွလာခြင်းကိုပြောဆိုရာ၌၊ ၎င်းသည် "စာတန်ပြုပြင်သောအားဖြင့် မုသားနှင့်စပ်ဆိုင်သောတန်ခိုး၊ နိမိတ်လက္ခဏာ၊ အံ့ဖွယ်အမျိုးမျိုး" (၂သက်သာ ၂း၉) ပြီးမှဖြစ်လိမ့်မည်ဟုဖော်ပြသည်။ (PP, p. 686).

ကမ္ဘာပေါ်တွင် ဘုရားသခင်၏နောက်ဆုံးတရားစီရင်ခြင်းမတိုင်မီ၊ တမန်တော်များအချိန်ကတည်းကမမြင်ရတော့သည့် ရှေးဦးကဘုရားဝတ်၌မွေ့လျော်သောနိုးကြားခြင်းမျိုး ထာဝရဘုရား၏လူတို့အထဲတွင်ရှိလိမ့်မည်။ ဘုရားသခင်၏ဝိညာဉ်တော်နှင့်တန်ခိုးတော်ကို ကိုယ်တော်၏သားသမီးများအပေါ်တွင်သွန်းလောင်းမည်။ ထိုအချိန်တွင် များစွာသောသူတို့သည် ဘုရားသခင်နှင့်နှုတ်ကပတ်တော်ချစ်မြတ်နိုးခြင်းကို လောကီချစ်မြတ်နိုးခြင်းဖြင့်အစားထိုးသောအသင်းတော်များမှ မိမိတို့ကိုယ်တိုင်ခွဲထွက်လာကြလိမ့်မည်။ သခင်ဘုရား

ဒုတိယအကြိမ်ကြွလာခြင်းအတွက် လူတို့အားပြင်ဆင်ရန် ဘုရားသခင်ဟော စေတော်မူသော မဟာသမ္မာတရားများကို များစွာသောတရားဟောဆရာများ နှင့်သာမန်လူတို့သည် ဝမ်းမြောက်စွာလက်ခံကြလိမ့်မည်။ အသက်ဝိညာဉ် များ၏ရန်သူသည် ဤအလုပ်ကိုဟန့်တားရန်အလိုရှိနေသည်။ ထိုသို့သော လှုပ်ရှားမှုမရောက်လာမီအချိန်တွင် အတုကိုအစပျိုးပေးခြင်းဖြင့် ၎င်းလှုပ်ရှား မှုကိုတားဆီးရန် သူကြိုးပမ်းလိမ့်မည်။ သူ၏လှည့်ဖြားခြင်းတန်ခိုးအောက်သို့ ဆွဲယူနိုင်သော အသင်းတော်များ၌ ဘုရားသခင်၏အထူးကောင်းချီးသွန်း လောင်းသည့်ပုံစံမျိုးပေါက်စေမည်။ ဘာသာရေးကိုအထူးစိတ်ဝင်စားသည်ဟု ထင်ရသည့်အရာများကို သူပြုလုပ်လိမ့်မည်။ အခြားသောဝိညာဉ်အလုပ်လုပ် နေစဉ်၊ လူထုကြီးသည် သူတို့အတွက်အံ့ဖွယ်သောအမှုကို ဘုရားသခင် လုပ်ဆောင်နေသည်ဟူ၍ အထူးအားရဝမ်းမြောက်ကြလိမ့်မည်။ ဘာသာရေး အရေခြုံလျက် စာတန်သည် ခရစ်ယာန်လောကအပေါ် မိမိ၏ဩဇာချဲ့ထွင်နိုင်ရန် ကြိုးပမ်းလိမ့်မည်။ (GC, p. 464).

လူငယ်ယောက်ျားမိန်းမတို့သည် ချီးမြှောက်ခြင်းခံရကြမည်။ အလွန် မျက်နှာသာပေးခြင်းခံရသည့်အတွက်ကြောင့် ကြီးမားသောအလုပ်ကိုလုပ်ဆောင် ရန် ခေါ်တော်မူခြင်းခံရသည်ဟု မိမိတို့ကိုယ်ကိုမှတ်ယူကြမည်။ များစွာသော သူတို့သည် ထူးခြားစွာပြောင်းလဲကြလိမ့်မည်။ သို့ရာတွင် သူတို့သည် ဘုရားသခင်၏တံဆိပ်တော်ခတ်ခြင်းမခံကြရချေ။ ကိုယ်ကျင့်တရားပျက်ပြား ခြင်းရောက်လာ၍၊ အသုံးအဖြုန်းကြီးခြင်းကလိုက်လာကာ၊ များစွာသောသူတို့၏ ယုံကြည်ခြင်းသည် သင်္ဘောပျက်ကဲ့သို့ပျက်စီးလိမ့်မည်။ (2SM, p. 59).

–၀–



**ဗွန် (၁၀)**

## "သားရဲ၏ရုပ်တုပြောင်းလဲဖြစ်ပေါ်လာမှု"

**"ထိုသားရဲသည် သူ့အလျင်ဖြစ်သောပထမသားရဲ၏အာဏာ စက်ရှိသမျှကိုသုံးစွဲ၏။ သေစေသောဒဏ်ချက်ပျောက်ခဲ့ပြီးသော ပထမ သားရဲကို မြေကြီးမှစ၍ မြေကြီးသားတို့သည်ကိုးကွယ်စေခြင်းငှာပြု၏" (ဗျာဒိတ် ၁၃:၁၂)။**

အမေရိကန်နိုင်ငံသည် သားရဲ၏ရုပ်တုကိုပုံဖော်ရန် ဘာသာရေး တန်ခိုးသည် အစိုးရကိုစိုးမိုးရမည်ဖြစ်ပြီး၊ နိုင်ငံတော်အာဏာကိုလည်း အသင်း တော်သည် မိမိ၏ရည်ရွယ်ချက်ပြည့်စုံစေရန်အတွက် အသုံးပြုရမည်ဖြစ်သည်။

"သားရဲ၏ရုပ်တု" သည် ပရိုတက်စတန့်အသင်းတော်များသည် ၎င်းတို့၏ယုံကြည်ချက်များကို အတင်းအကျပ်လိုက်နာစေရန်အတွက် အစိုးရ အာဏာပိုင်တို့၏အကူအညီကိုတောင်းခံလာသောအခါ တိုးတက်ဖြစ်ပေါ်လာ မည့် ဖောက်ပြန်သောပရိုတက်စတန့်အယူဝါဒကိုပုံဆောင်သည်။. . .

ပထမနေ့ကိုဥပုသ်နေ့အဖြစ်စောင့်ရန် ဥပဒေဖြင့်အတင်းအကျပ်လုပ် လာသောအခါ၊ စစ်မှန်သောဥပုသ်နေ့ကို အသိအမှတ်ပြုခြင်းနှင့်ပတ်သက်၍ လောကသည်အလင်းရလာကာ၊ မည်သူမဆိုဘုရားသခင်၏ပညတ်ချက်ကို ကျူးလွန်ပြီး၊ ရောမအသင်းတော်၏တန်ခိုးအာဏာထက် သာ၍မမြင့်သော ဥပဒေကိုနားထောင်သူသည် ရဟန်းမင်းကို ဘုရားသခင်အထက်မှာဂုဏ်ပြု လိမ့်မည်။ ထိုသူသည် ရောမအသင်းတော်နှင့်ရောမအသင်းတော်ချမှတ်ထား သောထုံးတမ်းဓလေ့ကို အတင်းအကျပ်ပြုသည့်တန်ခိုးတို့အပေါ် သစ္စာခံယူ လျက်ရှိသည်။ သူသည် သားရဲနှင့်သူ၏ရုပ်တုကို ကိုးကွယ်နေသူဖြစ်သည်။ လူတို့သည် ဘုရားသခင်က မိမိတန်ခိုးအာဏာ၏အမှတ်အသားအဖြစ် ချမှတ်

ထားသောဥပုသ်နေ့ကိုငြင်းပယ်၍၊ ရောမအသင်းတော်သည် မိမိ၏ကြီးမြတ်မှု၏အထိန်းအမှတ်အဖြစ်သတ်မှတ်သော ပထမနေ့ကိုအစားထိုးဂုဏ်ပြုလာသောအခါ၊ သူတို့သည် "သားရဲတံဆိပ်" တည်းဟူသော ရောမအသင်းတော်အပေါ် သစ္စာစောင့်ခြင်းအထိန်းအမှတ်ကိုလက်ခံကြလိမ့်မည်။ ဤအကြောင်းအရာကို လူတို့ရှေ့တွင်ရှင်းလင်းစွာချပြပြီး၊ သူတို့သည် ဘုရားသခင်၏ပညတ်ချက်များနှင့် လူတို့၏ပညတ်ချက်များအကြား ရွေးချယ်ရန်ဖြစ်လာပြီးနောက် ဆက်လက်ကျူးလွန်ကြသောသူတို့သည် "သားရဲတံဆိပ်" ကိုရရှိကြလိမ့်မည်။

ခရစ်ယာန်လောကတစ်ခုလုံးသည် တိုက်လှန်ပွဲအရေးတွင် ဘုရားသခင်၏ပညတ်ချက်များနှင့် ယေရှု၏ယုံကြည်ချက်ကိုစွဲလမ်းသူများနှင့် သားရဲနှင့်သူ၏ရုပ်တုကိုကိုးကွယ်ပြီး၊ သူ၏အမှတ်တံဆိပ်ကိုရရှိသူများဟူ၍ အဖွဲ့ကြီးနှစ်ဖွဲ့ကွဲလိမ့်မည်။ အသင်းတော်နှင့်အစိုးရသည် အာဏာပူးပေါင်း၍ "ငွေရတတ်သူ၊ ဆင်းရဲသောသူ၊ ကျွန်ခံရသောသူ၊ လွတ်သောသူ၊ အကြီးအငယ်ရှိသမျှတို့သည်" (ဗျာဒိတ် ၁၃း၁၆)၊ "သားရဲ၏တံဆိပ်လက်မှတ်" ကိုရရှိရန် အကျဉ်းအကျပ်ပြုသော်လည်း၊ ဘုရားသခင်၏လူတို့သည် ရရှိကြမည်မဟုတ်ချေ။ ပတ်မုကျွန်းမှပုရောဖက်သည် "သားရဲနှင့်လည်းကောင်း၊ သူ၏ရုပ်တုနှင့်လည်းကောင်း၊ သူ၏နာမအရေအတွက်နှင့်လည်းကောင်း လွတ်၍အောင်မြင်သောသူတို့သည် ဘုရားသခင်၏စောင်းတော်တို့ကိုကိုင်လျက် ဖန်ရေကန်နားမှာရပ်လျက်နေကြသည်ကိုမြင်ရ၏။ ထိုသူတို့သည် ဘုရားသခင်၏ကျွန်မောရှေ၏သီချင်းနှင့် သိုးသငယ်၏သီချင်းကိုသီ၍" ဆိုကြသည်ကိုလည်းမြင်ရ၏။ ဗျာဒိတ် ၁၅း၂၊၆။ (GC, pp. 443, 445, 449, 450).

–o–



ဓွန် (၁၁)

## "ဥပုသ်နေ့ကိုသာ၍ပြည့်စုံစွာဟောပြောခြင်း"

**"မြေကြီးပေါ်မှာနေသောသူတည်းဟူသော အသီးအသီးဘာသာစကားကိုပြောသောလူအမျိုးအနွယ်ခပ်သိမ်းတို့အား ထာဝရဧဝံဂေလိတရားကိုဟောရသောကောင်းကင်တမန်တစ်ပါးက၊ ဘုရားသခင်ကိုကြောက်ရွံ့၍ချီးမွမ်းကြလော့။ တရားစီရင်တော်မူသောအချိန်ရောက်လာပြီ။ ကောင်းကင်၊ မြေကြီး၊ သမုဒ္ဒရာနှင့်စမ်းရေတွင်းတို့ကို ဖန်ဆင်းတော်မူသောအရှင်ကို ကိုးကွယ်ကြလော့ဟု ကြီးသောအသံနှင့်ပြောဆို၍ ကောင်းကင်အလယ်၌ပျံဝဲလျက်ရှိသည်ကိုငါမြင်၏" (ဗျာဒိတ် ၁၄း၆၊၇)။**

ဆင်းရဲဒုက္ခကာလအစဦ၊ ကျွန်ုပ်တို့သည်ထွက်၍ ဥပုသ်နေ့အကြောင်းကို သာ၍ပြည့်စုံစွာဟောပြောသောအခါ ကျွန်ုပ်တို့သည် သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝကြလိမ့်မည်။ (EW, p. 33).

ဤနေရာတွင် "ဆင်းရဲဒုက္ခကာလစတင်ခြင်း" ဟုဆိုရာ၌၊ ဘေးဒဏ်များစတင်သွန်းလောင်းသည့်အချိန်ကိုဆိုလိုခြင်းမဟုတ်ဘဲ၊ ဘေးဒဏ်များမသွန်းလောင်းမီတစ်ခဏတာအချိန်၊ ခရစ်တော်သည် ကောင်းကင်ဗိမာန်တော်၌ရှိနေသေးသည့်အချိန်ကိုဆိုလိုသည်။ ထိုအချိန်သည် ကယ်တင်ခြင်းလုပ်ငန်းပိတ်နေဆဲကာလ၊ ဆင်းရဲဒုက္ခများကမ္ဘာပေါ်သို့ရောက်ရှိလာသည့်အခါသမယဖြစ်ကာ၊ လူမျိုးအပေါင်းတို့သည် အမျက်ဒေါသထွက်ကြလိမ့်မည်။ သို့ရာတွင် တတိယကောင်းကင်တမန်သတင်းစကားဟောပြောခြင်းကို မတားဆီးနိုင်အောင်ချုပ်ထားလျက်ရှိကြသည်။ ထိုအချိန်တွင် "နောက်မိုး" သို့မဟုတ် ဘုရားသခင်ထံတော်မှလာသော အားဖြည့်လန်းဆန်းမှုသည်ရောက်လာ၍၊ တတိယကောင်းကင်တမန်သတင်းစကားဟောပြောခြင်းကိုတန်ခိုးပေးကာ၊ နောက်ဆုံး

ဘေးဒဏ်ခုနစ်ပါးကျရောက်ချိန်ကာလအတွက် သန့်ရှင်းသူတို့ကိုပြင်ဆင်လိမ့်မည်။ (EW, pp. 85,86).

(ဗျာဒိတ် ၁၄ မှကောင်းကင်တမန်) သည် ခရစ်တော်မိုးတိမ်ဖြင့် ကောင်းကင်မှမကြွလာမီအချိန်ကလေးတွင် ဟောပြောရမည့်သတင်းစကားကို ပုံဆောင်သည်။. . . ဤခရစ်တော်မကြွလာမီအချိန်ကလေးတွင် ပဋိညာဉ်သေတ္တာထဲ၌ရှိခဲ့ပြီး အောက်ချနင်းချေခံရသည့် ဘုရားသခင်၏ပညတ်တော်ကို လူတို့သည် တစ်ဖန်အာရုံပြုလာစေရန်ဖိတ်ခေါ်ရမည်။. . .

ဘုရားသခင်သန့်ရှင်းစေတော်မူ၍၊ ဥပုသ်နေ့အဖြစ်စောင့်ရန် ပညတ်တော်မူသောသတ္တမနေ့ကိုစောင့်မည့်အစား၊ သူတို့သည် ရက်သတ္တပတ်၏ ပထမနေ့ကိုစောင့်နေကြကြောင်း သိမြင်လာကြလိမ့်မည်။ သို့ရာတွင် သူတို့သည် ဘုရားသခင်၏အလိုတော်ကို ရိုးရိုးသားသားလုပ်ဆောင်လိုသူများဖြစ်ကြပြီး၊ ဥပုသ်ပြောင်းလဲရခြင်းအကြောင်းရင်းကို သမ္မာကျမ်းစာတွင်ရှာဖွေလာကြမည်။ ထိုဥပုသ်နေ့ပြောင်းလဲခြင်းအကြောင်း သမ္မာကျမ်းစာအထောက်အထားမတွေ့သောအခါ၊ လူသိနည်းသောသမ္မာတရားကိုလက်ခံပြီး ဘုရားသခင်၏ပညတ်ချက်များကိုနားထောင်မည်လော၊ သို့တည်းမဟုတ် လောကသားများနှင့်ရော၍၊ လူတို့၏ပညတ်ချက်များကိုလိုက်လျှောက်မည်လော ဟူသောမေးခွန်းမေးလာကြမည်။ သမ္မာတရားကိုယုံကြည်လက်ခံသည်အထိ သမ္မာကျမ်းစာကိုဖွင့်၍ငိုကြွေးလျက်၊ ဆုတောင်းကာ သမ္မာကျမ်းချက်တစ်ခုနှင့်တစ်ခုနှိုင်းယှဉ်ပြီး သူတို့သည် ဘုရားသခင်၏ပညတ်ချက်များကိုစောင့်ရှောက်သူများအဖြစ် ခိုင်ခိုင်မာမာဖြင့် ဂရုတစိုက်ရပ်တည်ကြလိမ့်မည်။ (ST, May 5, 1887).

–၀–



## ဇွန် (၁၂)

## “ထပ်တလဲလဲဟောရမည့်ဒုတိယကောင်းကင်တမန်သတင်းစကား”

**“ကောင်းကင်တမန်တစ်ပါးကလည်း၊ ဗာဗုလုန်မြို့ကြီးပြိုလဲပြီ။ မိမိမတရားသောမေထုန်၏အဆိပ်အတောက်တည်းဟူသောစပျစ်ရည်ကို လူမျိုးအပေါင်းတို့အားတိုက်လေပြီးသော ဗာဗုလုန်မြို့ကြီးပြိုလဲပြီဟု လိုက်၍ပြောဆို၏” (ဗျာဒိတ် ၁၄း၈)။**

ဗျာဒိတ် ၁၄ မှ ဒုတိယကောင်းကင်တမန်သတင်းစကားကို ၁၈၄၄ ခုနှစ်နွေရာသီတွင် စတင်ဟောကြားခဲ့သည်။ ထိုအချိန်က ၎င်းကိုအမေရိကန်နိုင်ငံရှိ အသင်းတော်များထဲတွင် တရားစီရင်ခြင်းသတိပေးချက်ကို အကျယ်ပြန့်ဆုံးဟောပြောခဲ့သော်လည်း၊ အများအားဖြင့် ငြင်းပယ်ကြကာ အသင်းတော်များထဲတွင် ကိုယ်ကျင့်တရားများလျှင်မြန်စွာကျဆင်းနေခဲ့သည်။ သို့ရာတွင် ဒုတိယကောင်းကင်တမန်၏သတင်းစကားသည် ၁၈၄၄ ခုနှစ်တွင် အပြည့်အဝပြည့်စုံခြင်းမရှိသေးခဲ့ချေ။ အသင်းတော်များသည် ကြွလာခြင်းသတင်းစကားကိုငြင်းပယ်ခြင်းကြောင့် ကိုယ်ကျင့်တရားကျဆင်းမှုကိုကြုံတွေ့ရကြသည်။ သို့ရာတွင် ကျရှုံးမှုသည် လုံးလုံးပြည့်စုံခြင်းမရှိသေးချေ။ ယခုခေတ်ကာလ၏အထူးသမ္မာတရားကို ဆက်လက်ငြင်းပယ်ကြခြင်းကြောင့် သူတို့သည် နိမ့်သထက်နိမ့်အောင် ကျဆင်းလျက်ရှိနေကြသည်။ သို့ရာတွင် “မိမိမတရားသောမေထုန်၏အဆိပ်အတောက်တည်းဟူသောစပျစ်ရည်ကို လူမျိုးအပေါင်းတို့အားတိုက်လေပြီးသော ဗာဗုလုန်မြို့ကြီးပြိုလဲပြီ” ဟု ပြော၍မရသေးချေ။ သူသည် လူမျိုးအပေါင်းတို့အား ထိုသို့လုပ်ဆောင်နိုင်ခြင်းမရှိသေးချေ။ (GC, p. 389).

ဘုရားသခင်သည် ဗာဗုလုန်မြို့တွင် လူတစ်စုရှိနေသေးသည်။ ကိုယ်တော်၏တရားစီရင်ခြင်းမကျရောက်မီ၊ ဤသစ္စာရှိသူတို့သည် “သူ၏

ဘေးဒဏ်များကိုခံခြင်း” မှကင်းလွတ်စေရန် ခေါ်ထုတ်ရဦးမည်။ (GC, p. 604).

ဤသတင်းစကားသည် ဒုတိယကောင်းကင်တမန်၏သတင်းစကားနှင့် အတူတူပင်ဖြစ်သည်။ ဗာဗုလုန်သည် မိမိမေထုန်၏အဆိပ်အတောက်တည်း ဟူသောစပျစ်ရည်ကို လူမျိုးအပေါင်းတို့အားတိုက် “သောကြောင့် ပြိုလဲခဲ့ရပြီ။ ထိုစပျစ်ရည်သည်အဘယ်နည်း။ ၎င်း၏မှားယွင်းသောသွန်သင်ချက်များဖြစ်သည်။ ၎င်းသည် လောကီသားတို့အား မှားယွင်းသောဥပုသ်နေ့ကို စတုတ္ထပညတ်၏ဥပုသ်နေ့အစားထိုးကာ၊ ဧဒင်ဥယျာဉ်တွင် ဝိညာဉ်၏မသေနိုင်သောသဘော သဘာဝတည်းဟူသော ပထမပြောခဲ့သောအမှားကို ထပ်တလဲလဲပြောလျက်ရှိနေသည်။” လူသားတို့၏ပညတ်ချက်ယုံကြည်မှုများဟူသောအမှားများစွာကို နေရာအနှံ့ဖြန့်ဝေလျက်ရှိသည်။. . .

ကမ္ဘာကိုသတိပေးခြင်းနောက်ဆုံးအလုပ်တွင် ထူးခြားသောခေါ်တော်မူခြင်းများဖြင့် အသင်းတော်များကိုဖိတ်ခေါ်လျက်ရှိသည်။ ဒုတိယကောင်းကင်တမန်သတင်းစကားမှာ “ဗာဗုလုန်မြို့ကြီးပြိုလဲပြီ။ မိမိမတရားသောမေထုန်၏ အဆိပ်အတောက်တည်းဟူသောစပျစ်ရည်ကို လူမျိုးအပေါင်းတို့အားတိုက်လေပြီးသော ဗာဗုလုန်မြို့ကြီးပြိုလဲပြီ” ဟူ၍ဖြစ်သည်။ ထိုနောက် ကျယ်လောင်သော တတိယကောင်းကင်တမန်၏အသံကိုလည်း “ငါ၏လူမျိုးတို့၊ သူ၏အပြစ်တို့ကို ဆက်ဆံခြင်းနှင့်လည်းကောင်း၊ သူ၏ဘေးဒဏ်များကိုခံခြင်းနှင့်လည်းကောင်း ကင်းလွတ်အံ့သောငှာ သူ၏အထဲကထွက်လော့။ သူ၏အပြစ်တို့သည် ကောင်းကင်ဘုံတိုင်အောင်မီကြသည်ဖြစ်၍၊ သူ၏မတရားသောအမှုတို့ကို ဘုရားသခင်သတိရတော်မူပြီ” ဟူ၍ ကောင်းကင်၌ကြွေးကြော်၏။ (7BC, p. 985).

–o–





ဇွန် (၁၃)

## “ဥပုသ်နေ့နှင့်ပထမနေ့ပြဿနာ”

**“ထိုမှတစ်ပါး တတိယကောင်းကင်တမန်က၊ အကြင်သူသည် သားရဲနှင့်သူ၏ရုပ်တုကိုကိုးကွယ်၍၊ သူ၏တံဆိပ်လက်မှတ်ကို နဖူး၌ ခံသည်ဖြစ်စေ၊ လက်၌ခံသည်ဖြစ်စေ ထိုသူသည် ဘုရားသခင်၏ဒေါသ ဖလား၌လောင်းသော အမျက်တော်စပျစ်ရည်စစ်ကိုသောက်ရလိမ့်မည်” (ဗျာဒိတ် ၁၄း၉၊၁၀)။**

အလျင်ကတတိယကောင်းကင်တမန်၏သတင်းစကားကို ဟောပြောသူတို့အား သတိပေးသူများသက်သက်အဖြစ် မကြာခဏမှတ်ယူတတ်ကြသည်။ အမေရိကန်နိုင်ငံ၌ ဘာသာရေးသည်းမခံနိုင်မှုသည်ကြီးစိုးကာ၊ အသင်းတော်နှင့်အစိုးရပူးပေါင်းပြီး ဘုရားသခင်၏ပညတ်ချက်များကို စောင့်ရှောက်သူတို့အားညှဉ်းဆဲလိမ့်မည်ဟူသော သူတို့၏ကြိုတင်ဟောကြားချက်သည် အခြေအမြစ်မရှိ၊ မဖြစ်နိုင်ဟုဆိုကြသည်။. . . သို့ရာတွင် ပထမနေ့ကို အတင်းအကျပ်စောင့်စေမည့်အရေးကိစ္စကို ကျယ်ကျယ်ပြန့်ပြန့်လှုံ့ဆော်လာကြသောအခါ၊ အချိန်ကြာမြင့်စွာသံသယစိတ်ဖြင့်မယုံကြည်ခဲ့သောအရာသည် ချဉ်းကပ်လာနေသည်ကိုမြင်လာရကာ၊ တတိယကောင်းကင်တမန်၏သတင်းစကားသည် အလျင်ကထက်အကျိုးသက်ရောက်မှုရှိလာသည်။. . .

ယုံကြည်ခြင်းနှင့်ဆုတောင်းခြင်းတို့၌ အားကြီးသောသူတို့သည် ဘုရားသခင်က သူတို့အားပေးတော်မူသောသတင်းစကားကို သန့်ရှင်းသောစိတ်အားထက်သန်မှုဖြင့် ထွက်ခွာပြီးမဟောမပြောဘဲမနေနိုင်ဖြစ်နေကြမည်။ ဗာဗုလုန်၏အပြစ်များကိုဖော်ပြရမည်။ အစိုးရအာဏာဖြင့် အသင်းတော်၏ ပညတ်ချက်များကို အတင်းအကျပ်စောင့်စေခြင်း၊ နာမ်ဝိညာဉ်ကိုးကွယ်ခြင်းသို့

လားရာလမ်းများ၊ မသိမသာဖြင့် ရဟန်းမင်း၏တန်ခိုးလျှင်မြန်စွာကြီးထွားခြင်း စသည်တို့၏ကြောက်မက်ဖွယ်ရလဒ်များကို အကုန်အစင်ဖွင့်ချရမည်။ ဤလေးနက်သောသတိပေးချက်များအားဖြင့် လူတို့သည် လှုပ်လှုပ်ရှရှဖြစ်လာမည်။ . . . လူတို့သည် မိမိတို့၏ယခင်ဆရာများထံသို့သွား၍၊ ဤအရာများသည် ဤသို့ဖြစ်လာနေကျမဟုတ်လောဟု စိတ်စောပြီးမေးသည်ကို တရားဟောဆရာတို့သည် ထိုသူတို့၏ကြောက်လန့်မှုကိုနှစ်သိမ့်ရန်နှင့် နိုးထနေသောသြတ္တပ္ပစိတ်ကိုငြိမ်သက်စေရန် ဒဏ္ဍာရီများနှင့်ကောင်းမွန်သောအနာဂတ်များကို တင်ပြကြလိမ့်မည်။ သို့ရာတွင် များစွာသောသူတို့သည် လူတို့၏အာဏာစက်မျှဖြင့်မကျေနပ်ဘဲ၊ ရိုးရှင်းသော "ထာဝရဘုရားမိန့်တော်မူ" ချက်ကိုတောင်းဆိုလာကြရာ၊ နာမည်ကြီးတရားဟောဆရာတို့သည် ရှေးဖာရိရှဲများကဲ့သို့ မိမိတို့၏အခွင့်အာဏာကို မေးခွန်းထုတ်လာသောအခါဒေါသဖြင့်ပြည့်လာကာ၊ သူတို့၏သတင်းစကားကို စာတန်၏သတင်းစကားကဲ့သို့စွပ်စွဲ၍ ထိုသတင်းစကားပြောဟောသူတို့အား ရှုတ်ချညှဉ်းဆဲရန် အပြစ်ကိုမြတ်နိုးသူတို့အား ထကြွစေလိမ့်မည်။

တိုက်လှန်ပွဲသည် နေရာသစ်များသို့ရောက်ရှိ၍ လူတို့၏စိတ်များကိုအောက်ချနင်းခံရသော ဘုရားသခင်၏ပညတ်တော်ဘက်သို့ဖိတ်ခေါ်သည့်အခါ စာတန်သည် ရုတ်ရုတ်သဲသဲဖြစ်သွားသည်။ သတင်းစကားနှင့်အတူပါရှိလာသောတန်ခိုးသည် ၎င်းကိုဆန့်ကျင်သူတို့အား ရူးသွပ်သွားစေမည်သာဖြစ်သည်။ ခရစ်ယာန်ဘုန်းကြီးများသည် သူတို့၏သိုးစုသတင်းစကားမရောက်ရှိစေရန် အစွမ်းကုန်ကြိုးစားလိမ့်မည်။ ဤအရေးကြီးသောကိစ္စကိုသူတို့မဆွေးနွေးကြစေရန် နည်းလမ်းမျိုးစုံသုံးပြီးဟန့်တားလိမ့်မည်။ အသင်းတော်သည် အစိုးရထံမှအာဏာတောင်းခံကာ၊ ဤအမှုတွင် ရဟန်းမင်းနှင့်ပရိုတက်စတန့်အသင်းတော်များ ပူးပေါင်းလိမ့်မည်။ (GC, pp. 605-607).

–၀–



ဇွန် (၁၄)

## "ကောင်းကင်တမန်သုံးပါးသတင်းစကား၏အမှတ်လက္ခဏာ"

**"ကြည့်ရှုလော့။ ထာဝရဘုရား၏ကြောက်မက်ဖွယ်သောနေ့ရက်ကြီးမရောက်မီ ပရောဖက်ဧလိယကို သင်တို့ရှိရာသို့ငါစေလွှတ်မည်" (မာလခိ ၄း၅)။**

လူတို့အား ဘုရားသခင်၏နေ့ရက်၌ရပ်တည်နိုင်စေခြင်းငှာပြင်ဆင်ရန်၊ ကြီးမားသောပြုပြင်ပြောင်းလဲခြင်းအမှုကို ကြွလာခြင်းလှုပ်ရှားမှုဖြင့် ပြီးမြောက်စေရမည်။ ဘုရားသခင်က မိမိ၏များစွာသောယုံကြည်သူတို့သည် ထာဝရအတွက်တည်ဆောက်ခြင်းမရှိကြသည်ကို မြင်တော်မူသည်။ ထို့ကြောင့် ကိုယ်တော်သည် မိမိ၏သနားခြင်းဖြင့် သူတို့၏မိန်းမောတွေဝေခြင်းမှနိုးထရန် သတိစကားပေးပို့၍၊ သခင်ဘုရားကြွလာခြင်းအတွက် အဆင်သင့်ဖြစ်စေရန် သူတို့ကိုပို့ဆောင်တော်မူသည်။

ဤသတိပေးချက်ကို ဗျာဒိတ် ၁၄ တွင်မြင်နိုင်သည်။ ဤကျမ်းပိုဒ်တွင် သတင်းစကားသုံးခုကို ကောင်းကင်သားများကြွေးကြော်သကဲ့သို့ပုံဆောင်ပြီး၊ ၎င်းကို "မြေကြီး၌ရိတ်စရာစပါး" ကိုရိတ်ခြင်းငှာ လူသား၏ကြွလာခြင်းက ချက်ချင်းလိုက်လာသည်။ (GC, p. 311).

ကောင်းကင်အလယ်၌ပျံဝဲလျက်ရှိသော ကောင်းကင်တမန်တို့သည် ကမ္ဘာ့နောက်ဆုံးသောနေ့ရက်တွင် နေထိုင်ကြသောလူတို့အား တိုက်ရိုက်သတိပေးစကားဟောပြောသည်ကို ကိုယ်စားပြုကြသည်။ မည်သူမျှဤကောင်းကင်တမန်များ၏အသံကိုမကြားကြချေ။ အကြောင်းမှာ သူတို့သည် ကောင်းကင်အလိုနှင့်ကိုက်ညီစွာလုပ်ဆောင်လျက်ရှိနေကြသော ဘုရားသခင်၏လူတို့ကို ကိုယ်စားပြုသည့် အမှတ်သင်္ကေတဖြစ်ကြသည်။ (LS, p. 429).

ကောင်းကင်တမန်သုံးပါး၏သတင်းစကားကိုပေါင်း၍၊ ၎င်းတို့၏ အလင်းတရားကို ကမ္ဘာသို့ပေးရန်ဖြစ်သည်။ ဗျာဒိတ်ကျမ်းတွင် ယောဟန်သည် "ထိုနောက်မှကောင်းကင်တမန်တစ်ပါးသည် ကြီးစွာသောတန်ခိုးနှင့် ပြည့်စုံ၍ ကောင်းကင်ကဆင်းသက်သည်ကိုငါမြင်၏။ သူ၏ရောင်ခြည်အားဖြင့် မြေကြီးထွန်းလင်းလျက်ရှိ၏" ဟုဆိုထားသည်။ ဤကျမ်းချက်သည် ကမ္ဘာသို့နောက်ဆုံးသောသုံးခုပေါင်းသတင်းစကားပေးခြင်းကိုပုံဆောင်သည်။ (7BC, p. 985).

ဗျာဒိတ် ၁၈ သည် ဗျာဒိတ် ၁၄း၆–၁၂ ၏သုံးခုပေါင်းသတိပေးချက်ကို ငြင်းပယ်ခြင်းရလဒ်အဖြစ်၊ အသင်းတော်သည် ဒုတိယကောင်းကင်တမန်၏ကြိုတင်ဟောထားသည့်အခြေအနေရောက်ရှိသွားမည့်အချိန်ကို ညွှန်ပြသည်။ ထိုအခါ ဗာဗုလုန်မြို့ထဲ၌ရှိနေသေးသော ဘုရားသခင်၏လူတို့အား သူနှင့်ဆက်ဆံခြင်းမှခွဲထွက်ရန် ခေါ်ထုတ်လိမ့်မည်။ ဤသတင်းစကားသည် ကမ္ဘာကိုပေးသောသတင်းစကားတို့တွင် နောက်ဆုံးဖြစ်လိမ့်မည်။ "သမ္မာတရားကိုမယုံဘဲ၊ မတရားသောအမှု၌မွေ့လျော်သောသူအပေါင်းတို့သည်" (၂သက် ၂း၁၁၊၁၂) ပြင်းထန်သောလှည့်ဖြားခြင်းကိုခံရန်နှင့် လိမ်ညာမှုကိုယုံကြည်ရန် ချန်ထားခြင်းခံရမည်။ ထိုအခါ သမ္မာတရားကိုလက်ခံရန် စိတ်နှလုံးဖွင့်ထားသောသူတို့အပေါ် သမ္မာတရားအလင်းသည်ထွန်းလင်း၍ ဗာဗုလုန်မြို့၌ကျန်ရှိနေသေးသော ဘုရားသခင်၏သားသမီးအားလုံးတို့သည် "သူ၏အထဲကထွက်ကြလော့" (ဗျာဒိတ် ၁၈း၄) ဟူသောခေါ်သံကို အရေးစိုက်လာကြလိမ့်မည်။ (GC, p. 390).

–ဝ–



ဇွန် (၁၅)

## "နောက်ဆုံးသောနေ့၌စစ်လက်နက်ဖြင့်တိုက်လှန်ခြင်း"

**"ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရား မိန့်တော်မူသည်ကား၊ ဘေးသည် တစ်ပြည်မှတစ်ပြည်သို့ကူးသွားလိမ့်မည်။ မြေကြီးအစွန်းအနားတို့မှ ပြင်းစွာသောလေပွေသည်ထလိမ့်မည်" (ယေရမိ ၂၅း၃၂)။**

မကြာမီလူမျိုးများအကြား၌ ယေရှုကြွလာသည်တိုင်အောင် မစဲတော့မည့်ဝမ်းနည်းကြေကွဲဖွယ်ဒုက္ခများပေါ်ပေါက်လာမည်။ အလျင်နှင့်မတူဘဲ ကျွန်ုပ်တို့သည် အတူတကွရှေ့သို့ချီတက်ပြီး၊ ကောင်းကင်နိုင်ငံတွင် မိမိ၏ရာဇပလ္လင်ကိုတည်၍ အရာခပ်သိမ်းကိုအုပ်စိုးတော်မူသော သူ၏အမှုကိုထမ်းရွက်ရန်လိုအပ်သည်။ ဘုရားသခင်သည် မိမိလူတို့ကိုစွန့်ပယ်တော်မမူပါ။ ကျွန်ုပ်တို့၏ခွန်အားသည်လည်း စွန့်ပယ်တော်မမူသောသူ၌တည်ရှိသည်။

ဘုရားသခင်၏တရားစီရင်မှုသည် မြေကြီးပေါ်သို့ကျရောက်လျက်ရှိသည်။ စစ်ပွဲများနှင့်စစ်ပွဲသတင်းများ၊ ရေနှင့်မီးအားဖြင့်ပျက်စီးခြင်းများသည် နောက်ဆုံးချိန်တိုင်အောင် တိုးပွားများပြားမည့်ဆင်းရဲဒုက္ခကာလသည် အလွန်နီးကပ်ကြောင်းကို ရှင်းလင်းစွာပြောပြနေသည်။ ကျွန်ုပ်တို့၌ဖြုန်းစရာအချိန်မရှိပါ။ ဤလောကသည် စစ်တိုက်လိုသောစိတ်ဖြင့်ထကြွလျက်ရှိသည်။ ဒံယေလအခန်းကြီး (၁၁) ၏အနာဂတ်ဟောကြားချက်၏နောက်ဆုံးပြည့်စုံခြင်းသည် ရောက်လုလျက်ရှိသည်။ (WM, p. 136).

မကြာမီလူမျိုးများအကြားတွင် ကျွန်ုပ်တို့မျှော်လင့်ထားသည်ထက် ပြင်းထန်သောပဋိပက္ခများပေါ်ပေါက်လိမ့်မည်။ လက်ရှိအချိန်သည် လူတိုင်းစိတ်ဝင်စားမှုများနှင့်လွှမ်းမိုးနေကြချိန်ဖြစ်သည်။ အုပ်ချုပ်သူများနှင့်နိုင်ငံရေး

သမားများ၊ ရာထူးအာဏာရှိသောသူများ၊ အတွေးအခေါ်ရှင်ယောကျ်ား၊ မိန်းမ အလှအသီးသီးများတို့သည် ကျွန်ုပ်တို့ပတ်လည်၌ဖြစ်နေသောဖြစ်ရပ်များအပေါ် အာရုံစိုက်နေကြသည်။ သူတို့သည် နိုင်ငံများအကြားတည်ရှိနေသည့် တင်းမာသောဆက်ဆံမှုများကို စောင့်ကြည့်နေကြသည်။ လောကအရာများကိုထိန်းချုပ်ထားသည့် ပြင်းပြမှုများကို သူတို့သည်သုံးသပ်ကြကာ၊ ကြီးမားပြတ်သားသည့်အရာသည် ဖြစ်ပျက်လုပြီဖြစ်၍၊ ကမ္ဘာသည် ကြောက်ခမန်းလိလိဘေးသို့ ကျရောက်လုနီးနီးဖြစ်ကြောင်း သူတို့အဘောပေါက်ကြသည်။

ဆိုင်းထားသည့်တစ်ခဏတာအချိန်ကို ဘုရားသခင်သည် ကျွန်ုပ်တို့အားပေးထားသည်။ မသိလျစ်လျူရှုခြင်းကြောင့် ပျက်စီးမည့်သူများအတွက် လုပ်ဆောင်ရန် ဘုရားသခင်ပေးသောတန်ခိုးအားလုံးကို ယခုအသုံးပြုရမည်။ နှောင့်နှေး၍မရပါ။ သမ္မာတရားကို ကမ္ဘာ့မှောင်မိုက်သည့်နေရာများတွင် ဟောပြောရမည်။. . . လုပ်စရာများစွာရှိသည်။ ယနေ့အတွက်သမ္မာတရားကိုသိသူတို့အတွက် ဤအလုပ်ကိုပေးအပ်ပြီးဖြစ်သည်။ (RH, Nov. 17, 1910).

ကမ္ဘာ့သမိုင်း၏နောက်ဆုံးချိန်တွင် စစ်ပွဲဖြစ်လိမ့်မည်။ ကာလနာ၊ ကပ်ဘေးနှင့်အစာခေါင်းပါးခြင်းရှိလိမ့်မည်။ ရေကြီးရေလျှံလိမ့်မည်။ ပိုင်ဆိုင်မှုများနှင့်လူ့အသက်များသည် မီးနှင့်ရေအားဖြင့်ပျက်စီးလိမ့်မည်။ မိမိကိုချစ်သောသူတို့အတွက်၊ ခရစ်တော်သည် သွား၍ပြင်ဆင်သောအိမ်တော်အတွက် ကျွန်ုပ်တို့ပြင်ဆင်ကြရမည်။ ဤလောက၏တိုက်လှန်ခြင်းမှနားရမည့်အချိန်ရှိနေသည်။ (RH, Oct. 19, 1897).

–၀–



ဇွန် (၁၆)

## “ကျွန်ုပ်တို့အပေါ် ကျရောက်သောဒုက္ခကာလ”

**“ထိုနောက်မှမြေကြီး၊ ပင်လယ်၊ သစ်ပင်များတို့၌လေမလာစေခြင်းငှာ ကောင်းကင်တမန်လေးပါးတို့သည် မြေ၏လေးမျက်နှာလေတို့ကိုကိုင်၍၊ မြေလေးမျက်နှာ၌ရပ်နေသည်ကိုငါမြင်၏” (ဗျာဒိတ် ၇း၁)။**

ခွန်အားကြီးသောကောင်းကင်တမန်လေးပါးသည် ကမ္ဘာ့လေးမျက်နှာလေတို့ကိုကိုင်ထားလျက်ရှိနေသေးသည်။ ကြောက်မက်ဖွယ်လုံးလုံးဖျက်ဆီးခြင်းကိုတားမြစ်ထားသည်။ ကောင်းကင်တမန်တို့သည် လေးမျက်နှာလေကိုကိုင်ထားကြစဉ်၊ ထိုလေများသည် လူမျိုးတစ်မျိုးနှင့်တစ်မျိုးသေကျေလောက်အောင် တိုက်ခိုက်ကြရန်နှိုးဆော်နေလိမ့်မည်။ ဘုရားသခင်၏ကျွန်တို့ကို သူတို့၏နဖူး၌တံဆိပ်မခတ်မီတိုင်အောင် စာတန်၏ကြောက်မက်ဖွယ်တန်ခိုးသည် ဒေါသဖြင့်လုပ်ဆောင်မည်ကို တားမြစ်ထားသည်။ (RH, June 7, 1997).

ယခုအချိန်၏နိမိတ်လက္ခဏာများသည် ကောင်းကင်၏တရားစီရင်ခြင်းကို စတင်သွန်းလောင်းနေပြီဖြစ်ကြောင်း၊ ထာဝရဘုရား၏နေ့ရက်သည် နီးကပ်လျက်ရှိကြောင်း ပြသသည့်အထောက်အထားများဖြစ်သည်။ နေ့စဉ်သတင်းစာများသည် အနာဂတ်တွင်ပြင်းထန်သည့်တိုက်လှန်ပွဲ၏အရိပ်နိမိတ်များနှင့်ပြည့်နေသည်။ ရဲတင်းသောဓားပြမှုများ မကြာခဏဖြစ်ပေါ်လေ့ရှိသည်။ ဆန္ဒပြမှုများလည်း ဖြစ်ရိုးဖြစ်စဉ်ဖြစ်နေပေပြီ။ အချိန်တိုင်းမှာ ခိုးမှုနှင့်လူသတ်မှုများကို ကျူးလွန်နေကြသည်။ နတ်ဆိုးစွဲသောလူတို့သည် ယောကျ်ား၊ မိန်းမနှင့်ကလေးသူငယ်တို့၏အသက်များကို ယူငင်ကြသည်။ ဤအရာများသည် သခင်ဘုရားကြွလာခြင်းနီးကြောင်း သက်သေခံလျက်ရှိနေကြသည်။

ဟန့်တားနေသော ဘုရားသခင်၏သန့်ရှင်းသောဝိညာဉ်တော်ကို ဤလောကမှ ယခုစတင်ရုပ်သိမ်းလျက်ရှိသည်။ ပြင်းထန်သောမုန်တိုင်းများ၊ ပင်လယ်နှင့်ကုန်းတို့တွင် ဘေးအန္တရာယ်များသည် လျင်မြန်စွာတစ်ခုပြီးတစ်ခု ဖြစ်ပေါ်နေသည်။ ကျွန်ုပ်တို့ပတ်လည်မှ များစွာသောနိမိတ်များသည် ဘုရားသခင်၏သားတော်သည် ချဉ်းကပ်လာတော်မူကြောင်းပြောပြနေကြသည်မှလွဲ၍ အခြားသောမှန်ကန်သည့်အကြောင်းတရားမရှိချေ။ . . .

လူသား၏ဆေးဝါးဖြင့်မကုသနိုင်သော ကမ္ဘာပေါ်ကဝမ်းနည်းခြင်းမျိုးသည် ကျွန်ုပ်တို့အပေါ်တွင်ကျရောက်လာလျက်ရှိသည်။ နောက်ဆုံးသောကြီးမားသည့်ပျက်စီးခြင်းသည် ကမ္ဘာပေါ်မကျရောက်လာမီပင် လူသားကြီးမြတ်ခြင်း၏သွေးကြီးစရာအထိန်းအမှတ်တို့သည် မြေခကြရလိမ့်မည်။ ဘုရားသခင်၏လက်စားချေသည့်တရားစီရင်ခြင်းသည် ကြီးမားသောအလင်းတရားကိုရရှိသော်လည်း ဆက်လက်၍အပြစ်ပြုသူတို့အပေါ်ကျရောက်လိမ့်မည်။ မီးဒဏ်ကိုပင်ခံနိုင်လောက်သည့် တန်ဖိုးကြီးသောအဆောက်အဦများကို ဆောက်လုပ်ကြသည်။ သို့ရာတွင် သောဒုံမြို့သည် ဘုရားသခင်၏လက်စားချေခြင်းမီး၌ ပြာကျသကဲ့သို့၊ ဤခမ်းနားသောအဆောက်အဦများသည် ပြာကျသွားလိမ့်မည်။ အလွန်တန်ဖိုးကြီးသောသင်္ဘောများသည် လှိုင်းလုံးကြီးများနှင့်နပန်းလုံးလျက်၊ မာန်ဟုန်ထနေသောလှိုင်းလုံးကြီးများကို ကျော်ဖြတ်ရန်ကြိုးစားနေသည်ကို ကျွန်ုပ်မြင်ခဲ့ရသည်။ သို့ရာတွင် ရွှေ၊ ငွေဘဏ္ဍာအားလုံးနှင့်ခရီးသည်အားလုံးတို့သည် ရေသင်္ချိုင်းအောက်သို့နစ်ဝင်သွားခဲ့ရသည်။ . . သို့ရာတွင် ရှန်းရင်းဆန်ခတ်နေသောစိတ်လှုပ်ရှားမှုနှင့် နေရာတကာမှရှုပ်ထွေးမှုများအကြား၊ ဤလောကတွင် ဘုရားသခင်အတွက်ဆောင်ရွက်ရမည့်အလုပ်ရှိနေသည်။ (SC, Oct. 9, 1901).

–o–



ဓွန် (၁၇)

## "ဘေးဒုက္ခများကြောင့်ဘုရားသခင်၏လူတို့အပေါ် အပြစ်ဖို့"

**"မြေကြီးနှင့်ပင်လယ်သည် အမင်္ဂလာရှိ၏။ အကြောင်းမူကား၊ မာရ်နတ်သည် မိမိကာလတစ်ခဏသာရှိသည်ကိုသိ၍၊ ပြင်းစွာသော ဒေါသအမျက်နှင့်တကွ သင်တို့ရှိရာသို့ဆင်းလေပြီ" (ဗျာဒိတ် ၁၂း၁၂)။**

လူတို့သည် ဘုရားသခင်ထံမှဝေးသထက်ဝေးအောင်ထွက်ခွာသောအခါ၊ နားထောင်မှုမရှိသောသူတို့အပေါ် စာတန်သည် တန်ခိုးရှိစေရန်ခွင့်ပြုသည်။ ကုန်းနှင့်ရေပေါ်တွင် ဘေးဒုက္ခများကျရောက်လျက်ရှိသည်။ အသက်အိုးအိမ်များကို မီးနှင့်ရေအားဖြင့်ဖျက်ဆီးခံရသည်။ စာတန်သည် သူတည်ထားသောရုပ်တုကိုဦးချရန် ငြင်းဆန်သောသူတို့အပေါ် ဤဘေးဒုက္ခများကြောင့်အပြစ်ဖို့သည်။ သူ၏ကိုယ်စားလှယ်များက ဤဘေးဒုက္ခများသည် သတ္တမနေ့မြော်လင့်ခြင်းအသင်းသားများကြောင့်ဖြစ်သည်ဟု ထောက်ပြကြသည်။ သူတို့က "ဤလူတို့သည် ဥပဒေကိုအာခံကြသည်။ ပထမနေ့ကိုသူတို့သည် အထွတ်အမြတ်မထားကြ။ သူတို့အားပထမနေ့ကိုအတင်းအကျပ်စောင့်စေခဲ့သော်၊ ဤကြောက်မက်ဖွယ်ဘေးဒုက္ခအားလုံးသည် ရပ်သွားလိမ့်မည်" ဟုဆိုကြသည်။ (RH, July 16,1901).

လုံးဝမမျှော်လင့်သည့် ကြောက်မက်ဖွယ်အကောင်းဆုံးသောဘေးဒုက္ခများရောက်လာလိမ့်မည်။ ပြီးနောက် ဤပျက်စီးခြင်းများသည် တစ်ခုပြီးတစ်ခု ကျရောက်လာမည်။ အကယ်၍ ဘုရားသခင်ပေးတော်မူသောသတိပေးချက်ကိုအလေးမူ၍၊ အသင်းတော်များသည် နောင်တရ၍၊ တစ်ဖန်သစ္စာစောင့်သိလာလျှင်၊ အခြားမြို့ကြီးများသည် ခဏတာအတွက်ချန်ထားနေဦးမည်။ သို့ရာတွင်၊ အကယ်၍လူတို့သည် အလားတူလမ်း၌ဆက်လျှောက်၍လှည့်ဖြား

ခြင်းခံရပြီး၊ ဘုရားသခင်၏ပညတ်တော်ကိုအလေးမထားဘဲ လူတို့ရှေ့မှာ အမှားကိုတင်ဆက်နေမည်ဆိုလျှင်၊ သူတို့၏အသိအာရုံများနိုးထစေရန် ဘုရားသခင်က သူတို့သည်ဘေးဒုက္ခများခံစားရန် ခွင့်ပြုတော်မူသည်။ (Ev, p. 27).

အပြစ်စီရင်မှုသည် လူတို့၏ဆိုးသွမ်းမှုနှင့်အညီသော်လည်းကောင်း၊ သူတို့ရရှိသောသမ္မာတရား၏အလင်းအတိုင်းသော်လည်းကောင်း ဖြစ်လိမ့်မည်။ သူတို့သည် အလင်းတရားကိုရရှိခဲ့ဖူးသော်၊ ထိုအလင်းတရားအတိုင်း အပြစ်စီရင်ခြင်းခံရမည်။ (MS, p. 173, 1902).

ဤဘေးဒုက္ခများသည် တနင်္ဂနွေနေ့ဥပုသ်ကိုချိုးဖောက်ခြင်းကြောင့်ဖြစ်သည်ဟူ၍ လူတို့အားစဉ်းစားလာစေရန် စာတန်သည် အဖြစ်အပျက်များကိုအနက်အဓိပ္ပါယ်ဖွင့်ပေးသည်။ ဘုရားသခင်၏အမျက်တော်ပြေစေမည်ကိုစဉ်းစားလျက်၊ ဤဩဇာရှိသောလူတို့သည် ပထမနေ့ကိုအတင်းအကျပ်စောင့်စေသည်။ ဤမှားယွင်းသောနားနေရက်ကို မြင့်သထက်မြင့်အောင်ချီးမြှောက်ပြီး၊ အတုအယောင်ဥပုသ်နေ့ပထမနေ့ဥပဒေကို အတင်းအကျပ်နားထောင်စေခြင်းအားဖြင့် သူတို့သည် ဘုရားသခင်၏အမှုကိုထမ်းရွက်နေသည်ဟုထင်ကြသည်။ စစ်မှန်သောဥပုသ်နေ့ကိုစောင့်ခြင်းအားဖြင့် ဘုရားသခင်ကိုဂုဏ်ပြုသောသူတို့ကို ဘုရားသခင်ထံသစ္စာမရှိသူများကဲ့သို့ ရှုမြင်ကြသည်။ အမှန်မှာ ထိုသို့ထင်မှတ်သူတို့ကိုယ်တိုင်သည် သစ္စာမရှိသူများဖြစ်ကြသည်။ အဘယ်ကြောင့်ဆိုသော် သူတို့သည် ဧဒင်ဥယျာဉ်၌အစပြုခဲ့သောဥပုသ်နေ့ကိုခြေဖြင့်နင်းချေကြသောကြောင့်ဖြစ်သည်။ (MS, p. 85, 1899).

–၀–



ဇွန် (၁၈)

## “ဥပုသ်စောင့်သူတို့လိုအပ်သောပညာ”

**“တောခွေးစုထဲသို့သိုးတို့ကိုစေလွှတ်သကဲ့သို့ သင်တို့ကိုငါစေလွှတ်၏။ ထိုကြောင့် သင်တို့သည် မြွေကဲ့သို့လိမ္မာလျက်၊ ချိုးငှက်ကဲ့သို့အဆိပ်ကင်းလျက်ရှိကြလော့” (မဿဲ ၁၀း၁၆)။**

လူတို့၏အလေ့အကျင့်များသည် ဘုရားသခင်၏ပညတ်တော်နှင့်သဘောထားကွဲလွဲမှုမရှိသောအခါ၊ သင်တို့သည် ထိုသူများနှင့်ပေါင်းဖော်နိုင်သည်။ အကယ်၍အမှုဆောင်များသည် ထိုသို့ပြုရန်ပျက်ကွက်သော်၊ သူတို့သည် အမှုတော်ကိုဟန့်တားနေမည်သာမက၊ သူတို့လုပ်ဆောင်ပေးလျက်ရှိသောသူတို့၏လမ်းတွင် ခလုတ်တိုက်စရာချထားခြင်းဖြစ်ကာ၊ ထိုသူများသမ္မာတရားကိုလက်ခံခြင်းမှ ဟန့်တားနေကြလိမ့်မည်။ တနင်္ဂနွေနေ့တွင် Sunday School များဖွင့်ပြီး၊ အပြစ်သားများအတွက် ယေရှု၏မေတ္တာကိုသူတို့အားပြောပြကာ၊ သမ္မာကျမ်းစာ၌သူတို့ကိုပညာပေးရန်မှာ သာသနာပြုများအတွက် အကောင်းဆုံးသောအခွင့်ထူးပင်ဖြစ်သည်။. . .

ယခုအချိန်တွင် ပထမနေ့ဥပုသ်စောင့်ခြင်းသည် စမ်းသပ်မှုမဟုတ်သေးပါ။ လူတို့အားပထမနေ့တွင်အလုပ်လုပ်ခြင်းကို တားမြစ်သည်သာမက၊ သူတို့သည် လူတို့အားဥပုသ်နေ့တွင်အလုပ်စေခိုင်းရန်နှင့် ပထမနေ့ကိုစောင့်မည်ဖြစ်ကြောင်း သဘောတူလက်မှတ်ထိုးရန်၊ ထိုသို့မဟုတ်ပါက သူတို့၏လွတ်လပ်မှုနှင့်အသက်ကိုပင်သိမ်းယူရန် အတင်းအကျပ်ပြုမည့်အချိန်သည်ရောက်လာလိမ့်မည်။ သို့ရာတွင် ဤကဲ့သို့သောအချိန်သည် ရောက်မလာသေးပါ။ အကြောင်းမှာ သက်သေအဖြစ်လူတို့ရှေ့မှာ သမ္မာတရားကိုသာ၍ပြည့်စုံစွာဟောပြောရဦးမည်ဖြစ်သောကြောင့်တည်း။

ကြီးကျယ်ခမ်းနားပြီးအဖိုးတန်သော သမ္မာကျမ်းစာ၏သမ္မာတရားများတည်းဟူသော ခရစ်တော်၏အသေခံခြင်း၊ ချစ်ခြင်းနှင့်ဆက်ကပ်ပူဇော်ခြင်းကိုဟောပြော၍၊ ဘုရားသခင်၏ပညတ်တော်သည် မပြောင်းမလဲထာဝရတည်သောကြောင့် ခရစ်တော်သည် အသေခံရခြင်းဖြစ်ကြောင်းပြသရန် ဘုရားသခင်၏ကျွန်တို့သည် အမှုဆောင်ရန်တိတ်တဆိတ်ထွက်သွားကြရမည်ဖြစ်ကြောင်း ကျွန်ုပ်မြင်ခဲ့သည်။ ဥပုသ်နေ့အကြောင်းကို ပြတ်သားစွာသင်ပေးရမည်။ သို့ရာတွင် ပထမနေ့ရပ်တုနှင့်ပတ်သက်၍ကိုင်တွယ်ပုံကို သတိကြီးစွာထားပါ။ ပညာရှိထံပြောသောစကားတစ်ခွန်းသည် လုံလောက်ပေသည်။

ပထမနေ့တွင်အလုပ်နားခြင်းသည် သားရဲ၏အမှတ်တံဆိပ်ကိုရရှိခြင်းမဟုတ်ပါ။ ဤသို့နားခြင်းသည် အမှုတော်ကိုတိုးတက်စေသော်၊ နားရပါမည်။ ပထမနေ့တွင်အလုပ်လုပ်ရန် ကျွန်ုပ်တို့သည် မိမိတို့လမ်းသို့သွားကြရမည်မဟုတ်ချေ။

ဥပုသ်နေ့အကြောင်းအလင်းတရားကိုကြား၍ နားလည်သူတို့သည် ဘုရားသခင်၏သန့်ရှင်းသောနေ့ကိုစောင့်ထိန်းရန် သမ္မာတရားအပေါ်ရပ်တည်လာသောအခါ၊ အခက်အခဲများဖြစ်ပေါ်လိမ့်မည်။ အကြောင်းမှာ ယောကျ်ားမိန်းမတို့အား ဘုရားသခင်၏ပညတ်တော်ကိုကျူးလွန်ရန်ဖိအားပေးပြီး ကြိုးစားကြလိမ့်မည်။ ဤနေရာတွင်သူတို့သည် ဘုရားသခင်၏ပညတ်တော်ကိုမကျူးလွန်မည်အကြောင်း ခိုင်မြဲစွာသူတို့ရပ်တည်ကြရမည်။ အကယ်၍ အတိုက်အခံနှင့်ညှဉ်းဆဲခြင်းကို ခိုင်ခိုင်မြဲမြဲဆက်လက်လုပ်ဆောင်လာလျှင် "တစ်မြို့၌သင်တို့ကိုညှဉ်းဆဲလျှင် တစ်မြို့သို့ပြေးကြလော့" ဟူသော ခရစ်တော်၏စကားတော်ကို သူတို့နှလုံးမူကြစေ။ (RH, April 6, 1911).

–၀–



ဇွန် (၁၉)

## "ပထမနေ့၌သာသနာအလုပ်လုပ်ပါ"

**"နှုတ်ကပတ်တရားတော်ကိုဟောပြောလော့။ အချိန်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ကြိုးစားအားထုတ်လော့။ အပြစ်ကိုဖော်ပြလော့။ ဆုံးမခြင်းကိုပြုလော့။ အလွန်ရှည်သောစိတ်နှင့်ဩဝါဒမျိုးကိုပေး၍ တိုက်တွန်းသွေးဆောင်လော့" (၂တိမောသေ ၄း၂)။**

ပထမနေ့စောင့်ရမည့်ဥပဒေကိုဖိဆန်ခြင်းသည် ၎င်းကိုအတင်းအကျပ်ပြုရန်ကြိုးစားနေသည့် ဘာသာရေးစိတ်အားထက်သန်သူတို့၏ညှဉ်းဆဲမှုကို ပြင်းထန်လာခြင်းကိုသာဖြစ်စေမည်။ သင့်အားဥပဒေချိုးဖောက်သူအဖြစ်ခေါ်နိုင်မည့်အခြေအနေမျိုးကို မဖန်တီးပါနှင့်။ ဘုရားသခင်ကိုလည်းကောင်း၊ လူကိုလည်းကောင်း မကြောက်သောသူတို့အား မိမိတို့၏စိတ်တက်ကြွမှုအတိုင်းလွှတ်ထားလိုက်သော်၊ သူတို့၏စိတ်အားထက်သန်မှုသည် မကြာမီလျော့ပါးသွားလိမ့်မည်။ ထိုအခါပထမနေ့စောင့်ထိန်းခြင်းနှင့်ပတ်သက်၍ တင်းကျပ်ခြင်းသည် ကိုက်ညီမှုမရှိ၊ အဆင်ပြေမှုလည်းမရှိဟု သူတို့မြင်လာကြမည်။ သင်တို့၏သမ္မာကျမ်းစာများကိုကိုင်စွဲလျက်၊ မိမိတို့၏သာသနာလုပ်ငန်းကိုဆက်လက်လုပ်ဆောင်ပါ။ ရန်သူသည် မိမိအလုပ်ကိုမိမိကပျက်စီးစေသည်ဟု မြင်လာလိမ့်မည်။ အရေးကြီးဆုံးသောအမှုတော်ကို တစ်ချိန်တည်း၌ထမ်းဆောင်နေရင်း၊ တိုက်ခိုက်သည့်အလုပ်မှချုပ်တည်းခြင်းအားဖြင့် အေးချမ်းမှုကိုထိန်းသိမ်းသောပညာကို နားလည်ကြောင်းပြသခြင်းကြောင့် သားရဲ၏အမှတ်တံဆိပ်ကိုမရရှိချေ။

ကျွန်ုပ်တို့သည် သာသနာအမှုထမ်းဆောင်ရန် ပထမနေ့ကိုရာထားသောအခါ၊ သတ္တမနေ့မြော်လင့်ခြင်းအသင်းသူ၊ အသင်းသားများအားအရှက်ခွဲပြီးကျေနပ်နေမည့် ထင်ရာစိုင်းသော စိတ်အားထက်သန်သူတို့၏လက်ထဲမှကြာပွတ်သည် ဆွဲနုတ်ခံရလိမ့်မည်။. . .

ဘုရားသခင်အတွက် အလုပ်များစွာပြီးစီးအောင်ဆက်လက်လုပ်ဆောင်ရန် ပထမနေ့ကိုအသုံးပြုနိုင်သည်။ ဤနေ့တွင် ကွင်းပြင်၌လည်းကောင်း၊ အိမ်များ၌လည်းကောင်း တရားပွဲများကျင်းပနိုင်သည်။ တစ်အိမ်တက်ဆင်းအမှုဆောင်နိုင်သည်။ စာရေးဆရာတို့သည် ဤနေ့တွင်ဆောင်းပါးများရေးနိုင်သည်။ ဖြစ်နိုင်သည့်နေရာများတွင် ဘာသာရေးဝတ်ပြုခြင်းများလည်းပြုနိုင်သည်။ ဤဝတ်ပြုခြင်းအစည်းအဝေးများကို အလွန်စိတ်ဝင်စားဖွယ်ကျင်းပပါ။ မှန်ကန်သောနိုးကြားခြင်းသီချင်းများကိုဆိုပါ။ ကယ်တင်ရှင်၏ချစ်ခြင်းမေတ္တာကို တန်ခိုးအပြည့်၊ အာမခံအပြည့်နှင့်ဟောပြောပါ။ ခြိုးခြံချုပ်တည်းခြင်းနှင့် စစ်မှန်သောဘာသာရေးအတွေ့အကြုံအကြောင်းကိုဟောပြောပါ။ သူတို့သည် မည်သို့လုပ်ဆောင်ရမည်ကိုသင်ယူလာ၍၊ အသက်ဝိညာဉ်များစွာတို့ထံသို့ ရောက်ရှိကြလိမ့်မည်။. . .

ရက်သတ္တပတ်၏ပထမနေ့ကိုစောင့်ရန်ဟူသောဥပဒေမှာ ခရစ်ယာန်လောကဖောက်ပြန်ခြင်း၏ရလဒ်ဖြစ်သည်။ ပထမနေ့သည် ရဟန်းမင်းမှမွေးဖွားပေးသောနေ့၊ ခရစ်ယာန်လောကသည် ဘုရားသခင်၏မွန်မြတ်သောနားနေ့ထက်သာ၍ချီးမြှောက်သောနေ့ဖြစ်သည်။ မည်သည့်နည်းနှင့်မျှဘုရားသခင်၏သားသမီးတို့သည် ထိုနေ့ကိုဂါရဝပြုရမည်မဟုတ်။ သို့ရာတွင် ကိုယ်တော်သည် သူတို့အားရှောင်ရှားစေလိုစိတ်ရှိတော်မူစဉ်၊ ၎င်းကိုရဲရဲအတိုက်အခံပြုခြင်းအားဖြင့် ဘုရားသခင်၏အလိုတော်ကို သူတို့ပြုလုပ်ရာမရောက်ကြောင်းသူတို့အားနားလည်စေချင်လှသည်။ (9T, pp. 232,233,235).

အံ့သြဖွယ်ရာကောင်းသော အခင်းဖြစ်ရာမြင်ကွင်းများသည် ကျွန်တော်တို့ရှေ့မှောက်၌ဖွင့်ပြထားလျက်ရှိပြီ။ ထို့ကြောင့် အသက်ရှင်သောသက်သေခံချက်သည် ဘုရားကိုယုံကြည်သောသားသမီးများ၏အသက်တာများ၌ မွေးဖွားလာရန်ဖြစ်ပြီး၊ ယခုအချိန်၌မကောင်းမှုသည် နေရာရှုထောင့်တိုင်းတွင် ကြီးစိုးနေသည်ကိုမြင်တွေ့နိုင်ပြီး၊ လူတို့သည် သူတို့၏စိတ်ဆန္ဒများကိုဘေးသို့ဖယ်ပစ်ကာ၊ ဘုရား၏ဆန္ဒနှင့်အလိုတော်ကို ရှာဖွေလုပ်ဆောင်လာကြလိမ့်မည်။ ၎င်းလူတို့၏နှလုံးသားနှင့်အသက်တာတို့၌ ဘုရား၏ပညတ်တရားတော်သည် ရေးထားနှင့်ပြီဖြစ်သည်။ (CT, p. 322).

–၀–



ဇွန် (၂၀)

## "ဘုရားသခင်၏ပညတ်တော်ကိုအမေရိကန်နိုင်ငံတွင်ပယ်ခြင်း"

**"အိုထာဝရဘုရား၊ စီရင်တော်မူချိန်ရောက်ပါပြီ။ သူတစ်ပါးများတို့သည် တရားတော်ကိုပယ်ကြပါ၏" (ဆာလံ ၁၁၉း၁၂၆)။**

ကျွန်ုပ်တို့၏နိုင်ငံ (USA) တွင်၊ အထူးသောအကြောင်းကြောင့် ဘုရားသခင်၏ပညတ်တော်ကိုပယ်မည့်အချိန်သည် ရောက်လာတော့မည်။ ကျွန်ုပ်တို့၏နိုင်ငံတော်အုပ်ချုပ်သူတို့သည် ပထမဥပဒေကို တရားဝင်ဥပဒေပြုကြလိမ့်မည်။ ထို့ကြောင့်ဘုရားသခင်၏လူတို့သည် အတိဒုက္ခရောက်ကြလိမ့်မည်။ ကျွန်ုပ်တို့၏နိုင်ငံသည် ၎င်း၏တရားဝင်အစည်းအဝေးများ၌ လူတို့၏ဘာသာရေးအခွင့်ထူးများ၊ ပထမနေ့ကိုအတင်းအကျပ်စောင့်စေခြင်း၊ သတ္တမနေ့ဥပုသ်ကိုစောင့်သူတို့အပေါ် ဖိနှိပ်သည့်တန်ခိုး စသည်တို့နှင့်ပတ်သက်၍ လူတို့၏သြတ္တပ္ပစိတ်ကိုချည်နှောင်ရန် ဥပဒေပြဋ္ဌာန်းလာကြသောအခါ၊ ဘုရားသခင်၏ပညတ်တော်သည် ၎င်း၏ရည်ရွယ်ချက်များအားလုံးနှင့်တကွ ကျွန်ုပ်တို့နိုင်ငံတွင်ပယ်ခြင်းခံရလိမ့်မည်။ (RH, Dec. 18, 1888).

မိမိလူတို့အတွက်ခိုလှုံရန် ထာဝရဘုရားသည် နိုင်ငံကိုပြင်ဆင်ပေးတော်မူချိန်က၊ မိမိတို့၏ကိုယ်ပိုင်သြတ္တပ္ပစိတ်ရှိသည်အတိုင်း ကိုယ်တော်ကိုဝတ်ပြုကိုးကွယ်နိုင်ရန်အလို့ငှာ၊ နှစ်ပေါင်းကြာမြင့်စွာ အနန္တတန်ခိုးရှင်၏အကာအကွယ်ဖြန့်ကြက်ထားသောနိုင်ငံ၊ ခရစ်တော်၏စင်ကြယ်သောဘာသာရေးစုစည်းရာအဖြစ် ဘုရားသခင်ထောက်ခံတော်မူသည့်နိုင်ငံသည် ၎င်း၏ဥပဒေပြုအမတ်များမှတစ်ဆင့် ပရိုတက်စတန့်အခြေခံစည်းမျဉ်းများကိုစွန့်ပယ်၍၊ ဘုရားသခင်၏ပညတ်တော်ကိုနင်းချေသော ရောမအသင်းတော်၏ဖောက်ပြန်မှုကို မျက်နှာသာပေးလာသောအချိန်သည် ဒုစရိုက်လူ၏နောက်ဆုံးသော

အလုပ်ပေါ်လာမည့်အချိန်ပင်ဖြစ်သည်။ ပရိုတက်စတန့်တို့သည် မိမိတို့၏ အရှိန်သြဇာနှင့်တန်ခိုးအားလုံးကို ရဟန်းမင်းဘက်သို့ပစ်သွင်းကြမည်။ နိုင်ငံတော်ဥပဒေဖြင့် မှားသောဥပုသ်နေ့ကို အတင်းအကျပ်ပြုခြင်းအားဖြင့် သူတို့သည် ရောမအသင်းတော်၏ပျက်စီးသောယုံကြည်ခြင်းကို ပြန်လည်အသက်သွင်း၍၊ အားမာန်တက်ကြွစေလျက် ၎င်း၏နိုင်လိုမင်းထက်ပြုခြင်းနှင့် သြတ္တပ္ပစိတ်ဖိနှိပ်မှုကို ပြန်လည်လန်းဆန်းစေကြသည်။ ထိုအခါ မိမိသမ္မာတရားကို သက်သေထူရန် ဘုရားသခင်သည် အားကြီးသောတန်ခိုးဖြင့်လုပ်ဆောင်ရမည့်အချိန်ဖြစ်သည်။

ပုရောဖက်က “ထိုနောက်မှကောင်းကင်တမန်တစ်ပါးသည် ကြီးစွာသောတန်ခိုးနှင့်ပြည့်စုံ၍ ကောင်းကင်ကဆင်းသက်သည်ကိုငါမြင်၏။ သူ၏ရောင်ခြည်အားဖြင့် မြေကြီးထွန်းလင်းလျက်ရှိ၏။ သူသည် ကြယ်သောအသံနှင့်ကြွေးကြော်၍ ဗာဗုလုန်မြို့ကြီးပြိုလဲပြီ၊ ပြိုလဲပြီ။ . . . အခြားသောကောင်းကင်အသံကား၊ ငါ၏လူမျိုးတို့၊ သူ၏အပြစ်တို့ကိုဆက်ဆံခြင်းနှင့်လည်းကောင်း၊ သူ၏ဘေးဒဏ်များကိုခံခြင်းနှင့်လည်းကောင်း ကင်းလွတ်အံ့သောငှာ သူ၏အထဲကထွက်လော့” ဟုဆိုထားသည်။ မည်သည့်အချိန်က ၎င်း၏အပြစ်သည် ကောင်းကင်သို့တိုင်ရောက်ရှိသနည်း။ ဘုရားသခင်၏ပညတ်တော်ကို ဥပဒေအားဖြင့် နောက်ဆုံးပယ်လိုက်သောအချိန်ဖြစ်လိမ့်မည်။ ထိုအခါ ဘုရားသခင်၏လူများအဆုံးစွန်သို့ရောက်ရှိနေခြင်းသည် ကောင်းကင်နှင့်မြေကြီးကိုအုပ်စိုးသူသည် မည်သူမည်ဝါဖြစ်ကြောင်းပြသရန် ကိုယ်တော်၏အခွင့်ထူးပင်ဖြစ်လာတော့မည်။ စာတန်၏တန်ခိုးသည် အောက်အရပ်၌ရှိသောအရာများကို ထကြွစေချိန်တွင် သမ္မာတရား၏သတင်းစကားကို တစ်လောကလုံးသို့ဟောပြောနိုင်ရန် ဘုရားသခင်သည် အလင်းနှင့်တန်ခိုးကို မိမိ၏လူတို့ထံသို့ ပို့ပေးတော်မူမည်။ (ST, June 12, 1893).

–o–





**ဗွန် (၂၁)**

## “မြို့ကြီးများကိုစွန့်ခွာရမည့်လက္ခဏာ”

**“ထိုကြောင့် ပုရောဖက်ဒံယေလဟောသည်အတိုင်း၊ ဖျက်ဆီးတတ်သောရွံရှာဖွယ်အရာသည် သန့်ရှင်းသောအရပ်၌ရာနေ၍စိုက်နေသည်ကို သင်တို့မြင်ရလျှင်၊ ကျမ်းစာကိုကြည့်သောသူသည် နားလည်ပါစေ။ ထိုသို့မြင်ရလျှင်၊ ယုဒပြည်၌ရှိသောသူတို့သည် တောင်ပေါ်သို့ပြေးကြစေ” (မဿဲ ၂၄း၁၅၊၁၆)။**

ကျွန်ုပ်တို့သည် ရှေးဦးတပည့်တော်များကဲ့သို့ လူသူကင်းမဲ့သည့်ဝေးလံသောနေရာများတွင် ခိုလှုံရာရှာရမည့်ကာလသည် မဝေးတော့ပြီ။ ယေရုရှလင်မြို့ကို ရောမစစ်တပ်ကဝန်းရံထားခြင်းသည် ယုဒလူခရစ်ယာန်များအတွက် ထွက်ပြေးရမည့်အချက်ပြခြင်းဖြစ်သကဲ့သို့၊ ရဟန်းမင်း၏ဥပုသ်နေ့ကို အတင်းအကျပ်စောင့်ရန်အမိန့်ထုတ်ရာ၌ ကျွန်ုပ်တို့၏နိုင်ငံ (USA) သည် အခွင့်အာဏာရှိလာခြင်းသည် ကျွန်ုပ်တို့အတွက်သတိပေးချက်ဖြစ်လိမ့်မည်။ ၎င်းအချိန်သည် မြို့ကြီးများကိုစွန့်ခွာပြီး တောင်များအကြားချောင်ကျသောနေရာများတွင် ဆိတ်ငြိမ်သောအိမ်လေးများတွင် ငယ်ရွယ်သူတို့အားထားခဲ့ရန် ပြင်ဆင်ရမည့်အချိန်ပင်ဖြစ်သည်။ (5T, pp. 464,465).

မြို့ကြီးများ၌ ကျွန်ုပ်တို့၏အလုပ်ကိုဗဟိုမပြုရန် ကျွန်ုပ်အားနှစ်များစွာက အထူးသောအလင်းပေးခဲ့သည်။ မြို့ကြီးများ၌ပြည့်နေသောရှုပ်ထွေးမှုများ၊ အလုပ်သမားအစည်းအရုံးနှင့်ဆန္ဒပြခြင်းမှဖြစ်လာသောအခြေအနေများသည် ကျွန်ုပ်တို့၏အလုပ်ကို ကြီးကြီးမားမားဟန့်တားလိမ့်မည်။ လူတို့သည် ထိုအရာများကို အချို့သောအဖွဲ့အစည်း၏သဘောတူညီမှုအောက်၌ ကုန်သွယ်မှုမျိုးစုံထဲသို့ယူဆောင်လာရန် ကြိုးပမ်းနေကြသည်။ ဤအရာသည် ဘုရားသခင်

၏အစီအစဉ်မဟုတ်ပါ။ သို့ရာတွင် ဤအရာများကိုစီစဉ်လျက်ရှိသောတန်ခိုးကိုမူ ကျွန်ုပ်တို့အသိအမှတ်ပြုရမည်။ ဘုရားသခင်၏နှုတ်တော်ထွက်စကားသည် ပြည့်စုံလာနေသည်။ ဆိုးယုတ်သောသူတို့သည် မိမိတို့ကိုယ်ကိုမီးရှို့ရန် အသင့်ဖြစ်နေသောအထုပ်များနှင့်ပူးချည်ထားကြသည်။ (7T, p. 84).

ကမ္ဘာ့ကုန်သွယ်မှုအဖွဲ့အစည်းများနှင့်မဟာမိတ်အဖွဲ့များသည် ထောင်ချောက်များဖြစ်သည်။ ညီအစ်ကိုမောင်နှမတို့၊ ၎င်းတို့နှင့်ဝေးဝေးနေကြပါ။ ၎င်းတို့နှင့်ဘာမျှမပတ်သက်ကြပါစေနှင့်။ ဤအဖွဲ့အစည်းများနှင့်မဟာမိတ်အဖွဲ့များကြောင့် ကျွန်ုပ်တို့၏အသင်းတော်သည် မြို့ကြီးများတွင်အလုပ်လုပ်ရန် မကြာမီအလွန်ခက်ခဲလိမ့်မည်။. . . ကျွန်ုပ်တို့၏လူတို့သည် မြို့ကြီးများမှထွက်၍၊ မိမိတို့အတွက်နှင့်သားသမီးများအတွက် အိမ်ဆောက်ရန်မြေကွက်ရနိုင်သည့် ကျေးလက်တောရွာများသို့သွားကြရန် ပညာပေးပါ။. . .

ထိုသို့သောဆန္ဒပြမှုများနှင့်ရုပ်ထွေးမှုများသည် မြို့ကြီးများထဲတွင်ရှိလာကာ၊ စွန့်ခွာသူတို့သည် မထွက်ခွာနိုင်ဖြစ်ကြလိမ့်မည်။ (2SM, p. 142).

ဘုရားသခင်ကိုမရိုသေသောသူတို့နှင့်နီးကပ်စွာဆက်ဆံရမည့်နေရာတွင် မနေကြပါနှင့်။. . . ပထမနေ့စောင့်ခြင်းနှင့်ပတ်သက်၍ မကြာမီဘေးဒုက္ခရောက်လာလိမ့်မည်။. . .

ပထမနေ့ကိုစောင့်သူတို့သည် မှားယွင်းသောယုံကြည်မှု၌ ခိုင်မာလာကြသည်။ ဤအရာသည် ထာဝရဘုရား၏ဥပုသ်နေ့ကိုစောင့်ရန် စိတ်ပိုင်းဖြတ်သူတို့အတွက် ဖိနှိပ်ညှဉ်းဆဲခြင်းမည်၏။. . .

အကယ်၍ ဘုရားသခင်၏စောင်မမှုအောက်၌ မြို့ကြီးများနှင့်ဝေးသောနေရာတွင် လုံခြုံသည့်နေရာရနိုင်မည်ဆိုပါက၊ ထာဝရဘုရားပြင်ဆင်တော်မူလိမ့်မည်။ ကျွန်ုပ်တို့ရှေ့၌ ဒုက္ခကာလရှိနေသည်။ (Country Living, pp. 20, 21).

–o–



ဇွန် (၂၂)

## "နောက်ဆုံးသောနေ့ရက်အတွက်အစာနှင့်မြေကွက်"

**"ထိုကြောင့် နက်ဖြန်အဖို့မစိုးရိမ်ကြနှင့်။ နက်ဖြန်နေ့သည် မိမိအဖို့စိုးရိမ်လိမ့်မည်။ ယခုနေ့၌ရှိသောမကောင်းမသင့်သောအရာသည် ယခုနေ့ဖို့လောက်ပေ၏" (မဿဲ ၆း၃၄)။**

ဒုက္ခဆင်းရဲကာလ၌ ကျွန်ုပ်တို့၏လောကီလိုအပ်ချက်များအတွက်ရိက္ခာဖြည့်တင်းခြင်းသည် သမ္မာကျမ်းစာနှင့်ဆန့်ကျင်ကြောင်း ဘုရားသခင်သည် ကျွန်ုပ်အားရူပါရုံ၌ အကြိမ်ကြိမ်ပြသခဲ့သည်။ အကယ်၍ သန့်ရှင်းသူတို့သည် မိမိတို့ထံ၌လည်းကောင်း၊ လယ်များ၌လည်းကောင်း ဒုက္ခဆင်းရဲကာလ၌ အစာများကိုစုထားလျှင် ဓားဘေး၊ အစာငတ်ဘေး၊ ကာလနာဘေးများကျရောက်သောအခါ ကြမ်းကြုတ်သောလက်များသည် ၎င်းတို့ကိုယူငင်ကာ၊ လယ်စပါးများကိုလည်း သူစိမ်းများရိတ်သိမ်းလိမ့်မည်။ ထိုအခါ ကျွန်ုပ်တို့အတွက်ဘုရားသခင်ကို လုံးလုံးလျားလျားယုံကြည်အားကိုးရမည့်အချိန်ဖြစ်လာမည်။ ထိုအခါကိုယ်တော်သည် ကျွန်ုပ်တို့ကိုထိန်းတော်မူလိမ့်မည်။ ထိုအချိန်တွင် အစာနှင့်ရေသည် အသေအချာရှိမည်ဖြစ်ကာ၊ ကျွန်ုပ်တို့သည် ပြတ်လပ်မှုမရှိ၊ ဆာလောင်မွတ်သိပ်ခြင်းလည်းမရှိဖြစ်မည်။ ကိုယ်တော်၏သားသမီးတချို့တို့သည် အစားအသောက်ဈေးတက်သည်ကိုမြင်၍ကြောက်ရွံ့ကာ၊ ဒုက္ခဆင်းရဲကာလအတွက် အစာဝယ်စုကြသည်ကို ကျွန်ုပ်မြင်ခဲ့သည်။ ဆင်းရဲခြင်းကာလရောက်လာသောအခါ၊ သူတို့သည်သွားကြည့်ရာ အစာများသည် လောက်တက်၍စားရန်မသင့်ဖြစ်သည်ကိုလည်း ကျွန်ုပ်မြင်ခဲ့ရသည်။ (To Those Who are Receiving the Seal of the Living God (Broadside), Jan. 31, 1849).

ဒုက္ခဆင်းရဲကာလတွင် နေအိမ်များနှင့်မြေကွက်များသည် သန့်ရှင်းသူများအတွက် အသုံးမဝင်တော့ချေ။ အကြောင်းမှာ သူတို့သည် ဒေါသထွက်နေသောလူအုပ်ရှေ့မှထွက်ပြေးရမည်ဖြစ်ကာ၊ ထိုအချိန်တွင် သူတို့၏ပိုင်ဆိုင်မှုများကို သမ္မာတရားတိုးပွားမှုအတွက် ထုခွဲရောင်းချ၍ရတော့မည်မဟုတ်။...

မိမိတာဝန်ကဲ့သို့မှတ်၍ ဘုရားသခင်ကိုမေးမြန်းခြင်းမရှိဘဲ မိမိတို့၏ပိုင်ဆိုင်မှုများကို ကိုယ်တော်သည် အသိမပေးဘဲ၊ သူတို့အား မိမိတို့၏ပိုင်ဆိုင်မှုများကိုထိန်းသိမ်းခွင့်ပြုထားသည်။ ဒုက္ခဆင်းရဲကာလရောက်သောအခါ ၎င်းသည် သူတို့အားချေဖျက်မည့်သူတို့ရှေ့၌ရှိသောတောင်ဖြစ်လာမည်။ သူတို့သည် ပိုင်ဆိုင်မှုများကိုထုခွဲရောင်းချရန်ကြိုးစားကြရာ၊ မရတော့ချေ။ . . . သို့ရာတွင်သူတို့သည် သွန်သင်ခံလိုလျှင်၊ ဒုက္ခဆင်းရဲကာလ၌ မည်သည့်အချိန်တွင်တန်ဖိုးမည်မျှဖြင့်ရောင်းချရမည်ကို ကိုယ်တော်သည် သူတို့အား သွန်သင်တော်မူမည်။ (EW, pp. 56,57).

စာတန်နှင့်နောက်ဆုံးသောမဟာတိုက်လှန်ပွဲတွင် ဘုရားသခင်ထံသစ္စာရှိသူတို့သည် လောကီအထောက်အပံ့များဖြတ်တောက်ခြင်းကို ခံရကြမည်။ သူတို့သည် လောကီအာဏာပိုင်များကိုနားထောင်ခြင်းဖြင့် ကိုယ်တော်၏ပညတ်တော်ကိုချိုးဖောက်ရန် ငြင်းဆန်ကြသောကြောင့်၊ သူတို့သည် ဝယ်ခြင်း၊ ရောင်းခြင်းတားမြစ်ခံရကြမည်။ . . . သို့ရာတွင် နားထောင်မှုရှိသောသူတို့အား "ခိုင်ခံ့သောကျောက်မြို့၌ခိုလှုံလိမ့်မည်။ ထိုသူအားအစာကိုအစဉ်ပေးရလိမ့်မည်။ သောက်ရေလည်းမပြတ်ရ" (ဟေရှာယ ၃၃း၁၆) ဟူသောကတိကိုပေးထားပြီးဖြစ်သည်။ ဤကတိတော်အားဖြင့် ဘုရားသခင်၏သားသမီးများသည် အသက်ရှင်ကြလိမ့်မည်။ (DA, pp. 121,122).

–o–



ဇွန် (၂၃)

## "အလုပ်သမားအစည်းအရုံးနှင့်အဖွဲ့အစည်းများ"

**"ထိုကြောင့် ညီအစ်ကိုတို့၊ သခင်ဘုရားကြွလာတော်မူသည်တိုင်အောင် သည်းခံလျက်စောင့်နေကြလော့။ အကယ်၍ လယ်လုပ်သောသူသည် အလျင်မိုး၊ နောက်မိုးကိုရသည်တိုင်အောင် အဖိုးထိုက်သောမြေအသီးကို သည်းခံလျက်စောင့်နေ၍မျှော်လင့်တတ်၏" (ယာကုပ် ၅း၇)။**

ကုန်သွယ်မှုအစည်းအရုံးများသည် ကမ္ဘာဦးစကပင် မဖြစ်ဖူးသေးသောဒုက္ခဆင်းရဲကာလကို ကမ္ဘာပေါ်ကျရောက်စေသည့်အကြောင်းတရားတစ်ခုဖြစ်သည်။ (Country Living, p. 10).

ကျွန်ုပ်တို့၏မြို့ကြီးများအားလုံးတွင် များစွာသောမဟာမိတ်အဖွဲ့များနှင့် အဖွဲ့အစည်းများစွာဖွဲ့စည်းလျက်ရှိသည်။ လူတို့သည် အခြားလူတို့ကိုစိုးမိုး၍ များစွာသောအရာကိုတောင်းဆိုလိမ့်မည်။ ဤအစည်းအရုံးများနှင့်ပေါင်းစည်းရန် ငြင်းဆန်သူတို့၏အသက်သည် အန္တရာယ်ရှိလိမ့်မည်။ (MS, p. 145, 1902).

ဘုရားသခင့်လူတို့၏အလုပ်မှာ အနာဂတ်တွင်မကြာမီသူတို့အပေါ် မမြင်မကန်းဖြင့်ရောက်ရှိလာမည့်ဖြစ်ရပ်များအတွက် ပြင်ဆင်ရန်ဖြစ်သည်။ ကမ္ဘာပေါ်တွင် ဧရာမကုန်သွယ်ရေးလက်ဝါးကြီးအုပ်မှုများကို ဖွဲ့စည်းလိမ့်မည်။ လူတို့သည် ရန်သူ၏ဖျာလိပ်၌ သူတို့ကိုထုပ်ပိုးမည့်အဖွဲ့အစည်းများတွင် ပါဝင်ကြသည်။ အနည်းငယ်သောလူတို့၏အချို့သောစီးပွားရေးလုပ်ငန်း၌ ရရှိမည့်ဥစ္စာခနကြွယ်ဝမှုကိုဆုပ်ကိုင်နိုင်ရန် ပေါင်းစည်းကြမည်။ ကုန်သွယ်

မှုအစည်းအရုံးများကိုဖွဲ့စည်းကြကာ၊ ထိုအဖွဲ့အစည်းများနှင့်ပူးပေါင်းရန် ငြင်းဆန်သူတို့သည် စောင့်ကြည့်ခြင်းခံရကြမည်။

ဤအဖွဲ့အစည်းများသည် နောက်ဆုံးသောနေ့ရက်များ၏နိမိတ်တစ်ခု ဖြစ်သည်။ လူတို့သည် မီးရှို့ရန်အသင့်ဖြစ်နေသောအထုပ်များ၌ ချည်နှောင် လျက်ရှိကြသည်။ သူတို့သည် အသင်းသူ၊ အသင်းသားများဖြစ်နိုင်သည်။ သို့ရာတွင်သူတို့သည် ဤအဖွဲ့အစည်းများနှင့်ပတ်သက်မှုရှိနေစဉ်၊ သူတို့သည် ဘုရားသခင်၏ပညတ်ချက်များကိုစောင့်နိုင်မည်မဟုတ်ချေ။ အကြောင်းမှာ ဤအဖွဲ့အစည်းများနှင့်သက်ဆိုင်နေခြင်းသည် ပညတ်တော်တစ်ခုလုံးကို ဥပေက္ခာပြုခြင်းအဓိပ္ပါယ်ရသည်။

"သင်၏ဘုရားသခင်ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့၊ အစွမ်း သတ္တိရှိသမျှ၊ ဉာဏ်ရှိသမျှနှင့်ချစ်လော့။ ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့် အမျှချစ်လော့။". . . ဆင်းရဲသားလူတန်းစား၏ရပိုင်ခွင့်အကျိုးအမြတ်များ ကို ခေါင်းပုံဖြတ်၍၊ တချို့သောအခြေအနေမှလွဲ၍ သူတို့အားရောင်းဝယ်ခြင်း ကိုတားမြစ်သောအဖွဲ့အစည်းများကိုဖွဲ့စည်းရင်း အထက်ပါစကားကို မည်ကဲ့သို့ လိုက်လျှောက်နိုင်မည်နည်း။ (Country Living, pp. 10-12).

ဘုရားသခင်၏သားသမီးများဖြစ်သည်ဟုပြောဆိုသူတို့သည် ဖွဲ့စည်း ပြီး၊ သို့မဟုတ် ဖွဲ့စည်းဦးမည့်အလုပ်သမားအဖွဲ့အစည်းတွင် မည်သည့်နည်း ဖြင့်မျှ ပါဝင်ကြရမည်မဟုတ်ချေ။ ဤအရာကိုဘုရားသခင်တားမြစ်တော်မူ သည်။ အနာဂတ်ဟောကြားချက်ကိုလေ့လာသူတို့သည် ကျွန်ုပ်တို့ရှေ့၌ရှိသော အရာကိုမမြင်နိုင်၊ မကြားနိုင်ဖြစ်ပါသလား။ (Country Living, p. 12).

အရေးကြီးသောကိစ္စများကို မကြာမီတွေ့ရမည်။ ယေရှုကိုမြင်နိုင်စေ ရန်နှင့် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် အားအင်ပြည့်စေရန်၊ ကျွန်ုပ်တို့ သည် ကျောက်ဆောင်ကြား၌ပုန်းခိုချင်ကြလိမ့်မည်။ ကျွန်ုပ်တို့၌တစ်ခဏမျှပင် ဖြုန်းရန်အချိန်မရှိတော့ပြီ။ (CW, p. 113).

–o–



ဇွန် (၂၄)

## "ရောင်းဝယ်ခြင်းကိုတားမြစ်ခြင်း"

**"ထိုတံဆိပ်လက်မှတ်တည်းဟူသော သားရဲ၏နာမဖြစ်စေ၊ နာမ၏အရေအတွက်ဖြစ်စေ တစ်ခုခုကိုမခံသောသူတစ်ယောက်မျှ မရောင်းမဝယ်စေခြင်းငှာစီရင်၏" (ဗျာဒိတ် ၁၃း၁၇)။**

ကျွန်ုပ်တို့သည် တစ်စုံတစ်ရာသောဈေးနှုန်းဖြင့်မျှ မရောင်းရသော အချိန်ရောက်လာတော့မည်။ သားရဲ၏အမှတ်တံဆိပ်ကိုမခံသောသူတစ်ယောက် မျှမရောင်းဝယ်ရဟု တားမြစ်သောအမိန့်သည် မကြာမီထွက်လာတော့မည်။ (5T, p. 152).

စာတန်နှင့်နောက်ဆုံးမဟာတိုက်လှန်ပွဲတွင် ဘုရားသခင်ထံသစ္စာရှိ သောသူတို့သည် လောကီအထောက်အပံ့များဖြတ်တောက်ခြင်းကိုခံရကြမည်။ သူတို့သည် လောကီအာဏာပိုင်များကိုနားထောင်ခြင်းဖြင့် ကိုယ်တော်၏ပညတ် တော်ကိုချိုးဖောက်ရန် ငြင်းဆန်ကြသောကြောင့် သူတို့သည် ရောင်းဝယ်ခြင်း တားမြစ်ခံရကြသည်။ (DA, pp. 121,122).

ဘာသာရေးအာဏာပိုင်တို့သည် ကောင်းကင်နှင့်မဟာမိတ်ဖွဲ့သည်ဟု ဖွင့်ဟ၍၊ သိုးသငယ်၏အကျင့်စရိုက်ရှိသည်ဟုပြောဆိုလျက်၊ သူတို့၏အပြု အမူအားဖြင့် သူတို့၌နဂါး၏အသည်းနှလုံးရှိကြောင်းနှင့် သူတို့သည် စာတန် ၏သွေးထိုးခြင်းနှင့်ထိန်းချုပ်ခြင်းခံရကြောင်းကို ပြသလျက်ရှိသည်။ သူတို့သည် ဘုရားသခင်၏သန့်ရှင်းသောသတ္တမနေ့ကိုစောင့်ထိန်းသောကြောင့် ဘုရားသခင် ၏လူတို့သည် ညှဉ်းဆဲခြင်းကိုခံရမည့်အချိန်ရောက်လာတော့မည်။ (9T, p. 229).

ပညတ်တော်ကိုစောင့်ရှောက်သောသူတို့သည် မရောင်းမဝယ်ရသော အချိန်ရောက်လာလိမ့်မည်။ သင်တို့၏မြုပ်ထားသောအစွမ်းအစများကို အလျင်

အမြန်တူးထုတ်ကြပါ။ အကယ်၍ ဘုရားသခင်သည် သင်တို့အားငွေကိုအပ်ပေးလျှင်၊ သင်တို့အားယုံကြည်မှုကိုသစ္စာရှိကြောင်းပြပါ။ သင်တို့၏ငွေအိတ်များကိုဖွင့်၍၊ သင်တို့၏ငွေကြေးများကို ငွေလဲလှယ်သူတို့ထံပို့ကြပါ။ ခရစ်တော်ကြွလာသောအခါ၊ ကိုယ်တော်သည် အတိုးငွေများကို မိမိပိုင်အဖြစ်ရရှိနိုင်မည်။ ဤအမှုတော်မပြီးဆုံးမီ၊ နောက်ဆုံးသောဒုက္ခဆင်းရဲခြင်းတွင် ထောင်ပေါင်းများစွာသောသူတို့သည် ပလ္လင်ပေါ်တွင် ဝမ်းမြောက်စွာလာရောက်ပုံအပ်ကြလိမ့်မည်။ ဘုရားသခင်၏နေ့ရက်ကြီး၌ရပ်တည်နိုင်ရန် လူတို့အားပြင်ဆင်ခြင်းအမှုတွင် ပေးကမ်းဝေငှရခြင်းသည် မင်္ဂလာရှိသောအခွင့်ထူးအဖြစ် ယောကျာ်းမိန်းမတို့သည် ခံယူကြသည်။ အကယ်၍ ကိုယ်တော်၏သားသမီးအဖြစ်ခံယူသောသူတို့၏စိတ်နှလုံးထဲတွင် ခရစ်တော်၏ချစ်ခြင်းမေတ္တာတောက်လောင်နေခဲ့လျှင်၊ ယနေ့တွင် အလားတူစိတ်သဘောထားမျိုးကို ကျွန်ုပ်တို့မြင်တွေ့ရမည်။ ဝိညာဉ်ကယ်တင်ရေးအတွက် အလုပ်အားလုံး၏အဆုံးသည် မည်မျှနီးကပ်ကြောင်းကို သူတို့သဘောပေါက်လျှင်၊ ရှေးဦးအသင်းသူ၊ အသင်းသားများကဲ့သို့ မိမိတို့၏ပိုင်ဆိုင်မှုများကို အခမဲ့လှူဒါန်းကြလိမ့်မည်။ လောကီသားတို့သည် ကြွယ်ဝချမ်းသာမှုအတွက် စိတ်ပါလက်ပါလုပ်ဆောင်သကဲ့သို့ သူတို့သည် ဘုရားသခင်၏အမှုတော်တိုးပွားရေးအတွက် လုပ်ဆောင်ကြမည်။ သိုမှီးသိမ်းဆည်းရန်မဟုတ်ဘဲ ဘုရားသခင်၏ဘဏ္ဍာတိုက်ထဲသို့သွန်းလောင်းရန် ငွေကြေးများကိုရှာဖွေရာ၌ လိမ္မာပါးနပ်မှုနှင့်ကျွမ်းကျင်မှုကိုအသုံးပြု၍၊ စိတ်ပါလက်ပါဖြင့် ကိုယ်ကျိုးမရှာဘဲလုပ်ဆောင်ကြလိမ့်မည်။ (Historical Sketches, p. 292).

–၀–



ဒွန် (၂၅)

## "မြို့ပြင်မှမြို့ကြီးများထဲသို့လာရောက်အမှုဆောင်ပါ"

**"ထိုကြောင့် ထာဝရဘုရားမိန့်တော်မူပြန်သည်ကား၊ သင်တို့သည် ထိုသူတို့အထဲမှထွက်၍ အသီးအခြားနေကြလော့။ မစင်ကြယ်သောအရာကို လက်နှင့်မျှမတို့ကြနှင့်။ ထိုသို့ပြုလျှင် သင်တို့ကိုငါသည် လက်ခံမည်" (၂ကော ၆း၁၇)။**

ဘုရားသခင်၏ပညတ်တော်ကိုစောင့်သောသူများအနေဖြင့် ကျွန်ုပ်တို့သည် မြို့ကြီးများကိုစွန့်ခွာရမည်။ ဧနောက်ပြုခဲ့သကဲ့သို့ ကျွန်ုပ်တို့သည် မြို့ကြီးများထဲ၌ အမှုတော်ဆောင်ရမည်ဖြစ်သော်လည်း၊ မြို့ကြီးများထဲ၌နေကြရမည်မဟုတ်။ (Country Living, p. 31).

ကျွန်ုပ်တို့၏ကျောင်းများကို မြို့ကြီးများနှင့်ဝေးနိုင်သမျှဝေးအောင်ထားရမည်။. . . အမြဲတမ်းရှုပ်ထွေးပွေလီနေသည့်မြို့ကြီးများထဲတွင် မိမိ၏လူတို့နေထိုင်ရန်မှာ ဘုရားသခင်၏အလိုတော်မဟုတ်ချေ။ စနစ်တစ်ခုလုံးသည် ပြေးလွှားခြင်းနှင့်ဆူညံမှုများအားဖြင့် ယိုယွင်းနေသောကြောင့် သူတို့၏သားသမီးများကို ဤအရာမှဝေးနေစေရမည်။ မိမိ၏လူတို့သည် အခြေချပြီး၊ စိုက်ပျိုးစားသောက်နိုင်မည့်မြေလွတ်ရှိရာ၊ သဘာဝတရား၌ ဘုရားသခင်၏ဖန်ဆင်းခြင်းလက်ရာများနှင့် မိမိတို့၏သားသမီးများတိုက်ရိုက်ထိတွေ့နိုင်သည့်နေရာ ကျေးလက်တောရွာများသို့ပြောင်းရွှေ့ရန် ဘုရားသခင်အလိုတော်ရှိသည်။ သင်တို့မိသားစုများကို မြို့ကြီးများမှအဝေးကိုခေါ်သွားပါဟူသည်မှာ ကျွန်ုပ်၏သတင်းစကားဖြစ်သည်။

လူများကြားသည်ဖြစ်စေ၊ ရှောင်ကြဉ်သည်ဖြစ်စေ၊ သမ္မာတရားကိုဟောပြောရမည်။ မြို့ကြီးများသည် စုံစမ်းခြင်းနှင့်ပြည့်နေသည်။ ကျွန်ုပ်တို့၏

လူငယ်များကို ဤညစ်ညမ်းမှုမှဝေးနိုင်သမျှဝေးအောင်ထားရှိနိုင်ရန် ကျွန်ုပ်တို့၏အလုပ်ကိုစီစဉ်ရမည်။

မြို့ကြီးများသည် မြို့ပြင်မှသွား၍အမှုဆောင်ရမည့်နေရာဖြစ်သည်။ ဘုရားသခင်၏စေတမန်ပြောခဲ့သည်မှာ "မြို့ကြီးများကိုသတိမပေးရသလော။ ပေးရပါမည်။ သို့သော် ဘုရားသခင်၏လူတို့သည် မြို့ထဲ၌နေထိုင်ခြင်းဖြင့် မဟုတ်ဘဲ၊ ၎င်းတို့ကိုလည်ပတ်ခြင်းဖြင့် ကမ္ဘာပေါ်ကျရောက်မည့်အရာကို သူတို့အားသတိပေးရမည်" ဟူ၍ဖြစ်သည်။ (Country Living, p. 30).

လူမျိုးများအကြား၌ အပြစ်ပွားများလာသောအခါ၊ သောဒုံမြို့၌ လောတ၏သတိပေးသံကြားရသကဲ့သို့ အမြဲတမ်းသတိပေးချက်နှင့်ညွှန်ကြားသည့်အသံကိုလွင့်ရမည်။ လောတသည် ဤဆိုးယုတ်ညစ်ညမ်းသောမြို့တွင် မနေထိုင်ခဲ့လျှင် မိမိ၏မိသားစုဝင်များကို များစွာသောမကောင်းမှုများမှ ထိန်းသိမ်းထားနိုင်လိမ့်မည်။ သူတို့သည် မြို့ကြီးများမှဝေးသောအရပ်တွင် နေထိုင်ကြလျက်ပင်၊ လောတနှင့်သူ့မိသားစုမှာ သောဒုံမြို့၌ပြုလုပ်ခဲ့သော အရာအားလုံးကို သူတို့လုပ်နိုင်ကြလိမ့်မည်။ ဧနောက်သည် ဘုရားသခင်နှင့် အတူလမ်းလျှောက်ခဲ့သည်။ သို့ရာတွင်၊ သူသည် သောဒုံမြို့၌လောတနေထိုင်သကဲ့သို့ ရန်းရင်းဆန်ခတ်မှုနှင့်မကောင်းမှုမျိုးစုံဖြင့် ညစ်ညမ်းနေသောမည်သည့်မြို့တွင်မျှ နေထိုင်ခဲ့ခြင်းမရှိချေ။ (Ev, p. 78).

သူ (ဧနောက်) သည် ဆိုးယုတ်သူများနှင့်အတူမနေထိုင်ခဲ့ချေ။ . . လေထုအလွန်သန့်ရှင်းသောနေရာတွင် သူနှင့်သူ့မိသားစုနေထိုင်ခဲ့ကြသည်။ အခါအားလျော်စွာ လောကီသားများထံသို့သွား၍ ဘုရားသခင်ပေးသောသတင်းစကားကိုဟောပြောခဲ့သည်။ . . . မိမိ၏သတင်းစကားကိုဟောပြောပြီးနောက်၊ သတိပေးစကားကိုရရှိပြီးသောသူတို့ရှိရာမှ သူနေထိုင်သောနေရာသို့ အမြဲပြန်သွားခဲ့သည်။ (1BC, pp. 1087, 1088).

–ဝ–



ဇွန် (၂၆)

## "ကိုယ်ကာယဝေဒနာသက်သာခြင်း"

**"သွားစဉ်တွင် ကောင်းကင်နိုင်ငံတော်သည် တည်လုနီးပြီဟု သတင်းကြားပြောကြလော့။ နာသောသူတို့အားချမ်းသာပေးကြလော့။ သေသောသူတို့ကိုထမြောက်စေကြလော့။ နူသောသူတို့ကိုသန့်ရှင်းစေကြလော့။ နတ်ဆိုးတို့ကိုလည်းနှင်ထုတ်ကြလော့။ သင်တို့သည် အဖိုးမပေးဘဲကျေးဇူးတော်ကိုခံရကြပြီဖြစ်၍ အဖိုးမခံဘဲပေးကမ်းကြလော့" (မဿဲ ၁၀း၇၊၈)။**

ဘေးသင့်သောအချိန်ကာလသည် ကျွန်ုပ်တို့ရှေ့၌ရှိနေသည်။ တစ်လောကလုံးသည် ရှုပ်ထွေးမှုနှင့်ပူပင်သောကများကို ခံစားရမည်။ ရောဂါမျိုးစုံသည် လူသားတို့အပေါ်ကျရောက်မည်။ ယခုပျံ့နှံ့နေသောကျန်းမာရေးစည်းမျဉ်းများကို လျစ်လျူရှုခြင်းသည် ကြီးမားသောဝေဒနာခံစားမှုများနှင့် ကယ်တင်၍ရနိုင်မည့် အသက်ပေါင်းများစွာဆုံးရှုံးမှုများဖြစ်ပေါ်လာရသည်။

ဘာသာရေးပြင်းထန်မှုသည် ကျွန်ုပ်တို့နိုင်ငံ၏လွတ်လပ်မှုကိုဖြိုဖျက်နေချိန်တွင် သြတ္တပ္ပစိတ်လွတ်လပ်မှုအတွက်ရပ်တည်မည့်သူတို့သည် မသင့်လျော်သောနေရာတွင်ထားခြင်းခံရကြမည်။ မိမိတို့အတွက်ကြောင့်ပင်၊ သူတို့သည် အခွင့်အခါရှိချိန်တွင် အနာရောဂါဖြစ်ရသည့်အကြောင်းရင်းများ၊ ကာကွယ်ခြင်း၊ ကုသခြင်း စသည်တို့နှင့်ပတ်သက်၍ အသိဉာဏ်ရှိကြရမည်။ ဤအချက်ကိုဆောင်ရွက်သောသူတို့သည် နေရာတကာတွင်လုပ်ကွက်မြင်လိမ့်မည်။ ဝေဒနာခံစား၍ အကူအညီလိုအပ်သူများစွာတို့သည် ကျွန်ုပ်တို့နှင့် ယုံကြည်ခြင်းတူသည့်လူတို့အကြား၌လည်းကောင်း၊ အများအားဖြင့် သမ္မာ

တရားကိုမသိသောသူတို့အကြား၌လည်းကောင်း ရှိနေလိမ့်မည်။ (CH, pp. 504-506).

တတိယကောင်းကင်တမန်၏သတင်းစကားကို ဟောပြောခြင်းနှင့် ဆက်စပ်သည့်ဆေးဝါးကုသခြင်းလုပ်ငန်းသည် အံ့ဖွယ်ရလဒ်များကိုဖြစ်ပေါ်စေမည်။ ကုသခြင်းလုပ်ငန်းသည် အသင်းတော်၏ကြီးမြတ်သောခေါင်းဆောင်ကြီးက ရှေးဦးတပည့်တော်များလုပ်ဆောင်ရန် စေလွှတ်တော်မူသည့်အလုပ်နှင့် လိုက်လျောညီထွေမှုရှိစေရန် စင်ကြယ်စေ၍ စည်းလုံးမှုရှိသောအလုပ်ဖြစ်နေရမည်။

ဤတပည့်တော်များကိုအတူတကွခေါ်၍၊ ခရစ်တော်သည် သူတို့အားတာဝန်အပ်နှင်းတော်မူခဲ့သည်။. . . "သွားစဉ်တွင် ကောင်းကင်နိုင်ငံတော်တည်လုနီးပြီဟု သတင်းကြားပြောကြလော့။ နာသောသူတို့အားချမ်းသာပေးကြလော့။ သေသောသူတို့ကိုထမြောက်စေကြလော့။ နူသောသူတို့ကိုသန့်ရှင်းစေကြလော့။ နတ်ဆိုးတို့ကိုလည်းနှင်ထုတ်ကြလော့။ သင်တို့သည်အဖိုးမပေးဘဲကျေးဇူးတော်ကိုခံရကြပြီဖြစ်၍ အဖိုးမခံဘဲပေးကမ်းကြလော့။" "တောခွေးစုထဲသို့သိုးတို့ကိုစေလွှတ်သကဲ့သို့ သင်တို့ကိုငါစေလွှတ်၏။ ထိုကြောင့် သင်တို့သည် မြွေကဲ့သို့လိမ္မာလျက်၊ ချိုးငှက်ကဲ့သို့အဆိပ်ကင်းလျက်ရှိကြလော့" (မဿဲ ၁၀း၇၊၈၊၁၆)။

ဤကျမ်းချက်ကိုဖတ်ပြီး၊ ၎င်း၏ညွှန်ကြားချက်အတိုင်း ကျွန်ုပ်တို့၏အလုပ်၌ပြင်ဆင်ရန်ကောင်းသည်။ ရှေးဦးတပည့်တော်တို့သည် ခရစ်တော်ပေးသောတာဝန်ဖြင့် ထွက်သွားခဲ့ကြသည်။ ကိုယ်တော်၏ဝိညာဉ်တော်သည်သူတို့အတွက်လမ်းပြင်ဆင်ပေးခဲ့သည်။ ထိုသို့သောသတင်းစကား၊ ကောင်းချီးမင်္ဂလာများကိုပေးရန်ရှိနေခြင်းကြောင့် လူတို့သည် သူတို့ကိုအိမ်များ၌ကြိုဆိုကြမည်ဟု ယုံကြည်ရမည်။ (CH, pp. 540,541).

ကိုယ်ကာယဝေဒနာများငြိမ်းစေခြင်းဖြင့် ဘုရားသခင်သည် လူတို့၏စိတ်နှလုံးကိုရောက်ရှိစေတော်မူသည်။ စိတ်ထဲ၌ကျသောသမ္မာတရားမျိုးစေ့ကို



ဘုရားသခင်ရေလောင်းတော်မူသည်။ ဤမျိုးစေ့ပေါက်မလာမီ များစွာစိတ်ရှည်ရမည်။ သို့ရာတွင် အဆုံး၌အပင်ပေါက်လာပြီး၊ ထာဝရအသက်အတွက် အသီးသီးလိမ့်မည်။

မိမိ၏တန်ခိုးတော်နေ့အတွက် ဘုရားသခင်၏ပြင်ဆင်မှုကို လူတို့သည် နားလည်ခဲလှသည်တကား။ (MM, p. 246).

–o–

ဇွန် (၂၇)

## "ပထမနေ့ဥပဒေကိုကျင့်သုံးသည်"

**"ငါ၏နာမကြောင့်လည်း ခပ်သိမ်းသောလူမျိုးတို့သည် သင်တို့ကိုမုန်းကြလိမ့်မည်" (မဿဲ ၂၄း၉)။**

ပထမနေ့ဥပုသ်စောင့်ရန် အတင်းအကျပ်ပြုခြင်းလှုပ်ရှားမှုသည် ရဲရင့်ပြတ်သားလာသောအခါ၊ ပညတ်တော်ကိုစောင့်သောသူတို့၏တစ်ဖက်တွင် ထိုဥပဒေကိုပြဋ္ဌာန်းလိမ့်မည်။ သူတို့သည် ဒဏ်ငွေများနှင့်ထောင်ချခြင်းတို့ဖြင့် ခြိမ်းခြောက်ခံရကြလိမ့်မည်။ တချို့မှုကား၊ မိမိတို့၏ယုံကြည်ခြင်းကိုငြင်းပယ်ရန် မက်လုံးအဖြစ် ကြီးသောရာထူးများနှင့်အခြားသောဆုလာဘ်များ၊ အကျိုးခံစားခွင့်များဖြင့် ကမ်းလှမ်းကြသည်။ သို့ရာတွင် သူတို့၏ခိုင်မာသောအဖြေမှာ "ကျွန်ုပ်တို့၏အမှားကို သမ္မာကျမ်းစာထဲမှပြပါ" ဟူ၍ဖြစ်သည်။ . . . တရားရုံး၌ရုံးတင်ခံရသောသူတို့သည် သမ္မာတရားကိုရဲရင့်စွာသက်သေထူကြပြီး၊ သူတို့၏စကားကြားသောသူတချို့သည် ဘုရားသခင်၏ပညတ်ချက်များကိုစောင့်ရှောက်ရန် ရပ်တည်လာကြသည်။ ထိုသို့မဟုတ်လျှင် သမ္မာတရားကိုဘယ်သောအခါမျှမကြားမည့် လူထောင်ပေါင်းများစွာရှေ့တွင် အလင်းတရားကိုပို့ဆောင်လိမ့်မည်။

ဘုရားသခင်၏နှုတ်ကပတ်တော်ကို စိတ်ရင်းဖြင့်နားထောင်ခြင်းကိုပုန်ကန်မှုအဖြစ်သတ်မှတ်ကြမည်။ စာတန်၏လှည့်စားခြင်းအားဖြင့် မိဘတို့သည် ယုံကြည်သူသားသမီးများအပေါ် ကြမ်းတမ်းခက်ထန်ကြလိမ့်မည်။ သခင်၊ သခင်မတို့သည် ပညတ်တော်ကိုစောင့်သောအစေခံတို့ကို ဖိနှိပ်ကြမည်။ ချစ်ခြင်းမေတ္တာသည် စိမ်းကားသွားလိမ့်မည်။ သားသမီးများကိုအမွေဖြတ်၍ အိမ်မှနှင်ထုတ်ကြမည်။ ပေါလု၏ "ဘုရားဝတ်၌မွေ့လျော်၍နေခြင်းငှာ အလိုရှိသောသူအပေါင်းတို့သည် ညှဉ်းဆဲခြင်းကိုခံရကြလိမ့်မည်" (၂တိ ၃း၁၂) ဟူသောစကားသည် ဤအတိုင်းပြည့်စုံလာလိမ့်မည်။ သမ္မာတရားကိုအကာအကွယ်ပေးသူတို့သည် ပထမနေ့ဥပုသ်ကိုဂုဏ်ပြုရန်ငြင်းပယ်ကြသောအခါ လူအချို့ကိုထောင်ချ၍၊ အချို့ကိုပြည်နှင်ဒဏ်ပေးကာ တချို့မှုကားကျေးကျွန်များကဲ့သို့ဆက်ဆံကြလိမ့်မည်။ . . .

ဤညှဉ်းဆဲခြင်းကာလတွင် ထာဝရဘုရား၏အစေခံတို့၏ယုံကြည်ခြင်းသည် စစ်ဆေးခြင်းခံရမည်။ သူတို့သည် သစ္စာရှိရှိသတိပေးခဲ့ကြပြီး၊ ဘုရားသခင်နှင့်သူ၏နှုတ်ကပတ်တော်ကိုသာကြည့်ကြသည်။ ဘုရားသခင်၏ဝိညာဉ်တော်သည် သူတို့၏စိတ်နှလုံးကိုလှုပ်ခတ်၍ သူတို့အားအတင်းစကားပြောစေသည်။ . . သို့သော်လည်း အတိုက်အခံနှင့်ပြစ်တင်ရှုတ်ချခြင်းမုန်တိုင်းသည် သူတို့အပေါ်ထန်လာသောအခါ၊ အလွန်အမင်းကြောက်လန့်သောလူတချို့က "ငါတို့စကားများ၏အကျိုးရလဒ်ကို ငါတို့မြင်ခဲ့ပြီမဟုတ်လော။ ငါတို့ငြိမ်သက်စွာရှိနေကြမည်" ဟုပြောဆိုရန် အဆင်သင့်ရှိနေကြလိမ့်မည်။ သူတို့သည် အခက်အခဲများဖြင့်ဝန်းရံခြင်းခံရသည်။ စာတန်သည် သူတို့အားပြင်းထန်သောစုံစမ်းခြင်းများဖြင့် ထိုးနှက်လျက်ရှိသည်။ သူတို့အစပြုခဲ့သောအမှုသည် သူတို့စွမ်းအားဖြင့်ပြီးမြောက်ရန် အလှမ်းဝေးနေဟန်ရှိသည်။ သူတို့ကိုသက်ဝင်လှုပ်ရှားစေသော စိတ်အားထက်သန်မှုသည်လည်း ပျောက်ဆုံးခဲ့ပြီ။ သို့ရာတွင်သူတို့သည် နောက်ကြောင်းမလှည့်နိုင်ပါ။ ထိုအခါမိမိတို့၏အကူအညီမဲ့ခြင်းကိုခံစားရလျက်၊ သူတို့သည် ခွန်အားရရှိရန်အတွက် တန်ခိုးကြီးတော်မူသောသူထံသို့ ပြေးသွားကြသည်။ (GC, pp. 607- 609).

–၀–

## ဇွန် (၂၈)

# “ပရိုတက်စတန့်ဝါဒသည်ရဟန်းမင်းကိုသွား၍ပေါင်းခြင်း”

**“ယခုမြင်သောချိုဆယ်ချောင်းကား၊ မင်းအာဏာစက်ကိုမရသေးသော ရှင်ဘုရင်ဆယ်ပါးဖြစ်၏။ ရှင်ဘုရင်၏အာဏာစက်ကို သားရဲနှင့်အတူ တစ်ချက်တည်းရကြလိမ့်မည်။ ထိုသူတို့သည် သဘောတူ၍ မိမိတို့တန်ခိုးအာဏာစက်ကို သားရဲ၌အပ်ပေးကြလိမ့်မည်” (ဗျာဒိတ် ၁၇း၁၂၊၁၃)။**

ကျွန်ုပ်တို့သည် နောက်ဆုံးသောကပ်ကာလချဉ်းကပ်လာချိန်တွင်၊ ဘုရားသခင်၏တန်ဆာပလာများအကြား စည်းလုံးညီညွတ်ခြင်းရှိရန် အရေးကြီးသောအချိန်ဖြစ်သည်။ လောကကြီးသည် မုန်တိုင်း၊ စစ်ပွဲ၊ စိတ်ဝမ်းကွဲခြင်းများနှင့်ပြည့်နေသည်။ သို့သော်ငြားလည်း ခေါင်းဆောင်တစ်ဦးတည်းဟူသော ရဟန်းမင်း၏အာဏာအောက်တွင် လူတို့သည် ဘုရားသခင်နှင့်သူ၏သက်သေခံတို့ကိုဆန့်ကျင်ရာ၌ ပူးပေါင်းကြလိမ့်မည်။ (7T, p. 182).

ဤနိုင်ငံတော်အာဏာကို မည်သည့်အရာကပေးသနည်း။ သိုးသငယ်၏သဘောထားစိတ်ဓာတ်ရှိပြီး၊ ကောင်းကင်နှင့်မဟာမိတ်ဖွဲ့သည်ဟု ဝန်ခံနေစဉ်တွင် နဂါးကဲ့သို့စကားပြောသော ပရိုတက်စတန့်အာဏာစက်ပင်ဖြစ်သည်။ ၎င်းသည် အောက်အရပ်မှလာသောတန်ခိုးဖြင့် လှုပ်ရှားနေသည်။ (7BC, p. 983).

“ဤသူတို့သည် တစ်စိတ်တစ်ဝမ်းတည်းရှိသည်။” တစ်ကမ္ဘာလုံးပေါင်းစည်းသည့်အဖွဲ့အစည်း၊ ကြီးမားသောစည်းလုံးမှုဖြစ်သော စာတန်၏မဟာမိတ်တပ်ပေါင်းစုရှိလာလိမ့်မည်။ “ထိုသူတို့သည်သဘောတူ၍ မိမိတို့တန်ခိုးအာဏာစက်ကို သားရဲ၌အပ်ပေးကြလိမ့်မည်။” ရောမဝါဒ၏ဘာသာရေးထုံးတမ်းစဉ်လာများနှင့် အခမ်းအနားများနှင့်ညီထွေအောင်နေရန် ငြင်းပယ်ဝံ့သူတို့ကို လွန်ခဲ့သောအချိန်၌ညှဉ်းဆဲခဲ့ချိန်က ရဟန်းမင်းပြသခဲ့သော အလားတူဘာသာရေးလွတ်လပ်ခွင့်တည်းဟူသော မိမိတို့သြတ္တပ္ပစိတ်၏ညွှန်ရာအတိုင်း ဘုရားသခင်ကိုလွတ်လပ်စွာဝတ်ပြုခြင်းကို စိတ်ရှိတိုင်းဖိနှိပ်သည့် တန်ခိုးအာဏာသည် ထင်ရှားလာလိမ့်မည်။

နောက်ဆုံးသောနေ့ရက်၌ဖြစ်လာမည့်စစ်ဆင်ရေးတွင် ဘုရားသခင်၏လူတို့ကိုအတိုက်အခံပြုရာ၌ ယေဟောဝါ၏ပညတ်တော်အပေါ်သစ္စာရှိမှုကိုဖောက်ပြန်သည့် ဆိုးညစ်သောအာဏာစက်အားလုံးတို့သည် စည်းလုံးကြလိမ့်မည်။ ဤတိုက်ပွဲတွင် စတုတ္ထပညတ်၏ဥပုသ်နေ့သည် ကြီးမားသောအဓိကပြဿနာဖြစ်လိမ့်မည်။ အကြောင်းမှာ ဥပုသ်နေ့နှင့်ဆိုင်သောပညတ်တော်တွင် ကြီးမြတ်သောပညတ်တော်ပေးသူသည် မိမိကိုယ်ကိုကောင်းကင်နှင့်မြေကြီး၏ဖန်ဆင်းရှင်အဖြစ် သတ်မှတ်ဖော်ပြတော်မူသည်။ (7BC, p. 983).

မဟာအမှားနှစ်ခုတည်းဟူသော နာမ်ဝိညာဉ်မသေဆုံးနိုင်ဟူသောယုံကြည်ခြင်းနှင့်ပထမနေ့ဥပုသ်စောင့်ခြင်းအားဖြင့် စာတန်သည် လူတို့ကိုမိမိ၏လှည့်ဖြားမှုအောက်သို့ ဆွဲသွင်းလျက်ရှိသည်။ နာမ်ဝိညာဉ်မသေနိုင်ဟူသောယုံကြည်ခြင်းသည် နာမ်ဝိညာဉ်ကိုးကွယ်ခြင်း၏အခြေအမြစ်ဖြစ်၍၊ ပထမနေ့ဥပုသ်စောင့်ခြင်းအားဖြင့် ရောမအသင်းတော်ကို ညွှာတာထောက်ထားစေသည်။ အမေရိကန်နိုင်ငံ (US) ရှိ ပရိုတက်စတန့်တို့သည် နာမ်ဝိညာဉ်ကိုးကွယ်ခြင်းကို အလျင်ဦးဆုံးအစပြုမည့်သူများဖြစ်ကြသည်။ သူတို့သည် ရောမအသင်းတော်၏အာဏာပိုင်များနှင့်လည်း လက်တွဲလာကြမည်။ ဤအရာသုံးစုပေါင်းစု၏သြဇာတန်ခိုးအောက်တွင် ဤနိုင်ငံသည် သြတ္တပ္ပစိတ်၏အခွင့်အရေးများကို နင်းချေပစ်ရာ၌ ရောမအသင်းတော်၏ခြေလှမ်းနောက်သို့လိုက်လိမ့်မည်။ (GC, p. 588).

–ဝ–

## ဇွန် (၂၉)

# "ကြီးမားသောခရစ်ယာန်နှစ်မျိုးနှစ်စား"

**"သားရဲ၏ခေါင်းတစ်လုံးသည် သေအောင်ကွပ်မျက်ပြီးသကဲ့သို့ဖြစ်၍၊ သေစေသောဒဏ်ချက်သည် ပျောက်လျက်ရှိ၏။ မြေကြီးသားအပေါင်းတို့သည် သားရဲနောက်သို့လိုက်၍အံ့ဩကြ၏" (ဗျာဒိတ် ၁၃း၃)။**

ရဟန်းမင်းအပေါ်သစ္စာခံသူသည် အမေရိကန်နိုင်ငံ (US) တစ်ခုတည်းသာဖြစ်လိမ့်မည်မဟုတ်ချေ။ တစ်ချိန်က ရောမအသင်းတော်၏စိုးမိုးသောအာဏာကို အသိအမှတ်ပြုခဲ့သောတိုင်းနိုင်ငံများတွင် ၎င်း၏အရှိန်ဩဇာကိုဖျက်ဆီးရန်မှာ အလှမ်းဝေးနေသေးသည်။ (ST, Feb. 15, 1910).

နောက်ဆုံးသောတိုက်လှန်ပွဲတွင် ဥပုသ်နေ့သည် ခရစ်ယာန်လောကတစ်လျှောက် တိုက်လှန်ပွဲ၏အထူးပစ်မှတ်ဖြစ်လိမ့်မည်။ အုပ်ချုပ်သူအာဏာပိုင်များနှင့်ဘာသာရေးခေါင်းဆောင်တို့သည် ပထမနေ့ဥပုသ်စောင့်ခြင်းကိုအတင်းအကျပ်ပြုရန် စည်းလုံးကြလိမ့်မည်။ သာ၍ပျော့ပျောင်းသောဥပဒေများသည် အရာမရောက်ခဲ့သော်၊ အပြင်းထန်ဆုံးသောဥပဒေများကိုပြဋ္ဌာန်းလိမ့်မည်။ အသင်းတော်၏ဓလေ့ထုံးစံနှင့် နိုင်ငံတော်ဥပဒေကိုဆန့်ကျင်သူအနည်းငယ်တို့ကို သည်းခံခြင်းမပြုရန်တိုက်တွန်းလိမ့်မည်။ ခေတ်ဟောင်းရောမအသင်းတော်၏ဝါဒနှင့် ခေတ်သစ်ပရိုတက်စတန့်ဝါဒတို့သည် ဘုရားသခင်၏ပညတ်ချက်ကိုဂုဏ်ပြုသူတို့အပေါ်ပြုခဲ့သော အလားတူလမ်းကြောင်းကိုလိုက်လိမ့်မည်။ (4SP, pp. 444,445).

အမည်ခံခရစ်ယာန်လောကသည် ကြီးကျယ်ပြတ်သားသောသရုပ်ဆောင်မှု၏ဇာတ်စင်မြင့်ဖြစ်လိမ့်မည်။ ရဟန်းမင်း၏ပုံနမူနာအတိုင်း၊ အာဏာရှိသူတို့သည် ဩတ္တပ္ပစိတ်ကိုထိန်းချုပ်သောဥပဒေများကို ပြဋ္ဌာန်းလိမ့်မည်။ ဗာဗုလုန်မြို့သည် လူမျိုးအပေါင်းတို့အား သူ၏မတရားသောမေထုန်၏အဆိပ်အတောက်တည်းဟူသော စပျစ်ရည်ကိုသောက်စေလိမ့်မည်။ နိုင်ငံတိုင်းပါဝင်လိမ့်မည်။

(ဗျာဒိတ် ၁၄) မှတတိယကောင်းကင်တမန်၏သတိပေးချက်ကိုကောင်းကင်အလယ်၌ ကောင်းကင်တမန်အားဖြင့် ကြီးသောအသံဖြင့်ကြွေးကြော်သော အနာဂတ္တိဟောပြောသကဲ့သို့တင်ဆက်ထားကာ၊ ၎င်းသည် ကမ္ဘာကြီး၏အာရုံကိုဖမ်းစားလိမ့်မည်။

ခရစ်ယာန်လောကတစ်ခုလုံး အားပြိုင်မှုတွင် ဘုရားသခင်၏ပညတ်ချက်များနှင့် ယေရှု၏ယုံကြည်ခြင်းကိုစွဲလမ်းသောသူတို့နှင့် သားရဲနှင့်သူ၏ရုပ်တုကိုကိုးကွယ်၍ သူ၏အမှတ်တံဆိပ်ကိုရရှိသောသူတို့ဟူ၍ ကြီးမားသောလူနှစ်မျိုးနှစ်စားကွဲသွားလိမ့်မည်။ "ငွေရတတ်သောသူ၊ ဆင်းရဲသောသူ၊ ကျွန်ခံရသောသူနှင့်လွတ်သောသူ၊ အကြီးအငယ်ရှိသမျှတို့သည်" (ဗျာဒိတ် ၁၃း၁၆) "သားရဲ၏တံဆိပ်လက်မှတ်" ရရှိစေခြင်းငှာ အကျပ်ကိုင်ရန် အသင်းတော်နှင့်နိုင်ငံတော်တို့သည် မိမိတို့၏အာဏာကိုပေါင်းစည်းကြသော်လည်း ဘုရားသခင်၏လူတို့မူကား ရရှိကြမည်မဟုတ်ချေ။ ပတ်မုကျွန်းမှပုရောဖက်သည် "သားရဲနှင့်လည်းကောင်း၊ သူ၏ရုပ်တုနှင့်လည်းကောင်း၊ သူ၏နာမအရေအတွက်နှင့်လည်းကောင်း လွတ်၍အောင်မြင်သောသူတို့သည် ဘုရားသခင်၏စောင်းတော်တို့ကိုကိုင်လျက်၊ ဖန်ရေကန်နားမှာရပ်နေကြသည်ကိုမြင်ရ၏။" ထိုသူတို့သည် ဘုရားသခင်၏ကျွန်မောရှေ၏သီချင်းနှင့် သိုးသငယ်၏သီချင်းကိုသီဆိုကြသည်။ ဗျာဒိတ် ၁၅း၂၊၃။ (GC, p. 450).

–ဝ–

ဇွန် (၃၀)

## “ရှုပ်ထွေးနေသောအသံများ”

**“အခြားသောကောင်းကင်အသံကား၊ ငါ၏လူမျိုးတို့၊ သူ၏အပြစ်တို့ကိုဆက်ဆံခြင်းနှင့်လည်းကောင်း၊ သူ၏ဘေးဒဏ်များကိုခံခြင်းနှင့်လည်းကောင်း ကင်းလွတ်အံ့သောငှာ သူ၏အထဲကထွက်ကြလော့” (ဗျာဒိတ် ၁၈း၄)။**

ကမ္ဘာကိုနောက်ဆုံးသတိပေးခြင်းအလုပ်တွင် အသင်းတော်များကို နှစ်မျိုးသီးခြားခေါ်ဖိတ်နေသည်။ ဒုတိယကောင်းကင်တမန်၏သတင်းစကားမှာ “ဗာဗုလုန်မြို့ကြီးပြိုလဲပြီ။ မိမိမတရားသောမေထုန်၏အဆိပ်အတောက်တည်းဟူသောစပျစ်ရည်ကို လူမျိုးအပေါင်းတို့အားတိုက်လေပြီးသော ဗာဗုလုန်မြို့ကြီးပြိုလဲပြီ” ဟူ၍ဖြစ်သည်။ ပြီးနောက် တတိယကောင်းကင်တမန်သတင်းစကား၏ကြီးသောအသံကို ကောင်းကင်ကကြားရသည်မှာလည်း “ငါ၏လူမျိုးတို့၊ သူ၏အပြစ်တို့ကိုဆက်ဆံခြင်းနှင့်လည်းကောင်း၊ သူ၏ဘေးဒဏ်များကိုခံခြင်းနှင့်လည်းကောင်း ကင်းလွတ်အံ့သောငှာ သူ၏အထဲကထွက်ကြလော့” ဟူ၍ဖြစ်သည်။ (RH, Dec. 16, 1892).

မိမိ၏ဥပုသ်နေ့ကို သူတို့သည်စောင့်နိုင်မည်အကြောင်း ဘုရားသခင်သည် ဣသရေလအမျိုးသားတို့ကို အီဂျစ်ပြည်မှခေါ်ထုတ်တော်မူခဲ့သကဲ့သို့ မိမိ၏လူတို့သည် သားရဲနှင့်သူ၏ရုပ်တုကိုမကိုးကွယ်မည်အကြောင်း ဗာဗုလုန်မြို့ထဲကထွက်လာရန်ခေါ်တော်မူသည်။ . . .

သမ္မာတရားကို လူမျိုးအပေါင်းတို့ထံသက်သေအဖြစ်ဟောကြားပြီးနောက်၊ စာတန်သည် မှန်းဆမရနိုင်သောတန်ခိုးအားလုံးဖြင့် လုပ်ဆောင်လာလိမ့်မည်။ ထိုအခါ “ကြည့်၊ ဒီမှာခရစ်တော်။ ကြည့်၊ ဟိုမှာခရစ်တော်ရှိတယ်။ ဒါဟာဘုရားသခင်ဆီက ငါရတဲ့သမ္မာတရားပဲ။ ဘုရားကငါ့ကိုကြီးမားတဲ့အလင်းနဲ့စေလွှတ်တာဖြစ်တယ်” ဟူ၍ပြောဆိုမှုအားဖြင့် လူတို့၏စိတ်သည် ရှုပ်ထွေးကုန်လိမ့်မည်။ ထိုအချိန်ယုံကြည်ခြင်းမှတ်ကျောက်များသည်ရွေ့သွား၍၊ ကျွန်ုပ်တို့ယုံကြည်ခြင်း၏မာန်တိုင်များကို ဖြိုဖျက်ရန်ကြိုးစားလိမ့်မည်။ မှားယွင်းသောဥပုသ်နေ့ကိုချီးမြှောက်ရန်နှင့် ဘုရားသခင်ကောင်းချီးပေး၍သန့်ရှင်းစေတော်မူသောနေ့ကို အစားထိုးခြင်းအားဖြင့် ဘုရားသခင်ကိုယ်တော်တိုင်အား မထီလေးစားပြုရန် သာ၍ပြတ်ပြတ်သားသားလုပ်ဆောင်လာကြမည်။ ဤမှားယွင်းသောဥပုသ်နေ့ကိုဖိနှိပ်သည့်ဥပဒေဖြင့် အကျပ်ကိုင်ကြလိမ့်မည်။ . . . သို့ရာတွင် စာတန်သည် သူ၏လိမ်လည်သောအံ့ဖွယ်နိမိတ်များကိုပြသနေစဉ်၊ ဗျာဒိတ်ကျမ်း၌ကြိုတင်ဟောပြောချက်သည် ပြည့်စုံမည်ဖြစ်ကာ၊ မိမိ၏ဘုန်းရောင်ခြည်ဖြင့် ကမ္ဘာကိုလင်းစေသည့် အားကြီးသောကောင်းကင်တမန်သည် ဗာဗုလုန်မြို့ကြီး၏ပြိုလဲခြင်းကိုကြေညာ၍၊ ဗာဗုလုန်မြို့ကိုစွန့်ခွာရန် ဘုရားသခင်၏လူတို့ကိုခေါ်လျက်ရှိသည်။ (RH, Dec. 13, 1892).

သူ၏အပြစ်သည် မည်သည့်အချိန်က ကောင်းကင်သို့တိုင်ရောက်ရှိသနည်း။ ဘုရားသခင်၏ပညတ်တော်ကို တရားဥပဒေဖြင့်နောက်ဆုံးပယ်လိုက်သောအချိန်၌ဖြစ်လိမ့်မည်။ ထိုအခါ ဘုရားသခင်၏လူများ အဆုံးစွန်သို့ရောက်ရှိနေခြင်းသည် ကောင်းကင်နှင့်မြေကြီးကိုအုပ်စိုးသူသည် မည်သူမည်ဝါဖြစ်ကြောင်းပြသရန် ကိုယ်တော်၏အခွင့်ထူးပင်ဖြစ်လာမည်။ စာတန်၏တန်ခိုးသည် အောက်အရပ်၌ရှိသောအရာများကိုထကြွစေချိန်တွင် သမ္မာတရား၏သတင်းစကားကို တစ်လောကလုံးသို့ဟောပြောနိုင်ရန် ဘုရားသခင်သည် အလင်းနှင့်တန်ခိုးကို မိမိ၏လူတို့အားပေးတော်မူမည်။ (ST, June 12, 1893).

–o–

**Key to Abbreviations**

AA - Acts of the Apostles, The
AH - Adventist Home, The
1BC - Ellen G. White Comments in SDA Bible Commentary, The, vol. 1 (2BC, etc., for vols. 2-7)
CD - Counsels on Diet and Foods
CG - Child Guidance
CH - Counsels on Health
COL - Christ’s Object Lessons
Country Living
CS - Counsels on Stewardship
CSW - Counsels on Sabbath School Work
CT - Counsels to Parents, Teachers, and Students
CTBH - Christian Temperance and Bible Hygiene
CW - Counsels to Writers and Editors
DA - Desire of Ages, The
Ed - Education
Ev - Evangelism
EW - Early Writings
FE - Fundamentals of Christian Education
FLB - Faith I Live By, The
GC - Great Controversy, The
GCB - GC Bulletin
GW - Gospel Workers
HC - Our High Calling
HS - Historical Sketches
1HP - In Heavenly Places



KH - That I May Know Him
Letter - Ellen G. White Letter
LS - Life Sketches
MB - Thoughts From the Mount of Blessing
MH - Ministry of Healing, The
MLT - My Life Today
MS - Ellen G. White Manuscript
MYP - Messages to Young People
PK - Prophets and Kings
PP - Patriarchs and Prophets
RB - Revival and Beyond
RH - Review and Herald
SC - Steps to Christ
SD - Sons and Daughters of God
1SG - Spiritual Gifts, vol. 1 (2SG, etc., for vols. 2-4)
SL - Sanctified Life, The
1SM - Selected Messages, book 1 (2SM for book 2)
1SP - Spirit of Prophecy, The, vol. 1 (2SP, etc., for vols. 2-4)
SR - Story of Redemption, The
ST - Signs of the Times
Sufferings - Sufferings of Christ, The
SW - Southern Watchman
1T - Testimonies for the Church, vol. 1 (2T, etc., for vols. 2-9)
Te - Temperance
TM - Testimonies to Ministers and Gospel Workers
WM - Welfare Ministry
YI - Youths’ Instructor, The

--0--